www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ညက်ပွင့် (စက်မှု)

ချုပ်နှာဖုံးပန်းချီ | စိုးအောင်
Logo ဒီဇိုင်း | ဝန်းချိုကိုကျော်သိုက်နှင့် (Q.C)
အတွင်းဖလင် | ဦးထွန်းဆိုင်
အဖုံးဖလင် | Best Color
ကွန်ပျူတာ | မောင်မောင်မြတ်နှင့်ဧယျာမြေ
စာစည်း | မောင်သာယာ

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ၊ တန်ဖိုး (၁၈၀၀) ကျပ်

ပုံ နှိပ် မှတ် တမ်း

စာမူခွင့်ပြုချက်အမှတ် - ၉၀/၂၀၀၄ (၇) နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၁/၂၀၀၄ (၈) အရ

မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်တော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားနှင့် မျက်နှာဖုံးကို ရိုက်နှိပ်၍၊

ဦးလှမိုး (ညက်ပွင့်-စက်မှု) (မှတ်ပုံတင်အမှတ်-၀၃၉၄၉)၊
ဧယျာမြေစာပေတိုက်၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ . . .
ဒုတိယအကြိမ် အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

ဧယျာမြေ စာစဉ် -(၄၂)

# အထောက်တော်လှအောင်
(မြန်မာပြန်)

## မိုရှေဒါယန်
၏

# အာရပ် အစ္စရေးလ် စစ်ပွဲမှတ်တမ်း
(ဒုတိယအကြိမ်)

## DIARY OF THE SINAI CAMPAIGN
*By General Moshe Dayan*

ဧယျာမြေ
စာပေတိုက်
တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ (၁၇×၁၈)လမ်းကြား
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘာသာပြန်သူ၏အမှာ | ၁ |
| ၂။ | ဗိုလ်ချုပ်ကြီးဒါယန်၏အမှာ | ၂ |
| ၃။ | အခန်း (၁)<br>နောက်ခံသမိုင်း | ၅ |
| ၄။ | အခန်း (၂)<br>ဆီနိုင်းကျွန်းဆွယ်နှင့်ပတ်သက်၍ | ၃၀ |
| ၅။ | အခန်း (၃)<br>ကာတီလီယာ | ၅၇ |
| ၆။ | အခန်း (၄)<br>စစ်ကြိုကာလနေ့ရက်များ | ၇၅ |
| ၇။ | အခန်း (၅)<br>စစ်ဆင်ရေးကြီးစပြီ | ၉၇ |
| ၈။ | အခန်း (၆)<br>ချဉ်းနင်းဖောက်ထွင်းခြင်း | ၁၁၈ |
| ၉။ | အခန်း (၇)<br>အဆုံးအဖြတ် | ၁၅၅ |
| ၁၀။ | အခန်း (၈)<br>ရှမ်အယ်လ်ရှိတ် | ၂၂၀ |
| ၁၁။ | အခန်း (၉)<br>နိဂုံး | ၂၄၀ |
| ၁၂။ | နောက်ဆက်တွဲ | ၂၆၅ |



## ဧဝရာမြေစာပေတိုက်မှ မှာယူရရှိနိုင်သော စာအုပ်များ

၁။ လူမုဆိုး၊ ကျားမုဆိုးနှင့် တောကြီးမာယာဖြစ်ရပ်ဆန်းများ
မင်းရဲကျော် (စာပေဗိမာန်ကဗျာစာပေဆုရှင်) ၃၅၀ိ/-

၂။ အဆိပ်သင့်သွားသောအချစ်နှင့် ထောင်တွင်းတွေ့ကြုံဇာတ်လမ်းစုံ
ဘသက်ဆွေ (ထောင်မှူးဟောင်းစာရေးဆရာ) ၃၅၀ိ/-

၃။ သာမညတောင်ခြေမှ ကြည်ညိုဖွယ်ရာ ဓမ္မရသများနှင့်
နိမိတ်အမြင်ဒေသနများ . . ဦးညွန့်လှိုင် (ကြို့ပင်ကောက်) ၄၀၀ိ/-

၄။ ချစ်လွန်းလို့ကြံမိသူ . . . . သော်တာဆွေ ၄၀၀ိ/-

၅။ ဘဝ, အချစ်နှင့်အိမ်ထောင်ရေး
အောင်မြင်မှုလျှို့ဝှက်ချက်များ . . . ဘနင်း ၃၅၀ိ/-

၆။ ကြံကြီးစည်ရာ . . . . မောင်ပေါ်ထွန်း ၁၂၀၀ိ/-

၇။ သစ္စာစွမ်းအင်နှင့် စွမ်းအားထက်မြက်ယတြာများ
ဦးညွန့်လှိုင် (ကြို့ပင်ကောက်) ၃၅၀ိ/-

၈။ ကြက်ငှိုတာ . . . သော်တာဆွေ ၁၀၀၀ိ/-

၉။ ဇလွန်ပြည်တော်မြန်ဘုရားကြီး၏ဗုဒ္ဓပွဲတွင်နှင့်ဘုန်းတော်ကြီး
ဦးသီလ၏အံ့မခန်းသောဖြစ်ရပ်များ. . မာမက(သုတေသီ) ၄၀၀ိ/-

၁၀။ သင် ကုဋေကြွယ်သူဌေးကြီးဖြစ်ချင်သလား ဆွေမြင့် ၄၀၀ိ/-

၁၁။ ထူးဆန်းသောစုန်းကောင်နှင့် မုဆိုးများ . . ကိုပိုက် ၅၀၀ိ/-

၁၂။ အရိုမေတ္တေယျမြတ်စွာဘုရား. . . နန္ဒာမိုးကြယ် ၅၀၀ိ/-

၁၃။ မြန်မာပြည်စစ်မြေပြင် . . . တက္ကသိုလ်နန္ဒမိတ် ၃၅၀ိ/-

၁၄။ မြန်မာပြည်မြောက်ဖျားမှ နဂါးမီးတောက်နှင့်
ထူးဆန်းအံ့ဖွယ် မုဆိုးဘဝဖြစ်ရပ်မှန်များ . . ဖိုးကျော့ ၆၅၀ိ/-

၁၅။ ချစ်သောသိင်္ဂီနှင့် ဝဋ္ဋဝင်ရသစာစုများ သော်တာဆွေ ၃၀၀ိ/-

၁၆။ အမုန်းအလိုမရှိ . . မင်းလူ ၃၀၀ိ/-

၁၇။ မုဆိုးနှင့်တျားနာ မာယာတတောကြီးနှင့်
လျှို့ဝှက်ဆန်းကြယ်မုဆိုးဝတ္ထုတိုများ . . မင်းရဲကျော် ၃၀၀ိ/-

www.burmeseclassic.com

ဧေယျာမြေစာပေတိုက်မှ မှာယူရရှိနိုင်သော စာအုပ်များ


၁၈။ ကျွန်တော်ဖော်ထုတ်ခဲ့သော ကိုယ်တွေ့ဖြစ်ရပ်မှန်
မှုခင်းများ . . . မောင်သက်နှင်း (မ/ဥ) ၆၀ိ/-
၁၉။ ကျားတိလူးနှင့်တောကြီးဝက်ပါ ဖြစ်ရပ်ဆန်းကြယ်
မှုဆိုးဝတ္ထုတိုများ . . . ဖိုးကျော့ ၆၅ိ/-
၂၀။ ခန်းဆောင်နီအိပ်မက် . . . ဆွေမြင့် ၆၀ိ/-
၂၁။ ဝက်ပါတောတွင်းဖြစ်ရပ်ဆန်းနှင့်မုဆိုးများ . . . ကိုပိုက် ၅၅ိ/-
၂၂။ ဖျားစွဲသောမှတ်ဆိတ် . . . သော်တာဆွေ ၆၀ိ/-
၂၃။ မျက်လှည့်ဘုံမှရင်ခုန်စရာများ . . . ချန်ဝီယံတင်ညွန့် ၅၀ိ/-
၂၄။ သံယောဇဉ်အဖွဲ့ . . . မင်းလူ ၈၀ိ/-
၂၅။ အချစ်ရောင်ရင့်ရင့် . . . နေနော် ၇၅ိ/-
၂၆။ မုဆိုးနှင့်သားကောင် . . . မောင်မြင့်မား (ဘိုကလေး) ၆၅ိ/-
၂၇။ ဘဝဟောင်းကချစ်သူ . . . စုလတ်မောင် ၇၀ိ/-
၂၈။ ဝိဝိရိရိ . . . မောင်ပေါ်ထွန်း ၁၆၀ိ/-
၂၉။ ချစ်အဏ္ဏဝါကြာဝယ် . . . သော်တာဆွေ ၉၀ိ/-
၃၀။ နေလောင်ပန်းတစ်ပွင့်၏သမိုင်း . . . နေနော် ၈၀ိ/-
၃၁။ ခပ်သိမ်းသောမြစ်တို့ကဲ့သို့ . . . ဖိုးကျော့ ၈၀ိ/-
၃၂။ အလွမ်းကန္တာရတောကန္တာ . . . ဖိုးကျော့ ၈၀ိ/-
၃၃။ သေမင်းတမန်လမ်းပေါ်ဝယ် . . . လင်းယုန်သစ်လွင် ၁၀၀ိ/-
၃၄။ ကညင်မြောင်ကဆင်ပြောင်ကြီး . . . မင်းရဲကျော် ၇၀ိ/-
၃၅။ ချစ်ပန်းပွင့် . . . ရွှေဥဒေါင်း ၁၀၀ိ/-
၃၆။ မာနစစ်ပွဲ . . . စုလတ်မောင် ၆၅ိ/-
၃၇။ ဘုရားနီပုရပိုက်နှင့်လျှို့ဝှက်ဆန်းကြယ် . . ကျော်မင်းနိုင် ၆၀ိ/-
၃၈။ တစ်ချက်မှားတော့တစ်သက်မုဆိုးများ . . ကိုပိုက် ၇၅ိ/-
၃၉။ လေပြင်းခြွေတဲ့နွေ . . . နေနော် ၉၀ိ/-
၄၀။ လူသားစားမိကျောင်းနှင့်မုဆိုးတိုက်ပွဲများ . . . ဖိုးကျော့ ၇၅ိ/-


## ဘာသာပြန်သူ၏အမှာ

အသိစိတ်အရ ခွင့်မပြုလိုသော်လည်း ဇာတိစိတ်အရ ဝါသနာပါသောလူသတ်စစ်ပွဲအကြောင်း ရေးသားထားသည့် စာအုပ်တစ်အုပ်ကို ဘာသာပြန်မိပြန်ပါသည်။

အစ္စရေးစစ်တပ် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး မိုရှေဒါယန် (ယခု ကာကွယ်ရေးဝန်ကြီး)၏အကြောင်းကို ကျွန်တော် ဘာသာပြန်ခဲ့သော **"အာရပ်-အစ္စရေး ၆ရက်စစ်ပွဲ"** ဖတ်ဖူးသူများ ကောင်းစွာသိကြပါမည်။ (၁၉၆၇) ခုနှစ် ဇွန်လ (၅)ရက်မှ (၁၀) ရက်နေ့အထိ ဖြစ်ပွားခဲ့သည့် အာရပ်အစ္စရေးစစ်ပွဲကို အနိုင်တိုက်သူမှာ မိုရှေဒါယန်ဖြစ်ကြောင်းမှတ်မိကြပါဦးမည်။

မိုရှေဒါယန် နာမည်ကြီးလာခြင်းမှာ (၁၉၅၆) ခုနှစ်က ဖြစ်ပွားသည့် ဆီနိုင်းစစ်ပွဲကြီးကြောင့် ဖြစ်ပါသည်။ စစ်ပရိယာယ် ကြွယ်ဝသော စစ်ဗိုလ်ချုပ်တစ်ယောက်ဖြစ်ကြောင်း တစ်ကမ္ဘာလုံးကလက်ခံခဲ့ကြပါသည်။ ထိုမှုမက **"ဆီနိုင်းသူရဲကောင်း"** ဟူ၍ပင် သူ့ကို ဝိုင်း၍ အမည်ပေးခဲ့ကြသည်။

ယခု ကျွန်တော် ဘာသာပြန်သော စာအုပ်သည် အဆိုပါ . . **"ဆီနိုင်းစစ်ပွဲ"** အကြောင်းပင် ဖြစ်၏။ ဤစာအုပ်ကို ရေးသားသူကား ထိုစစ်ပွဲကို အနိုင်တိုက်ခဲ့ပြီး **"ဆီနိုင်းသူရဲကောင်း"** ဟူသည့် အမည်ကိုပါ ရခဲ့သူ ဗိုလ်ချုပ်မိုရှေဒါယန်ပင်ဖြစ်၏။

ဤစာအုပ်ကား ထိုစစ်ပွဲကြီးနှင့် ပတ်သက်သည့် မိုရှေဒါယန်ကိုယ်တိုင် ရေးသားထားသော နေ့စဉ်မှတ်တမ်းပင် ဖြစ်လေသည်။

သို့ဆိုလျှင် ဆီနိုင်းစစ်ပွဲအကြောင်းကို ဤစာအုပ်ထက် အနီးကပ်ဆုံး၊ အပြည့်စုံဆုံး၊ အတိကျဆုံး ရေးသားဖော်ပြနိုင်မည့် အခြားစာအုပ် မရှိနိုင်တော့ပါ။ စစ်ဗိုလ်ချုပ်တစ်ယောက်က သူကိုယ်တိုင် ခေါင်းဆောင် ဆင်နွှဲသည့် စစ်ပွဲတစ်ရပ်အကြောင်း ခရေစေ့တွင်းကျ ရေးသားဖော်ပြထားချက်များကို ဖတ်ရသောအခါ အရသာတစ်မျိုးကို တွေ့လာရပါသည်။ ထိုအရသာပေါ်လွင်အောင် ကျွန်တော် အစွမ်းရှိသမျှ ကြိုးစား၍ မြန်မာပြန်ဆိုထားပါသည်။ အရသာ မပေါ်လွင်သေးဟုဆိုလျှင် ကျွန်တော်၏ချွတ်ယွင်းချက်ဖြစ်သည်ဟုသာ မှတ်ယူစေလိုပါသည်။

ဤစာအုပ်ကို ဘာသာပြန်ဆိုရာတွင် လိုအပ်နေသည့် စာအုပ်စာတမ်းများ၊ အချက်အလက်များ ကူညီရှာဖွေပေးသော ဆရာဦးမျိုးချွန် (လုပ်သားကောလိပ်၊ သမိုင်းဌာန) အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

အထောက်တော်လှအောင်
ဧေယျာဝတီ၊ ၁၉၆၈ ခု၊ မေလ ၉ ရက်။

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်ကြီး ဒါယန်၏ အမှာ

စစ်ပွဲပြီးဆုံး၍ မကြာမီမှာပင် ဤစာအုပ်သည် ထုတ်ဝေရန် ပေါ်ထွက်လာပါသည်။ ယင်းစစ်ပွဲသည် (၁၉၅၆) ခုနှစ်က ဖြစ်ပွားခဲ့သည့် စစ်ပွဲဖြစ်၏။ ထိုစဉ်က ဆီနိုင်းကျွန်းဆွယ်စစ်ပွဲမှာ (၈)ရက် ကြာခဲ့သည်။ ယခု (၁၉၆၇) ခုနှစ် ဆီနိုင်းကျွန်းဆွယ် စစ်ပွဲတွင်မူ (၅)ရက်သာ ကြာမြင့်လေသည်။ ယခုစစ်ပွဲတွင် ဂျော်ဒန်ပြည်၏ အနောက်ဘက်ခြမ်းနှင့် ဆီးရီးယားပြည်၏ ဂိုလန်နှင့် ဘာရှန်ကုန်းပြင်မြင့်များတိုလည်း သိမ်းပိုက်ရယူနိုင်ခဲ့၏။

ထိုမျှသာမကသေး (၁၉၅၆) ခုနှစ် ဆီနိုင်းကျွန်းဆွယ်စစ်ပွဲတွင် စစ်တပ်အင်အား (၃၅၀၀၀)နှင့် တင့်ကားပေါင်း (၂၀၀) တို့ ပါဝင်တိုက်ခိုက် ဆင်နွှဲခဲ့ကြသော်လည်း ယခု (၁၉၆၇) ခုနှစ် ဆီနိုင်းကျွန်းဆွယ်စစ်ပွဲတွင်မူ အီဂျစ်စစ်တပ်အင်အား တစ်သိန်းနှင့် တင့်ကားပေါင်း (၉၅၀) တို့ ပါဝင်တိုက်ခိုက်လာကြလေသည်။

ကျွန်ုပ်၏ ဆီနိုင်းကျွန်းဆွယ် စစ်ပွဲနေ့စဉ်မှတ်တမ်းကို ဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဖြစ်လာသူ ဒေးဗစ်ဘင်ဂူရီယံနှင့် ကျွန်ုပ်တို့ စကားပြောဆိုကြသည့် အခန်းတွင် အပြီးသတ်၍ထားပါသည်။ စစ်ပွဲ၏ နောက်ဆုံးညတွင် ဘင်ဂူရီယံကို ကျွန်ုပ် တွေ့သည်။ ရှမ်အယ်လ်ရှိတ်ကို သိမ်းပိုက်ရယူပြီးဖြစ်ကြောင်း၊ စစ်ပွဲလည်း ပြီးဆုံးပြီဖြစ်ကြောင်းဖြင့် ဒေးဗစ်ဘင်ဂူရီယံကို ကျွန်ုပ်က အစီရင်ခံသည်။

ယခုမှ စတင်ဖြစ်ပွားလာပြီဖြစ်သော နိုင်ငံရေးတိုက်ပွဲကြီးတို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း ရှိမည်၊ မရှိမည်နှင့်ပတ်သက်ပြီး ကျွန်ုပ်၏ စိုးရိမ်ပူပန်မှုကိုမူ မှတ်တမ်းတင်ခဲ့ပါသည်။ စိုးရိမ်ပူပန်မှုဖြစ်ဖွယ်ရာ အကြောင်းများလည်း ရှိပါသည်။

(၁၉၆၇) ခုနှစ်၊ ဇွန်လတွင် ဖြစ်ပွားသည့် ဆီနိုင်းစစ်ပွဲသည် ထိုစစ်ပွဲအပြီး နိုင်ငံရေးအစီအစဉ်များကို ဖြစ်ပေါ်စေသည့် စစ်ပွဲပင် ဖြစ်၏။ အစ္စရေးစစ်တပ်က သိမ်းပိုက်ရယူခဲ့သည့် တိုင်ရန်ရေလက်ကြားကို ကုလသမဂ္ဂအရေးပေါ်တပ်များ၏ လက်သို့ အစ္စရေးက လွှဲပြောင်းပေးအပ်ခဲ့ဖူးသည်။ ကုလသမဂ္ဂ အရေးပေါ်တပ်များ ဆောင်ရွက်ရမည့် အလုပ်သည် အပြည်ပြည်ဆိုင်ရာဥပဒေအရ အစ္စရေးသင်္ဘောများ လွတ်လပ်စွာ သွားလာခွင့်ကို တာဝန်ယူပေးရန် ဖြစ်သည်။ သို့ဖြင့် သင်္ဘောများ သွားလာခုတ်မောင်းခွင့်သည် (၁၀) နှစ်ကျော်ကျော် တည်ရှိခဲ့လေသည်။





သို့သော် အီဂျစ်သမ္မတ နတ်ဆာသည် အစ္စရေးကို စစ်ပြုရန် ဆုံးဖြတ်လိုက်သည်။ အောင်ပွဲခံရမည့်သူဟုလည်း ယုံကြည်သည်။ သို့တလို ဆုံးဖြတ်လိုက်သောနေ့မှာပင် ကုလသမဂ္ဂအရေးပေါ်တပ်များ ရုပ်သိမ်းပေးရန် သမ္မတနတ်ဆာက တောင်းဆိုလိုက်၏။ သူ၏ တောင်းဆိုချက်အရ ကုလအရေးပေါ်တပ်များ ရုပ်သိမ်းရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ညွှန်ကြားသည်။

ထိုမှစပြီး (၁၉၆၇) ခုနှစ်၊ မေလ (၂၂) ရက်နေ့သို့ ရောက်သည်တွင် (၁၉၅၆) ခုနှစ်၊ အောက်တိုဘာလ မတိုင်မီက အခြေအနေများကို ကျွန်ုပ်တို့ ရင်ဆိုင်နေကြရပြန်ပြီဖြစ်၏။ တိုင်ရန်ရေလက်ကြားတွင် အစ္စရေးသင်္ဘောများ သွားလာခုတ်မောင်းခွင့်ကို အီဂျစ်နိုင်ငံက တားမြစ်ပိတ်ပင်လိုက်ပြန်သည်။ ထိုမျှသာမက အစ္စရေးစစ်တပ်များကို မဖက်ပြိုင်တိုက်ခိုက်ရန် အီဂျစ်စစ်တပ်များက စစ်ပြင်ဆင်နေကြ၏။ တိုင်ရန် ရေလက်ကြားတွင် အစ္စရေးသင်္ဘောများ သွားလာခွင့်ကို ပိတ်ပစ်လိုက်ခြင်းအားဖြင့် အစ္စရေးကို သမ္မတနတ်ဆာက စစ်ပြုလိုက်ခြင်းပင် မည်ပေသည်။ သို့သော် ယင်းအပြုအမူမှ ပေါ်ပေါက်လာသည့်အဖြေကား သူ ထင်မြင်မျှော်မှန်းထားသည့် အချက်များနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်ချေသည်။

ကျွန်ုပ် ရေးသားဖော်ပြသကဲ့သို့ပင် ယခုတစ်ကြိမ် စစ်ပွဲမှာ (၆)ရက်အတွင်း ပြီးဆုံးသွား၏။ အီဂျစ်၊ ဂျော်ဒန်နှင့် ဆီးရီးယားစစ်တပ်များ အရေးနိမ့်သွားကြပြန်၏။ အစ္စရေးသင်္ဘောများသည် ပင်လယ်နီအတွင်း၌ လွတ်လပ်လုံခြုံစွာ ဖြတ်သန်းခုတ်မောင်းသွားလာနိုင်ကြပြန်၏။ မည်သို့ပင်ဆိုစေ နိုင်ငံရေးအရ ရှုန်းကန်ဖြေရှင်းရမှုသည် ယခုမှပင် စတင်ဖြစ်ပွားရတော့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီထွင်လည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအများအပြားရှိ မြို့တော်ကြီးများတွင် လည်းကောင်း အချေအတင်ပြောဆိုဆွေးနွေးမှုများ၊ ဈေးဆစ်မှုများကို ပြုလုပ်နေကြသည်။ ဖြစ်ပွားခဲ့ရသည့် စစ်ပွဲအစား ငြိမ်းချမ်းရေးကို အစားထိုးရန် စီစဉ်နေကြခြင်း ဖြစ်လေသည်။

ဤကိစ္စများနှင့် ပတ်သက်၍ မေးခွန်းများပေါ်ပေါက်လာပါသည်။ အာရပ်နိုင်ငံများက အစ္စရေးနိုင်ငံကို အသိအမှတ်ပြုမည်လော။ အစ္စရေးနိုင်ငံရပ်တည်ခွင့်ကို လက်သင့်ခံကြမည်လော။ အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းစွာဆက်ဆံရေးကို လက်ခံတည်ဆောက်ကြမည်လော။ သို့တည်းမဟုတ် အစ္စရေးနိုင်ငံကို မြေပုံပေါ်မှ ဖယ်ထုတ်ပစ်လိုက်မည်လော။ ယခုတစ်ကြိမ်တွင်မူ သူတို့ ရှုံးနိမ့်သွားကြရပါသည်။ အရေးမလှ ဖြစ်သွားကြရပါသည်။ သို့သော် အစ္စရေးနိုင်ငံကို ဖက်ပြိုင်အနိုင်ယူနိုင်မည်ဟု ထပ်မံယုံကြည်လာကြပြန်သောအခါတွင် ကြိုးစားမှုအသစ်တစ်ရပ်ကို ပြုလုပ်ကြပေဦးမည်။ အစ္စရေးနိုင်ငံကို ချေမှုန်းပစ်နိုင်ရန် ကြိုးစားပေဦးမည်။

ကျွန်ုပ်၏ အခြေအနေသည် (၁၉၅၆) ခုနှစ်ကနှင့် မတူညီတော့ပါ။ ထို့ကြောင့် ယခု အမှာစာကိုရေးရာတွင် အခက်အခဲ ပေါ်နေပါသည်။ ကျွန်ုပ်သည် စစ်ဗိုလ်ချုပ် မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ လွတ်လပ်ရေးစစ်ပွဲအပြီး (၁၉၄၉) ခုနှစ်က စစ်ပြေငြိမ်းရေးသဘော တူစာချုပ်ကို အစ္စရေးနိုင်ငံနှင့် အာရပ်နိုင်ငံများ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုမူ အစ္စရေးနိုင်ငံကို တိုက်ခိုက်ရန်နှင့် မြေပုံပေါ်ရှိ အစ္စရေးနိုင်ငံကို ဖယ်ထုတ်ပစ်ရန် ရည်စူးချက်များကို အာရပ်နိုင်ငံခေါင်းဆောင်များက အသစ်တစ်ဖန် ပြုလုပ်လာကြပြန်၏။ စစ်ပြေငြိမ်းရေးစာချုပ်ပါ အချက်များကို လိုက်နာပြီး ငြိမ်းချမ်းရေးတည်ဆောက်ရန် ငြင်းဆန်နေရုံမျှမက အပစ်အခတ်ရပ်စဲပြီးသည်နှင့် တစ်ပြိုင်တည်း နယ်ခြားတွင် လှုပ်လှုပ်ရှားရှား ပြုလုပ်လာကြခြင်း၊ အစ္စရေးအရပ်သားများကို တိုက်ခိုက်ခြင်း စသည်ဖြင့် ပြုလုပ်ကျူးကျော်လာကြပြန်သည်။

ယင်းအပြုအမူများသည် စစ်ရှိန်မသေမှုနှင့် စစ်၏အကြွင်းအကျန်များ အဖြစ်ဖြင့် အစ္စရေးအစိုးရက အစပထမပိုင်းတွင် သဘောထားခဲ့သည်။ သဘောတူညီချက်ပါ အချက်အလက်များကို လိုက်နာလေးစားရန် အာရပ်နိုင်ငံများကို တောင်းဆိုခဲ့သည်။ သည်းခံမှုနှင့် ချုပ်တည်းမှုလမ်းစဉ်ကိုလည်း အစ္စရေးက ကျင့်သုံးခဲ့သည်။

မည်သို့ပင်ဆိုစေ (၁၉၅၄) ခုနှစ် နှစ်ဝက်ကျော်လာသောအခါတွင် အစ္စရေး ဆန့်ကျင်ရေးအကြမ်းဖက်ဝါဒသည် ပိုမိုဆိုးရွားသည်ထက် ဆိုးရွားလာ၏။ နောက်ပိုင်းလများ၌ ထိုအဖြစ်အပျက်များသည် တစ်ဦးချင်း၊ တစ်ယောက်ချင်းက ပြုလုပ်ကျူးလွန်နေခြင်းမဟုတ်ကြောင်း၊ အသင်းအဖွဲ့ဖြင့် စနစ်တကျ ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ အီဂျစ်နိုင်ငံက တာဝန်ယူပြီး အာရပ်နိုင်ငံအစိုးရများကပါ အသိအမှတ်ပြု ကျူးကျော်အကြမ်းဖက်နေကြခြင်းဖြစ်ကြောင်း ထင်ရှားသည်ထက် ထင်ရှားလာသည်။ အစ္စရေးနိုင်ငံက အဖြစ်မှန်ကို နားလည်သဘောပေါက်သည်ထက် ပေါက်လာသည်။ လုံခြုံရေးအခြေအနေများမှာ တစ်နေ့တခြား ပိုမိုဆိုးရွားလာသည်။ (၁၉၄၈)ခုနှစ် စစ်ဖြစ်ခဲ့ရသည့် နေ့ရက်များမှစပြီး တစ်စတစ်စ ကြီးထွားလာရာ ယခု (၁၉၅၅-၅၆) ခုနှစ်တွင် ဆိုးရွားသည့် အခြေအနေသို့ ရောက်လာသည်။

ဤတင်းမာမှုကြီး၏ အရင်းခံအကြောင်းသုံးချက်မှာ ***အစ္စရေးကို အပြီးတိုင်ချေမှုန်းနိုင်မည့် စစ်ကြီးတစ်ခုပြုရန် အီဂျစ်တို့က စစ်ပြင်ဆင်ခြင်း၊ အာရပ်နိုင်ငံများက လေ့ကျင့်ထားသည့် ပြောက်ကျားများဖြင့် အစ္စရေးကို ခြိမ်းခြောက်ခြင်း၊ အက္ကာဘာပင်လယ်ကွေ့၌ အစ္စရေးသင်္ဘောများ သွားလာခွင့်ကို ပိတ်ပင်တားမြစ်ခြင်း . .*** စသော အကြောင်းသုံးချက် ဖြစ်၏။

✪ ✪ ✪

(၂)

(၁၉၅၅) ခုနှစ်၊ စက်တင်ဘာလအတွင်း အီဂျစ်နိုင်ငံနှင့် ချက်ကိုဆလိုဗားကီးယားနိုင်ငံတို့၏ လက်နက်အပေးအယူ ပြုလုပ်မှုသည် အစ္စရေးနိုင်ငံကို အီဂျစ်က စစ်ပြုရန်အဆုံးအဖြတ်ပေးလိုက်ခြင်းနှင့်ပင် တူညီချေသည်။ ချက်နိုင်ငံမှ ခေတ်မီစစ်လက်နက်ပစ္စည်းအမြောက်အမြားကို အီဂျစ်နိုင်ငံက ရရှိလိုက်၏။ အဆိုပါ စစ်လက်နက်ပစ္စည်းများသည် အီဂျစ်နိုင်ငံက မိမိတို့ကို စစ်ပြုရန် ဦးတည်ရည်စူးချက်ကို ဖြည့်စွက်အားတင်းပေးလိုက်ခြင်းဖြစ်ကြောင်း၊ စစ်ပြုရန် ခြေလှမ်းပြင်လိုက်ခြင်းဖြစ်ကြောင်း အစ္စရေးနိုင်ငံက သဘောပေါက်နားလည်ခဲ့၏။ ခေတ်မီစစ်လက်နက်ပစ္စည်း အမြောက်အမြားကို အာရပ်များကိုင်စွဲလာခြင်းအား အမြန်ဆုံးဟန့်တားရန်နှင့် ထိုအပေါ်တွင် စစ်ရေးအရ အမြတ်ထုတ်နိုင်ရန်ကိုပါ အစ္စရေးတို့ ဆုံးဖြတ်ခဲ့ကြရလေသည်။

အီဂျစ်တို့ရရှိလိုက်သည့် ချက်ကိုဆလိုဗားကီးယား စစ်လက်နက်ပစ္စည်းများထဲတွင် သံချပ်ကာကား (၅၃၀)၊ တင့်ကား (၂၃၀)၊ သံချပ်ကာ ကားတပ် သယ်ယူပို့ဆောင်ရေးယာဉ် (၂၀၀)၊ ယန္တရားအမြောက်ကြီး (၁၀၀)၊ အရွယ်အစားအမျိုးမျိုးအတွက် အမြောက်ပစ္စည်း(၅၀၀)၊ တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်နှင့် သယ်ယူပို့ဆောင်ရေးလေယာဉ် (၂၀၀)၊ စစ်သင်္ဘောများ၊ ဖျက်သင်္ဘောများ၊ တော်ပီဒို တိုက်ရေယာဉ်များနှင့် ရေငုပ်သင်္ဘောများ စသည်ဖြင့် စစ်လက်နက်ပစ္စည်း အမြောက်အမြား ပါဝင်သည်။

အဆိုပါ စစ်လက်နက်ပစ္စည်းများသည် ထိုအချိန်က အရှေ့အလယ်ပိုင်းဒေသ တစ်ခုလုံးတွင် အလွန့်အလွန် များပြားသည့် အင်အားကောင်းသည့် အရေအတွက်ပင် ဖြစ်လေသည်။ ယခင်က ရှိခဲ့ဖူးသည့် အင်အားများထက် မတန်တဆ ပိုမိုများပြားသည့် အင်အားများ ဖြစ်လေသည်။ အီဂျစ်၏ ရှိရင်းစွဲတပ်အင်အားကို ယခုလက်နက်များ ဖြည့်စွက်ပေးလိုက်ခြင်းအားဖြင့် အစ္စရေးနှင့် အာရပ်နိုင်ငံများ၏ စစ်အင်အားသည် မနှိုင်းယှဉ်သာအောင် ကွာခြားသွားတော့သည်။ မူလက အီဂျစ်နိုင်ငံတွင် တင့်ကားပေါင်း (၂၀၀) ရှိ၏။ အစ္စရေးနိုင်ငံ၌လည်း တင့်ကားပေါင်း (၂၀၀) မျှပင် ရှိခဲ့သည်။

ယခုမူ အခြားအာရပ်နိုင်ငံများ၏အင်အားကို ထည့်မပေါင်းဘဲအီဂျစ်တစ်နိုင်ငံတည်း၏ သံချပ်ကာကားတပ်အင်အားသည် အစ္စရေးထက် လေးဆမျှ သာလွန်သွားချေပြီ။


www.burmeseclassic.com

www.burmeseclassic.com

လေတပ်အင်အားလည်း အလားတူပင်ဖြစ်၏။ ယခင်က အီဂျစ်တွင် ဂျက်လေယာဉ်ပျံ (၈၀) ရှိပြီး အစ္စရေးတွင် (၅၀) သာ ရှိ၏။ ယခု အီဂျစ်၏ တိုက်လေယာဉ်နှင့် ဗုံးကြဲဂျက်လေယာဉ်မှာ (၂၀၀) အထိ မြင့်တက်သွားတော့သည်။ ထို့ကြောင့်လည်း လေတပ်အင်အားပါ လေးဆလုံးလုံး ပိုမိုကြီးမားအားကောင်းနေသည်။ အမြောက်တပ်၊ ရေတပ်အင်အားနှင့် တိုက်ခိုက်ရေးလက်နက်အင်အားများနှင့် ပတ်သက်၍ အစ္စရေး၏ အင်အားသည် အားရဖွယ်ရာ မကောင်းလှချေ။ အီဂျစ်တို့က အရေအတွက်သာ သာလွန်နေသည်မဟုတ်။ ခေတ်မီမှု၊ အစွမ်းထက်မှုတည်းဟူသော အရည်အချင်းများပါ သာလွန်ကောင်းမွန်နေ၏။

အီဂျစ်တို့၏လက်ဝယ်ရှိသည့် မစ်တိုက်လေယာဉ်ပျံများနှင့်အီလူးရှင်းလေယာဉ်ပျံများသည် အစ္စရေးလက်ဝယ်ရှိသော မီတီယော်နှင့် ဖော်ရာဂင်အမျိုးအစား လေယာဉ်ပျံများထက် အနည်းဆုံး နှစ်ပြန်မျှပိုမိုကောင်းမွန်နေသည်။ အစွမ်းထက် ခေတ်မီနေသည်။ ၎င်းတို့၏ တီ (၃၄) အမျိုးအစား ရုရှလုပ်တင့်ကားများသည် ကျွန်ုပ်တို့သုံးစွဲနေရသည့် မတ် (၃) အမျိုးအစား ရှားမင်းတင့်ကား အဟောင်းကြီးများထက် များစွာသာလွန်ကောင်းမွန်နေ၏။

စစ်အင်အားကြီးထွားလာသည်နှင့် တစ်ပြိုင်တည်း အာရပ်ပြည်သူများကြားတွင် နတ်ဆာ၏ ဂုဏ်သိက္ခာနှင့် ဩဇာအာဏာသည် များစွာ မြင့်တက်သွားတော့၏။ အာရပ်နိုင်ငံများအဖွဲ့တွင်လည်း ထင်ရှားသော ခေါင်းဆောင်ကြီးတစ်ဦးအဖြစ် အများက အသိအမှတ် ပြုလာကြတော့၏။

(၁၉၅၅)ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့တွင် အီဂျစ်၊ ဆီးရီးယား ပူးတွဲစစ်ဦးစီးဌာနကို စတင်အကောင်အထည်ဖော်သည်။ (၁၉၅၆) ခုနှစ်၊ အောက်တိုဘာသို့ ရောက်သည်တွင် မျှော်မှန်းထားသည့်အတိုင်း ဂျော်ဒန်နိုင်ငံပါ ပါဝင်လာပြီး သုံးနိုင်ငံပူးတွဲစစ်ဦးစီးဌာနကို ဖွဲ့စည်းကြ၏။

ထိုသို့သောအခြေအနေများကြောင့် အစ္စရေးနိုင်ငံသည် အရှေ့ပိုင်း၊ တောင်ပိုင်းနှင့်၊ မြောက်ပိုင်းဒေသများ၌ စစ်ဦးစီးတစ်ယောက်တည်း၏ ကွပ်ကဲမှုအောက်ဝယ်တည်ရှိနေကြရသည့် ရန်သူအာရပ်စစ်တပ်ကြီးသုံးခု၏ အလယ်တွင် ကြားညပ်နေသော ကြောင်း သူ့အခြေအနေမှန်ကို သူ ပြန်လည်မြင်တွေ့လာသည်။ ညီညွတ်ပူးပေါင်းနေကြသော ကျူးကျော်ရေးစစ်တပ်ကြီး သုံးခုဖြင့် ရင်ဆိုင်နေရပြီဖြစ်လေရာ မည်သူ့ကို တိုက်ရိုက်ဆန့်ကျင်ရမည်ဟူသော အချက်နှင့် ပတ်သက်၍ တွေဝေဖွယ်ရာ အကြောင်း မရှိတော့ချေပြီ။

✪ ✪ ✪

(၃)

(၁၉၄၈)ခုနှစ်၌ အစ္စရေးနိုင်ငံတော်ကို စတင်တည်ထောင်ကတည်းက အိမ်နီးချင်းအာရပ်နိုင်ငံများက ထိုးဖောက်ဝင်ရောက်ခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်း၊ သတ်ဖြတ်ခြင်းများကို ပြုလုပ်ကျူးလွန်ခဲ့ကြသည်။ သို့သော် ပြောင်ပြောင်တင်းတင်း စနစ်တကျ ပြုလုပ်ခြင်း မဟုတ်သေးချေ။ ယခု (၁၉၅၅) ခုနှစ်၊ ဧပြီလသို့ ရောက်သည်တွင် အစ္စရေးနိုင်ငံကို စစ်ရေးအရခြိမ်းခြောက်မှု၊ နှောင့်ယှက်မှုပြုရန် အီဂျစ်စစ်ဦးစီးချုပ်က ဆုံးဖြတ်လိုက်လေသည်။ "ဖက်ဒါယွန်" ခေါ် အကြမ်းဖက်တိုက်ခိုက်ရေးသမားများကို ဖွဲ့စည်းလိုက်သည်။ ၎င်းတို့ကို ဂါဇာကမ်းမြောင်ဒေသ၊ အီဂျစ်တပ်မတော်ထောက်လှမ်းရေးဌာနခွဲ၏ကွပ်ကဲမှုအောက်တွင် ထားရှိသည်။ အဖွဲ့သုံးဖွဲ့ ဖွဲ့သည်။ အမှတ် (၉)၊ (၁၀) နှင့် (၁၆) ဖြစ်၏။ ဂါဇာမြို့အနောက်ဘက် မြစ်ကမ်းပါးတစ်လျှောက်တွင် ချထားသည်။

စတင်တည်ထောင်သည့်အချိန်က အင်အား (၇၀၀)မျှသာ ရှိသေး၏။ ဂျော်ဒန်၊ ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံများ အတွင်း၌လည်း အဖွဲ့ခွဲများ ဖွဲ့စည်းတည်ထောင်ပေးရန် ရည်စူးထား၏။

၎င်းတို့သည် တစ်လလျှင် အီဂျစ်ငွေ (၉)ပေါင် ရကြ၏။ အစ္စရေးနိုင်ငံအတွင်း ဖြတ်သန်းဝင်ရောက်နိုင်လျှင်လည်းကောင်း၊ လူသတ်ခြင်း၊ နှောင့်ယှက်ဖျက်ဆီးခြင်း လုပ်ငန်းများ၌ အောင်မြင်စွာ ထမ်းဆောင်နိုင်လျှင် လည်းကောင်း၊ သီးခြားဆုငွေများ ချီးမြှင့်ခြင်းကိုလည်း ခံကြရသေးသည်။ အဆိုပါ အကြမ်းဖက် လျှို့ဝှက်တပ်ဖွဲ့ဝင်များတွင် အခြားတာဝန်များလည်း ရှိသေးကြောင်း အောက်ပါစာအရ သိနိုင်၏။ ထိုစာကို ဂါဇာကမ်းမြောင်ဒေသ၊ အီဂျစ်တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီး မတ်စတာဖာဟာဖက်က ထိုဒေသဘုရင်ခံချုပ်ထံသို့ ရေးသားပေးပို့သည့် စာဖြစ်၏။

အီဂျစ်တရားရုံး တစ်ခုတွင် လူသတ်မှုဖြင့် တရားစွဲဆိုတင်ပို့ခြင်း ခံရသော ယွန်းစ်မားဘရက်နှင့် ပတ်သက်ပြီး ရေးခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

<u>အုပ်ချုပ်ရေးဘုရင်ခံချုပ်သို့</u>

၁။ အထက်ဖော်ပြပါ ယွန်းစ်မားဘရက်သည် ကျွန်ုပ်တို့၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါသည်။ အလွန်တရာ သစ္စာရှိသူလည်း ဖြစ်ပါသည်။ အရေးကြီးသော တာဝန်များ၊ အန္တရာယ်ကြီးသော တာဝန်များကို ယုံကြည်စိတ်ချစွာ ပေးအပ်ထမ်းဆောင်စေနိုင်သူလည်းဖြစ်ပါသည်။ သူသည် သူ့ရဲကောင်းဝါဒ၏ စံပြလည်းဖြစ်၏။ အီကျစ်နိုင်ငံနှင့် အီကျစ်တပ်မတော်ကြီးကိုယ်စား သတ္တိပြောင်မြောက်စွာ သူ့ကိုယ်သူစတေးရန် အဆင်သင့်ဖြစ်နေသူတစ်ဦး ဖြစ်ပါသည်။

၂။ ၎င်းသည် အထက်ဖော်ပြပါအတိုင်း ပါလက်စတိုင်းအကြမ်းဖက် တပ်ဖွဲ့များအတွက် တာဝန်ထမ်းဆောင်ပြီး အစ္စရေးနိုင်ငံအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ နှောင့်ယှက်ဖျက်ဆီးခြင်း၊ မိုင်းဗုံးထောင်ခြင်း၊ သတ်ဖြတ်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။ အောက်ဖော်ပြပါအချက်များသည် ၎င်းဆောင်ရွက်ခဲ့သည့် ချီးကျူးဖွယ်ရာအချက်များမှ အချို့ဖြစ်ပါသည်။

(က) - (၁၉၅၅) ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့၌ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

- ဘက်ဟာနွန်ဒေသရှိ လိမ္မော်ခြံအတွင်း၌ အလုပ်သမား (၃)ဦးကို သတ်ဖြတ်ခဲ့သည်။
- အယ်လ်ကာဘိုက်ဘာအနီးရှိ ဓာတ်အားပေးစက်ရုံတွင် စက်ပြင်ဆရာတစ်ဦးကို သတ်ဖြတ်ခဲ့သည်။
- အစ္စရေးပင်လယ်ရပ်ခြား အသံလွှင့်ဌာန၏ ပင်မဓရိယာတိုင်ကြီးကို ဖောက်ခွဲဖျက်ဆီးခဲ့သည်။
- ဓာနိုဂါအနီးရှိ ဂျူးအာလာ ပြန်လည်နေရာချထားရေးရွာကို တိုက်ခိုက်သည်။ တစ်ဦးသေပြီး လေးဦးဒဏ်ရာရခဲ့သည်။ အဆောက်အအုံတစ်ခု ပျက်စီးပြီး ကျေးရွာသမဝါယမ ပစ္စည်းသိုလှောင်ရုံကိုပါ ပျက်စီးစေခဲ့ပါသည်။
- ထိုဒေသမှာပင် မော်တော်ကားတန်းတစ်ခုကို ချုံခိုတိုက်ခိုက်ခဲ့သည်။

(ခ) - (၁၉၅၅) ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့တွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

- အဂျူကျေးရွာအနီး၌ မော်တော်ကားတစ်စီးကို ချုံခိုတိုက်ခိုက်သည်။ သုံးယောက်သေသည်။ မော်တော်ကား ပျက်စီးသွားသည်။
- ဇူမီးကျေးရွာကိုတိုက်သည်။ အဆောက်အအုံတစ်ခုကို ဖောက်ခွဲဖျက်ဆီးခဲ့သည်။





- ပလူးဂေါ့ - ဘင်ဂိုဗရင်လမ်း၌ မော်တော်ကားတစ်စီးကို ချုံခိုတိုက်ခိုက်သည်။
- ထိုနေရာမှာပင် စစ်ကားသုံးစီးကိုပါ ချုံခိုတိုက်ခိုက်သည်။

၃။ အထက်ဖော်ပြပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်သည် ယခုအခါ အမှုအမှတ် (၂၆/၅၅) တွင် လူသတ်မှုဖြင့် တရားစွဲဆိုခြင်း ခံနေရပါသည်။ သူ၏အံ့ဩဖွယ်ကောင်းလောက်အောင် တာဝန်ထမ်းဆောင်ခဲ့မှုများကြောင့် သက်ညှာစွာ စဉ်းစားပြီး လွတ်ငြိမ်းခွင့်ပြုပါရန် မေတ္တာရပ်ခံပါသည်။ သူ၏ နောက်ကြောင်းရာဇဝင်များကို ပြန်ကြည့်ပြီး အတတ်နိုင်ဆုံးကူညီပါရန် မေတ္တာရပ်ခံပါသည်။ သတ္တိပြောင်မြောက်လှသော သူ၏ စွမ်းဆောင်ချက်များကို အာဏာပိုင်များက အသိအမှတ်ပြုပြီး ယခုပြစ်မှုမှ လွတ်ငြိမ်းစေလိုက်မည်ဆိုပါက နောင်တွင် ထိုသူကို ကောင်းစွာ ဆက်လက်အသုံးပြုနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ ကိုယ်စားလှယ်ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးပြီး အမှုပိတ်ပေးပါရန် မေတ္တာရပ်ခံပါသည်။

မတ်စတာဖာဟာဖက်
တပ်မှူး
ပါလက်စတိုင်းထောက်လှမ်းရေးတပ်ဖွဲ့

(၁၉၅၅) ခုနှစ်ကုန်ပိုင်းနှင့် (၁၉၅၆) ခုနှစ်များတွင် အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်နှောင့်ယှက်မှုများသည် တိုးပွားသည်ထက် တိုးပွားလာ၏။ အထူးသဖြင့် နယ်စပ်တွင် အသစ်တည်ထောင်ပေးထားသည့် ကျေးရွာများကို တိုက်ခိုက်ဖျက်ဆီးလာလေသည်။

(၁၉၅၆) ခုနှစ်၊ ဧပြီလအတွင်း ငါးရက်တိုင်တိုင်ဖြစ်ပွားခဲ့သည့် အောက်ဖော်ပြပါစာရင်းကိုကြည့်လျှင် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်များကို သဘောပေါက်နားလည်နိုင်မည် ဖြစ်ပါသည်။

✡

**ဧပြီ (၇) ရက်၊ (၁၉၅၆)**

အက်ခေလုံနှင့်ယက်မိုဒီချိုင်ကြား ရေပိုက်ကို ဖောက်ခွဲဖျက်ဆီးသည်။ အဟူဇမ်အနီးတွင် အရပ်သားပိုင် ဂျစ်ကားတစ်စီးကို ပစ်ခတ်သည်။ အစ္စရေးလ် အရပ်သားတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရသည်။

ရှူဗာတွင် အရပ်သား ထရပ်ကားတစ်စီးကို ပစ်ခတ်တိုက်ခိုက်သည်။ တစ်ဦးသေပြီး တစ်ဦးမှာ ဒဏ်ရာရသည်။ အယ်လ်ကူနီထရာအနီးတွင် စစ်ထရပ်ကားတစ်စီးကို ပစ်ခတ်တိုက်ခိုက်သည်။ နှစ်ဦးဒဏ်ရာရသည်။


www.burmeseclassic.com

www.burmeseclassic.com



အဟူဇမ်အနီး၌ စစ်ထရပ်ကားတစ်စီးကို ပစ်ခတ်တိုက်ခိုက်ပြီး မီးတင်ရှို့သည်။ သုံးဦး ဒဏ်ရာရသည်။

ထိုဒေသအနီးမှာပင် အခြားစစ်ထရပ်ကားတစ်စီးကို ပစ်ခတ်တိုက်ခိုက်ပြန်သည်။ နှစ်ဦး ဒဏ်ရာရသည်။

အက်ခေလုံတွင် အိမ်တစ်အိမ်နှင့် မော်တော်ကားတစ်စီးအတွင်းသို့ လက်ပစ်ဗုံးပစ်သွင်းမှု ဖြစ်သည်။ တစ်ဦးသေပြီး သုံးဦး ဒဏ်ရာရသည်။ အဟူဇမ်တွင် အရပ်သားပိုင် မော်တော်ကားနှစ်စီးကို ပစ်ခတ်တိုက်ခိုက်သည်။ တစ်ဦးသေပြီး နှစ်ဦး ဒဏ်ရာရသည်။

ရှုဖာတွင် အိမ်တစ်လုံးအတွင်းသို့ လက်ပစ်ဗုံးဖြင့် ပစ်သွင်းသည်။ အခြားအိမ်တစ်လုံးကို ဖော်ခွဲဖျက်ဆီးလိုက်သည်။ တစ်ဦးဒဏ်ရာရသည်။

ဂါအွန် စုပေါင်းသမဝါယမ ကျေးရွာရှိ အိမ်တစ်လုံးအတွင်းသို့ လက်ပစ်ဗုံးပစ်သွင်းသည်။ မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ တစ်ဦး ဒဏ်ရာရသည်။

**ဧပြီ (၉) ရက်၊ (၁၉၅၆)**

ဘီရိုတာယင်တွင် စစ်ကားတစ်စီး မိုင်းဗုံးနင်းမိသည်။ မိုင်းဗုံး နှစ်လုံးကိုလည်း ထိုအနီးကပင် တွေ့ရှိသည်။ ကီဗီယော့ရှိ ရေပေးရေးကုမ္ပဏီ၏အလုပ်ရုံကိုလက်ပစ်ဗုံးများ၊ မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ နှစ်ဦးသေပြီး သုံးဦးဒဏ်ရာရသည်။

ဘက်ရာယင် သမဝါယမ ကျေးရွာအနီး၌ စစ်တပ်ကွပ်ကဲမှု ဆက်သွယ်ရေးယာဉ်ကို ပစ်ခတ်တိုက်ခိုက်သည်။ တစ်ဦးသေပြီး တစ်ဦးဒဏ်ရာရသည်။

(ထိုနေ့တွင် အကြမ်းဖက်သမားများကို နေရာလေးခု၌ အစ္စရေးက ချုံခိုတိုက်ခိုက်ပစ်သည်။ ယက်မိုဒီချိုင်တွင် အကြမ်းဖက်သမား နှစ်ဦးသေပြီး တစ်ဦး ဖမ်းမိသည်။ အစ္စရေးစစ်သားတစ်ဦး ဒဏ်ရာရသည်။ ဘင်ဂိုဗရင်အနီး၌ လေးဦးဖမ်းမိသည်။ နှစ်ဦးမှာ ဒဏ်ရာနှင့်ဖြစ်သည်။ အခြားအုပ်စုတစ်ခုကို ထိုဒေသမှာပင် ချုံခိုတိုက်ခိုက်ရာ နှစ်ဦး သေဆုံးသည်။ နာဂါလင်သဲတောင်များအနီးတွင် အစ္စရေးနယ်ခြားစောင့်တပ်နှင့် အကြမ်းဖက်သမား ငါးဦးတို့ တွေ့ဆုံတိုက်ပွဲဖြစ်ရာ အကြမ်းဖက်သမား ငါးဦးစလုံး ကျသွားသည်။ အစ္စရေးစစ်သားတစ်ဦးလည်း ကျသည်။)

**ဧပြီ (၁၀) ရက်၊ (၁၉၅၆)**

မေဂင်အနီး၌ စစ်တပ်ကွပ်ကဲမှု ဆက်သွယ်ရေးယာဉ် မိုင်းထိသည်။ သုံးဦး ဒဏ်ရာရသည်။ ကီစူဖင်အနီးတွင် စစ်တပ်ကားတစ်စီး မိုင်းထိသည်။ သုံးဦး ဒဏ်ရာရသည်။

ထိုနေ့တွင် အကြမ်းဖက်သမားများနှင့် အစ္စရေးတို့နှစ်နေရာ၌ တိုက်ပွဲဖြစ်သည်။ ခါဘက်လစ်ကီယာအနီး တိုက်ပွဲ၌ အကြမ်းဖက်သမား တစ်ဦးသေပြီး နှစ်ဦးဖမ်းမိသည်။ ဘင်ဂိုဗရင်အနီးတွင် တိုက်ပွဲဖြစ်သေးသော်လည်း ရန်သူများ လွတ်မြောက်သွားကြသည်။





တရင်အဘူ အီရတ်တောင်ပိုင်း၌ ကွပ်ကဲမှု ဆက်သွယ်ရေးကားတစ်စီး မိုင်းထိသည်။ တစ်ဦးဒဏ်ရာရသည်။ တယ်လ်အဗစ်နှင့် ရမ္မလာသွား လမ်းမကြီးပေါ်၌ ဘတ်စ်ကားတစ်စီးနှင့် အရပ်သားပိုင် ထရပ်ကားတစ်စီးကို ပစ်ခတ်တိုက်ခိုက်သည်။ ခြောက်ဦး ဒဏ်ရာရသည်။

ရှာဖာရှိ စိုက်ပျိုးရေးကျောင်းမှကျောင်းသားများ ဘုရားဝတ်ပြုနေခိုက် သေနတ်ဖြင့်ပစ်ရာ ကျောင်းသားခြောက်ဦးသေပြီး နှစ်ဦးဒဏ်ရာရသည်။

အဟီအိဇာကျေးရွာရှိ အိမ်နှစ်လုံးအတွင်းသို့ လက်ပစ်ဗုံးဖြင့် ပစ်သွင်းသည်။ သုံးဦးဒဏ်ရာရသည်။ လော့ဒေသ အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးနားတွင် နယ်ခြားဒေသပတ္တာရောင်ကားကို ပစ်ခတ်တိုက်ခိုက်သည်။ တစ်ဦး ဒဏ်ရာရသည်။

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com

(၄)

အစ္စရေးအစိုးရအနေဖြင့် ထိုအခြေအနေများကို တာရှည်ငံ့ခံနေ၍ မဖြစ်နိုင်တော့ချေ။ အာရပ်အစိုးရများ၊ အထူးသဖြင့် အီဂျစ်အစိုးရ တည်မြဲနေသမျှ ကာလပတ်လုံး ယင်းခြိမ်းခြောက်မှုများသည် ဆက်လက်တည်ရှိနေကြမည်သာ ဖြစ်၏။ သူတို့တိုင်းပြည်နှင့် သူတို့စစ်တပ်များကို အန္တရာယ်မပေးသမျှကာလပတ်လုံး အစ္စရေးကို ဆက်လက်ဒုက္ခပေးနေဦးမည်သာ ဖြစ်၏။

ထို့ကြောင့်လည်း လက်တုံ့ပြန်ရေးလမ်းစဉ်ကို အစ္စရေးအစိုးရက ကိုင်စွဲလာရလေသည်။ လက်တုံ့ပြန်ခြင်းမပြုလျှင် ပိုမိုကြီးမားသည့် စစ်ရေးအန္တရာယ်ပြုမှုကို ခံရတော့မည်ဖြစ်၏။ (စစ်ရေးအန္တရာယ်ပြုမှုဟူသည်မှာ အကြမ်းဖက်သမားများဖြင့် အရပ်သားများကို တိုက်ခိုက်နေရုံသာ မဟုတ်တော့၊ အစ္စရေးနိုင်ငံကို အပြီးတိုင် ချေမှုန်းပစ်တော့မည့်လုပ်ငန်းများ ဖြစ်သည်။)

အကြမ်းဖက်သမားတို့၏ တိုက်ခိုက်သတ်ဖြတ်မှုဖြစ်ပွားလျှင် အစ္စရေးစစ်တပ်သည် နယ်ခြားကို ဖြတ်ကျော်ပြီး အာရပ်နိုင်ငံများ အတွင်းသို့ ဝင်မည်။ အကြမ်းဖက်သမားများ အခြေခံရာ စစ်တပ်ကိုသော်လည်းကောင်း၊ ပုလိပ်ခံတပ်ကိုသော်လည်းကောင်း တိုက်ခိုက်မည်။ နယ်ခြားရှိ လယ်ယာများတွင် လယ်ထွန်စက်မောင်းနေသူတိုင်း၏ လုံခြုံရေးကို အာရပ်အစိုးရက အကာအကွယ်မပေးနိုင်သောအခါ အသစ်တည်ထောင်သည့်ရွာများ၏လုံခြုံရေးကို တာဝန်မယူနိုင်သောအခါ အစ္စရေးအစိုးရအနေဖြင့် နှောင့်ယှက်ဖျက်ဆီးသူများကို အလွယ်တကူ အလွတ်မပေးတော့ပြီဖြစ်ကြောင်း အာရပ်နိုင်ငံများ သိရှိသဘောပေါက်လာရန် လက်တုံ့ပြန်ရေးလမ်းစဉ်ကို ကိုင်စွဲခြင်း ဖြစ်၏။

အကြမ်းဖက်သူများကို အာရပ်နယ်မြေများအတွင်းသို့တိုင်အောင် အစ္စရေးက လိုက်လံတိုက်ခိုက်သည်။ ထိုအခါ အာရပ်စစ်တပ်က ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခြင်းကို မပြုနိုင်ချေ။ ယင်းအဖြစ်အပျက်ကို အာရပ်ပြည်သူများက မြင်တွေ့သည်တွင် အာရပ်စစ်တပ်၏ဩဇာအာဏာမှာ ကျဆင်းလာရတော့သည်။ သို့ကလို အာရပ်လောကအတွင်း အာရပ်စစ်တပ် သိက္ခာကျသည်နှင့်တစ်ပြိုင်တည်း ထိုစစ်တပ်က ကွပ်ကဲကိုင်တွယ်နေသည့် အကြမ်းဖက်သမားများအပေါ် ယုံကြည်အားထားချက်များသည်လည်း ပျက်ပြယ်တန်သရွေ့ ပျက်ပြယ်လာလေသည်။

ထိုသို့သော အခြေအနေများကြောင့် အာရပ်အစိုးရအနေဖြင့် ပြည်သူများ အထင်အမြင်သေးနေသည့် အကြမ်းဖက်ရေးသမားများကို ပိုမိုအားဖြည့်ပေးမည်လော၊ အစ္စရေးနိုင်ငံအတွင်း၌ အဖျက်လုပ်ငန်းကို ပိုမိုလုပ်ကိုင်စေမည်လော၊ သို့တည်းမဟုတ် အစ္စရေးစစ်တပ်၏တုံ့ပြန်တိုက်ခိုက်မှုများကို ရှောင်တိမ်းနိုင်ရန် အကြမ်းဖက်တိုက်ခိုက်ရေးအစီအစဉ်များ အပြီးတိုင်လုံးဝစွန့်လွှတ်လိုက်မည်လောဟူသော ပြဿနာပေါ်လာသည်။





အစ္စရေးစစ်တပ်က အကြမ်းဖက်သမားများ ပေါ်ပေါက်ရာ အာရပ်နယ်မြေအတွင်းသို့ ဝင်ပြီး ပုလိပ်ခံတပ်တစ်ခုကို တိုက်ခိုက်ကာ စခန်းတစ်ခုကိုလည်း ဖောက်ခွဲဖျက်ဆီးခဲ့သည်။ စစ်သားနှင့်ပုလိပ် အများအပြားကိုလည်း ကျဆုံးစေခဲ့လေသည်။

ထို့ကြောင့် အာရပ်အစိုးရများသည် သူတို့၏ အကြမ်းဖက်ရေးအစီအစဉ်များကို စွန့်လွှတ်ရတော့မည်သာဖြစ်၏။ ခြိမ်းခြောက်ခြင်းများကို ရပ်တန့်ရတော့မည်သာ ဖြစ်၏။ သို့သော် (၁၉၅၅)ခုနှစ်သို့ ရောက်သောအခါ အကြမ်းဖက် တိုက်ခိုက်မှုများကို တိုး၍ပြုလုပ်လာပြန်သည်။ အကြမ်းဖက်တိုက်ခိုက်မှုတိုင်းကို အစ္စရေးက တုံ့ပြန်တိုက်ခိုက်ခဲ့သည်။ ခေါင်းငုံ့မခံဘဲ ပြန်လည်လက်စားချေခဲ့သည်။ ထိုမှစပြီး အစ္စရေးနှင့် အိမ်နီးချင်းအာရပ်နိုင်ငံများ နယ်စပ်တစ်လျှောက်တွင် တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလာလေသည်။ တိုက်ပွဲများ ဖြစ်ပွားသည်တွင် တစ်စတစ်စကျယ်ပြန့်လာပြီးအမြောက်တပ်ဖွဲ့များ၊ သံချပ်ကာတပ်များပါ တိုက်ပွဲအတွင်းသို့ ပါဝင်လာကာ ကြီးကျယ်လာတော့၏။

(၁၉၅၅)ခုနှစ် နွေရာသီသို့ ရောက်သည်တွင် အခြေအနေဆိုးများသည် ပိုမိုကြီးထွားလာ၏။ ထွက်ပေါက်မရှိတော့သော အခြေအနေများကို မြင်တွေ့လာရ၏။ အာရပ်ခြိမ်းခြောက်မှုများနှင့် အစ္စရေးတုံ့ပြန်တိုက်ခိုက်မှုများ အထွတ်အထိပ်သို့ ရောက်လာသည်။ တင်းမာမှု ကြီးမားသည်ထက် ကြီးမားလာသည်။ အီဂျစ်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့သည် စစ်ဖြစ်တော့မည့်ဆဲဆဲ စစ်ကြိုအခြေအနေများသို့ ရောက်လာကြ၏။ စစ်နှုတ်ခမ်းဝသို့ ရောက်လာကြ၏။ အာရပ်နိုင်ငံများလောကတွင် အကြမ်းဖက်သမားများ ကျော်ကြားလာပြန်သည်။ ထို့ကြောင့်လည်း အကြမ်းဖက်သမားများ တိုက်ခိုက်မှုအစီအစဉ်များကို အီဂျစ်အာဏာပိုင်များက ရပ်တန့်လိုစိတ်မရှိကြချေ။ အောင်ပွဲခံ ပါလက်စတိုင်းနယ်မြေ၏သူရဲကောင်းကြီးများအဖြစ် အကြမ်းဖက်သမားများကို သဘောထားလာကြ၏။

ထိုအချိန်တွင် အစ္စရေးနိုင်ငံ၏ တုံ့ပြန်ချက်သည် အာရပ်နိုင်ငံများကို ရာဇသံပေးလိုက်ခြင်းဖြစ်၏။ ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားမည်လော၊ သို့တည်းမဟုတ် နှစ်ပြည်ထောင်စစ်မြေပြင်တွင် စစ်ခင်းကြမည်လောဟူသော မေးခွန်းကို မေးမြန်းလိုက်ခြင်းဖြစ်၏။

ဆီနိုင်းကျွန်းဆွယ် စစ်ပွဲကြီးမဖြစ်ပွားမီ (၁၉၅၆) ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နှင့် အောက်တိုဘာလ(၁၀)ရက်အတွင်း အကြမ်းဖက်သမားများကို အစ္စရေးကတုံ့ပြန်တိုက်ခိုက်နေသည်။ အာရပ်နယ်မြေအတွင်းရှိ ပုလိပ်ခံတပ်ကြီးလေးခုကို တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ရဟာဝါ၊ ဂရန်ဒါ၊ ဟူစန်နှင့် ကာကီလီယာ ခံတပ်များ ဖြစ်၏။ ထိုတိုက်ပွဲများအတွင်း အစ္စရေးဘက်က ကျဆုံးသူ၊ ဒဏ်ရာရသူ (၁၀၀) ကျော်ခန့်ရှိပြီး အာရပ်ဘက်တွင် (၂၀၀) ခန့် ရှိလေသည်။ စစ်ဖြစ်နေသော အခြေအနေ မဟုတ်သေးပါ။ သို့သော် ငြိမ်းချမ်းသည့် အနေအထားကား လုံးဝ မဟုတ်ပါချေ။

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com

(၁)

အစ္စရေးနိုင်ငံနှင့် အီဂျစ်နိုင်ငံကြား ပဋိပက္ခဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများအနက်တစ်ခုမှာ ပင်လယ်နီအတွင်း အစ္စရေး သင်္ဘောများ လွတ်လပ်စွာ သွားလာခွင့်ရရေးပင် ဖြစ်၏။

မြေထဲပင်လယ်ရှိ ဟိုင်ဖာဆိပ်ကမ်းမှ ထွက်ခွာလာသော သင်္ဘောများသည် ပင်လယ်နီသို့ ရောက်ရန်အတွက် စူးအက်တူးမြောင်းကို ဖြတ်ရမည်။ အစ္စရေး၏ တောင်ဘက်ဖျား ဆိပ်ကမ်းဖြစ်သော အီလတ်မှ သင်္ဘောများကမူ တိုင်ရန်ရေလက်ကြားကို ဖြတ်ရချေမည်။ အဆိုပါ ရေကြောင်းခရီးများအားလုံးကို အစ္စရေးသင်္ဘောများအတွက် ပိတ်ပစ်ရန် အီဂျစ်က ပြုလုပ်နေခြင်း ဖြစ်သည်။ အာဖရိကာ အရှေ့ပိုင်းနှင့်သော်လည်းကောင်း၊ အာရှတိုက်များနှင့်သော်လည်းကောင်း အစ္စရေးရေတပ်ဆက်သွယ်မှုများကို အီဂျစ်က ငြင်းဆန်လိုက်ခြင်း ဖြစ်၏။

အစ္စရေးနိုင်ငံသည် သယံဇာတပစ္စည်း ပေါများကြွယ်ဝသောနိုင်ငံ မဟုတ်ချေ။ သူပိုင်ဆိုင်သည့် သယံဇာတပစ္စည်းများအနက် ဓာတ်မြေသြဇာနှင့် ဓာတ်ဆားကိုသာလျှင် ထုတ်ကုန်အဖြစ် ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်။ အရှေ့ဖျားနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချရသည်။ ယခု ရေကြောင်းခရီးကို အီဂျစ်က ပိတ်ဆို့လိုက်ခြင်းမှာ အစ္စရေးနိုင်ငံအား နိုင်ငံရေးအရ တိုက်ခိုက်ခြင်းမျှသာ မဟုတ်တော့။ စီးပွားရေးကိုပါ အကျပ်ကိုင်လိုက်ခြင်း ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ချေမှုန်းလိုက်ခြင်း၊ ဟန့်တားလိုက်ခြင်းလည်း ဖြစ်သည်။

(၁၈၈၈) ခုနှစ်က ကွန်စတင်တီနိုပိုမြို့တွင် စေ့စပ်ဆွေးနွေးပြီး လက်မှတ်ရေးထိုးခဲ့ကြသည့် စူးအက်တူးမြောင်း သဘောတူညီချက်များအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေအရလည်းကောင်း၊ စစ်ပြေငြိမ်းရေး စာချုပ်အရလည်းကောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်ခံစာချုပ်အရ လည်းကောင်း အဆိုပါပိတ်ဆို့မှုသည် တရားဝင်သောပိတ်ဆို့ မှုဟု မဆိုနိုင်ပါ။ ထိုသို့ တရားမဝင်ဘဲ ပိတ်ဆို့သည်မှစ၍ အစ္စရေးနိုင်ငံက ထိုပြဿနာကို ကုလသမဂ္ဂသို့ တင်သွင်းပြီး အရေးဆိုခဲ့သည်။





(၁၉၅၁) ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့၌ အစ္စရေး၏ တိုင်ကြားချက်ကို လက်ခံပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆွေးနွေးသည်။ အီဂျစ်တို့၏ ရေကြောင်းပိတ်ဆို့မှုများအားလုံး ပြန်ဖွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို အီဂျစ်က လျစ်လျူရှုထားရုံမျှမက (၁၉၅၃) ခု၊ နှစ်ကုန်ပိုင်းတွင် ပိုမိုတင်းကျပ်သည့် စည်းကမ်းချက်များကိုပင် ထုတ်ပြန်ကြေညာလိုက်သေးသည်။ အစ္စရေးသို့ပို့သော သို့တည်းမဟုတ် အစ္စရေးမှလာသောကုန်တင်သင်္ဘောများအားလုံး၊ စစ်ရေးအရ တန်ဖိုး မရှိသည့် အစားအစာများ တင်ဆောင်လာသော ကုန်တင်သင်္ဘောများ အားလုံးကို ဖြတ်သန်းခွင့်မပြုကြောင်း တားမြစ်ချက်ဖြစ်သည်။ အစ္စရေးပိုင်သည့် သင်္ဘောမဟုတ်လင့်ကစား အစ္စရေးနှင့် အဆက်အသွယ်ပြုသည့် သင်္ဘောများအားလုံး ဖြတ်သန်းခုတ်မောင်းခွင့်ကိုပါ ပိတ်ပင်လိုက်လေသည်။

ထိုကြေညာချက်ကြောင့် အစ္စရေးက ကုလသမဂ္ဂလုံခြုံရေး ကောင်စီသို့ တင်ပြတိုင်တန်းရပြန်သည်။ ထိုပြဿနာကို (၁၉၅၄) ခုနှစ်၊ မတ်လ (၉)ရက်နေ့တွင် ဆွေးနွေးရန်စီစဉ်သည်။ သို့သော်လည်း ဆိုဗီယက် ယူနီယံက ဗီတိုအာဏာသုံးပြီး ပယ်ချလိုက်သောကြောင့် အစည်းအဝေး အစီအစဉ်မှာပင် ထည့်သွင်းနိုင်ခြင်းမရှိတော့ဘဲ ပြဿနာကြီးတစ်ခုလုံး ဘေးရောက်သွားရချေသည်။

အစ္စရေးနိုင်ငံသည် အလွယ်နှင့် အလျှော့မပေးခဲ့။ မစွန့်လွှတ်ခဲ့။

(၁၉၅၄) ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့ နံနက် (၆) နာရီတွင် အစ္စရေးပိုင် သင်္ဘော ဘက်ဂါလင်သည် စူးအက်တူးမြောင်းတောင်ပိုင်းဖျားသို့ ရောက်ရှိလာသည်။ သင်္ဘောဖြတ်သန်းခွင့်ကို အီဂျစ်နိုင်ငံက မပေးလျှင် ကုလသမဂ္ဂက ထိုပြဿနာကို အရေးယူဆောင်ရွက်မည်။ ထိုအခါ အီဂျစ်နိုင်ငံက အပြည်ပြည်ဆိုင်ရာဥပဒေကို လေးစားလိုက်နာပြီး စူးအက်တူးမြောင်းအတွင်း အစ္စရေးသင်္ဘောများ လွတ်လပ်စွာ ခုတ်မောင်းသွားလာခွင့်ကို ပြုမည်ဟု အစ္စရေးက တွေးထင်ထား၏။

သို့သော်လည်း ထင်သည့်အတိုင်း ဖြစ်မလာပါချေ။ ဘက်ဂါလင်သင်္ဘောကို အီဂျစ်ကဖမ်းဆီးပြီး သင်္ဘောပေါ်ပါသူ အားလုံးကိုထောင်သွင်းအကျဉ်းချထားလိုက်သည်။ (၁၉၅၄) ခုနှစ်၊ဒီဇင်ဘာလနှင့် (၁၉၅၅) ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ယင်းပြဿနာကြီး တစ်ကြိမ် ရောက်ရှိလာပြန်သည်။ သို့လင့်ကစား မည်သို့မျှ ထိရောက်ခြင်းမရှိ။ အပြည်ပြည်ဆိုင်ရာဥပဒေကို လေးစားလိုက်နာရမည့်အစား အီဂျစ်တို့က သင်္ဘောကို အပြီးသိမ်းပိုက်လိုက်သည်။ သင်္ဘောသားများကိုမူ သုံးလကြာ ဖမ်းဆီးချုပ်နှောင်ထားပြီး နောက်မှ ပြန်လွှတ်လိုက်သည်။ (၁၉၅၅)ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဂါဇာကမ်းမြောင်ဒေသတစ်လျှောက်မှ ဖြတ်သန်းပြီး ပြန်ပို့လိုက်ခြင်း ဖြစ်၏။ စူးအက်တူးမြောင်း၌ မိမိတို့၏သင်္ဘောများ သွားလာခွင့်ပိတ်ဆို့ထားခြင်းကို ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းမှုများ မအောင်မြင်တော့သောအခါတွင် အစ္စရေးနိုင်ငံ၌ မကျေနပ်မှုများနှင့် ဒေါသအမျက်များ ကြီးထွားကျယ်ပြန့်လာသည်။ ဤပြဿနာကို သံတမန် နည်းလမ်းအရ ဖြေရှင်းခြင်းထက် အခြားနည်းလမ်းဖြင့် ဖြေရှင်းရန်ကိုမူ မည်သူကမျှ စိတ်မကူးကြချေ။ တိုင်ရန်ရေလက်ကြားကို သင်္ဘောများဖြတ်သန်းရန်မှာ ပြဿနာတစ်ခု ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တိုင်ရန်ရေလက်ကြားသည် အက္ကဘာပင်လယ်ကွေ့နှင့်ပင်လယ်နီကို ဆက်သွယ်ထား၏။ အက္ကဘာပင်လယ်ကွေ့၏ ကမ်းခြေများမှာ အီဂျစ်၊ အစ္စရေး၊ ဂျော်ဒန်နှင့် ဆော်ဒီအာရေဗျနိုင်ငံ လေးနိုင်ငံတို့နှင့် ဆက်နေသည်။ တစ်နိုင်ငံထက် ပိုပြီး ကမ်းခြေချင်း ဆက်သွယ်နေလျှင် ထိုရေကြောင်းကို မည်သူကမှ ပိုင်ဆိုင်ခွင့်မရှိ။ ပိတ်ဆို့ခွင့်မရှိ။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ သင်္ဘောအားလုံး လွတ်လပ်စွာ သွားလာခွင့်ရရမည်သာဖြစ်၏။ မည်သည့်နိုင်ငံကမှ ၎င်းတို့၏ ရေပိုင်နက် နယ်နိမိတ်အဖြစ် သတ်မှတ်ပိုင်ခွင့်မရှိ။ ကမ်းရိုးတန်းချင်း ဆက်နေကြသည့် ထိုနိုင်ငံအားလုံးသည် မည်သည့်သင်္ဘောကိုမျှ ထိုရေကြောင်းအတွင်း သွားလာခွင့်ကို ပိတ်ဆို့နိုင်ခွင့်လည်း မရှိချေ။

ယခုမူ အဆိုပါအပြည်ပြည်ဆိုင်ရာ ဥပဒေကို အီဂျစ်နိုင်ငံက ကျောခိုင်းလိုက်သည်။ ပင်လယ်နီနှင့် အီလတ်ဆိပ်ကမ်းကြား သင်္ဘောများသွားလာခြင်းကို ဝင်ရောက်နှောင့်ယှက်လာသည်။ (၁၉၅၃) ခုနှစ်တွင် အစ္စရေးသင်္ဘောများ သွားလာခွင့်ကို ပိတ်ဆို့ကြောင်း အီဂျစ်နိုင်ငံက ကြေညာသည်။ ရပ်စ်နတ်စထရာနီတွင် ကမ်းခြေစောင့်တပ်ဖွဲ့ တစ်ခုကိုချထားသည်။ အမြောက်ကြီးများ ဆင်ထားသည်။ ရေလက်ကြားအတွင်း ဝင်လာသည့်သင်္ဘောများအားလုံးကို ထိုတပ်ဖွဲ့က ရပ်တန့်စေသည်။ အစ္စရေးသင်္ဘော ဟုတ်မဟုတ်စစ်ဆေးသည်။ ရှာဖွေမှုများပြုသည်။

(၁၉၅၅) ခုနှစ်၊ စက်တင်ဘာလတွင် ပိတ်ဆို့မှုများ အားလုံး ပိုမို တင်းကျပ်မှုကို အီဂျစ်က တစ်ဆင့်တိုးပြုလုပ်ပြန်၏။ အက္ကဘာပင်လယ်ကွေ့ကို ဖြတ်သန်းသွားလာသည့် သင်္ဘောများအားလုံး၊ လေယာဉ်ပျံများ အားလုံးသည် အီဂျစ်ပိုင်နယ်မြေကို ဖြတ်သန်းခြင်းဖြစ်ကြောင်း၊ ဖြတ်သန်းသွားလာလိုလျှင် အနည်းဆုံး (၇၂)နာရီ ကြိုတင်အကြောင်းကြားကာ ခွင့်ပြုချက်ကို ရယူရမည်ဖြစ်ကြောင်းဖြင့် ကြေညာလိုက်သည်။ ထိုသို့ အခွင့်တောင်းပြီး ဖြတ်သန်းသည့်အထဲတွင် အစ္စရေးပိုင်သင်္ဘောများ၊ လေယာဉ်ပျံများ မပါဝင်စေရ။ အီဂျစ်နိုင်ငံသည် အစ္စရေးနိုင်ငံနှင့် စစ်ဖြစ်နေသော နိုင်ငံအဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် အစ္စရေးသင်္ဘောများ၊ လေယာဉ်ပျံများအားလုံး တိုင်ရန်ရေလက်ကြားကိုလည်းကောင်း၊ အက္ကဘာပင်လယ်ကွေ့ကိုလည်းကောင်း ဖြတ်သန်းသွားလာခွင့်၊ ပျံသန်းခွင့်ကို ပြုမည်မဟုတ်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ထိုကြေညာချက်ကြောင့် တယ်လ်အဗစ်မြို့နှင့် တောင်အာဖရိကကို ပျံသန်းနေသည့် အစ္စရေးပိုင် အယ်လ်အာလ်လေကြောင်းကုမ္ပဏီ၏ လေယာဉ်ပျံများ ပျံသန်းမှုကိုပါ ရပ်တန့်လိုက်ရတော့၏။ မူလက ရေလက်ကြားပေါ် ဖြတ်ပြီး ပျံသန်းနေသော လေယာဉ်ပျံများဖြစ်သည်။

စူးအက်တူးမြောင်းနှင့် တိုင်ရန်ရေလက်ကြားတွင် သင်္ဘောများ သွားလာခွင့်ကို ပိတ်ဆို့ခြင်း၊ ကျွန်ုပ်တို့ အာဖရိကတိုက်နှင့် ဆက်သွယ်ရာ လေကြောင်းကို တားမြစ်ခြင်းများသည် နောက်ဆုံးဆောင်ရွက်ချက်များပင် ဖြစ်လေသည်။

ပြင်သစ်နိုင်ငံတွင် ကျွန်ုပ် အနားယူနေခိုက် (၁၉၅၅) ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့၌ ဘင်ဂူရီယံထံမှ ကြေးနန်းတစ်စောင် ရောက်လာသည်။ အမြန်ဆုံးပြန်လာရန် ရိုက်လိုက်သောကြေးနန်းဖြစ်သည်။

(ဘင်ဂူရီယံသည် အစိုးရအဖွဲ့အစည်းအတွင်းမှ နုတ်ထွက်အနားယူသွားပြီး ယခု ကာကွယ်ရေးဝန်ကြီးအဖြစ် ရာထူးကို ပြန်လက်ခံသည်။ ထိုအချိန်က ဝန်ကြီးချုပ်မဖြစ်သေးချေ။) ကြေးနန်းကို ဘင်ဂူရီယံ၏ စစ်ဘက်ဆိုင်ရာ လက်ထောက်က ရိုက်လိုက်ခြင်းဖြစ်သည်။ ထိုကြေးနန်းတွင် . . .

"အဘိုးကြီး၊ ယနေ့နံနက် ဖျားနေရာမှ ထူထူထောင်ထောင် ထလာနိုင်သည်၊ (ရက်သတ္တနှစ်ပတ်ကြာမျှ ဖျားနေခဲ့၏။) အိပ်ရာပေါ်မှ ထနိုင်သည်နှင့်တစ်ပြိုင်တည်း ဗိုလ်ချုပ်ကြီးနှင့် တွေ့လိုကြောင်း ပထမဦးဆုံးပြောဆိုပါသည်၊ ဗိုလ်ချုပ်ကြီး အမြန်ပြန်လာရန် သူ လိုလားပါသည်၊ ပြန်ရောက်မည့်အချိန်ကို ကြေးနန်းရိုက်ပါ"

. . . စသည်ဖြင့် ပါရှိ၏။

နောက်တစ်နေ့တွင် ဂျေရုဆလင်မြို့ သမ္မတဟိုတယ်ရှိ ဘင်ဂူရီယံ၏အခန်းတွင် သူ့ကို ကျွန်ုပ် သွားရောက်တွေ့ဆုံသည်။ လုံခြုံရေး အခြေအနေနှင့် ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် နောက်ဆုံးပြဿနာများကို ကျွန်ုပ် သုံးသပ်သည်။ ကျွန်ုပ်တို့နှစ်ဦး စကားပြောဆိုပြီးကြသောအခါ ဘင်ဂူရီယံသည် ကာကွယ်ရေးဝန်ကြီးအနေဖြင့် ကျွန်ုပ်ကို ညွှန်ကြားချက်များပေးသည်။

ယင်းညွှန်ကြားချက်များအနက် တိုင်ရန်ရေလက်ကြား ရှမ်အယ်ရှိတ်၊ ရတ်စ်နတ်ထရာနီနှင့် တိုင်ရန်နှင့် စနာပါကျွန်းများကို သိမ်းပိုက်ရယူရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန်လည်း ပါဝင်လေသည်။ ထိုဒေသများကို သိမ်းပိုက်လိုက်ခြင်းအားဖြင့် အက္ကဘာပင်လယ်ကွေ့နှင့် ပင်လယ်နီအတွင်း၌ ကျွန်ုပ်တို့၏သင်္ဘောများ လွတ်လပ်စွာ သွားလာခုတ်မောင်းနိုင်ရန် ဖြစ်သည်။

နောက် (၁၀) ရက်အကြာ (၁၉၅၅) ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် ဒေးဗစ်ဘင်ဂူရီယံသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ဝတ္တရားများကို ပြန်လည်ဆောင်ရွက်သည်။ အစိုးရအဖွဲ့သစ်ကို ပါလီမန်သို့ တင်ပြရင်း သူ့အစိုးရအဖွဲ့သစ်၏ ဝါဒသဘောထားများကို ကြေညာသည်။ ကာကွယ်ရေးပြဿနာနှင့် ပတ်သက်ပြီး အောက်ပါအတိုင်းပြောဆိုသည်။

"(၁၉၅၅)ခုနှစ်၊ ပထမ (၉)လအတွင်းမှာပင် ဂါဇာကမ်းမြောင်ဒေသတစ်ခုတည်း၌ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ သေသူ၊ ဒဏ်ရာရသူပေါင်း (၁၅၃) ဦး ရှိခဲ့လေသည်။ အီဂျစ်နှင့် အစ္စရေးနိုင်ငံများသည် စစ်ဖြစ်နေသော အခြေအနေဖြစ်ကြောင်းဖြင့် ကုလသမဂ္ဂဆိုင်ရာ အီဂျစ်ကိုယ်စားလှယ်များက ပြောင်ပြောင်တင်းတင်းပင် ထုတ်ဖော်ကြေညာခဲ့ကြသည်။ စူးအက်တူးမြောင်းအတွင်း သင်္ဘောများ လွတ်လပ်စွာ သွားလာခွင့်၊ အပြည်ပြည်ဆိုင်ရာဥပဒေကို အီဂျစ်အစိုးရက ချိုးဖောက်ခဲ့ပါပြီ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကိုပါ လျစ်လျူရှုခဲ့သည်။ ပင်လယ်နီအတွင်း၌ အစ္စရေးသင်္ဘောများ သွားလာခွင့်ကို ပိတ်သော အီဂျစ်အစိုးရ၏ အပြုအမူသည် ပင်လယ်





www.burmeseclassic.com

www.burmeseclassic.com



ရေကြောင်းများ၏လွတ်လပ်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖောက်လိုက်ခြင်းပင် ဖြစ်လေသည်။ တစ်ဖက်သတ် စစ်ပွဲတစ်ရပ်ကို ထာဝရဆင်နွှဲနေရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် ယခု ဆင်နွှဲနေသည့် ဤတစ်ဖက်သတ် စစ်ပွဲကိုလည်း ရပ်ဆိုင်းရချေမည်။ အစ္စရေးအစိုးရသည် စစ်ပြေငြိမ်းရေးစာချုပ်ပါ သဘောတူညီထားချက်များကို လေးလေး စားစား လိုက်နာကျင့်ကြံရန် အသင့်ရှိပါသည်။ လက်တွေ့အရရော၊ စိတ်ဓာတ်အရပါ တစ်သဝေမတိမ်း စောင့်ထိန်းပါမည်။

သို့သော် တစ်ဖက်အုပ်စုကလည်း ယင်းတာဝန်ကို ယူရပါမည်။ သဘောတူညီချက်များကို အခြားတစ်ဖက်က ချိုးဖောက်လာလျှင် ကျွန်ုပ်တို့ အနေဖြင့်လည်း တာဝန်ယူစောင့်ထိန်း လိုက်နာနေရန် အကြောင်းမရှိပါ။ နှောင့်ယှက်ဖျက်ဆီးရေးသမားများနှင့် လူသတ်သမားများအတွက် အပစ်အခတ်ရပ်စဲရေး နယ်နိမိတ်မျဉ်းကြောင်းကို ၎င်းတို့က ချိုးဖောက်ဖွင့်လှစ်ပေးသည် ဆိုလျှင် စာချုပ်ပါ အချက်အလက်များအတိုင်း ကျွန်ုပ်တို့ ကျင့်ကြံအားထုတ်နေတော့မည်မဟုတ်ကြောင်းကို သူတို့ မြင်တွေ့ကြရပါမည်။ မြေပြင်ပေါ်တွင်လည်းကောင်း၊ ရေပြင်ပေါ်တွင်လည်းကောင်း ကျွန်ုပ်တို့၏ ရပိုင်ခွင့်များကို တစ်ဖက်အုပ်စု၏ အကြမ်းဖက်မှုများကြောင့် လက်လွှတ်ဆုံးရှုံးရမည်ဆိုလျှင် ထိုရပိုင်ခွင့်များ ပြန်လည်ရရှိရေး၊ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရရေးအတွက် အထိရောက်ဆုံးသောနည်းဖြင့် ကျွန်ုပ်တို့က ထိန်းသိမ်းသွားမည်။ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးကို ရှာဖွေခြင်းဖြစ်သည်။ မိမိကိုယ်မိမိ သေကြောင်းကြံစည်ခြင်း မဟုတ်"

. . . စသည်ဖြင့် ဝန်ကြီးချုပ်ဘင်ဂူရီယံက ထည့်သွင်းပြောဆိုသွားသည်။

မင်းမဲ့တရားမဲ့ အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေပါက အစ္စရေးစစ်တပ်များနယ်စပ်ကို ဖြတ်ကျော်ရန် ညွှန်ကြားမည့် ရည်ရွယ်ချက်မျိုး ဝန်ကြီးချုပ်၏ ကြေညာချက်ထဲတွင် ထင်ရှားစွာ မပါဝင်ချေ။

အစ္စရေးနိုင်ငံ၏ လုံခြုံရေးအခြေအနေသည် ပြောင်းလဲခြင်းမရှိ။ ပေါ်ပေါက်လာသည့်အဖြစ်အပျက်များသည် အခြေအနေကောင်းများကို ဖန်တီးမပေး။ အီလတ်ဆိပ်ကမ်းကို ပိတ်ဆို့မှုပင် ဖြစ်ပေါ်လာသည်။ မိမိ၏ သင်္ဘောများ လွတ်လပ်စွာ သွားလာခွင့်ရရှိရေးနှင့် ရေလက်ကြားများကို သိမ်းပိုက်ရေးအတွက် ဘင်ဂူရီယံအနေဖြင့် ဒွိဟဖြစ်မနေတော့ပါ။

မိမိ၏အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း ယုံကြည်ပိုင်းဖြတ်ထားသူ ဖြစ်သည်။

(၁၉၅၅)ခုနှစ်၊ နိုဝင်ဘာလ ဝန်ကြီးအဖွဲ့အစည်းအဝေး၌ ထိုပြဿနာကို အဆုံးအဖြတ်ပေးရန် တင်ပြလိုက်သည်။





ဝန်ကြီးအဖွဲ့ကလည်း ယခုအခြေအနေသည် ကောင်းမွန်သောအခြေအနေမဟုတ်ကြောင်း၊ အစ္စရေးနိုင်ငံအနေဖြင့် ဆောင်ရွက်ရမည့်တာဝန်ကို ကာလနှင့်ဒေသကိုကြည့်ပြီး အကောင်းဆုံးဖြစ်အောင် ပြုလုပ်မည်သာဖြစ်ကြောင်းဖြင့် ဆုံးဖြတ်သည်။

ထိုဆုံးဖြတ်ချက်ကို ကျွန်ုပ်ထံသို့ ပေးပို့သည်။

ဘင်ဂူရီယံထံသို့ အောက်ပါစာတစ်စောင်ကို (၁၉၅၅) ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့က ကျွန်ုပ် ရေးသားပေးပို့လိုက်သည်။

သို့

*ကာကွယ်ရေးဝန်ကြီး*

**အကြောင်းအရာ ။ ။ <u>အစ္စရေး-အီဂျစ် ဆက်ဆံမှုများ။</u>**

၁။ အစ္စရေးနှင့် တောင်အာဖရိကလေကြောင်းခရီးအဖြစ် တိုင်ရန် ရေလက်ကြားပေါ်ဖြတ်ပြီး ပျံသန်းနေရသော အယ်လ်အာလ် လေကြောင်းကုမ္ပဏီပိုင် လေယာဉ်များမပျံသန်းနိုင်သည်မှာ ရက်သတ္တ (၆) ပတ် ရှိပါပြီ။ အီဂျစ်ပိုင်နယ်မြေဖြစ်သည့် ယင်းဒေသအပေါ်သို့ အီဂျစ်၏ ခွင့်ပြုချက်မရသော လေယာဉ်ပျံများ ဖြတ်ကျော်ပျံသန်းလျှင် ပစ်ချမည်ဖြစ်ကြောင်း အီဂျစ်က ကြေညာပြီးသည်မှစ၍ ပျံသန်းမှုကို ရပ်ဆိုင်းလိုက်ရခြင်းဖြစ်ပါသည်။

တိုင်ရန်ရေလက်ကြား၏အကြောင်းကို အများသိပြီးဖြစ်သောကြောင့် ကျွန်ုပ်ဖော်ပြခြင်း မပြုလိုတော့ပါ။

သို့သော်လည်း ထိုပြဿနာနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ကျင့်သုံးနေသည့် ဝါဒသဘောထားသည် မမှန်ကန်ဟု ကျွန်ုပ်သဘောရပါသည်။ မှားယွင်းသောပေါ်လစီကြောင့် အဆိုပါ ရေလက်ကြားများအတွင်း ကျွန်ုပ်တို့၏ သင်္ဘောများနှင့် လေယာဉ်ပျံများ ဖြတ်သန်းသွားလာခွင့်ကို ဆုံးရှုံးနေရပါပြီ။ အီလတ်ဆိပ်ကမ်းမြို့သည် ကျဉ်းမြောင်းသွားကာ ရေကန်တစ်ခုအဝသို့ပင် ကျရောက်တော့မည်။ အီဂျစ်တို့၏ သဘောတူခွင့်ပြုချက်များအရ ရပ်တည်ရတော့မည့်သဘောဖြစ်သည်။

တစ်ချိန်တည်းမှာပင် အလားတူပြဿနာတစ်ခုလည်း ပေါ်ပေါက်နေပါသည်။ ယင်းပြဿနာသည် စကိုးပတ်စ်တောင်ထိပ်ပေါ်ရှိ ဂျေရုဆလင်နှင့် တယ်လ်အဗစ်မြို့သွား လက်ထရန်မော်တော်ကား လမ်းပြဿနာဖြစ်သည်။ အထက်ဖော်ပြပါ ပြဿနာနှစ်ရပ်စလုံးကို အာမခံရန် စစ်ပြေငြိမ်းရေးသဘောတူစာချုပ်တွင် ဖော်ပြပါရှိခဲ့ပြီး ဖြစ်သည်။ သို့သော် ဂျော်ဒန်အစိုးရက ယင်းအချက်များကို လိုက်နာရန်ငြင်းဆန်နေသည်။ ကျွန်ုပ်တို့ကလည်း သဘောတူညီချက်များအတိုင်း ဆောင်ရွက်နိုင်ရန် စစ်အင်အားကို အသုံးပြုပြီး အကောင်အထည် မဖော်နိုင်သေးသမျှ သူတို့အနေဖြင့်စာချုပ်ပါအချက်များကို လိုက်နာကြမည်မဟုတ်ပါ။ တိုင်ရန်ရေလက်ကြားပြဿနာသည် အောက်ပါအချက်များအတွက် အလွန်တရာအရေးကြီးနေပါသည်။



www.burmeseclassic.com

 www.burmeseclassic.com 

(က) ကျွန်ုပ်တို့၏သင်္ဘောများ လွတ်လပ်စွာ ခုတ်မောင်းသွားလာခွင့်ကို တားမြစ်ရန် အီဂျစ်အစိုးရ၌ တရားဝင်အခွင့်အရေး လုံးဝမရှိပါ။

(ခ) တိုင်ရန်ရေလက်ကြားအတွင်း သွားလာလှုပ်ရှားရေးသည် လက်ထရန်မော်တော်ကားလမ်းတွင် သွားလာလှုပ်ရှားရေးနှင့် စကိုးပတ်စ်တောင်ထိပ်ပေါ်၌ နေရာရရှိရေးများထက် အလွန်တရာ ပိုမိုအရေးကြီးသည်။

(ဂ) ရေလက်ကြားများကို ပိတ်ဆို့ခြင်းသည် နီဂေ့ဖ်သဲကန္တာရကြီး တစ်ခုလုံးကို သိမ်းပိုက်ရန် အထွေထွေစီမံကိန်းကြီး၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

၂။ အီဂျစ်တို့၏ ကြေညာချက်အရ ကျွန်ုပ်တို့၏ လေယာဉ်ပျံများ ပျံသန်းမှုကို ရပ်တန့်ထားရမည်ဖြစ်ပါသည်။ ယခုအခါ စစ်ရပ်စဲရေးကော်မရှင်တွင် အီဂျစ်တို့နှင့် အတူထိုင်ကာ ဆွေးနွေးရမည်ဖြစ်သည်။ စစ်ရပ်စဲမှုသဘောတူညီချက်ပါ အချပ်ပ အလက်များကို အီဂျစ်တို့က ဖျက်သိမ်းလိုက်ပြီဟု မယူဆပါ။ သူတို့လုပ်ကိုင်ဆောင်ရွက်နေသည်များကို စောင့်ကြည့်ရန်သာ ရှိပါသည်။ ရေလက်ကြားများတွင်-ကျွန်ုပ်တို့၏သင်္ဘောများ သွားလာခွင့်ကို ပိတ်ဆို့ထားလင့်ကစား စစ်ရပ်စဲရေးစာချုပ်ပါအချက်များကို ကျွန်ုပ်တို့နှင့်အီဂျစ်၏ ဆက်ဆံရေးအခြေခံမှုများအဖြစ် သဘောထားသတ်မှတ်ပါမည်။

၃။ "ကာလနှင့် ဒေသကို ကြည့်ပြီး ဆောင်ရွက်လုပ်ကိုင်သွားရန်" ဟူသော ကျွန်ုပ်တို့၏လမ်းစဉ်သည် ကာလနှင့်ဒေသကိုကြည့်ပြီး ဆောင်ရွက်ရန် လိုအပ်သောအခါတွင် မှန်ကန်သော၊ သဘာဝကျသော လမ်းစဉ်ပင် ဖြစ်ပါသည်။ ယခု ဖြစ်ပေါ်နေသည့်ပြဿနာများကို ဖြေရှင်းရာတွင် "ဒေသ"သဘောအရ အပိတ်ခံနေရသည့် ရေလက်ကြားများသည် အရေးကြီး၏။ ပိတ်ဆို့မှုများကို ဖယ်ရှားပစ်ရ မည်သာဖြစ်၏။ ထိုသို့ဖယ်ရှားလျှင် အကြမ်းဖက်မှု၊ ကျူးကျော်မှု၊ အဆုံးအဖြတ်ပေးမှုများ ပါဝင်ရပါမည်။

"အချိန်" အနေဖြင့်လည်း၊ ယခုအချိန်သည် အရေးကြီးဆုံးသော အချိန်ဖြစ်နေသည်။ ရေလက်ကြားများကို သိမ်းပိုက်ရန် လုပ်ငန်းမှာ လအနည်းငယ်[illegible]ာပြီး သိမ်းပိုက်ထားရန် သင့်သည်ဟု ကျွန်ုပ် သဘောရပါသည်။ အချိန်ကြာလာသည်နှင့်အမျှ အီဂျစ်အင်အားမှာ ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်လာပါမည်။ အထူးသဖြင့် အီဂျစ်လေတပ်အင်အား ကောင်းမွန်လာမည် ဖြစ်သည်။ ထိုအခါ၌ ကျွန်ုပ်တို့၏ စစ်တပ်အင်အားမှာ အလိုလို အားနည်းသွားပါမည်။ စစ်ဆင်ရေးတစ်ခုကို ဆင်နွှဲရန် အားပျော့သွားတော့မည် ဖြစ်သည်။ ထို့ကြောင့် ယခုအချိန်မှာပင် စစ်ရေးဖြင့် အရေးယူဆောင်ရွက်သင့်ပြီ ဖြစ်သည်။ မလွတ်တမ်း အသုံးချရတော့မည့် အခွင့်အရေးကောင်းတစ်ခု ဖြစ်နေသည်။ ကာလံဒေသံ အင်္ဂါခန့်ဆိုသည့်အတိုင်း အချိန်ကောင်းလည်း ဖြစ်ပြီ။ ဒေသလည်း မှန်ကန်နေပါပြီ။

၄။ ထို့ကြောင့် ကျွန်ုပ်တို့ ဆောင်ရွက်သင့်သော်လည်း မဆောင်ရွက်ဘဲ နေခြင်း၏ ဆုံးရှုံးမှုကို ကျွန်ုပ် မြင်တွေ့နေရပါသည်။ အီဂျစ်၊ အစ္စရေး စစ်ရပ်စဲရေးစာချုပ်ပါ အချက်အလက်များကို ကျွန်ုပ်တို့က ဆက်လက်အသိအမှတ်ပြု ထိန်းသိမ်းနေခြင်းအားဖြင့် သင်္ဘောများလွတ်လပ်စွာသွားလာခွင့်၊ လေယာဉ်ပျံများ ဖြတ်ကျော်ပျံသန်းခွင့်များ ဆုံးရှုံးနေရပါပြီ။ ဝန်ကြီးချုပ်အနေဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးအနေဖြင့် လည်းကောင်း လူကြီးမင်းကြေညာသည့်အတိုင်း ထိုအဖြစ်အပျက်များကို လျစ်လျူရှုထား၍ မဖြစ်နိုင်ပါ။ စစ်ရပ်စဲရေးစာချုပ်ပါ အချက်များကို တစ်ဖက်က ချိုးဖောက်နေလျှင် ကျန်တစ်ဖက်ကလည်း တာဝန်ယူထိန်းသိမ်းပေးနိုင်မည်မဟုတ်ကြောင်း ဗိုလ်ချုပ်ကြီးဘန်းစ် (ကုလသမဂ္ဂ အပစ်အခတ်ရပ်စဲမှု ထိန်းသိမ်းရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်) မှတစ်ဆင့် အီဂျစ်ဝန်ကြီးချုပ်အား သိရှိနားလည်စေခဲ့သည့် အချက်ကိုပါ လျစ်လျူရှုထား၍ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့၏ သဘောထားအရဆိုပါလျှင် တိုင်ရန်ရေလက်ကြားကို အမြန်ဆုံးသိမ်းပိုက်သင့်ပါသည်။ တစ်လအတွင်းမြန်နိုင်သမျှ အမြန်ဆုံးတိုက်ခိုက်သိမ်းပိုက်သင့်ပါသည်။

၅။ အီဂျစ်လက်တွင် မစ်-(၁၅) လေယာဉ်ပျံများ ရှိနေပါသည်။ အမျိုးအစားချင်းတူညီသည့် လေယာဉ်ပျံ ကျွန်ုပ်တို့တွင် မရှိပါ။ ထို့ကြောင့် ရေလက်ကြားကို သိမ်းပိုက်ရယူရန် အခွင့်အရေးသည် ကျွန်ုပ်တို့အတွက် များစွာ နည်းပါးလှကြောင်းကိုမူ ကျွန်ုပ် ဖော်ပြလိုပါသည်။ ဤစစ်ပွဲသည် လေကြောင်းအတွင်း၌ လွတ်လပ်စွာ သွားလာလှုပ်ရှားရေးကို အဆုံးအဖြတ်ပေးမည့် ခက်ခဲသော၊ ရှုပ်ထွေးသော စစ်ပွဲတစ်ပွဲဖြစ်ပါသည်။

အထက်ပါအတိုင်း ကျွန်ုပ်ရေးသားခဲ့သော စာသည် ဝန်ကြီးချုပ်ဘင်ဂူရီယံ၏ အမည်တပ်ပေးပို့ခြင်းဖြစ်သော်လည်း သူ့ကို တိုက်ရိုက်ရည်ရွယ်ခြင်း မဟုတ်ပါ။ ဘင်ဂူရီယံသည် ပိတ်ဆို့မှုများကို ဖွင့်လှစ်ပစ်ရန် စစ်တပ်ကို ညွှန်ကြားလိုသူ ဖြစ်သည်။ စစ်တိုက်ရန် အချိန်မတျရောက်သေးကြောင်း ပိုင်းဖြတ်ထားသည့် အစိုးရအဖွဲ့ကို တိုက်ရိုက်ရည်ရွယ်ပြီး ကျွန်ုပ် ရေးသားခဲ့ခြင်း ဖြစ်၏။

မည်သို့ဖြစ်စေ စစ်တိုက်ရန်ရွှေ့ဆိုင်းထားခြင်းသည် ပြဿနာကို ပြေလည်အောင်စွမ်းဆောင်နိုင်ခြင်း မရှိပါ။ နောက်တစ်နှစ်ကြာသည့် တိုင်အောင်ပင် ပင်လယ်နီအတွင်း လွှပ်လပ်စွာသွားလာခွင့်၊ ရေလက်ကြားများကို သိမ်းပိုက်ရေး စသည်တို့အတွက် အစ္စရေးနိုင်ငံသည် လွတ်လပ်ခွင့်များကို ဆုံးရှုံးနေရချေသည်။ ရန်ပြုခြင်းကို ခံနေရပါသည်။

✪ ✪ ✪



www.burmeseclassic.com

www.burmeseclassic.com

(၆)

စစ်ဖက်ပြိုင်တိုက်ခိုက်ခြင်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ စေ့စပ်ဆွေးနွေးခြင်းနည်းဖြင့် ဖြေရှင်းရန်ကို အာရပ်နိုင်ငံများက ငြင်းဆန်နေသဖြင့် စစ်တိုက်ခိုက်ရန် နည်းလမ်းကိုသာ ရွေးချယ်ရတော့မည်။ ၎င်းတို့၏ ငြင်းဆန်မှုသည် မတော်တဆ ပြုလုပ်နေခြင်းမဟုတ်။ အစ္စရေးနိုင်ငံတည်ရှိခွင့်နှင့် အစ္စရေးနှင့် ငြိမ်းချမ်းစွာဆက်ဆံရေးကို အသိအမှတ်မပြုဘဲ ဆန့်ကျင်တိုက်ခိုက်နေခြင်းမှ ပေါက်ပွားလာရသော ငြင်းဆန်မှု ဖြစ်လေသည်။ အာရပ်နိုင်ငံများအတွက် ဤပြဿနာ၏ အဖြေကို ရှာဖွေရန် မဟုတ်။ အစ္စရေးနိုင်ငံ မားမားမတ်မတ် ရပ်တည်နေခြင်းကို ချေမှုန်းပစ်ရန် ဖြစ်သည်။ အစ္စရေးကို ဖြုတ်ပစ်ရန် ဖြစ်သည်။ ထိုရည်စူးချက်ကို စေ့စပ်ဆွေးနွေးရေးစားပွဲတွင် အကောင်အထည်ဖော်၍ မရစကောင်းချေ။

အစ္စရေးပြည်သူများကို အာရပ်များက တိုက်ခိုက်သည်။ ပထမဦးဆုံး စစ်ပွဲသည် သူတို့အတွက် ချောချောမောမော မဖြစ်ခဲ့ပါ။ (၁၉၄၈) ခုနှစ်က ဂျူးလူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံးအပေါ် အောင်ပွဲခံပြီး အဖွဲ့အစည်းကြီးတစ်ခုလုံးကို ချေမှုန်းဖျက်ဆီးပစ်ရန် ကြိုးပမ်းချက်မှာ ရှုံးနိမ့်ခြင်းဖြင့် အဆုံးသတ်ခဲ့ရဖူးသည်။ စစ်ပွဲအတွင်း ပါဝင်တိုက်ခိုက်လာသည့် ဇော်ရတ်စစ်တပ်သည် အရှုံးကို ရင်ဝယ်ပိုက်ပြီး သူ့တိုင်းပြည်သို့ သူပြန်ခဲ့ရ၏။ အီဂျစ်၊ ဂျော်ဒန်၊ လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံတို့သည် အစ္စရေးနှင့် စစ်ရပ်စဲရေးစာချုပ်ကို လက်မှတ် မထိုးမဖြစ် ထိုးခဲ့ကြရ၏။ အကယ်၍ လက်မှတ်ထိုးရန် ငြင်းဆန်နေကြမည်ဆိုလျှင် အစ္စရေးစစ်တပ်သည် သူတို့နယ်မြေများအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ တိုက်ခိုက်တော့မည် ဖြစ်၏။

(အစ္စရေး လက်နက်ကိုင်တပ်များသည် တောင်ပိုင်းနှင့်မြောက်ပိုင်းတွင် နယ်နိမိတ်များကိုပင် ကျော်ဖြတ်ခဲ့ပြီးဖြစ်၏။ အီဂျစ်စစ်တပ်များကို ဆီနိုင်းသို့ မောင်းထုတ်ပစ်လိုက်ကာ လက်ဘနွန်တပ်များကိုလည်း လစ်တာနီမြစ်သို့ရောက်အောင် တိုက်ထုတ်ခဲ့ပြီးဖြစ်သည်။)

ကုလသမဂ္ဂ ကိုယ်စားလှယ် ဒေါက်တာရပ်ဖ်ဘန်ချီက သဘာပတိပြုလုပ်ပြီး စစ်ရပ်စဲရေးသဘောတူစာချုပ်များ ရေးထိုးနိုင်ခဲ့၏။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့် ကုလသမဂ္ဂ ပဋိညာဉ်ခံစာချုပ်ပါ အချက်များကို အခြေခံပြီး စာချုပ်ချုပ်ဆိုခဲ့ကြခြင်း ဖြစ်၏။





"ယခု စာချုပ် လက်မှတ်ရေးထိုးကြသည့် နိုင်ငံများသည် လုံခြုံရေးကောင်စီ၏ (၁၉၄၈) ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့ ဆုံးဖြတ်ချက်ကို လိုက်နာပြီး လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။ ပဋိညာဉ်ခံစာချုပ် အပိုဒ်(၄၀)အရ ယာယီအပစ်အခတ်ရပ်စဲထားခြင်းမှ ပါလက်စတိုင်းနယ်မြေတွင် ထာဝရငြိမ်းချမ်းရေးရရှိစေရန် စာချုပ်ကို လက်မှတ်ရေးထိုးသည့် နိုင်ငံများကို ဆက်လက်ဆောင်ရွက် အကောင်အထည် ဖော်ရမည်။ လုံခြုံရေးကောင်စီ၏ (၁၉၄၈) ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နှင့် (၁၆) ရက်နေ့ ဆုံးဖြတ်ချက်များအရ ကုလသမဂ္ဂ၏ ကွပ်ကဲကြီးကြပ်မှုအောက်တွင် စေ့စပ်ဆွေးနွေးပွဲများ ကျင်းပကြရမည်။ စစ်ရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ရန် အာဏာပေးအပ်ထားသည့် ကိုယ်စားလှယ်များ ခန့်ထားရမည်။ အထက်ပါ အချက်များကို လက်မှတ်ရေးထိုးသည့် နိုင်ငံများက သဘောတူညီကြပါသည်" စသည်ဖြင့် စာချုပ်တွင် ဖော်ပြထားသည်။

သို့သော်လည်း စေ့စပ်ရေးဆွဲခြင်း၊ စာချုပ်မူကြမ်းရေးဆွဲခြင်း၊ လက်မှတ်ရေးထိုးခြင်း စသည်များကို ကုလသမဂ္ဂကိုယ်စားလှယ်များ၏ ကွပ်ကဲမှုအောက်တွင် ဆောင်ရွက်လုပ်ကိုင်ခဲ့ကြခြင်း မဟုတ်ပေ။ ၎င်းတို့၏ ကိုယ်စားလှယ်များဖြင့်သာလျှင် အကောင်အထည်ဖော်ခဲ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ကုလသမဂ္ဂကိုယ်စားလှယ်များ၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ယာယီအပစ်အခတ် ရပ်စဲမှု ထိန်းသိမ်းရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်တို့မှာ အစ္စရေးနှင့် အိမ်နီးချင်းနိုင်ငံများကြားတွင် ကြားဝင်ဖျန်ဖြေပေးသူများ၊ ဆက်သွယ်ရေးအရာရှိများအဖြစ်သာ ဆောင်ရွက်ခဲ့ကြသည်။ မြို့တော်တစ်ခုမှတစ်ခုသို့ အူယားဖားယား ပြေးလွှားခဲ့ကြရသည်။ အထူးသဖြင့် ဂျေရုဆလင်မြို့နှင့် ကိုင်ရိုမြို့ကြားတွင် ပြေးကြလွှားကြရသည်။ နယ်ခြားဒေသတိုက်ပွဲများ မဖြစ်ပွားစေရန် ကာကွယ်တားမြစ်ပေးခြင်းနှင့် တင်းမာမှုများ လျော့ပါးရေးကို ဆောင်ရွက်ခဲ့ကြရလေသည်။

ကုလသမဂ္ဂ ယာယီအပစ်အခတ်ရပ်စဲရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဦးစီးချုပ်၏ (၁၉၅၄/၅၆တွင် ဗိုလ်ချုပ်ကြီးဘန်းစ်ဖြစ်သည်) ဆောင်ရွက်မှုများသည် စည်းကမ်းဥပဒေများ ပြေလည်ရေးကို ဆောင်ရွက်ခြင်း ဖြစ်လေသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် အတူလိုက်ပါလာသောအခါကျမှပင် နိုင်ငံရေးဆွေးနွေးပွဲများ၌ ပါဝင်သည်။

ထိုအချိန်က အတွင်းရေးမှူးချုပ်သည် ဒက်ဟမ္မားရှိုးလ် ဖြစ်၏။ ယာယီအပစ်အခတ် ရပ်စဲရေးထိန်းသိမ်းမှုတပ်ဖွဲ့အနေဖြင့် အဓိကထားဆောင်ရွက်သော အလုပ်များမှာ စုံစမ်းစစ်ဆေးမှုများ ဖြစ်၏။ တစ်ဦးဦးက တိုင်ကြားလျှင် ထိုတိုင်ကြားချက်ကို လိုက်လံစုံစမ်းစစ်ဆေးပြီး အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ တင်ပြရ၏။ တိုက်ပွဲများဖြစ်ပွားလျှင် လုံခြုံရေးကောင်စီသို့ တင်ပြရသည်။

အစ္စရေးနိုင်ငံနှင့် အာရပ်နိုင်ငံများအားလုံးက အပစ်အခတ်ရပ်စဲမှု ထိန်းသိမ်းမှုတပ်ဖွဲ့ကို အားကိုးတကြီး မရှိကြ။ အကြွင်းမဲ့ ယုံကြည်စိတ်ချခြင်း မရှိကြ။ စာတိုက်ပုံးတစ်ခုအဖြစ်နှင့်သာ သဘောထားကြသည်။ တိုင်ကြားစာများကို လက်ခံသည်မှတပါး ထိရောက်သော အရေးယူဖြေရှင်းပေးမှုများကို ဆောင်ရွက်ပေးနိုင်စွမ်း မရှိပါချေ။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၅၅)ခုနှစ်တွင် အကြမ်းဖက်သမားများ၏ ထိုးဖောက်တိုက်ခိုက်မှုများမှာ အထွတ်အထိပ်သို့ ရောက်လာသည်။ အီဂျစ်ခေါင်းဆောင်များကို ချဉ်းကပ်ပြီး ထိုအပြုအမူများရပ်စဲရန် ဗိုလ်ချုပ်ဘန်းစ်က ကြိုးစားခဲ့ဖူးသည်။ သို့သော် သူ၏ ကြိုးပမ်းချက်များကို အီဂျစ်အာဏာပိုင်များက လက်မခံခဲ့။ မလိုက်နာခဲ့။

ဗိုလ်ချုပ်ဘန်းစ်ကိုယ်တိုင် ရေးသားသည့် "အာရပ်နှင့်အစ္စရေးတို့ကြားဝယ်" အမည်ရှိစာအုပ်တွင် 'အကြမ်းဖက်သမားများသည် အစ္စရေးနယ်မြေအတွင်းဝင်ပြီး အကြမ်းဖက်မှု၊ နှောင့်ယှက်ဖျက်ဆီးသတ်ဖြတ်မှုများ ပြုလုပ်ရန်အမိန့်များကို ကိုင်ရိုမြို့မှ လာကြောင်း သက်သေပြရန်မှာ မည်သို့သော ကာလတွင်မျှ ဖြစ်နိုင်မည် မဟုတ်ချေ။ ထိုကိစ္စနှင့်ပတ်သက်ပြီး ကျွန်ုပ်ကိုယ်တိုင်သော်လည်းကောင်း၊ အတွင်းရေးမှူးချုပ် ကိုယ်တိုင်သော်လည်းကောင်း ကြိုးပမ်းကြမည်ဆိုလျှင် ထိုအပြုအမူများကို အာဏာပိုင်များက ရပ်တန့်ပေးနိုင်မည် ဖြစ်သည်။ သို့သော် သူတို့ တာဝန်ယူဆောင်ရွက်နေခြင်းကား မဟုတ်ပါ" (စာမျက်နှာ ၈၉) စသည်ဖြင့် ရေးသားထားလေသည်။

အထွေထွေအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်၏ ဆောင်ရွက်ချက်များကမူ နိုင်ငံရေးအရဆောင်ရွက်ခြင်းများသာ ဖြစ်လေသည်။ သူတွေ့ကြုံဆွေးနွေးသူများ၊ သူနှင့်အစည်းအဝေးကျင်းပသူများသည် ထိပ်တန်းခေါင်းဆောင်ကြီးများ၊ အာဏာပိုင်ကြီးများသာဖြစ်၏။ သို့လင့်ကစား သူ၏ဆောင်ရွက်ချက်များလည်း အောင်မြင်မှု မရှိပါချေ။ ရှုးအက်တူးမြောင်းတစ်လျှောက် အစ္စရေးသင်္ဘောများ ခုတ်မောင်းခွင့်၊ တိုင်ရန်ရေလက်ကြား၌ သင်္ဘောများ လွတ်လပ်စွာသွားလာခွင့်၊ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများ ရပ်တန့်ရေးစသည့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို သဘောတူလိုက်နာရန် သမ္မတနာဆာကို ချဉ်းကပ်ကြိုးစားဖူးသည်။ ထိုကြိုးစားချက်အားလုံးလည်း မအောင်မြင်ဘဲ ကျဆုံးရလေသည်။

(၁၉၅၅) ခု နှစ်ကုန်ပိုင်းနှင့် (၁၉၅၆) ခုနှစ်ဦးပိုင်းတွင် အခြေအနေများ ပိုမိုဆိုးရွားလာ၏။ ကုလသမဂ္ဂကိုယ်စားလှယ်များ၏ လှုပ်ရှားဆောင်ရွက်မှုများလည်း အထွတ်အထိပ်သို့ရောက်လာ၏။ (၁၉၅၅) ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယံက ဗိုလ်ချုပ်ဘန်းစ်နှင့် တွေ့သည်။ အကြမ်းဖက်သမားတို့၏ စစ်ဆင်ရေးနှင့်ပတ်သက်၍ အီဂျစ်အစိုးရက လုံးဝ တာဝန်ယူထားကြောင်း၊ မိမိတို့အစိုးရက ခိုင်လုံသည့် သတင်းများ ရရှိထားကြောင်း၊ စစ်ရပ်စဲရေး သဘောတူညီချက်ပါအချက်များကို နာဆာက အတိအကျ လိုက်နာစောင့်ထိန်းရန် တောင်းဆိုပေးစေလိုကြောင်းဖြင့် ဘင်ဂူရီယံက ဗိုလ်ချုပ်ဘန်းစ်ကို ရှင်းပြပြောဆိုသည်။

အထူးသဖြင့် စာချုပ်ပါအချက်များအနက်အချက်နှစ်ခုကို တိတိကျကျလိုက်နာစေလိုကြောင်း၊ ပထမတစ်ချက်မှာ အကြွင်းမဲ့ အပစ်အခတ်ရပ်စဲပြီး အိမ်နီးချင်းနိုင်ငံ၏ အရပ်သူအရပ်သားများကို တိုက်ခိုက်ခြင်းမှ ရပ်တန့်ရန်နှင့် ဒုတိယအချက်မှာ စာချုပ်အပိုဒ်တစ်ပါ အချက်လေးချက်ကို လိုက်နာရန် ဖြစ်ကြောင်း၊ အဆိုပါ အခြေခံအချက်လေးချက်သည် ပါလက်စတိုင်းပြဿနာကို စစ်အင်အားသုံးပြီး မဖြေရှင်းရေး၊ အခြားတစ်ပြည်ထောင်၏စစ်တပ်ကိုသော်လည်းကောင်း၊ ပြည်သူများကိုသော်လည်းကောင်း၊ အခြား





တစ်ပြည်ထောင်က (ကြည်း၊ ရေ၊ လေ) လက်နက်ကိုင် တပ်ဖွဲ့များကို အသုံးပြုပြီး ခြိမ်းခြောက်ခြင်း၊ ကျူးကျော်ခြင်းများ မပြုရန်၊ တစ်ပြည်ထောင်က တစ်ပြည်ထောင်ကို လက်နက်ကိုင်တပ်ဖွဲ့များဖြင့် တိုက်ခိုက်ခြင်းမှကင်းဝေးမှု၊ လုံခြုံမှုအခွင့်အရေးကို အသိအမှတ်ပြုရန်၊ လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ပြေငြိမ်းပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် နှစ်ပြည်တို့၏လက်နက်ကိုင်တပ်ဖွဲ့များကြားတွင် အတိုက်အခိုက်ရပ်စဲမှုကို တည်ထောင်နိုင်ရန် စသည့်အချက်များကို သမ္မတနာဆာ လိုက်နာရန် တောင်းဆိုကြောင်း စသည်ဖြင့် ဘင်ဂူရီယံက ဗိုလ်ချုပ်ဘန်းစ်ကို တင်ပြသည်။

နာဆာထံမှ အာမခံချက်ကို ဗိုလ်ချုပ်ဘန်းစ်အနေဖြင့် ရယူမပေးနိုင်ချေ။ ရက်သတ္တပတ်အနည်းငယ်အကြာ၌ ကိုင်ရိုမြို့သို့သွားရောက်ပြီး နာဆာနှင့် တွေ့ဆုံခဲ့သည့် အတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်သည်ပင်လျှင် အဆိုပါ အာမခံချက်များကို ရယူမပေးနိုင်ချေ။

နှစ်လမျှ အချိန်ကြာညောင်းခဲ့သည်။ လုံခြုံရေးကောင်စီသို့ ပြင်းထန်သည့် တိုင်ကြားစာတစ်စောင်ကို အစ္စရေးနိုင်ငံက (၁၉၅၆) ခု၊ မတ်လ (၁၄) ရက်နေ့တွင် ပေးပို့လိုက်သည်။ ဂါဇာကမ်းမြောင်ဒေသ နယ်ခြားတစ်လျှောက်တွင် ငြိမ်းချမ်းရေးချိုးဖောက်မှုများနှင့် ပတ်သက်သော တိုင်ကြားစာ ဖြစ်လေသည်။ တိုင်ကြားစာနှင့်အတူ အီဂျစ်တို့၏ရန်စကျူးကျော်မှုပေါင်း (၁၈၀)ကို စာရင်းနှင့်တကွ ပူးတွဲတင်ပြသည်။ မိုင်းဗုံးထောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူသတ်ခြင်း စသော (၁၉၅၅) ခုနှစ်၊ ဒီဇင်ဘာလမှ (၁၉၅၆) ခုနှစ်၊ မတ်လအတွင်း ဖြစ်ပွားခဲ့သော အမှုများ ဖြစ်သည်။ အခြေအနေသည် တစ်နေ့တခြား ဆိုးရွားသည်ထက် ဆိုးရွားလာ၏။ အကြမ်းဖက်မှုများ ဆိုးရွားလာသည်နှင့်အမျှ အစ္စရေးစစ်တပ်၏တုံ့ပြန်မှုကလည်း ပြင်းထန်သည်ထက် ပြင်းထန်လာသည်။

ပဋိပက္ခများကို ဖြေရှင်းရန် ကုလအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်သည် အရှေ့အလယ်ပိုင်းဒေသသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်၏။ ဧပြီလ (၁၀) ရက်နေ့တွင် အစ္စရေးနိုင်ငံသို့ သူရောက်ရှိလာသည်။ အစ္စရေးတွင် ဆွေးနွေးအပြီး ကိုင်ရိုသို့ဆက်လက်ထွက်ခွာလာသည်။ ထိုမှတစ်ဖန် ဂျေရုဆလင်မြို့သို့ ပြန်လာ၏။ ဂျေရုဆလင်မှတစ်ဆင့် အန်မန်မြို့သို့ ခရီးဆက်သည်။ အန်မန်မြို့မှတစ်ဆင့် ဂျေရုဆလင်သို့ ပြန်သွားသည်။ ထိုမှတစ်ဆင့် ကိုင်ရိုမြို့သို့ ပြန်လာပြန်၏။ ခုနစ်ရက်အတွင်း ထိုမြို့များကို ကူးချည်သန်းချည်ပြုလုပ်ခဲ့သည်။ ယခုတစ်ကြိမ်တွင်မူ ဟမ္မားရှိုးလ်၏ ဆောင်ရွက်ချက်များ အောင်မြင်လိမ့်မည်ဟု တွေးထင်ရသည်။

မေလ (၁၇) ရက်နေ့တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂူရီယံထံမှ အောက်ပါစာတစ်စောင်ကို ဟမ္မားရှိုးလ် ရရှိလေသည်။

*"အစ္စရေးအစိုးရအဖွဲ့ကိုယ်စား ယခုစာကို ကျွန်ုပ် ရေးသားပေးပို့ပါသည်၊ အီဂျစ်၊ အစ္စရေး အထွေထွေစစ်ရပ်စဲရေးစာချုပ် အပိုဒ်နှစ်၊ ပုဒ်ခွဲနှစ်အရ အမိန့်များကို ထုတ်ပြန်ခဲ့ပါသည်၊ (၁၉၅၆) ခုနှစ်၊ ဧပြီလ (၁၈) ရက်၊ အစ္စရေးစံတော်ချိန် ညနေ(၆) နာရီတိတိ မှစ၍ အတည်ဖြစ်မည့် အမိန့်များဖြစ်ပါသည်. . .*



www.burmeseclassic.com

www.burmeseclassic.com



ယင်းအမိန့်မှာ အစွရေးလက်နက်ကိုင်တပ်များအားလုံးသည် စစ်ရပ်စဲရေးမျဉ်း ကြောင်းကိုကျော်ဖြတ်ပြီး ပစ်ခတ်တိုက်ခိုက်ခြင်း မပြုရ။ စစ်တပ်များ၊ စစ်တပ်တစ်ပိုင်း လက်နက်ကိုင်တပ်များ၊ အမြဲတမ်းတပ် မဟုတ်သေးသည့် လက်နက်ကိုင် အင်အားစုများ အားလုံးသည် မည်သို့သော ရည်ရွယ်ချက်ပင်ရှိစေကာမူ နယ်နိမိတ်ကို ကျော်ဖြတ်သွား လာခြင်း လုံးဝမပြုရ။ ကျွန်ုပ်တို့ဘက်က ယခုကဲ့သို့ ဆောင်ရွက်သည့်အတွက် အီဂျစ် ဘက်ကလဲ အလားတူ အတိအကျ လိုက်နာဆောင်ရွက်ရမည်”

စသည်ဖြင့် ဘင်ဂူရီယံ၏စာတွင် ဖော်ပြပါရှိပါသည်။

နောက်နှစ်ရက်အကြာ (၁၉၅၆) ခု၊ ဧပြီလ (၁၉) ရက်နေ့သို့ ရောက်သောအခါ အီဂျစ်ကလည်း အလားတူ ညွှန်ကြားချက်ကို ထုတ်ပြန်ပြီး အပစ်အခတ်ရပ်စဲကြောင်း၊ ဧပြီလ (၁၈) ရက်နေ့ ညနေ (၆)နာရီမှ စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်းဖြင့် ဟမ္မားရှိုးလ်က ဘင်ဂူရီယံကိုပြောသည်။

ထို့နောက် ဟမ္မားရှိုးလ်သည် ကိုင်ရိုမြို့သို့ တစ်ကြိမ်သွားရောက်သေးသည်။

လောင်မြိုက်နေသည့် မီးတောက်ကို နိုင်နင်းစွာ ငြိမ်းသတ်လိုက်နိုင်ပြီဖြစ် ကြောင်း ဟမ္မားရှိုးလ်က ယုံကြည်ထားခဲ့သည်။ အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးပေး နိုင်ခဲ့ပြီဟု ယုံကြည်ထားသည်။ သို့သော် ဧပြီလ(၂၉) ရက်နေ့သို့ ရောက်သောအခါတွင်မူ နဟာအုဇ် သမဝါယမကျေးရွာခေါင်းဆောင် ရှိုင်းဂူတင်ဘက်ကို အီဂျစ်နယ်ခြားစောင့် တပ်များက ပစ်သတ်လိုက်ကြသည်။ ဂါဇာကမ်းမြောင်ဒေသ နယ်နိမိတ်ကို ကျော်ဖြတ်ပြီး ပစ်ခတ်ခြင်းဖြစ်၏။ ထိုအချိန်က ဒက်ဟမ္မားရှိုးလ်ကိုယ်တိုင်အရှေ့အလယ်ပိုင်းဒေသတွင် ရှိနေသည်။ ထိုနေ့မှာပင် ကမ်းမြောင်ဒေသတောင်ဘက်ပိုင်း နယ်ခြား နာယစ်ဇတ်ရွာ အနီး၌ စစ်တပ်ကွပ်ကဲမှု ဆက်သွယ်ရေးမော်တော်ကားတစ်စီး မိုင်းဗုံးထိသည်။

ထိုအဖြစ်အပျက်နှစ်ခုစလုံးကို အစ္စရေးက လက်တုံ့ပြန်ခြင်း မပြုခဲ့။ ကိုင်ရိုအစိုး ရ၏စေခိုင်းချက်အရ အကြမ်းဖက်ခြင်းမဟုတ်ကြောင်း အစ္စရေးက တွက်ဆမျှော်မှန်းခဲ့ သည်။ မည်သို့ပင်ဆိုစေ ရက်အနည်းငယ်အတွင်းမှာပင် သူ၏တွေးထင်ထားချက်များ အားလုံးပျက်ပြယ်သွားရပြန်တော့သည်။ အာရပ်အကြမ်းဖက်သမားများ၏ ထိုးဖောက် ဝင်ရောက်မှုများ၊ တိုက်ခိုက်မှုများ၊ မိုင်းဗုံးထောင်မှုများသည် အရှိန်ပြင်းထန်စွာဖြင့် ဖြစ်ပွားပေါ်ပေါက်လာပြန်တော့၏။ ဂါဇာကမ်းမြောင်ဒေသနှင့် ဂျော်ဒန်နိုင်ငံဘက်မှ ထိုးဖောက်ဝင်ရောက်လာခြင်း ဖြစ်သည်။ လမ်းများတွင် မိုင်းဗုံးမြှုပ်ခြင်း၊ အလုပ်သမား များကို သတ်ဖြတ်ခြင်း၊ လူနေအိမ်များအတွင်းသို့ လက်ပစ်ဗုံးများပစ်သွင်းခြင်း၊ ဘတ် ကားများကို ပစ်ခတ်တိုက်ခိုက်ခြင်းများ အဆက်မပြတ် ပြုလုပ်လာကြသည်။ ပြုလုပ်နေကျ အစဉ်အလာအတိုင်း ပြန်လည်ပြုလုပ်ကြခြင်း ဖြစ်၏။

ယခုတစ်ကြိမ်တွင် ကုလအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်သည် အရှေ့ အလယ်ပိုင်းဒေသသို့ သွားရောက်ခြင်း မရှိတော့ချေ။ အစ္စရေးဝန်ကြီးချုပ်ကလည်း လာရောက်လည်ပတ်ရန် ဖိတ်ကြားခြင်း မပြုတော့ပါ။ (၁၉၅၆) ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့၌ ကျင်းပသည့် အစ္စရေးပါလီမန်အစည်းအဝေးတွင် နိုင်ငံရေး အခြေအနေ နှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်ဒေးဗစ်ဘင်ဂူရီယံက အောက်ပါအတိုင်း ပြောကြားသည်။





“(၁၉၅၆) ခုနှစ်၊ မေလ (၉) ရက်နေ့က လုံခြုံရေးကောင်စီသို့ တင်သွင်းသော ကုလအတွင်းရေးမှူးချုပ်၏အစီရင်ခံစာတွင် ယင်းတုံ့ပြန်ကလဲ့စားချေမှုများကို ရှုတ်ချထား ပါသည်။ ကုလသမဂ္ဂပဋိညာဉ်ခံ စာချုပ်အနေဖြင့် မည်သည့်နိုင်ငံမှ မိမိကိုယ်မိမိ ကာ ကွယ်ခွင့်ကို ပေးမထားပါ။ ကာကွယ်ပိုင်ခွင့်သည် ကာယကံရှင်နှင့်သာ သက်ဆိုင်ပါသည်။ ကုလသမဂ္ဂလုပ်နည်းလုပ်ထုံးများသည် စွမ်းဆောင်နိုင်အား ချည့်နဲ့နေသော ယင်းပဋိ ညာဉ်ခံစာချုပ်ကြီးအရသာ ဆောင်ရွက်နေရခြင်း ဖြစ်လေသည်။ စိတ်စေတနာမပါသော စာချုပ်ဟု ကျွန်ုပ်မဆိုလိုပါ။ အစ္စရေးပြည်သူများကို စနစ်တကျ ဆက်လက်သတ်ဖြတ် နေခြင်းကို ကာကွယ်မှုပေးရန် ဆန္ဒမရှိဟု မဆိုလိုပါ. . .

အိမ်နီးချင်းနိုင်ငံတို့၏ အာဏာပိုင်များက လူသတ်သမားများ စေလွှတ်နေ သည့် ဘေးအန္တရာယ်အတွင်း ရပ်တည်နေရသော နိုင်ငံသည် ကျွန်ုပ်တို့၏ အစ္စရေးနိုင်ငံ သာဖြစ်ပါသည်။ အန္တရာယ်အတွင်း အသက်ရှင်နေရသော ပြည်သူများသည် အစ္စရေး ပြည်သူများသာ ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံအစိုးရများက ဖွဲ့စည်းထားသည့် လူသတ် သမားများ၏ သနားကရုဏာကို မျှော်ကိုးနေရသည့်ဘဝဖြင့် ပြည်သူများ အသက်ရှင် နေရသော အခြေအနေကို မည်သည့်နိုင်ငံကမှ လက်သင့်ခံနေနိုင်လိမ့်မည်ဟု ကျွန်ုပ် မတွေးမြင်မိပါ။ ယခုအပြုအမူများသည် ၎င်းတို့အစိုးရများ၏ကိုယ်စား ဆောင်ရွက်နေ ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂယာယီအပစ်အခတ်ရပ်စဲမှုထိန်းသိမ်းရေးတပ်ဖွဲ့နှင့် အတွင်း ရေးမှူးချုပ်တို့က ကောင်းစွာသိနားလည်ကြပါသည်။ သူတို့၏ စည်းရုံးမှု၊ လက်နက်တပ် ဆင်မှု၊ သင်ကြားလေ့ကျင့်ပေးမှုနှင့် အစီအစဉ်များ ရေးဆွဲပေးမှုတွင် အီဂျစ်နိုင်ငံသည် အဓိကနိုင်ငံဖြစ်ကြောင်း သိနားလည်ကြပါသည်. . .

အကြမ်းဖက်သမားများအနက် ကျွန်ုပ်တို့ဖမ်းဆီးရမိသည့် လူများ၏အစစ်ခံ ချက်များအရလည်း ကျွန်ုပ်တို့သိရှိရပါသည်။ ထို့မျှမက အီဂျစ်ဝန်ကြီး ဟာစင်အယ်လ် ဘာကူရီက အစ္စရေးနယ်အတွင်းကျကျကို ဝင်ပြီး အစ္စရေးပြည်သူတွေ ဒုက္ခရောက်အောင် မလုပ်ဘူးဆိုတဲ့ ရည်ရွယ်ချက်မျိုးဟာ ရန်သူကို မုန်းတီးတဲ့ အကြမ်းဖက်သမားတွေမှာ မရှိပါဘူးဟု ဧပြီလ (၁၁) ရက်နေ့က ကိုင်ရိုရေဒီယိုမှ အသံလွှင့်ကြေညာခြင်းကိုလည်း ကျွန်ုပ်တို့ ကြားခဲ့ရသည်။ ဝန်ကြီးဘာကူရီသည် အီဂျစ်အာဏာရှင်၏ လုပ်ဖော်ကိုင်ဘက် ကြီးပင်ဖြစ်သည်။

ပြည်သူများ ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသည့် ဘဝကို အစ္စရေးအစိုးရက ခွင့်ပြုမည်မဟုတ်။ လူသတ်သမားများနှင့် ၎င်းတို့၏ဆရာကြီးများကိုလည်း ဒဏ်မခတ် ဘဲ အလွတ်ပေးမည်မဟုတ်”

အထက်ပါအတိုင်း ဝန်ကြီးချုပ်ဘင်ဂူရီယံသည် ပါလီမန်တွင် မိန့်ခွန်းပြောအပြီး ဆယ့်လေးရက်အကြာ (၁၉၅၆) ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့တွင် ဆီနိုင်းကျွန်း ဆွယ်စစ်ပွဲကြီး စတင်ဖြစ်ပွားလေတော့သည်။

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ဆီနိုင်းကျွန်းဆွယ်နှင့် ပတ်သက်၍

(၁၉၅၆)၊ စက်တင်ဘာ (၁) ရက်

စစ်ဦးစီးများ အပြည့်အစုံတက်သည့် အစည်းအဝေးတစ်ရပ်ကို ယနေ့နံနက် ကျင်းပသည်။ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဒေးဗစ်ဘင်ဂူရီယံလည်း တက်ရောက် သည်။ လက်နက်ကိုင်အင်အား အခြေအနေများကို လေ့လာသုံးသပ်ရန် ဖြစ်သည်။

ဆွေးနွေးပွဲ တစ်ဝက်ကျိုးသောအခါ ပဲရစ်မြို့ရှိ ကျွန်ုပ်တို့၏စစ်သံမှူးက ပေးပို လိုက်သည့်ကြေးနန်းတစ်စောင်ကို ကျွန်ုပ်ထံသို့ လာပေး၏။ ***"အလျှင်အမြန်"*** ဟု ဖော်ပြ ထားပြီး စူးအက်တူးမြောင်းကို အင်္ဂလိပ်နှင့်ပြင်သစ်တို့က သိမ်းပိုက်ရန် အစီအစဉ်နှင့် ပတ်သက်၍ သတင်းပေးပို့သော ကြေးနန်းဖြစ်၏။ အင်္ဂလိပ်နှင့်ပြင်သစ်တို့၏ ရည်ရွယ် ချက်မှာ တူးမြောင်းနယ်မြေကို သိမ်းပိုက်ရန်နှင့် တူးမြောင်းကို ပြည်သူပိုင် သိမ်းပိုက်ထား ပျက်ပြယ်ရန် ဖြစ်သည်။ (စူးအက်တူးမြောင်းကို ပြည်သူပိုင်သိမ်းပိုက်လိုက်ကြောင်း (၁၉၅၆) ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့တွင် သမ္မတနတ်ဆာက ကြေညာခဲ့သည်။ စစ်ဆင်ရေးကို ***"စစ်သည်တော်စစ်ဆင်ရေး"*** ဟု စကားဝှက်ပေးထားကြောင်း၊ ယင်း စစ်သည်တော်စစ်ဆင်ရေးကြီးကို အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ဆာချားလ်စ်ကိတလေက ဦးစီးပြီး တွဲဖက်စစ်ဆင်ရေးမှူးအဖြစ် ပြင်သစ်ဗိုလ်ချုပ်ကြီး အက်ဒမိုင်ရယ်ပီယာရီဘားဂျိုးက ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ကြေးနန်းတွင် ဆက်လက်ဖော်ပြထား၏။

နိုင်ငံရေးအခြေအနေများ ပို၍ပို၍ ဆိုးရွားလာဖွယ်ရာ အကြောင်းရှိကြောင်းပြ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းကလည်း အခြားဌာနများမှ ကျွန်ုပ်တို့ သတင်းမျ ရရှိထားခဲ့ကြသည်။

နေ့လယ်စာစားရန် အစည်းအဝေးကို ခေတ္တနားခိုက်တွင် ထိုအဖြစ်အပျက်မျ နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ တိုင်ပင်ဆွေးနွေးကြသေး၏။ ယခု ပေါ်ပေါက်လာသည့် အခြ အနေအရပ်ရပ်ကို ကြည့်ပြီး ကျွန်ုပ်တို့ကလည်း ကျွန်ုပ်တို့၏ နယ်မြေဒေသအတွင်း စစ်ပွဲတစ်ခု ပေါ်ပေါက်လာနိုင်ဖွယ်အကြောင်း ရှိလေရာ ထိုအတွက် ပြင်ဆင်ထားရ ဆုံးဖြတ်လိုက်ကြပါသည်။





လာမည့်ရက်သတ္တနှစ်ပတ်အတွင်း၌ ဌာနအတွင်း အစည်းအဝေးများ ကျင်းပ ရန်စီစဉ်ထားသည်။ ယခု စစ်ပြင်ရေးဆုံးဖြတ်ချက်အရ အဆိုပါ အစည်းအဝေးများ ကျင်းပရန် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရန်နှင့် ကျွန်ုပ်တို့၏ စစ်တပ်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးနိုင်မည့် အစီအစဉ်များ ပြုလုပ်ရန် အမိန့်ထုတ်လိုက်ပါသည်။

အကယ်၍ အင်္ဂလိပ်နှင့် ပြင်သစ်က စူးအက်တူးမြောင်းကို အမှန်တကယ် သိမ်းပိုက်ပြီး အပြည်ပြည်ဆိုင်ရာတရားဥပဒေများ တည်မြဲရန် လက်နက်ကိုင်တပ်များဖြင့် ဖန်တီးပေးမည်ဆိုလျှင် ကျွန်ုပ်တို့အတွက် နိုင်ငံရေးပြဿနာများမှာ အရေးအကြီးဆုံး အစိတ်အပိုင်းသို့ ရောက်ရှိလာချေမည်။ အစ္စရေးသင်္ဘောများ တူးမြောင်းအတွင်း သွားလာ ခုတ်မောင်းခွင့်ကို ဖွင့်ပေးမည်သာ မဟုတ်သေး။ ကျွန်ုပ်တို့ကို အီဂျစ်က ဆက်ဆံနေသည့် ဆက်ဆံမှုများနှင့်ပတ်သက်၍လည်း အီဂျစ်နှင့်အင်္ဂလိပ်တို့ စစ်ရေးပဋိပက္ခ ဖြစ်ပွားကြ မည်ဟု ကျွန်ုပ် တွေးထင်ထားသည်။ ဂျော်ဒန်ဘုရင်အဗ္ဗဒူလာ အသတ်မခံရမီကလေးက ကျွန်ုပ်ကို ပြောခဲ့သည့်စကားကို ပြန်လည်အမှတ်ရမိပါသည်။

ဂျော်ဒန်ဘုရင်အဗ္ဗဒူလာက အစ္စရေးနှင့် ပြေလည်အေးချမ်းပြီး သဘောတူညီ ချက်ရရှိသွားအောင် ပြင်ဆင်ခဲ့ကြောင်း၊ သို့သော်လည်း အင်္ဂလိပ်ကိုယ်စားလှယ် ကတ် ဘရိုက် (အမ္မန်မြို့ရှိ ဗြိတိသျှသံအမတ် ဆာအလက်ဇန္ဒားကတ်ဘရိုက်)က ယင်းပြင် ဆင်မှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း၊ ထိုအပြုအမူသည် အင်္ဂလိပ်နှင့် အီဂျစ်ဆက်ဆံ ရေးကို အနှောင့်အယှက် ဖြစ်နိုင်သည်ဟု ဆိုကာ ကန့်ကွက်ခြင်းဖြစ်ကြောင်းဖြင့် ကျွန်ုပ်ကို ပြောပြခဲ့သည့် စကားလုံး ဖြစ်ပါသည်။

(၁၉၅၀)ပြည့်နှစ် မတိုင်မီဖြစ်သော ယင်းအချိန်ကာလတွင် အာရပ်အမျိုးသား ရေးဝါဒကို အင်္ဂလိပ်က အားပေးအားမြှောက်ပြုနေ၏။ အရှေ့အလယ်ပိုင်းဒေသ၌ မိမိကို အထောက်အကူပြုမည့် အခြေခံနိုင်ငံတစ်ခုအနေဖြင့်လည်း အီဂျစ်ကို သဘောထားခဲ့ သည်။ ဂျော်ဒန်နှင့် အစ္စရေးကြား ငြိမ်းချမ်းရေးကို အကာအကွယ်ပြုနေခြင်းအားဖြင့် အင်္ဂလိပ်သည် အစ္စရေးလိုလားသူ မဟုတ်ကြောင်း အီဂျစ်တို့က ထင်မှတ်လာလိမ့်မည် ဟူသော စိတ်ထားမျိုး အင်္ဂလိပ်ဝန်ကြီးချုပ် အင်ထော်နီအင်ဒင်တွင် ရှိ၊မရှိဟူသည်မှာ စိတ်ဝင်စားဖွယ် အချက်တစ်ခုဖြစ်ပါသည်။

ဂါဇာကမ်းမြောင်ဒေသနယ်စပ်တွင် အစ္စရေးပတ္တရောင်အဖွဲ့နှင့် တိုက်ပွဲဖြစ်ရာ အစ္စရေးတို့ဘက်မှ အကျအဆုံးကြီးမားများပြားလှကြောင်းဖြင့် ကိုင်ရိုရေဒီယိုက ယနေ့ ညနေအသံလွှင့်သည်။ အမှန်မှာ ကျွန်ုပ်တို့ဘက်မှ ဒဏ်ရာရသူ တစ်ယောက်မှ မရှိ။ ပျောက်ဆုံးသူလည်း လုံးဝ မရှိချေ။

ဂါဇာတမ်းမြောင်ဒေသတွင်ရှိသော ပြည်သူများအနက် ကိုင်ရိုင် ရေဒီယို ကြေညာချက်ကို ကြားရသူများသည် ယင်းကြေညာချက်ကို တကယ်ယုံကြည်ကြသလော၊ သို့တည်းမဟုတ် သတင်းအမှန်ထက် ဝါဒဖြန့်မှု သက်သက်မျှသာ ဖြစ်ကြောင်း သဘော ပေါက်ကြသလော . . . စသည်ဖြင့် ကျွန်ုပ် စဉ်းစားနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com


## (၁၉၅၆)၊ စက်တင်ဘာ (၇) ရက်

ယန္တရားတပ်မကြီး၏ ဌာနချုပ်များသို့ မနေ့က ကျွန်ုပ်သွားရောက်ကြည့်ရှုသည်။ ကျွန်ုပ်နှင့်အတူ စစ်ဦးစီးဌာနမှ တပ်မှူးအများအပြား လိုက်ပါလာကြသည်။ ကျွန်ုပ်တို့တွင်ရှိသည့် တင့်ကားများကို မောင်းမည့်သူများ ရရှိစေရန် မည်သည့်နည်းဖြင့် အမြန်ဆုံး သင်တန်းပေးနိုင်မည်နည်း ဟူသော အချက်ကို လေ့လာကြရန် ဖြစ်သည်။

ယနေ့ လေတပ်ဌာနချုပ်သို့ ကျွန်ုပ်သွားသည်။ ကျွန်ုပ်တို့ မျှော်လင့်ထားသည့်အတိုင်း မကြာမီစစ်ပွဲတစ်ပွဲဖြစ်လာလျှင် ထိရောက်နိုင်မှုရှိရေးအတွက် ၎င်းတို့၏အခြေအနေများနှင့် သင်တန်းအစီအစဉ်များကို သုံးသပ်ရန် ဖြစ်သည်။ ယခု ရင်ဆိုင်နေရသည့် နိုင်ငံရေး အနေအထားများကြောင့် စစ်ဖြစ်လာမည်ဆိုလျှင် ရှိသမျှလေယာဉ်များ အားလုံးကို အသုံးချတိုက်ခိုက်ရတော့မည်ဖြစ်ကြောင်း ကျွန်ုပ်က အလေးအနက် ပြောဆိုပါသည်။ လေယာဉ်အဟောင်းများကိုရော ကျွန်ုပ်တို့ရရှိလာမည့် လေယာဉ်အသစ်များကိုပါ အသုံးပြုတိုက်ခိုက်ရမည်ဖြစ်သည်။ ထိုသို့တိုက်ခိုက်ရလျှင် လေယာဉ်မှူး မလုံလောက်မှုကြောင့် လယာဉ်ပျံသစ်များကို အသုံးမပြုနိုင်ဘဲ လေယာဉ်ပျံအဟောင်းကြီးများကိုသာ အသုံးပြုတိုက်ခိုက်ရမည်လောဟူသော အချက်များကိုပါ လေ့လာခဲ့သည်။

လေတပ်သည် အရေးပေါ်ကိစ္စများအတွက် များစွာ တက်ကြွနေကြောင်း၊ လေယာဉ်မှူးများ မွေးထုတ်ရေးအစီအစဉ်ကိုလည်း တက်သုတ်ရိုက်စီစဉ်နိုင်ကြောင်း ကျွန်ုပ် ကောင်းစွာယုံကြည်ပါသည်။ ပန်ကာတပ်လေယာဉ်ပျံမောင်းနေသည့် လေယာဉ်မှူးများကို ဂျက်လေယာဉ်ပျံများပေါ်သို့ တိုက်ရိုက်တင်ပြီး လေ့ကျင့်သင်ကြားပေးရန်သူတို့ စီစဉ်ထားကြသည်။ ထုံးတမ်းစဉ်လာအရ ပန်ကာတပ်လေယာဉ်နှင့် ဂျက်လေယာဉ်၏ ကြားအဆင့်တစ်ခုကို သင်တန်းမပေးတော့ဘဲ ခုန်၍ သင်တန်းပေးခြင်းဖြင့် ဂျက်လေယာဉ်မှူးများ အမြန်ဆုံး မွေးထုတ်ပေးနိုင်ရန် ဖြစ်သည်။ ဟာဗတ်လေယာဉ်ပျံမောင်းနေသူများသည် မတ်စတန်း လေယာဉ်များ မောင်းနှင်လေ့ကျင့်ခြင်း မပြုရတော့ဘဲ တိုက်ရိုက်မတီယော် လေယာဉ်ပျံများကို မောင်းနှင်ကြမည် ဖြစ်သည်။

ထုံးတမ်းစဉ်လာအတိုင်း ပြဿနာများပေါ်ပေါက်နေပါသည်။ လူဦးရေ မပြည့်စုံမှုနှင့် ငွေကြေးခွဲဝေပြုချက်ဘောင် သတ်မှတ်ထားခြင်း ဖြစ်သည်။ စစ်ဆင်ရေးဘတ်ဂျက်များကို ထောင့်စေ့အောင် တွက်ချက်နေရသည်။ အရာရှိ (၉)ဦးသည် နိုင်ငံခြားသို့သွားရောက်ပြီး သင်တန်းတက်ရန် ရှိသည်။ ထိုအစီအစဉ်ကိုပါ ပယ်ဖျက်လိုက်ရသည်။ ထိုသို့ပယ်ဖျက်လိုက်ခြင်းအားဖြင့် ငွေပေါင်း ဒေါ်လာ ၇၀၀၀၀ (မြန်မာငွေ သုံးသိန်းခွဲခန့်) သက်သာသွားသည်။ သို့သော်လည်း အခြားနေရာများတွင်ပါ ကျွန်ုပ် စိစစ်နိုင်ခြင်း ရှိမရှိကိုမူ သံသယ ဖြစ်နေမိပါသည်။

သန်ဘက်ခါတွင် ဂိုလာနီတိုက်ခိုက်ရေးတပ်မဟာကို ၎င်းတို့ အဆင်သင့်ရှိမရှိ ကျွန်ုပ် သွားရောက်စစ်ဆေးရမည်။ အလားတူပင် (၁၉)ရက်နေ့တွင်လည်း လေထီးတပ်မဟာကို စစ်ဆေးရန် ရှိသည်။

✡



## (၁၉၅၆)၊ စက်တင်ဘာ (၁၇) ရက်

အီဂျစ်ရှေ့တန်းစစ်မျက်နှာ၏ စစ်ဆင်ရေးအစီအစဉ် အမျိုးမျိုး ကို စစ်ဆေးရန်၊ တိုင်ရန်ရေလက်ကြားကို လုံခြုံစွာ ထိန်းချုပ်ထားနိုင်ခြင်း ရှိ၊မရှိ၊ သို့တည်းမဟုတ် ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားနိုင်ခြင်း ရှိ၊မရှိ စသည်ဖြင့် လေ့လာမှုများ ပြုလုပ်ထားရန် စစ်ဦးစီးဌာနခွဲများအသီးသီးကို အမိန့်ပေးလိုက်သည်။ ထိုကိစ္စအတွက်ပင် အစည်းအဝေးတစ်ရပ်ကို ကျွန်ုပ် ယနေ့ ကျင်းပသည်။ စစ်ဦးစီးဌာန စစ်ဆင်ရေးဌာနခွဲမှူးများအားလုံး၊ လေတပ်နှင့် ရေတပ်မှ အထက်တန်းအရာရှိများ ပါဝင်ကြသည်။

နိုင်ငံရေးနှင့် သေနင်္ဂဗျူဟာ နောက်ခံသမိုင်းများကို ကာကွယ်ရေးဝန်ကြီး၏ ရှေ့ဆောင်မှုဖြင့် ကျွန်ုပ်က ရှင်းပြသည်။ အပြည်ပြည်ဆိုင်ရာ ပြဿနာနှင့် ကျွန်ုပ်တို့၏ အထူးပြဿနာများကြားတွင် ကြားချပြီးရေးဆွဲပြသည်။ စူးအက်တူးမြောင်းကို သိမ်းပိုက်မည့်စစ်ပွဲတစ်ပွဲလည်း ပေါ်ပေါက်ဖွယ်ရှိကြောင်း၊ ထိုပြဿနာသည် ကျွန်ုပ်တို့နှင့် အနီးစပ်ဆုံး ပတ်သက်နေလင့်ကစား ကျွန်ုပ်တို့၏ အရေးကိစ္စမဟုတ်ကြောင်း၊ ကျွန်ုပ်တို့၏ရည်ရွယ်ချက်သည် စူးအက်တူးမြောင်းအရောက် တိုက်ခိုက်သိမ်းယူပြီး အငြင်းပွားမှုများထဲတွင် ပါဝင်ပတ်သက်ခြင်း မပြုလိုကြောင်း၊ တိုင်ရန်ရေလက်ကြားနှင့် ဂါဇာကမ်းမြောင်ဒေသကို သိမ်းပိုက်ရေးသည်သာလျှင် ကျွန်ုပ်တို့၏ ဦးတည်ချက်ဖြစ်ကြောင်း၊ (တိုင်ရန်ရေလက်ကြားသည်လည်း တိုင်ရန်ကျွန်းစုများနှင့် စနာပါ၊ ရှမ်အယ်ရှိတ်အကြား ကျဉ်းမြောင်းသော ဒေသကလေး ဖြစ်သည်။) အီလတ်မြို့သို့ သင်္ဘောများ သွားလာမှုကို တိုင်ရန်ရေလက်ကြားမှနေ၍ အီဂျစ်က ပိတ်ဆို့နေကြောင်း၊ ဂါဇာကမ်းမြောင်ဒေသကိုမူ အစ္စရေးနိုင်ငံအား အကြမ်းဖက်တိုက်ခိုက်ရန် အခြေခံစခန်းအဖြစ် အသုံးချနေကြောင်း ကျွန်ုပ်က ရှင်းပြသည်။

အဆိုပါ သတ်မှတ်ချက်ဒေသများကို ကျွန်ုပ်တို့သည် ကိုယ့်အား ကိုယ်ကိုးပြီးတိုက်မည်။ အီဂျစ်ကို ဆန့်ကျင်တိုက်ခိုက်မည့် အင်အားစုများ နှင့် ပေါင်းရသည်ဖြစ်စေ၊ မည်သူနှင့်မျှ အဆက်အသွယ်မရှိဘဲ ထီးတည်းကြီးတိုက်ရသည်ဖြစ်စေ အခြေအနေအရ လိုအပ်ပြီဖြစ်ကြောင်း အစ္စရေးအစိုးရက ဆုံးဖြတ်သည်နှင့် တစ်ပြိုင်တည်း တိုက်ဖြစ်အောင်တိုက်မည် . . စသည်ဖြင့်လည်း ကျွန်ုပ်က ရှင်းပြ၏။

✡

## (၁၉၅၆)၊ စက်တင်ဘာ (၂၄) ရက်

ဂျော်ဒန် အာရပ်နယ်မြေကို စစ်ရေးအရ တုံ့ပြန်ကလဲ့စားချေရေးအတွက် အတည်ပြုရန် အစိုးရအဖွဲ့ အထူးအစည်းအဝေးကို ဘင်ဂူရီယံက ဆင့်ခေါ်ပြီး ယနေ့ ကျင်းပသည့် အနောက်နိုင်ငံတို့က စူးအက်တူးမြောင်းပြဿနာနှင့် ပတ်သက်၍ အီဂျစ်နှင့်ပဋိပက္ခဖြစ်နေခိုက် အာရပ်-အစ္စရေး ပဋိပက္ခတစ်ခုကို ကျွန်ုပ်တို့အားလုံးက ထင်မှတ်မဖော်ထုတ်လိုကြပါ။


www.burmeseclassic.com

www.burmeseclassic.com

အစ္စရေးကို အင်္ဂလိပ်အနေဖြင့် ရှုတ်ချနေရသောကြောင့် စူးအက်အရေး အခင်းတွင် ၎င်းတို့၏ ထိရောက်မှုများ မကျဆုံးစေလိုပါ။ သို့သော်လည်း ဂျော်ဒန်နိုင်ငံကို ဆန့်ကျင်ပြီး ကြီးမားသော စစ်ဆင်တိုက်ခိုက်မှုကြီးတစ်ခု ပြုရန်ကိုမူ ကျွန်ုပ်တို့ ရှောင်လွှဲ၍ မရတော့ပါချေ။

အစ္စရေးနိုင်ငံအား ခြိမ်းခြောက်အန္တရာယ်ပြုနေရခြင်းကို အမျိုးသားစစ်ပွဲ တစ်ရပ်အနေဖြင့် အာရပ်ပြည်သူများက သဘောပိုက်ထားကြသည်။ ထိုနည်းအားဖြင့် အစ္စရေးလွတ်လပ်ရေးစစ်ပွဲတွင် အာရပ်စစ်တပ်များ ရှုံးနိမ့်ခဲ့ရသည်ကို သူတို့ ပြန်လည်ပြီး ဖြေသိမ့်နေကြသည်။ ပါလက်စတိုင်းဒုက္ခသည်များအား ခြိမ်းခြောက်နေမှုကို အကာ အကွယ်ပေးရန်အတွက် မိမိတို့ အစွမ်းမရှိတော့ကြောင်း ဂျော်ဒန်ဘုရင်ဟူစိန် အပါအဝင် အာရပ်ခေါင်းဆောင်များက ထုတ်ဖော်ပြောဆိုနေကြသည်။ ထိုနည်းအားဖြင့် နိုင်ငံခြား အကူအညီကို ရရှိရန်ဖြစ်သည်။ သို့သော်လည်း သူတို့ ကိုယ်တိုင်က ခြိမ်းခြောက် အန္တရာယ်ပေးရေးများကို ဆောင်ရွက်နေကြ၏။ အထူးတပ်ဖွဲ့များ၊ အကြမ်းဖက်သမား များကို ဂျော်ဒန်ပြည်တွင်းသို့ ဂါဇာဒေသမှ ပေးပို့နေသည်။ ဆီးရီးယားနှင့် လက်ဘနွန် ပြည်များအတွင်းသို့ပါ ပေးပို့နေ၏။ (ထိုနိုင်ငံများရှိ အီဂျစ်သံရုံးများက လက်နက်နှင့် ငွေကြေးများ ထောက်ပံ့ကူညီနေ၏။)

အစ္စရေးအရပ်သားများကို တိုက်ခိုက်နေမှု ရပ်တန့်သွားစေရန် စစ်ရေးအရ ပြန်လည်တုံ့ပြန်ခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိတော့ကြောင်း၊ ပေါ်ပေါက်နေသည့် အခြေအနေများက ဖော်ပြနေလေသည်။ ထိုသို့ တိုက်ခိုက်ခြင်းအားဖြင့် အာရပ်စစ်တပ် များ၏ အားနည်းချက်ကို ဖော်ပြနိုင်မည်၊ အာရပ်ခေါင်းဆောင်များလည်း ပြည်သူများ ကြား၌ ရပ်တည်မှုနှင့် သိက္ခာများကျဆင်းရမည်ဟု ကျွန်ုပ်တို့ မျှော်လင့်သည်။

နိုင်ငံရေးရှုထောင့်မှကြည့်လျှင် ငြိမ်းချမ်းရေးကာလ၌ စစ်တပ်ဖြင့် အကြမ်း ဖက်တိုက်ခိုက်ခြင်းသည် မည်သည့်နည်းနှင့်မျှ မသင့်။ နယ်နိမိတ်ကို ဖြတ်ကျော်ပြီး တိုက်ခိုက်ရန် အမိန့်ပေးခြင်းမပြုအပ်။ သို့သော် လွန်ခဲ့သော အပတ်အတွင်း ဂျော်ဒန် ပြည်ဘက်က ထိုးဖောက်ဝင်ရောက်ပြီး အကြမ်းဖက်တိုက်ခိုက်လာမှုသည် ကျွန်ုပ်တို့ သည်းခံနိုင်သော အဆင့်ထက် ကျော်လွန်သွားချေပြီ။ ကျွန်ုပ်တို့ ချုပ်တည်းနိုင်သော အဆင့်ထက် လွန်မြောက်သွားချေပြီ။

လွန်ခဲ့သည့် နှစ်ရက်၊ စက်တင်ဘာ (၂၂) ရက်နေ့တုန်းက ဂျေရုဆလင်မြို့ တောင်ဘက်အစွန်တွင် ရှေးဟောင်းပစ္စည်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသူများကို ဂျော်ဒန်ပြည်ဘက်မှနေ၍ စက်သေနတ်ဖြင့် ပစ်ခတ်သည်။ မားအီလီယာစ်ဘုရားရှိခိုး ကျောင်းနှင့် အာရပ်စစ်စခန်းသည် အလွန်တရာနီးလှ၏။ ဘုရားရှိခိုးကျောင်းအတွင်းရပ် နေကြသည့် ရှေးဟောင်းပစ္စည်းရှာဖွေရေးသမားများကို တစ်ဖက်စစ်စခန်းမှ ကောင်းစွာ မြင်တွေ့နိုင်သည်။ သူတို့တွင် အကာအကွယ်လည်းမရှိ။ ခဏအကြာတွင် ထိုသူများ အနက် (၄)ဦး သေဆုံးပြီး (၁၆)ယောက် ဒဏ်ရာရသွားတော့သည်။

အခြားတိုက်ခိုက်မှုနှစ်ခုလည်း မနေ့က ဖြစ်ပွားသေးသည်။

တစ်ခုမှာ ဂျေရုဆလင်မြို့မှာပင် ဖြစ်ပွား၏။





ဂျော်ဒန်နယ်ခြားနှင့် ကပ်နေသော နေရာရှိ အစ္စရေး အမျိုးသမီးသားအမိ နှစ်ဦးကို သေနတ်ဖြင့်ပစ်သည်။ နှစ်ဦးစလုံး ဒဏ်ရာရသွားသည်။ ဒဏ်ရာပြင်းသည့် အမေဖြစ်သူကို ဆေးရုံသို့ သွားပို့ပြီးအပြန် ကျန်ရစ်ခဲ့သည့် သမီးမှာ ဓားဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ကြရပြန်၏။ အာရပ်စစ်သားများသည် အစ္စရေးနယ်တွင်းသို့ ဝင်ရောက်လာပြီး ထိုအမျိုးသမီးကိုသတ်ကာ လက်တစ်ဖက် ဖြတ်ယူသွား၏။

ဒုတိယအဖြစ်အပျက်မှာ ဘက်ရှီအန်တောင်ကြားတွင် ဖြစ်ပွားသည်။

အာရပ်စစ်သားများသည် မြစ်ကိုကူးလာပြီး လယ်ထွန်နေသည့် အစ္စရေးလယ် ထွန်စက်မောင်းသမားကလေးကို ပစ်သတ်သည်။ ထို့နောက် အလောင်းကို သူတို့ ပြည်တွင်းသို့ ဆွဲသွင်းသွားသည်။

ယင်းအဖြစ်အပျက်များကို ကြည့်လျှင် မိမိအလုပ်ကို မိမိ လုပ်ကိုင်နေကြသည့် ဘာမှမသိနားမလည်သော အရပ်သားများကို တိုက်ခိုက်သတ်ဖြတ်နေကြခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

✡

## (၁၉၅၆)၊ စက်တင်ဘာ (၂၅) ရက်

ယနေ့ နံနက် (၈) နာရီခွဲက ရမ္မလာစစ်လေယာဉ်ကွင်းတွင် ဘင်ဂူရီယံကို ကျွန်ုပ်တွေ့သည်။ သူသည် ဆဒီဘူကာမှ လေယာဉ်ပျံဖြင့် ရောက်လာခြင်း ဖြစ်၏။ သူ့အသက် မငယ်တော့ပါ။ ယခုနှစ်တွင် သူ့အသက် (၆၈) နှစ် ရှိပေတော့မည်။ သို့သော် သူသည် သောကြာနေ့တိုင်း နီဂေ့ဗ်သဲကန္တာရအတွင်း ဆဒီဘူကာရှိ သူ၏အိမ်သို့ ဂျေရု ဆလင်မှလည်းကောင်း၊ တယ်လ်အဗစ်မှလည်းကောင်း မော်တော်ကားမောင်းပြီး လာလေ့ ရှိသည်။ စီး၍ သက်သောင့်သက်သာမရှိသည့် တိုက်လေယာဉ်ပျံဖြင့် တနင်္ဂနွေနေ့၌ ပြန်လာတတ်၏။

နီဂေ့ဗ်သဲကန္တာရအတွင်းရှိ သူ၏ ပြန်လည်နေရာချထားရေးကျေးရွာမှ စံပြ ရွာတစ်ရွာပင် ဖြစ်လေသည်။ သုံးမရသော နယ်မြေဒေသများကို အသုံးချ၍ရသည့် ဒေသများဖြစ်လာစေရန် ဆောင်ရွက်ရာတွင် စံပြဖြစ်၏။ မြို့တော်ကြီးများအတွင်း နေထိုင်ရသည်ကို ငြီးငွေ့ကြသော သူများအတွက် သင့်မြတ်လှသည့်နေရာ ဖြစ်၏။ ဘင်ဂူရီယံကိုယ်တိုင်လည်း တယ်လ်အဗစ်မြို့အတွင်း လူများ ကျပ်ကျပ်ခဲနေခြင်းကို စိတ်ညစ်လျက် ရှိသည်။

လေယာဉ်ပျံကွင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးဝန်ချုပ် ရှီမွန် ပီရီလည်း ရှိနေသည်။ ဂျေရုဆလင်မြို့သို့ မော်တော်ကားဖြင့် ကျွန်ုပ်တို့သုံးဦး ထွက်ခွာ လာကြသည်။ လွန်ခဲ့သောရက်အနည်းငယ်အတွင်း အကြမ်းဖက်ခဲ့ကြသည့်လူသတ်သမား များကို လက်စားချေသည့်အနေဖြင့် နေရာလေးခုကို ရွေးချယ်တိုက်ခိုက်ရန် ဘင်ဂူရီယံကို ကျွန်ုပ်က အကြံပေးသည်။ ထိုနေရာလေးခုမှာ ဟေဘရွန်တောင်ကုန်းများပေါ်ရှိ ဒဟာ ရိယာ၊ ဆမာရီယာရှိ ဂျင်နင်၊ ဟူစန် သို့မဟုတ် ဇူးရစ်တပ်စခန်းများ ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဟူစန်နှင့် ဖူးရစ်တို့သည် ဂျေရုဆလင်တောင်ကုန်းများပေါ်တွင် တည်ရှိ၏။ ထိုစခန်းများ၌ ဂျော်ဒန်လက်နက်ကိုင်တပ်များ တပ်စွဲထားကြသည်။ ရည်ရွယ်ချက်သည် အရပ်သားများကို တိုက်ခိုက်ရန်မဟုတ်။ လက်နက်ကိုင်တပ်များကို တိုက်ခိုက်ရန်သာ ဖြစ်သည်။ ဂျေရုဆလင်ဒေသတွင် ကန့်သတ်စစ်ဆင်ရေးဆင်နွှဲရန် ဘင်ဂူရီယံက လိုလား သည်။ ဂျော်ဒန်ဘက်က တိုက်ခိုက်နေသည့်ဒေသကို စစ်ဆင်ရန် ဖြစ်သည်။

ကျွန်ုပ်တို့ ခရီးဆက်လာခဲ့ကြရင်း ပြင်သစ်ပြည်သို့ ရှိမွန်ပီရီ သွားရောက်ခဲ့သည့် အတွက် ရရှိလာသော အဖြေများကို သုံးသပ်လေ့လာကြသည်။ ပီရီသည် ယခုပင် ပြန်ရောက်လာသူ ဖြစ်၏။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ခရစ်စတီယံပီနေ‌ာသည် စက်တင်ဘာ (၂၁)ရက်နေ့က လန်ဒန် ကွန်ဖရင့်မှ စိတ်ပျက်လက်ပျက်ဖြင့် ထွက်ခွာလာ ခဲ့၏။ စူးအက်တူးမြောင်းအသုံးပြုသူများ ကွန်ဖရင့်ကို ကျင်းပရန် အမေရိကန်နိုင်ငံခြား ရေးဝန်ကြီး ဂျွန်ဖော့စတာဒါးလက်စ်၏ အကြံပေးချက်အရ ကျင်းပကြခြင်း ဖြစ်သည်။ သို့သော်လည်း စူးအက်တူးမြောင်းကို အီဂျစ်တို့ ပြည်သူပိုင်သိမ်းပိုက်ထားခြင်း၊ ပျက် ပြယ်ရန် ကြိုးပမ်းချက်များကို အမေရိကန်က နှစ်လိုခြင်းမရှိကြောင်း ခရစ်စတီယံပီနော အနေဖြင့် မြင်တွေ့လာရသည်။ ထို့မှုမက ဗြိတိသျှတို့ကလည်း နတ်ဆာကို ဆန့်ကျင်ပြီး စစ်မတိုက်လိုကြောင်း ပီနော မြင်တွေ့သိနားလည်ရပြန်သည်။

ဗြိတိသျှဝန်ကြီးချုပ် အင်ထော်နီအီဒင်ကမူ စစ်တိုက်လို၏။ သို့သော်လည်း ပြင်းထန်သော ကန့်ကွက်မှုများနှင့် ရင်ဆိုင်နေရ၏။ သူ၏ ပါတီတွင်းမှာပင်လျှင် သူ့ကို မထောက်ခံဘဲ ဆန့်ကျင်ကန့်ကွက်မှုများကို တွေ့ကြုံနေရသူ ဖြစ်သည်။

တစ်ဖက်တွင် ပြင်သစ်ကာကွယ်ရေးဝန်ကြီး အသိုင်းအဝိုင်းက အီဂျစ်ကို ဆန့်ကျင်တိုက်ခိုက်ရေးမှာ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သော လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့တစ်ဦးတည်း တိုက်ရစေကာမူ တိုက်သင့်သည်သာဖြစ်ကြောင်း ယုံကြည်နေကြလေ သည်။ အကယ်၍သာ မိမိတို့ စစ်တိုက်လျှင် နောက်ဆုံး အင်္ဂလိပ်လည်း ပါဝင်လာကာ မိမိတို့နှင့်အတူ တွဲဖက်တိုက်ကြလိမ့်မည်ဟု ပြင်သစ်တို့က ယုံကြည်၏။ အမေရိကန် ပြည်ထောင်စုက ကြားဝင်စွက်ဖက်လာလိမ့်မည်ဟူ၍ သူတို့မထင်။ ဆိုဗီယက်ယူနီယံနှင့် ပတ်သက်၍မူ ယခု ဘာမျှ မခန့်မှန်း မတွက်ဆနိုင်သေးချေ။

✡

(၁၉၅၆)၊ စက်တင်ဘာ (၂၆) ရက်

ဟူစန်ရှိ အာရပ်တို့၏ တီးဂတ်ခံတပ်စခန်းကို မနေ့ညက ကျွန်ုပ်တို့ ဝင်ရောက် တိုက်ခိုက်လက်စားချေသည်။ [တီးဂတ်ခံတပ်စခန်းသည် တစ်ပြည်ထောင်လုံးတွင် အရေးအကြီးဆုံးသော စခန်းဖြစ်၏။ (၁၉၃၀) ပြည့်နှစ် ဗြိတိသျှလက်ထက်က လုံခြုံရေး အရာရှိအဖြစ် ဆောင်ရွက်ခဲ့သူ ဆာချားလ်စတီဂတ်၏ထောက်ခံမှုဖြင့် ဆောက်လုပ် ခဲ့သော ခံတပ်ဖြစ်၏] တိုက်ပွဲဖြစ်နေခိုက် ရှေ့တန်းစစ်မျက်နှာတိုက်ခိုက်ရေးတပ်ဖွဲ့များ၏ ကွပ်ကဲမှုဌာနတွင် ကျွန်ုပ် ရှိနေချင်ပါသည်။





စစ်ပွဲသည် ကန့်သတ်စစ်ပွဲပင် ဖြစ်လင့်ကစား တပ်မတော်၏ အောက်ခြေသိမ်း လုပ်ငန်းများကို ဆောင်ရွက်ရခြင်းပင် ဖြစ်သည်။ တိုက်ပွဲဝင်နေသော တပ်များ၏ တပ်မှူးက သူ့အနားသို့ ကျွန်ုပ်ရောက်လာခြင်းကို နှစ်သက်မည်၊ မနှစ်သက်မည် မသိ။ ကျွန်ုပ်ကမူ သွားချင်နေပါသည်။

မည်သို့မည်ပုံ တိုက်ခိုက်နေရသည်များကို နောက်တစ်နေ့မနက် ရရှိမည့် အစီ ရင်ခံစာများကို ဖတ်ပြီး သိရမည်ထက် ယခု ညတွင်းချင်းပင် ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှု လိုပါသည်။ စစ်မြေပြင်ကို အနီးကပ်ကြည့်ပြီး လိုအပ်လျှင်လည်း အကူအညီပေးနိုင်မည် ဖြစ်၏။

အဆိုပါတိုက်ခိုက်ရေးတပ်၏ နောက်ပိုင်းဌာနချုပ်ကို မီဘောက်ဘီတာစိုက်ပျိုး ရေးစခန်းတွင် ထားသည်။ မော်တော်ကားကို နောက်ပိုင်း ဌာနချုပ်တွင် ထားရစ်ခဲ့ပြီး တောင်ကုန်းပေါ်ရှိ တပ်မဟာကွပ်ကဲမှုဌာနသို့ ခြေကျင်လျှောက်ကာ တက်ခဲ့သည်။ တပ်မဟာကွပ်ကဲမှုဌာနသည် ရန်သူ့ နေရာများနှင့် ကိုက်အနည်းငယ်မျှသာ ဝေးကွာ၏။ နံနက်အရုဏ်မတက်မီ ကျွန်ုပ် ပြန်လာသောအခါ နောက်ပိုင်းဌာနချုပ်တွင် ကျန်ရစ်ခဲ့ သည့် ကျွန်ုပ်တို့၏ရဲဘော်အများအပြား ဒဏ်ရာရနေသည်ကို မြင်တွေ့ရ၏။

အာရပ်တို့၏မော်တာကျည်ဆန်ထိမှန်ပြီး ဒဏ်ရာရကြခြင်း ဖြစ်သည်။ ဒဏ်ရာ ရသူများထဲတွင် ကျွန်ုပ်၏မော်တော်ကားဒရိုင်ဘာလည်း ပါဝင်၏။ သူ့ဒဏ်ရာမှာ မပြင်း ထန်လှပါ။ သူ့ဝသီအတိုင်း ရွှတ်နောက်နောက် ပြုလုပ်လျက်ပင် ရှိ၏။

ယခုကဲ့သို့ ဒဏ်ရာရသည်မှာ ကျွန်ုပ်၏ပြောစကားကို နားမထောင်၍ ဖြစ် ကြောင်းဖြင့် ပြောပြသည်။ ကျွန်ုပ်တို့က ***တိုက်ပွဲဖြစ်နေလျှင် အမိုးအောက်တွင် မနေရ။ အမိုးအောက်တွင် နေရခြင်းဖြင့် မိမိခေါင်းပေါ်မှလာသော အန္တရာယ်ကို မမြင်နိုင်ဘဲ မရှောင်တတ် မတိမ်းတတ် ဖြစ်တတ်သည်***ဟု သူ့ကို ပြောပြထားဖူးသည်။

ရည်မှန်းချက်ကား အောင်မြင်ခဲ့ပါပြီ။ ပုလိပ်ခံတပ်စခန်းကို လုံးဝ ချေမှုန်း နိုင်ခဲ့၏။ အာရပ်စစ်စခန်းများကို မွှေနှောက်နိုင်ခဲ့၏။ သို့သော်လည်း ကျွန်ုပ်တို့ပေးရသည့် တန်ဖိုးမှာ ကြီးမားလှချေသည်။ (၁၀) ယောက်သေပြီး (၁၆) ယောက် ဒဏ်ရာရသည်။ ရန်သူဘက်က (၃၉) ယောက် ကျဆုံးပြီး (၁၂) ယောက် ဒဏ်ရာရသည်။ အာရပ်တပ်မက စစ်ကူပို့နိုင်ရန် ကြိုးစားသော်လည်း စစ်ကူတပ်များ စစ်မြေပြင်သို့ မရောက်မီမှာပင် လမ်းတစ်ဝက်မှ ဖြတ်၍ ကျွန်ုပ်တို့လူများက ချုံခိုတိုက်ခိုက်ပစ်လိုက်သည်။

ကျွန်ုပ်တို့ဘက်က အထိအခိုက်များရသည်မှာ တောင်ကုန်းများ တွင်ရှိသည့် ရန်သူကတုတ်ကျင်းများကို သိမ်းပိုက်နိုင်ရန် လျှက်တစ်ပြက် စစ်ဆင်ရေးဆင်နွှဲရာတွင် ဖြစ်၏။ အာရပ်စစ်သားများသည် ရဲရဲဝံ့ဝံ့တိုက်ခိုက်ကြ၏။ သူတို့အဖို့ နောက်ပြန်ဆုတ် ၍လည်း မဖြစ်တော့။ ထို့ကြောင့် ရဲရဲဝံ့ဝံ့ တိုက်ရခြင်း ဖြစ်လေသည်။

အခြားအခက်အခဲတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသေး၏။ တင့်ကားများ မထိုးဖောက် နိုင်ရန် တူးမြောင်းကြီးများ၊ မြေကျင်းကြီးများ တူးထားသဖြင့် ကျွန်ုပ်တို့မော်တော်ယာဉ်များ ရှေ့မတက်နိုင်အောင်ဖြစ်ခဲ့ရသည်။ နောက်ဆုံးတွင် တိုက်ခိုက်ရေးတပ်များက တူးမြောင်း များ၊ မြေကျင်းများကို ကျောက်ခဲနှင့် မြေကြီးများ ဖို့ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုညတိုက်ပွဲ၏ အခက်အခဲသည် အချိန်ကန့်သတ်ပေးထားမှု တစ်ခုလည်း ပါဝင်သေး၏။ ကန့်သတ်ထားသည့် အချိန်အတွင်း တိုက်ခိုက်ရန်ရှိသည်များကို အပြီး တိုက်ခိုက်ရန် ဖြစ်သည်။ မှောင်နှင့်မည်းမည်းထဲတွင် ကျွန်ုပ်တို့စစ်သားများက မုန်တိုင်း ကဲ့သို့ တစ်ဟုန်ထိုး ချီတက်တိုက်ခိုက်ကြသည်။ နယ်စပ်တစ်လျှောက်တွင် ချထားသော ရန်သူတို့၏ ကတုတ်ကျင်းများကို ချေမှုန်းကျော်လွှားကာ ပုလိပ်ခံတပ် အဆောက်အအုံသို့ ရောက်အောင် လမ်းဖွင့်ပေးလိုက်သည်။ ထိုလမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့် ချီတက်ခဲ့ပြီး ခံတပ်ကြီးကို ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့သည်။ ထို့နောက် ထိုနေ့မနက် လင်း ရောင်ခြည်မသန်းမီမှာပင် ကျဆုံးသူနှင့် ဒဏ်ရာရသူများ အပါအဝင် မိမိတို့ လူများ အားလုံးကိုသယ်ယူပြီး အောင်မြင်စွာ ပြန်လာနိုင်ခဲ့ကြသည်။

ထိုတိုက်ပွဲများ၌ ကျွန်ုပ်တို့၏ တပ်မှူးများသည် ၎င်းတို့၏ ရှေ့ပြေးတပ်များနှင့် အတူ ထက်ကြပ်မကွာ လိုက်ပါပြီး အုပ်ချုပ်ကွပ်ကဲ တိုက်ခိုက်ကြ၏။ ထို့ကြောင့်လည်း တိုက်ပွဲတိုင်း၌ တပ်မှူးကောင်းအချို့ ဒဏ်ရာရကြခြင်းဖြစ်သည်။ ယခုလ စောစောပိုင်းက ရဟာဝါရှိ ပုလိပ်ခံတပ်ကို ကျွန်ုပ်တို့ တိုက်ခိုက်ခဲ့သည်။ ထိုတိုက်ပွဲတွင် ကျွန်ုပ်တို့ဘက်မှ အတော်ဆုံး တိုက်ခိုက်ရေးမှူး ဗိုလ်ကြီးမိယာဟာဇီယွန် ဒဏ်ရာရခဲ့သည်။

သူသည် အသက်(၂၁) နှစ်မျှသာရှိသေးပြီး သူ၏တိုက်ခိုက်ပုံနှင့် စွမ်းရည်သတ္တိ များကို အစ္စရေးတပ်မတော်တွင် ဒဏ္ဍာရီသဖွယ် ပြောစမှတ်ပြုကြရသည်။ စစ်မြေပြင် တွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရသောအခါ ဆေးမှူးသည် တရစပ်ပစ်ခတ်နေသည့် ကျည်ဆန်များအတွင်းမှ သူ့ထံသို့ တွားသွားပြီးကုသခဲ့သည်။ ကျွန်ုပ်တို့စစ်တပ်တွင် လူဟောင်းအရာရှိများအနက် ဒဏ်ရာမရဘူးသော အရာရှိဟူ၍ ရှိမည်မထင်ပါ။

တပ်ဖွဲ့များသည် ဒဏ်ရာရသူများကို သယ်ပြီး အရုဏ်မတက်မီ အစ္စရေးနယ်မြေ အတွင်းသို့ ပြန်ရောက်လာကြ၏။ လူနာတင်ကားများ အသင့်စောင့်နေပြီး လူနာများကို ဆေးရုံသို့ တောက်လျှောက် မောင်းယူသွားသည်။ မီဗောက်ဘီတာကျေးရွာတွင် စစ် မြေပြင်မှ ပြန်ရောက်လာသည့် တပ်ဖွဲ့များကို လက်ဖက်ရည်ပွဲများ၊ နံနက်စာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြ၏။

စစ်မှု၏အသေးစိတ်အချက်အလက်များ၊ စစ်ဆင်ရေး အစီအစဉ် မှားယွင်းမှု များကို အရာရှိများထံမှ အသေးစိတ်နားထောင်ပြီး စစ်သေနာပတိဌာနချုပ်သို့ ကျွန်ုပ် ပြန်လာခဲ့သည်။ ကျွန်ုပ်နှင့်အတူ မော်တော်ကားထဲတွင် လေ့ထိုးတပ်အရာရှိငယ် လိုက်ပါ လာ၏။ ယူသည် ဒဏ်ရာအနည်းငယ်ရသော်လည်း ဆေးရုံတက်ရန် ငြင်းဆန်နေသည်။ လမ်းကြမ်းသဖြင့် အိပ်ချင်နေသော မျက်စိများပင် ကျယ်လာကြ၏။ တိုက်ပွဲအတွင်းက သူ့အရာရှိငယ်နှစ်ဦး၏ အကြောင်းကို ယူက ပြောပြသည်။ ထိုအရာရှိ နှစ်ဦးမှာ သူတို့ ပတ်လည်ရှိ တိုက်ဖော်တိုက်ဖက်များကျဆုံးသဖြင့် စိတ်ဖောက်ပြန်ကြသည့် အကြောင်း များဖြစ်သည်။

✡





(၁၉၅၆)၊ စက်တင်ဘာ (၂၇) ရက်

ဘင်ဂူရီယံနှင့် ယနေ့တွေ့ဆုံရာတွင် ကျွန်ုပ်တို့၏ နိုင်ငံရေး၊ လုံခြုံရေးအခြေ အနေများနှင့် ပတ်သက်၍ ၎င်း၏ အမြင်များ၊ လေ့လာချက်များကို အများဆုံး နားထောင် ခဲ့ရသည်။ အမေရိကန်နှင့် အင်္ဂလိပ်က သူ့ကို နှောင့်ယှက်နေသည့် ပြဿနာများလည်း ပါဝင်သည်။ အမေရိကန်နှင့် ပတ်သက်၍ စိတ်မချမ်းမသာ ဖြစ်နေပြီး အင်္ဂလိပ်နှင့် ပတ်သက်၍မူ မယုံသင်္ကာဖြစ်နေ၏။ အင်္ဂလိပ်သည် အာရပ်တို့နှင့် ချစ်ကြည်မှုကို ထုတ်ဖော်ပြသည့်အနေဖြင့် သူ့တပ်များကို ဂျော်ဒန်နှင့်ပေါင်းပြီး ကျွန်ုပ်တို့အား တိုက် ခိုက်းလိမ့်မည်ဟု သူထင်နေ၏။ အောက်ဖော်ပြပါ အခြေအနေ သုံးရပ်အနက် တစ်ခုခု ဖြစ်ပေါ်လာလျှင် ဂျော်ဒန်နှင့်ကျွန်ုပ်တို့သည် ကြီးမားသော စစ်ပွဲကြီး ဖြစ်ပွားရချေ တော့မည်။

၁။ ကျွန်ုပ်တို့နှင့် အီဂျစ် စစ်ဖြစ်သောအခါ. . ဂျော်ဒန်က အီဂျစ်ကို အကူအညီ ပေးလျှင်. . .

၂။ ဂျော်ဒန်နယ်မြေအတွင်းမှ ခြိမ်းခြောက်တိုက်ခိုက်မှုများ ပေါ်လာပြီး ကျွန်ုပ်တို့ ကလည်း ပြန်လည်တိုက်ခိုက်၍ ကြီးမားကျယ်ပြန့် ပြင်းထန်သည့် တိုက်ပွဲကြီးများ ပေါ်ပေါက်လာလျှင်. . .

၃။ အီရတ်စစ်တပ်များ ဂျော်ဒန်ပြည်အတွင်းသို့ ဝင်ရောက်ကာ အထူးသဖြင့် အစ္စ ရေးနယ်ခြား၌ တပ်စွဲထားမည်ဆိုလျှင် ဂျော်ဒန်နှင့် ကျွန်ုပ်တို့သည် ကျယ်ပြန့် သောစစ်ကြီးတစ်ရပ်ကို ဆင်နွှဲရချေတော့မည်။

ဂျော်ဒန်နှင့် အီရတ်ဆက်ဆံရေးသည် ယခုအချိန်အထိ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း မရှိသေး။ ဂျော်ဒန်သည် အီဂျစ်ဘက်သား လုပ်မည်လော၊ အီရတ် ဘက်သားလုပ်မည်လော၊ နှစ်ဦးစလုံးနှင့် ကင်းလွတ်စွာ နေမည်လောဟူသော အချက် တွင် ဝေ့ဝဲနေဆဲ ရှိ၏။ မည်သို့ဆိုစေ ယခုအချိန်တွင်မူ အီရတ်နှင့်ဘုရင်ချင်း ဆက်ဆံ ရေးများ ပိုမိုခိုင်မာအောင် ဂျော်ဒန် ပြုလုပ်နေသည်ကိုမူ မြင်တွေ့ရလေသည်။

ဂျော်ဒန်စစ်ဦးစီးချုပ် အလီအဘူနာဝါသည် ဖွန်လအတွင်းက အီရတ်နိုင်ငံသို့ သွားရောက်လည်ပတ်၏။ ထိုသို့ သွားရောက်လည်ပတ်ခြင်းကြောင့် နှစ်နိုင်ငံ စစ်ဦးစီး ချုပ်များနှင့် ကာကွယ်ရေးဝန်ကြီးများ ပူးတွဲကော်မတီတစ်ရပ်ကို ဖွဲ့စည်းဖြစ်ခဲ့ကြသည်။ ဂျော်ဒန်နိုင်ငံကို အီရတ်က ကူညီရန် လမ်းစများ ရှာဖွေရေးအတွက် ဖြစ်သည်။

ဂျော်ဒန်က အကူအညီ လိုအပ်လျှင် အဆင်သင့်ပေးပို့နိုင်အောင် ဂျော်ဒန် အီရတ်နယ်ခြား၌ အီရတ်စစ်ကူတပ်မတစ်ခုကို တပ်စွဲထားရန် ကော်မတီက ဦးဦးဖျားဖျား ဆုံးဖြတ်လိုက်ကြ၏။

အစ္စရေးနှင့် ဂျော်ဒန်ပြဿနာ ဆိုးရွားလာသည့်တွင် ဂျော်ဒန်ဘုရင်ဟူစိန် သည် အီရတ်သို့ သွားပြီး ဟာဘာနီယာလေဆိပ်၌ အီရတ်ဘုရင် ဖေစယ်နှင့် တွေ့ဆုံ သည်။ အဆိုပါ အထူးအစည်းအဝေးပွဲကို ကျင်းပရခြင်းအကြောင်းမှာ အီရတ်တပ်များကို ဂျော်ဒန်ပြည်တွင်းသို့ ရွှေ့ပြောင်းထားရန် ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဘင်ဂူရီယံကမူ အီရတ်တပ်မကို အစ္စရေးနယ်စပ်တွင် တပ်စွဲထားစေလိမ့်မည်ဟု ထင်မှတ်၏။ ထို့ကြောင့် အီရတ်စစ်တပ်ကို နယ်စပ်တွင် ချထားမည်ဆိုပါက အစ္စရေးစစ်တပ်ကိုလည်း ဂျော်ဒန် အနောက်ဘက်ကမ်းသို့ စေလွှတ်တပ်စွဲထားစေမည်ဖြစ်ကြောင်းဖြင့် ဘင်ဂူရီယံက အတိအလင်းထုတ်ဖော်ကြေညာသည်။ ကြေညာသည့်အတိုင်း သူ တကယ်လုပ်မည်လော။ ထိုသို့ လုပ်ခြင်းအားဖြင့် အီရတ်နှင့် ဂျော်ဒန်တို့ နောက်တွန့်သွားရန် ခြိမ်းခြောက်ခြင်းဖြစ်သည်ဟု သူ ယုံကြည်သလောဟူသော အချက်ကိုမူ ကျွန်ုပ် အတိအကျမသိရပါ။ အခြေအနေအရပ်ရပ်ကြောင့် အစ္စရေးနှင့် ဂျော်ဒန်တို့သည် ထိုအချိန်က များစွာ တင်းမာလျက် ရှိလေသည်။ နယ်စပ်တွင် တိုက်ပွဲများ၊ ပဋိပက္ခများ ဖြစ်ပွားနေ၏။ အီရတ် စစ်တပ်များ ဝင်လာနိုင်ရန် ဂျော်ဒန်က တံခါးများဖွင့်ပေးထား၏။ ဂျော်ဒန်နှင့်ကျွန်ုပ်တို့ စစ်ဖြစ်ကြလျှင် ဗြိတိန်နိုင်ငံက မည်သို့ဆောင်ရွက်မည်ကိုမူ မှန်းဆ၍မရပါ။

✡

## (၁၉၅၆)၊ စက်တင်ဘာ (၂၈) ရက်

စစ်ဦးစီးအဖွဲ့ အစည်းအဝေးကို နံနက် (၁၀)နာရီတွင်ကျင်းပသည်။ ပဲရစ်မြို့သို့ ယနေ့ည ကျွန်ုပ်တို့ ထွက်ခွာသွားမည်။ စစ်လက်နက် ပစ္စည်းများ ပြင်သစ်နိုင်ငံမှ ရရှိရန် ကျွန်ုပ်တို့ ကြိုးပမ်းနေကြရာ ထိုအတွက် စာရင်းများပြီးစီးအောင် ပြုလုပ်ရန်လည်း ရှိသည်။ ကျွန်ုပ်တို့တွင် မပြည့်စုံဘဲ လိုအပ်နေသော အရာများကို စစ်ဆေးရမည်။ မည်သို့ဆိုစေ အရေးအကြီးဆုံးနှင့် မရှိမဖြစ်သော ပစ္စည်းများကိုသာ ကျွန်ုပ်တို့ ရယူလိုပါသည်။ အခြားအရေးမကြီးသော၊ မရှိလျှင်လည်းဖြစ်သော ပစ္စည်းများကို ဖြတ်တောက်ပစ်ရမည်။

ကျွန်ုပ်တို့စစ်တပ်ကို သူတစ်ပါးအထင်ကြီးလာအောင် မပြုလုပ်လိုပါ။ ထို့ပြင် အမှန်တကယ် လိုအပ်သော စစ်လက်နက်ပစ္စည်းများကို ရယူခြင်းထက် စစ်လက်နက်အသစ်အဆန်းများဖြင့် နောက်ဆုံးအချိန်ကလေးတွင် ကျွန်ုပ်တို့စစ်တပ်ကို တပ်ဆင်မပေးလိုပါ။ အထိရောက်ဆုံးသော လက်နက်များသာ ဖြစ်စေလိုသည်။ တပ်ဦးသို့ ချီတက်ရမည့် လမ်းကြောင်းများကို မပိတ်ဆို့မိရန်သာ အရေးကြီးသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့ရေးဆွဲထားသည့် စာရင်းဇယားသည် အလွန်တိကျလှသည်။ အမှန်တကယ် လိုအပ်နေသော ပစ္စည်းများသာ ဖြစ်သည်။ ထိုစာရင်းတွင် တင့်ကားများ၊ တင့်ကား သယ်ယူပို့ဆောင်ရေးယာဉ်များ၊ တင့်ကားခါးပြတ်များ (ရှေ့တွင် ဘီးနှစ်ဘီးတပ်ပြီး နောက်မှ ချိန်းကြိုးနှင့် မောင်းကာ သဲကန္တာရတွင်း စစ်ဆင်ရာ၌ သယ်ယူပို့ဆောင်ရေးနှင့် စစ်ချီစစ်တက်ရာတွင် အသုံးပြုသော ကားများဖြစ်သည်)၊ ဘဇူကာများနှင့် သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံများ ဖြစ်သည်။

ညဦး (၇)နာရီ၌ စစ်လေယာဉ်ကွင်းမှ ကျွန်ုပ်တို့ ထွက်ခွာလာခဲ့သည်။ ဘိုင်ဇာတာမှတစ်ဆင့် ပဲရစ်မြို့သို့ သွားရန်ဖြစ်၏။ ကျွန်ုပ်တို့သည် လေယာဉ်ကွင်းအမှတ်အယ်လ်တွင်ဆင်းရန် စီစဉ်ထားပြီး လေယာဉ်ကွင်းအမှတ်ဒီတွင် ဆင်းခဲ့ရ၏။





လေကြောင်းလမ်းပြ၏ မှားယွင်းမှုကြောင့် ဖြစ်သည်။ ကွင်းအမှတ် အယ်လ်တွင်ဆင်းရန်ဖြစ်သော်လည်း အကြောင်းတစ်ခုခုကြောင့် ထိုကွင်းကို ရှာမတွေ့ပါ။ ပြင်သစ်လေယာဉ်များ ရပ်ထားသော အခြားလေယာဉ်ကွင်းတစ်ခုကို ရုတ်တရက် တွေ့ကြသည်။ ကွင်းအမှတ်ဒီဖြစ်ဖွယ်ရာ အကြောင်းရှိသည်။

“ဘာလေယာဉ်ကွင်းပဲဖြစ်ဖြစ်၊ ဒါဟာ ကျွန်တော်တို့မိတ်ဆွေ လေယာဉ်ကွင်းပဲဖြစ်ရမယ်၊ ရပ်ထားတဲ့ လေယာဉ်ပျံတွေဟာ ကျွန်တော်တို့ လေယာဉ်ပျံတွေပဲ”

လေယာဉ်မှူးက ဆုံးဖြတ်ပြီး ဆင်းခွင့်ကို တောင်းလိုက်သည်။ လေယာဉ်ကွင်းတပ်မှူးကလည်း ဤလေယာဉ်ပျံရောက်လာမည်ဟု အကြောင်းကြားထားချက်မရ။ သို့သော် မိမိတို့လေယာဉ်ပင် ဖြစ်ရမည်ဟု ဆုံးဖြတ်ပြီး ဆင်းခွင့်ပေးလိုက်၏။ ကျွန်ုပ်တို့စီးလာသော လေယာဉ်ပျံမှာ ကျွန်တော်တို့ကို ခေါ်ရန် နေ့လယ်က ရောက်လာသည့် ပြင်သစ်လေယာဉ် ဖြစ်လေသည်။

ဘိုင်ဇာတာသို့ (၇)နာရီခွဲကြာအောင် ပျံသန်းရ၏။ လေယာဉ်အမှုထမ်းများနှင့် ကျွန်ုပ်တို့ အတူတကွ စားသောက်ကြ၏။ ဘိုင်ဇာတာသို့ ရောက်သည်တွင် လေယာဉ်ကွင်း၌ ပြင်သစ်စစ်ဦးစီးအဖွဲ့မှ ဗိုလ်မှူးတစ်ယောက်က လာကြိုပြီး စစ်စခန်းတပ်မှူးထံသို့ ခေါ်သွားသည်။ တပ်မှူးနှင့် ညစာအတူစားပြီး နောက်တစ်နေ့ (၂၉) ရက်၊ နံနက် (၅) နာရီတွင် ပဲရစ်မြို့သို့ ထွက်ခွာလာခဲ့သည်။

✡

## (၁၉၅၆)၊ အောက်တိုဘာ (၁) ရက်

ပြင်သစ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အယ်လီနှင့်ကျွန်ုပ်တို့ ယနေ့နံနက်တွေ့ဆုံကြသည်။ အစည်းအဝေးကို ပြင်သစ်ကာကွယ်ရေးဝန်ကြီး မောရစ်ဘိုးဂက်မော်နိုရီ၏ နိုင်ငံရေးအကြံပေးအရာရှိ ကျွန်ုပ်တို့ မိတ်ဆွေကြီး လူးဝစ်မင်ဂျင်၏ နေအိမ်တွင် ကျင်းပသည်။

အစ္စရေးဘက်က ကျွန်ုပ်နှင့်အတူ စစ်သံမှူးရုံးမှ အရာရှိများ တက်ရောက်ကြ၏။ ပြင်သစ်တို့ဘက်က ဗိုလ်ချုပ်ကြီးအယ်လီ၊ ၎င်း၏ လေတပ်မတော်ဆိုင်ရာ လက်ထောက်ဗိုလ်ချုပ်ကြီး မောရစ်ရှာလီ၊ ရှာလီ၏ လက်ထောက်ဗိုလ်ချုပ် မာတင်၊ စစ်ဦးစီးဌာနစစ်ဆင်ရေး ဌာနခွဲမှူး ဗိုလ်မှူးကြီးဆိုင်းမွန်း၊ ရေတပ်မှအရာရှိတစ်ဦးနှင့် လူးဝစ်မင်ဂျင်တို့ တက်ရောက်ကြသည်။

ဗိုလ်ချုပ်ကြီးအယ်လီသည် ကျွန်ုပ်တို့ကို တရင်းတနှီးလှိုက်လှဲစွာ ပြောဆိုဆက်ဆံ၏။ သူ၏ပြောဟန်ဆိုဟန်မှာ ကျွန်ုပ်သိရှိသည့် အခြားသော ပြင်သစ်ခေါင်းဆောင်များနှင့်မတူပါ။ သူသည်အရပ်ရှည်၏။ ဆံပင်ဖြူ၏။ ပညာတတ်ကြီး တစ်ယောက်ကဲ့သို့ ပြောဆိုတတ်၍ စဉ်းစားချင့်ချိန်တတ်သူအဖြစ် အကဲခတ်၍ ရသည်။ လက်မခံနိုင်စွမ်းချေ။ အစည်းအဝေး ကျင်းပရသောအကြောင်းမှာ နှစ်ဦးနှစ်ဖက် ရရှိထားသည့် သတင်းများဖလှယ်ရန်နှင့် ပစ္စည်းများနှင့်ပတ်သက်ပြီး အစီအစဉ်ပြုလုပ်ရန် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အီဂျစ်စစ်တပ်၏အင်အားကို အယ်လီက စတင်မေးမြန်းသည်။ ကျွန်ုပ်တို့ သိရှိထားသည့်အတိုင်း ပြောပြလိုက်၏။ ကျွန်ုပ်တို့ ရရှိထားသည့်သတင်းနှင့် သူ ရရှိထားသည့် သတင်းများမှာ တူညီနေပုံရပါသည်။ ထို့နောက် ဆက်လက်၍ ကျွန်ုပ်တို့၏ လုံခြုံရေး ပြဿနာများကိုလည်းကောင်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် အဖြစ်အပျက်များနှင့်ပတ်သက်၍ ကျွန်ုပ်၏ထင်မြင်ချက်ကို လည်းကောင်း၊ ပြင်သစ်က အစ္စရေးကို မည်ကဲ့သို့ကူညီရမည်ကိုလည်းကောင်း မေးမြန်းသည်။

သူ၏မေးခွန်းများသည် သူ၏ရည်ရွယ်ချက်ကို ဖော်ပြသော မေးခွန်းများပင် ဖြစ်နေ၏။ ဗိုလ်ချုပ်ကြီးအယ်လီသည် ကျွန်ုပ်တို့ကိုကူညီရန် များစွာ စိတ်အားထက်သန်နေသော်လည်း စူးအက်တူးမြောင်းနှင့် ပတ်သက်သည့် ပြင်သစ်အစီအစဉ်များကို ထုတ်ဖော်ပြောဆိုလိုဟန် မရှိချေ။ ထိုပြဿနာများကို အယ်လီနှင့်ဆွေးနွေးရန် ကျွန်ုပ်၏ ကြိုးပမ်းမှုများသည် အကျိုးမဲ့ ဖြစ်ရတော့၏။

ပြင်သစ်ထံမှ မည်သည့်လက်နက်ပစ္စည်းများကို အလိုရှိကြောင်း အစည်းအဝေးပြီးခါနီးတွင် အယ်လီက ကျွန်ုပ်ကို မေးသည်။

ကျွန်ုပ်က စာရင်းတစ်ခု သူ့ကို လှမ်းပေးလိုက်သည်။

ထိုစာရင်းထဲတွင် စူပါရှားမင်းအမျိုးအစား တင့်ကား (၁၀၀)၊ တင့်ကားခါးပြတ်အစီး (၃၀၀)၊ တင့်ကားသယ်ယူပို့ဆောင်ရေးယာဉ် (၅၀)၊ လေးဘီးစလုံးမောင်းနိုင်သော ထရပ်ကား (၃၀၀)၊ ဘဇူကာ (၁၀၀၀)နှင့် သယ်ယူပို့ဆောင်ရေးလေယာဉ်ပျံ တပ်ဖွဲ့တစ်ဖွဲ့ ပါဝင်သည်။

ကျွန်ုပ်တို့ အစ္စရေးလက်နက်ကိုင်အင်အားကို ယခု အစည်းအဝေးမတိုင်မီက သူ့အား ပြောပြထားသည်၊ မထားသည်ကို မသိပါ။ သို့သော် ကျွန်ုပ်တို့၏ အင်အားနှင့် တိုက်ခိုက်နိုင်စွမ်းကို ပြောပြသည်တွင် သူ များစွာ အံ့သြသွားကြောင်း မြင်တွေ့ရသည်။ ကျွန်ုပ်တို့၏ စစ်လက်နက်ပစ္စည်း၊ အပိုပစ္စည်းနှင့် ရိက္ခာသည် စစ်ပွဲတစ်ပွဲကို ရက်ပေါင်း (၂၀) မှ (၃၀) အထိသာ တိုက်ခိုက်နိုင်သည့် အင်အားရှိကြောင်း၊ သယ်ယူပို့ဆောင်ရေး လေယာဉ်တပ်ဖွဲ့တစ်ခုသာရှိကြောင်း၊ သံချပ်ကာကားနှင့် တင့်ကားတပ်တွင် ရှားမင်းမတ် (၃) အမျိုးအစား တင့်ကားများသာ ရှိကြောင်းဖြင့် ရှင်းပြလိုက်သည်။ ထိုအင်အားများကို အကုန်သုံးပြီး တိုက်ရလျှင် ရက်ပေါင်း (၃၀) ထက်ပို၍ စစ်မတိုက်နိုင်ပါ။

မည်သို့ပင်ဆိုစေ ပစ္စည်းတစ်စုံတစ်ရာမရရှိသော်လည်း ကျွန်ုပ်တို့၏ လက်ရှိစစ်အင်အားဖြင့် ရန်သူတပ်များကို အနိုင်ယူအောင်ပွဲခံနိုင်ရမည်။ ဆီနိုင်းကျွန်းဆွယ်ကို (၁၄)ရက်ဖြင့် အပြီးတိုင်သိမ်းပိုက်ရယူမည် . . . စသည်ဖြင့် ကျွန်ုပ်၏ယုံကြည်ချက်ကို ဗိုလ်ချုပ်ကြီး အယ်လီအားပြောပြလိုက်သည်။ တင့်ကားများမရလျှင် ဘဇူကာကိုပင် ဂျစ်ကားများနှင့် ကွပ်ကဲမှု ဆက်သွယ်ရေးယာဉ်များပေါ် တင်ပြီး တိုက်မည်။ ကျွန်ုပ်တို့၏ အဓိကပြဿနာမှာ သဲကန္တာရကို ဖြတ်ကျော်ချီတက်နိုင်မည့် မော်တော်ယာဉ်များပင် ဖြစ်သည်။ အီဂျစ်တို့၏သံချပ်ကာတပ်ကို အနိုင်ယူရန် မည်မျှခက်ခဲမည်ကို မသိသော်လည်း သဲကန္တာရကို ကျော်ဖြတ်ရေးသည် များစွာ ခက်ခဲကြောင်းကိုမူ ကျွန်ုပ် ကောင်းစွာ သိရှိထားပါသည်။





သဲကန္တာရကို ကျော်ဖြတ်ပြီး တပ်များ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ အစားအသောက်ရိက္ခာပစ္စည်းများနှင့် အခြား ထောက်ပံ့မှုများကို ရှမ်အယ်ရှိတ်သို့ ပို့ရမည်။ ထို့အတွက် သင့်လျော်သော သယ်ယူပို့ဆောင်ရေးယာဉ်များကို ကျွန်ုပ်တို့ လိုအပ်နေပါသည်။ ထိုအချက်များအားလုံး ကျွန်ုပ်က ရှင်းပြသည်။

ဗိုလ်ချုပ်ကြီးအယ်လီသည် စစ်လက်နက်ပစ္စည်းစာရင်းကို စူးစိုက်ကြည့်နေပြီး အစ္စရေး၏မေတ္တာရပ်ခံမှုကို ကျေနပ်လောက်အောင် သူ ကြိုးစားဆောင်ရွက်ပေးပါမည်။ သို့သော်လည်း သူ့တွင် အခက်အခဲများရှိနေသည်။ အယ်လ်ဂျီးယားစ်တွင်ရှိသည့် စစ်တပ်ကလည်း လက်နက်ထပ်မံတပ်ဆင်ဖြည့်စွက်ပေးရန် တစာစာတောင်းနေသည်။ စူးအက်စစ်ဆင်ရေးအတွက် ဆိုက်ပရပ်စ်တွင်ရှိသည့် စစ်အင်အားကိုပါ လျှော့ချရန် အကြောင်းရှိနေသည်ဟု ပြောပြသည်။

အစ္စရေးတပ်မတော်တွင် အရန်တပ်များက အများစုဖြစ်ကြောင်း ထိုအစည်းအဝေးမှာပင် အယ်လီကို ကျွန်ုပ် ရှင်းပြ၏။ အဆိုပါ အရန်တပ်သားများကို စစ်လက်နက်နှင့် ပစ္စည်းများ တပ်ဆင်ပေးရန် အလုံအလောက် မရှိကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် အရပ်သားပိုင် မော်တော်ကားများကို အသုံးပြုကာ ကိုယ်ပိုင်အဝတ်အစားများကိုပင် ဝတ်ဆင်ပြီး စစ်မြေပြင်ဆင်ကြရမည်ဖြစ်ကြောင်း သူ့အား ရှင်းပြသည်။ ဗိုလ်ချုပ်ကြီး အယ်လီသည် (၁၈)ရာစုက အရပ်သားတပ်မတော်ကြီးများကို ပြန်လည် တွေးတောနေသည်ဟု ထင်မှတ်ရသည်။

အစ္စရေးသို့ ယနေ့ည ပြန်မည်။ မိုးရွာနေသောကြောင့် လေယာဉ်မထွက်ခွာမီ ပဲရစ်မြို့လမ်းများပေါ်၌ လျှောက်ကြည့်ရန် ဆုံးဖြတ်ပြီး ထွက်လာကြ၏။ လက်ဖက်ရည်သောက်အပြီး ဆိုင်မှအထွက်တွင် စားပွဲတစ်ခုမှ အော်ဟစ်ပြောဆိုလိုက်သော အသံတစ်ခုကို အောက်ပါအတိုင်းကြားရသည်။

"ဟော့ . . . ဟော့ . . . တို့အနားက ဘယ်သူတွေ ဖြတ်သွားသလဲ၊ မြင်လိုက်ကြရဲ့လား၊ မိုရှေဒါယန်နဲ့ ရှီမွန်ပီရီကွ၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ လျှို့ဝှက်မှုတစ်ခုခု ရှိနေပြီနဲ့တူတယ်၊ မိုရှေဒါယန်က သူ့ကိုမမှတ်မိအောင် မျက်မှန်အနက် တပ်ထားတယ်"

✡

(၁၉၅၆)၊ အောက်တိုဘာ (၂) ရက်

ည (၈)နာရီတွင် စစ်ဦးစီးအဖွဲ့အစည်းအဝေးကို ကျွန်ုပ် ဆင့်ခေါ်ကျင်းပသည်။ ကြိုတင်သတိပေးထားသည့်အမိန့်ကို ပေးရန်ဖြစ်သည်။ နတ်ဆာကို တိုက်ခိုက်ရန် အစိုးရအဖွဲ့က မဆုံးဖြတ်သေးသော်လည်း ထိုဆုံးဖြတ်ချက်ကိုပင် ချရတော့မည်ဖြစ်ကြောင်းဖြင့် စစ်ဦးစီးအဖွဲ့ဝင်များကို ရှင်းပြလိုက်၏။ (၁၉၅၆) ခု၊ အောက်တိုဘာလ (၂၀)ရက်နေ့လောက်တွင် စတင်၍ စစ်ဖြစ်ပွားမည်ဟု ခန့်မှန်းကြောင်း၊ ထိုစစ်ကို ရက်သတ္တ သုံးပတ်ဖြင့်အပြီးတိုက်ရမည်ဖြစ်ကြောင်း၊ စူးအက်တူးမြောင်းကို ပြည်သူပိုင်သိမ်းမှုနှင့် ပတ်သက်ပြီး အင်္ဂလိပ်နှင့်ပြင်သစ်တို့ မကျေမချမ်းဖြစ်နေကြခိုက် အဲဂွာဘာပင်လယ်ကွေ့ ပိတ်ဆို့

www.burmeseclassic.com

မှုကို ဆန့်ကျင်ရန် အစိုးရက စစ်ရေးအရ ဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း၊ ထိုရည်မှန်းချက်များအတွက် ဆီနိုင်းကျွန်းဆွယ်ကို မိမိတို့ တိုက်ခိုက်သိမ်းယူရမည် ဖြစ်ကြောင်း၊ ထိုသို့တိုက်ခိုက်ရာတွင် အခြားအာရပ်နိုင်ငံများကပါ အီဂျစ်နှင့်ပေါင်းပြီး မိမိတို့ကို စစ်ပြုလာနိုင်ကြောင်း၊ ထိုအတွက်လည်း ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ဂျော်ဒန်နှင့် ဆီးရီးယားစစ်မျက်နှာများတွင်ပါ လုံခြုံရေးအစီအစဉ်များ ပြုလုပ်ထားရမည် ဖြစ်ကြောင်း၊ လောလောဆယ် အခြေအနေအရ ကျွန်ုပ်တို့၏အရန်တပ်များကို အသုံးချရန် မလိုသေးကြောင်း၊ သို့သော်လည်း ပြင်ဆင်မှုအားလုံးကိုမူ အခုကတည်းက စတင်ပြီး ပြုလုပ်ထားကြရတော့မည်ဖြစ်ကြောင်း၊ အစီအစဉ်များမပေါက်ကြားစေရန် အထူးဂရု စိုက်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြင်ဆင်မှုများပြုလုပ်ရခြင်းမှာ ဂျော်ဒန်ပြည်တွင်းသို့ အီရတ်စစ်တပ်များ ဝင်ရောက်လာသောကြောင့် ဂျော်ဒန်အနောက်ဘက်ကမ်းဒေသကို သိမ်းယူရန် ပြင်ဆင်ခြင်းမျှသာ ဖြစ်သည်ဟု ရှင်းပြကြရန်ဖြစ်ကြောင်း ကျွန်ုပ်က ရှင်းလင်းပြောဆိုညွှန်ကြားသည်။

နိုင်ငံခြားတိုင်းပြည်များ၌ သင်တန်းသွားတက်နေကြသည့် အရာရှိများအားလုံးကို ပြန်ခေါ်လိုက်ရန်ပါ အမိန့်ပေးလိုက်သည်။ ယခု စစ်ပွဲတွင် ၎င်းတို့ ကိုယ်တိုင်ကိုယ်ကျပါဝင်တိုက်ခိုက်လျှင် စစ်ကျောင်းများ၌ လေ့ကျင့်နေရသည်ထက် ၎င်းတို့အတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ ပညာတိုးမည်ဖြစ်ကြောင်း ကျွန်ုပ်က ပြောပြပါသည်။ ထိုမျှမက ထိုသူများသည် ကျွန်ုပ်တို့၏ရဲဘော်များပင် ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့က စစ်ပွဲကြီးတစ်ခုကို ဆင်နွှဲနေခိုက် ပြင်သစ်နှင့် ဗြိတိန်ရှိ စစ်တက္ကသိုလ်များမှ စာသင်ခန်းများထဲတွင် ၎င်းတို့ကို ထိုင်နိုင်းထားမည်ဆိုပါက ကျွန်ုပ်တို့အား မည်သူကမျှ ခွင့်လွှတ်ကြတော့မည် မဟုတ်ချေ။

သူတို့ကို အစိုးရတပ်မတော်၏အရာရှိများအဖြစ် အရေးပေါ်ခိုက်ထမ်းဆောင်ခွင့်ပေးရပါမည်။

စစ်ဖြစ်ရတော့မည့်အကြောင်းကို အစည်းအဝေးတွင် ကျွန်ုပ် ပြောပြသောအခါ တက်ရောက်လာသူတိုင်း ၎င်းတို့၏ စိတ်စောမှုကို ဖုံးကွယ်ထားရန် ကြိုးစားနေကြသည်။ တည်ငြိမ်ကြောင်းမှုကို ကြိုးစားပြသနေကြသည်။ အစည်းအဝေးခန်းအတွင်း၌ တင်းမာတိတ်ဆိတ်သွားသည်ကို မြင်တွေ့ရပါမည်။ သူတို့အတွက်မူ စစ်ပွဲကြီးသည် စတင်ပေါက်ကွဲပြီဖြစ်နေတော့၏။

စားပွဲဝိုင်းကြီးကို အစိုးရကာကွယ်ရေးတပ်မတော်ကြီး၏ ထိပ်တန်းခေါင်းဆောင်များဖြစ်ကြသော နယ်မြေတပ်မှူးကြီးများ၊ သံချပ်ကာတပ်မကြီးများ၏ တပ်မှူးကြီးများ၊ လေတပ်နှင့်ရေတပ်ဦးစီးများ ဝိုင်းထိုင်နေကြ၏။ သူတို့အားလုံးလိုလို၏ အသက်အရွယ်များမှာ (၃၀)နှင့်(၃၀)ကျော်များသာ ဖြစ်၏။ သူတို့သည် အသက်ငယ်ကြသော်လည်း တာဝန်သိပြီး အတွေ့အကြုံရှိပြီးသော တပ်မှူးများ ဖြစ်ကြသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းက အရာရှိများကို ရွေးချယ်ပြီး တိုက်ခိုက်ရေးတပ်များတွင် ကွပ်ကဲစေခဲ့သည်။ သူတို့သည် တပ်စိတ်ကလေးမှ တပ်မဟာနှင့် တပ်မအထိ ကွပ်ကဲ အုပ်ချုပ်တိုက်ခိုက်နိုင်သော အတွေ့အကြုံများကို ရရှိပြီးခဲ့ကြလေပြီ။





စောစောက ကျွန်ုပ် ထုတ်ပြန်ခဲ့သည့် သတိပေးသည့် အမိန့်ကို သူတို့ကောင်းစွာနားလည်ကြသည်။ လွန်ခဲ့သည့်နှစ်များကတည်းက အာရပ်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုမှ မြင့်မားကြီးထွားလာခဲ့သည်။ ထိုအရေးအခင်းများနှင့် ပတ်သက်ပြီး ၎င်းတို့ကို စိတ်မာတ်ရေးအရပါ ကျွန်ုပ်တို့ လေ့ကျင့်ပေးခဲ့ပြီး ဖြစ်၏။ ဖြေရှင်းနိုင်စွမ်းမရှိဘဲ လိပ်ခဲတည်းလည်းဖြစ်နေသည့် အဆိုပါအကြမ်းဖက်မှုများကို တွန်းလှန်ရန် ကျွန်ုပ်တို့၏ စစ်သားကျော်များ၏သွေးသည် မည်မျှတန်ဖိုးရှိကြောင်း ၎င်းတို့ သဘောပေါက်နားလည်ကြပြီး ဖြစ်သည်။

အဆုံးအဖြတ်ပေးမည့် စစ်ပွဲ၏ ရည်ရွယ်ချက်များကို ယနေ့ည ရှင်းပြသည်။ ရည်ရွယ်ချက်သည် မြောက်ပိုင်းဒေသတွင် အယ်လ်အရစ်ရှ်မှ အီဂျစ်တပ်များကို တိုက်ထုတ်ပစ်ရန်၊ တောင်ပိုင်းဒေသတွင် ရှမ်အယ်လ်ရှိတ်မှ အီဂျစ်တပ်များကို တိုက်ထုတ်ပစ်ရန်၊ ထိုစစ်ပွဲအောင်မြင်သည်နှင့် တစ်ပြိုင်တည်း အီလတ်မြို့သို့ အစိုးရသင်္ဘောများ လွတ်လပ်စွာ ခုတ်မောင်းခွင့်ရမည်၊ ဂါဇာကမ်းမြောင်ဒေသနှင့် ဆီနိုင်းကျွန်းဆွယ်ကို ခြေ(ဖ)ုတ်ယူပြီး အကြမ်းဖက်တိုက်ခိုက် ခြိမ်းခြောက်နေသည့် အီဂျစ် အကြမ်းဖက်သမားများကို မောင်းထုတ်ပစ်နိုင်မည် စသည်ဖြင့် ရှင်းပြလိုက်၏။

ကျွန်ုပ် ရှင်းလင်းပြောဆိုပြီးသောအခါ မေးခွန်းများ အမြောက်အမြား ပေါ်ထွက်လာ၏။ မေးခွန်းအားလုံးလိုလိုသည် လူအင်အား၊ အရန်ပစ္စည်းအခြေအနေ၊ တပ်ဖွဲ့များသို့ စစ်သေနာပတိဌာနချုပ် စတိုများမှ လက်နက်ခဲယမ်းမီးကျောက်များ ပေးပို့ရေးအစီအစဉ် စသည်များနှင့် ပတ်သက်သော မေးခွန်းများသာ ဖြစ်သည်။ လောလောဆယ် စစ်ရေးနှင့် မသက်ဆိုင်သည့် မေးခွန်းတစ်ခုလည်း ပေါ်ထွက်လာ၏။ ရုရှနိုင်ငံမှ အပျော်တမ်းတပ်များပေးပို့ရန် အလားအလာရှိသလော၊ ဆိုဗီယက် အုပ်စုဝင် နိုင်ငံများအနက် နိုင်ငံတစ်ခုက အီဂျစ်ကို အကူအညီပေးသည့် အနေဖြင့် စေလွှတ်ရန် ရှိသလောဟူသော မေးခွန်းဖြစ်၏။ ဗိုလ်မှူးချုပ်ဝိုင်က မေးမြန်းခြင်း ဖြစ်သည်။

ဤမေးခွန်းသည် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ မကြာခဏ ပြန်လှန် မေးမြန်းနေခဲ့ရသော မေးခွန်းဖြစ်လေသည်။ သို့သော်လည်း ထိုပြဿနာသည် နိုင်ငံရေးနှင့် သေနင်္ဂဗျူဟာ အမြင်ဘောင်အတွင်းမှာသာ ရှိခဲ့သည်။ ယနေ့ည အစည်းအဝေးသို့ ရောက်သည်တွင် ယင်းမေးခွန်းသည် ဖြေဆိုရတော့မည့် မေးခွန်းဖြစ်လာ၏။ ကျွန်ုပ်တို့ တပ်မတော်သည် အာရပ်တိုက်ခိုက်ရေးသမားများကိုသာ တိုက်ခိုက်ခဲ့ကြ၏။ တိုက်ခိုက်ရန် စီစဉ်ခဲ့ကြ၏။ စစ်တပ်အင်အားအနေဖြင့်သော်လည်းကောင်း၊ စစ်လက်နက်ပစ္စည်းအနေဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏စစ်တပ်က အာရပ်များထက် အဆမတန် နည်းပါးနေလင့်ကစား ရန်သူတပ်များအားလုံးကို အနိုင်တိုက်ချေမှုန်းနိုင်သည်ဟု ကျွန်ုပ်တို့တပ်မှူးများအားလုံးက အကြွင်းမဲ့ယုံကြည်ထားခဲ့ကြလေသည်။ အရေအတွက်အရမူ နည်းပါးနေလင့်ကစား အရည်အချင်းတွင်မူ မိမိတို့က များစွာသာလွန်ကြောင်း သဘောပေါက် နားလည်ထားကြသောကြောင့်ဖြစ်သည်။ သို့သော် ပိုလန်နှင့်သော်လည်းကောင်း၊ ချက်ကိုဆလိုဗားကီးယားနှင့်သော်လည်းကောင်း၊ ရုရှနှင့်သော်လည်းကောင်း ရင်ဆိုင်ရတော့မည်ဆိုလျှင် ဘာလုပ်ကြမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တစ်ဦးတည်း၏ အဆုံးအဖြတ်အနေဖြင့် အောက်ပါအတိုင်း ကျွန်ုပ်က ပြန်လည်ဖြေကြားသည်။

၁။ စစ်ဖြစ်ပွားသည့်အချိန် တိုတောင်းသည်နှင့်အမျှ မည်သည့်အပျော်တမ်းတပ်မှ ဝင်ရောက်လာချိန်မရသော အကြီးမားဆုံး အခွင့်အရေးကြီးကို ကျွန်ုပ်တို့ ရမည်။

၂။ အကယ်၍ လာမည်ဆိုလျှင်လည်း ထိုအပျော်တမ်းတပ်သည် ချက်ကိုစလိုဗားကီးယား၊ သို့မဟုတ် ပိုလန်နိုင်ငံမှသာ ဖြစ်နိုင်သည်။ ရုရှ မဖြစ်နိုင်။

၃။ အဆိုပါ အပျော်တမ်းတပ်များသည် မြေပြင်တိုက်ခိုက်ရေးတပ်များနှင့် တင့်ကားမောင်းသူများ မဖြစ်နိုင်။ လေယာဉ်မှူးများသာ ဖြစ်နိုင်သည်။ ထို့ကြောင့် ထိုသူများကို ကောင်းကင်ပေါ်မှာသာ ကျွန်ုပ်တို့ တွေ့ဆုံရင်ဆိုင်ရမည်။ အီဂျစ်လေယာဉ်မှူးများကို ရင်ဆိုင်ရသည်ထက် အန္တရာယ်နည်းရမည်ကို ကျွန်ုပ် သံသယမဖြစ်။ မည်သို့ဆိုစေ ချက်နှင့်ပိုလန်တို့ကိုလည်း အရေးစိုက်စရာ မဟုတ်။

ထို့နောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ အစည်းအဝေးကျင်းပနေခိုက် တပ်မှူးများအားလုံးက ၎င်းတို့တပ် ဦးစီးအရာရှိများကို အရန်သင့်နေရန် အကြောင်းကြားလိုက်သည်။ ယခု သူတို့၏တပ်များသို့ ပြန်ကြပြီး ဘီးများလည်ပတ်ရန် စတင်ကြချေပြီ။

(၂၀) ရက်နေ့သို့ ရောက်ရန် (၁၇) ရက်မျှသာ လိုတော့သည်။ ပြင်ဆင်ရန် အချိန်များစွာ မရှိတော့ချေ။ အထူးသဖြင့် လျှို့ဝှက်မှုကို အလေးဂရုပြုနေရသည်နှင့် အရန်တပ်များစစ်ပြင်ခြင်းကို စတင်ပြုလုပ်နိုင်ခြင်းမရှိသေးချေ။ သို့သော် ထိုကိစ္စအတွက် ကျွန်ုပ်ဝမ်းမနည်းပါ။ တွန်းထိုးပြီး တက်သုတ်နှင်ရသောအခါတွင် မပြည့်စုံမှု၊ စနစ်မကျမှုများ ပါလာတတ်စမြဲ ဖြစ်သည်။ တစ်ခုတော့ မုချအောင်ပွဲခံရမည်။ ထိုအရာကား အလစ်ဝင်တိုက်ခိုက်ခြင်း၊ အငိုက်ဖမ်းခြင်းပင် ဖြစ်သည်။

အစီအစဉ်များကို ဖုံးကွယ်ထားနိုင်သည်နှင့်အမျှ လျှို့ဝှက်ထားနိုင်သည်နှင့်အမျှ စစ်ဆင်ရေးမစမချင်း ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နေရာသည် ဆီနိုင်းကျွန်းဆွယ်ဖြစ်ကြောင်း အီဂျစ်တို့ မသိရှိဘဲ နေကြလိမ့်မည်။ စတင်၍ စစ်ထိုးသည့်အခါကျမှပင် ရည်ရွယ်ချက်နေရာကို အီဂျစ် သိမည်။ ထိုအချက်သည် စစ်ရေးအောင်မြင်မှုတွင် အရေးအကြီးဆုံးသော အချက်ဖြစ်၏။ အရန်တပ်များ စစ်ပြင်မည့်ရက်ကို ယခုရက် (စစ်စတင်တိုက်ခိုက်မည့်နေ့ရက်)မတိုင်မီ (၄)ရက်၊ သို့မဟုတ် (၅) ရက် အလိုကျမှ ပြုလုပ်ရွှေ့ဆိုင်းထားခြင်းသည် အလွန်စွန့်စားရမည့်အလုပ်ဖြစ်ကြောင်း ကျွန်ုပ် သိရှိပါသည်။

အရန်တပ်သားများကို ၎င်းတို့၏ လုပ်ငန်းကိုင်ငန်းများ၊ အလုပ်ရုံစက်ရုံများ၊ ရုံးများအတွင်းမှ ဆွဲထုတ်ပြီး လုံလောက်သည့် ပြင်ဆင်မှုမရှိဘဲ စစ်ပွဲကြီးတစ်ခုအတွင်းသို့ တွန်းပို့လိုက်ရမည် ဖြစ်သည်။ ထိုနည်းဖြင့် စစ်တိုက်ရမည်ဆိုခြင်းမှာ များစွာ ခက်ခဲကြောင်း ကျွန်ုပ် သိရှိပါသည်။

သို့သော် ဤသို့ပြုလုပ်ရသည်မှာ တန်ဖိုးရှိပါသည်။

✡





## (၁၉၅၆)၊ အောက်တိုဘာ (၃) ရက်

စစ်ဦးစီးအဖွဲ့ အစည်းအဝေးကို ကျွန်ုပ်၏ ရုံးခန်းတွင် ကျင်းပသည်။ စစ်လက်နက်ပစ္စည်းပြဿနာများကို ဆွေးနွေးကြသည်။ ကြီးကြီးမားမား သဘောမတူညီမှုများ၊ မကျေနပ်မှုများ မရှိချေ။ တိုက်ခိုက်ရေး ခြေလျင်တပ်များနှင့် သံချပ်ကာတပ်များအတွက် စစ်လက်နက်ပစ္စည်းများကို ကျွန်ုပ်တို့ တောင်းဆိုထားသည့်အတိုင်း မဟုတ်သော်လည်း အတော်အသင့် ရရှိမည်ဖြစ်၏။

တင့်ကားခါးပြတ် (၂၀၀)၊ စူပါရှားမင်း တင့်ကား (၁၀၀)၊ တင့်ကား သယ်ယူပို့ဆောင်ရေးယာဉ် (၂၀) နှင့်( ၆ × ၆) ထရပ်ကား (၃၀၀) ပေးပို့မည် ဖြစ်ကြောင်း ပဲရစ်မြို့မှ သတင်းလည်း ရောက်ရှိလာပြီ ဖြစ်၏။

အစည်းအဝေး၏ဒုတိယပိုင်းမှာ စစ်ဆင်ရေးနှင့် ပတ်သက်သည့် ပြဿနာများ၊ အစီအစဉ်များကို ဆွေးနွေးကြသည်။ ထိုအပိုင်းသို့ ရောက်သည့်တွင် သဘောမတူညီမှု၊ မကျေနပ်မှု ပို၍ပင် နည်းပါးသွားသည်။ လေတပ်၏စစ်ဆင်ရေးစီမံမှုများကို စတင်ပြုလုပ်ကြသည်။ လေတပ်အနေဖြင့် အလွန်ကြီးလေးသည့် တာဝန်ကြီးကို ထမ်းဆောင်ရမည်ဖြစ်၏။ တိုက်ခိုက်နိုင်စွမ်းရှိသမျှ စွမ်းအားအကုန်လုံးကို အသုံးပြုပြီး တိုက်ခိုက်ရမည်ဖြစ်၏၊ အီဂျစ်လေယာဉ်ပျံများ မြေပြင်တွင် ရှိနေခိုက် အပြီးတိုင် အလဲထိုးချေမှုန်းနိုင်ရန် အပြည့်အဝ တိတိကျကျ "အငိုက်ဖမ်းခြင်း" မပြုနိုင်ပါက ကျွန်ုပ်တို့၏ စီမံမှုများအားလုံး ပျက်ပြားဆုံးရှုံးရချေတော့မည်။ သဲထဲရေသွန် ဖြစ်ရချေမည်။

ဆက်လက်ပြီး ကြည်းတပ်များဖြစ်သော ခြေလျင်တပ်များ၊ သံချပ်ကာတပ်များ၊ လေထီးတပ်များနှင့် ပတ်သက်၍ သုံးသပ်လေ့လာကြသည်။ အချိန်တိုတိုနှင့် အမြန်ဆုံးချီတက်ရေး၊ အမြန်ဆုံးတိုက်ခိုက်ရေး၊ အမြန်ဆုံးအားဖြည့်ရေးများသည် အရေးအကြီးဆုံးသော အသက်သွေးကြောများပင် ဖြစ်ကြောင်း ကျွန်ုပ်က အလေးအနက်ပြောသည်။ စစ်ပွဲတစ်ခုကို အချိန်ကြာမြင့်စွာ ဆင်နွှဲနေသည်နှင့်အမျှ နိုင်ငံရေးရှုပ်ထွေးမှုများ ကြီးထွားကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာမည်။ အမေရိကန်ပြည်ထောင်စုက အကျပ်ကိုင်မှုများ၊ နိုင်ငံတစ်ခုခုက အပျော်တမ်းတပ်များ ပေးပို့ပြီး အီဂျစ်ဘက်က တိုက်ခိုက်စေမှုများစသည်ဖြင့် အခက်အခဲအကျပ်အတည်းများ ပိုမိုများပြားလာသည်ထက် များပြားလာမည်။ ထို့ကြောင့် ရက်သတ္တနှစ်ပတ်ထက် ပို၍ စစ်တိုက်မနေသင့်။ ထိုအချိန်အတွင်းမှာပင် ကျွန်ုပ်တို့ရည်မှန်းချက်နေရာဖြစ်သော ဆီနိုင်းကျွန်းဆွယ် တစ်ခုလုံးကို အပြီးတိုင် သိမ်းပိုက်ရယူပြီးဖြစ်ရမည်။

မည်သို့ပင်ဆိုစေ ယခုလို အချိန်လုပြီး စစ်ပွဲတစ်ပွဲကို ဆင်နွှဲရသည်မှာ နိုင်ငံရေးပြဿနာတစ်ခုတည်းကြောင့်သာ မဟုတ်သေး။ စစ်ရေးအရလည်း အလိုအပ်ဆုံးသောအချက်ပင် ဖြစ်သည်။ စစ်ဖြစ်သည်နှင့် တစ်ပြိုင်တည်း အမြန်ဆုံး တစ်ရှိန်ထိုးတိုက်ပြီး သိမ်းပိုက်ရန်ရှိသည့် နေရာများကို အမြန်ဆုံးရယူခြင်းသည် ကျွန်ုပ်တို့အတွက် အရေးအကြီးဆုံးသော အချက်ဖြစ်၏။ အီဂျစ်တပ်မတော်ကြီးအပေါ် အောင်ပွဲခံနိုင်ရန် အဓလချာဆုံးသော နည်းလမ်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်သားတစ်ဦးချင်း၊ လေယာဉ်မှူးတစ်ဦးချင်း၊ တင့်ကားအဖွဲ့ဝင်တစ်ဦးချင်း၏ အရည်အချင်းများကို ကျွန်ုပ်တို့မဆိုလိုပါ။ ကျွန်ုပ်တို့ အစ္စရေးတပ်မတော်ကြီးတစ်ခုလုံး၏ အရည်အချင်းကိုသာ ဆိုလိုသည်။ တပ်မတော်ကြီး၏ စစ်ဆင်ရေးဖွဲ့စည်းပုံကိုသာ ဆိုလို ပါသည်။ တပ်မဟာအစုလိုက်၊ တပ်မဟာနှင့် တပ်ရင်းများအလိုက် ရန်သူအီဂျစ် တပ်မတော်ကို စစ်ထိုးရာတွင် အထိရောက်ဆုံး စစ်ထိုးနိုင်ရေးကိုသာ ဆိုလိုသည်။

အီဂျစ်တို့သည် စစ်ဆင်ရာတွင် စနစ်တကျ ရှိပင်ရှိလင့်ကစား ၎င်းတို့၏ကွပ်ကဲ မှုဌာနများကို နောက်ပိုင်းတွင် ထားတတ်သည်။ ရှေ့တန်းစစ်မျက်နှာနှင့် ဝေးလွန်းသည်။ ရှေ့တန်းစစ်မျက်နှာများ၌ တပ်များနေရာချထားမှု ပြောင်းလဲရန်ပေါ် ပေါက်လျှင် ခံစစ်ကြောင်း အသစ်တစ်ခု ပြုလုပ်ရန်၊ လိုအပ်လျှင် တိုက်ခိုက်ရန်၊ ပစ်မှတ်များရှင်းလင်း ပစ်ရန်၊ လိုအပ်လျှင် မူလစီစဉ်ထားသည့်အတိုင်းမဟုတ်ဘဲ တပ်များကို ရွှေ့ပြောင်းလို လျှင် ထိုအပြောင်းအလဲများပြုလုပ်ရန် အချိန်များစွာကုန်တော့သည်။ စဉ်းစားရန်အချိန်၊ တပ်မှူးများအားလုံးထံမှ သတင်းများရောက်ရှိလာရန် စောင့်ရသည့်အချိန်၊ စစ်ဦးစီးချုပ် ဌာနမှ ဆုံးဖြတ်ချက်ရလျှင် ထိုဆုံးဖြတ်ချက်ကို လုံခြုံအောင် ထိန်းသိမ်းရမည့်အချိန်၊ နောက်ပိုင်းတပ်များမှ ရှေ့တန်းစစ်မျက်နှာသို့ အမိန့်ပို့ရာတွင် ယူရသည့်အချိန် စသည် ဖြင့် အချိန်များစွာကုန်လေတော့သည်။

ကျွန်ုပ်တို့ဘက်ကွင်မူ ထိုသို့မဟုတ်။ စစ်ပွဲတစ်ပွဲကို ဆင်နွှဲရာတွင် ကျွန်ုပ်တို့၏ တပ်များသည် အလွန်တရာ ပြောင်းလွယ်ပြင်လွယ်နိုင်သည်။ မူသေမဟုတ်ဘဲ မူရှင်ထား သည်။ စစ်ရေးစစ်ရာသဘောအရ အဆင့်ဆင့်သွားလာနေရမှုနည်းပါးသည်။ စစ်ဆင်ရေး များကို တိုက်ခိုက်နေသည့် တပ်ဖွဲ့များအပေါ် အခြေခံပြီး ဆင်နွှဲ၏။ တပ်မှူးများသည် တိုက်ခိုက်နေသည့် ၎င်းတို့၏ တပ်သားများနှင့် အတူနေကာ သတင်းများကို လက်ခံခြင်း၊ အမိန့်များပေးခြင်းကို တစ်နေရာတည်း တစ်ချိန်တည်းမှာပင်ပြုလုပ်နိုင်သည်။ ထို့ကြောင့် အီဂျစ်တပ်များ တစ်စုံတစ်ရာ မဆုံးဖြတ်မီ၊ တစ်စုံတစ်ရာ အပြောင်းအလဲမပြုလုပ်မီ ကျွန်ုပ်တို့တပ်များက ဆုံးဖြတ်ပြီး၊ ပြောင်းလဲပြုပြင်ပြီး၊ တိုက်ခိုက်ချေမှုန်းပြီး ဖြစ်နေတော့ သည်။

ထိုနည်းအားဖြင့် ယခုစစ်ပွဲတွင် လုံးဝအောင်မြင်ရမည်ဖြစ်ကြောင်း၊ စစ်တိုက် ပြီဆိုသည်နှင့်တစ်ပြိုင်တည်း ရန်သူဘက်က ၎င်းတို့၏ အမှားများကို မြန်မြင်ပြီး ပြင်ဆင် ခွင့်အချိန်မရနိုင်စေရန် ရပ်နားခြင်းမရှိ တရစပ် စစ်ထိုးရမည်ဖြစ်ကြောင်း ကျွန်ုပ် အခိုင် အမာ ယုံကြည်ထားပါသည်။ ဆုံးဖြတ်ထားပါသည်။ ယင်းအချက်မှာ ကျွန်ုပ်တို့ စစ်ဆင် ရေးအစီအမံများ၏ အခြေခံဖြစ်၏။ ရည်ရွယ်ချက် နေရာတစ်ခုစီအတွက် သီးခြားစစ်တပ် များကို စုစည်းတာဝန်ပေးသည်။ ရည်ရွယ်ချက်နေရာ တစ်ခုအတွက် သီးခြားဖွဲ့စည်းကာ တာဝန်ပေးအပ်ခြင်းခံရသော တပ်များသည် မိမိတို့ ရည်မှန်းချက်နေရာကို မရောက် မချင်း၊ သိမ်းပိုက်နိုင်မှုမရှိမချင်း အနားမယူစတမ်း ဆက်တိုက် ထိုးစစ်ဆင်တိုက်ခိုက် ရမည်။ အင်အားကို တိုး၍တိုး၍ အသုံးပြုကာ ဖိတိုက်ပစ်ရမည်။

၄င်းနည်းလမ်းသည် စစ်ပွဲတိုင်းအတွက် မှန်ကန်သည့် စစ်ဆင်နည်း မဟုတ်နိုင် ကြောင်းကို ကျွန်ုပ် သိရှိပါ၏။





သို့သော်လည်း ယခုစစ်ပွဲတွင်မူ ပတ်ဝန်းကျင်အခြေအနေများအရ ထိုနည်း သာလျှင် အမှန်ကန်ဆုံးဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်နေပါသည်။ ရည်ရွယ်ချက်နေရာ သည် ဆီနိုင်းကျွန်းဆွယ်ဖြစ်ပြီး၊ တိုက်ရမည့်ရန်သူမှာ အီဂျစ်ဖြစ်နေသောကြောင့် ယခု စစ်ဆင်ရေးတွင် ယခုနည်းပရိယာယ်ကိုသာ အသုံးပြုတိုက်လိုက်ရပါမည်။ ထို့ပြင်မက ၎င်းနည်းပရိယာယ်သည် ကျွန်ုပ်တို့တပ်မတော်နှင့် ကျွန်ုပ်တို့အရာရှိများအတွက် သင့် လျော်သော နည်းပရိယာယ်လည်း ဖြစ်၏။ အစ္စရေးစစ်တပ်၏ တပ်မှူးတစ်ယောက်ကို ခေါ်ယူပြီး မြေပုံပေါ်မှာရှိသည့် ရှုအက်တူးမြောင်းကို ထောက်ပြကာ အောက်ပါအတိုင်း ကျွန်ုပ်အနေဖြင့် ပြောဆိုနိုင်ပါသည်။

"ဟောဒါဟာ မင်းတိုက်ရမယ့် ပစ်မှတ်ပဲ၊ ဒီဟာကတော့ မင်းချီတက်ရမယ့် စစ်ကြောင်းဖြစ်တယ်၊ စစ်တိုက်နေတုန်း စစ်ကူလူထပ်ဖြည့်ပေးဖို့၊ လက်နက်ခဲယမ်း မီးကျောက်ထပ်ပေးဖို့နဲ့ မော်တော်ယာဉ်ထပ်ပေးဖို့ ငါ့ဆီမှာ ဘာမှမတောင်းနဲ့၊ တို့ တတ်နိုင်သလောက်အားလုံး မင်းရထားပြီးပြီ၊ နောက်ထပ် ပေးစရာလဲ ဘာမှမရှိတော့ဘူး၊ မင်း ထိုးဖောက်ချီတက်သွားတဲ့အကြောင်းတွေကိုသာ သတင်းပြန်ပို့ပေတော့၊ ရှုအက်တူး မြောင်းကို (၄၈)နာရီအတွင်း မင်းရောက်ရမယ်" အစရှိသော အမိန့်မျိုးကို ကျွန်ုပ်ပေးနိုင် ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သောအမိန့်မျိုးကို ကျွန်ုပ်၏တပ်မှူးများသည် တစ်သဝေမတိမ်း လိုက်နာပြီး ဖြစ်မြောက်အောင် အကောင်အထည်ဖော်တတ်သူများ ဖြစ်ကြောင်း ကျွန်ုပ်က ကောင်းစွာ သိရှိထားသောကြောင့် ဖြစ်ပါသည်။

စစ်စတိုက်သည်နှင့်တစ်ပြိုင်တည်း နောက်ပိုင်းမှ အီဂျစ်တပ်ကူများ ရောက် မလာနိုင်အောင် လေထီးတပ်ကို ကျွန်ုပ်တို့၏ နောက်ဆုံး ရည်ရွယ်ချက်နေရာများတွင် ပထမဆုံးချထားပေးရမည်ဖြစ်ကြောင်း၊ ထိုလေထီးတပ်များအနေဖြင့် စစ်ကူရောက် လာသည့် အီဂျစ်တပ်များကို ဆီးကြိုတိုက်ခိုက်ပြီး စစ်ရေးအရ အချက်အချာကျသည့် နေရာများကို သိမ်းပိုက်ထိန်းချုပ်ထားကြရမည်ဖြစ်ကြောင်းကို ကျွန်ုပ်က ရှင်းပြသည်။ လေထီးဆင်းတပ်သားများသည် ကျွန်ုပ်တို့၏ပင်မတပ်များ ၎င်းတို့နှင့် မဆက်သွယ်မိ သေးသမျှကာလပတ်လုံး ရောက်သည့်နေရာမှာပင် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နေကြရမည်။ ပင်မတပ်များအားလုံးသည် (၄၈) နာရီထက် မပိုသောအချိန်အတွင်း ၎င်းတို့နှင့် ဆက်မိ သွားမည်ဟု ကျွန်ုပ် ခန့်မှန်းထား၏။

ကျွန်ုပ်တင်ပြသည့် အစီအမံများကို လက်ခံရေးမှာ အဓိက မဟုတ်ကြောင်း၊ သို့သော်လည်း ထိုအစီအမံများအတိုင်း အကောင်အထည်ဖော်ရေးသည်သာလျှင် ပြဿနာဖြစ်ကြောင်းဖြင့် အစည်းအဝေးတွင် ပြောကြားသည်။ မှန်ပါသည်။ ထို့ကြောင့် လည်း အစီအမံများကို လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများကိုလည်းကောင်း ကျွန်ုပ်တို့ အပြန်ပြန်အလှန်လှန် သုံးသပ်ကြသည်။ တိတိကျကျတွက်ချက်ကြသည်။

စစ်ဆင်ရေးစီမံမှုများသည် ရည်ရွယ်ချက် ကြီးမားလွန်းနေကြောင်း၊ တစ်စုံ တစ်ရာအမှားအယွင်းများကို ထည့်သွင်းတွက်ချက်ထားခြင်းမျိုး မရှိကြောင်း ဆွေးနွေး ကြ၏။



www.burmeseclassic.com

ဤအစီအမံများကို တပ်ဖွဲ့များသို့ချပေးရန် အချိန်မကျသေးကြောင်း၊ ချောမော ပြေပြစ်သည့် အစီအမံများမဟုတ်သေးကြောင်း ဆုံးဖြတ်ပြီး အစည်းအဝေးကို ရပ်နား လိုက်ကြသည်။ နောက်အစည်းအဝေးကို နောက်တစ်ပတ်အတွင်း ကျင်းပရန် သတ်မှတ် ကြသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ယခုအစီအမံများကို ဘဝင်မကျသေးပါ။ အကြွင်းမဲ့ မနှစ်မြို့က်သေးပါ။

ရှေ့တန်းစစ်မျက်နှာ တိုက်ခိုက်မှုနှင့် စစ်ချီတက်မှုအပေါ်တွင် အလွန်အမင်း အခြေခံထားသော နည်းပရိယာယ်ဖြစ်ကြောင်း ကျွန်ုပ် သဘောရပါသည်။ မြောက်ပိုင်း စစ်ကြောင်းကို လေထီးတပ်များ ချပေးရန် အဓိကစခန်းများအဖြစ် စစ်ဆင်မှုဌာနခွဲက ရွေးချယ်သတ်မှတ်ခဲ့သည်။ ထိုသတ်မှတ်ချက်ကို ပြောင်းလဲရပေမည်။ န နာရီ (စစ်စတင် တိုက်ခိုက်မည့်အချိန်) ရောက်လျှင် စူးအက်တူးမြောင်းနှင့် အနီးဆုံးနေရာတွင် အာ ကောင်းသော လေထီးတပ်တစ်ခု ချပြီးဖြစ်နေရမည်။

✡

(၁၉၅၆)၊ အောက်တိုဘာ (၇) ရက်

ယနေ့မနက် စစ်လက်နက်ပစ္စည်းတပ်မကြီး၏ တပ်မှူးနှင့် ကျွန်ုပ် တွေ့ဆုံ သည်၊ စစ်မတိုက်မီ စစ်လက်နက်ပစ္စည်းများနှင့် ပတ်သက်သည့်ပြဿနာကို ဖြေရှင်း ထားပြီးဖြစ်ရမည်။ (ရှေးရှေးက ဖြစ်ပွားခဲ့သည့် စစ်ပွဲများနှင့်ကား မတူညီပါချေ။ ထိုစစ်ပွဲ များတုန်းက တပ်မှူးသည် စစ်တိုက်ချိန်ရောက်ခါမှ သူ၏မြင်းဖြူကြီးပေါ်သို့ လွှားခနဲ ခုန်တက်ပြီး စစ်ဗျူဟာကယ်မှုတ်ကာ ရန်သူများဆီသို့ တစ်ဟုန်ထိုး ချီတက်ပြီး စစ်ထိုးခဲ့ သည်။)

ယခု စစ်ပွဲကြီးတစ်ခုလုံးတွင် ကျွန်ုပ်တို့အသုံးပြုရန် တင့်ကားခါးပြတ် အစီး ပေါင်း (၅၀၀) အနည်းဆုံးလိုသည်၊ ယခု နိုင်ငံခြားမှ အစီး (၁၀၀) ရောက်လာမည်။ ကျွန်ုပ်တို့လက်ထဲတွင် (၇၀)ခန့် ရှိထားသည်။ သဲကန္တာရနှင့် သဲတောင်များကို တင့်ကား ခါးပြတ်များသည်သာလျှင် ဖြတ်ကျော်နိုင်သည်။ ယခုစစ်ပွဲ၌ ထိုကားများကို လုံးဝ အားကိုးရမည့် နေရာများသည် အမြောက်အမြား ဖြစ်ချေ၏။ ကျွန်ုပ်တို့တွင်ရှိထားသည့် ဝီလီဂျစ်ကားများ၊ ထရပ်ကားများသည် စက်ချွတ်ယွင်းမှု၊ အပိုပစ္စည်း မလုံလောက်မှုများ ကြောင့် ဝပ်ရှော့များတွင် ထိုးထားရသည်မှာ အများအပြားပင် ရှိ၏။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ တစ်ပန်းရှုံးနေရပြန်သည်။ ထိုကားများကို ပြည်တွင်းမှာပင် တပ်ဆင်၏။ ယခု ထိုကားများကို ထုတ်လုပ်ပေးသည့် အမေရိကန်ရှိကုမ္ပဏီမှ ကျွမ်းကျင်သူများ ရောက်လာ ရန်ကို စောင့်ဆိုင်းနေရချေပြီ။

နောက်တစ်ခုမှာ တင့်ကားများကိစ္စဖြစ်သည်။ ရှားမင်းအမျိုးအစား တင့်ကား များသည် ဆုံလည်နှင့် အမြောက်များကို အသစ်တပ် ဆင်ပေးရမည် ဖြစ်သည်။ မတ် (၃) အမျိုးအစား တင့်ကားများကိုလည်း ပြင်ဆင်ရမည်၊ သို့လင့်ကစား စစ်ပွဲတွင် အသုံး ချရန် တင့်ကား အနည်းငယ်မျှ ရှိသေးသည်။





ပြင်သစ်တို့၏ အပေါ့စား အေအမ်အိပ်ချ် အမျိုးအစား တင့်ကားများသည် သဲမဝင်နိုင်သည့် ကိရိယာပါသောကြောင့် သဲကန္တာရအတွင်း မောင်းနှင်ရာတွင် ပြဿနာ မပေါ်ပါချေ။

ရိုင်ဖယ်သေနတ်များနှင့် ပတ်သက်၍လည်း ကျွန်ုပ်တို့ ဒုက္ခတွေ့နေရပြန်၏။ ဘယ်လ်ဂျီယံပြည်ရှိ အက်ဖ်အင်န်အလုပ်ရုံတွင် ရိုင်ဖယ်သေနတ်များကို မှာထားသည်။ ကျွန်ုပ်တို့၏စစ်လက်နက်ပစ္စည်းပါရဂူများ ဘယ်လ်ဂျီယံသို့ လိုက်သွားသောအခါ ကျွန်ုပ် တို့မှာထားသည့် ပုံစံများအတိုင်း မဟုတ်ဘဲ လွဲမှားနေသည်ကို တွေ့ရသဖြင့် လက်မခံနိုင် ကြောင်းငြင်းခဲ့ရပြန်၏။ ထိုအမျိုးအစားကိုပင် ဆီးရီးယားက မှာထားသောကြောင့် စက်ရုံ အဖို့ နစ်နာမှုမရှိပါ။

လေထီးတပ်သားများ၏ ပစ္စည်းများမှာလည်း အဆင်မပြေ ပြန်ချေ။ ၎င်းတို့ သည် ဆီနိုင်းတွင် ကြီးမားသည့် တာဝန်များကို ထမ်းဆောင်ကြရမည့်သူများ ဖြစ်၏။ လေထီးများ၊ ကြိုးများ စသည်ဖြင့် လိုအပ်သည့် ပစ္စည်းများ လုံလောက်အောင် ပေးရ ချေဦးမည်။

ရိုင်ဖယ်သေနတ်များနှင့် ပတ်သက်၍လည်း ဆုံးဖြတ်ချက်တစ်ခုကို လုပ်ရတော့ သည်။ စစ်လက်နက်ပစ္စည်း တပ်မှူးကိုယ်တိုင် ဘယ်လ်ဂျီယံသို့ သွားပြီး အက်ဖ်အင်န် ကုမ္ပဏီနှင့် အစီအစဉ်များ ပြုလုပ်ရန် ဖြစ်သည်။ ရိုင်ဖယ်ရမှ ဖြစ်တော့မည်။ ရှားမင်းတင့် ကားများအတွက် အပိုပစ္စည်းများလည်း လိုနေ၏။ ရှီမွန်ပီရိက ရအောင် သူဆောင်ရွက် ပေးမည်ဟု ကတိပေး၏။ လေယာဉ်ပျံနှင့် သယ်ယူရန်မှာ များစွာ စရိတ်စကကြီးလေး လှလေသည်။ သို့သော်လည်း လေယာဉ်ပျံနှင့် သယ်ရန်မှတစ်ပါး အခြား နည်းလမ်း ကျွန်ုပ်တွင် မရှိတော့ပါ။ လေထီးပစ္စည်းများကို ပြင်သစ်မှ ငှားရမ်းရမည်။ ကျွန်ုပ်တို့တွင် ငွေကြေးအလုံအလောက် မရှိပါ။ စစ်စခန်းများအတွင်းရှိ ရုပ်ရှင်ရုံများကို စစ်လက်နက် ပစ္စည်းဌာနများအဖြစ် အသုံးချ၍ ဖြစ်နိုင်မည့်နည်းလမ်းကို ရှာဖွေရန်ပါ ကျွန်ုပ် အမိန့် ပေးလိုက်ပါသည်။ စစ်ပွဲတစ်ပွဲအတွက် လိုအပ်သည့် အဆောက်အအုံများကို ဆောက် လုပ်ရန် ကျွန်ုပ်တို့တွင် အချိန်လည်းမရှိ၊ ငွေလည်းမရှိ။ ထိုရှိပြီးဖြစ်သည့် အဆောက်အအုံ များကိုပင် ဖြစ်သလိုအသုံးပြုရတော့မည်။ ဘီယာရှီဘာ တောင်ပိုင်းတွင် လက်နက်ခဲယမ်း မီးကျောက်များကို ဖြစ်သလို သိုလှောင်ထားရန် ဆုံးဖြတ်လိုက်ကြရ၏။

စစ်ဦးစီးအဖွဲ့ အစည်းအဝေးတစ်ရပ်ကို ယနေ့ညနေ ကျင်းပသည်။ အရန် တပ်များစုစည်းရေးအတွက် ဆွေးနွေးကြ၏။ ဤနေရာတွင် ပြဿနာတစ်ခု ပေါ်လာ ပြန်၏။ စစ်ဖြစ်လုဆဲဆဲ နောက်ဆုံးအချိန်ကျမှ တပ်များအားလုံးကို စုစည်းချင်ပါသည်။ သို့သော်လည်း ၎င်းတို့ကို ပြင်ဆင်ရန် လုံလောက်သည့်အချိန် ပေးရပါမည်၊ တပ်များ ဖွဲ့စည်းခြင်း၊ တင့်ကားများကို ပြင်ဆင်ခြင်း၊ ရှေ့ပြေးတိုက်ကင်းများ စေလွှတ်ခြင်းနှင့် အခြားမြောက်မြားလှစွာသော စစ်အတွက် လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်ရပါ မည်။ ထိုကိစ္စများအားလုံးအတွက် အချိန်ဇယားတစ်ခုကို ကျွန်ုပ်ထံ တင်ပြကြသည်။

ဂျော်ဒန်နှင့် ဆီးရီးယားဘက်မှ တိုက်ခိုက်လာမည့် အန္တရာယ်ကို ဟန့်တားနိုင် ရန်အတွက် အဆိုပါစစ်မျက်နှာတွင် တပ်များစည်းရုံးခြင်းကို ယ ရက်နှင့် ယ ရက်၏



www.burmeseclassic.com

www.burmeseclassic.com

**နောက်တစ်ရက်တွင်မှ** ပြုလုပ်ရန်၊ စစ်သေနာပတိဌာနချုပ်၏ အရန်တပ်များကိုလည်း အလားတူ ပြုလုပ်ရန်။ ဤကဲ့သို့စီစဉ်ရခြင်းမှာ ဂျော်ဒန်နှင့် ဆီးရီးယားတို့သည် အီဂျစ်ဘက်မှ ကူညီပြီးတိုက်ခိုက်ပေးလိုသည်ဟုဆိုလျှင်လည်း ပြင်ဆင်မှုမရှိဘဲ တိုက်ခိုက်နိုင်ကြမည်မဟုတ်။ ထို့ကြောင့် သူတို့ကိုယ်တိုင် ပြင်ဆင်မှုများ ပြုလုပ်ကြရဦးမည်ဖြစ်သောကြောင့် အချိန်ရနိုင်သည်။ ယင်းအချက်ပေါ်တွင် အခြေခံပြီး ယ ရက်နှင့် ယ ရက်၏ နောက်တစ်နေ့ကို ရွေးချယ်ရခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသကို သိမ်းပိုက်မည့် တပ်ဖွဲ့များအား ယ ရက်မတိုင်မီ လေးရက်အလိုတွင် စုစည်းရန်။ သံချပ်ကာယန္တရား တပ်များအားလုံးကို ယ ရက်မတိုင်မီ ရှစ်ရက်အလိုတွင် စုစည်းရန်။ ရှမ်အယ်လ်ရှိတ်နှင့် နခါလ်ဒေသတောင်ဘက်ပိုင်း စစ်ကြောင်းတစ်လျှောက် ချီတက်မည့် တပ်များအားလုံးကို ယ ရက်မတိုင်မီ ခုနစ်ရက်အလိုတွင် စုစည်းရန် စသည်ဖြင့် အကြံပေးကြ၏။

ယင်းထောက်ခံအကြံပေးချက်များကို မည်သည့်နည်းနှင့်မျှ ကျွန်ုပ် လက်မခံနိုင်ပါ။ စစ်မတိုက်မီ ရက်သတ္တပတ်လုံးလုံး တစ်တိုင်းတစ်ပြည်လုံး၌ အထွေထွေ စစ်စည်းရုံးမှုကြီးကို ကြိုတင်ပြုလုပ်နေသည့် သဘောပင်ဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် အီဂျစ်ကို အငိုက်ဖမ်းရန် အစီအစဉ်မှာ ဗျက်ပြားသွားချေလိမ့်မည်။

ယရက်မတိုင်မီ ရက်အနည်းငယ်အလိုကျမှ အရာရှိများကိုခေါ်ယူရန်၊ သံချပ်ကာတပ်များအားလုံးကို ယရက်မတိုင်မီ သုံးရက်အလို၌ စုစည်းရန်၊ အခြားတပ်ဖွဲ့များအားလုံးကို ယ ရက်မတိုင်မီနှစ်ရက်အလိုတွင် စုစည်းရန်များကို နောက်ဆုံးတွင် ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်ကြလေသည်။

မနေ့ညတုန်းက ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဘင်ဂူရီယံထံမှ စာတစ်စောင်ကို ကျွန်ုပ် ရရှိသည်။ ဆဗုံးတွင် ကျွန်ုပ်တို့၏ အလုပ်သမားများ အသတ်ခံရခြင်းနှင့်ပတ်သက်ပြီး စစ်ရေးအရ တုံ့ပြန်တိုက်ခိုက်ခြင်းကို ယခုအချိန်၌ မပြုလုပ်ရန် ထိုစာထဲတွင် ပါရှိသည်။

(အောက်တိုဘာ ၄ ရက်နေ့က ဆဗုံးရှိ ပိုတက်ဓာတ်ဆားအလုပ်ရုံမှ အလုပ်သမား များကို အကြမ်းဖက်သမားများက ချုံခိုတိုက်ခိုက်ခဲ့သောကြောင့် အလုပ်သမား ငါးယောက်သေဆုံးသွားသည်။ အကြမ်းဖက်သမားများသည် ဂျော်ဒန်ပြည်ဘက်သို့ လွတ်မြောက်ထွက်ပြေးသွားကြ၏။)

အဆိုပါကိစ္စမှာ . . ယခုအချိန်တွင် အရေးကြီးသည့်ကိစ္စဖြစ်ကြောင်း၊ မိမိတို့သည် ကမ္ဘာ့ပြည်သူများ၏ မျက်စိအောက်တွင် အစွပ်အစွဲခံရသူများ မဖြစ်သင့်ကြောင်း၊ ထိုနည်းတူစွာပင် အီဒင်နှင့်ဟမ္မားရှိုးလ်တို့အနေဖြင့် ကန့်ကွက်မှုများ တစ်စုံတစ်ရာ ပြုလုပ်ရန် ဖန်တီးမပေးသင့်ကြောင်း၊ ထိုသို့ဖြစ်လာလျှင် ကျွန်ုပ်တို့အတွက်ပင် အခက်အခဲများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်းဖြင့် ဘင်ဂူရီယံ၏ စာထဲတွင် ဖော်ပြထားလေသည်။

✡





**(၁၉၅၆)၊ အောက်တိုဘာ (၈) ရက်**

ဆီနိုင်းစစ်ပွဲနှင့် ပတ်သက်သော အမိန့်ပေးအဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် ကျွန်ုပ် ဖွဲ့စည်းလိုက်၏။ ဤစစ်ပွဲကို *"ကဒက်ရှ်စစ်ဆင်ရေး"* ဟု လျှို့ဝှက်အမည်ပေးမည် ဖြစ်သည်။ အစီအမံနှင့်ပတ်သက်သည့် ပထမဦးဆုံးသောအမိန့်ကို *"ကဒက်ရှ် ၁"* ဟု အမည်ပေးလိုက်သည်။

(နောက်ဆက်တွဲ-၁) အမိန့်ကို ဖတ်ပြပြီးနောက် မေးခွန်းများကို ဖြေကြားပြီး လိုအပ်သည့်အချက်များကို ရှင်းပြသည်။ ယခုစစ်ပွဲတွင် အောက်ပါအချက်များကို ညွှန်ကြားချက်များအဖြစ် အသုံးပြုမည်ဖြစ်ကြောင်းပြောဆိုပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကျွန်ုပ်တို့ ဆောင်ရွက်ရမည့်တာဝန်သည် မြန်နိုင်သမျှ အမြန်ဆုံး ထိုးစစ်ဆင်ရမည်။ ရန်သူ၏တပ်များကို အမြန်ဆုံး ပြိုကွဲသွားအောင် တိုက်ပြီး ဆီနိုင်းကျွန်းဆွယ် တစ်ခုလုံးကို လုံးဝ သိမ်းပိုက်ထိန်းချုပ်ထားနိုင်ရမည်၊ ရန်သူ၏လက်နက်နှင့် ပစ္စည်းများကို တတ်နိုင်သမျှသိမ်းပိုက်ရမည်၊ သို့သော် ရန်သူတပ်သားများ အများအပြား သေကြေပျက်စီးရန် သတ်ဖြတ်ရန်ကို ကျွန်ုပ်က စိတ်မဝင်စား။ အီဂျစ်တို့အတွက် ထောင်ပေါင်းများစွာသော သေကြေပျက်စီးမှုများ ရှိလင့်ကစား သူတို့အနေဖြင့် အမြန်ဆုံး အစားထိုးနိုင်သည်။ နတ်ဆာအတွက်သော်လည်းကောင်း၊ အခြား အာရပ်ခေါင်းဆောင်များအတွက်သော်လည်းကောင်း၊ လူအင်အားဟူသည်မှာ ဘာမှပြဿနာမရှိ။ အာရပ်စစ်တပ်များ အပေါ်၌ ကျွန်ုပ်တို့ရယူမည့်အောင်ပွဲသည် လူအရေအတွက်ဖြင့် မသက်ဆိုင်စေရ။

ကျွန်ုပ်တို့တပ်ဖွဲ့များသည် ရည်ရွယ်ချက်ကိုထိန်းသိမ်းထားကြရမည်။ ရည်ရွယ်ချက်ဒေသများကို သိမ်းပိုက်ရယူနိုင်သည်အထိ ဆက်လက် ချီတက်တိုက်ခိုက်ရမည်။ ထို့ကြောင့် နောက်ဆုံးရည်မှန်းချက်သို့ ရောက်သည်အထိ ချီတက်တိုက်ခိုက်ရာတွင် လိုအပ်သည်များကို တစ်ပါတည်းယူဆောင်သွားကြရမည်၊ အပြင်ပအထောက်အပံ့များပေါ်တွင် မှီခိုခြင်းမပြုရ။ လမ်းများရှင်းသည်နှင့် တစ်ပြိုင်တည်း ရှေ့သို့သာ ချီတက်ရမည်။ အုပ်ကွဲကျန်နေရစ်ခဲ့သည့် ရန်သူစခန်းများကို ရှင်းလင်းရန်အတွက် ရပ်တန့်နေခြင်း မပြုရ။ အီဂျစ်စစ်တပ်များက တန်ပြန်တိုက်ခိုက်မည်ကို လည်းကောင်း၊ ထောက်ပံ့ရေးလမ်းကြောင်းအား ဖြတ်တောက်ပစ်မည်ကိုလည်းကောင်း စိုးရိမ်နေဖွယ်ရာ အကြောင်းမရှိ။

ကျွန်ုပ်၏ရည်ရွယ်ချက်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် စစ်ဆင်ရေးတွင်ဆောင်ရွက်ရမည့် ဦးစားပေး အဆင့်များကို အောက်ပါအတိုင်း ကျွန်ုပ် အမိန့်ထုတ်လိုက်သည်။

ပထမလေထီးတပ်များ ချပေးရမည်၊ ဒုတိယ ရန်သူစခန်းများကို ကွင်းရှောင်ပြီး ချီတက်ရမည်၊ တတိယ ဖောက်ထွင်းဝင်ရောက်သွားရမည်။ ယင်းဦးစားပေးအဆင့် အမိန့်အတိုင်း အားလုံးဖြစ်မြောက်အောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် ရန်သူနယ်မြေ အတွင်းပိုင်းကျကျရှိ ရည်ရွယ်ချက်နေရာများကို မလွတ်တမ်း သိမ်းပိုက်ရယူနိုင်မည်။

www.burmeseclassic.com

မြေပြင်မှ တိုက်ခိုက်ရင်း ချီတက်လာမည့်တပ်များက အီဂျစ်များနှင့် ရင်ဆိုင်တိုက်ခိုက်နေကြရသည်ထက် လေထီးတပ်များချပေးခြင်းအားဖြင့် စူးအက်တူးမြောင်းသို့ အမြန်ဆုံးရောက်ရှိနိုင်မည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ခြေလျင်တပ်များနှင့်သံချပ်ကာတပ်များကလည်း ဖြစ်နိုင်လျှင် ရန်သူတပ်များကို ကွင်းရှောင်သွားပြီး ရှေ့သို့သာ ဆက်လက်ချီတက်ရမည်။ ရန်သူတပ်များကို နောက်ပိုင်း၌ ထားပစ်ခဲ့ရမည်။ ရန်သူတပ်များကို ကွင်းရှောင်ရန် လမ်းမရှိသောအခါကျမှ သို့တည်းမဟုတ် စစ်ပွဲကြီး၏ နောက်ဆုံးအဆင့်သို့ ရောက်သောအခါကျမှ ရန်သူများနှင့် ထိပ်တိုက်တိုက်ခိုက်ရမည်။ ရန်သူ့စခန်းများအဖော်ကင်းကာ သီးခြားဖြစ်နေလျှင် ၎င်းတို့ကို အီဂျစ်ပြည်တွင်းရှိ အခြေခံစခန်းများနှင့်အဆက်ဖြတ်ပစ်ရမည်။

ထိုသို့ ပြုလုပ်ရခြင်းမှာ စူးအက်တူးမြောင်းအနီးရှိ ကျွန်ုပ်တို့ သိမ်းပိုက်ရမည့် ရန်သူ့စခန်းများကို အမြန်ဆုံးသိမ်းပိုက်နိုင်မည့် ပထမလုပ်ငန်းစဉ်ပင် ဖြစ်သည်။ အဆိုပါ ကျွန်ုပ်တို့သိမ်းပိုက်ရမည့် နေရာသည် အနောက်ဘက်စွန်းဒေသများဖြစ်ပြီး နောက်ဆုံးအပြီးသတ် သိမ်းရမည့်နေရာဖြစ်သည်။ ထိုအစီအစဉ်များအတိုင်း အကောင်အထည်ဖော်နိုင်ရန်မှာ လေထီးတပ်သားများကို လေထီးဖြင့် ချပေးခြင်းသာလျှင် ဖြစ်သည်။

ထို့နောက် အယ်လ်အရစ်ရှ်သို့ ကျွန်ုပ်တို့ သွားရမည်။ တစ်ဆက်တည်း အဘူအဂီလာနှင့် ရှမ်အယ်လ်ရှိတ်များသို့လည်း ချီတက်သွားနိုင်မည်။ စစ်ဆင်ရေးပြီးဆုံးစေရန်အတွက်မူ အစွန်ရေးနယ်နိမိတ်ပေါ်တွင် ကျရောက်နေသည့် ဂါဇာကို တိုက်ခိုက်သိမ်းယူရန် ဖြစ်၏။

ထိုအစီအစဉ်အရ လေထီးတပ်သားများသည် အလွန်တိုတောင်းလှသည့် အချိန်ကလေးအတွင်းမှာပင် စစ်ဆင်ရေးအတွက် တာဝန်နှစ်ရပ်ကို ထမ်းဆောင်ကြရမည်။ စူးအက်တူးမြောင်းအနီးတွင်ချပေးပြီး သူတို့ တာဝန်ယူထားသည့် ရည်ရွယ်ချက်နေရာများကို သိမ်းပိုက်ရမည်။ နောက် တာဝန်တစ်ခုသည် ခြေလျင်တပ်များနှင့် သံချပ်ကာတပ်များ ဆိုက်ရောက်လာပြီး ၎င်းတို့နှင့် ဆက်မိသည်နှင့် တစ်ပြိုင်တည်း လေထီးတပ်များကို ပြန်လည်စုစည်းရမည်။ ပြီးလျှင် ရှမ်အယ်လ်ရှိတ်သို့ သွားရာလမ်းကြောင်းတစ်လျှောက် ရန်သူတို့၏ နောက်ပိုင်းသို့ လေထီးဖြင့်ရွှေ့ပြောင်းချပေးရမည်။ ရှမ်အယ်လ်ရှိတ်သည် အဝေးဆုံးသော ကျွန်ုပ်တို့၏ရည်ရွယ်ချက်ဒေသဖြစ်ပြီး စစ်ပွဲကြီးတစ်ခုလုံး၏ အရေးအကြီးဆုံးသော ဒေသလည်း ဖြစ်၏။

*ရှမ်အယ်လ်ရှိတ်ကို သိမ်းပိုက်ရခြင်းသည် ဆီနိုင်းကျွန်းဆွယ် စစ်ပွဲကြီးပြီးဆုံးအောင်မြင်ပြီဟူသည့် အမှတ်အသားပင် ဖြစ်လေသည်။*

တပ်ဖွဲ့တစ်ခုစီ၏ စစ်ဆင်ရေးအစီအမံများကိုလည်း ကျွန်ုပ် ဖော်ပြခဲ့ပါသည်။ တပ်ဖွဲ့တိုင်းသည် မည်သူ့အပေါ်တွင်မျှ မှီခိုအားထားခြင်း မပြုရ။ ကိုယ့်အားကိုယ်ကိုးပြီး တိုက်ရမည်။ တပ်ဖွဲ့တစ်ခုသည် တစ်နေရာရာတွင် ရပ်တန့်နေပါက ကျန်ရှိနေသေးသည့် ချီတက်ရမည့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်တော့မည် မဟုတ်ချေ။ မည်သူကမျှလည်း ထမ်းဆောင်ပေးမည် မဟုတ်။

✡





(၁၉၅၆)၊ အောက်တိုဘာ (၉)ရက်

အရေးပေါ် အရာရှိများ ခန့်ထားရေးအတွက် ယနေ့နံနက် အစည်းအဝေးကျင်းပသည်။ အတော်ဆုံး တိုက်ခိုက်ရေးမှူးများအနက် အချို့သည် စစ်ဦးစီး အဖွဲ့တွင်လည်းကောင်း၊ လေ့ကျင့်ရေးတပ်တွင်လည်းကောင်း တာဝန်ထမ်းဆောင်နေကြရ၏။

အချို့က ပညာသင်ကြားခွင့် ယူထားကြသည်။ ဆီနိုင်းကျွန်းဆွယ် စစ်ပွဲကြီးအတွင်း၌ သူတို့ကို တာဝန်ပေးလိုသည်။ သူတို့ကို တာဝန်ပေးလိုက်လျှင် ယခု သူတို့ထမ်းဆောင်နေကြရသည့် နေရာများတွင် လူအစားထိုးခန့်အပ်ရန် လိုအပ်လာမည်။ ဤကိစ္စမလွယ်ကူကြောင်း ကျွန်ုပ်သိ၏။ စစ်ပွဲစခါနီးဆဲဆဲတွင် သူတို့နေရာများ၌ လူစားထိုးခန့်အပ်ခြင်းခံရလျှင် တပ်ဖွဲ့တပ်မှူးများ စိတ်ထိခိုက်ကြမည်။ ထို့အပြင် အစားထိုး ခန့်အပ်လိုက်ခြင်းအားဖြင့် စစ်ဦးစီးအဖွဲ့နှင့် လေ့ကျင့်ရေးတပ်တွင် ဟာကွက်ကြီးများ ဖြစ်ပေါ်လာမည်။

မည်သို့ပင်ဖြစ်စေကာမူ ဤအစီအစဉ်အတိုင်း ဆောင်ရွက်ရချေမည်။ စစ်ပွဲကြီးတစ်ခုလုံးကို ကျယ်ကျယ်ပြန့်ပြန့် ဆင်နွှဲမည်ဆိုပါလျှင် ဤကိစ္စကို တစ်မျိုးတစ်ဖုံ ဆောင်ရွက်ရမည်ဖြစ်၏။

ယခုမူ ကျွန်ုပ်တို့ ဆင်နွှဲမည့် စစ်ပွဲသည် ရက်သတ္တပတ် အနည်းငယ်ခန့်မျှသာ ကြာမြင့်မည်ဖြစ်ရာ စစ်ဆင်ရေးတစ်ခုတည်းကိုသာလျှင် အာရုံစူးစိုက်ရမည်။ တိုက်ခိုက်နိုင်စွမ်းအားလုံးကို တိုက်ခိုက်ရေးဘက်တွင် ပုံ၍ပေးရမည်။ စစ်ဆင်နေသည့် ကာလအတွင်း၌ စစ်မတိုက်ရသည့်ဘက်တွင် အင်အားလျော့နည်းနေလင့်ကစား အရေးမကြီးချေ။ အစားထိုးလဲလှယ်ခြင်းခံရသည့် တပ်မှူးများအနေဖြင့် စိတ်မချမ်းမသာ ဖြစ်ကောင်းဖြစ်မည်။

သို့သော်လည်း *"ကဒက်ရှ်စစ်ဆင်ရေး"* သည် စစ်မြေပြင်တွင် တပ်မှူးများ၏ လွတ်လပ်စွာ ဆောင်ရွက်တိုက်ခိုက်နိုင်ခွင့်အပေါ်တွင် ကြီးစွာအခြေတည်ပြီး ဆင်နွှဲရမည့် စစ်ဆင်ရေးဖြစ်၏။ စစ်ဖြစ်နေရသောကာလတွင် ကြီးမားသော ဆုံးဖြတ်ချက်များကို ပြုလုပ်ပြီး သူတို့ ဆောင်ရွက်ကြလိမ့်မည်။ သူတို့၏ ဆောင်ရွက်မှု၊ ခေါင်းဆောင်နိုင်မှုများသည် စစ်ပွဲရှုံးနိမ့်ခြင်းနှင့် အောင်မြင်ခြင်းကို အဆုံးအဖြတ်ပေးလိမ့်မည်။

ထို့ကြောင့် အရေးပေါ်ခန့်ထားမှုများ ပြုလုပ်ခြင်းကို နားလည်နိုင်ကြလိမ့်မည်။ လက်ခံနိုင်ကြလိမ့်မည်။ ထိုရောက်အောင်မြင်မှုလည်း ရှိလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။ ထိုသို့သောအကြောင်းများကို သုံးသပ်လေ့လာပြီး ရာထူးသစ်များခန့်ထားသည့် အမိန့်ကို လက်မှတ်ထိုးလိုက်သည်။ ဆီနိုင်းစစ်မြေပြင်သို့ အကောင်းဆုံးသော တပ်မှူးများကိုစေလွှတ်ပေးပို့ရန်အတွက် အကောင်းဆုံး၊ အမှန်ဆုံးသော လုပ်ငန်းတစ်ခုကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျွန်ုပ်စိတ်ထဲတွင် ခံစားရပါသည်။

ဆီနိုင်းစစ်မြေပြင်သို့ စေလွှတ်မည့် တပ်မှူးများကား *"အစွန့်ရဲ လက်ရွေးစင်"* များပင်ဖြစ်ပါသည်။ မွန်းလွဲပိုင်းတွင် တောင်ပိုင်းနယ်မြေတပ်မှူးကြီးထံမှ မေတ္တာရပ်ခံစာတစ်စောင် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ရာဖာဒေသတွင် ကင်းလှည့်ပြီး သဲတောင်များရှိသည့်နေရာ၌ တင့်ကားများ မောင်းနှင်လှုပ်ရှားနိုင်ခြင်း ရှိမရှိကို စစ်ဆေးကြည့်ရှုခွင့်ပေးရန် ခွင့်တောင်းခြင်းဖြစ်သည်။

ယင်းသို့သော ကင်းလှည့်မှုမျိုးကြောင့် . . .

ရန်သူက အာရုံစူးစိုက်လာပြီး မယုံသင်္ကာဖြစ်လာမည်ကို ကျွန်ုပ်စိုးရိမ်မိ၏။

ထို့ကြောင့် ကင်းလှည့်ရာတွင် အဖွဲ့တစ်ခုတည်းသာ လှည့်ရမည်။

ကင်းလှည့်ရန် ကျွန်ုပ် ခွင့်ပြုမှလှည့်ရမည်။

သဲတောင်ပေါ်၌ လူနှစ်ယောက်သာ လမ်းလျှောက်ရမည်။

ဟေဘာရွှန်တွင်လုပ်သည့် လှာချင်းဖိနပ်ကို စီးရမည်။

သို့မှသာလျှင် ပစ္စည်းခိုးထုတ်ခိုးသွင်းလုပ်နေသည့် အာရပ်လူမျိုးများ၏ ခြေရာနှင့် ခွဲမရဘဲရှိမည် စသည်ဖြင့် ကျွန်ုပ်က အကြောင်းပြန်ကြားလိုက်၏။

✪ ✪ ✪

အခန်း (၃)

## ကာကီလီယာ

(၁၉၅၆)၊ အောက်တိုဘာ (၁၂) ရက်

မနေ့ည (အောက်တိုဘာ ၁၀/၁၁) က ဂျော်ဒန်များကို ကျွန်ုပ်တို့ လက်စားချေတိုက်ခိုက်ပစ်လိုက်သည်။ ကာကီလီယာ၏ မြောက်ဘက်အစွန် မြို့ငယ်ကလေးရှိ ပုလိပ်ခံတပ်ကို တိုက်ခိုက်ခြင်းဖြစ်သည်။ ယခင်ဖြစ်ပွားခဲ့သည့် လက်စားချေတိုက်ပွဲများထက်ကြီးကျယ်၏။

ကျွန်ုပ်တို့ဘက်ကလည်း အကျအဆုံးများလှသည်။ အရာရှိ(၈)ယောက် အပါအဝင် (၁၈)ယောက်ကျဆုံးသည်။ အရာရှိ (၁၄) ယောက်အပါအဝင် (၅၀) ကျော် ဒဏ်ရာရသည်။ ကျွန်ုပ်တို့ ရရှိသည့် ရန်သူဘက်မှ အကျအဆုံး စာရင်းကမူ (၁၀၀)ကျော် သေသည်ဟု အဆိုရှိ၏။

(၁၉၅၆) ခု၊ စက်တင်ဘာလ (၂၅) ရက်နေ့က ဟူစန်ပုလိပ်ခံတပ်ကို ကျွန်ုပ်တို့ တိုက်ခိုက်ခဲ့ပြီးသည်မှစ၍ နောက်ပိုင်းတွင် စစ်ရေးအရတုံ့ပြန်တိုက်ခိုက်မှုများ မပြုလုပ်မိစေရန် ကျွန်ုပ်တို့ရှောင်ကြဉ်ခဲ့ကြပါသည်။ အီဂျစ်ကိုတိုက်ခိုက်ရန် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဆုံးဖြတ်ချက်ချသောအခါ ကျင်းပမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးပြီးသည့် အချိန်အထိ အနည်းဆုံးစောင့်ဆိုင်းနေနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ခဲ့ကြ၏။

သို့သော်လည်း အောက်တိုဘာ (၉)ရက်နေ့က ဖြစ်ပွားသည့် ရန်စကျူးကျော်မှုသည် လျစ်လျူရှုထား၍ မဖြစ်နိုင်လောက်အောင် ဆိုးရွားလာတော့၏။ တယ်လ်မွန်အနီး၌ အလုပ်လုပ်နေကြသည့် လီမွှော်ခြံ အလုပ်သမား နှစ်ယောက်ကို နေ့ခင်းကြောင်တောင် ဝင်သတ်သွားသည်။ အလုပ်သမားနှစ်ဦးကို ပစ်သတ်ပြီး နားရွက်များကို ဖြတ်ယူသွားကြသည်။ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြောင်း ပြသရန် သက်သေခံအထောက်အထားအဖြစ် ယူဆောင်သွားကြခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုအရပ်ဒေသသည် ဂျော်ဒန်နိုင်ငံမှ အစ္စရေးနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်လာရန် အလွယ်ကူဆုံးသောအရပ်ဒေသဖြစ်၏။ ကာကီလီယာနှင့် ဝေးကွာခြင်း၊ ဂျော်ဒန်နယ်နိမိတ်အတွင်းသို့ ရောက်စေခြင်းစသည့် သဘာဝအခက်အခဲများကြောင့် ယင်းဒေသသည် များစွာလွတ်လပ်နေ၏။ ရထားလမ်းနှင့်လည်းကောင်း၊ ဟိုင်ဖာနှင့်တယ်လ်အဗစ်သွား မော်တော်ကားလမ်းမကြီးနှင့်လည်းကောင်း (၆) မိုင်ခွဲမျှ ဝေးကွာနေခြင်း၊ တယ်လ်အဗစ်မြို့ ဆင်ခြေဖုံးရပ်ကွက်နှင့် (၁၂)မိုင်ခွဲမျှ ဝေးကွာနေခြင်း စသောအကြောင်းများကြောင့် ပိုပြီးလွတ်လပ်နေပြန်၏။ စိမ့်ဝင်နေသည့် အကြမ်းဖက်သမားများကို တစ်နည်းနည်းဖြင့် မတားမြစ်နိုင်ပါချေ။ အကယ်၍သာ ဂျော်ဒန်အလယ်ပိုင်းရှိကျေးရွာများသည် အစ္စရေးကို တိုက်ခိုက်ရန် ခြေကုတ်စခန်းများဖြစ်နေသည်ဆိုလျှင် အကြမ်းဖက်သမားတို့သည် တယ်လ်အဗစ်ဒေသကို အလွယ်တကူပင် တိုက်ခိုက်နိုင်ချေမည်။ အစ္စရေး၏ပင်မသွေးကြောဖြစ်သည့်ဒေသကို အကြမ်းဖက်သမားများက တိုက်ရိုက်တိုက်ခိုက်လာလျှင် ကျွန်ုပ်တို့အရေးယူရတော့မည့်အကြောင်း ဆိုက်ရောက်လာခြင်းပင်ဖြစ်သည်။

ယခုကဲ့သို့ ကြီးကြီးမားမားရန်စလာခြင်းသည် ဂျော်ဒန်ဘုရင်ဟူစိန်၏ ပေါ်လစီကြောင့်ပင် ဖြစ်ရမည်။ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများကို တားမြစ်ပေးရန် ဂျော်ဒန်အစိုးရအား ယခင်က တောင်းဆိုခဲ့ဖူးသည်။ ထိုအခါတွင် သူတို့ တတ်နိုင်သမျှဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း စိမ့်ဝင်နေမှုကို တားဆီးရန် သူတို့တွင် အာဏာမရှိကြောင်းဖြင့် ဗြိတိသျှကိုယ်စားလှယ်များ၊ အမေရိကန်နှင့် ကုလသမဂ္ဂမှတစ်ဆင့် ကျွန်ုပ်တို့ထံသို့ ဂျော်ဒန်အစိုးရက အကြောင်းပြန်ကြားခဲ့ဖူးသည်။

သူတို့ပြောသည့်အတိုင်း အရေးယူဆောင်ရွက်ခြင်း မရှိကြောင်း ကျွန်ုပ်တို့ သိရှိခဲ့ရပါသည်။ သို့လင့်ကစား စက်တင်ဘာ (၁၂) ရက်နေ့က အစ္စရေးအလုပ်သမား (၃) ယောက် အသတ်ခံခဲ့ရစဉ်က ကျွန်ုပ်တို့ ရရှိသည့်သတင်းများကို ဘုရင်ဟူစိန်ထံသို့ ပေးပို့ခဲ့သေးသည်။ ဘုရင်ကဲ့သို့ မြင့်မားသည့်အုပ်ချုပ်သူ လူတန်းစားတစ်ယောက်အနေဖြင့် လူသတ်သမားများနှင့် မိမိတို့ မပတ်သက်ကြောင်း၊ ဤအပြုအမူမျိုးကို ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြသသည့် ညွှန်ကြားချက်များကို ပြုလုပ်လိမ့်မည်ဟု ကျွန်ုပ်တို့ ထင်မှတ်ခဲ့၏။

သို့သော် ကျွန်ုပ်တို့၏ဆောင်ရွက်ချက်နှင့် တွေးထင်ချက်သည် ပြောင်းပြန်သာ ဖြစ်ခဲ့ရ၏။

ကျွန်ုပ်တို့၏သတင်းကိုရသည်နှင့် တစ်ပြိုင်တည်း ဘုရင်ဟူစိန်က အထူးဆက်သားလွှတ်ကာ ပစ္စည်းခိုးထုတ်မှုဖြင့် ဂျော်ဒန်ပုလိပ်က ဖမ်းဆီးထားသော အကြမ်းဖက်သမားများကို လွှတ်ပစ်ရန် အမိန့်ပေးလိုက်သည်။ ထိုသူများသည် အစ္စရေးအလုပ်သမားပေါင်း (၈) ယောက်ကို စက်တင်ဘာ (၁၂) ရက်နှင့် အောက်တိုဘာ (၄) ရက်နေ့တွင် သတ်ဖြတ်ခဲ့သူများဖြစ်၏။

ဘုရင်ဟူစိန်က ထိုကဲ့သို့ပြုလုပ်ခြင်းသည် အစ္စရေးကို ခြိမ်းခြောက်အကြမ်းဖက်နေသူများအား ဘုရင်ကိုယ်တိုင် အားပေးအားမြှောက်ပြုနေကြောင်း ထုတ်ဖော်ပြသလိုက်ခြင်းပင် ဖြစ်၏။ အခြေအနေမှာ အဆိုးရွားဆုံးသို့ ရောက်လာ၏။





***ကျွန်ုပ်တို့က သည်းခံစောင့်ထိန်းနေခြင်းသည် အားမတန်၍ မာန်လျှော့နေခြင်းဖြစ်သည်ဟု သူတို့ထင်လာကြ၏။*** ထိုအတိုင်း ကျွန်ုပ်တို့က ဆက်လက်ကျင့်ကြံနေမည်ဆိုလျှင် အကြမ်းဖက်မှုများသည် ပို၍ ဆိုးရွားသည်ထက် ဆိုးရွားလာမည်ဖြစ်၏။ ကျောင်းမှန်းကန်မှန်းသိအောင် တုံ့ပြန်တိုက်ခိုက်ရန်မှတစ်ပါး အခြားနည်းလမ်းကို ရွေးချယ်ရန်မရှိတော့ချေ။ ထိုလမ်းစဉ်ကို ကျင့်လျှင် ထိုကဲ့သို့ပင် ပြင်းထန်သော တုံ့ပြန်တိုက်ခိုက်မှုကို ခံရတတ်ကြောင်း ဂျော်ဒန်အာဏာပိုင်များ သဘောပေါက်နားလည်သွားရန် ကျွန်ုပ်တို့ ဆောင်ရွက်ရချေတော့မည်။ စစ်တပ်က တန်ပြန်တိုက်ခိုက်ခြင်းကို အောက်တိုဘာ (၁၀)ရက်နေ့ ညဦးပိုင်းတွင် စတင်သည်။ တိုက်ခိုက်မှု မစမီ အောက်ပါထုတ်ပြန်ချက်တစ်စောင်ကို ဝန်ကြီးချုပ်ဘင်ဂူရီယံက သတင်းစာတိုက်များနှင့် ဗိုလ်ချုပ်ကြီးဘန်းစ်ထံသို့ ပေးပို့လိုက်သည်။

(၁၉၅၆) ခုနှစ်၊ စက်တင်ဘာလ(၁၂) ရက်နေ့က အစ္စရေးအလုပ်သမား (၃)ဦးကို အင်အိုဖာရင်တွင် ဂျော်ဒန်ဘက်မှလာသည့် လက်နက်ကိုင်ဆောင်ထားသူများက သတ်ဖြတ်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် လူသတ်သမားများကို ကဖာဒဟယ်တွင် ဂျော်ဒန်ပုလိပ်များက ဖမ်းဆီးထားပြီးဖြစ်ကြောင်း ဂျော်ဒန်အာဏာပိုင်များက ကျွန်ုပ်တို့ထံသို့ အကြောင်းကြားသည်။ လူသတ်သမားများကိုယ်တိုင်ကလည်း အစ္စရေး (၃) ဦးကို သတ်ဖြတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးကြသည်။ အသတ်ခံရသူများထံမှ ယူသွားသော လက်နက်ကိုလည်း ၎င်းတို့နှင့်အတူ တွေ့ရသည်။

ယခုမူ လွန်ခဲ့သည့် ရက်အနည်းငယ်က ထိုလူသတ်သမားများကို တရားစစ်ဆေးခြင်း၊ အပြစ်ပေးခြင်းမပြုဘဲ လွှတ်ပစ်ရန် ဂျော်ဒန်ဘုရင်ဟူစိန်က အမိန့် ပေးခဲ့သည်။ ဘုရင်ကိုယ်တိုင်ပေးသောအမိန့်သည် အလားတူ လူသတ်ခြင်းများကို ဆက်လက်ပြုလုပ်ရန် အားပေးခြင်းဖြစ်သည်ဟူသော အဓိပ္ပာယ်မှတစ်ပါး အခြားနည်းဖြင့် အဓိပ္ပာယ်ဖွင့်ဆို၍ မဖြစ်နိုင်ပါ။ ဤအပြုအမူမျိုးသည် အလွန်တရာ ပြင်းထန်ဆိုးရွားလှကြောင်း၊ လက်နက်ကိုင်လူသတ်သမားများ စိမ့်ဝင်တိုးပွားလာသည့် အချိန်မှစ၍ အဆိုးဆုံးဖြစ်ကြောင်း ကျွန်ုပ်တို့ သဘောရပါသည်။

ကာကီလီယာပုလိပ်ခံတပ်ကို ပစ်မှတ်အဖြစ် ကျွန်ုပ်တို့ ရွေးချယ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းခံတပ်သည် လူဦးရေများပြားသည့်မြို့နှင့် ကပ်နေသောကြောင့်ဖြစ်၏။ လူဦးရေ (၂၀၀၀၀) မျှ နေထိုင်သည်။ ထိုခံတပ်ကို ဖြိုခွဲခြင်းအားဖြင့် ပြည်သူအများအပြားကိုပါ ထိန်းချုပ်ထားနိုင်မည်ဟု ကျွန်ုပ်တို့ တွက်ဆထား၏။ သို့သော်လည်း စစ်ဆင်မှုကို ကန့်သတ်ထားရသောကြောင့် အခက်အခဲများကို ဖန်တီးပေးထားသလို ဖြစ်နေပြန်၏။

အရပ်သူအရပ်သားများ အတိဒုက္ခမရောက်ရန်အတွက် *အစ္စရေး တပ်ဖွဲ့များသည် မြို့တွင်းသို့မဝင်ရ၊ ရည်ရွယ်ချက်နေရာသို့ ရောက်ရန် ဖြတ်၍ပင်မသွားရဟု* အစ္စရေးတပ်များကို အမိန့်ပေးလိုက်သည်။ ထိုမျှမက ခံတပ်အဆောက်အအုံအတွင်း၌ ပုလိပ်မိသားစုများ နေထိုင်ကြမည်ကိုပါ ကျွန်ုပ်တို့စိုးရိမ်နေမိသည်။ ထို့ကြောင့် ခံတပ်အတွင်းသို့ ဝင်ပြီးရှာဖွေရမည်။


www.burmeseclassic.com

www.burmeseclassic.com

အရပ်သားများကို တွေ့လျှင် သူတို့ကို လွတ်ကင်း ရာသို့ ဆုတ်ခွာသွားခိုင်းပြီးမှ သာလျှင် အဆောက်အအုံကို ဖောက်ခွဲဖျက်ဆီးရမည်ဟု ကျွန်ုပ်တို့စစ်တပ်များအား တိကျစွာညွှန်ကြားလိုက်သည်။ ယခုကဲ့သို့ ဝင်တိုက်ရန် စီစဉ်ခြင်းမှာ နိုင်ငံရေးအကြောင်း လည်းပါ၏။ အာရပ်တို့က အကြမ်းဖက်တိုက်ခိုက်သည့် အချိန်နှင့်ဒေသမှာပင် မြန်နိုင်သမျှ အမြန်ဆုံးတန်ပြန်တိုက်ခိုက်ရန်လိုသည်။ ထိုနည်းအားဖြင့်သာလျှင် အာရပ်တို့၏ အကြမ်းဖက်မှုကို အစ္စရေးက တုံ့ပြန်တိုက်ခိုက်ခြင်းသာ ဖြစ်ကြောင်း၊ အာရပ်နိုင်ငံပြည်သူများ၊ အစ္စရေးပြည်သူများနှင့် ကမ္ဘာ့ပြည်သူများကပါ သဘောပေါက်နားလည် လက်ခံကြလိမ့်မည် ဖြစ်သည်။

ထိုသို့ ချက်ချင်းထမတိုက်ဘဲ အချိန်ဆွဲနေသည်ဆိုလျှင် အာရပ်တို့၏ အကြမ်းဖက်မှုကိုခံရပြီး အချိန်ကြာမှ ပြန်တိုက်မည်ဆိုလျှင် အစ္စရေးက လက်တုံ့ပြန်ခြင်းအနေနှင့် သဘောထားကြတော့မည်မဟုတ်။ စစ်ရေးအရ ရန်လိုကျူးကျော်တိုက်ခိုက်ခြင်းသာ ဖြစ်ကြောင်း စွပ်စွဲကြချေမည်။

ထို့ကြောင့် တယ်လ်မွန်ရွာရှိ အလုပ်သမားများ အသတ်ခံရကြောင်း သတင်းရသည်နှင့်တစ်ပြိုင်တည်း စစ်ဆင်ရေးဌာနခွဲကို ကျွန်ုပ် အမိန့်တစ်ခုပေးလိုက်၏။ ကာကီလီယာပုလိပ်ခံတပ်ကို (၂၄)နာရီအတွင်း တိုက်ခိုက်နိုင်ရေးအတွက် စစ်ဆင်ရေးအစီအမံများကို ယနေ့ညပင်ပြုလုပ်ရန် အမိန့်ပေးလိုက်ခြင်း ဖြစ်၏။ နောက်တစ်နေ့ အောက်တိုဘာ(၁၀)ရက်နေ့တွင် ဂျေရုဆလင်မြို့သို့ ကျွန်ုပ်သွားပြီး နံနက် (၁၀)နာရီ၌ အောက်ပါ အစီအစဉ်ကြမ်းကို ကာကွယ်ရေးဝန်ကြီးအား တင်ပြပြီး ခွင့်ပြုချက်တောင်းလိုက်ပါသည်။

(က) ရည်ရွယ်ချက်။

ကာကီလီယာ ပုလိပ်ခံတပ်ကို လေထီးတပ်မဟာက တိုက်ခိုက်သိမ်းယူပြီး ဖောက်ခွဲဖျက်ဆီးပစ်ရန်။

(ခ) လုပ်နည်း။

၁။ ပစ်မှတ်ကို မီးမောင်းကြီးများဖြင့် ထိုးပြထားမည်။
(မီးမောင်းများကို နှစ်မိုင်အကွာတွင် ထားမည်။)
၂။ ခွဲထုတ်ထားသည့် တင့်ကားတပ်က ကူပစ်ပစ်ပေးမည်။
၃။ တင့်ကားတပ်၏ ကူပစ်မှုကြောင့် ရန်သူများ အားပျော့သွားလျှင် တပ်ခွဲ (၂)ခုက ရန်သူများကို တစ်ဟုန်ထိုး ချီတက်တိုက်ခိုက်ပြီး အဆောက်အအုံကို ဖောက်ခွဲပစ်ရမည်။
၄။ ခါဘက်ဆူဖင်နှင့် နက်ဘီအီတီယာ့စ် သွားလမ်းကို လည်းကောင်း၊ ပုလိပ်ခံတပ်နှင့် မြို့၏ကြားတွင်လည်းကောင်း၊ အရှေ့တောင်မှ မြို့ဘက်သို့လာသည့်လမ်းကိုလည်းကောင်း ပိတ်ဆို့ထားရမည်။
၅။ တောင်ပေါ်ပစ် အမြောက်တပ်က ကာကီလီယာနှင့် မျက်နှာချင်းဆိုင်တွင်နေရာယူကာ ကျွန်ုပ်တို့၏ကျေးရွာများကို အမြောက်များဖြင့် ပစ်ခတ်နေခြင်းအား တန်ပြန်ပစ်ခတ်မည်။





၆။ အကယ်၍ မြို့တွင်းမှနေပြီး ကျွန်ုပ်တို့တပ်များကို တိုက်ရိုက်ပစ်ခတ်မှုများရှိလျှင် ကျည်လမ်းဖြောင့် လက်နက်များကို အသုံးပြုပြီး ပြန်လည်တိုက်ခိုက်ရမည်။
၇။ န နာရီ (စတင်၍ စစ်တိုက်မည့်အချိန်) သည် (၁၉း၀၀) နာရီနှင့် (၂၀း၀၀)နာရီကြား ဖြစ်သည်။

ဘင်ဂူရီယံက အသေးစိတ်များ မေးမြန်းသည်။ ထိုးဖောက်တိုက်ခိုက်လျှင် ပုလိပ်ခံတပ်ကိုသာ တိုက်ရန်၊ ကာကီလီယာမြို့ကို မတိုက်ခိုက်မိရန်၊ အာရပ်အရပ်သားများ သေကြေပျက်စီးစေမည့် အပြုအမူများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်ပါ တိုက်တွန်းသည်။

စစ်ဆင်ရေး အစီအစဉ်များကို သဘောတူညီပြီးသောအခါ (၁၁း၀၀) နာရီတွင် အစိုးရအစည်းအဝေးခေါ် လိုက်ပြီး အစိုးရအနေဖြင့် အတည်ပြုလက်ခံလိုက်၏။

အစိုးရက လက်ခံအတည်ပြုခြင်း မပြုမီကတည်းက လေထီး တပ်မဟာမှူးကို စစ်သေနာပတိဌာနချုပ်သို့ အောက်တိုဘာ (၉) ရက်နေ့ ညသန်းခေါင်တွင် ခေါ်ယူပြီး စစ်ဆင်ရေးနှင့်ပတ်သက်၍ ညွှန်ကြားမှုများ ပြုလုပ်သည်။ တိုက်ပွဲမစမီ ကျန်ရှိနေသေးသောအချိန်များအတွင်း တစ်ပြည်ထောင်လုံးတွင် ပြန့်နေသည့် လေထီးတပ်သားများကို စုစည်းခေါ်ယူရမည်။ တင့်ကားခါးပြတ်တပ်ခွဲနှစ်ခုသည် တောင်ပိုင်း ဘီယာရှီဘာတွင် ရှိနေ၏။ အခြားလေထီးတပ်ခွဲတစ်ခုကမူ မြောက်ပိုင်း ဂါလီလီ တောင်ကုန်းများပေါ်သို့ ရောက်နေ၏။ တိုက်ပွဲဝင်ရမည့် တပ်ဖွဲ့များ၏တပ်မှူးများကို နံနက်ကိုးနာရီတွင် စီမံကိန်းအဖွဲ့သို့ လာရောက်ရန် ခေါ်ယူထားသည်။ တိုက်ပွဲဝင်ရန်အတွက် မြေပုံများကို လေ့လာခြင်း၊ လေယာဉ်ပျံပေါ်မှ ရိုက်ယူထားသည့် ဓာတ်ပုံများကို လေ့လာခြင်း၊ ကာကီလီယာနှင့် ဆင်တူယိုးမှားဖြစ်သည့် ကျွန်ုပ်တို့၏ ကီဖာဆာဘာ ခံတပ်အဆောက်အအုံကို လေ့လာခြင်းများ ပြုလုပ်ကြသည်။ ဗြိတိန်ပိုင် ကာကီလီယာနှင့် ကျွန်ုပ်တို့ပိုင် ကီဖာဆာဘာခံတပ်နှစ်ခုစလုံးကို အင်္ဂလိပ်လက်ထက်က တီးဂတ်စီမံကိန်းအရ ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်၏။ အမိန့်ပေးအဖွဲ့ကို (၁၆း၄၅) နာရီတွင် ခေါ်ယူထားသည်။ နောက်ဆုံး ညွှန်ကြားချက်များပေးရန်ဖြစ်သည်။ တိုက်ပွဲကို (၂၁း၀၀) နာရီတွင် စတင်မည်။

စစ်သေနာပတိ ဌာနချုပ်သို့ ရောက်သောအခါ အာရပ်တို့က ဝင်သတ်ပြီး (၂၄) နာရီအတွင်း ပြန်လည်စစ်ထိုးတိုက်ခိုက်ရပါမည်လားဟု ဆိုကာ ကျွန်ုပ်အား ဝေဖန်ကြသည်။ မှန်ပါသည်။ ပြင်ဆင်မှုများပြုလုပ်ရန် အလွန်မြန်ဆန်နေပါသည်။ စစ်ပွဲမစမီ အရာရှိများကိုလည်းကောင်း၊ တပ်သားများကိုလည်းကောင်း အနားယူရန် အချိန်မပေးနိုင်တော့ပါ။ ရည်ရွယ်ချက်နေရာနှင့် ပတ်သက်၍မူ အငြင်းပွားခြင်း မရှိကြပါ။ စစ်ပွဲမစမီ ပြင်ဆင်မှုကို ဂရုတစိုက်ပြုလုပ်ခြင်းနှင့် အနားယူခြင်းသည် လိုအပ်ကြောင်း ကျွန်ုပ်သဘောတူပါသည်။ သို့သော်လည်း ကျွန်ုပ်၏ဝေဖန်ရေးသမားများသည် အခြားသော အကြောင်းများကို အာရုံစူးစိုက်ခြင်း၊ အလေးပေးခြင်းမပြုကြပါ။ *စစ်တိုက်ခြင်းဟူသည်မှာ စစ်တိုက်ရုံဖြင့် အဆုံးသတ်မသွား၊ ပြဿနာတစ်ခုကို စစ်တိုက်ပြီး အဆုံးသတ်၍မရ၊ နိုင်ငံရေးအရသာလျှင် အဆုံးသတ်ရသည်။*



www.burmeseclassic.com

ထို့ကြောင့် ကျွန်ုပ်တို့တပ်မတော်အနေဖြင့် နိုင်ငံရေးပတ်ဝန်းကျင်အခြေအနေများနှင့် အံဝင်ခွင်ကျ ဖြစ်နေစေရန်လည်း အရေးကြီး၏။ သို့တည်းမဟုတ် စစ်ရေးအရ ကျွန်ုပ်တို့ အောင်ပွဲခံနိုင်ကြလင့်ကစား နိုင်ငံရေးအရ ရှုံးနိမ့်ရချေသည်။

ထို့မှမက ကျွန်ုပ်တို့နယ်စပ်နှင့် ကပ်နေသည့် ရန်သူစခန်းတစ်ခုကို အမြန်ဆုံး ထိုးဖောက်တိုက်ခိုက်ခြင်း မပြုနိုင်လျှင် ထိုထက်ပို၍ ကြီးကျယ်သည့် စစ်ပွဲကြီးတစ်ခုကို မည်သည့်နည်းဖြင့် ကျွန်ုပ်တို့ အလျင်အမြန် တိုက်ခိုက်နိုင်ကြမည်နည်း။ ဖွဲ့စည်းမှု အခက်အခဲများ၊ နိုင်ငံရေးပြဿနာများ၊ အရှုပ်အထွေးများကြားတွင် မည်ကဲ့သို့ စစ်တိုက်နိုင်တော့မည်နည်း။

(၂၁း၅၀) နာရီတွင် ကျွန်ုပ်တို့၏ချေမှုန်းတိုက်ခိုက်ရေးတပ်ဖွဲ့ စစ်ဦးသည် ပုလိပ်ခံတပ်၏ခြံစည်းရိုးနှင့် ကိုက် (၂၀၀)အကွာသို့ ရောက်ရှိသွားကြသည်။ ဂျော်ဒန်များက ဆီးကြိုပစ်ခတ်တိုက်ခိုက်ကြ၏။ ရန်သူအဆောက်အအုံသည် ကျွန်ုပ်တို့၏မီးမောင်းကြီးများအောက်တွင် ထင်းထင်းကြီးပေါ်နေ၏။ ကျွန်ုပ်တို့၏ (၂၅) ပေါင်ဒါအမြောက်များ၏ ပစ်ကွင်းဖြစ်လာကာ စိတ်တိုင်းကျ ပစ်ခတ်ချေမှုန်းလာနိုင်သည်။ အမြောက်ဆန်များ တည့်တည့်မတ်မတ်ကြီး ထိမှန်နေသည့်ကြားမှ ဂျော်ဒန်များ၏ခုခံမှုသည် ပြင်းထန်နေ၏။ အမြောက်ဖြင့် ပစ်ခတ်မှုရပ်ပေးရန် တိုက်ခိုက်ချေမှုန်းရေးတပ်ဖွဲ့များက စောစောစီးစီး တောင်းဆိုလိုက်သောကြောင့် ယခုကဲ့သို့ ပြင်းထန်သည့်ခုခံမှုနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။ တိုက်ခိုက်ရေးတပ်များက အမြောက်များကို ရပ်ခိုင်းပြီး ခံတပ်ကြီးကို မုန်တိုင်းကဲ့သို့ ထိုးဖောက်တိုက်ခိုက်လေတော့၏။ ခံတပ်၏ အရှေ့မျက်နှာစာတွင် ခံစစ်အတွက် စနစ်တကျ ပြင်ဆင်ပြုလုပ်ထားပြီး လူ (၁၀၀)ခန့်ပါသည့် ဂျော်ဒန်တပ်ခွဲတစ်ခုက နေရာယူ၏။ အနီးမှာပင် အခြားတပ်ခွဲတစ်ခုက နေရာယူထားပြန်၏။

တိုက်ပွဲသည် ပြင်းထန်ခက်ခဲသည်ထက် ပြင်းထန်ခက်ခဲလာ၏။ လက်တစ်ကမ်းတိုက်ပွဲများကို ဆင်နွှဲကြသည်။ ကျွန်ုပ်တို့ဘက်မှ တပ်ခွဲမှူးနှင့်ဒုတပ်ခွဲမှူးအပါအဝင် (၈)ဦးကျသွားသည်။ (၂၉)ဦးဒဏ်ရာရသည်။ ဒဏ်ရာရသူအများအပြားမှာ ဒဏ်ရာမပြင်းထန်လှချေ။(၂၃း၃၀) နာရီတွင် ခံတပ်နယ်မြေကြီးတစ်ခုလုံးကို သိမ်းပိုက်ပြီး ရှင်းပစ်လိုက်နိုင်သည်။ တစ်ဆက်တည်းမှာပင် အဆောက်အအုံကြီးသည် ပေါက်ကွဲသွားတော့၏။

လမ်းပိတ်ဆို့သော ကျွန်ုပ်တို့၏ဒုတိယတပ်ဖွဲ့သည် အစပိုင်းတွင် အမှားအယွင်းမရှိ အလွန်ကောင်းစွာဖြင့် တိုက်ခိုက်နိုင်ခဲ့၏။ သူတို့သည် ဂျော်ဒန်ပိုင်နက် နယ်မြေအတွင်းသို့ (၆)မိုင်မျှ ထိုးဖောက်ဝင်ရောက်သွားကာ ခါဘက်အရှေ့ရှိ အာရပ်တပ်မကြီးမှ ကာကီလီယာသို့ လာနိုင်သည့်လမ်းတွင် နေရာယူပြီး ချုံခိုတိုက်ရန် ပြင်ဆင်သည်။ ပုလိပ်ခံတပ်ကို စတင်တိုက်ခိုက်သည်နှင့် တစ်ပြိုင်တည်း တပ်မကြီး၏ တပ်ရင်း (၉)မှ တပ်ခွဲနှစ်ခွဲသည် ထရပ်ကား (၁၅) စီးဖြင့် ကာကီလီယာသို့ စစ်ကူပေးရန် ထွက်ခွာလာကြ၏။ ကျွန်ုပ်တို့တပ်များက စတင်တိုက်ခိုက်ပြီး ထရပ် ကား (၄)စီးကို ချေမှုန်းပစ်လိုက်နိုင်သည်။ ကျန်မော်တော်ကားများသည် ရပ်တန့်ပြီး နောက်ပိုင်းပြန်လှည့်ကာ ထွက်ခွာသွားကြတော့၏။ ကျွန်ုပ်တို့တပ်များသည် နေရာပြောင်းလိုက်ကြ၏။ လမ်းကို ကောင်းစွာထိန်းထားနိုင်သည့် အခြားတောင်ကုန်းတစ်ခုပေါ်သို့တက်ပြီး နေရာယူထားလိုက်ကြ၏။





တစ်နာရီခန့်အကြာတွင် အာရပ်တပ်မကြီးမှ စစ်ကူတပ်များ ထိုလမ်းအတိုင်း ကာကီလီယာသို့ ဦးတည်ပြီး ချီတက်လာကြပြန်၏။ သူတို့လည်း ကျွန်ုပ်တို့၏ချုံခိုတိုက်ခိုက်မှုကိုခံရပြီး ထရပ်ကား (၂)စီးနှင့် စစ်သားများ အပစ်ခံလိုက်ကြရပြန်သည်။

စစ်ကူတပ်များသည် ထိုနေရာမှာပင် ရပ်တန့်သွားကြတော့သည်။

တပ်ပြန်ရုပ်လာရန်အမိန့်ကို ညသန်းခေါင်တွင် ကျွန်ုပ်တို့၏ လမ်းပိတ်ဆို့ရေးတပ်ဖွဲ့က လက်ခံရရှိသည်။ ထိုအချိန်အထိ ထိခိုက်ဒဏ်ရာရမှု လုံးဝမရှိသေးချေ။ သို့သော် နယ်နိမိတ်ဆီသို့ ရွေးရှုပြီး စတင်ချီတက်သည်နှင့်တစ်ပြိုင်တည်း ရန်သူ၏ အပြင်းအထန် ဝိုင်းဝန်းပစ်ခတ်ခြင်းကို ခံကြရလေသည်။ အာရပ်တပ်မကြီးမှ စစ်ကူတပ်များသည် မော်တော်ကားများဖြင့် ရှေ့သို့ ဆက်လက်မချီတက်နိုင်သောအခါ ကားများပေါ်မှဆင်းပြီး ကျွန်ုပ်တို့တပ်ဖွဲ့၏ နောက်ပိုင်းသို့ ပန်းတက်ကာ နေရာယူထားကြသည်။

ထို့ကြောင့် ဂျော်ဒန်တပ်များကို လမ်းပိတ်ခဲ့သည့် ကျွန်ုပ်တို့၏တပ်များသည် အစွရေးဘက်သို့အပြန်တွင် ဂျော်ဒန်တပ်များ၏ လမ်းပိတ်ဆို့ထားခြင်းကို ပြန်လည်ကြုံတွေ့နေရတော့၏။

ဂျော်ဒန်တပ်များက တစ်ဟုန်ထိုး တိုက်ခိုက်ကြသည်။ အချိန်အနည်းငယ်အတွင်းမှာပင် လူ (၅၄) ယောက်ရှိသော ကျွန်ုပ်တို့၏တပ်တွင် တစ်ယောက်က သေပြီး (၁၁) ယောက် ဒဏ်ရာရရှိသွားသည်။ အတိုက်ခံရသည်နှင့်တစ်ပြိုင်တည်း တပ်ခွဲမှူးနှင့် ဒုတပ်ခွဲမှူးတို့ စတင်ဒဏ်ရာရကြ၏။ ခဏအကြာတွင် ဆေးတပ်သားတစ်ဦးနှင့် တပ်စုမှူး (၃) ဦးအနက် (၂) ဦးတို့ ဒဏ်ရာရသွားကြပြန်၏။ ထို့ကြောင့် အရာရှိ (၂)ဦးသာ ဒဏ်ရာမရဘဲ ကျန်ရစ်တော့သည်။ တစ်ယောက်မှာ တပ်စုမှူးဖြစ်၏။

တပ်ဖွဲ့၏အခြေအနေမှာ အလွန်တရာ ဆိုးရွားလာသည်။ အလွန် ပင်ပန်းနွမ်းနယ်နေကြပြီဖြစ်သော တပ်သားများသည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်း၊ တန်ပြန်တိုက်ခိုက်ထိုးဖောက်ခြင်းများကို ခက်ခဲစွာ ပြုလုပ်နေကြရ၏။ ထိုနေ့မနက်က ဂါလီလီတောင်ကုန်းများပေါ်၌ အပြင်းအထန် ချီတက်ခဲ့ရ၏။ တစ်ဖန် ထိုနေ့ညနေပိုင်းသို့ ရောက်သည်တွင် မှောင်နှင့်မည်းမည်း၌ ချီတက်ကြရပြန်၏။ တောင်ကုန်းများ၊ လှေကားထစ်စိုက်ပျိုးခင်းများကို ကျော်ဖြတ်ပြီး (၆)မိုင်မျှဝေးသည့် ခရီးကြမ်းကို ချီတက်ခဲ့ကြရပြန်၏။ ယခု ပြင်းထန်သည့် တိုက်ပွဲနှင့် ရင်ဆိုင်နေရသောအခါတွင် များစွာ အခက်အခဲတွေ့နေကြရတော့၏။ စက်သေနတ်များ၊ လက်ပစ်ဗုံးများနှင့် ပိတ်ဆို့တိုက်ခိုက်နေသည့် အာရပ်တပ်မကြီး၏တပ်သားများကို ထိုးဖောက်ကျော်ဖြတ်သွားနိုင်ရန် ကြိုးစားကြသည်။ သူတို့နှင့်အတူ လူနာတင်ကတ်သုံးခုသာ ပါ၏။ ထို့ကြောင့် ကျန်လူနာများကို ကျောပိုးပြီး သယ်ယူနေကြရ၏။

ဒဏ်ရာမရသေးသည့် အထက်တန်းအရာရှိဖြစ်သူ ဗိုလ်မှူးမှာ တုန်လှုပ်ချောက်ချားနေ၏။ အဆိုပါဗိုလ်မှူးနှင့် ရေဒီယိုအဆက်အသွယ် ယူသောအခါ သူ့ထံမှ "ဟုတ်ကဲ့၊ ဟုတ်ကဲ့" ဟူသော စကားလုံးများကိုသာ ကြားနေရ၏။ သူ့အား ဘာပြောသည်၊ ဘာရှင်းပြသည်ကို အာရုံမစူးစိုက်နိုင်ဘဲ တုန်လှုပ်ချောက်ချားမှုက ဖုံးလွှမ်းနေကြောင်း ထင်ရှားပါသည်။

www.burmeseclassic.com

ထို့ကြောင့် ဒဏ်ရာမရသေးသည့် အသက် (၂၁) နှစ်ရှိ တပ်စုမှူးကို ရေဒီယို စကားပြောခွက်သို့လာရန် တပ်မဟာမှူးက ခေါ်ယူလိုက်၏။ ထို့နောက် တပ်ဖွဲ့ကြီးတစ်ခုလုံးကို သူ့လက်သို့ ဝကွက်အပ်လိုက်ကာ အုပ်ချုပ်ကွပ်ကဲစေလိုက်သည်။

အသက်ငယ်လှသော တပ်စုမှူးကလေးသည် တပ်မဟာမှူးက တာဝန်ပေးအပ်သည်နှင့် တစ်ပြိုင်တည်း သူ့လူများကို စုစည်းယူလိုက်သည်။ ဒဏ်ရာရသူများ၊ ကျဆုံးသွားသူများကို သယ်ပိုးပြီး တရကြမ်းသွန်ပစ်ကာ ထိုးဖောက်တက်လာခဲ့သည်။ ထို့ကြောင့် တောင်ကုန်းတစ်ခု၏ထိပ်ပေါ်သို့ ရောက်လာ၏။ ထိုနေရာတွင် တပ်သားများကို စနစ်တကျပြန်စုကာ ခံစစ်သို့ ပြောင်းလဲတိုက်ခိုက်ကြလေသည်။ ရှေ့တန်းစစ်မျက်နှာ ကွပ်ကဲမှုစခန်းတွင် ရှိနေကြသည့် ကျွန်ုပ်တို့သည်လည်း ထိုတပ်ဖွဲ့၏အခြေအနေအရပ်ရပ်ကို ဂရုစိုက်ပြီး မလွတ်တမ်းလေ့လာနေကြရ၏။ အဆက်အသွယ်များကမူ ကောင်းစွာရရှိနေလေသည်။

ထိုတပ်ဖွဲ့သည် အာရပ်တပ်မကြီး၏တပ်များကို သူ့အစွမ်းအစနှင့်သူ တိုက်ခိုက်ပြီးတိုးထွက်ကာ အစ္စရေးနိုင်ငံသို့ ပြန်လာနိုင်စွမ်း မရှိတော့ကြောင်းမှာ ထင်ရှားနေချေပြီ။အလားတူပင် ထိုတပ်ဖွဲ့မှဒဏ်ရာရသူများ၊ ကျဆုံးသွားသူများကိုလည်း အစ္စရေးသို့အရောက် ပြန်ယူလာနိုင်တော့မည် မဟုတ်ကြောင်းမှာလည်း သေချာနေပြီ။ ထို့ကြောင့် မဖြစ်မနေဆောင်ရွက်ရတော့မည် အချက်သုံးချက်ကို အမြန်ဆုံး ဆောင်ရွက်အကောင်အထည်ဖော်ရတော့မည်။

ပထမနှင့် အရေးကြီးဆုံးဖြစ်သော အချက်သည် အဝိုင်းခံနေရသည့် တပ်ဖွဲ့ကို အကူအညီပေးရတော့မည်။ လက်နက်များအားလုံးမှာ မနားတမ်းပစ်ခတ်ခဲ့ရပြီး ဖြစ်နေ၏။ ယခုအချိန်တွင် ရန်သူ၏ပစ်အားသည် ကျွန်ုပ်တို့ပစ်အားထက် အဆမတန် သာလွန်အားကောင်းနေတော့၏။

ဒုတိယအချက်မှာ ထပ်ဖြည့်တပ်တစ်ခုကို စေလွှတ်ပြီး အဝိုင်းခံနေရသည့် တပ်သို့ ရောက်အောင်ကြိုးစားရမည်။ တစ်ဆက်တည်း အလင်းရောင်မလာမီ ညအချိန်မှာပင် အဝိုင်းခံနေရခြင်းမှ လွတ်မြောက်အောင် ကူညီတိုက်ခိုက်ပေးရမည်။

တတိယအချက်မှာ အဝိုင်းခံနေရသည့်တပ်သို့ ရောက်အောင် ထိုးဖောက်ဝင်ရောက်မှုကို ညပိုင်း၌ ကြိုးပမ်း၍မအောင်မြင်လျှင် နေ့ခင်းပိုင်းမှာပင် ကြိုးစားထိုးဖောက်ရမည်။

နယ်ခြားကို ဖြတ်ကျော်ပြီး တိုက်ခိုက်ခဲ့ကြသည့် လေထီးတပ်များသည် လွန်ခဲ့သည့်နှစ်နှစ်အတွင်းက ကြီးကြီးမားမား အထိအခိုက် အကျအဆုံး မရှိခဲ့ဖူးချေ။ တစ်ကြိမ်တည်းသာလျှင် ဒဏ်ရာရသူတစ်ဦးကို ရန်သူ့နယ်မြေ၌ ထားရစ်ခဲ့ရဖူးသည်။ ယခုမူ လူ(၅၀)ကျော် ပါဝင်သော တပ်တစ်ခုလုံးကို ရန်သူ့နယ်မြေတွင် အဆုံးခံလိုက်ရတော့မည့်ကဲ့သို့ ဖြစ်နေသည်။ သူတို့တွင် လက်နက်ခဲယမ်းမီးကျောက်များ ကုန်သလောက် ရှိပြီ။ အရာရှိများမှာ ခေါင်းဆောင်နိုင်မှု၊ ကွပ်ကဲနိုင်မှု၊ တိုက်ခိုက်နိုင်မှု မရှိတော့။ အဆက်အသွယ်ဖြတ်တောက်ခြင်းလည်း ခံနေရပြီ။ အာရပ်တပ်မကြီး၏တပ်များက ဝိုင်းဝန်းတိုက်ခိုက်နေခြင်းကိုပါ ခံနေရပြီ။





သူတို့ကို အမြန်ဆုံးအကူအညီပေးနိုင်သည့်လမ်းမှာ တောင်ပေါ်ပစ်အမြောက်ကြီးများဖြင့် ပစ်ခတ်ပေးရန် တစ်နည်းသာလျှင် ရှိ၏။ ကူပစ်ပစ်ပေးနိုင်သည့် (၁၅၅)မမ စက်အမြောက်ကြီးများနှင့် တိုက်ပွဲဖြစ်နေသော တောင်ကုန်းသည် (၈) မိုင်ခွဲမျှ ဝေးကွာသည်။

အဝိုင်းခံနေရသည့်တပ်ဖွဲ့တွင် အမြောက်ပစ်ရာ၌ နေရာညွှန်းသူအဖြစ် ဆောင်ရွက်မည့် အမြောက်တပ်ဆက်သွယ်ရေး အရာရှိတစ်ဦး ရှိနေ၏။ အမြောက်တပ်တပ်မှူးချုပ်က ထိုသူနှင့် ရေဒီယိုအဆက်အသွယ် ယူလိုက်သည်။ သူ၏ ရည်ရွယ်ချက်ကိုပါ အမြောက်တပ် ဆက်သွယ်ရေးအရာရှိကို ရှင်းပြလိုက်၏။

အမြောက်တပ်မှူးသည် သူ၏အမြောက်ကြီးများကို စက်သေနတ်များသဖွယ် အသုံးချရပေတော့မည်။ ရန်သူတို့ရှိနေသည့် တောင်ကုန်းများ၊ ရန်သူများ အသုံးပြုမည့်လမ်း စသည်တို့ကို အပြင်းအထန်ပစ်ခတ်တိုက်ခိုက်ပေးရတော့မည်။ တပ်ကူများ ရောက်မသွားမီပစ်ခတ်ပေးနေရမည့်အချိန်မှာ နာရီနှင့်ချီပြီး ကြာမြင့်မည်ဖြစ်၏။ ထိုသို့ တပ်ကူများမရောက်နိုင်သေးသည့် အချိန်အတွင်း၌ ဤနည်းဖြင့်သာလျှင် အဝိုင်းခံတပ်ကို အကူအညီပေးနိုင်တော့မည် ဖြစ်၏။ အဝိုင်းခံနေရသည့် တပ်သားများကို ကတုတ်ကျင်းများတူးပြီး ခိုအောင်းနေရန် အမိန့်ပေးလိုက်၏။ သို့မှသာလျှင် ကျွန်ုပ်တို့၏ စက်အမြောက်ကြီးများက သူတို့တပ်စွဲနေသည့် စခန်းများနှင့် ကပ်လျက်နေရာများကို ချေမှုန်းနိုင်မည်ဖြစ်၏။

အမြောက်တပ်ဆက်သွယ်ရေးအရာရှိအနေဖြင့် ဂရုတစိုက်ဆောင်ရွက်ပေးရန် အကြောင်းမရှိတော့ပါ။ သူသည် စခန်းတစ်ခုမှ တစ်ခုသို့ ကူးပြောင်းသွားလာနိုင်ခြင်း မရှိတော့။ တစ်နေရာမှတစ်နေရာသို့ မရွှေ့နိုင်တော့။ သူတို့တွင် လက်နက်ခဲယမ်းမီးကျောက်လည်းကုန်ပြီ။ မိနစ်အနည်းငယ်အတွင်းမှာပင် သူတို့ ခြေကုတ်ယူထားသည့် တောင်ကုန်းပတ်ပတ်လည်၌ အမြောက်ဆန်များက တရစပ်ကျလာတော့၏။ စက်အမြောက်ဆန်ကြီးများသည် သူတို့နှင့် ကိုက် (၅၀)အကွာမှာပင်ကျပြီး ပေါက်ကွဲနေကြသည်။ ယင်း (၁၅၅) မမ စက်အမြောက်ဆန်များ၏ ပေါက်ကွဲမှုသည် ကိုက် (၁၀၀) ပတ်လည်သို့ ထိရောက်သည်။

သို့ကလို စက်အမြောက်ကြီးများဖြင့် ကူညီပစ်ခတ်ပေးလင့်ကစား အခြေအနေကိုမဖြေရှင်းနိုင်ပေ။ အတော်အသင့် သက်သာသွားရန်သာ တတ်နိုင်သည်။ ထပ်ဖြည့်တပ်များမရောက်သေးသမျှ ကာလပတ်လုံး တပ်ဖွဲ့သည် လုံခြုံမှုကို မရနိုင်ချေ။ သူတို့ကို အမြန်ဆုံး အကူအညီပေးနိုင်ရန် လေထီးတပ်ခွဲတစ်ခုကို ဆင့်ခေါ်လိုက်ပြီး တပ်ရင်းမှူးတစ်ဦးကို အုပ်ချုပ်ခိုင်းလိုက်သည်။ ဤတပ်ခွဲသည် ညဦးပိုင်းက ပုလိပ်ခံတပ်အား တိုက်ခိုက်သည့်တပ်များကို အကာအကွယ်ပေးခဲ့သည့် တပ်ဖြစ်ပြီး အထိအခိုက်သက်သာထားသောတပ် ဖြစ်၏။ အချိန်သည် (၀၁း၃၀) နာရီသို့ ရောက်ပြီ။ မျှော်လင့်ချက်များသည် အားရဖွယ်မကောင်းသေး။ နေ့ဘက်အလင်းရောင်မလာမီ အဝိုင်းခံနေရသည့်တပ်ဆီသို့ ရောက်ပြီး ကယ်တင်ကာ ပြန်ရောက်လာနိုင်မည်လောဟူသော အချက်မှာ မရေရာသေးချေ။


www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း နောက်ထပ်ပို့မည့် တပ်ကူများ မရောက်လာနိုင်သေးသည့် အချိန်အတွင်း ယခုထပ်ဖြည့်တပ်က အစားထိုးတိုက်ခိုက်နေနိုင်ပေလိမ့်မည်။ ထပ်ဖြည့်တပ်ခွဲ၏နောက်မှ အခြားထပ်ဖြည့်တပ်ခွဲနှစ်ခွဲသည် တင့်ကားခါးပြတ်များဖြင့် လိုက်ပါသွားကြ၏။ အကယ်၍ သာမန်အခြေအနေသာ ဖြစ်မည်ဆိုလျှင် ယခုအပြုအမူမျိုးကို ကျွန်ုပ် ခွင့်ပြုမည်မဟုတ်ပါ။

ညမှောင်နှင့်မည်းမည်း၌ လမ်းကျဉ်းကလေးတွင် ယခုကဲ့သို့ မော်တော်ကားတန်းကြီးဖြင့် သွားရခြင်းသည် အကောင်းဆုံးသော ပစ်ကွင်းကြီး ဖြစ်နေတတ်၏။ ထို့ပြင် တောင်ကုန်းထူထပ်သော တိုင်းပြည်များသည် စစ်ချီတက်ရန် နေရာရှားပါးလှ၏။ လမ်းများကျဉ်းမြောင်းခြင်း၊ တောင်ပေါ်ဒေသဖြစ်ခြင်းတို့ကြောင့် ရှေ့မှ ကားတစ်စီး တစ်စုံတစ်ခုဖြစ်လျှင် နောက်မှကားတန်းကြီးတစ်ခုလုံး ဒုက္ခရောက်တော့သည်။ မည်သို့ပင်ဆိုစေကာမူ အခြားနည်းလမ်း ရွေးချယ်စရာ အကြောင်း မရှိတော့ပါ။ ရွေးချယ်ရန် နည်းလမ်းလည်း မရှိတော့ပါ။

အဝိုင်းခံနေရသည့် တပ်ရှိရာသို့ အချိန်အမြန်ဆုံး ရောက်ရှိနိုင်ပြီး ဒဏ်ရာရသူများ၊ ကျဆုံးသူများကိုပါ အမြန်ဆုံး ပြန်သယ်လာနိုင်သည့် အခြားမော်တော်ယာဉ် ကျွန်ုပ်တို့တွင်မရှိချေ။ တင့်ကားခါးဖြတ် ကားတန်းကြီးသည် အဝေးပြေးလမ်းမကြီးအတိုင်း ရှေ့မီးကြီးများ စုံဖွင့်ကာ စက်ကုန်မောင်းနှင်သွားကြလေတော့သည်။ ကာကီလီယာနှင့် ခါဘက်စူဖင်ရှိ ဂျော်ဒန်တပ်များကို ဖြတ်ကျော်မောင်းနှင်ကာ တရကြမ်းချီတက်သွားကြ၏။ ဂျော်ဒန်စခန်းများက ဆီးကြိုပစ်ခတ်တိုက်ခိုက်ကြသော်လည်း တစ်စုံတစ်ယောက်မျှထိခိုက်ဒဏ်ရာရခြင်းမရှိကြဘဲ အဝိုင်းခံရသည့်တပ်ဆီသို့ အောင်မြင်စွာ ရောက်ရှိသွားတော့၏။ (၀၂း၃၀) နာရီတွင် ရောက်ရှိသွားကြ၏။ အမှန်မှာ ကားတန်းကြီး၏တစ်ဝက် (၉) စီးသာလျှင် ရောက်ခြင်းဖြစ်၏။ အခြားကားများသည် ကာကီလီယာတွင် လမ်းမှားပြီး ကျန်နေရစ်ခဲ့၏။ လမ်းမှန်အတိုင်း မောင်းသွားသည့်ကားများကို မမီလိုက်တော့ချေ။ (သူတို့သည် အခြေစိုက်စခန်းသို့ ပြန်ရောက်လာကြ၏။)

တင့်ကားခါးပြတ်များရောက်သွားသည်နှင့်တစ်ပြိုင်တည်း အဝိုင်းခံနေရသည့်တပ်ကို ဖိတိုက်နေသည့် အာရပ်စစ်တပ်များသည် ဘေးသို့ ရှဲသွားကြ၏။ လေတပ်မတော်တပ်မှူးက စေလွှတ်လိုက်သည့် ဟားဗတ်နှင့် မတ်စတန်းလေယာဉ်ပျံ လေးစင်း ရောက်သွားသည့် အချိန်နှင့်လည်း တိုက်ဆိုင်သွားဖွယ်ရာ အကြောင်းရှိပါသည်။ တိုက်ပွဲဖြစ်နေသည့်ဒေသတွင် လေယာဉ်များကို ပျံဝဲခိုင်းလိုက်၏။ ထိုသို့ ပြုလုပ်ခြင်းအားဖြင့် လေကြောင်းချီစစ်ကြောင်းတစ်ခုပါ ထပ်ရောက်လာပြီး အကူအညီပေးလာပြီဖြစ်ကြောင်း ထင်မှတ်စေရန် ဖြစ်သည်။

(၀၃း၀၀) တွင် စစ်ကြောင်းကြီးသည် နောက်ကြောင်းသို့ ပြန်လှည့်ကာ စတင်ချီတက်လာကြတော့၏။ ဒဏ်ရာရသူများကို မော်တော်ကားအတွင်းမှာထားပြီး ကျန်စစ်သားများက ဘေးနှစ်ဖက်မှ ထိုင်လိုက်လာကြ၏။ အကာအကွယ် လုံးဝမရှိ။ ထင်းထင်းကြီးမြင်တွေ့နေရလေသည်။ ထိုအချိန်မှာပင် ခါဘက်စူဖင်စခန်းများတွင် ရန်သူတို့က အင်အားထပ်ဖြည့်ထားလိုက်ကြပြီဖြစ်၏။





အပြန်လမ်း၌ ခါဘက်စူဖင်ကို မော်တော်ကားတန်းကြီး ဖြတ်သန်းမောင်းနှင်လာရာ ရန်သူတို့က စက်သေနတ်များ၊ တင့်ကားဖျက်လက်နက်များ၊ လက်ပစ်ဗုံးများဖြင့် အပြင်းအထန် ဆီးကြိုတိုက်ခိုက်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဘက်မှ ငါးယောက်ထပ်ကျပြီး (၂၀) ဒဏ်ရာရသွားပြန်၏။ ထိုမျှနှင့်လည်း တိုက်ပွဲသည် ပြီးဆုံးသွားခြင်း မရှိသေးပါ။ ဆီးကြိုတိုက်ခိုက်ခြင်းကို ခံရသည့်ဒေသများကို ကားတန်းကြီး ကျော်လွန်လာပြီးနောက် ဖျက်ဆီးပစ်ခဲ့သည့် ပုလိပ်ခံတပ်အနီးသို့ ရောက်သည်တွင် ကားတစ်စီး ပျောက်ဆုံးနေသည်ကို တွေ့ကြရ၏။ ထိုကားသည် ခါဘက်စူဖင်နှင့် အလွန်နီးကပ်သည့် နေရာတစ်ခုတွင် ကျင်းထဲကျပြီး ဆက်မမောင်းနိုင်တော့ဘဲ ကျန်နေရစ်ခြင်း ဖြစ်သည်။ ထို့ကြောင့် အဆိုပါမော်တော်ကားကို ပြန်ယူလာနိုင်ရန် တင့်ကားခါးပြတ်လေးစီးက နောက်ပိုင်းသို့ ပြန်လှည့်သွားကြရပြန်၏။

သူတို့သည် ကျန်ရစ်ခဲ့သည့် ကားကို အောင်မြင်စွာ တွဲယူပြီး ဆွဲခဲ့နိုင်ပါ၏။ သို့သော်လည်း ကားချင်း တွဲမိနိုင်စေရန်၊ ရှေ့မီးကြီးများကို ဖွင့်ကြရ၏။ ထိုအခါတွင် အာရပ်တပ်များအတွက် ပစ်ကွင်းကောင်းတစ်ခု ဖြစ်လာပြီး ပြင်းထန်စွာ ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံရသည်။ လူနှစ်ယောက် ထပ်မံကျဆုံးသွားရပြန်သည်။

နံနက်ပိုင်း အရုဏ်တက်သည်နှင့် တစ်ပြိုင်တည်း ပစ်ခတ်တိုက်ခိုက်မှုများ ပြီးငြိမ်းရပ်ဆိုင်းသွားတော့၏။ ခါဘက်စူဖင်အနီး၌ ကျဆုံးခဲ့သူနှစ်ယောက်၏ အလောင်းများကိုမူ စွန့်ပစ်ထားခဲ့ရသည်။

ယခုတပ်များအားလုံး ကျွန်ုပ်တို့နယ်မြေအတွင်းသို့ ပြန်ရောက်လာကြပြီ။ ညတုန်းကထုတ်ပြန်ထားသည့်အမိန့်ကို ကျွန်ုပ် ပယ်ဖျက်လိုက်၏။ အဝိုင်းခံနေရသည့်တပ်ကို ကယ်တင်နိုင်ခြင်းမရှိလျှင် နောက်ထပ်ထိုးစစ်တစ်ခုဖြင့် ကယ်တင်ရန် တင့်ကားတပ်ဖွဲ့တစ်ဖွဲ့၊ ခြေလျင်တပ်ရင်းတစ်ခုနှင့် လေတပ်တိုက်လေယာဉ်များက တင်းခံနေရသည့်တပ်အတွင်းသို့ အရုဏ်တက်ချိန်မှစပြီး ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ပြီး ကယ်တင်ရန် ကျွန်ုပ် အမိန့်ထုတ်ပြန်ထားခဲ့ခြင်း ဖြစ်၏။

ညနေစောစောပိုင်းတွင် စစ်ဆင်ရေးမှူးကို ၎င်း၏ စစ်ဆင်ရေး ကွပ်ကဲမှုဌာနသို့ လိုက်သွားပြီး ကျွန်ုပ်တွေ့သည်။ သူ၏ ကွပ်ကဲမှုဌာနသည် တောင်ကုန်းပေါ်တွင် ရှိပြီး ကာကီလီယာပုလိပ်ခံတပ်ကို အပေါ်မှ စီးပြီး မြင်နေရသည်။ သို့သော် အခြေအနေတစ်စုံတစ်ခု ဖြစ်ပေါ်နိုင်သည့်အတွက် စစ်သေနာပတိဌာနချုပ်သို့ ကျွန်ုပ်ပြန်လာခဲ့ရ၏။ အဝိုင်းခံရသည့် တပ်၏အခြေအနေဆိုးရွားသော သတင်းများမှာ ပျံ့နှံ့လျက် ရှိချေပြီ။ ရုံးသို့ ကျွန်ုပ်ရောက်သောအခါ များပြားလှသော တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ စစ်ဆင်ရေးအရာရှိများကို တွေ့ရ၏။ သူတို့သည် အရေးပေါ်ကိစ္စတစ်ခုခုအတွက် ကျွန်ုပ် အလိုရှိလျှင် တာဝန်ယူရန် အသင့်စောင့်နေကြခြင်း ဖြစ်၏။ တိုက်ပွဲမှ ပြန်လာသူများကို တွေ့ရန် ကွပ်ကဲမှုဌာနသို့ ယခု ကျွန်ုပ် သွားနိုင်ပါပြီ။ ခါဘက်စူဖင်တွင် ကျဆုံးခဲ့သူနှစ်ဦးသည် တပ်မဟာစစ်ဆင်ရေးအရာရှိနှင့် ဗိုလ်ယာမီယာဟူဘာဒါနေဘ်တို့ ဖြစ်ကြောင်း လေထီးတပ်မဟာ တပ်မှူးထံမှ ကျွန်ုပ် သိရ၏။ တပ်မဟာစစ်ဆင်ရေး အရာရှိသည် အဝိုင်းခံနေရသည့်တပ်နှင့် အတူတူရှိခဲ့သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာဒါနေ့ဗ်ကိုမူ ကျွန်ုပ်တို့အားလုံးက ယာမီဟု သိထားကြ၏။

ယာမီကို စစ်တပ်အတွင်းသို့ စည်းရုံးသိမ်းသွင်းခြင်း မပြုခဲ့သည်မှာ ကြာပြီ။ သို့သော် အကြောင်းပေါ်လာတိုင်း သူ့ကို ခေါ်ပြီး အကူအညီ တောင်းခဲ့ကြရ၏။ သူသည် အတွေ့အကြုံရင့်ကျက်သော အရာရှိတစ်ယောက်ဖြစ်၏။ ကတုတ်ကျင်းတူးခြင်း၊ တံတား ဖျက်ခြင်း စသည့်အလုပ်များတွင် အလွန်တော်သူ ဖြစ်၏။ ထိုမျှမက တိုက်ခိုက်ရေး စစ်သားတစ်ယောက်အနေဖြင့် ပြောင်မြောက်လှသော သူ၏သူရသတ္တိကို တစ်ပြည် ထောင်လုံးက သိရှိချီးကျူးခဲ့ကြရ၏။ ယခု စစ်ဆင်ရေးသို့မူ မည်သူကမျှ မခေါ်ယူဘဲ သူ့အလိုအလျောက် ရောက်လာ၏။

စစ်ဆင်ရေးစသည်နှင့်တစ်ပြိုင်တည်း ရှေ့တန်းစစ်မျက်နှာစစ်ဆင်ရေးကွပ်ကဲမှု ဌာနကို ဂျော်ဒန်များက စတင်ပစ်ခတ်သည်။ ကျွန်ုပ်တို့အားလုံး ကတုတ်ကျင်းအတွင်းသို့ ခုန်ချလိုက်ကြရ၏။ ကျွန်ုပ်နှင့်ယာမီသည် တစ်ယောက်ပေါ်တစ်ယောက် ထပ်ပြီး ကတုတ် ကျင်းအတွင်းသို့ ကျသွား၏။ သူ့ကို မမျှော်လင့်ဘဲ ကျွန်ုပ် တွေ့ရတော့သည်။ သို့သော် ကျွန်ုပ် မဖော်ဩမိပါ။ အစ္စရေးတပ်မတော်တွင် စစ်တပ်မှ ထွက်ခွာသွား ကြသည့်အရာရှိ များသည် အကြောင်းပေါ်လာသည်နှင့် တစ်ပြိုင်တည်း တပ်မတော်သို့ ပြန်လာကာ အမှုထမ်းဆောင်လေ့ရှိကြ၏။ လူငယ်များကို လက်တွဲ၍ ခေါ်ယူကြသည့် သဘောပင် ဖြစ်သည်။ ပုလိပ်ခံတပ်သို့ ဦးတည်ပြီး ချေမှုန်းတိုက်ခိုက်ရေးတပ်ဖွဲ့များ စတင်ချီတက် ကြသည်နှင့် တစ်ပြိုင်တည်း ယာမီသည် ကတုတ်ကျင်းအတွင်းမှ ခုန်ထွက်ကာ သူတို့နှင့် ပူးပေါင်းလိုက်ပါသွားတော့သည်။

လမ်းပိတ်ဆို့ရေးတပ်ဖွဲ့ အဝိုင်းခံနေရပြီဟူသော သတင်းရောက်လာသည်နှင့် တစ်ပြိုင်တည်း ယာမီသည် ကယ်ဆယ်ရေးတပ်ဖွဲ့၏ ရှေ့ဆုံးမှ တင့်ကားခါးပြတ်ပေါ်သို့ ပထမဦးဆုံး ခုန်တက်သွားသည်။ တစ်ဆက်တည်းမှာပင် ထိုကားတန်းကြီးကို ခေါင်း ဆောင်ပြီး အဝိုင်းခံနေရသည့်တပ်ကို ကယ်တင်ရန် တစ်ဟုန်ထိုး ချီတက်သွားတော့ သည်။

အဝိုင်းခံတပ်ကို ကယ်တင်ပြီး ပြန်လာကြရာတွင်လည်း ကားတစ်စီး ခါဘက် စူဖင်၌ ကျန်ရစ်ခဲ့ကြောင်း သိသည်နှင့်တစ်ပြိုင်တည်း သူစီးနင်းလာသည့် တင့်ကားခါး ပြတ်ဒရိုင်ဘာကို နောက်ပြန်လှည့်ရန် အမိန့်ပေးလိုက်သည်။ ကျန်ရစ်ခဲ့သည့်ကားကို ကယ်တင်နိုင်ရန် သူပင် ပြောင်မြောက်စွာ ခေါင်းဆောင်သွားပြန်သည်။ ထိုအချိန်အထိ အရပ်ဝတ်အဝတ်အစားကို သူဝတ်ဆင်ထား၏။ ပျက်နေသည့် ကားအနီးသို့ အရောက် တွင် ကားပေါ်မှ ခုန်ဆင်းပြီး ကားချင်းဆက်သည်။

ထိုသို့ စွမ်းစွမ်းတမံ ဆောင်ရွက်နေခိုက် သူဝတ်ထားသော အရပ်သားရှပ်အင်္ကျီ မှာ အဖြူရောင်ဖြစ်လေရာ ရန်သူ၏မြင်ကွင်းတွင် အထင်ရှားဆုံးသော ပစ်ကွင်းကြီး ဖြစ်နေတော့၏။ သို့ဖြင့် ရန်သူပစ်လိုက်သော စက်သေနတ်ကျည်ဆန်က သူ၏ဝမ်းဗိုက် ကို ဖောက်ထွင်းသွားချေတော့သည်။

✡





(၁၉၅၆)၊ အောက်တိုဘာ (၁၅) ရက်

ကာကီလီယာတိုက်ပွဲသည် ဂျော်ဒန်စစ်မျက်နှာတွင် ယခင်က ဖြစ်ပွားခဲ့ဖူးသည့် လက်စားချေတိုက်ပွဲများထက် ပိုပြီး ကြီးမားစွာ ဂယက်ရိုက်လာတော့၏။ ကျွန်ုပ်တို့နှင့် ဗြိတိသျှတို့၏ဆက်ဆံရေးမှာလည်း တင်းမာလာသည်။ အာရပ်တပ်များဘက်မှ အင်္ဂလိပ် တို့က လက်နက်ကိုင်ပြီး ဝင်ရောက်စွက်ဖက်မည့် ကိစ္စမှာမူ မဖြစ်နိုင်သေးချေ။

ဂျေရုဆလင်မြို့ရှိ ဗြိတိသျှကောင်စစ်ဝန်က တိုက်ပွဲဖြစ်ပွားသည့် ညမှာပင် ကျွန်ုပ်တို့၏နိုင်ငံခြားရေးဌာနနှင့် အဆက်အသွယ်ရရန် ကြိုးစားသည်။

ဂျော်ဒန်ဘုရင်ဟူစိန်၏ မေတ္တာရပ်ခံချက်ကို ကျွန်ုပ်တို့အား အကြောင်းကြား သည်။ ၎င်းကောင်စစ်ဝန်၏ ပြောကြားချက်အရ ဂျော်ဒန်ဘုရင်ဟူစိန်သည် အရှေ့ အလယ်ပိုင်းဒေသရှိ အင်္ဂလိပ်လက်နက်ကိုင် တပ်များ၏တပ်မှူး ဗိုလ်ချုပ်ကြီး ချားလ်စ် ကိတလေနှင့် အဆက်အသွယ် ပြုကြောင်း၊ အင်္ဂလိပ်ဂျော်ဒန် ကာကွယ်ရေးစာချုပ်ကို အကောင်အထည်ဖော်ပေးရန် တောင်းဆိုကြောင်း၊ ဂျော်ဒန်စစ်တပ်များဘက်မှ ဗြိတိသျှ ဘုရင်မ လေတပ်မတော်က ပါဝင်တိုက်ခိုက်ပေးရန် ဟူစိန်က တောင်းဆိုကြောင်းဖြင့် ကျွန်ုပ်တို့ သိရှိကြရသည်။

ထိုသတင်းကို တိုက်ပွဲဖြစ်နေသည့် ညကြီးသန်းခေါင်၌ ကျွန်ုပ်တို့ကို ပေးခြင်း သည် ဂျော်ဒန်၏အကူအညီတောင်းဆိုမှုကို အင်္ဂလိပ်က လက်ခံလိုက်လျောရန် အသင့် ရှိကြောင်း အစ္စရေးကို သတိပေးလိုက်သည့် သဘောပင်ဖြစ်၏။ နောက်တစ်နေ့ (၁၂) ရက်နေ့တွင် အငြင်းပွားမှုသည် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာ၏။ တယ်လ်အဗစ် မြို့ရှိ ဗြိတိသျှ ကိုယ်စားလှယ်ချုပ်က ဝန်ကြီးချုပ် ဘင်ဂူရီယံနှင့် တွေ့ဆုံရန်ခွင့်တောင်း၏။ အဆိုပါကိုယ်စားလှယ်ချုပ်က အီရတ်တပ်မတစ်ခုသည် ဂျော်ဒန်ပြည်တွင်းသို့ ဝင်ရောက် တော့မည်ဖြစ်ကြောင်း၊ အစ္စရေးက စစ်ရေးအရ အရေးယူဆောင်ရွက်လျှင် ဗြိတိသျှသည် ဂျော်ဒန်ဘက်က ကူညီမည်ဖြစ်ကြောင်း ဘင်ဂူရီယံကို ပြောပြသည်။

ဘင်ဂူရီယံကလည်း အီရတ်စစ်တပ်၏လှုပ်ရှားမှုကို အစ္စရေးက စောင့်ကြည့်နေ ကြောင်း၊ အီရတ်ဝင်လာမည် ဆိုလျှင် ဂျော်ဒန်ဘက်က အင်္ဂလိပ်ကူညီလင့်ကစား မိမိ၏ ရန်သူအနေဖြင့် အာရပ်များကို အစ္စရေးက လွတ်လပ်စွာ အရေးယူနိုင်ခွင့် ရှိကြောင်းဖြင့် ပြန်ပြောလိုက်သည်။

လွန်ခဲ့သောအပတ်က ရှေးဟောင်းပစ္စည်းရှာဖွေသူ အစ္စရေးများကို ဂျော်ဒန်က သတ်ဖြတ်သဖြင့် ဂျော်ဒန်ဟူစိန်၏ ပုလိပ်ခံတပ်ကို အစ္စရေးတပ်များက လက်စားချေ တိုက်ခိုက်ခဲ့သည်။ ထိုသို့ဖြစ်ပွားသောအခါ ဗြိတိသျှကိုယ်စားလှယ်ချုပ်က ကုလသမဂ္ဂ၏ ဗိုလ်ချုပ်ကြီးဘန်းစ်နှင့် တွေ့ဆုံပြီး အစ္စရေး၏ လက်တုံ့ပြန်တိုက်ခိုက်ခြင်းသည် အင်္ဂလိပ်၊ ဂျော်ဒန်ကာကွယ်ရေးစာချုပ်အရ နှစ်ပြည်ထောင်စလုံး စစ်ပွဲအတွင်းသို့ ရောက်လောက် အောင်ပြုလုပ်ခြင်းနှင့်တူကြောင်းဖြင့် ပြောခဲ့သည်။ ထိုအကြောင်းများကို ကြားရသော ကြောင့် ယနေ့အခြေအနေနှင့် ပတ်သက်ပြီး အင်္ဂလိပ်၏ဦးတည်ချက်သည် ထိုအတိုင်း ကဖြစ်ကြောင်း ကျွန်ုပ်တို့ ယူဆရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲများ နေ့ခင်းဘက်တွင်ပါ ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက ကျွန်ုပ်တို့၏လေယာဉ်ပျံများကို ဗြိတိသျှလေတပ်မတော်က တိုက်ခိုက်ခြင်းပြုမည်, မပြုမည်ကို ကျွန်ုပ်တို့ မသိပါ။ ဂျော်ဒန်အနေဖြင့် အစ္စရေးတို့၏ အန္တရာယ်မှ ကာကွယ်ရာတွင်မူ ဗြိတိသျှသည် ၎င်းတို့အတွက် သစ္စာရှိသော၊ ယုံကြည်စိတ်ချရသော နိုင်ငံဖြစ်၏။ ၎င်းတို့အားကိုးနိုင်သောနိုင်ငံဖြစ်၏။ ထိုသို့သော အကြောင်းများကြောင့် ဗြိတိသျှက ဂျော်ဒန်ကို စစ်အင်အားဖြင့် အကူအညီပေးရမည်ဖြစ်ကြောင်း ဗြိတိသျှကိုယ်စားလှယ်များက (၂၄) နာရီအတွင်း အစ္စရေးအစိုးရကို နှစ်ကြိမ်တိုင်တိုင် အကြောင်းကြားသည်။

အင်္ဂလိပ်နှင့် အစ္စရေးတို့၏ ဆက်ဆံရေးသည် တစ်ခါတစ်ရံတွင် ထိုကဲ့သို့ပင် အေးစက်နေတတ်၏။

မည်သို့ဆိုစေ ယခု အီရတ်ဝင်ရောက်လာမည့် အစီအစဉ်နှင့် ရင်ဆိုင်ရသောအခါ အခြေအနေသည် အထွတ်အထိပ်သို့ ရောက်လာ၏။

ထိုအစီအစဉ်ကို အင်္ဂလန်သို့ သွားရောက်လည်ပတ်မည့် အီရတ်ဝန်ကြီးချုပ် နူရီဆာအစ်က လွန်ခဲ့သည့် အပတ်အတွင်းက ရှေ့တန်းတင်ပေးလိုက်ခြင်း ဖြစ်၏။ ဘဂ္ဂဒက်မြို့မှ မထွက်ခွာမီ တိုင်းမဂ္ဂဇင်း သတင်းထောက်နှင့် ဝန်ကြီးချုပ် ဆာအစ်တို့ တွေ့ကြသည်။ အာရပ်အစ္စရေးပြဿနာကို နီဂေဗ်နှင့် ဂါလီလီဒေသများကို အာရပ်များအားပေးရမည်ဟူသော ကုလသမဂ္ဂ၏ (၁၉၄၇) ခုနှစ် ခွဲခြားရေးဆုံးဖြတ်ချက်အရသာလျှင် ဖြေရှင်းရမည် စသည်ဖြင့် ဆာအစ်က သတင်းထောက်ကို ပြောပြ၏။

နောက်တစ်နေ့တွင် ဗြိတိသျှနိုင်ငံခြားဌာန ပြောရေးဆိုခွင့် ရှိသူက နူရီဆာအစ်၏ပြောကြားချက်ကို ဗြိတိသျှအစိုးရက ကြိုဆိုကြောင်း၊ နှစ်ပြည်ထောင်တို့၏ကြားတွင် ဝင်ရောက်ဖျန်ဖြေပေးလိုပါကြောင်းဖြင့် ထုတ်ဖော်ကြေညာ၏။ ၎င်းတပင်ဆက်လက်၍ ဗြိတိသျှဝန်ကြီးချုပ် အီဒင် (၁၉၅၅) ခု၊ နိုဝင်ဘာလ(၉)ရက်နေ့က ပြောကြားခဲ့သည့်စကားကိုပင် ပြန်လည်ကိုးကားပြောဆို၏။ အီဒင်က အာရပ်တို့၏ တောင်းဆိုချက်ကို အီဂျစ်က လိုက်လျောသင့်ကြောင်း၊ အာရပ်နိုင်ငံများကလည်း အစ္စရေး၏ နယ်နိမိတ်များကို အသိအမှတ်ပြု လက်ခံရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

အထက်ပါအတိုင်း မနှစ်က အင်ထော်နီအီဒင်ပြောကြားခဲ့သည့် စကားများသည် ကျွန်ုပ်တို့ကို ရန်ထောင်ခြင်းဖြစ်ကြောင်းဖြင့် ကျွန်ုပ်တို့ သဘောထားခဲ့ပြီး အစ္စရေးနိုင်ငံသားများက မကျေမချမ်းဖြစ်ခဲ့ကြသည်။ အာရပ်တို့ တောင်းဆိုနေသည့် နယ်မြေများသည် ၎င်းတို့အတွက် လိုအပ်သည့် နယ်မြေများ မဟုတ်ကြောင်း၊ ထိုနယ်မြေများကို တောင်းဆိုနေခြင်းသည်လည်း သူတို့လိုလားချက်များ ပြည့်စုံရန် စိတ်ကျေနပ်မှုရရန် တောင်းဆိုနေခြင်း မဟုတ်ကြောင်း၊ အစ္စရေးကို နှောင့်ယှက်လိုသည့်သဘောဖြင့် တောင်းဆိုနေကြခြင်းသာဖြစ်ကြောင်း ဗြိတိသျှအစိုးရက ကောင်းကောင်း သဘောပေါက်သိရှိ နားလည်ထားပါသည်။

ယခုမူ ဗြိတိသျှပြောရေးဆိုခွင့်ရှိသူက အင်ထော်နီအီဒင်၏ စကားလုံးများကို ပြန်လည်အသက်သွင်းလာသည်။ အီဒင်၏အကြံပေးချက်နှင့် နူရီဆာအစ်၏ ကြေညာချက်များ ဆက်သွယ်မှုကို ပြုလုပ်ပေးလိုက်သည်။



အာရပ်တို့က နယ်မြေတောင်းဆိုနေမှုကို . . ဗြိတိသျှအစိုးရက တရားဝင်ထောက်ခံအားပေးလိုက်ခြင်းပင် ဖြစ်၏။

အီရတ်စီမံကိန်းကို ထောက်ခံလိုက်ခြင်းပင် ဖြစ်၏။ ကာကီလီယာတိုက်ပွဲအပြီးတွင် ထိုအကြောင်းများကို ဗြိတိသျှ ကိုယ်စားလှယ်ချုပ်က အစ္စရေးကို အကြောင်းကြားသည်။ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ရိပ်ဒါမီယာက ကြေညာချက် တစ်စောင်ထုတ်သည်။ နူရီဆာအစ်၏အစီအစဉ်အတိုင်း အီရတ်စစ်တပ်များ ဂျော်ဒန်ပြည်တွင်းသို့ ဝင်လာမည်ဆိုလျှင် ထိုသို့ပြုလုပ်ခြင်းသည် အစ္စရေးနိုင်ငံရပ်တည်ခွင့်ကို အန္တရာယ်ပြုခြိမ်းခြောက်မှုသာဖြစ်သည်ဟု အစ္စရေးက သဘောထားမည်ဖြစ်ကြောင်း၊ ထိုအပြုအမူကို တွန်းလှန်ပစ်မည်သာဖြစ်ကြောင်း စသည်ဖြင့် ကြေညာချက်တွင် ဖော်ပြထား၏။

ဘင်ဂူရီယံကလည်း ယနေ့ကျင်းပသည့် ပါလီမန်အစည်းအဝေးတွင် နိုင်ငံခြားရေးနှင့် ကာကွယ်ရေးပေါ်လစီများကို ထုတ်ဖော်ကြေညာ၏။ ဂျော်ဒန်ပြည်တွင်းသို့ အီရတ်စစ်တပ်ဝင်လာမည်ဆိုခြင်းကို အစ္စရေးကဆန့်ကျင်ကြောင်း၊ ဂျော်ဒန်၏ ရှေ့ဘက်ခြမ်းသို့ ဝင်ခြင်းဖြစ်စေကာမူ ဆန့်ကျင်မည်သာဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံက မိမိ၏လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းထားမည်သာဖြစ်ကြောင်း၊ ယခု အခြေအနေကြောင့် ပေါက်ကွဲမှုများ ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း၊ ဂျော်ဒန်ပြည်တွင်းသို့ နိုင်ငံခြားလက်နက်ကိုင်တပ်များ ဝင်ရောက်လာလျှင်သော်လည်းကောင်း၊ အစ္စရေးအစိုးရက မိမိ၏လွတ်လပ်ရေးကို ထိန်းသိမ်းထားမည်သာ ဖြစ်ကြောင်းဖြင့် ထုတ်ဖော်ပြောကြားသွားသည်။ ကြေညာချက်များသည် တစ်ဖက်သတ်ကျသော ကြေညာချက်များမဟုတ်ပါ။ အစ္စရေးနိုင်ငံက အကြမ်းဖက်မှုများကို လက်စားချေတုံ့ပြန်မှုများ ဆက်လက်ပြုလုပ်နေမည်ဆိုလျှင် ဗြိတိန်နိုင်ငံသည် ဂျော်ဒန်ကို ကူညီလိမ့်မည်ဖြစ်ကြောင်းဖြင့် ယနေ့ထုတ် တိုင်းမဂ္ဂဇင်းတွင် ဆောင်းပါးတစ်ပုဒ်က ရေးသားဖော်ပြထား၏။

ဗြိတိသျှတို့က မည်သို့သော ရည်စူးချက်များပင် ရှိနေစေကာမူ ဂျော်ဒန်က အီရတ်စစ်တပ်များကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရန် သတ်မှတ်ခြင်းမရှိ။ ဗြိတိသျှတို့၏ဝင်ရောက်ကူညီခြင်းကို တောင်းဆိုရန် ပြင်ဆင်ထားခြင်းလည်း မရှိ။ အစ္စရေးနိုင်ငံအတွင်းသို့ ထိုးဖောက် ဝင်ရောက်မှုများကို တားမြစ်ရန်ပင် လက်တွေ့ဆောင်ရွက်နေပြန်၏။ ကာကီလီယာဒေသ အလယ်ပိုင်းနယ်နိမိတ်ကို ကာကွယ်ရန် တပ်ရင်းတစ်ခု ထပ်မံချထားလိုက်သည်။

ဝန်ကြီးချုပ်အီဘရာဟင်အယ်လ်ဟာရှင်က ဘုရင်ဟူစိန်၏ သဘောတူညီချက်ဖြင့် ကာကွယ်ရေးစည်းမျဉ်းများကို မနေ့က ကြေညာ၏။ စိမ့်ဝင်လာသူများ အပါအဝင် လုံခြုံရေးနှောင့်ယှက်သူများကို အရေးယူနိုင်ရန်အတွက် ခရိုင်ဝန်အားလုံးကို အထူးအာဏာများ ပေးအပ်သည်။ ထိုကာကွယ်ရေးစည်းများကို ကာကီလီယာဒေသတပ်မှူးချုပ် ဖော်ဇီမီရတ်၏အကြံပေးချက်အရ ပြုလုပ်ခြင်းဖြစ်သည်။ နယ်စပ်ဒေသ၌ ညမထွက်ရအမိန့်ကို နာရီများများ ပို၍ထားပေးရန်၊ နယ်စပ်ဒေသတစ်လျှောက်တွင် (၅)မိုင်အတိချပြီး ထိုအမိန့်တည်စေရန်စသည်များကိုအကြံပေး၏။ ယင်းအမိန့်ကို အာရပ်တပ်မတော်သို့လည်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

နယ်ခြားတစ်လျှောက် တင်းတင်းကြပ်ကြပ် ကင်းလှည့်ရန်နှင့် နယ်ခြားကို ကျော်ဖြတ်သူများအား ပစ်ခတ်ရန်များပါဝင်သည်။ နယ်ခြားတွင် အကြမ်းဖက်သမား များကျော်ဖြတ်ခြင်းအားဖြင့် ဂျော်ဒန်နယ်မြေများအပေါ် အစ္စရေးတို့၏ ကြမ်းကြုတ်သော တိုက်ခိုက်မှုများ ဖြစ်စေခဲ့ရသည်ဟု ပါရှိ၏။

ကာကီလီယာတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသည့်တပ်များ သူတို့စခန်းများ သို့ပြန်ရောက်အပြီး (၁၁)ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးအား အစီရင်ခံရန် ဂျေရု ဆလင်မြို့သို့ မော်တော်ကားဖြင့် ကျွန်ုပ် ထွက်ခွာလာသည်။ စစ်ဆင်ရေးတွင် ကြီးကြပ် ခဲ့သူ လေထီးတပ်မဟာမှူးလည်း ကျွန်ုပ်နှင့်အတူပါလာ၏။ ကျွန်ုပ်တို့ဘက်က အကျ အဆုံးများရခြင်းနှင့် ပတ်သက်ပြီး ဘင်ဂူရီယံသည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် များစွာ စိတ်ထိခိုက်ကြောင်း တွေ့ရ၏။

တိုက်ပွဲနှင့်ပတ်သက်၍ ဘာမျှမဝေဖန်သော်လည်း ထိုသို့ အကျအဆုံးများ ရခြင်းမဖြစ်အောင် မရှောင်တိမ်းနိုင်ဘူးလောဟု မေးခွန်းထုတ်၏။ ထိုမေးခွန်းကို တပ်မဟာမှူးရော၊ ကျွန်ုပ်ပါ ဖြေဆိုနိုင်ခြင်း မရှိပါ။ ကျွန်ုပ်သည် ထိုမေးခွန်းအတွက် များစွာ စိတ်မချမ်းမသာဖြစ်မိ၏။ နောက်တစ်နေ့ဖြစ်သော အောက်တိုဘာ (၁၂) ရက် နေ့တွင် ပါလီမန်၏ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးကော်မတီများသို့ သွားရောက်ပြီး အခြေအနေများကို ကျွန်ုပ်ကိုယ်တိုင်ပင် ရှင်းလင်းပြောဆိုရသည်။ မေးခွန်းပေါင်း မြောက်မြားစွာကို ဝိုင်းဝန်းမေးမြန်းကြသည်။ မနေ့တုန်းကမှ စစ်သေနာပတိဌာနချုပ်တွင် အစည်းအဝေးကျင်းပသည်။ တိုက်ပွဲအခြေအနေများလေ့လာရန်နှင့် နောင်ဖြစ်ပွားပေါ် ပေါက်မည့်တိုက်ပွဲများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် ဖြစ်၏။

ယခု အစည်းအဝေးတွင်လည်း ပြင်းထန်သည့် ဝေဖန်မှုများကို ခံရသည်။ လေထီးတပ်အရာရှိများက ကျွန်ုပ်ကို အများဆုံး ဝေဖန်ကြခြင်းဖြစ်၏။ ၎င်းတို့တင်ပြသည့် တိုက်ပွဲအနေအထားကို ကန့်သတ်ရန်နှင့် ရန်သူ၏ စစ်စွယ်ဖြစ်သည့် ခါဘက်စူဖင်ကို သိမ်းပိုက်ရန် တင်ပြချက်အား ကျွန်ုပ်က မလိုက်နာဘဲ အမိန့်ပေးခြင်းများနှင့် ပတ်သက်၍ ဝေဖန်ကြ၏။ စစ်ပွဲပြီးဆုံးသွားသည့်နောက် ယနေ့ကာလသို့တိုင်အောင် သူတို့မှားယွင်း သည်ဟု ကျွန်ုပ် ထင်မှတ်ယုံကြည်နေ၏။ ပုလိပ်ခံတပ်ကို ဖောက်ခွဲဖျက်ဆီးရာတွင် ခါဘက်စူဖင်ကို တိုက်ခိုက်သိမ်းပိုက်ရန် မလို။ ယခုဖြစ်ရသည်မှာလည်း အဝိုင်းခံနေရ သည့်တပ်များကို ကယ်တင်ပြီး ပြန်အလာ၌ အတိုက်ခံရခြင်းမျှသာ ဖြစ်၏။

ထို့ကြောင့် လမ်းပိတ်ဆို့မှုပြုလုပ်ရာတွင်သာ အမှားရှိသည်ဟု ကျွန်ုပ် ယုံကြည် နေမိသည်။ လမ်းပိတ်ဆို့မှု ပြုလုပ်မည့်တပ်ကို ဂျော်ဒန်နယ်မြေအတွင်း အလွန်အတွင်း ကျသည့်ဒေသသို့ ပို့မိသောကြောင့် အဖြစ်ဆိုးများနှင့် ကြုံရသည်။ ရန်သူ့စစ်စွယ်စခန်း၏ တိုက်ခိုက်ခြင်းကို ခံရသည်။ နောက်တစ်ချက်မှာ အမြောက်တပ်များက ကူပစ်ပစ်ပေးနေ ခြင်းကို အချိန်မစေ့မီရပ်တန့်စေပြီး တိုက်ခိုက်ချေမှုန်းရေးတပ်များက ပုလိပ်ခံတပ်ကို တရကြမ်းဝင်ရောက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့ဆင်နွှဲခဲ့ သည့်စစ်ပွဲမှာ အောင်မြင်ပါသည်။ ယခု စစ်ပွဲတွင် ပစ်မှတ်ကို မီးမောင်းကြီးများ ထိုးပြပြီး စက်အမြောက်များဖြင့် လွတ်လွတ်လပ်လပ် စိတ်တိုင်းကျ ပစ်ခတ်ချေမှုန်းစေ၏။





ယခင်စစ်ပွဲများတွင် ဤသို့ မပြု။ ယခုစစ်ပွဲတွင် ဤအတိုင်းသာ ဆောင်ရွက် ရမည်။ လေထီးတပ်သားများ၏ စစ်စိတ်ဓာတ်များ တဖွားဖွား ပေါ်နေ၏။ ၎င်းတို့၏ တက်ကြွမှုများသည် တပ်မှူးများကို ကူးစက်သွားသည်။ ဤတပ်ဖွဲ့သည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း၌ အတွေ့အကြုံကောင်းစွာ ရခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း ပြောင်ပြောင် မြောက်မြောက်ပင် တိုက်ခိုက်နိုင်ခဲ့ကြခြင်း ဖြစ်လေသည်။ လေထီးတပ်မဟာကို အပျော် တမ်းတပ်သားများဖြင့် ဖွဲ့စည်းထား၏။ အသင့်လျော်ဆုံးသော၊ စံနမူနာယူဖွယ် အကောင်း ဆုံးသော လူငယ်ကလေးများပင် ဖြစ်၏။ သူတို့သည် တိုက်ဖော်တိုက်ဖက် ရဲဘော်များ အပေါ်တွင်လည်း အလွန်တရာ ကိုယ်ကျိုးစွန့်ကြ၏။ တိုက်ပွဲ အလွန်တရာ ပြင်းထန်ပြီး ရန်သူ၏ထိုးနှက်ချက် ကြီးမားနေလင့်ကစား ကျဆုံးသူများနှင့် ဒဏ်ရာရသူများကို ရန်သူ့ နယ်မြေတွင် ချန်မထားရစ်ခဲ့ကြ။ ဖြစ်သည့်နည်းဖြင့် မရအရ သယ်ယူတတ်ကြသည်။

ရင်မြေကတုတ်လုပ်ပြီး ရန်သူကို အတူတိုက်ကြသူများ၊ အန္တရာယ်ကို အတူ ရင်ဆိုင်နေသူများအဖြစ် တစ်ဦးကိုတစ်ဦး သစ္စာရှိကြ၏။ တွယ်တာကြ၏။ လေထီး တပ်မဟာမှ အထက်တန်းအရာရှိများနှင့် ကျွန်ုပ် တွေ့ဆုံစကားပြောခဲ့၏။ ပုလိပ်ခံတပ်ကို တိုက်စဉ်က အမြောက်နှင့် ပစ်ခတ်ပေးမှုကို ကျကျနန မဆောင်ရွက်ခဲ့မိသည့်အမှားကို ကျွန်ုပ် မြင်တွေ့ရပါသည်။ ***မည်သို့ပင်ဆိုစေကာမူ အစည်းအဝေး၏ အဓိကရည်ရွယ် ချက်သည် မတူကွဲလွဲသည့် ထင်မြင်ချက်များကို ဖြေရှင်းနေရန်မဟုတ်၊ လက်စားချေ တိုက်ခိုက်မှုကြီးတစ်ခုလုံး၏ ပြဿနာကို သုံးသပ်ရန် ဖြစ်သည်။*** ယခု ကျင့်သုံးခဲ့သည့် စနစ်ကို ပြန်လည်သုံးသပ်ရန် ယေဘုယျအားဖြင့် သဘောတူညီလိုက်ကြ၏။

ကာကီလီယာတိုက်ပွဲသည် ဘာဖြစ်ခဲ့သနည်းဟူသော အချက်မဟုတ်။

ဘာဖြစ်နိုင်ခဲ့သနည်း ဟူသော အချက်ပင်ဖြစ်သည်။

လမ်းပိတ်ဆို့ရေးတပ်ဖွဲ့ကို ညအမှောင်အတွင်းမှာပင် ပြန်လည် မကယ်တင် နိုင်ခဲ့ခြင်းသည် ကျွန်ုပ်တို့၏ဆုံးရှုံးမှုပင် ဖြစ်၏။ အဝိုင်းခံနေရသည့် တပ်သားများ၏ လက်နက်ခဲယမ်းမီးကျောက်များမှာ ကုန်ခန်းသွားပြီ။ နေ့ဘက်သို့ မကူးမီမှာပင် သူတို့၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးတော့မည်။ ၎င်းတို့ကို ကယ်တင်ရန် နေ့ခင်းဘက်တွင် လေတပ်အကူအညီဖြင့် သံချပ်ကာတပ်များကို ပို့မည်ဆိုလျှင် ကျွန်ုပ်တို့နှင့် ဘုရင့်လေ တပ်မတော်တို့ တိုက်ပွဲဖြစ်နိုင်သည်။ ထိုကိစ္စမှာ ဝန်ကြီးချုပ်ဘင်ဂူရီယံ စိုးရိမ်နေသည့် အချက်ပင် ဖြစ်၏။ ကာကီလီယာကို တိုက်ခိုက်ခြင်းအားဖြင့် စောစောပိုင်း တိုက်ပွဲများနှင့် မတူညီချက်များကို တွေ့လာရ၏။ လက်စားချေတိုက်ခိုက်ရန်နည်းကို ကျွန်ုပ်တို့ တွေ့လာ ရ၏။ ပထမအချက်အနေဖြင့် ထိုတိုက်ပွဲကြောင့် ကျွန်ုပ်တို့ စံထားရမည့် အတွေ့အကြုံ တစ်ခုကိုရသည်။ အီဂျစ်နှင့်ဂျော်ဒန်တပ်များကို အငိုက်ဖမ်းတိုက်ခိုက်ခြင်းအားဖြင့် ဘာမျှ ပြင်ဆင်မှုမရှိသော ရန်သူများကို တွေ့ကြုံရခြင်းဖြစ်၏။ ယခုဆိုလျှင် အစ္စရေးနယ်မြေ အတွင်း၌ အကြမ်းဖက်သမားတို့၏တိုက်ခိုက်မှု၊ လူသတ်မှုများဖြစ်ပွားတိုင်း ကျွန်ုပ်တို့၏ လက်စားချေတိုက်ခိုက်မှုများကို အီဂျစ်နှင့် ဂျော်ဒန်တို့ မျှော်လင့်ထားနိုင်သည်။ ထို့ကြောင့် ၎င်းတို့၏စစ်စခန်းကို လည်းကောင်း၊ ပုလိပ်ခံတပ်များကိုလည်းကောင်း တိုက်ခိုက်ရန် ကျွန်ုပ်တို့တပ်များသွားရောက်ကြလျှင် အသင့်ပြင်ဆင်ထားသောခံစစ်အတွက် ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



စုစည်းထားသောရန်သူများကိုသာ ကျွန်ုပ်တို့ ရင်ဆိုင်ကြရတော့မည်။ ယခုအပတ်အတွင်း၌ ပါလီမန်နိုင်ငံခြားရေးရာကော်မတီတွင် လည်းကောင်း၊ လုံခြုံရေးကော်မတီတွင် လည်းကောင်း၊ ဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးနှင့် ဆွေးနွေးရာတွင်လည်းကောင်း၊ စစ်သေနာပတိဌာနချုပ်တွင်လည်းကောင်း အစည်းအဝေးများပြုလုပ်ခဲ့ရာ "ယခု ဘာလုပ်ကြမည်နည်း" ဟူသော မေးခွန်းကိုပင် ဝိုင်းဝန်း မေးမြန်း ကြလေသည်။ ကျွန်ုပ်တို့သည် "ငြိမ်းချမ်းရေးလဲမရှိ စစ်ဖြစ်နေသော အခြေအနေလဲ မဟုတ်" တအုံနွေးနွေးဖြစ်နေသည်

ယနေ့အခြေအနေတွင် ဆက်လက်နေထိုင်နိုင်တော့မည် မဟုတ်ဟူသော အမြင်ကို ကျွန်ုပ်က အထူးပြုဖော်ပြပြောဆိုခဲ့သည်။ ထို့ကြောင့် အကြမ်းဖက် နှောင့်ယှက်နေခြင်းကို ရပ်မည်လော၊ သို့တည်းမဟုတ် ကျယ်ပြန့်သောစစ်ပွဲကြီးကို ဆင်နွှဲကြမည်လောဟူသည့် လမ်းနှစ်သွယ်အနက် တစ်ခုခုကို အိမ်နီးချင်းအာရပ်နိုင်ငံများ ရွေးချယ်ရန် ကျွန်ုပ်က အကျပ်ကိုင်ရတော့မည် ဖြစ်သည်။ ဤလုပ်ငန်းကို နည်းနှစ်နည်းဖြင့် ကျွန်ုပ်တို့ ပြုလုပ်နိုင်၏။ ပထမနည်းမှာ ကျွန်ုပ်တို့၏ လက်စားချေတိုက်ပွဲများကို တင့်ကားများ၊ လေယာဉ်ပျံများပါအသုံးပြုပြီး နေ့ခင်းဘက်တွင်ဆင်နွှဲရန်ဖြစ်၏။ ထိုနည်းသည် ကျွန်ုပ်တို့ဘက်က အကျအဆုံးအထိအခိုက်များကို လျှော့နည်းအောင် ပြုလုပ်နိုင်မည် မဟုတ်ချေ။ သို့သော်လည်း အာရပ်နိုင်ငံများအတွက်မူ သိက္ခာကျဆင်းသွားမည်။ မည်သည့်နိုင်ငံကမျှ ယင်းအပြုအမူမျိုးကို မမြင်ယောင်ဆောင်နေနိုင်မည်မဟုတ်။ တိုက်ခိုက်မှုလည်း ပြင်းထန်လာချေမည်။ ဒုတိယနည်းမှာ နယ်နိမိတ်ကိုကျော်ဖြတ်ပြီး ရန်သူတို့၏အဓိက ကွပ်ကဲမှုစခန်းများကို သိမ်းပိုက်ရန် ဖြစ်၏။ အာရပ်လျှို့ဝှက်အဖျက်သမားများကို ထိုနေရာများမှ တားမြစ်ချေမှုန်းပစ်ရမည်။ ထိုနည်းကို အဖျက်သမားများ၏ဌာနချုပ်ရှိသည်ဟု ထင်ရသောဂါဇာကမ်းမြောင်ဒေသအတွက် အသုံးချရမည်။ အီဂျစ်နိုင်ငံသည် ယခုအချိန်အထိ ၎င်းကိုအကူအညီပေးလိုသော ဥရောပနိုင်ငံများနှင့် အဆက်အသွယ် မရသေးချေ။ ထို့ကြောင့် နယ်ခြားတစ်လျှောက်တွင်ရှိသည့် စခန်းများကို သိမ်းပိုက်ထားနိုင်၏။ အဖျက်သမားများ၏ အဖျက်လုပ်ငန်းများကို အီဂျစ်တို့က မရပ်တန့်သေးသည်နှင့်အမျှ မိမိတို့ကလည်း ထိုစခန်းများကို သိမ်းပိုက် ထားမည်။ အစ္စရေးပြည်တွင်းသို့ ဝင်ရောက်ဖျက်ဆီးနေသည့် အဖျက်သမားများကို တိုက်ခိုက်မည်ဟု ကြေညာနိုင်သည်။

စစ်သေနာပတိဌာနချုပ်အနေဖြင့်လည်းကောင်း၊ ပါလီမန်ကော်မတီအနေဖြင့်လည်းကောင်း၊ ဝန်ကြီးချုပ်နှင့်စကားပြောဆိုရာတွင်လည်းကောင်း ကျွန်ုပ်တို့သည် အနာဂတ်နှင့်ပတ်သက်သော တိကျသည့် ဆုံးဖြတ်ချက် တစ်စုံတရာကို ချမှတ်ဆုံးဖြတ်နိုင်ခြင်း မရှိသေးချေ။ သို့သော် လက်စားချေတိုက်ပွဲများကို ညဘက်တွင် တိုက်ခိုက်နေရသည့် အခန်းကဏ္ဍသည် ပြီးဆုံးတော့မည့် နောက်ဆုံးအပိုင်းသို့ ရောက်ရှိနေပြီဟူသော အချက်ကိုမူ ကျွန်ုပ်တို့အားလုံး ပြတ်ပြတ်သားသား မြင်တွေ့နေကြရပါပြီ။

✪ ✪ ✪

## အခန်း (၄)

## စစ်ကြိုကာလနေ့ရက်များ

(၁၉၅၆)၊ အောက်တိုဘာ (၁၆) ရက်

အီရတ်စစ်တပ်များသည် ဂျော်ဒန်ပြည်တွင်းသို့ အောက်တိုဘာ (၁၄)ရက်နေ့က ဝင်ရောက်လာကြသည်။ အီရတ်စစ်တပ်၏ ရှေ့ပြေးတပ်ဖွဲ့များ ဖြစ်သည်။ ထိုသတင်းကို (၄၈)နာရီကြာသည့် ယနေ့ကျမှ ကျွန်ုပ်တို့ သိရှိရတော့၏။

ထိုကဲ့သို့ အီရတ်တပ်များ နယ်ပြောင်းလာခြင်းကို ကျွန်ုပ်တို့က စစ်ရေးအရ တုံ့ပြန်မည်ဆိုပါလျှင် အမြန်ဆုံးပြုလုပ်ရပါမည်။ ဂျော်ဒန်ပြည်တွင်း၌ အီရတ်တပ်များ ဝင်ရောက်တပ်စွဲခြင်းကို အသိအမှတ်မပြုမီ၊ လက်မခံမီ တိုက်ခိုက်ကြရပါမည်။ အကယ်၍တိုက်မည်ဆိုပါက စစ်မျက်နှာနှစ်ခုတွင် ကျွန်ုပ်တို့ တိုက်ရမည်။ စစ်မျက်နှာတစ်ခုသည် ဂျော်ဒန်ဖြစ်ပြီး အခြားစစ်မျက်နှာတစ်ခုသည် အီဂျစ်ဖြစ်သည်။ ထိုကဲ့သို့ စစ်မျက်နှာနှစ်ခုဖွင့်သောအခါ လိုအပ်သည့်လက်နက်ကိုင်တပ်များ စုစည်းရေး၊ ဖြန့်ထားရေး၊ တာဝန်ပေးရေးသည် ကျွန်ုပ်တို့အတွက် များစွာခက်ခဲနေချေမည်။ သို့သော် ထွက်ပေါက်ကို ကျွန်ုပ်မမြင်။ အဆိုပါ အရှေ့နှင့်အနောက် နယ်နိမိတ်များအလွန်၌ ယနေ့ဖြစ်ပွားပေါ်ပေါက်နေသည့်အရေးအခင်းများသည် ကျွန်ုပ်တို့၏အနာဂတ်ကို အဆုံးအဖြတ်ပေးပေလိမ့်မည်။ အခက်အခဲများအားလုံး၊ အကျပ်အတည်းများအားလုံး ပေါ်ပေါက်လာပါလိမ့်မည်။

ထို့ကြောင့် စစ်မျက်နှာနှစ်ခုစလုံးကို ကျွန်ုပ်တို့ မုချရင်ဆိုင်ရမည်သာဖြစ်၏။

စစ်မျက်နှာတစ်ခုတွင် အီဂျစ်နှင့်တိုက်ရမည့်အတွက် ဗြိတိန်က ကျွန်ုပ်တို့ကို ထောက်ခံလိမ့်မည်။ နိုင်ငံရေးစစ်မျက်နှာတစ်ခုတွင် ဗြိတိန်သည် အစ္စရေးနှင့်အတူရှိကြောင်း၊ ၎င်းတို့အနေဖြင့် အစ္စရေးကို မချစ်သော်လည်း အီဂျစ်နှင့် ပဋိပက္ခဖြစ်သောကြောင့် စိတ်ကျေနပ်ကြောင်း၊ အခြားတစ်ဖက်ရှိ ဂျော်ဒန်နှင့်၊ အစ္စရေးပဋိပက္ခတွင်မူ ဤသဘောထားကိုမထားကြောင်း၊ ထိုပဋိပက္ခကို မဖြစ်ပွားစေလိုကြောင်း အာရပ်အမျိုးသားများ မြင်တွေ့သဘောပေါက်လာစေရန် ဗြိတိသျှက ဖန်တီးပေလိမ့်မည်။

ထိုအခြေအနေမျိုးရှိသည့်တိုင်အောင် စူးအက်တူးမြောင်းကို အမှန်တကယ် စစ်ထိုးသင့်၊မသင့် ကျွန်ုပ်တို့ ယတိပြတ် မပြောနိုင်သေးပါ။ မသေချာသေးပါ။

လိုအပ်သည့် ပြင်ဆင်မှုများကိုမူ မလွဲမသွေ ပြုလုပ်ထားရမည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ကဒက်ရှိစစ်ဆင်ရေးနှင့်ပတ်သက်၍ လေ့လာမှုများပြုရန် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ယနေ့ ကျွန်ုပ်သွားရောက်သည်။ တောင်ပိုင်းတိုင်း၏ ပြင်ဆင်ထားမှု များသည် လုံးဝကျေနပ်ဖွယ်ရာကောင်း၏။ တပ်ဖွဲ့တစ်ခုချင်း တစ်ခုချင်း၏ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို တိုးမြှင့်ပေးရန် ထိုနည်းအားဖြင့် တပ်များသည် အခြားတပ်များ အပေါ် ၌ မှီခိုအားထားခြင်း ပြုရတော့မည်မဟုတ်ကြောင်း ကျွန်ုပ်က ပြောဆိုကာ အမိကအားဖြင့် ပြောင်းလဲပြုပြင်ခိုင်းသည်။ နခါတစ်လျှောက် တောင်ပိုင်းစစ်ကြောင်းတွင်အသုံးပြုရန် သတ်မှတ်ထားသည့် မော်တော်ယာဉ်အရေအတွက်ကို လျှော့ချရန် ကျွန်ုပ် အမိန့်ပေး ခဲ့၏။ ကျွန်ုပ်တို့တွင် ဓမော်တော်ယာဉ် အလုံအလောက်မရှိသော အကြောင်းသာမဟုတ်၊ မော်တော်ယာဉ်အများအပြားကို သုံးစွဲခြင်းအားဖြင့် လှုပ်ရှားမှု ချိတက်မှုကို အချုပ်အခြယ် ဖြစ်စေသည်။ ကြီးလေးသည့် တာဝန်ကြီးတစ်ရပ် ဖြစ်နေစေလိမ့်မည်။

✡

(၁၉၅၆)၊ အောက်တိုဘာ (၂၀) ရက်

ပြင်သစ်စစ်သံမှူးသည် ယနေ့နံနက် ကျွန်ုပ်၏ရုံးခန်းသို့ လာရောက်တွေ့ဆုံ သည်။ လေယာဉ်များ ဆီထည့်ပေးရာတွင် လိုအပ်နေသည့် ပစ္စည်းများနှင့် ပတ်သက်၍ အချက်အချို့ကို ရှင်းလင်းမေးမြန်းရန် ဖြစ်သည်။ ထိုလုပ်ငန်းအကြောင်းကို မကြာမီ ဂျော်ဒန်ပြည်တွင်းသို့ အီရတ်တပ်များ ဝင်ရောက်လာခြင်းနှင့် ပတ်သက်၍ ထင်မြင် ချက်ချင်းဖလှယ်ကြသည်။ အီရတ်စစ်တပ်ဝင်လာခြင်းကို ဂျော်ဒန်က စိတ်ဝင်စားခြင်း မရှိလှကြောင်း၊ ထိုမျှမက အီရတ်ဝန်ကြီးချုပ် နူရီဆာအစ်ကိုယ်တိုင်ကလည်း ဤကိစ္စတို ဦးစားမပေးကြောင်း၊ ယခုကဲ့သို့ အီရတ်စစ်တပ် ဝင်ရောက်လာခြင်းမှာ ဗြိတိသျှအစိုးရ၏ အစီအစဉ် လုံးလုံးလျားလျားသာ ဖြစ်ကြောင်းဖြင့် လန်ဒန်တွင်ရှိနေသည့် ပြင်သစ်များကို အင်္ဂလိပ်တို့က ပြောပြကြောင်းဖြင့် ပြင်သစ်စစ်သံမှူးက ပြောပြ၏။ ဂျော်ဒန်ပြည်တွင်း၌ အီရတ်စစ်တပ်များ ဝင်ရောက်တပ်စွဲနေခြင်းအားဖြင့် ကျင်းပတော့မည့် ဂျော်ဒန်အထွေ ထွေပါလီမန်ရွေးကောက်ပွဲတွင် နတ်ဆာဆန့်ကျင်ရေး အင်အားစုများကို မဲတင်းပေးရာ ရောက်သည်ဟု အင်္ဂလိပ်တို့က ယုံကြည်ထားကြသည်။

ရှုပ်ထွေးသော အခြေအနေများဖြစ်ပေါ်လာအောင် ဗြိတိသျှတို့ ပြုလုပ်ပြင်ဆင် နေကြသည်ဟု ကျွန်ုပ်စိတ်တွင်း၌ ခံစားရသည်။ ဗြိတိသျှနှင့်အစ္စရေးတို့၏ ဘုံရန်သူ ဖြစ်သောနတ်ဆာကို အလဲထိုးရန် ဗြိတိသျှတို့ ပြင်ဆင်နေကြခိုက်မှာပင် တစ်ဖက်က အီရတ်စစ်တပ်များ ဂျော်ဒန်ပြည်တွင်းသို့ ဝင်လာစေရန် ပြုလုပ်နေကြပြန်၏။ ထိုအပြု အမူကြောင့် ဂျော်ဒန်နှင့် အစ္စရေးတို့ စစ်ဖြစ်ကြလျှင် သူတို့က ဂျော်ဒန်ဘက်မှ ဝင်ကူပြီး အစ္စရေးကို တိုက်ကြမည်။ နတ်ဆာကို ဆွဲချပြီး အရှေ့အလယ်ပိုင်းဒေသ၌ ဗြိတိသျှ၏ ရပ်တည်မှုခိုင်မာရန် ကြိုးပမ်းရမည့်အစား ဂျော်ဒန်၊ ဗြိတိသျှ၊ အစ္စရေး စစ်ပွဲဖြစ်နေရခြင်း အားဖြင့် နတ်ဆာအသက်ရှူပေါက်ရသွားရန် ဖန်တီးပေးခဲ့သလို ဖြစ်နေသည်။ စူးအက် တူးမြောင်းပြဿနာကြီးပြီးဆုံးခြင်းမရှိသေးမီ ဗြိတိသျှတို့က အီရတ်စီမံကိန်းကိုဘာကြောင့် မကိုင်တွယ်ဘဲ မထားနိုင်ကြောင်း တစ်စုံတစ်ယောက်က ရှင်းပြနိုင်ပါမည်လောဟု ကျွန်ုပ်





သံသယ ဖြစ်မိပါသည်။ အီရတ်စီမံကိန်းကို စွန့်လွှတ်ရန် ပြင်သစ်ကလည်း ဗြိတိန်ကို မဆွဲဆောင်နိုင်ကြောင်းဖြင့် ပြင်သစ်စစ်သံမှူးက ကျွန်ုပ်ကို ပြောပြသည်။

ဂျော်ဒန်ပြည်တွင် အထွေထွေပါလီမန်ရွေးကောက်ပွဲကြီး မနေ့က ပြီးဆုံး သွားသည်။ နတ်ဆာထောက်ခံသူများက အနိုင်ရကာ ပိုပြီး အားကောင်းလာ၏။ ဂျော်ဒန် အစိုးရသည် အီရတ်နှင့် စစ်ရေးသဘောတူညီမှုများကို အမြန်ဆုံး ပယ်ဖျက်နိုင်ရန် ပြုလုပ် နေပုံရသည်။ ဂျော်ဒန်ပြည်အား စစ်ရေးအကူအညီ တိုးပေးမည်ဟု နတ်ဆာက ကြေညာ လိုက်၏။ အီဂျစ်-ဆီးရီးယား ပူးတွဲစစ်ဦးစီးအဖွဲ့တွင်းသို့ ဝင်ရန် ဂျော်ဒန်အစိုးရက စေ့စပ်ဆွေးနွေးကာ ကြိုးစားနေကြောင်းများပါ ပေါ်ထွက်လာ၏။

ကျွန်ုပ်တို့အတွက် မည်သည့်အရာက ပိုကောင်းပြီး မည်သည့်အရာက ပိုဆိုး မည်ဖြစ်ကြောင်းကို ကျွန်ုပ် မသိပါ။ ဂျော်ဒန်ပြည်တွင်း၌ အီရတ်စစ်တပ်များရှိနေခြင်းနှင့် ဂျော်ဒန်-အီဂျစ် နီးနီးစပ်စပ် ပူးပေါင်းမှု နှစ်ခုနှင့် ပတ်သက်၍ မဝေခွဲတတ်ခြင်းဖြစ်သည်။ သို့သော်လည်း ဂျော်ဒန်ပြည်တွင်းရွေးကောက်ပွဲ၏အဖြေသည် ဗြိတိန်နိုင်ငံအဖို့ အရှုံးကြီး ရှုံးနိမ့်သွားရသော အဖြေပင်ဖြစ်လေသည်။ ဂျော်ဒန်ပြည်တွင်း အမျိုးသားရေးဝါဒသည် လည်း နှစ်စသည်မှစ၍ အရှိန်ကြီးမားလာ၏။

အာရပ်တပ်မတော်၏ စစ်ဦးစီးချုပ်ဖြစ်သူ ဗြိတိသျှနိုင်ငံသားဂလပ်ကို ရာထူးမှ ထုတ်ပယ်လိုက်ပြီး (၄၈)နာရီအတွင်း ဂျော်ဒန်ပြည်မှ ထွက်ခွာသွားရန် အမိန့်ပေးလိုက်၏။ သူ့နေရာတွင် ရာဒီအိုင်းနက်ကို အစားထိုးခန့်ထားသည်။ အိုင်းနက်သည် ဂျော်ဒန်နိုင်ငံ သားအာရပ်လူမျိုးပင်ဖြစ်လင့်ကစား သူ၏ အမျိုးသားရေးဝါဒသည် ဗြိတိသျှကို ဆန့်ကျင် ရာတွင် လုံလောက်ခြင်းမရှိ။ ထို့ကြောင့် သူ့ကိုဖယ်ပစ်ပြီး အလီအဘူနာဝါကို စစ်ဦး စီးချုပ်အဖြစ် ခန့်ထားလိုက်၏။ တစ်ချိန်တည်းမှာပင် အင်္ဂလိပ်၊ ဂျော်ဒန် စစ်စာချုပ်ကို ဖယ်ဖျက်ပစ်ရန် ဂျော်ဒန်ပါလီမန်အတွင်း၌ တောင်းဆိုမှုများကြီးထွားလာ၏။ ထိုကိစ္စကိုမူ အစိုးရက လက်မခံနိုင်ဘဲ ဆန့်ကျင်သည်။ ထို့ကြောင့် (၁၉၅၆) ခုနှစ်၊ ဇွန်လ(၂၅)ရက် နေ့၌ အစိုးရကို အယုံအကြည် မရှိကြောင်း ပါလီမန်တွင် တင်သွင်းမဲခွဲရာ အစိုးရက (၂၅)မဲ ရှုံးသွား၏။ ဘုရင်ဟူစိန်က ပါလီမန်ကို ဖျက်သိမ်းလိုက်ပြီး ရွေးကောက်ပွဲသစ်ကို အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်၏။

ကြားတွင် အချိန် (၃)လ ရှိသေးသည်။ ထို သုံးလအတွင်း၌ အင်္ဂလိပ်၊ ဂျော်ဒန် စစ်စာချုပ်ကို လိုလားသည့်သူများ အများစုရရှိအောင် စည်းရုံးနိုင်မည်ဟု မျှော်လင့်သည်။ ယခု ထိုရွေးကောက်ပွဲ ပြီးပါပြီ။ မျှော်လင့်ချက်လည်း ပျက်ပြားသွား၏။ အခြေအနေသည် ဘာမျှမပြောင်းလဲ။ ထိုမျှသာမက ပါလီမန်သစ်သည် ဗြိတိသျှလိုလားသူ အီရတ်ဝန်ကြီး ချုပ်နူရီဆာအစ်နှင့် မဟာမိတ်ပြုခြင်းကိုပင်လျှင် ဆန့်ကျင်လိမ့်မည်။ နတ်ဆာနှင့် လက်ပွန်းတတီး ဆက်သွယ်ရန်ကိုလည်း တောင်းဆိုလိမ့်မည်။ ကျွန်ုပ်တို့အဖို့မူ အီရတ် စီမံကိန်းအတွက် ပူပင်သောကရောက်ရမှုများ ပြေငြိမ်းသွားတော့၏။ ဂျော်ဒန်အမျိုး သားရေးဝါဒကိုသာ ဂရုတစိုက်စောင့်ကြည့်ရမည်ဖြစ်၏။ နိုင်ငံခြားရေးရုံးတွင် အရှေ့ အလယ်ပိုင်း အစီအစဉ်သစ်တစ်ခုကို ပြုလုပ်ရပါတော့မည်။

✡



www.burmeseclassic.com

www.burmeseclassic.com

(စ၉၅၆)၊ အောက်တိုဘာ (၂၅)

အတွင်းပိုင်း၌ အစည်းအဝေးပေါင်း မြောက်မြားစွာ ကျင်းပခြင်း၊ ပင်လယ်ရပ်ခြားတွင်ရှိနေသူများနှင့် အဆက်အသွယ်ယူကာ ရှင်းလင်းပြခြင်းများကို ကျွန်ုပ်တို့ ပြုလုပ်ခဲ့ကြသည်မှာ (၂ )လခန့် ကြာမြင့်ခဲ့ချေပြီ။ ထိုသို့ပြုလုပ်ပြီးနောက် ယနေ့ကာလသို့ရောက်သည်တွင် အောက်ပါအခြေအနေများကို ကျွန်ုပ်တို့ လက်ခံရရှိလာတော့၏။

၁။ စစ်ဆင်ရေး၏ မူနှင့်ရည်ရွယ်ချက်များကို ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဒေးဗစ်ဘင်ဂူရီယံက လက်ခံအတည်ပြုလိုက်၏။

၂။ ကျွန်ုပ်တို့၏ လက်နက်ကိုင်တပ်များသည် (၁၉၅၆) ခု၊ အောက်တို ဘာလ (၂၉) ရက် နေဝင်ရီတရောအချိန်တွင် စစ်ဆင်ရေးကြီးကို စတင်ဆင်နွှဲကြမည်။ ဆီနိုင်းကျွန်းဆွယ်ကြီးကို (၇) ရက်မှ (၁၀)ရက်အတွင်း အပြီးတိုင်သိမ်းပိုက်ကြမည်။

၃။ စစ်ဆင်ရေးကြီးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များနှင့် အစီအမံများသည် အင်္ဂလိပ်နှင့် ပြင်သစ်တပ်များက အီဂျစ်ကို တိုက်ခိုက်ကြမည့် အပေါ်တွင် အခြေခံသည်။

၄။ အင်္ဂလိပ်နှင့် ပြင်သစ်စစ်တပ်များသည် (၁၉၅၆) ခု၊ အောက်တိုဘာ (၃၁)ရက်နေ့တွင် စစ်ဆင်ရေးကြီးပြုလုပ်ရန် တိုက်တွန်းစိုင်းပြင်းနေကြသည်ဟု ကျွန်ုပ်တို့ရရှိထားသည့်သတင်းများအရ သိရသည်။ ၎င်းတို့၏ ရည်ရွယ်ချက်သည် စူးအက်တူးမြောင်းဒေသကို ထိန်းသိမ်းထားနိုင်ရန် ဖြစ်သည်။ ထိုသို့ ပြုလုပ်ရန်အတွက် ရေတပ်မှတင်ပေးခြင်း၊ လေတပ်မှချပေးခြင်း စသည်ဖြင့် တပ်များကို စစ်ချီတက်ရန် လိုအပ်သည်။

(၁၃း၄၅) နာရီတွင် စစ်ဆင်ရေးဌာနခွဲမှ အထက်တန်းအရာရှိများနှင့် ကျွန်ုပ်တွေ့ဆုံသည်။ ထိုအစည်းအဝေးတွင် စစ်ဆင်ရေးအမိန့် (နောက်ဆက်တွဲ -၂) အတွက် ညွှန်ကြားချက်များကို ကျွန်ုပ် ပြင်ဆင်သည်။ ယခုအမိန့်သည် (၁၉၅၆) ခု၊ အောက်တိုဘာ (၅)ရက်နေ့က ထုတ်ပြန်ပေးခဲ့သည့် ကဒက်ရှ်-၁ (နောက်ဆက်တွဲ -၁) ကို အစားထိုးသည့် အမိန့်ဖြစ်၏။ တိုက်ပွဲစတင်မည့် ရက်, နာရီ စသည့် အချိန်ဇယားမှလွဲ၍ ပထမအမိန့်ပါ အချက်အလက်ပေါင်းများစွာကို ယခုအမိန့်ဖြင့် ပြင်ဆင်လိုက်သည်။ ပထမအပိုဒ်တွင် ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ စူးအက်တူးမြောင်းကို ခြိမ်းခြောက်နိုင်ရန် အထူးပြုရမည်ဟု ယခု ဖော်ပြထားသည်။ တိုင်ရန်ရေလက်ကြား (ရှမ်အယ်လ်ရှိတ်၊ တိုင်ရန်ကျွန်းစုများနှင့် ဆနာပါကျွန်းစုများ) ကို သိမ်းပိုက်ရမည်၊ အီဂျစ်လက်နက်ကိုင်တပ်များရှုံးနိမ့်စေပြီး အောင်ပွဲခံရမည်၊ အီဂျစ်လက်နက်ကိုင်တပ်များအပေါ် အောင်ပွဲခံရမည်ဟူသောအချက်နှင့်ပတ်သက်၍ ဘင်ဂူရီယံနှင့် ကျွန်ုပ်သည် အာပေါက်မတတ် အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ကြရ၏။ ရန်သူလက်နက်ကိုင်တပ်များကို ချေမှုန်းပစ်ရန် ကျွန်ုပ်တို့ စိတ်မဝင်စားကြောင်းမှာ ထင်ရှားပါသည်။ စစ်တစ်ခု၏ရည်ရွယ်ချက်ကို ထုံးတမ်းစဉ်လာဘောင်အတွင်းမှ ဖော်ပြခြင်းသာ ဖြစ်၏။

သွေးထွက်နည်းနိုင်သမျှနည်းလေ ကောင်းလေဖြစ်သည်။





ထို့ကြောင့်“အီဂျစ်လက်နက်ကိုင်တပ်များ အုံ့အားသင့်ကြောက်ရွံ့ကာတပ်ပျက်သွားစေရမည်” ဟူသောနည်းကို ကျွန်ုပ် အသုံးပြုခြင်း ဖြစ်၏။ အခြားစကားလုံးနှင့်ပြောရလျှင် ရန်သူ၏ဖြတ်ကူးလမ်းများနှင့် နယ်မြေကို ကျွန်ုပ်တို့ ထိန်းသိမ်းထားနိုင်မည့်ရန်သူ၏အဓိကစခန်းများကို သိမ်းပိုက်ပြီး ၎င်းတို့အား လက်နက်ချစေရမည်ဟူသောစကားလုံးကိုပင် အသုံးပြုရချေမည်။ ဒုတိယ အပြောင်းအလဲသည် တိုက်ပွဲအပိုင်းများပြောင်းလဲခြင်းနှင့် တတိယပြောင်းလဲမှုမှာ လေတပ်ကို တာဝန်ပေးမှုနှင့် သက်ဆိုင်၏။ ဤပြောင်းလဲမှုများသည် နောက်ဆုံးပြောင်းလဲမှုများသာ ဖြစ်ကြောင်း ကျွန်ုပ် မျှော်လင့်ပါသည်။ စစ်ဆင်ရတော့မည့် အချိန်သို့ရောက်ရန် (၄)ရက်မျှသာလိုတော့၏။

စစ်ဆင်ရေးနှင့်ပတ်သက်၍ နိုင်ငံရေးအခြေအနေများကို အစည်းအဝေး အစပိုင်းတွင် ကျွန်ုပ်က ရှင်းပြသည်။ စစ်ဆင်ရေးရှုထောင့်မှကြည့်လျှင် အင်္ဂလိပ်နှင့်ပြင်သစ်တို့စစ်ဆင်မည့်အချိန်ပိုင်းသည် များစွာအရေးကြီး၏။ အင်္ဂလိပ်နှင့်ပြင်သစ်က ဝင်တိုက်မည်ဆိုလျှင် အီဂျစ်လေတပ်သည် ကျွန်ုပ်တို့ကို ထိရောက်စွာ တိုက်ခိုက်နိုင်မည် မဟုတ်။ ဆီနိုင်းတွင် ရှိနေသည့်တပ်များကို အီဂျစ်သို့ ပြန်လာရန် ခေါ်ယူမည်။ ကျန်ရစ်ခဲ့သည့် ၎င်းတို့၏တပ်များသည်လည်း စိတ်ဓာတ်ကျဆင်းနေကြမည်။ ထို့ကြောင့် အင်္ဂလိပ်နှင့်ပြင်သစ်က စစ်တိုက်ပြီးမှသာလျှင် ကျွန်ုပ်တို့က တိုက်သင့်သည်။ ထိုရက်မတိုင်မီ ကျွန်ုပ်တို့က တိုက်ခိုက်ခြင်းကို ပြုရန်မလို။

ကျွန်ုပ်တို့ ထင်မှတ်ထားသည့်အတိုင်း အင်္ဂလိပ်နှင့် ပြင်သစ်က တိုက်ခိုက်ခြင်းမပြုမီ ကျွန်ုပ်တို့က အရင်ဝင်တိုက်ခြင်းအားဖြင့် စစ်ဆင်ရေးစသည်နှင့် တစ်ပြိုင်တည်းအစ္စရေးဘက်၌ အထိအခိုက်အကျဆုံးများပြားမည်ကို ဘင်ဂူရီယံက များစွာ စိုးရိမ်ပူပန်နေကြောင်း ကျွန်ုပ်က ထုတ်ဖော်ပြောဆိုသည်။ ကျွန်ုပ်တို့က ထိုးစစ်များဖြင့် စတင်ပြီးတိုက်ခိုက်သည်နှင့် တစ်ပြိုင်တည်း အီဂျစ်လေတပ်မတော်က အီလူးရှင်း ဗုံးကြဲလေယာဉ်ပျံကြီးများဖြင့် တယ်လ်အဗစ်နှင့်ဟိုင်ဖာမြို့များအား ဗုံးကြဲတိုက်ခိုက်လျှင် အရပ်သားအများအပြား သေကြေပျက်စီးမည်ဖြစ်ကြောင်း သူ ယုံကြည်နေ၏။ ကျွန်ုပ်အနေဖြင့်မူထိုမျှ ပူပင်သောကမရောက်ချေ။ မိုးရွာသောအခါ မိုးရေစက်များအကြား၌ လွတ်ကင်းအောင်နေနိုင်မည် မဟုတ်ပါ။ မိုးရေစက် လုံးဝမထိဘဲ လုံးဝခြောက်သွေ့နေအောင်ရှောင်တိမ်းနိုင်စွမ်းရှိမည် မဟုတ်ပါ။ သို့သော်လည်း ရွှဲရွှဲစိုသည့် အဖြစ်မျိုးသို့ မရောက်ရန်မူ ကျွန်ုပ်တို့ ရှောင်နိုင်တိမ်းနိုင်စွမ်း ရှိရမည်ဟု ထင်ပါသည်။

ကျွန်ုပ်တို့စစ်ဆင်ရေး၏ စောစောပိုင်း ထိုးစစ်ဆင်တိုက်ခိုက်မှု ပုံသဏ္ဍာန်သည်ယခင်တိုက်ခဲ့သည့် အကြမ်းဖက်သမားများအား လက်စားချေတိုက်ခိုက်မှု ပုံသဏ္ဍာန်မျိုးသာဖြစ်၏။ စစ်ဆင်ရေးကြီးတစ်ရပ် ဆင်နွှဲဟန်မပြဘဲ အကြမ်းဖက်သမားများကိုတိုက်ရိုးတိုက်စဉ် တိုက်ခြင်းသာဖြစ်ကြောင်း ရန်သူကို အထင်မှားစေမည်။ ထို့ကြောင့်စူးအက်တူးမြောင်းနှင့် ကပ်လျက်နေရာသို့ အင်အားကောင်းလှသည့် ကျွန်ုပ်တို့တပ်များကို ချီတက်စေလင့်ကစား စစ်စတိုက်စဉ်၌ စစ်ပွဲကြီးတစ်ရပ် ဆင်နွှဲခြင်းဖြစ်ကြောင်းအီဂျစ်များက အကဲခတ်မိကြမည်မဟုတ်ပါ။ သို့ဆိုလျှင် အစ္စရေးပြည်တွင်းရှိ အရပ်သူအရပ်သားများနေထိုင်ရာ ပစ်မှတ်များကို လာရောက်ဗုံးကြဲတိုက်ခိုက်မည်မဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com

ထိုအကြောင်းများကို လည်းကောင်း၊ မူလစစ်ဆင်ရေးအစီအစဉ်ကို ထပ်မံမွမ်းမံပြင်ဆင်ပြောင်းလဲထားချက်များကို လည်းကောင်း ဘင်ဂူရီယံအား ကျွန်ုပ်က ရှင်းပြသည်။ စတင်တိုက်ခိုက်လျှင် မြောက်ဘက်ပိုင်းရှိ ရည်ရွယ်ချက်နေရာများကို သိမ်းပိုက်ဦးမည် မဟုတ်။ မစ်တလာတောင်ကြားလမ်း(ဂျေဘယ်တိုက်တန်)တွင် လေထီးတပ်သားများကိုသာချထားပေးဦးမည်။ စောစောပိုင်းအစီအစဉ်အရ အစ္စရေးနှင့် အီဂျစ်ကြား အဓိကလမ်းကြောင်းများရှိ ရည်ရွယ်ချက်နေရာများကို သိမ်းယူခြင်းဖြင့် စစ်ဆင်ရေးကို စတင်မည်။ အဆိုပါလမ်းကြောင်းသည် မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှ ဆီနိုင်းကျွန်းဆွယ်မြောက်ဘက်အစွန်အထိ ရောက်အောင် ဖြတ်သွားသော လမ်းကြောင်းဖြစ်၏။ မီးရထားလမ်း၊ အဝေးပြေးလမ်းလေယာဉ်ပျံကွင်းနှင့် ရေချိုရနိုင်သည့် နေရာအများအပြားရှိသည်။ ထိုပတ်ဝန်းကျင်တစ်လျှောက်တွင်မူ အစ္စရေးရှေ့တန်းစစ်မျက်နှာအတွက် တာဝန်ပေးထားသော အီဂျစ်တပ်များ ရှိနေ၏။

မစ်တလာတောင်ကြားလမ်းသည် စူးအက်တူးမြောင်းတောင်ဘက် အစွန်အဖျားနှင့် နီးကပ်လှ၏။ ပထဝီဝင်အနေအထားအရ အစ္စရေးနှင့် ဆက်သွယ်နေသော သဲကန္တာရလမ်းကလေးရှိသည်။ ကျောက်ခင်းထားသည့်လမ်းကား မဟုတ်။ ထိုလမ်းက ဆီနိုင်းကျွန်းဆွယ်၏ ခရီးလမ်းပန်းဆက်သွယ်မှု ကြမ်းတမ်းသောဒေသများနှင့် ခွဲခြားထား၏။ သဲကန္တာရတွင်း လမ်းကလေးကို အီဂျစ်တပ်ဖွဲ့ကလေးတစ်ခုက အကာအကွယ်ပေးစောင့်ရှောက်ထား၏။ တောင်ကြားလမ်းသည် လူဦးရေထူထပ်စွာ နေထိုင်သော ဒေသလည်း မဟုတ်ချေ။ ထို့ကြောင့် မစ်တလာတောင်ကြားလမ်း၌ ကျွန်ုပ်တို့၏ လေထီးတပ်များကို ချပေးလျှင် အကြမ်းဖက်သမားများကို တိုက်ခိုက်ခြင်းအဖြစ်နှင့်သာ အီဂျစ်ခေါင်းဆောင်များက ယူဆကြမည်ဖြစ်သည်။ ဆီနိုင်းကို အနိုင်ရရှိသိမ်းပိုက်နိုင်ရန်အတွက် မြောက်ပိုင်းဒေသနှစ်ခုဖြစ်သော အယ်လ်အရစ်ရှ်နှင့် ဘာဂစ်ဂါဖာတို့ကို ပထမသိမ်းပိုက်ထားသောနည်းထက် ပိုကောင်းသောနည်းကို ကျွန်ုပ်မမြင်ပါ။

ထိုမျှမကသေး။ နောက်တစ်နေ့တွင် မစ်တလာတောင်ကြားလမ်းသို့ ချီတက်မည့်စစ်ကြောင်းရှိ သာမက်နှင့် နခါလ်စခန်းနှစ်ခုကို သိမ်းပိုက်လျှင် အစ္စရေးတို့သည် မစ်တလာတောင်ကြားလမ်းတွင် ရှိသည့်တပ်များကို စစ်ကူပေးရန် လမ်းဖွင့်ခြင်းဖြစ်ကြောင်း၊အစ္စရေးသို့ပြန်ဆုတ်လျှင် အဆုတ်ရလွယ်ကူစေရန် ကြားစခန်းနှစ်ခုကို သိမ်းပိုက်ခြင်းဖြစ်ကြောင်း အီဂျစ်ထိပ်တန်းခေါင်းဆောင်တို့က တွက်ဆကြလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။ ကျွန်ုပ် ပြုလုပ်ခဲ့သည့် ဒုတိယအပြောင်းအလဲမှာ လေတပ်မတော်ကို တာဝန်ပေးချထားမှုနှင့်သက်ဆိုင်၏။ အီဂျစ်လေယာဉ်ပျံကွင်းများကို ဗုံးကြဲခြင်းဖြင့် စတင်စစ်တိုက်မည် မဟုတ်ချေ။ စစ်စတင်တိုက်သည့် ပထမနှစ်ရက်တွင် အစ္စရေးတပ်များကို လေကြောင်းမှ အကူအညီပေးခြင်း၊ အစ္စရေးကောင်းကင်ကို အကာအကွယ်ပေးစောင့်ရှောက်ခြင်းများသာလျှင် ပြုလုပ်မည်။ ထိုသို့ ပြုပြင်ပြောင်းလဲလိုက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကြီးမားကျယ်ပြန့်သည့် စစ်ပွဲကြီးတစ်ခုကို ဆင်နွှဲခြင်းမဟုတ်၊ လျှို့ဝှက်အကြမ်းဖက်သမားများကို လက်စားချေခြင်းသာ ဖြစ်သည်ဟု အီဂျစ်စစ်ဦးစီးချုပ်ဌာနက တွေးထင်ထားကြလိမ့်မည်။





ကျွန်ုပ်တို့၏ အစီအစဉ်သည် များစွာ အရဲစွန့်လုပ်ရသော အစီအစဉ်များပင် ဖြစ်၏။ ကျွန်ုပ်တို့ယူဆထားသည့်အတိုင်း အီဂျစ်က တစ်လွဲမတွေးဘဲ မစ်တလာတောင်ကြားလမ်း၌ လေထီးတပ်များချသည်နှင့် တစ်ပြိုင်တည်း စစ်ဆင်ရေးကြီးတစ်ရပ်ကို အစ္စရေးတို့ ဆင်နွှဲတော့မည်ဟု ကောက်ချက်ချလိုက်လျှင် အစ္စရေးမြို့ရွာများကို ဗုံးကြဲတိုက်ခိုက်လာလျှင် ရန်သူကိုအငိုက်ဖမ်းရန် စီစဉ်ထားသည့် ရည်ရွယ်ချက်ကြီး တစ်ခုလုံးကိုစွန့်လွှတ်လိုက်ကြရပါမည်။ အီဂျစ်လေယာဉ်ပျံများ မြေပြင်မှကြွမတက်မီ အငိုက်ဖမ်းတိုက်ခိုက်နိုင်မည့် အခွင့်အရေးကြီးကို လက်လွှတ်ဆုံးရှုံးလိုက်ရပါမည်။

ထိုသို့ ဖြစ်နိုင်သည့်နည်းလမ်းမှာ ကျွန်ုပ်တို့၏အစီအစဉ်များ ပေါက်ကြားသွားပြီးနောက် ထိုအစီအစဉ်များကို အီဂျစ်တို့ ကြိုတင်သိရှိသွားမှသာလျှင် ဖြစ်နိုင်ကြောင်း ကျွန်ုပ် စဉ်းစားမိ၏။ သတင်းရမထားလျှင် စစ်စတင်တိုက်ခိုက်သည့် ပထမညတွင် အီဂျစ်စစ်ဦးစီးချုပ်အနေဖြင့် ဘာဖြစ်နေသည်ကို သိရှိနိုင်လိမ့်မည်ဟု ကျွန်ုပ်မထင်ပါ။ အစ္စရေးနယ်ခြားတွင်ရှိသည့် မိမိတို့တပ်ဖွဲ့များ အတိုက်ခံရပြီဖြစ်ကြောင်း၊ အီဂျစ်တပ်ဖွဲ့များထံမှ သတင်းများကို အီဂျစ်စစ်ဦးစီးအဖွဲ့ဝင်များ ရရှိပါလိမ့်မည်။ သို့သော်လည်း အီဂျစ်တပ်ဖွဲ့များသည် သူတို့ရင်ဆိုင်နေရသည့် ကျွန်ုပ်တို့၏ တပ်စိတ်များ၊ တပ်စုများအကြောင်းကိုသာ သတင်းပေးနိုင်မည်ဖြစ်၏။ ထိုနောက်ပိုင်းတွင် ရှိနေပြီဖြစ်သည့် တပ်မဟာကြီးများ၊ တပ်ရင်းကြီးများကိုမူ သူတို့ မမြင်နိုင်။ ထို့ကြောင့် သတင်းပေးနိုင်မည် မဟုတ်။ အီဂျစ်စစ်ဦးစီးအဖွဲ့ကလည်း အင်အားကြီးမားလှသည့် ရန်သူ၏ထိုးစစ်ကြီးနှင့် တပ်ဖွဲ့ကြီးများအကြောင်းကို သတိပေးနိုင်မည်မဟုတ်။ နောက်တစ်နေ့မနက် မိုးလင်းသောအခါကျမှ အင်အားကြီးမားလှသည့် အစ္စရေးတပ်ကြီးများကို သူတို့မြင်ရမည်။

ထိုအချိန်ကျမှ ဘာလုပ်ရမည်ကို သူတို့ ဆုံးဖြတ်ကြရတော့မည်။

အီဂျစ်နယ်မြေတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည့် အစ္စရေးတပ်များကို တိုက်ခိုက်ရန် အီဂျစ်လက်နက်ကိုင်အင်အားများအားလုံးကို အသုံးပြုကောင်း ပြုပါလိမ့်မည်။ သို့သော်လည်း တယ်လ်အဗစ်မြို့ကို ဗုံးကြဲရန် သူတို့၏လေယာဉ်ပျံများကို စေလွှတ်လိမ့်မည်ဟူ၍ကား ကျွန်ုပ် မယုံကြည်ပါ။

စစ်တိုက်သည့် ပထမနေ့တွင် ဆီနိုင်းကျွန်းဆွယ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားသည့် ကျွန်ုပ်တို့၏တပ်များကိုသာ အာရုံစူးစိုက်နေပြီး နခါလ်မစ်တလာစစ်ကြောင်းတွင်သာ သဲသဲမဲမဲ တိုက်ပွဲဖြစ်နေလိမ့်မည်။ နောက်တစ်နေ့နံနက် အရုဏ်တက်တွင် အင်္ဂလိပ်နှင့်ပြင်သစ်တို့က သူတို့၏တိုက်ပွဲစဉ်ကို စတင်အကောင်အထည်ဖော်ကြလိမ့်မည်ဟု မျှော်လင့်ရ၏။ ထိုအတိုင်း အမှန်တကယ်ဖြစ်ပေါ်လာလျှင် ကျွန်ုပ်တို့၏စစ်ရှိန်ကို နေရာနှစ်ခုတွင် မြှင့်တင်နိုင်ပါလိမ့်မည်။

တောင်ပိုင်းဒေသဖြစ်သော ရှမ်အယ်ရှိတ်သို့ ရှေးရှုချီတက်စေခြင်းနှင့် မြောက်ပိုင်းဒေသဖြစ်သော ရာဖာနှင့် အယ်လ်အရစ်ရှ်ကို တိုက်ခိုက်နိုင် ခြင်းများ ဖြစ်၏။ အကယ်၍ တစ်ခုခုမှားယွင်းသွားပြီး တစ်စုံတရာသော အကြောင်းကြောင့် စစ်ဆင်ရေးကြီးကို ရပ်တန့်ပစ်ရန် အကြောင်းပေါ်လာခဲ့သော် မစ်တလာတွင်ရှိသည့် တပ်များကို နခါလ်သာမက်စစ်ကြောင်း တစ်လျှောက် ပြန်ဆုတ်စေမည်။ ထိုဒေသသည် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com

သိမ်းပိုက်ရယူပြီး ထိန်းသိမ်းထားသောဒေသ ဖြစ်နေရပါမည်။ ထိုမျှမက ကျွန်ုပ်တို့သည် ရှို့ဝှက်အကြမ်းဖက်သမားများကို လက်စားချေတိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ ယခု တိုက်ခိုက်ပြီးပြီဖြစ်သဖြင့် တပ်များအားလုံး အစွရေးသို့ ပြန်လာကြပြီဖြစ်ကြောင်းကို ထုတ်ပြန်ကြေညာလိုက်ရုံသာ ရှိ၏။

✡

(၁၉၅၆)၊ အောက်တိုဘာ (၂၆)

စစ်ဦးစီးအဖွဲ့ဝင်များ အပြည့်အစုံတက်သည့် အစည်းအဝေးကို မနေ့ညက ကျင်းပသည်။ အခြေအနေအားလုံး စီစဉ်ထားသည့်အတိုင်း တစ်သဝေမတိမ်း တိုးတက်ဖြစ်ပေါ်နေမည်ဆိုလျှင် ယခုအစည်းအဝေးသည် တိုက်ပွဲစဉ်ကြီး မစတင်မီ နောက်ဆုံးကျင်းပသော အစည်းအဝေးဖြစ်လိမ့်မည်။

စစ်ဆင်ရေးဌာနခွဲက တပ်ဖွဲ့များကို တစ်ခုချင်းတွေ့ဆုံကာ အမိန့်များအားလုံး ပေးပြီးဖြစ်၏။ ယခုခေါ်လိုက်သည့် လူစုံအစည်းအဝေးကြီးသည် နောက်ခံ နိုင်ငံရေး အခြေအနေနှင့် နိုင်ငံရေးအရ ရှုပ်ထွေးနေသည့် အချက်များ၊ ရှုပ်ထွေးလာနိုင်သည့် အချက်များကို ရှင်းပြရန်သာ ဖြစ်ပါသည်။

အကြောင်းအရာသည် ရှုပ်ထွေးလှသည်။ ကျွန်ုပ်ရထားသည့် သတင်းများ အားလုံးကိုမူ ပြန်မပြောပြနိုင်ပါ။ အလားတူပင် ကားတည်းဟူသော အင်္ဂလိပ်၊ ပြင်သစ်တို့က တရွတ်တိုက်ဆွဲခေါ်သွားခြင်းကို ခံရသည့် အဖြစ်မျိုးမှ လွတ်ကင်းအောင်လည်း ရှောင်တိမ်းရမည်ဖြစ်၏။ နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ ရနိုင်သောလမ်းကို ကျွန်ုပ် ရွေးချယ်ရန် အကြောင်းမရှိပါ။ သို့သော်လည်း ကျွန်ုပ်တို့၏အခြေအနေကို အင်္ဂလိပ်နှင့် ပြင်သစ်တို့ ကောင်းစွာ သဘောပေါက်နားလည်ကြပါလိမ့်မည်။

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် ဆီနိုင်းကို သိမ်းပိုက်ပြီး တပ်စွဲထားရန်လော၊ သို့တည်းမဟုတ် တပ်ပြန်ဆုတ်ရန်လောဟု တစ်ယောက်က မေးသည်။ ကျွန်ုပ်တို့ ပထမဆုံးဆောင်ရွက်ရမည့်အလုပ်သည် ဆီနိုင်းကို သိမ်းပိုက်ရန်ဖြစ်ကြောင်းထက် ပို၍ ကျွန်ုပ် ဘာမှမပြောနိုင်။ အနားယူကြရမည်ဆိုလျှင်လည်း မည်သည့်နေရာသို့ပင် ရောက်နေစေကာမူ အနားယူကြရန်သာရှိပါသည်ဟု ကျွန်ုပ်က ပြန်ရှင်းပြသည်။

အစည်းအဝေးရုပ်သိမ်းခါနီးတွင် တိုက်ခိုက်ရေးတပ်ဖွဲ့များနှင့် ဝစ်သေနာပတိ ဌာနချုပ်၏ဆက်ဆံရေးများနှင့် ပတ်သက်ပြီး ကျွန်ုပ်က ပြောပြသည်။ တပ်ဖွဲ့များတွင် ရှိသည့်အစွမ်း၊ လုပ်နိုင်အား. . စသည်တို့ထက် ပိုပြီး စစ်သေနာပတိဌာနချုပ်က တာဝန်ပေးခိုင်းစေနေသည်ဟူသည့် အထင်အမြင်မှားမှုမျိုး တိုက်ခိုက်ရေးတပ်ဖွဲ့များတွင် ပေါ်ပေါက်မလာစေရန် ကျွန်ုပ်တို့အားလုံး ကြိုးစား၍ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း၊ အရာရှိများသည် တယ်လ်အဗစ်မြို့၌ စည်းစိမ်ကြီးတစ်ခွဲသားဖြင့် ဇိမ်ယစ်ထိုင်နေကြကာ တိုက်ခိုက်ရာတွင် လိုအပ်သည့် အကူအညီအထောက်အပံ့များပေးရန် ဒုက္ခမခံချင်ကြကြောင်း၊ တိုက်ခိုက်ရေးတပ်ဖွဲ့က ကျွန်ုပ် ပြောပြနိုင်သည့် သတင်းအားလုံးကိုလည်း





ရှင်းလင်းပြောဆိုနိုင်ခြင်းမရှိ။ မည်သို့ဆိုစေ အစည်းအဝေးတက်လာသူတိုင်း၏ စိတ်ဓာတ်သည် ကောင်းမွန်လျက်ရှိ၏။ ကျွန်ုပ်တို့အားလုံးသည် စိတ်စောမှုများ၊ စိုးရိမ်ပူပန်မှုများကို ထိန်းချုပ်ထားနိုင်ရန် ကြိုးစားနေကြပါ၏။

အင်္ဂလိပ်, ပြင်သစ်လက်နက်တိုင်တပ်များနှင့် ကျွန်ုပ်တို့ဆက်စပ်မှုကို ကျွန်ုပ်က ရှင်းပြသည်။ ကျွန်ုပ်တို့ စီစဉ်ထားချက်များ အတည်ဖြစ်ပြီး အင်္ဂလိပ်နှင့် ပြင်သစ်ကလည်း အီဂျစ်ကို အမှန်တကယ်တိုက်မည်ဆိုလျှင် ကျွန်ုပ်တို့အခြေအနေသည် စက်ဘီးစီးသူနှင့် တူကြောင်း၊ တောင်ပေါ်သို့အတက်တွင် မော်တော်ကားကိုကိုင်ပြီး မေးလိုက်သည့်သဘောပင်ဖြစ်ကြောင်း၊ ရနိုင်သမျှ အကူအညီကို ယူရမည်ဖြစ်ကြောင်း၊ တောင်အတက်တွင် ထိုမော်တော်ကား မောင်းသွားသမျှ ခရီးအကွာအဝေးအထိ အခွင့်အရေးလုပြီး တွယ်လိုက်သွားရမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ လမ်းခရီးသို့ ရောက်သောအခါကျမှ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အင်အားကိုအားကိုးပြီး ခရီးဆက်ရမည်ဖြစ်ကြောင်း၊ တောင်ပေါ်သို့တက်ရာတွင် ထိုနည်းဖြင့် မော်တော်ကားကိုတွယ်ပြီး ခရီးပေါက်နိုင်သမျှ ပေါက်အောင် အခွင့်အရေးယူ အမြတ်ထုတ်ရမည်ဖြစ်ကြောင်း ကျွန်ုပ်က ရှင်းပြသည်။

ကျွန်ုပ်ပုံဆောင်ပြောဆိုသည့် ဥပမာအတိုင်း ဆောင်ရွက်ရန် အကြောင်းပေါ်လာမည်ဆိုလျှင် တောင်ပေါ်သို့ တက်နေသည့် မော်တော်ကားတည်းဟူသော အင်္ဂလိပ်၊ ပြင်သစ်တို့၏ ဘီးအောက်တွင် ကျွန်ုပ်တို့ ကြေမွမသွားစေရန် ဂရုစိုက်ရှောင်ကြဉ်ရမည်။ ထိုမျှမက ကျွန်ုပ်တို့ မသွားလိုသော လမ်းခရီးကို မော်တော်များက အထင်မမှားအောင် ဆောင်ရွက်နေထိုင်ကျင့်ကြံကြရမည်ဖြစ်ကြောင်း ကျွန်ုပ်က ရှင်းပြ၏။

ကျွန်ုပ်က ဆက်လက်၍ တိုင်တန်းမှု၊ မကျေနပ်မှုများသည် တပ်မှူးများထံမှ အများဆုံးရတတ်ကြောင်း၊ သို့သော် သူတို့၏တိုင်ကြားမှု၊ မကျေနပ်မှုသည် အကောင်းဘက်သို့ဦးတည်ကြောင်း၊ လွန်ခဲ့သော နှစ်အတွင်းက အစ္စရေးတပ်မတော်သည် စစ်စိတ်စစ်မာန်များ တက်ကြွနေခဲ့ကြောင်း၊ ကျွန်ုပ် ကြုံတွေ့ခဲ့ရသော စစ်ဦးစီးချုပ်ထံ တင်ပြသည့် တပ်မှူးများ၏ မကျေနပ်မှုများ၊ တိုင်ကြားမှုများသည် သူတို့ကို တာဝန်ကြီးကြီး လေးလေး ပေးအပ်သောကြောင့် မဟုတ်ဘဲ တာဝန်သေးသေးငယ်ငယ်ကို ပေးအပ်သဖြင့် မကျေမနပ်ဖြစ်ပြီး တိုင်ကြားကြခြင်းဖြစ်ကြောင်း၊ တပ်ဖွဲ့များသည် သူတို့ကို ခွဲခြားထားခြင်း၊ ဘေးဖယ်ထားခြင်းခံနေရပြီဟု ထင်မှတ်တတ်ကြောင်း၊ လုံလောက်သည့် မော်တော်ယာဉ်များ၊ စစ်ကူတပ်များ မပို့သောကြောင့် ထိုကဲ့သို့ ထင်မှတ်ခြင်းမဟုတ်၊ တိုက်ပွဲဝင်ရာတွင် သူတို့ကို ခေါ်ယူတာဝန်မပေးသောကြောင့်၊ သူတို့ပါ ပါဝင်မတိုက်ခိုက်ရသောကြောင့် မကျေမနပ်ဖြစ်ပြီး တိုင်ကြားကြခြင်းများသာဖြစ်ကြောင်း၊ ထိုစိတ်ဓာတ်များသည် မိမိတို့ တပ်မတော်ကို ပိုမို အားဖြည့်ပေးခြင်းသာ ဖြစ်ကြောင်း။ ယခု "ကဒက်ရှ်စစ်ဆင်ရေး"တွင် ကျွန်ုပ်တို့၏တပ်ဖွဲ့များသည် ခက်ခဲသောတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ကို ထပ်ပြန်တလဲလဲပေးအပ်ရမှုများ၊ ထပ်ပြန်တလဲလဲ တိုက်ပွဲဝင်ရမှုများရှိမည်ဖြစ်ကြောင်း၊ မည်သို့ဆိုစေ အရာရှိအနည်းငယ်သည် စစ်ဦးစီးဌာနချုပ်ကို အပြစ်တင်တတ်ကြကြောင်း၊ ဤသည်မှာလည်း ၎င်းတို့ ကြီးမားသောအမှားအယွင်းကို ကျူးလွန်မိသောအခါတွင်ဖြစ်ကြောင်း စသည်ဖြင့် ကျွန်ုပ်က ရှင်းလင်းပြောဆိုလိုက်သည်။



www.burmeseclassic.com

ကျွန်ုပ်တို့ ရင်ဆိုင်ရမည့်ပြဿနာသည် စာတွေ့မဟုတ်ကြောင်း ကျွန်ုပ်တို့သိရှိခဲ့ကြသည်။ ကျွန်ုပ် တင်ပြသည့် အခြေခံအချက်များနှင့်ပတ်သက်၍ သဘောမတူညီမှု တစ်စုံတရာ မရှိချေ။ ကျွန်ုပ်တို့တွင် လွတ်လပ်ရေးအတွက် ဆင်နွှဲခဲ့ရသည့် စစ်ပွဲမှစ၍ ကာကီလီယာတိုက်ပွဲအထိ အတွေ့အကြုံများ ရရှိခဲ့ပြီးဖြစ်ပါသည်။

မြောက်မြားစွာသော လက်စားချေတိုက်ပွဲများကို ဆင်နွှဲခဲ့ပြီး ယခုထိ ဆီနိုင်းကျွန်းဆွယ်တိုက်ပွဲစဉ်များအတွက် ကျွန်ုပ်တို့ စစ်ထွက်ကြရပါတော့မည်။ တပ်ဖွဲ့ကလေးများ၏အရည်အချင်း၊ အဆင်သင့်ဖြစ်မှုတို့သည် ခက်ခဲသော၊ သတ္တိကြောင်သော တိုက်ပွဲများကို အလွယ်တကူဆင်နွှဲနိုင်တော့မည်ဖြစ်ကြောင်း တပ်မတော်က အသိအမှတ်ပြုခဲ့ပြီးဖြစ်၏။ ယခုစစ်ပွဲတွင် ကျွန်ုပ်တို့တပ်မတော်၏ကြိုးပမ်းအားထုတ်မှုများကို အသုံးပြုရတော့မည်။ လက်စားချေတိုက်ပွဲကလေးများကို လေထီးတပ်သားများ အများဆုံးပါဝင်သည့်တပ်ဖွဲ့ငယ်ကလေးများက ဆင်နွှဲခဲ့၏။ ယခု စစ်ပွဲကြီးတွင်မူ တပ်မတော်ကြီးတစ်ခုလုံးပါဝင်ဆင်နွှဲကြတော့မည်ဖြစ်လေရာ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများကို စမ်းသပ်ရပေတော့မည်။ ကျွန်ုပ်တို့၏အမြဲတမ်းတပ်များနှင့် အရန်တပ်များသည် တပ်ဖွဲ့ငယ်လေးများက လက်စားချေတိုက်ပွဲများ ဝင်ခဲ့သကဲ့သို့ တန်းတူရည်တူ တိုက်နိုင်ကြပါမည်လောဟူသည်မှာ အကြီးမားဆုံးပြဿနာ ဖြစ်နေ၏။ တန်းတူရည်တူ တိုက်နိုင်ကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ အရေးအကြီးဆုံးသော အစိတ်အပိုင်းများကို ၎င်းတို့၏ တပ်မှူးများက ကိုင်တွယ်ထားသောကြောင့် ဖြစ်ပါသည်။ လေတပ်မတော်ဦးစီးချုပ်နှင့် ယနေ့နံနက် ကျွန်ုပ်တွေ့ဆုံသည်။ ထို့နောက် ရေတပ်မတော် ဦးစီးချုပ်နှင့် ဆက်လက်တွေ့ဆုံ၏။ ထိုသို့ တွေ့ဆုံမှုများပြုလုပ်အပြီး အောက်ပါညွှန်ကြားချက်များကို ထုတ်ပြန်ပေးလိုက်၏။

## ကဒက်ရှ်စစ်ဆင်ရေးတွင် လေတပ်မတော် တာဝန်ယူရမည့် အပိုင်းနှင့်ပတ်သက်၍ကာကွယ်ရေးဦးစီးချုပ်၏ညွှန်ကြားချက်များ

### (၁၉၅၆)၊ အောက်တိုဘာလ (၂၆) ရက်

၁။ ။ အပိုင်း-၁ ။ ရေတပ်၏တာဝန်သည် ယ ရက်မှ ယ ရက်နောက် နှစ်ရက်အထိ အခြေခံ စစ်တာဝန်ကို ယူရမည်။ ရန်သူလေတပ်၏ အခြေအနေများကို ကြည့်ပြီး ဆောင်ရွက်ရမည့်တာဝန်ကို ဆုံးဖြတ်မည်။ ယခုစစ်ပွဲ **အပိုင်း-၁** ကာလအတွင်း ရည်ရွယ်ချက်သည် လေကြောင်းစစ်ဆင်ရေးကို တတ်နိုင်သမျှ ကန့်သတ်မှု ပြုလုပ်ထားရမည်။ မိမိတို့ စစ်အခြေစိုက်စခန်းများ၊ အရပ်သူ အရပ်သားများ နေထိုင်ရာရပ်ကွက်များကို အီဂျစ်လေကြောင်းမှ တိုက်ခိုက်မည့် အန္တရာယ်အား ကာကွယ်ရင်း ဆောင်ရွက်နေရမည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းအားဖြင့် အောက်ပါအချက်သုံးချက်ကိုပါ ဆောင်ရွက်ရန် လိုအပ်လာလိမ့်မည်။

(က) တိုက်ပွဲဖြစ်ပွားရာ နယ်မြေများတွင် ရန်သူလေယာဉ်ပျံ များက ဝင်ရောက်တိုက်ခိုက်လာလျှင် လေကြောင်းအန္တရာယ်ကာကွယ်ရေးနှင့် ဆီနိုင်းကျွန်းဆွယ်ရှိ မြေပြင်တပ်များကို အကူအညီပေးရမည်။





(ခ) အစ္စရေး၏ကောင်းကင်ကို အကာအကွယ်ပြုနိုင်ရန် ပြင်ဆင်ထားပြီး ရန်သူလေယာဉ်ပျံကို တိုက်ခိုက်ရေးပါ ပြင်ဆင်ထားရမည်။

(ဂ) အီဂျစ်လေတပ်နှင့် လေယာဉ်ကွင်းများကို တိုက်ခိုက်ခြင်းကြောင့် အစ္စရေးရှိပစ်မှတ်များကို ရန်သူက တိုးချဲ့တိုက်ခိုက်လာခြင်း ပြုနိုင်သည်။

၂။ ။ အပိုင်း-၂ ။ ယ ရက်၏ နောက် (၂) ရက်မှစ၍ ကျွန်ုပ်တို့၏ လေတပ်မတော်သည် အောက်ပါအချက်လေးချက်ကို အာရုံစူးစိုက်ဆောင်ရွက်ရမည်။

(က) မြေပြင်မှ လက်နက်ကိုင်တပ်များကို အကူအညီပေးခြင်း။

(ခ) ရန်သူကို ကြားဖြတ်တိုက်ခိုက်ပေးခြင်း။

(ဂ) အစ္စရေးကောင်းကင်ယံကို အကာအကွယ်ပေးခြင်း။

(ဃ) တိုက်ပွဲစဉ်အတွင်းသို့ အခြားအာရပ်နိုင်ငံများ ပါဝင်လာမည်ကို တိုက်ခိုက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်း။

၃။ ။ စစ်ဆင်ရေးကြီး စတင်သည့် န နာရီမှစ၍ စစ်ပွဲကာလ တစ်လျှောက်လုံးတွင် သယ်ယူပို့ဆောင်ရေးတပ်သားများ မြေပြင်သို့ချထားပေးရေး၊ အဆက်အသွယ် ပြတ်နေသည့်မြေပြင်စစ်တပ်များကို လက်နက်ခဲယမ်းမီးကျောက် စားနပ်ရိက္ခာများ လေထီးဖြင့် ချထားပေးရေး၊ ထောက်ပံ့မှုနှင့် တပ်ပြန်ရုပ်သိမ်းမှုကို ပြုလုပ်ပေးရေး စသည့်တာဝန်များကို လေတပ်မတော်က အဓိကထား တာဝန်ယူဆောင်ရွက်ရမည်။

✡

## ကဒက်ရှ်စစ်ဆင်ရေးတွင် လေတပ်မတော် တာဝန်ယူရမည့် အပိုင်းနှင့်ပတ်သက်၍ကာကွယ်ရေးဦးစီးချုပ်၏ညွှန်ကြားချက်များ

### (၁၉၅၆)၊ အောက်တိုဘာလ (၂၆) ရက်

၁။ ။ ပင်လယ်နီ (အကွာဘာပင်လယ်ကွေ့) ကမ်းရိုးတန်းများ၌ ထောက်ပံ့မှု၊ အကူအညီပေးမှုများ ပြုလုပ်ရမည်။

၂။ ။ ဆီးရီးယားနှင့် လက်ဘနွန်က စစ်ပွဲအတွင်း ဝင်ရောက်လာလျှင် တိုက်ခိုက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရမည်။

မြေထဲပင်လယ်ဒေသ စစ်ဆင်ရေးကြီးအတွင်း၌ သူတို့ ပါဝင်တိုက်ခိုက်ခြင်းမပြုရသောကြောင့် ရေတပ်မတော်က မကျေမနပ် ဖြစ်နေသည်။ သို့သော်လည်း ဤသို့ဖြစ်ရသည်မှာ ကျွန်ုပ်တို့အတွက် အခွင့်အရေးပင် ဖြစ်ပါသည်။ အင်္ဂလိပ်နှင့် ပြင်သစ်ရေတပ်က အီဂျစ်ရေတပ်နှင့် တိုက်ခိုက်နေမည်ဆိုလျှင် ကျွန်ုပ်တို့ရေတပ်က ပင်လယ်နီတွင် အားဖြည့်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ယခုစစ်ပွဲ၌ အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဝင်ရောက်တိုက်ခိုက်ခြင်း မပြုကြလင့်ကစား ကျွန်ုပ်တို့အဖို့ ကံမကောင်း အကြောင်းမလှဖြစ်ဖွယ်ရာအကြောင်း မရှိပါချေ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ရေတပ်သည် အင်္ဂလိပ်ဘာပင်လယ်ကွေ့တွင် တာဝန်ယူ လှုပ်ရှားနိုင်ဖွယ်ရာ အကြောင်းရှိ၏။ ကျွန်ုပ်တို့၏တပ်များကို အီလတ်မြို့ပေါ်သို့ တင်ပေးရမည်။ ဤလုပ်ငန်းကို အထူးယာဉ်များဖြင့်သာ ပြုလုပ်နိုင်မည်ဖြစ်၏။ စစ်ဆင်ရေးအပိုင်းကလည်း အထူးအစီအစဉ်များ လိုအပ်သည်။ ဘီယာရှိဘာနှင့် အီလတ်မြို့သွား အဝေးပြေးမော်တော်ကားလမ်းကြီးရှိ စကိုပီယွန်တောင်ကြားလမ်းမှ စတင်ပြီး ချီတက်ရမည်။ လမ်းကိုကျော်ဖြတ်ထားသည့် ဝိုင်ယာကြိုးများကို အလွန်နိမ့်သည့် နေရာများတွင် ဖြတ်တောက်ပစ်ရမည်။

မွန်းလွဲပိုင်းသို့ ရောက်သည်တွင် ကျွန်ုပ်၏ စားပွဲပေါ်တွင် ရှိနေသည့် စစ်ဆင်ရေးနှင့်ပတ်သက်၍ အရေးမကြီးသော ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ လုပ်ငန်းကိုင်ငန်းများအားလုံးကို ရှင်းပစ်လိုက်သည်။ ပုံမှန်အချိန်မျိုး၌ ကျွန်ုပ်တစ်ဦးတည်း ဆောင်ရွက်နိုင်သည့် အခွင့်အာဏာများကိုပါ လွှဲပြောင်းပေးလိုက်၏။

၁။ ။ အစ္စရေးနယ်နိမိတ်ကို ကျော်လွန်ပြီး တပ်ဖွဲ့များက စစ်ဆင်ခွင့်ပေးနိုင်သည့် အာဏာကို နယ်မြေဆိုင်ရာ စစ်ဌာနချုပ်များ၏ စစ်ဦးစီးအရာရှိများအား လည်းကောင်း၊

၂။ ။ လေကြောင်းမှ ဓာတ်ပုံရိုက်ယူရန်နှင့် နယ်ခြားကို ဖြတ်ကျော်ခွင့်အာဏာကို တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးအား လည်းကောင်း၊

၃။ ။ ပြည်သူ့ကာကွယ်ရေး (လေကြောင်းရန်)နှင့် ပတ်သက်သမျှ အရာအားလုံးကို ပြည်သူ့ကာကွယ်ရေးဌာနကြီးမှူးအား လည်းကောင်း၊

၄။ ။ စစ်ခုံရုံး၏စီရင်ချက်များနှင့် အတည်ပြုခွင့်အာဏာကို တပ်ရေးချုပ်အား လည်းကောင်း၊

၅။ ။ ငွေကြေးခွင့်ပြုချက် (ကန့်သတ်ချက်မရှိ)ကို ဘဏ္ဍာရေး အကြံပေးအရာရှိအားလည်းကောင်း အသီးသီးအာဏာများ လွှဲပြောင်းပေးအပ်လိုက်သည်။

ညနေဘက်တွင် စစ်ဆင်ရေးဌာနခွဲနှင့် ကျွန်ုပ်တွေ့သည်။ တိုင်ရန်ရေလက်ကြားကို သိမ်းပိုက်မည့် စစ်ဆင်ရေး၏လျှို့ဝှက်အမည်ကို "ယိုဇတ်"ဟု သတ်မှတ်ပေးလိုက်သည်။ အီရတ်စစ်တပ်များ ဂျော်ဒန်ပြည်တွင်းသို့ ဝင်ရောက်နေပြီ ဖြစ်ကြောင်းဖြင့် ကောလာဟလသတင်းများကို ထောက်လှမ်းရေးဌာနခွဲက ဖြန့်ပေးနေ၏။ ထိုသို့ ပြုလုပ်ရခြင်းမှာ ကျွန်ုပ်တို့၏အစီအစဉ်များသည် ဂျော်ဒန်နှင့် အီရတ်နိုင်ငံများအတွက်သာ ဖြစ်ကြောင်း အထင်မှားအမြင်မှားဖြစ်စေရန် ပြုလုပ်ခြင်းဖြစ်သည်။

(စစ်ဆင်ရေးကာလတွင် တပ်မတော်ထောက်လှမ်းရေးဌာန၏ ဆောင်ရွက်ချက်များသည် အလွန်ပင်အောင်မြင်ကြောင်း၊ ၎င်းတို့၏ ကောလာဟလများကိုပင် ၎င်းတို့ပြန်လည်ယုံကြည်ရတော့မလို ဖြစ်ခဲ့ကြောင်း သူတို့က ပြောကြ၏။)

ဂျော်ဒန်သည် အီဂျစ်နှင့်ပေါင်းပြီး စစ်အတွင်းဝင်လာမည်လော ဟူသောအချက်နှင့် ပတ်သက်၍ ဂျော်ဒန်သည် ထိုအတိုင်းပင် ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံးက တွေးထင်ကြ၏။ မကြာသေးမီက အီဂျစ်ဆီးရီးယား မဟာမိတ်အဖွဲ့အတွင်းသို့ ဝင်ရောက်ပူးပေါင်းခဲ့သည့် နာဘူစီကို ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊





ဖလီဘူနာဝါကို ကာကွယ်ရေးဦးစီးချုပ်အဖြစ် ၎င်းတင်မြှောက်ထားသည့် နတ်ဆာလိုလားသူများလည်းဖြစ်သည့် ဂျော်ဒန်အစိုးရသစ်သည် အီဂျစ်နှင့် မဟာမိတ်ပြုရန် ဆန္ဒပြင်းပြနေမည်လော ဟူသည်ကိုမူ ကျွန်ုပ်တို့ မတွေးထင်တတ်ပါ။ ယ ရက်၏ နောက် (၂) ရက်၊ သို့မဟုတ် (၃) ရက်တွင် ဂျော်ဒန်နိုင်ငံသည် ကျွန်ုပ်တို့ကို စတင်တိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း အခြေအနေအားလုံးကို တွက်ဆပြီး ကျွန်ုပ် မှန်းဆမိသည်။

ထို့ကြောင့် ဂျော်ဒန်စစ်မျက်နှာအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ကျွန်ုပ်တို့ ပြုလုပ်ထားရချေမည်။

ထိုနေ့ည သန်းခေါင်ယံ၌ ရုံးမှ ကျွန်ုပ်ပြန်ထွက်လာခိုက် ကပ်လျက်ရှိသော ဘေးအခန်းများကို လှည့်၍ ကြည့်ခဲ့မိသည်။ အခန်းတစ်ခန်းတွင် ရထားလူနာတင်အိပ်စင်များ စီစဉ်ရန်အမိန့်နှင့် ပတ်သက်၍ အလုပ်များနေကြ၏။ တယ်လ်အဗစ်နှင့် ဂါဇာအကြား ကျွန်ုပ်တို့သိမ်းပိုက်ရယူပြီးလျှင် ထိုပစ္စည်းများ လိုအပ်လာမည် ဖြစ်ချေသည်။

အခန်းတစ်ခန်းတွင်မူ အာရပ်ဘာသာရပ်ဖြင့် ကြေညာချက်များရေးရင်း အလုပ်ရှုပ်နေကြသည်။ ဆီနိုင်းကျွန်းဆွယ်တွင် နေထိုင်သူများကို ဝါဒဖြန့်နိုင်ရန်အတွက် မူကြမ်းရေးသားနေကြခြင်း ဖြစ်၏။ တစ်စုံတစ်ယောက်သောသူက တပ်မတော်ကြီး တစ်ခုလုံးကို တာဝန်ယူပြီး တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ကြောင်း၊ တပ်မတော်ကြီး တစ်ခုလုံးသည်လည်း တစ်စုံတစ်ယောက်တည်းသောသူ အပေါ်တွင် အကြွင်းမဲ့ရပ်တည်မှီခိုခြင်းမပြုနိုင်ကြောင်း ကျွန်ုပ်သဘောပေါက် နားလည်ထားခဲ့ပါသည်။

ရွှေဘီးမောင်း (၆ × ၆) ထရပ်ကားအစီး (၂၀၀)၊ ပြင်သစ်နိုင်ငံမှ သင်္ဘောဖြင့် ယနေ့ ရောက်လာသည်။ အခြေအနေကို ထိန်းသိမ်းလိုက်နိုင်ပါပြီ။ လေထီးတပ်မဟာ (၂၀၂)ကို ထရပ်ကားအစီး (၁၀၀) ခွဲဝေပေးလိုက်သည်။ လေထီးတပ်မဟာ (၂၀၂) သည် နခါလ်နယ်မြေကို သိမ်းပိုက်ပြီး မစ်တလာတွင် လေထီးဖြင့် ချထားပေးသည့် ၎င်းတပ်မှ တပ်သားများနှင့် ဆက်မိရန် သဲကန္တာရကို ဖြတ်သန်းချီတက်မည့် တပ်ဖြစ်၏။

ကျန်ထရပ်ကားအစီး (၁၀၀) ကို တပ်မဟာ (၉) သို့ ပေးပို့လိုက်သည်။ တပ်မဟာ (၉) သည် အင်္ဂလိပ်ဘာပင်လယ်ကွေ့အနောက်ဘက် ကမ်းရိုးတန်းတစ်လျှောက် ရှမ်အယ်လ်ရှိတ်သို့ရောက်အောင် ချီတက်ရမည့်တပ်ဖြစ်၏။ အစ္စရေးအရပ်သားများထံမှ ရသမျှ မော်တော်ယာဉ်များကို ဆင်းတောင့်ဆင်းရဲ စုစည်းရယူပြီးနောက် ယခု ပြင်သစ်ထရပ်ကားများ ရောက်မလာလျှင် ဘာလုပ်ရမည်ကို ကျွန်ုပ် မတွေးတတ်နိုင်အောင် ဖြစ်ခဲ့၏။ ပထမညဖြစ်သော (၁၉၅၆)၊ အောက်တိုဘာ (၂၉) ရက်နေ့ညဦးမှာပင် နယ်ခြားတစ်လျှောက်တွင်ရှိသည့် အီဂျစ်တပ်စခန်းများကို သိမ်းပိုက်ရန် ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်ကြ၏။ ထိုစခန်းများသည် ကျွန်ုပ်တို့ချီတက်မည့် အဓိကလမ်းကြောင်းတွင် ကျရောက်နေသည်။ သိမ်းပိုက်ရမည့် ရန်သူတပ်စခန်းများမှာ နစ်ဇာနာ၊ ကူစီမာ၊ ကွန်တီလာနှင့်ရပ်စင်နကက်တို့ ဖြစ်ကြ၏။ နစ်ဇာနာရှိ ကုလသမဂ္ဂလေ့လာရေး အဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရေးကို (ကာကွယ်ရေးဝန်ကြီး၏ သဘောတူညီချက်ကို ရရှိပြီးနောက်)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က လက်ခံအတည်ပြုလိုက်၏၊ သူတို့ကို ပြန်လည်ရုပ်သိမ်းသဖြင့် အကန့်အကွက် ခံရခြင်းက၊ သူတို့ရှိနေပြီး ကျွန်ုပ်တို့တပ်များ၏လှုပ်ရှားမှုကို အစီရင်ခံစာများ တင်ပြ ခြင်းထက် များစွာတော်ပေမည်။

ကျွန်ုပ်တို့မြို့များအားလုံး ယရက်ညတွင် မှောင်ချထားရန် ပြည်သူ့ကာကွယ်ရေး မှူးချုပ်က အကြံပေးသည်။ ကျွန်ုပ်က ထိုအစီအစဉ်ကို လက်မခံဘဲ ပယ်ချလိုက်သည်၊ ထိုသို့ မြို့ရွာများကို မှောင်ချထားခြင်းအားဖြင့် မလိုလားအပ်သော သံသယများနှင့် တင်းမာမှုများကိုသာ ဖြစ်ပေါ်စေမည်။ ပထမပိုင်း ရက်အနည်းငယ်တွင် အီဂျစ်တို့က ကျွန်ုပ်တို့ကို တိုက်ခိုက်လိမ့်မည်မဟုတ်ဟူသော အမြင်ကို ယနေ့ထက်တိုင်အောင် ကျွန်ုပ် လက်ခံယုံကြည်နေဆဲပင် ဖြစ်၏။ ကျွန်ုပ်တို့၏ထိုးစစ်သည် ကြီးမားသော လက်စားချေ ထိုးစစ်မျှသာဖြစ်သည်ဟု သူတို့ ထင်မှတ်ကြပေလိမ့်မည်ဟူသည့် အမြင်ကိုလည်း ကျွန်ုပ် လက်ခံယုံကြည်နေဆဲပင် ရှိ၏။ "မရှိမဖြစ် လိုအပ်သည့်အလုပ်အကိုင်များ"တွင် တာဝန် ယူလုပ်ကိုင်နေသည့် အမှုထမ်းအရာထမ်းများကို စစ်စည်းရုံးခြင်းမှ လွတ်ကင်းခွင့်ပေး ရန်ပါ ပြည်သူ့ကာကွယ်ရေးဌာနက မေတ္တာရပ်ခံ၏။

ထိုအချက်ကိုလည်း ကျွန်ုပ် သဘောမတူနိုင်ပါ။ စစ်ဆင်ရေးသည် ရက်ရှည် ဆင်နွှဲနေမည့် စစ်မဟုတ်။ အချိန်တိုတောင်းသော စစ်ပွဲမျှသာ ဖြစ်သည်။ ထို့ကြောင့် "မရှိမဖြစ်လိုအပ်သည့် အလုပ်အကိုင်များ" တွင် တာဝန်ယူနေသူများကို ဆင့်ဆိုစစ်မှု ထမ်းစေခြင်းအားဖြင့် စီးပွားရေးချွတ်ခြုံကျမှုအန္တရာယ်ကို တွေ့ကြုံရင်ဆိုင်ရမည် မဟုတ်ပါ။ ထိခိုက်နိုင်မည် မဟုတ်ပါ။ လျှပ်စစ်ဓာတ်အားပေးရေး၊ ရေပေးရေးနှင့် အခြား လိုအပ်သည့်ကိစ္စများကို စစ်စည်းရုံးမှုမှ ကင်းလွတ်ခွင့်ရထားသူများက ဝင်ရောက်တာဝန် ယူဆောင်ရွက်နိုင်မည်ပါသည်။

တိုက်ပွဲစဉ်များ စတင်ရန် နှစ်ရက်သာ လိုပါတော့သည်။ သံချပ်ကာ ယန္တရား တပ်မကြီးသို့ မနက်ဖြန် ကျွန်ုပ် သွားရောက်ကြည့်ရှုမည်။ အီဂျစ်လက်နက်ကိုင်တပ် များကြား ချိတက်ရမည့်မှုများကို ချပြရမည်။

✡

(၁၉၅၆)၊ အောက်တိုဘာ (၂၈)

အရန်တပ်များ စစ်စည်းရုံးဆင့်ခေါ်ခြင်း တိုးတက်မှုများကို သုံးသပ်လေ့လာရန် တပ်ရေးချုပ်ဌာနခွဲနှင့် ယနေ့နံနက် အစည်းအဝေးပြုလုပ်သည်။

စစ်စည်းရုံးမှု စတင်သော ပထမနှစ်ရက်တွင် အရေးပေါ်ဆင့်ဆိုသည့်နည်းကို ကျွန်ုပ်တို့ ရှောင်ကြဉ်ခဲ့ကြ၏။ ထိုနည်းအားဖြင့် ပြည်သူများ အလောတကြီးမဖြစ်ရန် အထိတ်တလန့်မဖြစ်ရန် ထိန်းသိမ်းပေးထားခြင်း ဖြစ်၏။ သို့သော်လည်း ထိုသို့ပြုလုပ် ခြင်းအားဖြင့် ကျွန်ုပ်တို့ရရှိသည့် အောင်မြင်မှုမှာ ကျေနပ်ဖွယ်ရာ မကောင်းလှချေ။ လုပ်နည်းကိုင်နည်း ချွတ်ယွင်းမှုများ ရှိနေသောကြောင့်ဖြစ်၏။ လိပ်စာပြောင်းလဲမှုများကို မှတ်တမ်းပြုမထားသောကြောင့် လိပ်စာအမှားများဖြင့်သာ အမိန့်စာများ ပေးပို့နေလေရာ





အမိန့်စာများသည် လိပ်စာရှင်များထံသို့ မရောက်တော့ချေ။ အထူးသဖြင့် သံချပ်ကာ ယန္တရားတပ်မကြီးတွင် ထိုပြဿနာ အကြီးမားဆုံး ပေါ်ပေါက်နေသည်။ ဥပမာပြရသော် ပထမပိုင်းတွင် တပ်မဟာ(၂၇)သို့ ရာခိုင်နှုန်း (၅၀) မျှသာ ရောက်၏။ အဆိုပါ တပ်မဟာ (၂၇)၏အရပ်တပ်သားအများစုသည် ဥရောပအရှေ့ဖျားနိုင်ငံများမှ ဖြစ်သည်။ သူတို့၏ လိပ်စာများကို ဟန်ဂေရီနိုင်ငံနှင့် ရူမေးနီးယားနိုင်ငံတွင် ပေးထားသည်။ စစ်စည်းရုံးသည့် အမိန့်ကိုပို့ရန် သွားသူများသည် သူတို့ကို တွေ့အောင် မရှာနိုင်တော့ချေ။

ထိုသို့သော အကြောင်းများကြောင့် အရေးပေါ်ဆင့်ခေါ်မှုနည်းကို သုံးရန် တစ်နေ့တုန်းက ဆုံးဖြတ်လိုက်ရ၏။ အခြေအနေသည် ကျယ်ကျယ်ပြန့်ပြန့်ကြီး တိုးတက် ကောင်းမွန်လာသည်။ အရေးပေါ်ဆင့်ခေါ်မှုနည်းစနစ်ကို သုံးခြင်းအားဖြင့် လုပ်ငန်း အောင်မြင်မှု၌ ထိရောက်လာသည် မဟုတ်၊ စိတ်ဓာတ်အရပါ အကျိုးရှိလာသည်ကို တွေ့ရ၏။ ပထမတွင် စမ်းသပ်စစ်စည်းရုံးမှုအဖြစ်ပြုလုပ်ခြင်းသာဖြစ်ကြောင်း အရပ်တပ် သားများက တွေးထင်ကြ၏။ နောက် အမှန်တကယ် စစ်တိုက်ရန် စည်းရုံးခြင်းဖြစ် ကြောင်း သဘောပေါက်ကြသည်နှင့် တစ်ပြိုင်တည်း မိမိတို့ သက်ဆိုင်ရာတပ်ဖွဲ့များ အတွင်းသို့ အလုံးအရင်းဖြင့် တရဟော်သွန်ဝင်လာတော့သည်။ စစ်စည်းရုံးမှုအမိန့်ကို မရရှိသော အရန်တပ်သားများသည်ပင်လျှင် တပ်ဖွဲ့များအတွင်းသို့ ဝင်ရောက်လာကြ လေသည်။ ထိုနည်းသည် တပ်သားများကို အမြန်ဆုံးစုစည်းပြီး ၎င်းတို့နှင့် သက်ဆိုင်ရာ တပ်ဖွဲ့များသို့ ရောက်လာရန် အကောင်းဆုံးနည်းဖြစ်လေသည်။

အရန်တပ်သားတစ်သိန်းကျော်ကို ဆင့်ခေါ်ရန် တိုက်တွန်းသည်။ ရာခိုင်နှုန်း (၉၀) မျှကို စုစည်းရရှိနိုင်မည်ဖြစ်၏။ ထိုမျှများပြားသည့် ရာခိုင်နှုန်းကို အမှန်အတိုင်း ကျွန်ုပ်တို့ မမျှော်လင့်ခဲ့ပါ။ ဤမျှများပြားသည့် ရာခိုင်နှုန်းသည် ၎င်းတို့၏ တာဝန်ထမ်း ဆောင်လိုမှု စိတ်ဓာတ်ကို ဖော်ပြခြင်းမည်၏။ ထိုစိတ်ဓာတ်ကား အရည်အတွက်များ ပြားခြင်းထက် ပို၍အရေးကြီးပေသည်။

တိုင်းစစ်ဌာနချုပ်တပ်မှူးကြီးများသည် အရန်တပ်များကို သူတို့အား ခွဲဝေ ပေးထားသည့် လူဦးရေထက် ပိုမိုပြီး ဆင့်ခေါ်ယူကြခြင်းနှင့် ပတ်သက်၍ ကျွန်ုပ် သဘော မကျလှပါ။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သည် သူတို့အတွက် ခွဲဝေပေးထားသော ခွင့်ပြုချက်ဦးရေထက် အရန်တပ် သားပေါင်း (၂၀၀၀) ကို လည်းကောင်း၊ အလယ်ပိုင်း စစ်ဌာနချုပ်က (၁၅၀၀)ကို လည်းကောင်း၊ တောင်ပိုင်းစစ်ဌာနချုပ်က (၁၀၀၀)ကို လည်းကောင်း ပိုမိုဆင့်ခေါ်ယူလိုက်ကြ၏။

စစ်စည်းရုံးမှုအတွက် အရေးအကြီးဆုံးသောပြဿနာသည် သယ်ယူပို့ဆောင် ရန် ယာဉ်ရထားများဖြစ်၏။ အရန်တပ်များကို ဆင့်ခေါ်စည်းရုံးရန် မော်တော်ယာဉ်ပေါင်း (၁၃၀၁၃) စီး လိုသည်။ (မော်တော်ယာဉ်စုစုပေါင်း ဂဏန်းတစ်ခုအတွင်း၌ ၁၃-ဂဏန်း နှစ်ခုပါဝင်နေခြင်းမှာ အတိတ်နိမိတ်ကို မယုံကြည်သည့် တပ်မတော်စာရေးတစ်ဦးက တမင်ပြုလုပ်လိုက်ခြင်းလောဟု စဉ်းစားမိပါသည်။) အဆိုပါ လိုအပ်သည့် မော်တော် ယာဉ်ပေါင်း (၁၃၀၁၃) ကို ဆင့်ခေါ်သောအခါ ရာခိုင်နှုန်း (၆၀) မျှသာ ရောက်လာကြ၏။ ထိုကဲ့သို့ ဆင့်ခေါ်သလောက် မရရှိခြင်းမှာ မော်တော်ကားပိုင်ရှင်များက စေတနာပါဘဲ



www.burmeseclassic.com

www.burmeseclassic.com

သူတို့ပိုင်မော်တော်ကားများ စစ်တပ်ကို မပေးချင်၍လောဟု မူလက ထင်မိ၏၊ စစ်တပ်ကအသုံးပြုသည်ကို မကျေနပ်၍လောဟု ထင်မိ၏။ ဆင့်ခေါ်မှုအမိန့်ကို ရှောင်တိမ်းနေကြသလောဟု ထင်မိ၏။ သို့သော် စစ်တပ်နှင့်ပုလိပ်ဘက်တ ထပ်မံ ကြိုးစားသည့်အထိ ထိုအခြေအနေ ပြောင်းလဲမသွားပါ။ လာရောက်ပေးအပ်သည့် ရာခိုင်နှုန်း အလွန်တရာနည်းပါးနေရခြင်း၏ အဓိကအကြောင်းရင်းမှန်မှာ အရပ်သားပိုင် မော်တော်ကားများတွင် ပစ္စည်းမစုံလင်မှုကြောင့်ပင် ဖြစ်လေသည်။ နိုင်ငံခြားတိုင်းပြည်များရှိ မည်သို့သောစစ်တပ်ပင်ဖြစ်စေ၊ မည်သည့်အချိန် မည်သည့်ဒေသတွင်မဆို စစ်ဆင်ရန် လိုအပ်လာလျှင် ကျွန်ုပ်တို့ကဲ့သို့ အခက်အခဲများ ကြုံသည်၊ မကြုံသည်ကိုမူ ကျွန်ုပ်မသိပါ။

မော်တော်ယာဉ်များ၌ အသေးအဖွဲ့ပစ္စည်းကလေးများ ချွတ်ယွင်းနေမည်ဆိုလျှင် အရေးတကြီးသဘောမထားဘဲ မျက်နှာလွှဲလိုက်နိုင်၏၊ ငွတ်မှိတ်အသုံးပြုနိုင်၏။ ယခု ထိုသို့မဟုတ်။ မော်တော်ကားများသည် ဆိုးဆိုးရွားရွားပျက်စီးနေကြ၏။ ဆလင်ဒါကွဲနေခြင်း၊ ရှပ်ကျိုးနေခြင်း စသည်ဖြင့် သုံးစွဲ၍မရအောင် ပျက်စီးနေသော ကားများဖြစ်နေ၏။ ထိုသို့သော အကြောင်းများကြောင့် ကျွန်ုပ် စိုးရိမ်လာပါသည်။ စစ်ပွဲမစမီကကြီးကြီးကျယ်ကျယ်တွေးပြီး စီမံကိန်းကြီးများကို ပြုလုပ်ထားသည်။ တကယ်တမ်းစစ်တိုက်တော့မည်ဆိုသောအခါတွင်မူ ခန့်မှန်း စီစဉ်ထားသည့် ဦးရေထက် လျော့နည်းနေမည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရမည်ကို စိုးရိမ်မိခြင်း ဖြစ်ပါသည်။

အရန်တပ်များကို ဤသို့ စစ်မှုထမ်းရန် ဆင့်ခေါ်ရခြင်းမှာ ဂျော်ဒန်ပြည်တွင်းသို့ အီရတ်တပ်များ ဝင်သောကြောင့် ဂျော်ဒန်နှင့် စစ်ဖြစ်ဖွယ်ရာအကြောင်းရှိသောကြောင့် ဆင့်ခေါ်ရခြင်းဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ ဂျော်ဒန်သည် အီဂျစ်-ဆီးရီးယားပူးတွဲစစ်ဦးစီး အဖွဲ့အတွင်းသို့ ဝင်လာသောကြောင့် ဖြစ်ကြောင်းဖြင့် အရန်တပ်သားများအား ရှင်းပြထားသည်။ အဆိုပါ ဂျော်ဒန်ကိစ္စနှင့် ပတ်သက်သည့် သတင်းများခေါင်းပါးများသည် ယခုရက်များအတွင်း သတင်းစာများတွင် ဖော်ပြပါရှိနေလေရာ ကျွန်ုပ်တို့ရှင်းပြသော အယောင်ပြရှင်းပြချက်နှင့် သတင်းများ ကိုက်ညီနေ၏။ ထို့ကြောင့်လည်း စစ်စည်းရုံးမှုရည်ရွယ်ချက် အမှန်ကို ကျွန်ုပ်တို့ ဖုံးကွယ်မှုမှာ အောင်မြင်လျက်ရှိ၏။ ဆီနိုင်းကျွန်းဆွယ် စစ်ဆင်ရေးကြီးနှင့် ပတ်သက်ပြီး တပ်မတော် ကြီးတစ်ခုလုံး၏ စစ်စည်းရုံးမှုကို ရက်သတ္တပတ်အတွင်း ကျွန်ုပ်တို့ ပြုလုပ်နိုင်ကြမည်ဆိုလျှင် အရေးအကြီးဆုံး၊ အကောင်းမွန်ဆုံးသော အားထုတ်ကြိုးပမ်းချက်ပင် ဖြစ်ပါသည်။

ယနေ့ရရှိသည့် နောက်ဆုံးသတင်းများအရ စီစဉ်ထားသည့်အတိုင်း ဖြစ်နိုင်သည်။ လေတပ်တွင် အရန်တပ်များ အားလုံးကို (၄၃)နာရီအတွင်း စည်းရုံးနိုင်ခဲ့လေသည်။ တပ်ရေးချုပ်နှင့် အစည်းအဝေးပြီးခါနီးတွင် စစ်စည်းရုံးဆင့်ခေါ်ခြင်း တိုးတက်မှုနေ့စဉ်သတင်းများကို ကျွန်ုပ်က မေးမြန်းသည်။ ခြေလျင်တပ်များ၊ သံချပ်ကာ ယန္တရားတပ်များ၊ ရေတပ်နှင့် ဝန်ထမ်းတပ်များ ဆင့်ခေါ်မှုအကြောင်းကို မေးမြန်းခြင်းဖြစ်၏။ ကျွန်ုပ်အနေဖြင့် ယခုထက်တိုင်အောင် လူအင်အားအဆင့်ကို မှန်းဆ၍ မရသေး၊ မဆုံးနိုင်သော ဂဏန်းများ၊ မဆုံးနိုင်သော စာမျက်နှာများကို လက်ခံရရှိနေဆဲပင်ဖြစ်၏။

✡






(၁၉၅၆)၊ အောက်တိုဘာ (၂၉)

မနေ့က နံနက် (၁၀) နာရီတွင် ဝန်ကြီးအဖွဲ့အစည်းအဝေး ကျင်းပသည်။ ဆီနိုင်းကျွန်းဆွယ်တိုက်ပွဲစဉ်ကို စဉ်းစားရန်နှင့် ဆုံးဖြတ်ရန် ဘင်ဂူရီယံက တင်ပြသည်။ ဝန်ကြီးအဖွဲ့က လက်ခံအတည်ပြုလိုက်၏။ ထိုအစည်းအဝေးပြီးသောအခါ အတိုက်အခံပါတီများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ အစိုးရ၏ဆုံးဖြတ်ချက်ကို ဘင်ဂူရီယံက ထုတ်ဖော်ပြောကြား၏။ တစ်ဆက်တည်းမှာပင် အရန်တပ်များ စုစည်းဆင့်ခေါ်ထားရခြင်းမှာ လိုအပ်ကြောင်းဖြင့် တရားဝင်ထုတ်ပြန်ကြေညာချက် တစ်စောင်ကို အစိုးရက ထုတ်ပြန်ကြေညာလိုက်၏။

အာရပ်စစ်ရေးလှုပ်ရှားမှုများနှင့် ၎င်းတို့၏ ကျူးကျော်ရေးသဏ္ဌာန်ကြောင့် အရန်တပ်ရင်းများကို စုစည်းဆင့်ခေါ်ထားရကြောင်း၊ ထိုနည်းအားဖြင့် တောင်ပိုင်းမှလည်းကောင်း၊ မြောက်ပိုင်းမှလည်းကောင်း၊ အရှေ့ပိုင်းမှလည်းကောင်း အလစ်ဝင်တိုက်ခိုက်လာမည့် အန္တရာယ်များကို ခုခံနိုင်မည်ဖြစ်ကြောင်းဖြင့် တရားဝင်ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထား၏။

ထိုကြေညာချက်ကို ထုတ်ရခြင်းမှာ အဓိကအားဖြင့် အစ္စရေးပြည်သူများကို ရည်ရွယ်သည်။ ကြေညာချက်တွင် ဖော်ပြထားသော အချက်သည် ကြေညာချက်၏ တန်ဖိုးမဟုတ်။ မဖော်ပြဘဲ မြှုပ်ထားသော အချက်များသည်သာလျှင် ကြေညာချက်၏ တန်ဖိုးအစစ်အမှန် ဖြစ်၏။ အရန်တပ်များ ဆင့်ခေါ်စည်းရုံးခြင်းသည် တိုတောင်းသည့် ကာလအပိုင်းအခြားအတွက်သာဖြစ်ကြောင်း၊ အာမခံချက်ပေးမထားသည့် အချက်သည်လည်းကောင်း၊ တင်းမာမှုကို လျှော့မပစ်နိုင်သည့် အချက်သည်လည်းကောင်း၊ တိုင်းပြည်အတွင်း၌ စစ်ကြိုကာလတွင် ဖြစ်ပေါ်တတ်သည့် စိတ်ဓာတ်များကို လျော့ပါးသွားစေရန် မပြုလုပ်မတိုက်တွန်းဘဲ ထားသည့်အချက်သည် လည်းကောင်း ကြေညာချက်၏ တန်ဖိုးများဖြစ်လေသည်။

အာရပ်နိုင်ငံများ၏ ကျူးကျော်သော ရည်ရွယ်ချက်များကို ကြေညာချက် ရှင်းပြပြီး ရှုတ်ချသည်။ တစ်ပါတည်းမှာပင် ထိုသို့သော အပြုအမူများကြောင့် ထပ်ဖြည့်တပ်ဖွဲ့များကိုပါ စုစည်းထားရန် လိုအပ်ကြောင်း ဆက်လက်ဖော်ပြ၏။

ထိုသို့ကြေညာခြင်းမှာ ကျွန်ုပ်တို့၏ စစ်စည်းရုံးမှုရည်ရွယ်ချက်အမှန်ကို မျက်နှာဖုံးစွပ်လိုက်ခြင်းပင် ဖြစ်၏။ ပြည်သူတို့၏အာရုံကို ဂျော်ဒန်ပြည်ဘက်သို့ ဆွဲယူလိုက်ခြင်းဖြစ်၏။ ဂျော်ဒန်နယ်ခြားတွင် စစ်ရေးပဋိပက္ခ ဖြစ်တော့မည့်မြင်ကွင်းကို မြင်တွေ့လာအောင် လွှဲပြောင်းပေးလိုက်ခြင်း ဖြစ်၏။

ထိုအချိန်မှာပင် အမေရိကန်သမ္မတထံမှ ကြေးနန်းတစ်စောင်ကို ကျွန်ုပ်တို့ လက်ခံရရှိ၏။ (၁၉၅၆) ခု အောက်တိုဘာ (၂၇) ရက်နေ့ကလည်း တစ်စောင်ရခဲ့သေး၏။ ယခုကြေးနန်းတွင် ကျွန်ုပ်တို့၏စစ်စည်းရုံးမှုကို စိုးရိမ်ပူပန်ကြောင်းဖြင့် သမ္မတအိုက်စင်ဟောင်ဝါက စောစောပိုင်းက ကြေးနန်းတွင် ပါရှိသည့်အတိုင်း ဖော်ပြထား၏။ အီရတ်စစ်တပ်များ ဂျော်ဒန်ပြည်တွင်းသို့ ဝင်ရောက်လာသောကြောင့် ကျွန်ုပ်တို့က စစ်စည်းရုံး


www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်သည်ကို အိုက်စင်ဟောင်ဝါက ဖော်ပြပြီး ၎င်းရထားသည့် သတင်းများအရ မည်သည့် အီရတ်လက်နက်ကိုင်တပ်ဖွဲ့မျှ ဂျော်ဒန်နယ်ခြားကို ဖြတ်ကျော်ခြင်းမရှိသေးကြောင်းဖြင့် ဆက်လက်ဖော်ပြထား၏။

ဘင်ဂူရီယံက စာပြန်ကြားရာတွင် အီဂျစ်၏ ကျူးကျော်လိုသော ရည်ရွယ်ချက်များကို အထူးဖော်ပြထား၏။ အရန်တပ်များ စည်းရုံးခြင်းကို ရပ်တန့်ရန် သမ္မတက မေတ္တာရပ်ခံခြင်းကိုမူ ကျေနပ်လောက်အောင် ကတိပေးခြင်းမရှိ။ အိုက်စင်ဟောင်ဝါ၏ ဒုတိယကြေးနန်းကိုလည်း ဘင်ဂူရီယံက အလားတူပင် ဖြေဆိုလိုက်သည်။ ပထမကမှ ဒုတိယကြေးနန်း ရောက်ရှိလာသောအခါ ပါရှိသည့်အချက်များကို ကြည့်ပြီး ဘင်ဂူရီယံ အနေဖြင့် စိတ်မသက်မသာ ဖြစ်သွားလေ၏။ ဂရုတစိုက် လေ့လာကြည့်သောအခါကျမှ စိတ်သက်သာရာရသွားသည်။ ကြေးနန်းနှစ်စောင်စလုံး၏ သဘောထားသည် သာမန်သာ ဖြစ်သဖြင့် ကြေးနန်းများအားလုံးကို ချောင်ထိုးထားလိုက်နိုင်သည်။ မည်သို့ဆိုစေ ဒုတိယကြေးနန်းကမူ ပထမကြေးနန်းထက် ပို၍ ပြင်းထန်စွာ မေတ္တာရပ်ခံလိုက်၏။ ငြိမ်းချမ်းရေးကို အန္တရာယ်ဖြစ်စေမည့် အပြုအမူများကို အစ္စရေးအစိုးရအနေဖြင့် မပြုလုပ်အပ်။ အစ္စရေးနှင့် ကျွန်ုပ်တို့ အမေရိကန်နှစ်ပြည်ထောင်ကြားတွင် ဖြစ်ပေါ် တိုးတက်နေသည့် ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်ပျက်ပြားစေရန် မပြုလုပ်အပ် စသည်ဖြင့်ဖော်ပြထား၏။

အိုက်ဆင်ဟောင်ဝါထံမှ အဆိုပါကြေးနန်းများ ရရှိအပြီးမှာပင် အစ္စရေးတွင် ရှိသည့် အမေရိကန် တိုင်းရင်းသားများအားလုံး (၁၈၀၀-ခန့်ရှိ၏) အစ္စရေးပြည်တွင်းမှ အမြန်ဆုံးထွက်ခွာလာရန် ညွှန်ကြားချက်ကို မိမိလက်ခံရရှိကြောင်းဖြင့် အမေရိကန် သံအမတ်ကြီးက ထုတ်ဖော်ကြေညာလိုက်၏။ ကျွန်ုပ်တို့က သူ့ကိုအကူအညီပေးမည် ဖြစ်ကြောင်း ကတိပေးသည်။ အီဂျစ်၊ ဂျော်ဒန်နှင့် ဆီးရီးယားနိုင်ငံများတွင် ရှိနေကြသော အမေရိကန်များနှင့် ပတ်သက်၍လည်း အလားတူ ညွှန်ကြားချက်များ ပေးထားပြီးဖြစ်ကြောင်း သံအမတ်ကြီးက ကျွန်ုပ်တို့ကို ပြောပြသည်။

နိုင်ငံရေး၊ စစ်ရေးဆိုင်ရာ ကြေညာချက်တစ်စောင်ကို တပ်မတော်ပြောရေးဆိုခွင့် ရှိသူအနေဖြင့် ထုတ်ပြန်ပေးရန် လိုအပ်နေပါသည်။ လေထီးတပ်သားများကို မစ်တလာတွင် ယနေ့ညနေ ချပေးလိုက်သည်။ ထိုသို့ပြုလုပ်အပြီး တရားဝင်ကြေညာချက်တစ်စောင်ကို အမြန်ဆုံးထုတ်ပြန်ရန် လိုအပ်လာ၏။

ထိုကြေညာချက်သည် ပြတ်သားခိုင်မာရမည်။ ခြိမ်းခြောက်မှု အပြည့်ပါရမည်။ သို့သော် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အမှန်ကိုမူ ထုတ်ဖော်ခြင်းမပြုရ။ ကြေညာချက် မူကြမ်းကို ရေးသားကြ၏။ အပြန်ပြန်အလှန်လှန် ပြင်ဆင်ပြီး စိတ်တိုင်းကျသည်အထိ ထပ်ကာထပ်ကာ ရေးကြ၏။ ရေးသားပြီးသောအခါ ခွင့်ပြုချက်ယူရန် ဘင်ဂူရီယံထံသို့ ကျွန်ုပ်တို့ ယူသွားကြသည်။ ထုတ်ပြန်ကြေညာရန် ကျွန်ုပ်တို့ အကြံပေးတင်ပြသည့် ကြေညာချက်သည် အောက်ပါအတိုင်းဖြစ်၏။

> "ရပ်စင်နကက်နှင့် ကွန်တီလာသို့ အစ္စရေးလက်နက်ကိုင်တပ်များက ဝင်ရောက်သွားပြီး . . လျှို့ဝှက်အကြမ်းဖက်သမားများနှင့် တိုက်ခိုက်နေကြောင်း အစ္စရေးတပ်မတော်ပြောရေးဆိုခွင့်ရှိသူက ကြေညာပါသည်။ အစ္စရေးတပ်များက စူးအက်တူးမြောင်းနှင့် ကပ်လျက်ရှိသော နခါလ်ဖြတ်ကျော်လမ်းများ၏ အနောက်ဘက်ရှိ စခန်းများကိုပါ သိမ်းပိုက်လိုက်ပါသည်။ ဤသို့ အစ္စရေးက တိုက်ခိုက်ရခြင်းမှာ အစ္စရေးသယ်ယူပို့ဆောင်ရေးယာဉ်များကို ကုန်းပေါ်တွင်လည်းကောင်း၊ ရေကြောင်းတွင်လည်းကောင်း အီဂျစ်တို့က စစ်ရေးအရ တိုက်ခိုက်ချေမှုန်းနေသောကြောင့် တစ်ကြောင်း၊ အစ္စရေးပြည်သူများ ငြိမ်းချမ်းစွာ နေထိုင်ရေးကို ငြင်းဆန်သည်က တစ်ကြောင်းတို့ကြောင့် တိုက်ခိုက်ရခြင်းဖြစ်ပါသည်"

ဟု တပ်မတော် ပြောရေးဆိုခွင့်ရှိသူက ပြောဆိုပါသည်။

ဘင်ဂူရီယံ ဖျားပြီး အိပ်ရာထဲတွင် လဲနေသည်ကို မြင်တွေ့ရ၏။ အပူဒီဂရီ (၁၀၃)အထိ ရှိနေသည်။ တုပ်ကွေးဖြစ်နေပုံရသည်။ လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်အတွင်းက စိုးရိမ်မှုများ တင်းမာမှုများ၏ အမှတ်အသားများ ကျန်နေရစ်သေး၏။ သို့သော်လည်း သူ့အလုပ်များကို သူ ဆက်လက်လုပ်ကိုင်နေသည်။ ကျွန်ုပ်တို့ ထွက်ခွာလာသောအခါ သူနှင့် စကားပြောရန် နိုင်ငံခြားရေးရုံးမှ အရာရှိများ စောင့်ဆိုင်းနေကြသည်ကို တွေ့ရ၏။ ကျွန်ုပ်၏ကွပ်ကဲမှုဌာန (မူလ စစ်သေနာပတိရုံးချုပ် အဆောက်အအုံမှ အခြားနေရာသို့ ပြောင်းရွှေ့ထားသည်) သို့ ကတိုက်ကရိုက်ပင် ကျွန်ုပ်တို့ ပြန်လာကြ၏။

အမေရိကန်ပြည်ထောင်စုနှင့် အခြေအနေသည် ရှုပ်ထွေးနေ၏။ သဘောချင်းမကိုက်ညီကြဘဲ ဖြစ်နေ၏။ အစ္စရေးက အမေရိကန်ပြည်ထောင်စုနှင့် လက်ပွန်းတတီး ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းထားလို၏။ လိုလည်း လိုအပ်နေ၏။ ထိုသို့ ထိန်းသိမ်းထားရန် ခက်ခဲသော အနေအထားများကို မြင်တွေ့နေရ၏။ မိမိဘက်က ယခု စစ်ပြုရခြင်း၏ရည်ရွယ်ချက်အမှန်များကို ဖုံးကွယ်ထား၏။ အာရပ်တို့က အစ္စရေးကို ရန်သူသဖွယ်ကျင့်ကြံနေခြင်း၊ အတ္တဘာပင်လယ်ကွေ့ပိတ်ဆို့ခြင်း၊ လျှို့ဝှက်အကြမ်းဖက်သမားများဖြင့် တိုက်ခိုက်ခြင်း၊ အစ္စရေးကို တိုက်ခိုက်ရန် စစ်ရေးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း စသည့်အပြုအမူများကြောင့် အစ္စရေးအနေဖြင့် စစ်ရေးအရတုံ့ပြန်ရမည်သာ ဖြစ်၏။ အမေရိကန်ပြည်ထောင်စုက အစ္စရေး၏ မည်သို့သောစစ်ရေးအပြုအမူ မျိုးကိုမဆို ဆန့်ကျင်နေသည်။ သို့သော် အာရပ်တို့၏အစ္စရေး ဆန့်ကျင်ရေး ဆောင်ရွက် မှုများကို ကာကွယ်ပေးခြင်း မပြု။ အမှန်ကမူ ကာကွယ်ပေးနိုင်စွမ်းမရှိခြင်း ဖြစ်၏။ ထို့ပြင်သာမက အမေရိကန်ပြည်ထောင်စုက ကျွန်ုပ်တို့ကို လက်နက်မရောင်းချချေ။ ကျွန်ုပ်တို့ကို လက်နက်မရောင်းချသောကြောင့် ဆိုဗီယက်အုပ်စုမှ လက်နက်များကို လိုသလောက်ရရှိနေသည့် အီဂျစ်နိုင်ငံက အစ္စရေးကို ကျူးကျော်ရန် အားပေးအားမြှောက်ပြုသလိုလည်း ဖြစ်နေပြန်သည်။ ဖန်တီးပေးနေသလိုလည်း ဖြစ်နေပြန်သည်။ အရှေ့အလယ်ပိုင်းဒေသတွင် လတ်တလောပေါ် ပေါက်နေသည့် အခြေအနေ များအပေါ် အမေရိကန်၏သဘောထားသည် ၎င်း၏ မဟာမိတ်နိုင်ငံများဖြစ်သော ဗြိတိသျှ၊ ပြင်သစ်နိုင်ငံတို့နှင့် ကွဲလွဲနေ၏။ တသီးတခြားဖြစ်ကာ ကင်းကွာလာ၏။







www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှနှင့် ပြင်သစ်က အီဂျစ်ကို တိုက်ခိုက်မည့်ရည်ရွယ်ချက်ကို ထုတ်ဖော်ပြသခြင်း မပြုဘဲ အမေရိကန် မသိစေရန် ကွယ်ဝှက်ထား၏။ အိုက်စင်ဟောင်ဝါက သုံးနိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် (၁၉၅၀) ပြည့်၊ မေလ (၂၅) ရက် သုံးပွင့်ဆိုင် ကြေညာစာတမ်းမူများကို အခြေခံပြီး ယခုပြဿနာကို ဖြေရှင်းရန် တောင်းဆိုသည်။

(ယင်းကြေညာစာတမ်းသည် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၏ ပိုက်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုအတွက် အာမခံကြောင်း အမေရိကန်၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကြေညာစာတမ်း ဖြစ်သည်။)

အစ္စရေးနိုင်ငံလုံခြုံရေးအတွက် ဗြိတိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံများနှင့် ဆွေးနွေးမည်ဟု အိုက်စင်ဟောင်ဝါက ဆိုသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ယခုပေါ်ပေါက်လာမည့် ပဋိပက္ခသည် အစ္စရေးနှင့် ဂျော်ဒန်ကြားပေါက်ကွဲမည့် ပဋိပက္ခသာဖြစ်ကြောင်း၊ ထိုကိစ္စကို ဆွေးနွေးရာတွင် မိမိကို ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က ပူးပေါင်းကူညီလိမ့်မည် ဖြစ်ကြောင်း၊ အိုက်စင်ဟောင်ဝါ ထင်မှတ်ယုံကြည်နေကြောင်းမှာ ထင်ရှားသည်။ အမှန်ပေါ်ပေါက်နေသည့် အခြေအနေမှန်နှင့် အိုက်စင်ဟောင်ဝါ မည်မျှကွာဝေးနေကြောင်း သိသာသည်။ မည်သည့်သတင်းအမှန်ကိုမျှ သူ မသိကြောင်း ထင်ရှားသည်။ ဝိုင်းဝန်းအတိုက်ခံရမည့်တိုင်းပြည်သည် ဂျော်ဒန်မဟုတ်၊ အီဂျစ်နိုင်ငံသာ ဖြစ်သည်။ ဗြိတိသျှနှင့် ပြင်သစ်တို့သည် အမေရိကန်နှင့်ပေါင်းပြီး အစ္စရေးကို ဆန့်ကျင်ကြမည့် နိုင်ငံများမဟုတ်။ အမေရိကန်ကို ဆန့်ကျင်ရာတွင် အစ္စရေးနှင့်အတူတူ စစ်မျက်နှာတစ်ခုတည်း၌ ရပ်တည်ကြမည့်နိုင်ငံများ ဖြစ်သည်။

အချက်အလက်အမှန်များနှင့် အမေရိကန် ကင်းဝေးနေခြင်းသည်သာလျှင် ပြဿနာမဟုတ်သေး၊ အစ္စရေးကို အမေရိကန် ချုပ်ကပ်ပုံသည် ပြဿနာကို အမှန်တကယ်ဖြေရှင်းပေးနိုင်သည့် အနေအထားဖြင့် ချဉ်းကပ်လာခြင်းမပြုသော အချက်လည်းပါဝင်သည်။ နိုင်ငံရေး အဆက်အသွယ်ကင်းကွာမှုကြောင့် ယခုလိုဖြစ်ရသည်လော မပြောတတ်။ သို့သော် ကြေးနန်းနှစ်စောင်လုံးတွင် ဖော်ပြထားသော အဆန်မပါသည့် အနှစ်သာရမပါသည့် အိုက်ဟင်ဟောင်ဝါ၏ စကားလုံးများကမူ ကျွန်ုပ်ကို ထိခိုက်၏။ "ငြိမ်းချမ်းသော၊ မျှတသော ချဉ်းကပ်ကိုင်တွယ်မှုသည်သာလျှင် အခြေအနေကို အမှန်တကယ် တိုးတက်စေလိမ့်မည်" ဟု သူ့ကြေးနန်းတွင် ဖော်ပြထားခြင်းသည် အစ္စရေးနိုင်ငံအတွက် သောကကို ပွားများစေခြင်းသာဖြစ်သည်။

"ရန်မီးပွားစေမည့် အပြုအမူများမှ ရှောင်ကြဉ်ရန် အခြားသော အရှေ့အလယ်ပိုင်းနိုင်ငံများကိုပါ ကျွန်ုပ် အရေးတကြီး မေတ္တာရပ်ခံရမည်" ဟု အိုက်စင်ဟောင်ဝါက ဆက်လက်ဖော်ပြပြန်သည်။ သူ့စကား၏ အနှစ်သာရအစစ်အမှန်သည် မည်သည့်အရာ ဖြစ်သနည်း။ လျှို့ဝှက်အကြမ်းဖက်သမားများ၏ အန္တရာယ်ကို လက်တွေ့၌ မည်ကဲ့သို့ ကာကွယ်ပေးမည်နည်း။ စူးအက်တူးမြောင်းနှင့် အကွာဘာပင်လယ်ကွေ့တွင် အစ္စရေးသင်္ဘောများ သွားလာခွင့် အပိတ်အဆို့ခံနေရခြင်းအတွက် မည်သို့လက်တွေ့ဆောင်ရွက်ပေးမည်နည်း။ သို့တည်းမဟုတ် အီဂျစ်၊ ဆီးရီးယား၊ ဂျော်ဒန်စစ်စာချုပ်နှင့် ပတ်သက်၍ မည်သို့ အကာအကွယ်ပေးမည်နည်း။ မည်သို့ ဖြေရှင်းပေးမည်နည်း။





ထိုသို့အချက်များကို စဉ်းစားလေ့လာရင်းဖြင့် ကျွန်ုပ်တွင် ယုံကြည်ချက်တစ်ခု ပို၍ခိုင်မာလာပါသည်။ အရှေ့အလယ်ပိုင်းဒေသ တိုးတက်မှုများအပေါ် ဩဇာညောင်းလာစေရန် အမေရိကန်က နည်းလမ်းရှာဖွေကြိုးပမ်းခြင်းသည် အိမ်နီးချင်းအာရပ်နိုင်ငံများနှင့် ကျွန်ုပ်တို့ ဖြစ်ပွားနေသည့် ပြဿနာကို အဖြေရှာပေးရန်မဟုတ်။ လုံခြုံမှုပေးရန်မဟုတ်။ သူ၏စစ်အင်အားများကို ကျွန်ုပ်တို့အား ဖိနှိပ်ရာတွင် အသုံးပြုရန်အတွက်သာ ဖြစ်ကြောင်း ယုံကြည်လာခြင်းပင် ဖြစ်၏။

ကွပ်ကဲမှုဌာနသို့ ကျွန်ုပ်ပြန်ရောက်သောအခါ စစ်ပွဲအတွက် စိတ်စောမှုမြင့်မားနေသည်ကို တွေ့ရ၏။ သူတို့၏ စိတ်စောမှု၊ စိတ်ဓာတ်တက်ကြွမှုကို အော်ဟစ်ဆူညံခြင်းဖြင့်မပြု။ တိုးတိတ်ညင်သာခြင်းဖြင့် ထုတ်ဖော်ပြသနေကြ၏။ သူတို့တွင် ယနေ့ည မိမိတို့စစ်ဆင်နွှဲရတော့မည်ဟူသော အမူအရာများ ထင်ရှားပေါ်လွင်နေ၏။

ပြည်သူလူထုကြီးတစ်ရပ်လုံးက ယခုစစ်ဆင်ရေးကြီးကို လိုလား နှစ်သက်နေကြကြောင်း ကျွန်ုပ်နားလည်ပါသည်။ စစ်စိတ်စစ်သွေးများ တက်ကြွနေသည်ကို မြင်တွေ့ရသည်။ ဆင့်ခေါ်ခြင်းမခံရဘဲ တပ်ဖွဲ့များအတွင်းသို့ ဝင်လာကြသည့် လူငယ်များကလည်း ခိုးကျ စရာပင် ဖြစ်ပါသည်။ သူတို့သည် အလုပ်ကြမ်းသမားများအဖြစ် အေးချမ်းရိုးသားသောဘဝကို ထူထောင်ရန် တောဘက်သို့သွားပြီး သမဝါယမကျေးရွာများ ထူထောင်နေကြသည့် စံပြနိုင်ငံသားများဖြစ်၏။ အစ္စရေးနိုင်ငံတွင် ဂျူးလူမျိုးများ၏ လူ့ဘောင်ကြီး အခိုင်အမာထူထောင်ရေးအတွက် ကိုယ်ကျိုးစွန့်ကြမည့် လူငယ်များဖြစ်လေသည်။

အထက်တန်းအရာရှိကြီးများ၏ စိတ်ဓာတ်သည်လည်း မြင့်မားလျက်ပင် ရှိ၏။ မိမိတို့တာဝန်ယူဆောင်ရွက်ခွင့်ရရန် စောင့်ဆိုင်းနေခဲ့ရသည့်အချိန်သည် ယခုကျရောက်လာပြီဟု သူတို့စိတ်ထဲတွင် သတ်မှတ်ထားကြ၏။ အစ္စရေးနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲများပြီးသည်မှ ယခုအချိန်အထိ ရှစ်နှစ်လုံးလုံး အစ္စရေးနိုင်ငံကိုဖျက်ဆီးမည့် အာရပ်တို့၏ ခြိမ်းခြောက်မှုကို ခံစားခဲ့ကြရ၏။ ရှစ်နှစ်လုံးလုံး ခါးသီးသော အတွေ့အကြုံများကို ခေါင်းငုံ့ပြီး ခံစားခဲ့ကြရ၏။ အာရပ်တို့၏ တရစပ်အန္တရာယ်ပေးမှု၊ အကြမ်းဖက်မှု၊ ရန်လိုမှုများကို ခံစားခဲ့ကြရ၏။ လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်မှစပြီး လေကြောင်းမှ ဓာတ်ပုံရိုက်ယူမှုများ၊ ကင်းထောက်မှုများ၊ တပ်လှုပ်ရှားမှုများကို တစ်ဆက်တည်း လုပ်လာကြသည်။

ထိုအခြေအနေမျိုးကို တွေ့ကြုံနေရလင့်ကစား အရာရှိအများအပြားက မိမိတို့ စစ်တိုက်တော့မည်ဖြစ်ကြောင်း မယုံကြည်နိုင်ကြသေးချေ။ အမှန်တကယ် စစ်တိုက်ခွင့်ရကြလိမ့်မည်ဟု မယုံကြည်ချင်သေးချေ။ ယခုစစ်ဆင်ရေးကြီးကို ဖျက်သိမ်းလိုက်ကြောင်းအမိန့်သည် အထက်လူကြီးများထံမှ ကျလာနိုင်သေးကြောင်း စစ်တိုက်ရမည့် နောက်ဆုံးအချိန်ကလေးအထိ ကျွန်ုပ်တို့စိတ်ထဲ၌ တွေးတောစိုးရိမ်နေမိသည်။

အထက်ပါစိတ်မျိုးထားသူထဲတွင် ကျွန်ုပ် လုံးဝ မပါဝင်ပါ။ ဝတ်ကောင်းစားလှဝတ်ထားသူများကြားတွင် အဝတ်အစား စုတ်စုတ်နုပ်နုပ်ဝတ်ပြီး လျှောက်သွားနေရသူ တစ်ဦးခံစားရသည့် စိတ်မျိုးကို ကျွန်ုပ် မကြာခဏ ခံစားနေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ဖြစ်ရသည်မှာ ကျွန်ုပ်၏ အကျင့်ကြောင့်မဟုတ်။ အရေးကြီးသော အချိန်ကို ကျွန်ုပ်ကျော်လွန်ခဲ့ပြီး စိုးရိမ်စိတ်များကို ရှင်းပစ်ပြီးဖြစ်ပါသည်။ စစ်တိုက်ရန် ဆုံးဖြတ်ပြီး ဖြစ်ပါသည်။

ထိုဆုံးဖြတ်ချက်ကို ရခဲ့သည်မှာ လွန်ခဲ့သည့်လေးရက် အောက်တိုဘာ (၂၅) ရက်နေ့ကတည်းက ဖြစ်၏။ သို့သော်လည်း စစ်ဆင်ရေးကြီးမပြီးမီ၊ မအောင်မြင်သေးမီ ဆုံးခန်းတိုင်မရောက်မီ စစ်ကိုမရပ်ပါဟု ကျွန်ုပ်ကိုယ်တိုင်လည်း မသေချာသေး။ ကာဒက်ရှိ စစ်ဆင်ရေးကြီးကို ဆင်နွှဲခြင်းအားဖြင့် နိုင်ငံရေးရှုပ်ထွေးမှုများ မည်မျှများပြားကြီးမား လာမည်ကို ကျွန်ုပ် ကောင်းစွာသိသည်။

မည်သည့်အချိန်အခါတွင်မဆို ကာကွယ်ရေးဝန်ကြီးက ကျွန်ုပ်ကို ခေါ်ယူပြီး စစ်ဆင်ရေးကြီးရပ်တန့်ရန်အတွက် အခြေအနေများ တိုးတက်လာပြီဖြစ်သည်ဟူသော စကားကို ပြောဆိုနိုင်ပါသည်။

✪ ✪ ✪

အခန်း (၅)

## စစ်ဆင်ရေးကြီးစပြီ

**(၁၉၅၆)၊ အောက်တိုဘာ (၃၀) ရက်**

ကာဒက်ရှိစစ်ဆင်ရေးကြီး၏ တိုက်ပွဲစဉ်များစတင်မည့် ပထမည (၁၉၅၆)ခု၊ အောက်တိုဘာလ (၂၉-၃၀)တွင် မစ်စတာ၊ ရပ်စင်နကက်၊ ကွန်တီလာနှင့် ကူစီမာတို့၌ တိုက်ပွဲကြီးလေးခု ဆင်နွှဲရန်သတ်မှတ်ခဲ့သည်။ မစ်တလာတောင်ကြားလမ်းတွင် လေထီးဆင်းတပ်သားပေါင်း (၃၉၅) ဦးကို ချပေးပြီး (၁၆း၅၉) နာရီ၌ မစ်တလာကို ပထမဆုံး စတင်သိမ်းမည်။ ထိုအချိန်မှာပင် နခါလ်စူးအက်သွားလမ်းနှင့် အစ္စမေလီယာတော့ သွားလမ်းဆုံကို တိုက်ယူသိမ်းပိုက်မည်။ ထိုတိုက်ပွဲသည် အီဂျစ်စစ်တပ်များကို အငိုက်ဖမ်းရန် ပြုလုပ်ထားသည့် ကျွန်ုပ်တို့၏အစီအစဉ် အောင်မြင်မှုရှိမရှိ စမ်းသပ်ခြင်းပင် ဖြစ်သည်။

လေထီးတပ်သားများကို ချပေးရာ၌ (၁၃) ဦး အနည်းငယ်ဒဏ်ရာရသည်မှအပ ဒဏ်ရာအနာတရ မရှိသလောက်၊ အမှားအယွင်း မရှိသလောက်ပင် ဖြစ်သည်။ (၁၅း၂၀) နာရီတွင်တပ်ဖွဲ့များကို ဒါကိုတာသယ်ယူပို့ဆောင်ရေး လေယာဉ်ပျံ(၁၆)စင်းက လေးစင်းတစ်တွဲ အုပ်စုဖွဲ့ပြီး သယ်ဆောင်သွားကြသည်။ အုပ်စုတစ်ခုလျှင် လေထီးတပ်ခွဲ တစ်ခုစီကို တပ်ဆင်သွားကြ၏။

ကျွန်ုပ်တို့ စိုးရိမ်မိသည့် အဓိကအချက်မှာ ထိုဒါကိုတာ လေယာဉ်ပျံများကို အီဂျစ်များက မြင်သွားပြီး တိုက်လေယာဉ်များဖြင့် ကိုက်ခိုက်ခြင်းခံရမည့် အချက်ဖြစ်သည်။ စစ်လက်နက်ပစ္စည်း အပြည့်အစုံ တပ်ဆင်ထားသည့် စစ်သား (၂၅) ယောက်စီ သယ်ဆောင်သွားရသော အလွန်နှေးကွေးသည့် ဒါကိုတာလေယာဉ်ပျံကြီးများသည် မစ်တိုက်လေယာဉ်ပျံများ၏ ပစ်ကွင်းတွင် အားကိုးရာမဲ့၊ အကူအညီမဲ့ ဖြစ်ရချေမည်။ ထိုမျှမကသေး လေထီးဖြင့်ချပေးမည့်နေရာသည် အီဂျစ်တို့၏ မှာခေါင်းပေါက်အောက်တွင် ဖြစ်နေသည်။ ရန်သူ၏ ကာဘရစ်လေယာဉ်ပျံကွင်းနှင့် (၄၅) မိုင်သာ ကွာဝေးပြီး ကျွန်ုပ်တို့လေတပ်စခန်းများနှင့် မိုင်ပေါင်းရာချီ၍ ဝေးကွာနေ၏။


www.burmeseclassic.com

www.burmeseclassic.com

အီဂျစ်ရေဒါစက်များဖြင့် ဖမ်းမိခြင်းမှ လွတ်ကင်းစေရန် မြေပြင်နှင့်ကပ်ပြီး ပေ(၅၀၀)အမြင့်မှ ပျံသန်းနေကြရ၏။ လေထီးဆင်းရမည့် အရပ်သို့ရောက်သောအခါ ကျမှ ပေ (၁၅၀၀၀)အမြင့်သို့ ပျံတက်ရပေမည်။ သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံများအား လိုက်ပါစောင့်ရှောက်ရန် မီတီယော်တိုက်လေယာဉ်ပျံ (၁၀)စင်းကို တာဝန်ပေးထား၏။ မစ္စတီရီတိုက်လေယာဉ်(၁၂)စင်းက စူးအက်တူးမြောင်းတစ်လျှောက်တွင် ကင်းလှည့်နေ၏။ တိုက်ခိုက်ရန်တက်လာမည့် အီဂျစ်လေယာဉ်ပျံများကို ဆီးကြိုဟန့်တားနိုင်ရန်ဖြစ်သည်။

ဒါကိုတာလေယာဉ်ပျံများသည် မည်သည့် အီဂျစ်လေယာဉ်ပျံနှင့်မှ ရင်မဆိုင်ရဘဲ မစ်တလာသို့ရောက်ပြီး တပ်သားများအားလုံးကို ချပေးနိုင်ခဲ့သည်။ ကာဘရစ်လေယာဉ်ပျံကွင်းက ကျွန်ုပ်တို့၏မစ္စတီရီလေယာဉ်ပျံများကို မြင်တွေ့လိုက်ကြရလေသည်။ သို့သော်လည်း အီဂျစ်များက မြေပြင်တွင်ရှိနေသည့် သူတို့၏လေယာဉ်ပျံများကို အုပ်စုခွဲရှံသာခွဲထားလိုက်ပြီး တုံ့ပြန်တိုက်ခိုက်ခြင်းမပြုသောကြောင့် ကျွန်ုပ်တို့ ကံကောင်းသွားသည်။ ဒါကိုတာလေယာဉ်ပျံများ အခြေစိုက်စခန်းသို့ ချောမောစွာ ပြန်ရောက်လာ၏။ ထိုအခါကျမှပင် ကျွန်ုပ်တို့ အသက်ရှူနိုင်တော့သည်။

ကျွန်ုပ်တို့သတင်းများ အီဂျစ်တို့ထံသို့ မရောက်ကြောင်း၊ သို့တည်းမဟုတ် ကျွန်ုပ်တို့၏ရည်ရွယ်ချက်ကို သူတို့ သက်ာမကင်းဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံး တပ်အပ်မပြောနိုင်ကြပါ။ ယခုမူ ကျွန်ုပ်တို့၏တပ်များကို မစ်တလာသို့ ချောမောစွာ ပို့ဆောင်ပြီးဖြစ်ပါသည်။

လေထီးတပ်သားများဆင်းရန် သတ်မှတ်ထားသည့်နေရာ၌ အရှေ့ဘက် သုံးမိုင်ကွာဝေးသောနေရာသို့ လေယာဉ်မှူးများက မှားယွင်းပြီးချပေးထားခဲ့သည်။ လေထီးတပ်သားများသည် သတ်မှတ်ထားသောနေရာသို့ရောက်အောင် နှစ်နာရီကြာမျှ ချီတက်ရသည်။ (၁၉း၃၀)နာရီတွင် သတ်မှတ်ထားသည့် နေရာမှန်ဖြစ်သော ပတ်ကားအထိမ်းအမှတ် ကျောက်တိုင်အနီး၌ တပ်များအားလုံး တပ်စွဲနေရာယူပြီး ဖြစ်သွားကြသည်။ ပတ်ကားကျောက်တိုင်သည် (၁၉၁၀-၁၉၂၃) အထိ ဆီနိုင်းကျွန်းဆွယ်ဆိုင်ရာ ဗြိတိသျှဘုရင်ခံအဖြစ် ဆောင်ရွက်ခဲ့သူ အေစီပတ်ကားအတွက် တည်ဆောက်ထားသည့် အထိမ်းအမှတ်ကျောက်တိုင် ဖြစ်၏။ (၂၁း၀၀)နာရီတွင် ထပ်ဖြည့်ထောက်ပံ့မှုများကို စီစဉ်ထားသည့်အတိုင်း လေထီးဖြင့် ချပေးနိုင်ခဲ့သည်၊ ထပ်ဖြည့်ပစ္စည်းများတွင် ဂျစ်ကား (၈)စီး၊ (၁၀၆) မမနောက်ပွင့် စက်အမြောက်ကြီး (၄)လက်၊ (၁၂၀) မမမော်တာ (၁၂) လက်၊ လက်နက်ခဲယမ်းမီးကျောက်များနှင့် ကိုယ်ပိုင်သုံးပစ္စည်းများဖြစ်သည်။

စောစောပိုင်းက ၎င်းတို့၏ နေရာရှာဖွေရေးတပ်များသည် အီဂျစ်စစ်ကား နှစ်စီးဖြင့်ရင်ဆိုင်တိုးသည်။ ကားတစ်စီးကို ဖျက်ဆီးလိုက်သည်။ တစ်စီးလွတ်မြောက်သွားပြီး နခါလ်ဘက်သို့ ပြန်လှည့်ပြီးမောင်းနှင်သွားသည်။ ကျွန်ုပ်တို့၏တပ်များသည် မည်သည့်စစ်စွယ်တွင် ကျင်းတူးနေရာယူလျှင် အကောင်းဆုံးဖြစ်မည်ကို ကျွန်ုပ်တို့ ရှင်းရှင်းလင်းလင်း မသိနိုင်ပါ။ စောစောပိုင်း အစီအစဉ်သည် မစ်တလာတောင်ကြားလမ်း၏ အနောက်ဘက်အစွန်တွင် လေထီးချပေးရန်ဖြစ်၏။





သို့သော်လည်း အောက်တိုဘာ (၆)ရက်နေ့က ကင်းထောက်လေယာဉ်ပျံက ဓာတ်ပုံရိုက်ယူလာသည်တွင် ထိုနေရာ၌ တဲကြီး (၁၆) လုံးရှိနေသည်ကို တွေ့ရ၏။ တစ်ဖန် စစ်ကြိုနေ့ဖြစ်သည့် အောက်တိုဘာ (၂၈)ရက်က လေယာဉ်ပျံဖြင့် ဓာတ်ပုံရိုက်ယူပြန်စေရာ ရွက်ထည်တဲပေါင်း (၂၃) လုံးနှင့် မော်တော်ယာဉ် အမြောက်အမြားကို တွေ့ရပြန်သည်။ ထိုအမိုပ္ပာယ် မည်သို့ရှိသည်ကို အတိအကျမသိရသော်လည်း ထိုနေရာအစား ပတ်ကားကျောက်တိုင်ကို စစ်စွယ်နေရာအဖြစ် ပြောင်းလဲသတ်မှတ်လိုက်ရ၏။ မစ်တလာတောင်ကြားလမ်း၏ အရှေ့ဘက်စွန်နေရာဖြစ်သည်။

အောက်တိုဘာ (၆)ရက်နေ့က ရိုက်ယူလာသည့် ဓာတ်ပုံများကို တပ်မဟာသို့ ပေးပို့ကြချေ။ တစ်နေရာရာတွင် တစ်စုံတစ်ခုမှားယွင်းပြီး မပို့ခြင်းဖြစ်၏၊ အောက်တိုဘာ (၂၈)ရက်နေ့တွင် ရိုက်ယူလာသည့် ဓာတ်ပုံများရမှ ပထမဓာတ်ပုံများကိုပါ ပေါင်းပြီး ထိုညတွင် ပေးပို့သည်။ ထို့ကြောင့် လေထီးဆင်းရမည့်နေရာကို တစ်ညအလိုမှာပင် ကတိုက်ကရိုက် ပြောင်းလဲသတ်မှတ်လိုက်ရသည်။

ယခုအခါ ကျွန်ုပ်တို့တပ်ဖွဲ့သည် ကတုတ်ကျင်းများတူးပြီး ပတ်ကားကျောက်တိုင်နှင့်ကပ်လျက် ခံတပ်ကိုပြုလုပ်ပြီးစီးချေပြီ။ နောက်ဘက်ခြမ်းသို့ မရွေ့ရန် အမိန့်တစ်ခုကို ယနေ့ညနေတွင် ကျွန်ုပ် ပေးပို့လိုက်သည်။ ယခုအခြေအနေသို့ ရောက်လာပြီဖြစ်လေရာ အီဂျစ်များကို ရန်စရန်နှင့် ကျွန်ုပ်တို့၏ စစ်ရေးလှုပ်ရှားမှု ကျယ်ပြန့်သွားစေမည့်အပြုအမူများကို မပြုလုပ်လိုတော့ချေ။ နောက် (၂၄) နာရီအတွင်း တိုက်ပွဲများ မဖြစ်ပွားရန် အတတ်နိုင်ဆုံးရှောင်ကြဉ်ရမည်ဖြစ်၏။ အတတ်နိုင်ဆုံး တိုက်ပွဲမဖြစ်ပွားဘဲ ကျန်ရှိနေသည့် (၂၄)နာရီကို ကုန်လွန်စေရပါမည်။

နောက် (၂၄) နာရီအတွင်း ကျွန်ုပ်တို့အခြေအနေ အရေးကြီးဆုံးသောအပိုင်းသည် လေတပ်အင်အားနှင့် သက်ဆိုင်နေသည်။ ရန်သူ့လေတပ်နှင့်နှိုင်းယှဉ်ရသည်မှာ မလွယ်ကူပါ။ ကျွန်ုပ်တို့တွင်ရှိနေသည့် လေယာဉ်ပျံများသည် အီဂျစ်တို့ပိုင်ဆိုင်ထားသည့် လေယာဉ်ပျံများနှင့် အမျိုးအစားချင်းမတူပါ။ နောက်တစ်ချက်မှာ လေယာဉ်ပျံကွင်းများနှင့်တိုက်ပွဲဖြစ်နေသော နယ်မြေအကွာအဝေးသည် အရေးကြီးတကာ့ အရေးကြီးဆုံးဖြစ်၏။

အီဂျစ်လေယာဉ်ကွင်းများက အဆမတန် ပိုမိုနီးကပ်နေသည်။ မစ်တလာသို့ အီဂျစ်လေယာဉ်ကွင်းတစ်ခုမှ (၂)မိနစ်မှ (၅)မိနစ်အတွင်း ရောက်ရှိနိုင်သည်။ အနီးဆုံးသော ကျွန်ုပ်တို့၏ လေယာဉ်ပျံကွင်းမှသွားလျှင် (၂၁) မိနစ်ကြာမြင့်၏။ ကျွန်ုပ်တို့၏ လေယာဉ်ပျံများသည် ဆီမကုန်ခန်းမီ တိုက်ပွဲဖြစ်နေသည့် နယ်မြေအပေါ်မှ (၁၀)မိနစ်သာ နေနိုင်လေသည်။

အဆိုပါအခြေအနေများအပြင် လေယာဉ်မှူးများ၏ကျွမ်းကျင်မှု၊ ရေဒါဖမ်းယူသည့်စနစ်၊ လေယာဉ်ပျံများပြုပြင်ထိန်းသိမ်းမှု၊ မြေပြင်အမှုထမ်းများနှင့် မြေပြင်ပစ္စည်းများ အခြေအနေစသည်တို့အပြင် အခြားမြောက်မြားစွာသော ကိစ္စများတွင် အီဂျစ်နှင့် ကျွန်ုပ်တို့ချင်း နှိုင်းယှဉ်ကြည့်ရပါမည်။ လေတပ်မတော်တစ်ခု၏ တိုက်ခိုက်အားတွင် ထိုအချက်များကို လျှော့တွက်၍မရနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့လေတပ်တွင် ပစ္စတင်စက်များတပ်ဆင်ထားသည့် လေယာဉ်ပျံများကိုသာ အများဆုံးအားထားအသုံးပြုနေချိန်၌ အီဂျစ်လေတပ်က ဂျက်လေယာဉ်ပျံများကို အများဆုံးအားထားနေနိုင်၏။ ရုရှထံမှ မစ်(၁၅)ဂျက်ကို တိုက်လေယာဉ်ပျံအစင်း (၂၀၀) နှင့် အီလူးရှင်း(၂၈) ဗုံးကြဲလေယာဉ်ပျံကြီးပေါင်း အစင်း(၅၀)ခန့်ကို အီဂျစ်တို့ ရရှိထားကြသည်ဟု ကျွန်ုပ်တို့သိရပါသည်။ လေ့ကျင့်ထားသည့် လေယာဉ်မှူးများ၊ မြေပြင်အမှုထမ်းများဖြင့် ထိုလေယာဉ်ပျံများကို တိုက်ပွဲဝင်တပ်ဖွဲ့များအဖြစ် မည်ကဲ့သို့ စုစည်းထားပြီးဖြစ်သနည်းဟူသည်မှာ အရေးကြီးဆုံးဖြစ်သည်။ ကျွန်ုပ်တို့ လေ့လာအတည်ပြု၍ ရသမျှမှာ အီဂျစ်တို့တွင် ဂျက်တိုက်လေယာဉ်ပျံအုပ်စု (၈)စုရှိနေ၏။ ထိုအုပ်စု (၈)စုတွင် မစ် (၁၅) တိုက်လေယာဉ်အုပ်စု (၄)အုပ်စု၊ မိတီမော်တာနှင့် ဗင်ပိုင်ယာအုပ်စု (၄)စုတို့ပါဝင်သည်။ အုပ်စုတစ်စုလျှင် လေယာဉ်ပျံပေါင်း (၁၅) စင်းမှ (၂၄) စင်းအထိ ပါဝင်၏။

အီဂျစ်လက်တွင် ဂျက်တိုက်လေယာဉ်ပျံအုပ်စု (၈)စုရှိချိန်၌ ကျွန်ုပ်တို့လက်တွင်မူ ဆိုနိုင်ကျွန်းဆွယ်၌ တိုက်ခိုက်နိုင်သည့် ဂျက်တိုက်လေယာဉ်ပျံအုပ်စု (၅)စုသာရှိ၏။ ထို (၅) စုတွင် မစ္စတီရီအမျိုးအစား လေယာဉ်(၃၇)စင်း၊ မိတီယော်နှင့် အော်ရေဂန် (၄၂)စင်း၊ စုစုပေါင်း (၇၉)စင်းသာ ရှိနေ၏။ ဗုံးကြဲလေယာဉ်ပျံများနှင့် ပကတိသက်၍နှိုင်းယှဉ်လျှင်လည်း အဆမတန် ကွာနေပြန်၏။ အီဂျစ်တို့ကမူ စင်းရေ (၃၀) မှ (၆၀)အထိရှိသည့် အီလူးရှင်း (၂၈) ဗုံးကြဲလေယာဉ်ပျံအုပ်စု (၂) စုရှိနေလေသည်။

ဥရောပတိုက်တွင်ရှိနေသည့် စစ်တပ်များအဖို့ ပစ္စတင်စက်တပ် လေယာဉ်များသည် တန်ဖိုးမရှိတော့ချေ။ သို့သော်လည်း ကျွန်ုပ်တို့အနေဖြင့် ထိုလေယာဉ်ပျံများကိုပင် တန်ဖိုးထားအသုံးပြုရတော့မည်။ ထိုလေယာဉ်မျိုး စုစုပေါင်း (၆၄) စင်းရှိရာ မတ်စတန်း (၂၈) စင်း၊ မော့စ်ကွစ်တို (၁၃) စင်း၊ ဟားဗတ် (၂၁) စင်းနှင့် ဘီ (၁၇) ဗုံးကြဲလေယာဉ်ပျံ (၂)စင်း ဖြစ်သည်။ ရှိသမျှ လေတပ်အင်အားစုစုပေါင်းသည် (၁၄၃)စင်းဖြစ်ပြီး အကြမ်းအားဖြင့် ဂျက်လေယာဉ်ပျံတစ်ဝက်၊ ပစ္စတင်လေယာဉ်ပျံတစ်ဝက် ရှိသည်ဟု ဆိုနိုင်၏။ အီဂျစ်တွင်မူ (၁၅၀) မှ (၂၀၀) အထိ ရှိနေပြီး၊ အားလုံးမှာ ဂျက်လေယာဉ်ပျံများချည်းဖြစ်သည်။ ထို့သို့ လေတပ်အင်အားချင်းမှာ မမျှမတဖြစ်နေရုံမျှမက ထိုအရေအတွက်အားလုံးကိုလည်း အသုံးမပြုနိုင်ကြောင်းဖြင့် ကျွန်ုပ်တို့၏လေတပ်ဦးစီးချုပ်က ပြောဆိုသည်။ သူ၏ပြောဆိုချက်အရ မစ္စတီရီ (၃၇)စင်း ရှိသည့်အနက် (၁၄)စင်းကိုသာလျှင် အသုံးပြုနိုင်ကြောင်း၊ ထို(၁၄)စင်းတွင် (၃၀) မမ စက်သေနတ်ကိုသာ တပ်ဆင်ထားနိုင်ကြောင်းသိရပြန်၏။ ဒုံးပျံများနှင့် ဗုံးများမှာ ကျွန်ုပ်တို့လက်တွင် မရှိသေးချေ။ ထို့ပြင် ကျွန်ုပ်တို့လေယာဉ်မှူးများသည် အရည်အချင်း ပြည့်ဝသူများ မဟုတ်သေးပါ။

ယခုအချိန်ထိ တိုက်ပွဲမဝင်ဖူးသေးရုံမျှမက သင်တန်းကိုလည်း အပြည့်အဝမတက်ရောက်ကြရသေးချေ။ ကျွန်ုပ်တို့လက်တွင်ရှိနေသည့် လေယာဉ်ပျံများအနက် အကောင်းဆုံးသော လေယာဉ်ပျံများဖြစ်သော မစ္စတီရီ လေယာဉ်ပျံများကို ယခုနှစ် ဧပြီလမှစ၍ ကျွန်ုပ်တို့ ရရှိသည်။ သို့သော် အများအပြားမှာ ဩဂုတ်လအတွင်းကျမှပင် ရောက်ရှိလာကြသည်။ လက်ထဲရောက်သည်မှာ (၂)လမျှသာ ရှိသေးသည်။





လေတပ်ဦးစီးချုပ် တင်ပြသည့်စာရင်း၊ ဖော်ပြပြောဆိုချက်၊ ခန့်မှန်းချက်များ မှန်ကန်ကြောင်း ကျွန်ုပ်တို့ အတိအကျယုံကြည်ပါသည်။ သို့သော် လေယာဉ်ပျံကွင်းများသို့ သွားရောက်လေ့လာကြည့်ရှုလျှင် ထိုစာရင်းများကြောင့် အားငယ်နေသည့် လေယာဉ်မှူး တစ်ဦးတလေကိုမျှ တွေ့ရမည်မဟုတ်ပါ။ စိတ်ဓာတ်တက်ကြွပြီး မိမိကိုယ်မိမိယုံကြည်စိတ်ချမှုရှိသော လေယာဉ်မှူးများကိုသာ မြင်တွေ့ရပါမည်။

မည်သို့ပင်ဆိုစေကာမူ လေတပ်မတော် နှစ်ခုတို့၏ အင်အားကို ကောင်းကင်ယံတွင်သာ စမ်းသပ်စစ်ဆေးကြရတော့မည်။ ရုံးတွင်းရှိ စားပွဲပေါ်တွင် စာရင်းဇယားများကိုချပြီး နှိုင်းယှဉ်ကာ စမ်းသပ်စစ်ဆေး၍ရမည် မဟုတ်။ တကယ်တမ်း ဘိုက်ခိုက်ရာတွင် အရှုံးနှင့်အနိုင်ကို အဆုံးအဖြတ်ပေးမည့်အချက်သည် စိတ်ဓာတ်နှင့်ကျွမ်းကျင်မှု အရည်အချင်းသာလျှင် ဖြစ်လေသည်။

ယနေ့ည (၂၂း၃၀) နာရီတွင် လေထီးတပ်မဟာ (၂၀၂)၏စစ်ကြောင်း တစ်ခုသည် ပတ်ကားကျောက်တိုင်သို့ ရောက်ပြီးစောစောပိုင်းက လေထီးဖြင့် ချပေးထားသော တပ်နှင့်ဆက်သွယ်ပေါင်းမိသွား၏။ တပ်မဟာ၏ ကျန်ရှိသည့်တပ်များသည် နာရီအနည်းငယ်အတွင်း ဆက်လက်ရောက်ရှိလာကြချေမည်။ အဆိုပါစစ်ကြောင်း၏ ခရီးအကွာအဝေးသည် ရန်သူနယ်အတွင်းမှ(၁၂၅)မိုင်အပါအဝင် မိုင်ပေါင်း (၁၉၀) ရှိသည်။ ထိုခရီးကို (၂၈)နာရီနှင့် ချီတက်ရောက်ရှိလာကြ၏။ မူလက အစီအစဉ်တွင် (၂၄)နာရီမှ (၃၆) နာရီအတွင်း ရောက်ရှိရန် သတ်မှတ်ထားသည်။

နခါလ်စစ်ကြောင်းတွင် ဖြစ်သည်။ ထိုဒေသကို အစွန်ရေးနယ်ခြားရှိသည့် ကွန်တီလာ၊ သာမက်နှင့် နခါလ်နယ်မြေများဖြင့် အကာအကွယ် ပြုထားသည်။ ကွန်တီလာသို့ ရောက်သည်တွင် အီဂျစ်တပ်များသည် သာမက်သို့ ဆုတ်ခွာသွားပြီးနှင့်ကို တွေ့ရ၏။ ကွန်တီလာတွင် အီဂျစ်တပ်စုတစ်ခုကို ချထားသည်။ ကျွန်ုပ်တို့တပ်များ ချဉ်းကပ်လာသည်ကို တွေ့သည်နှင့်တစ်ပြိုင်တည်း ဆုတ်ခွာသွားကြခြင်းဖြစ်၏။(ကျွန်ုပ်တို့ထံသို့ရောက်လာသည့်အစီရင်ခံစာတွင် ကွန်တီလာရှိ အီဂျစ်တပ်များသည် ကျွန်ုပ်တို့၏ စစ်ကြောင်းကြီး ရှေ့သို့တက်လာသည်ကို မြင်တွေ့သည်နှင့် တစ်ပြိုင်တည်း နောက်ပိုင်းသို့ သတင်းပြန်ပို့ကာ သူတို့လည်း နောက်ပိုင်းသို့ ဆုတ်ခွာသွားကြတော့သည်ဟု ဖော်ပြပါရှိသည်။ အမှန်တကယ် တိုက်ပွဲဖြစ်သည်မှာ သာမက်တွင်ဖြစ်၏။ နခါလ်တွင်လည်း အီဂျစ်စစ်သားများသည် သူတို့ကိုသေနတ်ဖြင့်လှမ်း၍ ပစ်သည်နှင့် တစ်ပြိုင်တည်း ထွက်ပြေးကြတော့၏။ လေထီးတပ်မဟာ ချီတက်ပြီး အီဂျစ်စခန်းများကို သိမ်းပိုက်ရာတွင် အခက်အခဲများစွာ နည်းပါးလှ၏။

ကျွန်ုပ်တို့အတွက် အဓိကအခက်အခဲပြဿနာများသည် ဖွဲ့စည်းမှုနှင့်ပစ္စည်းအခက်ခဲပင်ဖြစ်၏။ အကြီးအမား အထင်ရှားဆုံးသောပြဿနာတစ်ခုမှာ သဲကန္တာရကြီးကို ကျော်ဖြတ်ချီတက်ရာ သင့်လျော်သည့် မော်တော်ယာဉ်အမျိုးအစား မလုံလောက်မှုပင်ဖြစ်လေသည်။ စောစောပိုင်းက (၆×၆) ထရပ်ကား (၁၅၃) စီးပေးရမည်ဟု တပ်မဟာကို ကတိပေးထားသည်။ နာရီ (စတင်တိုက်ခိုက်ရမည့်အချိန်) မတိုင်မီ (၂၄) နာရီအလိုတွင် ထရပ်ကား (၉၀)သာပေးနိုင်တော့မည်ဖြစ်ကြောင်း အကြောင်းကြားရသည်။

www.burmeseclassic.com


တကယ်တမ်းစစ်ထွက်သောအခါတွင်မူ (၄၆) စီးကိုသာ သူတို့ ရရှိသွားကြသည်။ အရန်မော်တော်ယာဉ်များ၊ အရန်ပစ္စည်းကိုလည်း လုံလောက်အောင်မရကြ။ သူနာပြုကား (၅)စီးရမည်ဟု ခန့်မှန်းခဲ့ပြီး (၁)စီးသာရခဲ့၏။ အင်ဂျင်နီယာများသည်လည်း ပစ္စည်းကိရိယာ ဘာမှအစုံအလင်မရှိ။ မော်တော်ကားဘီးမှ ဝက်အူတစ်လုံးချောင်လျှင် ပြန်ကြပ်ပေးရန် ဝက်အူလှည့် တစ်ချောင်းမျှပင် ပါမလာကြ။ ထို့ကြောင့် မော်တော်ကားဘီး၌ တစ်စုံတရာဖြစ်လျှင် ထိုဘီးကို ထိုအတိုင်း စွန့်ပစ်ခဲ့ရတော့မည်သာဖြစ်၏။

ကျွန်ုပ်တို့၏အကြံအစည်ကို ရန်သူများမသိစေရန်အတွက် ဂျော်ဒန်နယ်စပ်ရှိ အင်ဟပ်စပ်တွင် လေထီးတပ်မဟာကို တပ်စုရန်စီစဉ်ခဲ့သည်။ ထိုနေရာတွင် တပ်စုရာ၌ စနစ်တကျ မစုစည်းမိနိုင်သောကြောင့် လေးနာရီကြာမျှနောက်ကျနေသည်။ သို့သော်လည်း နှနာရီသို့ ရောက်ရန် နီးကပ်လာသည်တွင် နောက်ကျမှုများကို တက်သုတ်နှင်ကာ ထွက်လာနိုင်ခဲ့ခြင်းဖြစ်၏။

အစ္စရေး၏အရှေ့ဘက်နယ်ခြားသို့ နီဂေ့ဖ်သဲကန္တာရကို ဖြတ်ကျော်ရသည့် ခရီးမှာ မိုင်ပေါင်း (၆၀)ကျော်ရှိ၏။ (၉)နာရီလုံးလုံး ထိုခရီးကို တပ်မဟာစစ်ကြောင်းကြီး နေရာယူထားပြီး အီဂျစ်နယ်ခြားရှိ တစ်ဖက်နိုင်ငံအတွင်းသို့ ကူးဝင်စစ်ထိုးရမည့် စခန်းသို့ သတ်မှတ်ထားသည့် အချိန်မှာပင် ရောက်လာသည်။ (နာရီဝက်မျှသာ နောက်ကျ၏)

ထိုခရီးတွင် မော်တော်ယာဉ်များကို တတ်နိုင်သလောက် ဆွဲယူလာကြသည်။ အချို့ သဲအတွင်း၌ နစ်မြုပ်နေ၏။ အချို့ကျိုးပဲ့ကုန်၏။ အများအပြားကို စွန့်ပစ်ခဲ့ရ၏။ အင်ဟပ်စပ်မှ ထွက်စဉ်က တင့်ကား (၁၃)စီး ပါဝင်ခဲ့ရာ ကွန်တီလာသို့ ရောက်သောအခါတွင် (၇)စီးသာ ကျန်တော့၏။

မည်သို့ပင်ဆိုစေကာမူ အဆိုပါအခက်အခဲများ၊ မျှော်လင့်မထားသော အဟန့်အတားများကို ကျော်လွန်ပြီး ရည်ရွယ်ချက်အတိုင်း လေထီးတပ်မဟာအနေဖြင့် ဆောင်ရွက်နိုင်ခဲ့၏။ မော်တော်ယာဉ်များ ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ စစ်ကြောင်းကြီးသည် အရှေ့သို့တိုးကပ်လျက် ရှိ၏။ ကွန်တီလာ၌ ရန်သူများ မရှိတော့သည်ကို တွေ့လေရာ သာမက်သို့ ဆက်လက်ချီတက်ခဲ့သည်။ သာမက်ကို ရန်သူ့တပ်ခွဲနှစ်ခုက အကာအကွယ်ပေးထား၏။ သာမက်၏ပတ်ပတ်လည်၌ ကျောက်တောင်များ ပတ်ရံဝိုင်းနေခြင်းကလည်း သဘာဝ၏အကာအကွယ်များ၊ စစ်ရွယ်များအဖြစ် ပိတ်ဆို့ပေးထား၏။ နံနက် (၀၆း၀၀)တွင် ကျွန်ုပ်တို့တပ်များက စတင် တိုက်ခိုက်ချေမှုန်းသည်။ တင့်ကားနှစ်စီးဖြင့် ကာပစ်ပစ်ပေးနေပြီး လေထီးတပ်သားများက တင့်ကားခါးပြတ်များပေါ် တက်ကာ ရန်သူ့စခန်းအတွင်းသို့ တည့်တည့်ကြီး ထိုးဖောက်ဝင်ရောက်သွား၏။

ကြမ်းတမ်းသည့် လမ်းခရီးကို အဆိုပါ တင့်ကားခါးပြတ်များ ထိုးဖောက်ရာ၌ အခက်အခဲကြုံရသည့် အကြောင်းမှာ တင့်ကားများနှင့်လည်း သက်ဆိုင်သည်။ တပ်မဟာစုစည်းပြီး စတင်ထွက်ခွာစဉ်က တင့်ကား (၁၃)စီးလိုက်ပါလာ၏။ ကွန်တီလာသို့ ရောက်သောအခါ (၇)စီးသာ ရှိတော့၏။ ချီတက်ရာလမ်းတစ်လျှောက် ရန်သူ့စခန်းများကို စတင်တိုက်ခိုက်ရန် လိုအပ်သောအခါ တင့်ကား (၃)စီးသာလျှင် အချိန်မီ ရောက်ရှိပူးပေါင်းနိုင်သည်။



ထို(၃)စီးအနက် တစ်စီးက ပြန်လှည့်သွားရပြန်လေရာ တကယ်တမ်း တိုက်ပွဲဝင်နိုင်သည့် တင့်ကားသည် (၂) စီးမျှသာ ဖြစ်လေတော့သည်။ ထို့ကြောင့် အဆိုပါ တင့်ကား (၂)စီးဖြင့်သာလျှင် ကာပစ်ပစ်ပေးနိုင်တော့၏။

နေထွက်လာခြင်းသည် ကျွန်ုပ်တို့တပ်သားများအတွက် အထောက်အကူရခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့က နေကိုကျောခိုင်းထားပြီး အီဂျစ်များက နေကို မျက်နှာမူလေရာ ကျွန်ုပ်တို့ကို မြင်နိုင်စွမ်းမရှိတော့။ ကျွန်ုပ်တို့၏တင့်ကားခါးပြတ်များ၊ တင့်ကားများမှ ထွက်ပေါ်လာသည့် မီးခိုးများ၊ ဖုန်များက ကာကင်းအဖြစ်နှင့် ကျွန်ုပ်တို့ကို အကာအကွယ်ပေးပြီးသား ဖြစ်နေပြန်သည်။

မိနစ်(၄၀)ကြာတိုက်ခိုက်ပြီးသောအခါ စခန်းတစ်ခုလုံး ကျွန်ုပ်တို့ လက်အတွင်းသို့ရောက်လာပြီး တိုက်ပွဲပြီးဆုံးသွားလေသည်။ သာမက်စခန်းကို မိုင်းပုံးမြှုပ်နယ်မြေများ၊ တင့်ကားများ မတက်နိုင်စေရန် တူးထားသည့် ကျင်းများဖြင့် ကောင်းစွာပြင်ဆင်ထားပြီး စက်သေနတ်ကြီးများ၊ နောက်ပွင့်အမြောက်ကြီးများ တပ်ဆင်ပေးထား၏။ ကျွန်ုပ်တို့ဘက်က (၄)ဦးကျကာ (၆)ဦးဒဏ်ရာရသည်။ အီဂျစ်ဘက်က (၅၀)ကျော်ကျဆုံးသည်။

နခါလ်ကို (၁၇း၀၀) နာရီတွင် စတင်တိုက်ခိုက်၏။ နခါလ်ကို တိုက်ခိုက်မည့်တပ်သည် သာမက်ကို ကွင်းရှောင်ပြီးတက်ခဲ့ခြင်းဖြစ်၏။ သာမက်ကို မသိမ်းမီကတည်းက နခါလ်သို့ ချီတက်ခဲ့ကြသည်။ ထိုတပ်တွင် ခြေလျင်တပ်ခွဲ (၂)ခု၊ အမြောက်တပ်ဖွဲ့ (၂)ခု၊ တင့်ကား (၂)စီး ပါဝင်သည်။ တိုက်ပွဲသည် မိနစ်(၂၀) မျှသာ ကြာမြင့်၏။ (၁၇း၂၀) နာရီ၌ ခုခံနေသည့် အီဂျစ်တပ်ခွဲ (၂)ခုသည် ဒဏ်ရာရသူ အမြောက်အမြားနှင့် ကျဆုံးသူ (၅၆)ယောက်ကို နောက်ပိုင်းတွင် ချန်ထားရစ်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားတော့၏။

သာမက်ကိုသိမ်းပိုက်ပြီးနောက် ထိုမနက်ပိုင်းမှာပင် အီဂျစ်မစ်တိုက်လေယာဉ်ပျံလေးစီးက ကျွန်ုပ်တို့တပ်များကို လာရောက်တိုက်ခိုက်ရာ (၃) ဦးဒဏ်ရာရသည်ဟု သတင်းများထပ်ရောက်လာ၏။ မစ်တလာရှိတပ်ကို မည်သည့်တပ်များ လာရောက်ပူးပေါင်းပြီးဖြစ်ကြောင်းနှင့် မည်သည့်တပ်များ လာရောက်ပူးပေါင်းတော့မည်ဖြစ်ကြောင်း၊ ပူးပေါင်းပြီးသည့်တပ်နှင့် ပူးပေါင်းမည့်တပ်များသည် အရေအတွက် မည်မျှရှိကြောင်းကို ယခုအချိန်ထိ ကျွန်ုပ်တို့ မသိရှိရသေးချေ။ တပ်မဟာကြီးတစ်ခုလုံး၏ အင်အားသည် (၂၅၀၀၀)ဖြစ်၏။ ကွန်တီလာ၊ သာမက်၊ နခါလ်များကို သိမ်းပိုက်တပ်စွဲထားရန်နှင့် စစ်ကြောင်းကိုအကာအကွယ်ပေးရန် လိုအပ်သည့် အချိန်ပိုင်းကလေးအတွင်း တပ်မဟာ၏တစ်စိတ်တစ်ပိုင်းသည် နောက်ပိုင်းတွင် ကျန်ရစ်ခဲ့ဦးမည်ကို သံသယဖြစ်ဖွယ်ရာ မရှိပါ။ မော်တော်ယာဉ်များ၊ တင့်ကားများ၏ အခြေအနေကိုလည်း ရှင်းရှင်းလင်းလင်း မသိရသေး။ ထိုအချိန်၌ တပ်မဟာ၌ လိုက်ပါသွားခဲ့သည့် ထရပ်ကားများ၏ (၃) ပုံ (၂) ပုံသည် ချီတက်ခဲ့ရာ လမ်းတစ်လျှောက်တွင် နစ်ကျန်ရစ်ခဲ့ကြသည်။ ထိုကားများအနက် အများအပြားကို ဆွဲယူနိုင်ပြီး အသုံးပြုနိုင်ရန် အမြန်ဆုံး ပြုလုပ်နိုင်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ လေထီးတပ်များ၏ အင်အားအစစ်အမှန်သည် တင့်ကားများမဟုတ်။ အမြောက်တပ် မဟုတ်။ မော်တော်ယာဉ်များမဟုတ်။ လေထီးတပ်များကိုယ်တိုင်သာလျှင် ၎င်းတို့တပ်၏ အင်အားအစစ်အမှန်ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်မျှမှု ဒဏ်ရာအနာတရာ ဖြစ်နေကြချေပြီ။ သို့သော် အင်အားလျော့မသွား။ ထပ်ဖြည့်တပ်များ ရောက်ရှိလာခြင်းအားဖြင့် ဆက်လက်၍ အင်အားကြီးမားလျက်ရှိ၏။ ဆင့်ခေါ်သည့်အမိန့် အချိန်မီ မရရှိကြသော အရန်တပ်သားများ၊ ဆေးရုံတက်နေရသည့် အရန်တပ်သားများ၊ သင်တန်းအသီးသီးတွင် တက်ရောက်သင်ကြားနေကြရသည့် အရန်တပ်သားများသည် ဆေးရုံများ၊ သင်တန်းများမှ တိတ်တဆိတ်ထွက်ပြေးကာ တိုက်ပွဲဝင်နေကြပြီဖြစ်သည့် ၎င်းတို့၏ရဲဘော်များနှင့် လာရောက်ပူးပေါင်းကြသည်။ ကံမကောင်းမှု၊ အမှားအယွင်းဖြစ်မှု၊ အခက်အခဲပေါ်မှုများနှင့် ရင်ဆိုင်တိုးရသည်များရှိ၏။ အချို့သည် ရှောင်လွှဲ၍ မရခြင်း၊ မလိုလားအပ်ဘဲ ကြုံတွေ့ရခြင်းများပင်ရှိလင့်စကား ချီတက်လာသည့် စစ်ကြောင်းကြီးသည် ရန်သူ့နယ်မြေများကို တိုက်ခိုက်ထွင်းဖောက်သွားကာ မစ်တလာတွင် လေထီးနှင့်ချပေးသည့်မိမိ၏တပ်များနှင့်ဆက်သွယ်ပူးပေါင်းရမည့်အဓိကတာဝန်ကြီးကို အောင်မြင်စွာ ထမ်းဆောင်နိုင်လေသည်။ ထိုတာဝန်ကိုလည်း သတ်မှတ်ထားသည့်အချိန်အတွင်း ထိခိုက်ဒဏ်ရာမှုအနည်းဆုံးဖြင့်ထမ်းဆောင်နိုင်ခဲ့၏။

တောင်ပိုင်းနယ်ခြား ရပ်စင်နကက်စခန်းကိုမူ စီစဉ်ထားသည့်အတိုင်း မနေ့ညက သိမ်းပိုက်လိုက်၏။ ကျွန်ုပ်တို့ရရှိသော ထောက်လှမ်းရေးသတင်းများအရ ဤစခန်းကို နယ်ခြားစောင့် ယာဉ်တင်ခြေလျင်တပ်ရင်းတစ်ခု၏ အကူအညီဖြင့် အီဂျစ်တပ်စုနှစ်ခုက တပ်စွဲထားသည်ဟု သိရသည်။ ရပ်စင်နကက်ကို သိမ်းပိုက်ရရှိထားခြင်းဖြင့် တပ်မဟာ(၉)မှ တပ်ခွဲ(၃)ခု တွဲဖက်ပေးထားသော အီလတ်ဒေသစစ်ဌာနချုပ်အဖို့ စိတ်ချသွားရ၏။ မနေ့ညနေ နေဝင်ချိန်က ကင်းထောက်တပ်ခွဲတစ်ခုသည် အီလတ်မှ ထွက်ခွာလာပြီး ဆီနိုင်းကျွန်းဆွယ်အတွင်းသို့ဝင်ကာ ရပ်စင်နကက်နှင့် သာမက်ကွန်တီလာနှင့် ရှမ်အယ်ရှိတ်သွားသည့် မော်တော်ကားလမ်းများဆုံရာကို သိမ်းပိုက်ခဲ့သည်။

အင်နက်တာဖင်မှ အီဂျစ်စစ်တပ်ရှိရာသို့ သွားရာလမ်းတွင် မိုင်းမြှုပ်နယ်မြေများကို ကျွန်ုပ်တို့၏ မိုင်းရှင်းအဖွဲ့က (၂၁း၀၀) နာရီ၌ ရှင်းလင်းပေးလိုက်၏။ ကျွန်ုပ်တို့တပ်များ ရန်သူ့စခန်းကို ချဉ်းကပ်မိသောအခါ အတွင်းမှဆီးပစ်သည့် သေနတ်သံတစ်ချက်ကို ကြားရလေ၏။ ထို့ကြောင့် ယင်းပုလိပ်ခံတပ်ကြီးကို တရကြမ်းစစ်ထိုးကာဝင်ရောက်သိမ်းပိုက်လိုက်၏။ အတွင်းပိုင်းသို့ရောက်သည်တွင်ကား ရန်သူတစ်စုံတစ်ယောက်မျှ မတွေ့ရတော့ချေ။

အရုဏ်မတက်မီ ကန့်လန့်ဖြတ်လမ်းဆုံသို့ လင့်ရိုဗာမော်တော်ကား (၃)စီးဦးတည်မောင်းလာကြောင်းတွေ့ရသည်။ ကင်းထောက်တပ်ဖွဲ့က ဆီးကြိုတိုက်ခိုက်သည်။ (၁)စီး ပျက်ကျန်ရစ်ခဲ့ပြီး (၂)စီး ထွက်ပြေးလွတ်မြောက်သွားသည်။

✡

ယနေ့နံနက် စောစောပိုင်းက ကူစီမာကို တပ်မဟာ (၄)ကသိမ်းပိုက်လိုက်၏။ ကျွန်ုပ်တို့ဘက် (၄)ဦး ကျပြီး (၃၆) ဦးဒဏ်ရာရသည်။ ရန်သူ့ဘက်က (၄၅)ယောက်ကျပြီး ဒဏ်ရာရသူများ အပါအဝင် (၁၇၀)ဦးကို ဖမ်းဆီးရမိသည်။





ကူမာဆိုကို ပြည်စောင့်တပ်ရင်းတစ်ခုနှင့် ကင်းထောက်တပ်ခွဲတစ်ခု (နယ်ခြားစောင့် ယာဉ်တင်တပ်ဖွဲ့မှ ဖြစ်နိုင်သည်)တို့က တပ်စွဲခုခံ၏။ အီဂျစ်အမှတ်(၁၇) တပ်ရင်း၏တပ်ခွဲတစ်ခုက ကူစီမာခံစစ်ကြောင်း၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သော ရပ်စ်မတ်မော်တာတွင် စစ်စွယ်အဖြစ် တာဝန်ယူထားသည်။

ကျွန်ုပ်တို့၏ တပ်မဟာ (၃)သည် အရန်တပ်သားများဖြင့် စုစည်းထားသော တပ်ဖြစ်၏။ အခက်အခဲများတွင် အတွေ့အကြုံရရှိထားသူများဖြစ်ပြီး ကမန်းကတန်း စုစည်းကာ စစ်မြေပြင်သို့ တက်သုတ်နှင်ပို့လွှတ်လိုက်ခြင်းခံရသော တပ်လည်းဖြစ်၏။ တပ်သားများကိုဆင့်ခေါ်သည့် အမိန့်သည် အကြောင်းတချို့ကြောင့် နောက်ကျသွားပြီး တပ်မဟာသို့ အရောက်ပါနောက်ကျသွားသည်။ ထို့ကြောင့် စစ်စုစည်းရန်အချိန်မှာ (၇၂) နာရီ ရရမည့်အစား (၄၈)နာရီသာရတော့၏။ ဆင့်ခေါ်မိန့်လိုက်ပို့သည့် စစ်သားများ၏ ချွတ်ယွင်းချက်များကြောင့်လည်း အရန်တပ်သားတိုင်းထံသို့ အမိန့်အချိန်မီ မရောက်ရှိခဲ့ချေ။ အချို့အမိန့်များကိုမူ အရန်တပ်သားများ အိမ်တွင်မရှိသည့်အချိန်၌ ပေးမိလျက်သားဖြစ်နေ၏။ နောက်ဆုံးတွင် ဆင့်ခေါ်သည့်ဦးရေ၏ ရာခိုင်နှုန်း (၈၀)နှင့်(၉၀) အတွင်းသာရောက်လာ၏။ ထိုအခိုက် အများအပြားမှာ အချိန်နောက်ကျပြီး တပ်မဟာသို့ လာရောက်သတင်းပို့ ဆက်သွယ်နိုင်သည်။

အရာရှိများမှာ သူတို့၏လုပ်ငန်းကို လေ့လာရန် လုံလောက်သောအချိန် မရှိကြတော့ချေ။ ဒု-တပ်မဟာမှူး ကိုယ်တိုင်ပင်လျှင် ထိုတပ်၏ ဒု-တပ်မဟာမှူးအဖြစ် စစ်စည်းရုံးသည့်နေရာကျမှ ခန့်အပ်တာဝန်ပေးစေလွှတ်ခြင်းခံရသူဖြစ်နေ၏။ တပ်ရင်းမှူးများကိုလည်း ၎င်းတို့တိုက်ယူရမည့် ရည်ရွယ်ချက်နေရာများကို စတင်မတိုက်ခိုက်မီ (၂၄)နာရီအလိုမှာပင် ပေးအပ်နိုင်သည်။

အဓိက အခက်အခဲပြဿနာသည် ထုံးတမ်းအစဉ်အလာအတိုင်း သယ်ယူပို့ဆောင်ရေးပင်ဖြစ်သည်။ ၎င်းတို့တပ်စုစည်းရန်နေရာအဖြစ် ဘီယာရှိဘာ၏ တောင်ဘက် (၄၃) မိုင်ဝေးပြီး ကူစီမာမှ (၁၂) မိုင်ဝေးသော ဘာဟာဖာကို သတ်မှတ်ပေးခဲ့သည်။ ထိုနေရာသို့ သာမန်သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့်ပင် တပ်မဟာရောက်လာနိုင်မည်ဖြစ်ကြောင်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က အဆိုပြုသည်။ သာမန်အားဖြင့်မှန်ပါသည်။ သို့သော်လည်း ယခုတွင်မူ တင့်ကားများနှင့် အခြားလေးလံသည့် မော်တော်ယာဉ်များ ဘာဟာဖာသို့ ချီတက်လာသောအခါ အခက်အခဲ မျိုးစုံနှင့် တွေ့ရတော့မည်။ အလွန်နက်သည့် သဲကန္တာရအတွင်း နစ်မြုပ်နေခြင်းများနှင့် ရင်ဆိုင်လာရသည်။

မွေးမြူရေးခြံမှမော်တော်ကားများ၊ ရေခဲကုမ္ပဏီမှ မော်တော်ကားများ၊ ဘက်စ်ကားများက အချိန်အနည်းငယ်စောပြီး ဝင်ရောက်လာကာ သဲနစ်နေသည့် တပ်သားများကို သယ်ယူပို့ဆောင်ရေးပေးလိုက်ရလေသည်။ ထိုသို့ အခြေအနေများနှင့် ရင်ဆိုင်ရသောအခါ တပ်မဟာမှူးက သူ့တပ်သားများကို ပေါ့ပါးသည့်လက်နက်များသာ ယူဆောင်လာစေ၏။ လေးလံသည့်လက်နက်များ၊ အရန်ပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ မိုင်းပုံးများ၊ ဆူးကြိုးများ အစရှိသည့် မြောက်မြားသော စစ်လက်နက်ပစ္စည်းများကို လမ်းဘေးမှာပင် ချထားခဲ့ရလေသည်။

www.burmeseclassic.com



ထိုပစ္စည်းများကို နောက်ပိုင်းတွင် ပြန်ယူနိုင်မည်ဟု သူတို့မျှော်လင့်ကြ၏။

တပ်မဟာအနေဖြင့် ဤဒုက္ခများကိုသာ တွေ့ကြုံရသည် မဟုတ်သေး။ ဘီယာရှိဘာတွင် စစ်သားများသယ်လာသည့် ဘတ်စ်ကားနှစ်စီး တိုက်မိပြီး (၁၃)ဦးဒဏ်ရာရသွားကြသေး၏။ မော်တော်ယာဉ်များ ကျပ်ခဲနေသောကြောင့် စစ်ကြောင်းကြီးသည် မြို့ကိုကွင်းပြီး အပြင်လမ်းမှချီတက်လာခဲ့ရ၏။ စီစဉ်ထားသည့်အတိုင်း မဟုတ်ဘဲ လမ်းပြောင်းချီတက်ရသဖြင့် လမ်းပြများက နယ်မြေမကျွမ်းကျင်ဘဲ ဖြစ်နေပြန်ရာ အရေးကြီးသည့်အချိန်များ ပြုန်းတီးရပြန်၏။ တပ်မဟာ၏ အမိန့်ပေးအဖွဲ့သည် လိုအပ်သည်ထက် ပိုမိုဖင့်နွှေးနေပြီး အဖိုးတန်အချိန်များ ဆုံးရှုံးကုန်သဖြင့် အသေးစိတ် ရှင်းလင်းမပြုနိုင်တော့ချေ။

နနာရီကို (၂၉)ရက်နေ့ ညသန်းခေါင်မတိုင်မီ (၂၃း၀၀) နာရီကို သတ်မှတ်ထားခဲ့သော်လည်း ယနေ့ နောက်တစ်နေ့ မနက် (၀၃း၀၀) နာရီသို့ ပြောင်းရွှေ့သတ်မှတ်ရပါတော့မည်။ ဆာဘာစစ်စွယ်ကို တိုက်ခိုက်ရန် တာဝန်ပေးထားခြင်းခံရသော ခြေလျင်တပ်ခွဲတခုသာလျှင် သူတို့ရမည့် ဒေသကို ထိုညမှာပင် ဝင်ရောက်တိုက်ခိုက်နိုင်၏။ (အဆက်အသွယ်များ ပြတ်တောက်ကုန်သဖြင့် နနာရီပြောင်းလဲလိုက်သည်ကို သူတို့ထံသို့ရောက်အောင် အကြောင်းကြား ပေးပို့နိုင်ခြင်း မရှိတော့ချေ။) သို့သော်လည်း အဆိုပါခြေလျင်တပ်ခွဲသည် နေရာလွဲများသွား၏။ ဆာဘာကြီးကို တိုက်ခိုက်ရမည့်အစား အနီးရှိဆာဘာကလေးသို့ လမ်းမှားသွားကာ ဝင်ရောက်တိုက်ခိုက်သည်။ ရန်သူတပ်များထွက်ခွာသွားနှင့်သည်ကို တွေ့ရသည်။ နောက်ထပ်ရရှိလာသည့် သတင်းများအရ ထိုအချိန်က ဆာဘာကြီးစခန်းကိုလည်း ရန်သူများက စွန့်ခွာသွားကြပြီးဖြစ်သည်ဟု ဆိုသည်။ ကျွန်ုပ်တို့တပ်သည် လမ်းမမှားဘဲ ဆာဘာကြီးကို စီစဉ်ထားသည့်အတိုင်း တိုက်မည်ဆိုလျှင်လည်း ဘာမျှ ထူးခြားမည်မဟုတ်ချေ။

နောက်ဆုံး၌ မနက် (၀၄း၀၀)နာရီကျမှ အစ္စရေးလ်တပ်များက ကူစီမာကို တည့်တည့်မတ်မတ် တိုက်ခိုက်နိုင်တော့၏။ ကျွန်ုပ်တို့ပြုခဲ့မိသည့် အမှားများ အမှန်ပြန်ရောက်လာအောင် အီဂျစ်များက ပြုလုပ်ပေးသကဲ့သို့ ရှိချေသည်။ အီဂျစ်များသည် ထွက်ပြေးနှင့်ကြ၏။ ၎င်းတို့၏စစ်စွယ်ခံတပ် စခန်းတစ်ခုဖြစ်သော အနောက်ဘက်စစ်စွယ်ကသာလျှင် ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်သည်။ တပ်မဟာ၏ ကင်းထောက်တပ်ဖွဲ့များသည် တိုက်ပွဲအတွင်းသို့ အချိန်မီရောက်ရှိလာကြပြီး ကူစီမာကို (၀၇း၀၀) နာရီတွင် တပ်မဟာက သိမ်းပိုက်လိုက်နိုင်သည်။ ချွတ်ချော်တိမ်းပါးမှုများဖြင့် တပ်ထွက်ခဲ့ရသောတပ်မဟာသည် အီဂျစ်တို့ စွမ်းစွမ်းတမံ ခုခံခြင်းမပြုသောကြောင့် အလွယ်တကူနှင့် သိမ်းပိုက်ရယူလိုက်နိုင်သည်။ ထိုတိုက်ပွဲကို အလွန်ကြီးကျယ်ပြင်းထန်သော တိုက်ပွဲဖြစ်မည်ဟု ခန့်မှန်းသည့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးက တပ်မဟာ ကင်းထောက်တပ်ဖွဲ့ကို စစ်ကူအဖြစ် ထပ်မံစေလွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ကူစီမာကို သိမ်းပိုက်လိုက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏စစ်ဆင်ရေးကြီး စတင်ဖွင့်လှစ်သည့်အပိုင်းသည် စီစဉ်ထားသည့်အတိုင်း ပြီးပြည့်စုံသွားချေပြီ။ တိုက်ပွဲစဉ်၏ ပထမညအတွက် စစ်ဆင်ရေးတာဝန် (၄)ရပ်ကို သတ်မှတ်ခဲ့သည်။





မစ်တလာ၊ ရပ်စင်နကာ၊ ကွန်တီလာနှင့် ကွန်စီမာများကို သိမ်းပိုင်ရန် သတ်မှတ်ခြင်းဖြစ်သည်။ ယခုအားလုံးကို သိမ်းပိုက်ပြီးပြီ။ မစ်တလာတွင် စောစောပိုင်းက လေထီးဖြင့် ချပေးထားသည့် ကျွန်ုပ်တို့၏တပ်များ အဆက်အသွယ် ပြတ်မသွားတော့ပါ။

✡

## (၁၉၅၆)၊ အောက်တိုဘာ (၃၁)

တိုက်ပွဲစဉ်၏ပထမပိုင်း၌ မြေပြင်တိုက်ပွဲများတွင် ကြုံတွေ့ရသည့် အီဂျစ်တို့၏ တုံ့ပြန်မှုသည် ကျွန်ုပ်တို့ ခန့်မှန်းထားသကဲ့သို့ပင် ဖြစ်၏။ ရပ်စင်နကာ၊ ကွန်တီလာနှင့် ဆာဘာစသော ၎င်းတို့၏ ရှေ့ရန်တပ်စခန်းများကို ကျွန်ုပ်တို့တပ်များ ချဉ်းကပ်သွားသည်နှင့်တစ်ပြိုင်တည်း ခုခံတိုက်ခိုက်မှုမပြုဘဲ လက်လွှတ်အဆုံးခံလိုက်ကြသည်။ ကူစီမာ၊ သာမက်နှင့် နခါလ်တွင်မူ ခုခံတိုက်ခိုက်မှုပြုပါသည်။ သို့သော် ကျွန်ုပ်တို့တပ်များ ရှေ့သို့ဆက်လက်ချီတက်ပြီး ၎င်းတို့စခန်းများကို ကွင်းရှောင်သွားမည့်ပုံမျိုးကို မြင်တွေ့ရသောအခါ စခန်းကို အခိုင်အမာတပ်စွဲပြီး ခုခံတိုက်ခိုက်ရန် အမိန့်ကိုလိုက်နာကြခြင်းအတွက် လက်လွှတ်ထွက်ပြေးကြသည်သာ ဖြစ်၏။ ထိုမျှမက ၎င်းတို့၏ အခိုင်အမာစခန်းများအတွင်းသို့ ကျွန်ုပ်တို့တပ်များ ဝင်ရောက်သွားသောအခါ လက်တစ်ကမ်းတိုက်ပွဲများဆင်နွှဲခုခံရမည့်အစား ကျွန်ုပ်တို့ဘက်သို့ ချီတက်ရာ စစ်ကြောင်းတစ်လျှောက်၌ ဖြစ်ပွားသောတိုက်ပွဲများတွင် ရန်သူ၏အကျအဆုံးသည်များပြားလှပြီး သုံ့ပန်းအဖြစ် အဖမ်းခံရသူမှာ နည်းပါ၏။ ကျွန်ုပ်တို့တပ်များက ထိုးဖောက်တိုက်ခိုက်သွားရာတွင် အီဂျစ်တပ်များက ပြင်းပြင်းထန်ထန် ခုခံခြင်းမပြုကြသောကြောင့် ဖြစ်၏။ လေကြောင်းနှင့်ပက်သက်၍လည်း တိုက်ပွဲစဉ်၏ပထမပိုင်းတွင်မူ အီဂျစ်လေယာဉ်တပ်၏ တုံ့ပြန်မှုကို ကျွန်ုပ်တို့ ခန့်မှန်းတွက်ချက်ခဲ့ကြသည်။ ယခု ထိုတွက်ချက်မှုမှာ မှန်ကန်ကြောင်း တွေ့ရသည်။ ၎င်းတို့၏လေယာဉ်ပျံကွင်းများကို ကျွန်ုပ်တို့ မတိုက်ခိုက်လျှင် ဆီနိုင်းနယ်ခြားဒေသကို ကျော်လွန်ပြီး ၎င်းတို့လေတပ်က တိုက်ခိုက်ခြင်းပြုလိမ့်မည်ဟု တွက်ဆခဲ့၏။

အီဂျစ်လေတပ်မတော်က ပထမဦးဆုံး တိုက်ခိုက်ခြင်းသည် အောက်တိုဘာ (၃၀)ရက် မနက် (၀၇း၃၀)နှင့် (၀၉း၃၀) နာရီကြားတွင် ဖြစ်သည်။ ဗင်ပိုင်ယာကင်းထောက်လေယာဉ်ပျံ (၄)စင်းသည် မစ်တလာရှိ ကျွန်ုပ်တို့တပ်များနှင့် ကွန်တီလာမှ နခါလ်သို့ ချီတက်နေကြသော စစ်ကြောင်းပေါ် ပျံဝဲလာသည်။ ၎င်းလေယာဉ်ပျံများ၏နောက်မှ မစ် (၁၅) တိုက်လေယာဉ် (၂)စင်းတွဲ (၂)တွဲ လိုက်ပါလာပြီး မစ်တလာနှင့် သာမက်ရှိ ကျွန်ုပ်တို့တပ်များကို တိုက်ခိုက်သည်။ မစ်တလာတွင် (၄)ဦး ဒဏ်ရာရပြီး သာမက်၌ (၃)ဦးဒဏ်ရာရသည်။ လေတပ်တိုက်ပွဲသည် ထိုနေ့၏ နောက်ပိုင်းအချိန်များတွင် ကျွန်ုပ်တို့အတွက် ပိုမိုကောင်းမွန်လာသည်။ မစ်တလာရှိတပ်များကို နေ့ခင်းဘက်၌ ပတ်နေ့လုံး အကာအကွယ်ပေးနေရန်နှင့် နခါလ်စစ်ကြောင်းတစ်လျှောက် အကာအကွယ်ကင်းမဲ့စွာ ချီတက်နေသော ကျွန်ုပ်တို့၏စစ်ကြောင်းကို အကာအကွယ်ပေးရန် လေတပ်ကို တာဝန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း အကြောင်းတစ်စုံတစ်ခုကြောင့် အီဂျစ်လေတပ်က တိုက်ခိုက် နေသည့်အချိန်ထိ ကျွန်ုပ်တို့လေယာဉ်ပျံများ ပေါ်မလာသေးချေ။ မည်သို့ပင်ဆို (၁၀း၃၀)နာရီမှစပြီး ကျွန်ုပ်တို့လေယာဉ်များက လစ်ဟင်းချက်မရှိ တစ်နေကုန် ရောက်ပေးနိုင်သည်။

အီဂျစ်လေယာဉ်စခန်းများ စက်သေနက်ဖြင့် ပစ်ခတ်တိုက်ခိုက်ရန်၊ မစ်တလာ အနီးရှိ လေယာဉ်ပျံကွင်းမှ ပျံတက်လာပြီး မိမိတပ်များကို တိုက်ရန်ကြိုးစားသည့် အီဂျ လေယာဉ်တပ်များကို ကြိုတင်ပြီးတိုက်ခိုက်ရန် အစ္စရေးလေတပ်ကို ခွင့်ပြုလိုက်သ မွန်းလွဲပိုင်းတွင် ကာဘရစ်လေယာဉ်ပျံကွင်းပေါ်၌ အီဂျစ်မစ်လေယာဉ်ပျံ (၁၂)စင်း ကျွန်ုပ်တို့၏ မစ္စတီရီလေယာဉ်ပျံ (၈)စင်းတို့ လေကြောင်းတိုက်ပွဲဖြစ်သည်။ မစ်လေယာ (၂)စင်းကို ပစ်ချလိုက်သည်။ အခြားနှစ်စင်းလည်း ပျက်ကျသွားဖွယ်ရာ အကြောင်း သည်။ မစ္စတီရီ တစ်စင်းထိသည်။ သို့သော် ကျွန်ုပ်တို့ စခန်းသို့ အရောက်ပြန်လာ လုံခြုံစွာ ဆင်းသက်လိုက်နိုင်၏။

မစ်တလာရှိတပ်မဟာ (၂၀၂)ကို ကူညီရန် လေယာဉ်ပျံအနည်းငယ်ကိုသာ တာဝန်ပေးထားလင့်ကစား မြေပြင်ရှိ အီဂျစ်တို့၏ ပစ်မှတ်အများအပြားကို လေတပ်က တိုက်ခိုက်နိုင်ခဲ့၏။ ပစ်မှတ်အများဆုံးမှာ စူးအက်တူးမြောင်းဒေသမှ မစ်တလာသို့ဦးတည် ချီတက်လာသည့် မော်တော်ကားလမ်းကြီးများ၊ အမြောက်တပ်ကြီးများဖြစ်၏။ ကျွန်ုပ်တ တိုက်ခိုက်သောနေရာများမှာ အီဂျစ်လေယာဉ်ပျံကွင်းများနှင့် အလွန်နီးကပ်သော နေရာ များဖြစ်၏။ သို့သော်လည်း ၎င်းတို့လေတပ်က ၎င်းတို့၏ မြေပြင်တပ်များကို အကာ အကွယ်ပေးနိုင်ရန် မကြိုးစား။ ကျွန်ုပ်တို့ တိုက်လေယာဉ်ပျံများနှင့် တိုက်ပွဲမဖြစ်ပွားစေရ ရှောင်ကြဉ်ခြင်း ဖြစ်ဟန်တူသည်။ ထိုအချက်မှာ ကျွန်ုပ်တို့လေယာဉ်မှူးများနှင့် ကွာခြ သောအချက်ဖြစ်သည်။ ကျွန်ုပ်တို့လေယာဉ်မှူးများက ၎င်းတို့၏ တယ်လီဖုန်းကြိုးများကို လွန်ခဲ့သော (၂)ရက်က တိုက်ခိုက်ဖြတ်တောက်ဖြစ်ခဲ့၏။ အီဂျစ်တို့ မနေ့ညက ဗုံးကြဲတိုက် ခိုက်သည်။ ထိုနှစ်ခု၏အဖြစ်ကို နှိုင်းယှဉ်ကြည့်လျှင် သိသာနိုင်သည်။

ယ ရက်နေ့က မစ်တလာတွင် လေထီးတပ်သားများချပေးမီ (၂)နာရီအလို ကျွန်ုပ်တို့၏ မစ်စတန်းလေယာဉ်ပျံ နှစ်စင်းတွဲနှစ်တွဲသည် သာမက်၊ မစ်တလာနှင့် ကူ မာ၊ နခါလ်ဆက်သွယ်ထားသော အီဂျစ်တယ်လီဖုန်းကြိုးများကို ဖြတ်တောက်ပစ်ခဲ့၏ လေယာဉ်ပျံများတွင် ချိတ်များတပ်ပေးပြီး ဝိုင်ယာကြိုးများကိုချိတ်၍ ဆွဲယူဖြတ်တောက် ရန်စီစဉ်ခဲ့သည်။

တကယ် လက်တွေ့လုပ်ကြည့်သောအခါ မအောင်မြင်ချေ။ စခန်းသို့ ပြန်လာ ကြပြီး ထိုနည်းဖြင့် ကြိုးများကိုဖြတ်၍မရကြောင်း သတင်းပို့ကြ၏။ အနှောင့်အယှက် တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။ သူတို့ချင်း ရေဒီယိုဖြင့် စကားပြောဆိုပြီးသောအခါ လေယာဉ်မှူးလေးဦးသည် သူတို့ကိုပေးအပ်ထားသည့်တာဝန် ကျေပွန်အောင် ထမ်း ဆောင်ရန် ဆုံးဖြတ်ကြသည်။ တယ်လီဖုန်းကြိုးများကို သူတို့ လေယာဉ်ပျံ၏ အတောင် များ၊ ပန်ကာများဖြင့် တိုက်ဖြတ်ပျံသန်းရန် ဆုံးဖြတ်ကြသည်၊ ကြိုးများသည် မြေပြင်မှ (၁၂)ပေသာမြင့်၏။





သို့သော် လေယာဉ်ပျံများ တစ်စုံတရာအပျက်အစီးမရှိဘဲ အောင်မြင်စွာ ဖြတ် တောက်နိုင်ခဲ့၏။ ကျွန်ုပ်တို့၏လေယာဉ်မှူးများက ထိုကဲ့သို့ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ သော်လည်း အီဂျစ်လေယာဉ်မှူးများကမူ ထိုသို့မဟုတ်။ ကျွန်ုပ်တို့၏ လေယာဉ်ပျံကွင်း ကိုဗုံးကြဲရန် အီလူးရှင်း (၂၈) ဗုံးကြဲလေယာဉ်ပျံကြီး တစ်စင်းကို တာဝန်ပေးလိုက်သည်။ လေယာဉ်မှူးသည် လေယာဉ်ပျံကွင်းပေါ်သို့ ကြဲမချနိုင်ဘဲ အခြားတစ်နေရာရှိ တောင် ကုန်းပေါ်သို့ သူ့ဗုံးများကို ဖြုတ်ချခဲ့၏။ သူဖြုတ်ချသည့် ဆိုဗီယက်လုပ်ဗုံးများ၏ အစအန များကို လယ်သမားတစ်ယောက်က ပုလိပ်ကိုလိုက်ပြပြီး သိမ်းဆည်းယူခဲ့လေသည်။

✡

မနေ့ည (၁၈း၀၀) နာရီတွင် အင်္ဂလိပ်နှင့် ပြင်သစ်က အီဂျစ်နိုင်ငံသို့ ရာဇသံ တစ်စောင်ပေးပို့လိုက်သည်။ ထိုရာဇသံအား အီဂျစ်က မည်သို့တုံ့ပြန်မည်ကို မသိပါ။ စစ်ရေးအရ ခြိမ်းခြောက်မှုများပေါ် ပေါက်လာပြီး အီဂျစ်တို့က ၎င်း၏တပ်မတော်သို့ ညွှန် ကြားမှုများ ပြောင်းလဲလုပ်စရာရှိသည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏စစ်ဆင်ရေးကို အီဂျစ်တို့က ရှေးဦးစွာ တုံ့ပြန်မှု ပြုလာနိုင်သည့်အတွက် ကျွန်ုပ်တို့က အသင့်ပြင်ဆင် ထားရမည်။ ကျွန်ုပ်တို့ရရှိထားသည့်သတင်းသည် မပြည့်မစုံဖြစ်နေပြီး အချိန်ကို စစ်ဆေး လေ့လာခြင်းပင် မပြုရသေးပါ။ ပထမပြဿနာသည် "အာရပ်နိုင်ငံများ ဘာလုပ်ကြ မည်နည်း" ဟူသောအချက် ဖြစ်၏။ သူတို့သည် အီဂျစ်နိုင်ငံကို ဝင်ရောက်ကူညီမည် လော။ ကူညီမည်ဆိုလျှင် မည်သို့မည်ပုံ ကူညီကြမည်နည်း။

ကျွန်ုပ်တို့၏ယောင်ပြစီမံကိန်း အောင်မြင်နေပြီဖြစ်ကြောင်း သိသာနိုင်ပါသည်။ နောက်ဆုံး မိနစ်ပိုင်းအထိ၊ တစ်နည်းဆိုရလျှင် လေထီးတပ်သားများကို မစ်တလာတွင် ချပေးလိုက်သည်အထိ ကျွန်ုပ်တို့၏ရည်ရွယ်ချက်သည် ဂျော်ဒန်နိုင်ငံသို့ ချီတက်ရန်ဖြစ် ကြောင်း အာရပ်နိုင်ငံများ၏ စစ်ဦးစီးများက ယုံကြည်နေကြသည်။ ထို့ကြောင့် ဂျော်ဒန် နိုင်ငံက လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်ကြ၏။ အစ္စရေးနှင့် နယ်နိမိတ်ကြောင်း တစ်လျှောက် ကာကွယ်ရေးအစီအစဉ်ကို စစ်ကူတပ်များ ဖြည့်ပေးလိုက်၏။ ယခင်က တပ်ခွဲတစ်ခုသာ တပ်စွဲစေခဲ့သည့် ဒေသတိုင်းကို ယခုတပ်ရင်းကြီးများ အစားထိုးပြီး တပ်စွဲထားလိုက်စေ၏။

အီရတ်နိုင်ငံကလည်း ဂျော်ဒန်နိုင်ငံသို့ ပို့လွှတ်ရန် သတ်မှတ်ထားသည့် တပ် ကို အင်အားများ ထပ်မံဖြည့်ပေးသည်။ ထပ်ဖြည့် တပ်မဟာတစ်ခုကို ဟာဘက်နီယာသို့ ရွှေ့ပြောင်းစေလွှတ်လိုက်သည်။

ယခုဆိုလျှင် အီရတ်-ဂျော်ဒန် နယ်ခြား (ဟက်ဘာနီယာနှင့် အိပ်ချ် ၃)တွင် စစ်အင်အားအပြည့်အဝပါသော တပ်မတစ်ခုကို ချထားတပ်စွဲစေပြီးဖြစ်၏။ ဂျော်ဒန်တပ် ခတော်နှင့် ဝင်ရောက်ပူးပေါင်းလိုက်ရန် အသင့်ဖြစ်နေ၏။

စစ်ဆင်ရေးရှုထောင့်မှကြည့်လျှင် ဂျော်ဒန်၏လှုပ်ရှားမှုများသည် ခံစစ်သက် သက်အတွက်သာဖြစ်ကြောင်း မှချပြောဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ထိုးစစ်ဆင်ချေမှုန်းနိုင်ရန် ဂျော်ဒန်က ရည်ရွယ်ပြင်ဆင်ခဲ့လျှင် သူ့တပ်များကို စုစည်းယူခြင်းသာ ပြုရမည်၊ နယ်ခြားဒေသတစ်လျှောက် တပ်ရင်းလိုက် တပ်ရင်းလိုက် ခွဲပစ်ပြီး တပ်စုခွဲခြင်းကို ပြုလုပ်ရမည်မဟုတ်။ အီရတ်စစ်ကူတပ်များ၏ ဆောင်ရွက်မှုများကလည်း ထိုးစစ်တစ်ခုကို ပြင်ဆင်နေကြောင်းမပြ။ ထိုအကြောင်း များက စစ်ပွဲအတွက် ပြင်းပြင်းထန်ထန် ကြိုတင်စစ်ပြင်နေကြသည့် လက္ခဏာကို မပြ သချေ။ မနေ့ညကမှ ကျွန်ုပ်တို့၏ လေထီးတပ်များ မစ်တလာတွင် ချပေးထားခြင်း၊ ကူစီမာနှင့် ရပ်စင်နကက်ကိုဝင်တိုက်ခြင်း၊ ဆူးအက်တူးမြောင်းကို ဦးတည်ပြီး ကွန်တီလာ၊ နခါလ်နယ်မြေတစ်လျှောက်တွင် ကျွန်ုပ်တို့၏စစ်ကြောင်းကြီး ချီတက်လာခြင်း စသော သတင်းများ အီဂျစ်စစ်သေနာပတိချုပ်ရုံးသို့ ရောက်ရှိသွားသည်။

ထိုအခါကျမှပင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အမှန်ကို အီဂျစ်များက စတင် သဘောပေါက်ကြတော့သည်။ အီဂျစ်စစ်ဦးချုပ်က သူ၏ မဟာမိတ်များထံသို့ စစ်မိန့်များ ပေးသည်၊ မပေးသည်ကိုမူ သတိမရချေ။ သို့သော်လည်း အနီးအနားတွင်ရှိသော အာရပ် နိုင်ငံများ၊ အဝေးတွင်ရှိသောအာရပ်နိုင်ငံများသို့ မေတ္တာရပ်ခံမှုတစ်ခုကို အီဂျစ်အစိုးရက အတိအလင်းပြုလုပ်လိုက်လေသည်။ (အာရပ်ပြည်သူများက ၎င်းတို့၏အစိုးရများအပေါ် ဖိနှိပ်အကျပ်ကိုင်လာအောင် စစ်စည်းရုံးခြင်းပြုလုပ်ရမည့်အစား မေတ္တာရပ်ခံမှုကိုသာ အစိုးရများသို့ တိုက်ရိုက်ပြုလုပ်ခြင်းဖြစ်၏) အာရပ်နိုင်ငံများအား သူတို့၏ မေတ္တာရပ်ခံ ချက်မှာ အစ္စရေးနိုင်ငံကို ဝိုင်းဝန်းစစ်ပြုကြရန် ဖြစ်လေသည်။

မြေပုံပေါ်တွင်လည်းကောင်း၊ သဲမြေပုံပေါ်တွင်လည်းကောင်း၊ စစ်ချီစစ်တက် ရာတွင်လည်းကောင်း စစ်ရေးလေ့ကျင့်မှုပြုရသည်မှာ မလွယ်ကူပါချေ။ ဂျော်ဒန်အနေ ဖြင့် (၁၂)မိုင်ထက် မနည်းသောခရီးကို ကျော်ဖြတ်ရမည်ဖြစ်သလို ဆီးရီးယားတို့အဖို့ လည်း မိုင်(၃၀)မျှကိုသာ ကျော်ဖြတ်ရန်ရှိသည်။ ကျွန်ုပ်တို့အစ္စရေးသည် သုံးစိတ်သုံးမြွာ ကွဲလျက်ရှိသည်။ အသနားခံ၍ ရမည်မဟုတ်။ ဂျော်ဒန်နှင့် ဆီးရီးယားနိုင်ငံတို့က ထိုသို့ ပြုလုပ်မည်မဟုတ်ဟူ၍လည်း ပြောဆိုနိုင်မည် မဟုတ်ပါ။ ထိုနှစ်နိုင်ငံသည် ကျွန်ုပ်တို့ကို ဝင်တိုက်နိုင်သည်။ ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးကြီးကို ကျွန်ုပ်တို့ဆက်လက်ထမ်းဆောင် နိုင်ရန် ပြုလုပ်မည်ဖြစ်၏။ ကျွန်ုပ်တို့၏ တပ်အချို့ကို ၎င်းတို့စစ်မျက်နှာတွင် ဦးနှိမ်ထား နိုင်ရန် လုပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏စိုက်ပန်းခင်းများ၊ စက်ရုံအလုပ်ရုံများ၊ မြို့ရွာများ (ဂျေရုဆလင်)၊ လမ်းပန်းဆက်သွယ်မှုများကို ဗုံးကြဲတိုက်ခိုက်မည်ဖြစ်၏။

သို့သော် (၂၄)နာရီအတွင်းအစ္စရေးကို အထွေထွေစစ်ကြီးတစ်ခု ပြုလုပ်နိုင်မည် ဆိုခြင်းမှာ စိတ်မတည်ငြိမ်မှုသာ ဖြစ်လေသည်။ ယခုအချိန်ထိ ဂျော်ဒန်မှလည်းကောင်း ဆီးရီးယားမှလည်းကောင်း၊ တိုက်ခိုက်လာမည့် အရိပ်အယောင်များကို မမြင်ရသေးချေ။ အီဂျစ်နိုင်ငံကို သူတို့ကူညီလိမ့်မည်ဟု ကျွန်ုပ်တွက်ဆခဲ့ခြင်းမှာ မှားယွင်းကြောင်းကိုမူ ဝန်ခံရပေမည်။ အီဂျစ်တပ်မတော်ကြီးသည် လုံးဝအငိုက်ဖမ်းတိုက်ခိုက်ခြင်းကို ခံလိုက် ရ၏။ ကျွန်ုပ်တို့၏အရန်တပ်များကို ဆင့်ခေါ်စစ်စည်းရုံးခြင်း၊ စစ်ပြင်ဆင်ခြင်းစသော သတင်းများသည် ကမ္ဘာ့သတင်းအသီးသီး[illegible] ရက်ပေါင်းများစွာကတည်းက အဆက် မပြတ်ပါရှိခဲ့၏။





သို့သော်လည်း ကျွန်ုပ်တို့သည် သူတို့ကိုတိုက်ရိုက် စစ်ထိုးလိမ့်မည်ဖြစ်ကြောင်း အီဂျစ်များ အကဲမခတ်နိုင်ခဲ့ကြချေ။ အီဂျစ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးအက် အယ်ဟာကင်အေမာသည် သူ့အထက်တန်းအရာရှိများနှင့်အတူ ဂျော်ဒန်နှင့်ဆီးရီးယား တပ်မတော်သို့ သွားရောက်လည်ပတ်နေသည်မှာ ငါးရက်ကြာမြင့်ခဲ့သည်။ စီစဉ်ထား သည့်အတိုင်း မနေ့ကမှ အီဂျစ်သို့ပြန်ရောက်လာ၏။ သူတို့နိုင်ငံ၏ နယ်နိမိတ်ပေါ်တွင် မည်သည့်နေ့ရက်တွင်မဆို တစ်စုံတစ်ခုဖြစ်ပေါ်နိုင်ကြောင်း သူ့စိတ်ထဲတွင် သံသယ ဝင်မည်ဆိုပါက သူတိုင်းပြည်သို့ အမြန်ဆုံးမသွားဘဲနေမည်ဟု ကျွန်ုပ် မထင်ပါ။

ယခု သူလုံးဝသံသယမဝင်သောကြောင့်သာ စီစဉ်ထားသည့်အတိုင်း အေးအေး လူလူ လည်ပတ်နေခြင်း ဖြစ်တန်ရာပါသည်။

ဖြစ်ပေါ်လာသည့်အခြေအနေကို ယာဉ်တင်နယ်ခြားစောင့် တပ်အမှတ်(၂)၏ သာမက်တွင် စခန်းချထားသော တပ်ဖွဲ့က ပေးပို့လိုက်သည့် ပထမဦးဆုံး သတင်းရောက် လာသောအခါကျမှ အီဂျစ်စစ်ဦးစီးအဖွဲ့က အဖြစ်အပျက်မှန်သမျှကို သိရှိကြရသည်ဟု ကျွန်ုပ်တို့ဖမ်းမိသည့် စစ်သုံ့ပန်းများထံမှ သိရှိရသည်။ အမှတ်(၂) ယာဉ်တင်နယ်ခြား စောင့်တပ်မှ သိရှိရသည်။ အမှတ်(၂) ယာဉ်တင်နယ်ခြားစောင့်တပ်မှ ခွဲထားသည့် အဆို ပါတပ်ဖွဲ့သည် ကျွန်ုပ်တို့၏တပ်ဖွဲ့များကို ဒါကိုတာလေယာဉ်ပျံများက လေထီးဖြင့် ချပေး နိုင်သည်ကို လည်းကောင်း၊ ထို့နောက် ဆူးအက် တူးမြောင်းသို့ ဦးတည်ပြီး စစ်ကြောင်းကြီး တစ်ခု ချီတက်လာသည်ကိုလည်းကောင်း တွေ့ကြရသဖြင့် ကွပ်ကဲမှုဌာနသို့ သတင်းပို့ လိုက်ကြသည်။

ကျွန်ုပ်တို့တပ်များအားလုံး သူတို့ပြည်အတွင်း ဝင်ပြီးသည်အထိ လက်သင့်ခံ နေခြင်းနှင့်ပတ်သက်၍ ကျွန်ုပ် နားမလည်နိုင်ပါ။ သို့သော်လည်း ဟန့်တားရန် အချိန် မရသောကြောင့် ဖြစ်ရမည်ဟု ထင်မှတ်ရပါသည်။ ကုန်းတပ်၊ လေတပ်၊ ရေတပ်များ အားလုံး အရန်သင့် အနေအထားတွင် ရှိနေရန် သူတို့ အမိန့်ပေးလိုက်၏။ အစ္စရေးရှိ ပစ်မှတ်များကို တိုက်ခိုက်ရန်၊ အီလူးရှင်း ဗုံးကြဲလေယာဉ်မှူးများ အရန်သင့်နေရန် အမိန့် ပေးလိုက်၏။

အမှတ်(၁)တပ်မဟာ (စစ်ဦးစီး စစ်အရန်တပ်)ကို အယ်လ်အရစ်ရှ်သို့ ချီတက် ရန်အမိန့်ပေးလိုက်သည်။

အမှတ် (၂) တပ်မဟာကို မစ်တလာတွင် လေထီးနှင့်ဆင်းသက်လာသည့် တပ်များအား အမြန်ဆုံးတိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

အမှတ် (၂) တပ်မဟာကို မစ်တလာတွင် လေထီးနှင့် ဆင်းသက်လာသည့် တပ်များအား အမြန်ဆုံးတိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

ဆီနိုင်းကျွန်းဆွယ် ဂါဇာကမ်းမြောင်ဒေသနှင့် တူးမြောင်းဒေသအပါအဝင် အစ္စရေးတပ်များ ဝိုင်းရံထားပြီးဖြစ်သည့် အရှေ့ဘက် ရှေ့တန်းစစ်မျက်နှာရှိ တပ်များ အားလုံးကို တပ်စုစည်းရန်နှင့် အစ္စရေးတိုက်ခိုက်မှုကို တွန်းလှန်ပစ်ဖို့ အသင့်ပြင်ထားရန် အမိန့်ပေးလိုက်သည်။

✡


www.burmeseclassic.com

www.burmeseclassic.com



မနေ့တုန်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏အပြုအမူနှင့် ပတ်သက်ပြီး ကျွန်ုပ် စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ သူသည် စစ်သေနာပတိချုပ်၏ အမိန့်များကို ဆန့်ကျင်ပြီး သတ်မှတ်ထားသည့် အချိန်များမရောက်သေးမီ အမှတ်(၇) သံချပ်ကာ ယန္တရားတပ်မဟာကို တိုက်ပွဲဝင်ရန် အမိန့်ပေးခဲ့သည်။ သံချပ်ကာ ယန္တရားတပ်များသည် အောက်တိုဘာ (၃၁)ရက် နေ့မတိုင်မီ တိုက်ခိုက်ရန်မဟုတ်။ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက (၃၁)ရက်နေ့သို့ရောက်အောင် အချိန်စောင့်ဆိုင်းနေခြင်းအားဖြင့် အချိန်ဖြုန်းတီးရာကျသည်။ စစ်ဆင်ရေးစသည်နှင့်တစ်ပြိုင်တည်း အငိုက်ဖမ်းခြင်းကို အတတ်နိုင်ဆုံးရရှိအောင် အခွင့်အရေးရယူရမည်။ ထို့ကြောင့် တတ်နိုင်သမျှ ချီတက်ပြီး တတ်နိုင်သမျှစခန်းများကို သိမ်းပိုက်ရန်လိုအပ်သည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူ့လက်အောက်တွင်ရှိသည့် လက်နက်ကိုင် တပ်များအားလုံးကို ယရက်မှာပင် တိုက်ပွဲဝင်ရန် အမိန့်ပေးလိုက်၏။ စစ်ဦးစီးအဖွဲ့၏ညွှန်ကြားချက်နှင့် စစ်ရေး၊ နိုင်ငံရေး ဆုံးဖြတ်ချက်များကို ဆန့်ကျင်ပြီးပြုလုပ်လိုက်ခြင်းသာဖြစ်၏။ အင်္ဂလိပ်နှင့်ပြင်သစ်တို့ တိုက်ပွဲဆင်းလာကြမည်ကို ထည့်မတွက်ဘဲ ပြုလုပ်လိုက်ခြင်းသာ ဖြစ်၏။ စစ်သေနာပတိချုပ်က (၄၈)နာရီစောင့်ဆိုင်းရန် အမိန့်ပေးခြင်းသည် နိုင်ငံရေးနှင့်စစ်ရေးအရ မှားယွင်းသည်ဟု တွက်ဆပြီး ထိုသို့ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

နောက်ဆုံးမိနစ်သို့တိုင်အောင် ကွပ်ကဲမှုဌာနကို ကျွန်ုပ် ခွာမသွားနိုင်။

ရုံးမှ ထွက်လာသောအခါတွင် လမ်းကျဉ်းကလေးများတွင် တောင်ပိုင်းသို့ ချီတက်နေသည့်စစ်ကားများ၊ တင့်ကားများ ပြည့်ကျပ်နေသည်ကို မျှော်လင့်ထားသည်ထက် ပိုမိုများပြား ရှည်လျားစွာ တွေ့နေရ၏။

ဘီယာရှီဘာသို့ ရောက်သည်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ကျွန်ုပ် ဝင်ကြည့်၏။ သို့သော် အရာရှိတစ်ယောက်မျှ မတွေ့ရ။ အားလုံး စစ်မြေပြင်သို့ဆင်းကာ ရှေ့တန်းစစ်ဌာနချုပ် အသီးသီးသို့ ရောက်ရှိနေကြချေပြီ။ တိုင်းမှူးကို ဘီရိုတာယင်တွင် သွားတွေ့သည်။ သူနှင့်အတူ ကူစီမာသို့ ချက်ချင်း ထွက်ခွာလာခဲ့ကြ၏။

ကူစီမာရွာသည် တောင်ကြားအတွင်း၌ ဖြစ်၏။ ကျွန်ုပ်တို့ မရောက်သေးမီ ကလေးကပင် အီဂျစ်ခံတပ်များရှိသည့်အနီးတစ်ဝိုက်တွင် တောင်ကုန်းများ၌ တိုက်ပွဲများ ဖြစ်ခဲ့၏။ ကူစီမာတွင်စစ်၏ ဒဏ်ရာဒဏ်ချက်များကို မြင်တွေ့ရ၏။ ဆိုင်တစ်ဆိုင်သည် ညက်ညက်ကြေနေ၏။ ရွာ၏ဘေးတွင် ကုလားအုပ်အများအပြားကို အကြောင်းမဲ့သတ်ဖြတ်ထား၏။ စစ်သားအများအပြားက ကြက်များကို တရကြမ်းလိုက်ဖမ်းနေ၏။ မြင်ကွင်းသည် များစွာ စိတ်မချမ်းသာဖွယ်ရာဖြစ်နေ၏။ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က သတ်မှတ်ထားသည့် အချိန်ထက်စောပြီး စစ်တိုက်သဖြင့် ဒေါသဖြစ်နေသည့် ကျွန်ုပ်ကို ပိုပြီး စိတ်တိုလာစေသည်။

ကူစီမာ၏ နောက်ဘက် (၁၂)မိုင်ကွာရှိ ရပ်မတ်စ်မော်တောင်တန်းအလယ်တွင် အမှတ် (၇)သံချပ်ကာ ယန္တရားတပ်မတော်၏ တပ်ဦးကို ကျွန်ုပ်တို့ တွေ့ရသည်။ အနောက်ဘက်သို့ ဦးတည်ချီတက်နေသော သံချပ်ကာကားများကြောင့် ဖုန်တန်းကြီး တထောင်းထောင်းထနေသည်ကို မြင်ရ၏။





တပ်မဟာသည် ဆိနိုင်းကျွန်းဆွယ်အတွင်း၌ (၂၅)မိုင်လုံးလုံး တပ်ဖြန့်ပြီးဖြစ်နေသည်ကို မြင်တွေ့ရ၏။ စီစဉ်ထားသည့်အတိုင်းဆိုလျှင် ဤတပ်မဟာသည် ယခုအချိန်၌ အစ္စရေးပြည်အတွင်း (၂၅)မိုင်အကွာတွင် သာရှိရမည်။ တပ်စုစည်းသည့် နဟာရုဘ်မှာပင် ဆိတ်ငြိမ်စွာ လှုပ်ရှားမှုကင်းမဲ့စွာ စစ်ချီတက်ခြင်း အလျှင်းမပြုဘဲ နေရဦးမည့် အချိန်ဖြစ်သည်။

မည်သည့်အတွက်ကြောင့် အမိန့်ကိုဆန့်ကျင်ပြီး စောစောစီးစီး တိုက်ပွဲဝင်ရခြင်းနှင့်ပတ်သက်၍ တိုင်းမှူး၏ရှင်းပြချက်ကို လမ်းတွင် ကျွန်ုပ် ကြားရပြီးဖြစ်သည်။ သူ၏ဆောင်ရွက်လုပ်ကိုင်မှုအပေါ် ကျွန်ုပ် ထင်မြင်ချက်ကို တပ်မဟာမှူးနှင့် မတွေ့မီက သူ့ကို ရှင်းပြခဲ့ပြီးဖြစ်သည်။ ညွှန်ကြားချက်များ ထုတ်ပြန်တော့မည့်အချိန်သို့ရောက်ပါပြီ။

မည်သည့် အမိန့်မျိုး ထုတ်ရမည်ဆိုခြင်းနှင့် ပတ်သက်၍ ကျွန်ုပ် စိတ်ထဲတွင် ဒွိဟမဖြစ်ပါ။ တင့်ကားများအားလုံး နောက်ပြန်လှည့်ပြီး နဟာရုဘ်သို့ သွားရာ လမ်းတစ်လျှောက်ပြန်မောင်းသွားနေကြသည်ကိုလည်း ကျွန်ုပ် မျက်စိထဲတွင် မြင်ယောင်နေ၏။ စည်းကမ်းထိန်းသိမ်းရေးရှုထောင့်မှကြည့်လျှင် ထိုကဲ့သို့ နောက်ကြောင်းပြန်လှည့်ရေးမှာ ပြဿနာမဟုတ်ပါ။ မှန်ကန်ပါသည်။ သို့သော်လည်း စစ်ဆင်ရေးအောင်မြင်ရေးအတွက် ရှေ့သို့ ဆက်လက်ချီတက်နေသည့် ရှုထောင့်မှကြည့်လျှင် မှန်ပါဦးမည်လော။

ဆိနိုင်းအတွင်းသို့ တပ်မဟာကြီးဝင်ရောက်လာခဲ့သည်မှာ (၈)နာရီလုံးလုံးကြာပါပြီ။ တပ်များကို မိမိပေးထားသောအမိန့်သည် အီဂျစ်တို့ အကာအကွယ်ပြုထားသည့် အမ်ကတက်နှင့် အမ်ရှီဟန်သို့ ဦးတည်ပြီး ကူစီမာတစ်လျှောက် ချီတက်သွားရန်သာ ဖြစ်ပါသည်။ ထိုစခန်းနှင့် မျက်နှာချင်းဆိုင်သို့ ရောက်လျှင် ရပ်တန့်နေရန်ဖြစ်သည်။ တိုက်ခိုက်ရန်မဟုတ်ပါ။ သို့သော်လည်း ဆက်သွယ်မှုများချွတ်ယွင်းပြီး သံချပ်ကာယန္တရားတပ်ရင်းတစ်ခုက အမ်ကတက်ကို စတင်တိုက်ခိုက်ပါသည်. . စသည်ဖြင့် တိုင်းမှူးက ကျွန်ုပ်ကို ရှင်းလင်းပြောဆို၏။

မည်သို့ပင်ဆိုစေကာမူ အမ်ကတက်သည် ကျွန်ုပ်တို့လက်တွင်းသို့ ကျရောက်မလာပါ။ ပြင်းထန်လှသော ခုခံတိုက်ခိုက်မှုနှင့် ကတုတ်ကျင်း ကောင်းစွာတူးထားသည့် အတွင်းမှနေ၍ပစ်ခတ်သော တည့်မတ်လှသော တင့်ကားဖျက်အမြောက်ဆန်များကိုသာ ရင်ဆိုင်ရတော့၏။ တင့်ကားတစ်စီးနှင့် တင့်ကားခါးပြတ်တစ်စီးကို ထိမှန်သွားသည်။ တပ်ခွဲမှူးတစ်ဦးနှင့် တပ်သား(၃)ဦး ဒဏ်ရာရသည်။ ကွန်ပါတိုင်းရန် တင့်ကားခါးပြတ်ပေါ်မှ ခုန်ချသည့် အမြောက်တပ်ဆက်သွယ်ရေးအရာရှိ ကျဆုံးသွားသည်။ ထိုအချိန်မှာပင် တပ်မဟာမှူးသည် ထိုနေရာသို့ ရောက်လာ၏၊ အီဂျစ်စခန်းများကို အဆိုပါတပ်ရင်း၏အင်အားဖြင့် သိမ်းပိုင်ရန် မည်သို့မျှမဖြစ်နိုင်ကြောင်း တပ်မဟာမှူးအနေဖြင့် ဆုံးဖြတ်ရမည့်အချိန်သို့ ဆိုက်ရောက်လာတော့သည်။ ထို့ကြောင့် တပ်ရင်းသည် တိုက်ပွဲမှအနားယူလိုက်ပြီး ထပ်မံတိုက်ခိုက်ရန်အတွက် ထပ်ဖြည့်တပ်များကို တပ်မဟာမှူးက စတင်ပြင်ဆင်လိုက်၏။ ဖြစ်ပြီးသည့်အရာများ ဖြစ်ပြီးသွားပါပြီ။ သံချပ်ကာ ယန္တရားတပ်မဟာသည် အချိန်မကျရောက်သေးမီ ဆိနိုင်းကျွန်းဆွယ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ တိုက်ခိုက်ခြင်းအားဖြင့် အီဂျစ်တို့၏ တန်ပြန်တိုက်ခိုက်မှုကို၊ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

လေတပ်၏ တုံ့ပြန်မှုကို တိုးတက်ဖြစ်ပေါ် စေခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့မည်သည့်နည်းနှင့်မျှ မကာကွယ်နိုင်တော့ပါ။ မပဟန့်တားနိုင်တော့ပါ။

ဝင်ရောက်တိုက်ခိုက်နေသော တပ်မဟာ၏အင်အားကို အမြင့်ဆုံးထုတ်နုတ်ယူခြင်းသာလျှင် အကောင်းဆုံးဖြစ်ပေမည်။ ထို့ကြောင့် သံချပ်ကာ ယန္တရားတပ်မဟာသည် ကဒက်ရှိစစ်ဆင်ရေးအရ တာဝန်ပေးအပ်သော ဂျေဘာယ်လစ်ဗနီနှင့် အစ္စမေလီယာဒေသကို ထိုးဖောက်သိမ်းပိုက်တပ်စွဲထားရမည့် တာဝန်ကို အမြန်ဆုံးယူရန် ကျွန်ုပ်ဆက်လက် အမိန့်ပေးရတော့သည်။

တပ်မဟာမှူးက မိမိ၏တပ်အခြေအနေဖြင့် အကျအဆုံးများပြားမှု မရှိစေဘဲ အမ်ကတက်ကို သိမ်းပိုက်ရန် မဖြစ်နိုင်တော့ကြောင်း ထပ်၍ပြောပါသည်။ ထို့ကြောင့် အခိုက်အတန့် အားလျော့စွာ နောက်ဆုတ်ပြီး ထိုစခန်းကို မတိုက်ဘဲထားခဲ့ရန်၊ ၎င်းကို ကွင်းရှောင်ပြီး စူးအက်သို့ဦးတည်ပြီး နောက်ဘက်သို့ ချီတက်ရန်၊ ချီတက်ရာတွင် ဘာဟက်စ်နာမှ စစ်ကြောင်းတစ်ကြောင်း၊ ဂျေဘာယ်လစ်ဗနီဘက်မှ စစ်ကြောင်းတစ်ကြောင်းစသည်ဖြင့် စစ်ကြောင်းနှစ်ကြောင်းခွဲပြီး ချီတက်ရန်အမိန့်ပေးလိုက်သည်။

ထိုနည်းအားဖြင့် အီဂျစ်စခန်းများသည် ပြင်းထန်သော ဆန့်ကျင်တိုက်ခိုက်မှုများကို ပြုလုပ်လိမ့်မည်မဟုတ်ဟု ထင်မှတ်ရ၏။

အားနည်းချက်များကို ရှာဖွေရပါမည်။ ရှေ့တန်းစစ်မျက်နှာကြီးတစ်ခုလုံးကို ထိုးစစ်ဆင်စေခြင်းအားဖြင့် တွန်းလှန်ခုခံနေသည့် ရန်သူတပ်များသည် ၎င်းတို့ အစိုင်းခံရကာ မိမိတို့ခံတပ်များနှင့် အဆက်အသွယ် ပြတ်ကုန်ပြီဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်၏။ မနက်ဖြန်မနက် အရုဏ်တက်လျှင် အင်္ဂလိပ်နှင့်ပြင်သစ်တို့က အီဂျစ်လေယာဉ်ပျံကွင်းများကို စတင်ဗုံးကြဲတိုက်ခိုက်ပြီးနောက်တွင် ကျွန်ုပ်တို့အဖို့ ရည်ရွယ်ချက်နေရာများကို အောင်ပွဲခံသိမ်းပိုက်ယူရာတွင် များစွာလွယ်ကူသွားမည် ဖြစ်၏။

သံချပ်ကာယန္တရားတပ်မဟာကို တက်တက်ကြွကြွ ထိုးဝင်ချီတက်စေခြင်းကြောင့် ဤစစ်မျက်နှာ၌ အခြားစီစဉ်ထားသည့် တိုက်ပွဲများကိုပါ ရှေ့သို့ တစ်ဆင့်တက်နိုင်မည်ဖြစ်သည်။ သို့ဖြင့် တပ်မဟာ (၁၀)ကိုလည်း ယနေ့ည အောက်တိုဘာ (၃၀/၃၁) မှာပင် ရှေ့တက်ရန် နစ်ဇာနာဒေသရှိ အီဂျစ်ရှေ့တန်းစစ်စခန်းများဖြစ်သော အူဂျာမာစီရီနှင့် တရတီအမ်ဘက်စ်များကို သိမ်းပိုက်ရန် ကျွန်ုပ် အမိန့်ပေးလိုက်ရတော့၏။

ကူစီမာသို့ ကျွန်ုပ်တို့ ပြန်လာခဲ့ကြသည်။ တပ်မဟာ(၄)၊ ကွပ်ကဲမှုဌာန ရုံးခန်းအတွင်းသို့ ဝင်လျှင်ဝင်ချင်း ယန္တရားတပ်မဟာ (၇)၏ကင်းထောက်တပ်ဖွဲ့ ဒိုက်ကာကို သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း သတင်းရောက်လာသည်။ ဒိုက်ကာသည် ကူစီမာ၏ အနောက်ဘက် (၁၅)မိုင်ကွာရှိ မိုင်ရှည်လျားသော တောင်ကြားလမ်းဖြစ်၏။ ယင်းတောင်ကြားလမ်းသည် အဘူအဂီလာနှင့် အစ္စမေလီယာကိုလည်းကောင်း၊ ကူစီမာဘာဟက်စ်နာ စူးအက်တူးမြောင်းကို လည်းကောင်း ဆက်သွယ်ထားသော တောင်ကြားလမ်းဖြစ်၏။ တောင်ကြားလမ်းနှင့် တောင်ဘက်အဝင်လမ်းတွင် တံတားတစ်ခုရှိသည်။ ထိုတံတားသို့ ကျွန်ုပ်တို့၏ သံချပ်ကာကင်းထောက်တပ်ဖွဲ့ ရောက်သည်နှင့် တစ်ပြိုင်တည်း တံတားမှာ ပေါက်ကွဲသွားတော့၏။





လူသုံးယောက် ကုလားအုတ်သုံးကောင်ကို စီးပြီး အနောက်ဘက်သို့ ထွက်ပြေးသွားသည်ကို မြင်တွေ့လိုက်ရသည်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့၏ တပ်မဟာသည် ထိုချောင်းကို ရသည့်နည်းဖြင့် ဖျက်ဆီးပြီး မြောက်ပိုင်းထွက်ပေါက်သို့ ရောက်လာ၏။ ထိုနေရာတွင် တပ်ကိုစုစည်းကာ သုံးစုခွဲ၍ ခံစစ်ပြုထားလိုက်၏။

ယခုဆိုလျှင် အဘူအဂီလာသို့ သံချပ်ကာ ယန္တရားတပ်မဟာက အနောက်ဘက်ကျောပိုင်းနေ၍ တိုက်မည်ဆိုလျှင် တိုက်နိုင်မည်။ မည်သို့သော ပြဿနာများပင် ရှိစေကာမူ ဤတပ်မဟာသည် မနက်ဖြန်တွင် ရှေ့သို့ဆက်လက်ချီတက်ပြီး နယ်မြေကို ဖြန့်လိုက်ချေတော့မည်။

အမှတ်(၄)တပ်မဟာမှူးသည် သူ၏ကွပ်ကဲမှုဌာနကို ရွာ၏အရှေ့ဘက်တောင်ပေါ် တွင် ဖွင့်လှစ်လိုက်၏။ ကူစီမာကိုသိမ်းပိုက်ပြီးသည့် သတင်းအသေးစိတ်ကို သူ့ထံမှကြားရ၏။ ကျွန်ုပ်တို့၏ အစီအစဉ်ပြောင်းလဲမှုများကို ကျွန်ုပ်က ပြန်လည်အကြောင်းကြားသည်။ ၎င်း၏တပ်များသည် တပ်ပန်းနေကြပြီ ဖြစ်လင့်ကစား တပ်မဟာကင်းထောက်တပ်ဖွဲ့ကို အမြန်ဆုံးစေလွှတ်စေပြီး နခါလ်လမ်းကြောင်းကို ဖွင့်လှစ်ပေးရန် ထိုနေရာမှ ခြေလျင်တပ်ရင်းတစ်ခု လိုက်ပါသွားပြီး တပ်ဖြည့်တပ်များဖြင့် တိုက်ပေးရန်၊ လိုအပ်နေသည့် လေထီးတပ်ကို အနားယူစေကာ ၎င်း၏လက်မှ နခါလ်ကို လွှဲယူသိမ်းပိုက်ထားရန်များကို ကျွန်ုပ် ညွှန်ကြားလိုက်၏။ တပ်မဟာ (၄)၏ ကင်းထောက်တပ်ဖွဲ့တွင် သဲတောင်ကြီးများကို ဖြတ်ကျော်နိုင်သည့် သယ်ယူပို့ဆောင်ရေးယာဉ်များ ပါရှိ၏။

နောက်ကလိုက်မည့် ခြေလျင်တပ်ရင်း၏ကိစ္စကိုမူ ကျွန်ုပ်တို့ ရှင်းရှင်းလင်းလင်း မသိသေး။ ဘတ်စ်ကားများက စစ်သားများကို သယ်မည်လော။ စစ်သားများက ဘတ်စ်ကားများကို သယ်မည်လော။ မည်သူက မည်သူ့အား သယ်သွားမည်ကို မသိပါ။ သို့သော် ကျွန်ုပ်တို့ မစောင့်နိုင်ပြီ။ ချီတက်မှုအမိန့်ကို ဆက်လက်ထိန်းသိမ်းရမည်။ စစ်ကြောင်းအသစ်တစ်ခုကိုလည်း ဖွင့်လှစ်ရမည်။ ကူစီမာမှ နခါလ်လမ်းကြောင်းသည် ကူစီမာမှ ကွန်တီလာသွားသည့် လမ်းကြောင်းထက် ကျွန်ုပ်တို့၏မော်တော်ယာဉ်များကို သက်သာစေလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထိုတပ်ဖွဲ့ဝင်များတွင် ရိက္ခာပြတ်သည်နှင့် တစ်ပြိုင်တည်း ရိက္ခာထောက်ပံ့မှုပြဿနာသည် အရေးတကြီး ပေါ်ပေါက်လာလိမ့်မည်။ ခဲယမ်းမီးကျောက်နှင့် ဓာတ်ဆီများကိုမူ ၎င်းတို့နှင့်အတူ သယ်သွားကြ၏။ ရိက္ခာနှင့်ပစ္စည်းများ အချိန်မှန်မှန် လိုက်ပါသွားနိုင်ရန် ဆက်သွယ်ရေးလမ်းကြောင်းများကို ကျွန်ုပ်တို့အမြန်ဆုံး လုံခြုံမှုပေးရတော့မည်ဖြစ်သည်။

မမေ့နိုင်သည့် မီးခြစ်ကျောက်မြားခေါင်းကလေးများရှိသော ကူစီမာကို ကျွန်ုပ်ခွာခဲ့သည်။ ရေတွင်းတစ်ခုမှ မဝေးလှသည့် တောင်ကုန်းငယ်လေးတစ်ခုပေါ် တွင် ကျဉ်းမြောင်းသော တင့်ကားလမ်းတစ်ခုရှိ၏။ ဖုံးအုပ်မထားသည့် မီးခြစ်ကျောက်အပိုင်းအစများ၊ သင်တုန်းဓားများနှင့် အခြားလူလုပ်ထားသည့် ပစ္စည်းများ ထိုလမ်းပေါ် တွင်ရှိသည်။ ဤနေရာတွင် လွန်ခဲ့သောနှစ်ပေါင်း (၆၀၀၀)နှင့် (၈၀၀၀) ကြားက မီးခြစ်ကျောက်၊ မီးခတ်ကျောက်များ ထုတ်လုပ်သည့် စက်ရုံတစ်ခုတည်ထောင်ခဲ့ဖူးကြောင်း ထင်ရှားသိသာနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သင်တုန်းဓားအကျိုးများ၊ သုံးမြှောင်ပုံသဏ္ဌာန်ရှိသည့် မီးခြစ်ကျောက်အပိုင်းအစများ အမြောက်အမြားကို မြင်တွေ့ရပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ထောင်ပေါင်းများစွာက ဤနေရာတွင် လူရိုင်းများ နေထိုင်ခဲ့နိုင်ပါသည်။ သို့သော် တစ်စုံတစ်ခုသော အကြောင်းကြောင့် ၎င်းတို့၏အလုပ်ရုံနှင့် ကုန်ကြမ်းပစ္စည်းများကို ထားရစ်ခဲ့ကာ တစ်ရပ် တစ်ပါးသို့ ပြောင်းရွှေ့သွားကြဟန်တူ၏။ တင့်ကားများ ဖြတ်မောင်းသည်တွင် ချိန်းကြိုး နှင့်ပွတ်တိုက်မိပြီး မီးပွင့်ကလေးများ တလက်လက်ထွက်နေသည်ကို ကျွန်ုပ် မြင်တွေ့ရ ပါသည်။

မနေ့ညက ကာကွယ်ရေးဦးစီးချုပ်၏ကွပ်ကဲမှုဌာနသို့ ပြန်အလာတွင် (၁၉၅၆) ခု၊ အောက်တိုဘာ (၃၁)ရက်နေ့အတွက် မြောက်မြားစွာသော တပ်မဟာများသို့ ပေးရမည့် အမိန့်များကို စီမံလာခဲ့သည်။

**အမှတ် (၉)တပ်မဟာ**

ရှမ်အယ်လ်ရှိတ်သို့ ကြိုတင်ပြင်ဆင်မှုများနှင့်အတူ ဆက်လက်ချီတက်ရမည်။ ယခု စတင်ချီတက်ခြင်း မပြုရ။ (အမှတ်-၉ တပ်မဟာစစ် ကြောင်းသည် လေကြောင်း၏ တိုက်ခိုက်မှုကို ခံရဖွယ်ရာအရှိဆုံး စစ်ကြောင်းဖြစ်၏။ ထို့ကြောင့် အီဂျစ်လေတပ်မတော် ပေါ်၌ ထိန်းချုပ်မှုများကို ကျွန်ုပ်တို့ ပြုလုပ်ပြီးစီးခြင်း မရှိသေးသမျှ ချီတက်ခြင်းမပြုရ)

**အမှတ် (၂၀၂) တပ်မဟာ**

အဘူအဂီလာ၊ ဘာဟတ်စ်နာနှင့် ဂျေဘယ်လစ်ဗနီ စသောခံတပ်များဖြင့် ခုခံနေသည့်စခန်းများကို သိမ်းပိုက်ရမည်။ ထိုမှတစ်ဖန် ဘာဟမ္မာနှင့် ဘာဂစ်ဂါဇာဒေသသို့ ဆက်လက်ချီတက်သွားရမည်။

**အမှတ် (၁၀) တပ်မဟာ**

(၃၀/၃၁)ရက်နေ့တွင် အူဂျာမတ်စရီနှင့် တရတ်အမ်ဘက်စစ်တို့ကို သိမ်းပိုက်ရမည်။ နောက်ညနေဖြစ်သော (၃၁)နိုဝင်ဘာလတစ်ညတွင် အမ်ကတက်နှင့် အမ်ရှီဟန်တို့ကို ဆက်လက်တိုက်ခိုက်ရမည်။

**အမှတ် (၇၇) မြန်ထားသောတပ်**

(၃၁) နိုဝင်ဘာ (၁)ရက်နေ့ညတွင် ရာဖာဒေသတွင် ခုခံနေသည့် နယ်မြေများကိုသိမ်းပိုက်ရမည်။

**အမှတ် (၂၇) သံချပ်ကာ ယန္တရားတပ်မဟာ**

ရာဖာမြို့ကျအပြီးတွင် အယ်လ်အရစ်ရှ်သို့ ဦးတည်ချီတက်လာပြီး အလျင် အမြန်သိမ်းပိုက်ယူရမည်။

အစီအစဉ်များအတိုင်း ချောချောမောမော ဖြစ်မည်ဆိုလျှင် အောက်တိုဘာ (၃၁)ရက်နှင့် နိုဝင်ဘာလ (၁)ရက်နေ့များတွင် အီဂျစ်လက်နက်ကိုင်တပ်များ အဓိက စုစည်းနေသည့် မြောက်ဘက်ခြမ်း၌ ရောမတိုက်ပွဲကြီးများကို မြင်တွေ့ရပေလိမ့်မည်။





တပ်ကွေးမိပြီး အိပ်ရာထဲတွင်ယခုတိုင်ရှိနေသေးသည့် ဘင်ဂူရီယံကို ညဥ့်နက် ပိုင်း၌ ကျွန်ုပ် သွားရောက်တွေ့ဆုံ၏။ အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ၎င်းတို့၏စစ်ဆင်ရေး ကို ရွှေ့ဆိုင်းလိုက်ပြီး စီစဉ်ထားသည့်အတိုင်း ဗုံးကြဲခြင်းများကို စတင်ပြုလုပ်လိမ့်ဦးမည် မဟုတ်ကြောင်းသိရသည်။ မူလအစီအစဉ်မှာ မနက်ဖြန်မနက်အရုဏ်တက်တွင် စစ် တိုက်ရန်ဖြစ်သည်။ ထိုသတင်းများကြောင့် မစ်တလာတွင်ရှိသော ကျွန်ုပ်တို့၏လူများ အတွက် ဘင်ဂူရီယံသည် များစွာ စိုးရိမ်သောကရောက်နေ၏။

ယနေ့ညမှာပင် ထိုသူများကို အစ္စရေးသို့ ပြန်လာစေချင်သည်။ ကာကီလီယာ တိုက်ပွဲတုန်းက ကျွန်ုပ်တို့လူများ အဆက်အသွယ်ပြတ်ပြီး အဝိုင်းခံရသည့်အဖြစ်ကို သူ ပြန်သတိရပြီး ရန်သူ့နယ်မြေ၌ ထိုအဖြစ်မျိုးထပ်မံကြုံတွေ့ရမည်ကို သူ စိုးရိမ်ခြင်းဖြစ်၏။ ကျွန်ုပ်ကိုယ်တိုင်ကလည်း ကာကီလီယာတိုက်ပွဲညကို သတိရပါသည်။ သို့သော် မစ်တလာ ရှိတပ်များကို ပြန်ခေါ်ရန်လိုအပ်သည်ဟု ကျွန်ုပ် မထင်ပါ။ အင်္ဂလိပ်နှင့် ပြင်သစ်တို့က စစ်ဆင်ရေးကိုဖျက်လိုက်ကြလင့်ကစား ကျွန်ုပ်တို့တိုက်ပွဲစဉ်များကို ဆက်လက်အကောင် အထည်ဖော်နိုင်သည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ထို့ပြင် မစ်တလာသည် တော်မှ တစ်ဆင့် ရှမ်အယ်ရှိတ်သို့ ရောက်နိုင်ရန် အရေးကြီးဆုံးသောလမ်းခွဲ ဖြစ်နေသည်။

ထို့ကြောင့် ထိုတပ်များကို ပြန်လည်ရုပ်သိမ်းခြင်းထက် စစ်ကူပို့ပြီး ထပ်မံ အင်အားဖြည့်ထားသင့်သည်ဟု ကျွန်ုပ်က စောဒကတက်မိ၏။ ထိုကဲ့သို့ လုပ်ရမည်ဟု လည်း မျှော်လင့်ပါသည်။ ဘင်ဂူရီယံသည် အလွန်တရာ စိတ်မပါသော်လည်း တပ်ပြန် ဆုတ်ရေးမှုကို စွန့်လွှတ်လိုက်ပါသည်။ သို့သော်လည်း စစ်ရေးအရ ကျိုးကြောင်းဆက်စပ် ပေးမှုသည် လေထီးတပ်သားများ၏အသက်အန္တရာယ်အတွက် သူ၏သောကကို အနည်း ငယ်လျော့ပါးနိုင်ကြောင်း မြင်တွေ့ရပါသည်။ ထို့နောက်တွင် ကုစီမာစစ်မျက်နှာနှင့် ပက်သက်သောပြောင်းလဲမှုများ၊ အမှတ် (၇) သံချပ်ကာ ယန္တရားတပ်မဟာ၏ အချိန် မကျသေးမီ တိုက်ပွဲဝင်မှုများအကြောင်းကို ကျွန်ုပ် ပြောမပြရဲတော့ပါ။

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ချည်နှောင်းဖောက်ထွင်းခြင်း

(၁၉၅၆) အောက်တိုဘာ (၃၁)

မနေ့ည (၁၈း၀၀) နာရီ (အစ္စရေးစံတော်ချိန်) တွင် အင်္ဂလိပ်နှင့်ပြင်သစ်တို့က အစ္စရေးနှင့်အီဂျစ်ကို ရာဇသံတစ်စောင်ပေးလိုက်ကြသည်။

ရာဇသံက တောင်းဆိုထားသောအချက်များမှာ . . .

၁။ ကုန်း၊ ရေ၊ လေ တို့တွင် စစ်အပြုအမူများအားလုံး ရပ်တန့်သွားရန်။

၂။ လက်နက်ကိုင်တပ်များအားလုံး စူးအက်တူးမြောင်းနှင့် (၁၀)မိုင်အကွာသို့ ပြန်ဆုတ်ပေးရန်။

၃။ နိုင်ငံတိုင်းမှသင်္ဘောများ စူးအက်တူးမြောင်းအတွင်း လွတ်လပ်စွာ ခုတ်မောင်းသွားလာခွင့်ကို အာမခံချက်ပေးနိုင်ရန်လည်းကောင်း၊ မသင့်မြတ်ဖြစ်နေသည့် နိုင်ငံများကို ခွဲခြားထားပေးနိုင်ရန်လည်းကောင်း၊ အချက်အချာစခန်းများဖြစ်သည့် ပို့ဆက် အစ္စမေလီယာနှင့်စူးအက်တူးမြောင်းကို အင်္ဂလိပ်ပြင်သစ်လက်နက်ကိုင်များက ယာယီသိမ်းပိုက်ထားမည်ဖြစ်ရာ ထိုအစီအစဉ်ကို အီဂျစ်အစိုးရက သဘောတူရမည်။

(၁၂)နာရီအတွင်း အဖြေပေးရမည်။ ထိုအချိန်အတွင်းမှာမှ အဖြေမပေးလျှင် သို့တည်းမဟုတ် အီဂျစ်နှင့်အစ္စရေး အစိုးရနှစ်ဖက်စလုံးက အထက်ပါလိုအပ်ချက်များကို အရေးယူဆောင်ရွက်ခြင်းမပြုလျှင် ဗြိတိသျှနှင့် ပြင်သစ်လက်နက်ကိုင်တပ်များသည် လုံခြုံရေးအတွက် မည်မျှများပြားသည့်အင်အားကို လိုစေကာမူ ကြားဝင်ဆောင်ရွက်ရမည် စသည်ဖြင့် ရာဇသံတွင်ဖော်ပြထား၏။

ထိုရာဇသံက ကျွန်ုပ်တို့ကို သောကမရောက်စေပါ။ ကျွန်ုပ်တို့တပ်များ စူးအက်တူးမြောင်းအနီး (၁၀)မိုင်အတွင်းမရှိ။ စူးအက်တူးမြောင်းအနီးသို့ ကပ်သွားရန်လည်း ကျွန်ုပ်တို့စိတ်မဝင်စား။ စီစဉ်ထားခြင်းလည်း မရှိ။ ရာဇသံတစ်ခုလုံး၏ ရည်ရွယ်ချက်သည် တူးမြောင်းနယ်မြေကို အင်္ဂလိပ်နှင့်ပြင်သစ် လက်နက်ကိုင်တပ်များအား သိမ်းပိုက်ခွင့်ပေးထားရန် တောင်းဆိုထားခြင်းသာဖြစ်ကြောင်း ထင်ရှားသည်။





အီဂျစ်က ရာဇသံ၏အလိုကို လိုက်လျောမည် မဟုတ်ဟူသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ အထူးသဖြင့် တူးမြောင်းနယ်မြေ၏အချက်အချာဒေသများကို အင်္ဂလိပ်နှင့်ပြင်သစ်၏လက်သို့ အီဂျစ်က ဝကွက်အပ်လိမ့်မည်မဟုတ်ပါ။

အင်္ဂလိပ်နှင့်ပြင်သစ်တို့က ထိုသို့ပြုလုပ်ထားသည်နှင့် တစ်ပြိုင်တည်းမှာပင် အမေရိကန်ပြည်ထောင်စုလည်း လှုပ်ရှားလာ၏။ သို့သော် ကွဲလွဲသောလှုပ်ရှားမှုမျိုးဖြစ်သည်။ အမေရိကန်သမ္မတ ဟိုက်စင်ဟောင်ဝါထံမှ တတိယမြောက်ကြေးနန်းတစ်စောင်ကို ယနေ့ ဘင်ဂူရီယံ လက်ခံရရှိသည်။ ထိုကြေးနန်း၌ လျှို့ဝှက်အကြမ်းဖက်သမားများကို အစ္စရေးက တိုက်ခိုက်ချေမှုန်းရန် ရည်ရွယ်ချက်ရှိရာ ထိုရည်ရွယ်ချက် ယခုပြည့်စုံပါပြီ။ ထို့ကြောင့် ဆီနိုင်းကျွန်းဆွယ်အတွင်းရှိ အစ္စရေးလက်နက်ကိုင်တပ်များအားလုံး ပြန်လည်ရုပ်သိမ်းသွားရန် မေတ္တာရပ်ခံပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်မည်ဆိုပါလျှင် အစ္စရေးနိုင်ငံကို အလေးအနက်ချီးကျူးကြောင်း အမေရိကန်သမ္မတက ချက်ချင်းထုတ်ပြန်ကြေညာပါမည်ဟု ဖော်ပြထားသည်။

အစ္စရေးနိုင်ငံဆန့်ကျင်သော ပြန်ကြားချက်များကို အမေရိကန်ပြည်ထောင်စုက လက်ခံမရရှိသောအခါ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဟင်နရီကက်ဘော့လော့ချ်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ စာရေးသားပေးပို့သည်။ (ထိုလက လုံခြုံရေးကောင်စီ၏ဥက္ကဋ္ဌသည် ပြင်သစ်ကိုယ်စားလှယ်ဖြစ်ရမည်။) "အစ္စရေးနှင့် အီဂျစ်တို့၏စစ်ရေးအပြုအမူများ ရပ်တန့်သွားရန်အတွက် အရေးယူဆောင်ရွက်နိုင်ရန်"ဟူသောအချက်ကို စဉ်းစားဆုံးဖြတ်မည့်လုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးအမြန်ဆုံးခေါ်ယူရန် တောင်းဆိုသောစာ ဖြစ်နေသည်။ မနေ့က ညနေ(၁၈း၀၀)နာရီ အင်္ဂလိပ်နှင့်ပြင်သစ်တို့က ရာဇသံထုတ်သည့်အချိန်တွင် လုံခြုံရေးကောင်စီက အထူးအစည်းအဝေးကို ကျင်းပနေသည်။

"အစ္စရေးလက်နက်ကိုင်တပ်များအားလုံး တည်ရှိပြီးဖြစ်သည့် စစ်ရပ်စဲရေးမျဉ်းကြောင်း၏နောက်သို့ ချက်ချင်းပြန်လည်ရုပ်သိမ်းသွားရန် တောင်းဆိုသည်။ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များ ပျက်ပြားစေမည့် လက်နက်ကိုင်တပ်များကို အသုံးပြုခြင်း၊ သို့တည်းမဟုတ် လက်နက်ကိုင်အင်အားများဖြင့် ခြိမ်းခြောက်ခြင်းများ မည်သည့်နယ်မြေတွင်မဆို ပြုလုပ်ခြင်းကို အဖွဲ့ဝင်နိုင်ငံများအားလုံး ရှောင်ကြဉ်ကြရန် တိုက်တွန်းသည်။ ထို့ပြင် ဤဆုံးဖြတ်ချက်များကို မလိုက်နာသေးသမျှ ကာလပတ်လုံး အစ္စရေးနိုင်ငံအား မည်သို့သော စစ်ရေး၊ စီးပွားရေးအထောက်အကူပြုခြင်းများကိုမဆို ရှောင်ကြဉ်ရန် တိုက်တွန်းသည်"ဟူသော ဆုံးဖြတ်ချက်ကို ချမှတ်ပေးပါရန် အမေရိကန်ကိုယ်စားလှယ်က လုံခြုံရေးကောင်စီ အစည်းအဝေးသို့တင်သွင်းသည်။ ပြင်သစ်၊ ဗြိတိန်နှင့် အစ္စရေးနိုင်ငံများ၏ မေတ္တာရပ်ခံချက်အရ လုံခြုံရေးကောင်စီအစည်းအဝေးကို ငါးနာရီကြာ [အစ္စရေးစံတော်ချိန် (၂၃း၀၀)နာရီထိ] ရွှေ့ဆိုင်းလိုက်၏။ လုံခြုံရေးကောင်စီ၏အစည်းအဝေးပြန်လည်ကျင်းပသောအခါ အင်္ဂလိပ် ပြင်သစ်တို့၏ ရာဇသံသတင်းများရောက်ရှိလာ၏။ အမေရိကန်သမ္မတက မဟာမိတ်နိုင်ငံများက သူ့အပေါ်တွင် သစ္စာမထားခြင်း၊ မပူးပေါင်းမဆောင်ရွက်ခြင်းဖြစ်သည်ဟု သူကိုယ်သူမှတ်ယူကာ ဆက်လက်ဆောင်ရွက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်, ပြင်သစ် စီမံကိန်းကို ရှိသမျှအစွမ်း အားလုံးသုံးပြီး ဆန့်ကျင်ရန် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ကိုယ်စားလှယ်များသို့ ညွှန်ကြားချက်ပေးသည်။

မိမိတို့ကို အခွင့်အရေးမပေးသော ဆုံးဖြတ်ချက်များဖြစ်သဖြင့် လက်မခံနိုင်ကြောင်း ပြောဆိုပြီး အင်္ဂလိပ်နှင့်ပြင်သစ်နိုင်ငံများက ဗီတိုအာဏာသုံးပြီး ပယ်ချလိုက်သည်။ (၀၄း၀၀) နာရီတွင်လုံခြုံရေးကောင်စီ အစည်းအဝေးလူစုကွဲသွားတော့၏။

ထိုအချိန်မှာပင် အောက်တိုဘာ (၃၀)ရက်ညသန်းခေါင်အချိန်၌ အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက အင်္ဂလိပ်ပြင်သစ်တို့၏ ရာဇသံအပေါ် ကျွန်ုပ်တို့၏ ပြန်ကြားစကားကို ပေးပို့လိုက်သည်။

*"ရန်မီးပွားစေမည့် အပြုအမူများကို ရပ်တန့်ပြီး လက်နက်ကိုင်တပ်များအားလုံး စူးအက်တူးမြောင်းမှ (၁၀)မိုင်အကွာသို့ ပြန်ဆုတ်ရန်အတွက် အစ္စရေးနိုင်ငံအစိုးရနှင့် အီဂျစ်အစိုးရတို့ထံသို့ ပြင်သစ်နိုင်ငံ အစိုးရနှင့် ဗြိတိန်နိုင်ငံအစိုးရများက ပူးတွဲပေးပို့လိုက်သော ရာဇသံကို အစ္စရေးနိုင်ငံအစိုးရက ဖော်ပြလိုက်ပါသည်. .*

*ရာဇသံတွင်ပါရှိသည့်အတိုင်း အချိန်နှင့် ဒေသစည်းကမ်းချက်များကို လက်ခံကြောင်းနှင့် လိုအပ်သလို လက်တွေ့အရေးယူဆောင်ရွက်မှုများကို ပြီးဆုံးသည်အထိ ဆောင်ရွက်လုပ်ကိုင်သွားလိုပါကြောင်း အစ္စရေးနိုင်ငံအစိုးရက ဖော်ပြလိုပါသည်. .*

*ဤသို့လိုက်နာဆောင်ရွက်မှုကို အစ္စရေးနိုင်ငံကပြုလုပ်သဖြင့် အီဂျစ်ဘက်ကလဲ အလားတူတုံ့ပြန်လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်"*

အီဂျစ်နိုင်ငံကမူ ရာဇသံပါတောင်းဆိုချက်ကို လက်မခံနိုင်ကြောင်းဖြင့် မျှော်လင့်ထားသည့်အတိုင်း အကြောင်းပြန်ကြားသည်။ ထိုအချက်သည် အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ စိတ်ထဲတွင်ရှိသော အချက်ဖြစ်သည်။ သူတို့ဖြစ်စေချင်သော အချက်ဖြစ်သည်။ ယခုသူတို့၏ တောင်းဆိုချက်များကို လိုက်နာရန် ငြင်းဆန်သည့် အီဂျစ်နိုင်ငံကို ဆန့်ကျင်တိုက်ခိုက်နိုင်ပါပြီ။

✡

## (၁၉၅၆)၊ နိုဝင်ဘာ (၁) ရက်

(၁၉၅၆) ခု၊ အောက်တိုဘာ (၃၁) ရက်နေ့က အစ္စရေးစံတော်ချိန် (၁၆း၀၀) နာရီတွင် အင်္ဂလိပ်နှင့် ပြင်သစ်လေတပ်က အီဂျစ်လေယာဉ်ပျံကွင်းများကို စတင်ဗုံးကြဲတိုက်ခိုက်လေတော့သည်။

စတင်တိုက်ခိုက်သည့် အချိန်သည် ရာဇသံပေးပြီး (၁၂) နာရီအကြာတွင် မဟုတ်။ (၂၅) နာရီအကြာတွင် တိုက်ခိုက်ခြင်းဖြစ်၏။ အဖြစ်အပျက်များ၏ အချိန်ဇယားသည် အောက်တိုဘာ (၂၉) ရက် (၁၇း၀၀) နာရီတွင် အစ္စရေးတပ်များ မစ်တလာ၌ လေထီးဖြင့်ဆင်းသည်။ ထို့နောက် (၂၅) နာရီအကြာ အောက်တိုဘာ (၃၀)ရက် (၁၉း၀၀) နာရီအတွင်း အင်္ဂလိပ်နှင့်ပြင်သစ် လက်နက်ကိုင်တပ်များက စူးအက်တူးမြောင်းနယ်မြေကိုသိမ်းပိုက်ရန် ရည်ရွယ်ချက်ဖြင့် အီဂျစ်ကို တိုက်ခိုက်သည်။





ယခုအချိန်အထိ ရာဇသံပေးပြီးနောက်ပိုင်းသာမက အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဗုံးစတင်ကြဲပြီး နောက်ပိုင်းအထိ အီဂျစ်ခေါင်းဆောင်များသည် ၎င်းတို့၏ အမိန့်များကို မပြောင်းလဲသေးချေ။ ဆီနိုင်းကျွန်းဆွယ်အတွင်းရှိသည့် တပ်များကို စူးအက်တူးမြောင်း၏ အခြားတစ်ဖက်သို့ ရုပ်သိမ်းရန် အမိန့်မပေးသေးချေ။ အီဂျစ်ခြေလျင်တပ် |အမှတ်(၁) နှင့် (၂) တပ်မဟာများ| နှင့်သံချပ်ကာ ယန္တရားတပ် |အမှတ် (၁) သံချပ်ကာယန္တရားတပ်မဟာ| တို့သည် စစ်ဦးစီးအရန်တပ်များအဖြစ် ၎င်းတို့ဆောင်ရွက်ခဲ့သည့် စူးအက်တူးမြောင်းနယ်မြေမှ မနေ့က ဆက်လက်ချီတက်လာသည်။ ထို့နောက်ဆီနိုင်းတွင်ရှိသည့် ၎င်းတို့၏တပ်များနှင့် ဆက်သွယ်ပူးပေါင်းလိုက်သည်။ အီဂျစ်ရေတပ်စစ်ဦးစီးချုပ်ကလည်း ဆိုဗီယက်ပေးထားသည့် တော်ပီတိုသင်္ဘော (၃)စင်းနှင့် အေဘရာဟင်အယ်အဝါလ် အမည်ရှိ ဖျက်သင်္ဘောကို အစ္စရေးအားတိုက်ခိုက်ရန် အမိန့်ထုတ်လိုက်သည်။ ရှမ်အယ်လ်ရှိတ်တွင်ရှိသည့် အီဂျစ်လက်နက်ကိုင်တပ်များအား အပူတပြင်းတပ်ကူပေးရန် ဒိုမီယက် အမြန်သင်္ဘောကိုပါ အမိန့်ပေးလိုက်၏။

ထိုအခြေအနေများကို မြင်တွေ့နေရသောကြောင့် အချိန်ပြဿနာသာရှိတော့ကြောင်း၊ အချိန်ပြဿနာ ဟူသည်မှာလည်း နာရီများများမဟုတ်ကြောင်း၊ အီဂျစ်ကာကွယ်ရေးဦးစီးချုပ်က အဆိုပါတပ်များကို စူးအက်တူးမြောင်းနယ်မြေသို့ ဆုတ်ခွာသွားရန် အမိန့်မပေးမီ အချိန်ကလေးသာလျှင် ကျွန်ုပ်တို့ ကြိုးစားပမ်းစားတိုက်ရမည်ဖြစ်ကြောင်း ကျွန်ုပ် ယုံကြည်ပါသည်။

လေကြောင်းတိုက်ပွဲများမှ လွဲ၍ ယနေ့တိုက်ပွဲဖြစ်သည့် ဒေသများသည် ကျွန်ုပ်တို့၏ သံချပ်ကာတပ်များ တက်တက်ကြွကြွ တိုက်ခိုက်နေသော အဘူအဂီလာဒေသနှင့် အမှတ် (၂၀၂) လေထီးတပ်မဟာ ဝင်ရောက်တိုက်ခိုက်နေသည့် မစ်တလာဒေသများ ဖြစ်လေသည်။

မစ်တလာတိုက်ပွဲသည် မနေ့က (အောက်တိုဘာ ၃၁ ရက်) (၁၂း၃၀) နာရီတွင် စတင်ဖြစ်ပွားသည်။ နံနက်စောစောတုန်းက လေထီးတပ်မဟာ၏ ပင်မတပ်များ နခါလ်ဇဟိုဒေသကိုဖြတ်ပြီး မစ်တလာရှိတပ်များနှင့် ပူးပေါင်းပြီး မကြာမီမှာပင် တပ်မဟာမှူးသည် ရှေ့သို့ဆက်လက်ချီတက်ပြီး တောင်ကြားလမ်းကို သိမ်းပိုက်ချင်နေသည်။

သို့သော်လည်း ထိုသို့ပြုလုပ်ခြင်းကို ရှောင်ကြဉ်ရန် ကာကွယ်ရေးဦးစီးချုပ်က တိတိကျကျ အမိန့်ပေးထားသည်။ ထို့ကြောင့် လှည့်ကင်းထွက်ခွင့်ပေးရန် အမိန့်ခံသည်။ ထွက်ခွင့်ပေးလိုက်သည်။ မွန်းလွဲပိုင်းတွင် လှည့်ကင်းသည် ရှေ့သို့ချီတက်သွား၏။ လှည့်ကင်းဟု ဆိုသော်လည်း တောင်ကြားလမ်းကို သိမ်းပိုက်နိုင်သည့် အင်အားရှိသော တိုက်ခိုက်ရေးတပ်ကြီး ဖြစ်၏။

တင့်ကားခါးပြတ်များနှင့် တင်ဆောင်ခေါ်ယူသွားသော ခြေလျင်တပ်ခွဲ (၂)ခု၊ တင့်ကား (၃)စီး၊ ထရပ်ကားများဖြင့် လိုက်ပါသွားသည့် တပ်မဟာကင်းထောက် တပ်ဖွဲ့နှင့် အကြီးစားမော်တာတပ်ဖွဲ့တစ်ဖွဲ့ ပါဝင်သော လှည့်ကင်းဖြစ်သည်။ လှည့်ကင်းကို တပ်ရင်းမှူးက ခေါင်းဆောင်ကွပ်ကဲသွားသည်။ ဒု-တပ်မဟာမှူးကိုယ်တိုင်လည်း လှည့်ကင်းနှင့်အတူ လိုက်ပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မော်တော်ကားတန်းကြီး တောင်ကြားလမ်းအတွင်းသို့ ဝင်လျှင်ဝင်ချင်း လမ်းတစ်ဖက်တစ်ချက်ပေါ်ရှိ တောင်ကုန်းများပေါ်မှ အပြင်းအထန် တရစပ် ဆီးကြိုတိုက်ခိုက်မှုနှင့် ရင်ဆိုင်ရတော့၏။ တိုက်ပွဲကြီးများ ဖြစ်ပွားခြင်းမှ ရှောင်ကြဉ်ရန် လှည့်ကင်းကို အမိန့်ပေးထားသည်။ သို့သော် သူတို့သည် အီဂျစ်စစ်တပ်အနည်းငယ်သာ နေရာယူတပ်စွဲထားသည့် တောင်ကြားလမ်းတစ်လျှောက်သို့ ဆက်လက်ချီတက်သွားကြ၏။ တပ်ဦးသည် ရှေ့သို့တိုးပြီး ချီတက်သွားလေလေ၊ ခုခံပစ်ခတ်မှုများ ပြင်းထန်လေလေ ဖြစ်နေတော့၏။ တင့်ကားခါးပြတ်များနှင့် ၎င်းတို့အပေါ်တွင် လိုက်ပါလာကြသည့် တပ်သားများ ထိကုန်သည်။

တပ်မှူးက ရှေ့ရောက်သွားသည့် တပ်ဦးကို ကယ်နိုင်ရန် ရှေ့သို့ တရကြမ်း ဖိပြီးတက်ခဲ့သည်။ သို့သော်လည်း မချီတက်နိုင်။ နောက်သို့လည်း ပြန်မဆုတ်နိုင်သဖြင့် ရန်သူ၏ထင်တိုင်းပစ်ခတ်မှုကို အလူးအလဲခံနေရသည်။ မော်တော်ကားတန်း၏ တပ်ဦးကမူ ပြင်းထန်သော ရန်သူ့ကျည်ဆန်များအကြားမှ ထိုးဖောက်ထွက်သွားနိုင်ပြီး တောင်ကြားလမ်း၏ အနောက်ဘက်လမ်းဆုံသို့ ရောက်သွားလေသည်။ တပ်ဦး၏အင်အားသည် တပ်ခွဲတစ်ခွဲကျော်ကျော် ရှိ၏။ ကြည်းတပ်အားလုံးမှာမူ ရန်သူ၏ဦးနှိမ်ထားခြင်းကို ခံနေရ၏။ ခေါင်းမဖော်နိုင်ဘဲ ကျုံ့ခံနေကြရ၏။ နှစ်ဖက်တောင်ကုန်းများပေါ်မှ အပေါ်စီးယူပြီး စိတ်တိုင်းကျ ပစ်ခတ်မှုအောက်တွင် အထိအခိုက်အကျအဆုံးသည် အဆမတန်များပြားလာတော့၏။

အစွရေးလေတပ်သားများသည် (၁၃း၀၀)နာရီမှ (၂၀း၀၀)နာရီ အထိ (၇) နာရီလုံး အလွန်တရာ ပြင်းထန်သော၊ ခါးသီးသော တိုက်ပွဲကြီးကို တိုက်ခိုက်ခဲ့ကြရ၏။ နောက်ဆုံးတွင် ရန်သူကို တွန်းလှန်လိုက်နိုင်ပြီး ရန်သူ့စခန်းများကို ထိုးဖောက်သိမ်းပိုက်လိုက်နိုင်၏။ ထို့နောက်တွင် တောင်ကြားလမ်းမကြီးတစ်ခုလုံးကို သိမ်းပိုက်ရရှိလေတော့သည်။ အတွေ့အကြုံရင့်ကျက်ပြီးဖြစ်သော အစွရေးတပ်များသည်ပင်လျှင် ဤမျှကြီးမား ပြင်းထန်ဆိုးရွား ခက်ခဲသည့် တိုက်ပွဲမျိုးနှင့် မကြုံဖူးသေးချေ။ ကျွန်ုပ်တို့တပ်၏ အကျအဆုံးစာရင်းသည် အစဉ်အလာများကို ကျော်လွန်ပြီး အလွန်တရာ များပြားသွားလေသည်။

ကျွန်ုပ်တို့ဘက်မှ (၃၈)ဦး ကျဆုံးပြီး (၁၂၀) ဒဏ်ရာရသည်။

အီဂျစ်စစ်တပ်များသည် တောင်ကြားလမ်း၏ တစ်ဖက်တစ်ချက်တွင်ရှိသည့် သဘာဝအရ အကာအကွယ်ကောင်းကို ဖန်တီးပေးထားသော ဆင်ခြေလျှောနေရာများတွင် နေရာယူထားကြသည်။ တောင်ကြားလမ်းတစ်ခုလုံးကို ၎င်းတို့၏ မောင်းပြန်သေနတ်များ၊ တင့်ကားဖျက်အမြောက်ကြီးများဖြင့် မိုးပြီးဖုံးအုပ်ထားလိုက်၏။ အောက်တိုဘာ (၃၀)ရက်နေ့ မနက်စောစောပိုင်းတွင် တောင်ကြားလမ်းကို သိမ်းပိုက်ရန်အတွက် အမှတ် (၆)တပ်ရင်းမှ တပ်ခွဲတစ်ခုတပ်ကူဖြည့်ထားသော အမှတ် (၅)တပ်ရင်းကို တပ်မဟာ(၂)က စေလွှတ်လိုက်သည်။ အဆိုပါ အီဂျစ်ခြေလျင်တပ်ခွဲ (၅)ခုသည် အလတ်စားစက်သေနတ် (၁၃) လက်၊ (၅၇)မမ တင့်ကားဖျက်အမြောက် (၁၂)လက်၊ ချက်ကိုစလားဗီးယားလုပ် နောက်ပွင့်အမြောက် (၄၀)ခန့်တို့ကို ကိုင်စွဲလာကြ၏။





ကာဘရစ်လေယာဉ်ပျံကွင်းမှ မစ်တိုက်လေယာဉ် (၆)စင်းက အကာအကွယ်ပေးထားသော မီတီမော်တိုက်လေယာဉ်ပျံ လေးစင်းကပါ ခြေလျင်တပ်ရင်းများကို အကူအညီပေးရသည်။ ထိုအချိန်က မစ်တလာ အနီးတစ်ဝိုက်တွင် ကျွန်ုပ်တို့၏ အော်ရေဂန် တိုက်လေယာဉ်(၆)စင်းရှိသည်။ သို့သော် ဆက်သွယ်မှုချွတ်ယွင်းနေသော ကျွန်ုပ်တို့တပ်များက အကူအညီပေးရန် လေယာဉ်ပျံများကို အချက်မပြနိုင်ခဲ့ချေ။

တိုက်ပွဲစတင်ဖြစ်ပွားသည်နှင့် တစ်ပြိုင်တည်း လက်နက်ခဲယမ်းမီးကျောက်တင်သည့် ထရပ်ကားနှင့် အခြားမော်တော်ယာဉ် (၃)စီးအတွက် ဓာတ်ဆီတင်သည့် ထရပ်ကားနှင့် အခြားမော်တော်ယာဉ် (၃)စီးအတွက် ဓာတ်ဆီတင်သည့် မော်တော်ယာဉ်ကြီးမှာ မီးဟုန်းဟုန်း တောက်လောင်သွားတော့၏။ တင့်ကားခါးပြတ်ပေါ်မှခုန်ဆင်းသည့်တပ်ခွဲမှူးသည် နေရာမှာပင် ပွဲချင်းပြီးသေဆုံးသွား၏။ တပ်ဖွဲ့များကို အကူအညီပေးရသည့် (၁၂၀) မော်တော်ကားကြီးများလည်း တိုက်ပွဲအတွင်းမှ ထွက်ခွာသွားရတော့၏။ တင့်ကားခါးပြတ် (၄)စီး၊ တင့်ကားတစ်စီး၊ ဂျစ်ကားတစ်စီးနှင့် သူနာပြုကားတစ်စီးတို့ကို ထိမှန်ပြီး ဆက်လက်မောင်းနှင်၍ မရတော့ချေ။

ကျွန်ုပ်တို့တပ်များသည် အီဂျစ်များရှိနေသည့် ဘေးတစ်ဖက်တစ်ချက်မှ တောင်ကုန်းများပေါ်သို့ အသေခံထိုးတက်ပြီး ရန်သူနှင့် လက်တစ်ကမ်းတိုက်ပွဲများဆင်နွှဲပြီး အီဂျစ်တို့၏နေရာများကို တစ်ခုပြီးတစ်ခု သိမ်းပိုက်ရန်နည်းလမ်းသာ ရှိတော့သည်။

ဤနည်းသည် အောင်ပွဲခံယူခြင်းဖြင့် ယခုတိုက်ပွဲကို အပြီးသတ်နိုင်ရေးတစ်ခုတည်းအတွက်သာ မဟုတ်၊ မီးလောင်နေသည့် မော်တော်ယာဉ်များ အနီးတွင် ထိခိုက်ဒဏ်ရာရသူများ၊ ကျဆုံးသူများ အဆမတန်များပြားနေလေရာ ထိုထိခိုက်ကျဆုံးမှုကိုပါ လျှော့နည်းစေရန် ဖြစ်သည်။

ထိုအစီအစဉ်အတိုင်းပင် သူတို့ထိုးဖောက်တိုက်ခိုက်ကြသည်။ ရန်သူများကြားမှထွက်ပေါက်ရနိုင်ရန် ထိုအခြေအနေမျိုးကို ထိန်းသိမ်းပြီး အောင်ပွဲခံနိုင်သည့် တပ်ဖွဲ့မျိုး၊ အစ္စရေးတပ်မတော်တွင် ရှိနိုင်တော့မည် မဟုတ်ဟု ကျွန်ုပ်ထင်ပါသည်။ ထပ်ဖြည့်တပ်ခွဲနှစ်ခု စစ်ကူရောက်လာသည်။ စစ်ကူရောက်လာသည့် တပ်နှင့်ပူးပေါင်းပြီး အီဂျစ်တို့နေရာများပတ်လည်တွင် လမ်းရှာပြီးချီတက်ကြသည်။ ဆင်ခြေလျှောတွင် လိုဏ်ဂူများတူးနေသည့် ရန်သူစစ်ကြောင်းကို ချိုးဖောက်ပြီး သိမ်းပိုက်ပစ်လိုက်နိုင်သည်။ တိုက်ပွဲပြီးဆုံးသောအခါတွင် အီဂျစ်အလောင်းပေါင်း (၁၅၀)ဦးကို တွေ့ရသည်။ ဒဏ်ရာရသူများနှင့် ကျန်လူများသည် အမှောင်အတွင်းသို့ ထွက်ပြေးပျောက်ကွယ်သွားပြီး စူးအက်တူးမြောင်းကို ဖြတ်ကူးသွားကြ၏။ သွေးချောင်းစီးသည့် တိုက်ပွဲကြီးကိုဆင်နွှဲပြီး မစ်တလာရှိတိုင်တန်ကို သိမ်းပိုက်လိုက်ခြင်းအားဖြင့် တပ်မဟာသည် စူးအက်တူးမြောင်းသို့ ရောက်နိုင်အောင်ချီတက်ရန် တာဝန်ယူထားသည်ဆိုပါက ထိုသို့မပြုရန် ဟန့်တားလိုက်ခြင်းနှင့် တူညီသည်။ စူးအက်တူးမြောင်းသို့ ချီတက်မည်ဆိုလျှင် ကတုတ်ကျင်းများအတွင်း၌ အခိုင်အမာခိုအောင်းနေသည့် အီဂျစ်တို့၏ တိုက်ခိုက်မှုကို ထိုကဲ့သို့ပင် ကြုံတွေ့ရမည်ဖြစ်ကြောင်း ဖော်ပြသတိပေးလိုက်ခြင်းနှင့်တူညီသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ယခုအခြေအနေများအရ ကျွန်ုပ်တို့သည် တောင်ပိုင်းသို့ ဦးတည်ချီတက်ပြီး ရှမ်းအယ်ရှိတ်ကိုသိမ်းရန်သာ ရည်ရွယ်၏၊ စူးအက်တူးမြောင်းအနီးသို့ ရောက်ရန်မဟုတ်ပေ၊ စူးအက်တူးမြောင်းသို့ သွားရာလမ်း၌ ခုခံနေသော အီဂျစ်တပ်များကို တိုက်ရန်မလိုချေ။

လေထီးတပ်မှူးများ၏ ပြောင်မြောက်မှု၊ သတ္တိရှိမှု၊ တိုက်ခိုက်မှု စိတ်ဓာတ်များသည် အရည်အချင်း မြင့်မားလှ၏။ ကြီးမားလှ၏။ ချီးကျူးရမည့် အရည်အချင်းများ ဖြစ်သည်။ သို့သော်လည်း ယခုတိုက်ပွဲကား မလိုအပ်သော တိုက်ပွဲမျှသာ ဖြစ်သည်။ ထိုမျှသာမက တောင်ကြားလမ်းကို သိမ်းပိုက်အပြီးတွင် လေထီးတပ်များသည် ပတ်ကားကျောက်တိုင်အနီးတွင် ဆက်လက် တပ်စွဲနေတော့မည်။ ထို့ကြောင့် တောင်ကြားလမ်းကို တိုက်ရ၏။ သိမ်းပိုက်ရ၏။ ပြီးလျှင် စွန့်လွှတ်ခဲ့ရ၏။

ထိုတပ်ဖွဲ့များကို ကျွန်ုပ်က များစွာခွင့်လွှတ်လိုက်ခြင်းနှင့် ပက်သက်၍ စစ်ဦးစီးအဖွဲ့အထက်တန်းအရာရှိများက လက်မခံနိုင်ကြဘဲ ကျွန်ုပ်၏အပြုအမူကို လေ့လာနေ၏။ သူတို့သည် ကျွန်ုပ်၏အမိန့်ကို ဖီဆန်ပြီး မစ်တလာတောင်ကြားလမ်းကို တိုက်ခိုက်ကြ၏။ တိုက်ပွဲသည် အကျအဆုံးများပြားခြင်းအပေါ် ကျွန်ုပ်တို့ မည်မျှစိတ်မချမ်းမသာဖြစ်ရသည်ကို ပြောရန်မလိုတော့ပါ။ သို့သော်လည်း လေထီးတပ်ဖွဲ့တပ်မှူးကို ကျွန်ုပ်အပြင်းအထန် ကန့်ကွက်၏။ သူတို့သည် စစ်တိုက်ရန် ထွက်သွားခြင်းကို "လှည့်ကင်းထွက်ပါသည်"ဟု လိမ်ညာပြီး ကျွန်ုပ်ကို ကျေနပ်အောင် အစီရင်ခံသည်။ ထိုသို့ လိမ်ညာအစီရင်ခံခြင်းကို ကျွန်ုပ် မကျေနပ်ဆုံးဖြစ်သည်။ ကျွန်ုပ်တို့သည် အချင်းချင်း ယုံကြည်စိတ်ချမှု ရှိကြရမည်။ ကျွန်ုပ်၏အမိန့်များကို ဆန့်ကျင်ပြီး ဆောင်ရွက်လိုပါသည်ဆိုလျှင် အတိအလင်းပင်ထုတ်ဖော်၍ တိုက်ရိုက်ပြောဆိုသင့်ကြပါသည်။

မစ်တလာတိုက်ပွဲကို လေ့လာရာတွင် မှားယွင်းမှုနှင့် အမိန့်ချိုးဖောက်မှု နှစ်ခုအကြား ထင်ရှားမှုကို တွေ့ရ၏။ ယခုအပြုအမူဆိုလျှင် မှားယွင်းမှုမဟုတ်။ အမိန့်ချိုးဖောက်မှုသာ ဖြစ်၏။ သို့သော်လည်း သူတို့ကို ကျွန်ုပ် နားလည်နိုင်ပါသည်။ ယခုအချိန်သည် ကျွန်ုပ်တို့ လွတ်လပ်ရေး စစ်ပွဲဆင်နွှဲခဲ့သည်မှာ (၈) နှစ်မျှသာ ကြာမြင့်သေးသည်။ လွတ်လပ်ရေး စစ်ပွဲစလာတုန်းက ကျွန်ုပ်သည် ဂျစ်ကားတပ်ရင်းမှူး ဖြစ်၏။ ထိုစဉ်ကလည်း ကျွန်ုပ်၏တပ်များလုံခြုံရေးအတွက် လိုအပ်မည်ထင်လျှင် စစ်ဦးစီးချုပ်၏အမိန့်ကို ချိုးဖောက်ဆန့်ကျင်ရလင့်ကစား ဆန့်ကျင်ပြီး ကျွန်ုပ် တိုက်ခိုက်မည်သာဖြစ်သည်။

တပ်မှူးတစ်ယောက်သည် ထိုဒေသတွင် မရှိသော၊ ထိုဒေသ၏အခြေအနေကို မသိသော၊ ရန်သူများ၏စခန်းများကို မသိသော ဦးစီးအရာရှိများကို ကျေနပ်အောင် အယုံသွင်းပြီး တိုက်ခိုက်ရမည်သာဖြစ်ကြောင်းကို ကျွန်ုပ် ကောင်းစွာ ယုံကြည်လက်ခံထား၏။ ထိုဒေသနှင့် ထိုဒေသရှိရန်သူ၏အခြေအနေကို ကောင်းစွာသိရှိကာ ထိုဒေသသို့ ရောက်နေသည့် တပ်မှူးတစ်ယောက်၏ အဆုံးအဖြတ်သည် ပိုမို မှန်ကန်ဖွယ်အကြောင်း ရှိပါသည်။ လေထီးတပ်၏အဓိကမှားယွင်းမှုသည် တိုက်ခိုက်မှုနည်းစနစ် မှားယွင်းခြင်းဖြစ်၏။ မစ်တလာတွင် အင်အားကောင်းသည့် အီဂျစ်စစ်တပ် မရှိနိုင်ဟု တပ်မှူးက ခန့်မှန်းသည်။





ထို့ကြောင့်လည်း ထိုလမ်းကြောင်းကြီး တစ်လျှောက်သို့ မော်တော်ကားများပေါ်တွင် စစ်သားများတင်ဆောင်ပြီး စစ်ကြောင်းကြီးပုံသဏ္ဌာန်ဖြင့် ချီတက်သွားစေခြင်း ဖြစ်၏။ ရန်သူများနှင့် ရင်ဆိုင်တိုးလင့်ကစား အချိန်မီတပ်ဖြန့်ခြင်းနှင့် တိုက်ခိုက်ခြင်းကို ပြုလုပ်နိုင်လိမ့်မည်ဟု သူတို့တွေးထင်ထားကြသည်။

သူတို့သည် သူတို့ကိုယ်သူတို့ အလွန်တရာ ယုံကြည်စိတ်ချထားကြသူများ ဖြစ်သည်။ အမြန်ဆုံး တပ်စုစည်းနိုင်ခဲ့သည်။ အမြန်ဆုံး တိုက်ပွဲဝင်နိုင်ခဲ့သည်။ သို့သော်လည်း မစ်တလာတောင်ကြားလမ်း၏အနေအထားသည် အထက်ပါ အမြန်ဆုံးတပ်စုစည်း၊ အမြန်ဆုံး တိုက်ပွဲဝင်နေသောနည်းစနစ်ကို အသုံးပြု၍ဖြစ်နိုင်သော အနေအထားမျိုးမဟုတ်ချေ။ တစ်နည်းအားဖြင့် ထိုဒေသ၏မြေမျက်နှာပြင်နှင့် လေကြောင်းအခြေအနေများအားလုံးကို တပ်မှူးလေ့လာပြီးကြောင်း ယုံမှားသံသယဖြစ်ဖွယ်မရှိပါ။ တကယ်တမ်းတိုက်ခိုက်သောအခါကျမှပင် ရန်သူနယ်မြေအတွင်းသို့ တပ်ကျွံဝင်သွားပြီး မိုင်ပေါင်းများစွာ ဝေးကွာသောအရပ်၌ တပ်မဟာကို ထားရစ်ခဲ့ရပြီး အဆက်အသွယ်များပြတ်တောက်ကုန်ရခြင်းနှင့် ရင်ဆိုင်ရ၏။ ထိုကဲ့သို့ မိမိ၏မိခင်တပ်မဟာနှင့် မိုင်ပေါင်းများစွာ ဝေးကွာနေချိန်တွင် အီဂျစ်တင့်ကားများနှင့် လေတပ်အခြေစိုက်စခန်းများကမူ မိုင်အနည်းငယ်မျှသာ ဝေးကွာသောအရပ်ဒေသတွင် ရှိနေ၏။

သူတို့၏ မှားယွင်းဆုံးဖြတ်မှုနှင့် တိုက်ခိုက်မှုနည်းစနစ် မှားယွင်းမှုများကြောင့် သူတို့ပေးရသည့်တန်ဖိုးသည် များပြားလှသည့် သွေးများဖြစ်တော့သည်။ ၎င်းတို့၏ အခြေအနေဆိုးရွားပြီး ရန်သူ၏ချေမှုန်းခြင်းကို အလူးအလဲခံရစဉ်ကတည်းက ကျွန်ုပ်၏ အမိန့်အားချိုးဖောက်မှုကို ကျွန်ုပ်က ခွင့်လွှတ်ပြီးဖြစ်ပါသည်။ သူတို့ဆောင်ရွက်ရမည့် တာဝန်ကို ကျော်လွန်ပြီး လိုအပ်သည်ထက်ပို၍ တိုက်ခိုက်သွားနိုင်သည့်၊ အောင်ပွဲခံနိုင်သည့်အချိန်ကျမှ ခွင့်လွှတ်ခြင်းမဟုတ်ပါ။

မနေ့တုန်းက ကျွန်ုပ်တို့တပ်များက မြေပြင်စစ်ပွဲများကိုဆင်နွှဲကြသည်။ ထိုနေ့သည် အမှတ်(၇) သံချပ်ကာ ယန္တရားတပ်မဟာ၏နေ့ပင် ဖြစ်သည်။ ၎င်းတို့သည် အဘူအဂီလာ၊ ရော်ဖာဇရလှောင်ဆည်၊ ဘာဟတ်စ်နာ၊ ဂျေဘယ်လစ်ဗနီနှင့် ဘာဟမ္မာတို့ကို သိမ်းပိုက်လိုက်၏။ သူတို့လည်း ကံမကောင်းမှုများနှင့် တွေ့ကြုံကြရသေးသည်။

ထိုနေ့တစ်နေ့လုံး ကျွန်ုပ်တို့လေယာဉ်ပျံကြီးများ၏ မှားယွင်းတိုက်ခိုက်မှုကို အကြိမ်ပေါင်းများစွာခံနေရသည်။ ကျွန်ုပ်တို့၏တင့်ကားခါးပြတ်တပ်ဖွဲ့တစ်ခုကို ကျွန်ုပ်တို့ လေယာဉ်ပျံများကပင် စစ်သေနတ်နှင့်ပစ်ခတ်တိုက်ခိုက်၏။ ဂျေဘယ်လစ်ဗနီတွင်လည်း ခွဲထုတ် တင့်ကားတပ်ကို အော်ရေဂန် လေယာဉ်ပျံမှူးက တိုက်ခိုက်ရာ (၇) ဦးဒဏ်ရာရပြီး မော်တော်ယာဉ်တချို့ ပျက်စီးသွား၏။ ထိုသို့ဖြစ်ရသည်မှာ အမှတ်(၇)သံချပ်ကာ ယန္တရားတပ်မဟာနှင့် အစ္စရေးလေတပ်မတော်တို့ အဆက်အသွယ် ကောင်းစွာမရသောကြောင့် ဖြစ်၏။ ဆက်သွယ်မှု မလုံလောက်သောကြောင့် ဖြစ်၏။ ကူစီမာသို့ ဝင်ရောက်သွားပြီးသည်မှစပြီး လေတပ်အကူအညီတောင်းသည့် အချက်ပြဆက်သွယ်ရေး ကိရိယာများသည် သုံးမရအောင် ပျက်စီးသွားလေ၏။ အောက်တိုဘာ (၃၀)ရက်နှင့်(၃၁)ရက်၊ နှစ်ရက်စလုံး ပြန်လည်ပြင်ဆင်၍ မကောင်းနိုင်သေးချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တပ်မဟာသည် လေတပ်နှင့် လုံးဝ အဆက်အသွယ်မပြုနိုင်တော့ခြင်းဖြစ်၏။ အောက်တိုဘာ (၃၀)ရက်နေ့ညက ဒိုက်ကာကို သိမ်းပိုက်အပြီး သံချပ်ကာတပ်ရင်းသည် လမ်းကျဉ်းများကို ဖြတ်ပြီး တက်လာ၏။ နံနက်အရုဏ်တက်တွင် မြောက်ပိုင်းရှိ ရည်ရွယ်ချက် နေရာများကို တိုက်ခိုက်နိုင်ရန်အတွက် အသင့်ရှိရန်ဖြစ်သည်။ ဒိုက်ကာတောင်ကြားလမ်းကိုဖြတ်၍ ချီတက်တိုက်ခိုက် တံတားဖောက်ခွဲ ချိုးဖြတ်ခြင်းခံရပြီး ဆက်တက်ရန် အခက်ကြုံခဲ့၏။ တစ်ညလုံး အချိန်ကုန်ပြီး တပ်သားများအားလုံးခြေကုန်လက်ပန်းကျကုန်တော့၏။

သာမန်သယ်ယူပို့ဆောင်ရေး ယာဉ်များသာမက (၆×၆) ထရပ်ကားများသည်ပင်လျှင် ရှေ့ဆက်သွားရန် ခက်ခဲနေ၏။ တိုက်ခိုက်ရေး မော်တော်ယာဉ်များဖြစ်သော တင့်ကားနှင့် တင့်ကားခါးပြတ်များသည်သာလျှင် လမ်းကျဉ်း၏ အခြားအစွန်ဘက်သို့ အရုဏ်တက်ချိန်ကျမှ ရောက်လာနိုင်တော့သည်။

(၀၅း၃၀)တွင် အဘူအဂီလာကို တိုက်ခိုက်ရန် သံချပ်ကာကားတပ်သည် ရှေ့သို့တက်လာ၏။ ခံစစ်အတွင်းရှိနေသည့် အီဂျစ်တပ်များသည် ကျွန်ုပ်တို့၏ သံချပ်ကာကားများ တစ်ညလုံးမောင်းနှင်နေသည်ကို ကြားနေရ၏၊ မြင်နေရ၏။ အသင့်ပြင်ဆင်ကာစောင့်ဆိုင်းနေကြ၏။ ကျွန်ုပ်တို့၏ သံချပ်ကားများမှာ သူတို့၏စခန်းနှင့် (၃) ကီလိုမီတာအကွာသို့ ရောက်သည်တွင် သူတို့က စတင်၍ ဆီးကြိုပစ်ခတ်ကြသည်။ အမြောက်ဆန်များ ကျလာသည်။ ကျွန်ုပ်တို့၏ ခြေလျင်တပ်ရင်းများကို ရပ်တန့်သွားစေ၏။ သို့သော်လည်း တင့်ကားနှင့်တင့်ကားခါးပြတ်များက ရှေ့သို့ဆက်လက် ချီတက်လျက်ပင် ရှိသည်။ အီဂျစ်စခန်းများနှင့် ကိုက်(၂၀၀) မှ (၃၀၀) ခန့်အကွာသို့ တပ်ဦးမှတင့်ကားများရောက်ရှိသွားသည်တွင် တင့်ကားဖျက်အမြောက်ကြီးများ၊ စက်သေနတ်ကြီးများဖြင့် တည့်တည့်ပစ်ခတ်ခြင်း ခံရသည်။

ခွဲထုတ်တင့်ကားတစ်ခုက ရန်သူစခန်းများကို လက်ဝဲဘက်မှ လှည့်ဝိုင်းရန် ဘေးသို့ပန်းထွက်လာခဲ့၏။ ထိုသို့ထွက်အလာ ရေခန်းခြောက်နေသည့် ဇောက်နက်သောချောင်းတစ်ခု ခံနေသည်ကို တွေ့ရသည်။ သို့သော်လည်း ချောင်းသို့ မရောက်မီနေရာသည် ပစ်ခတ်တိုက်ခိုက်ရန် ကောင်းသောအကွင်းအကွက် ဖြစ်နေ၏။ တင့်ကားများ၏ပစ်ခတ်ကူညီခြင်းဖြင့် တင့်ကားခါးပြတ်တပ်ဖွဲ့က လမ်းတစ်လျှောက် ချီတက်သွားနိုင်ပြီး အီဂျစ်တပ်စခန်းများကို ချိုးဖောက်ပစ်နိုင်ချေမည်။

ထိုအချိန်မှာပင် ကျွန်ုပ်တို့ဘက်မှညာတောင်ပံတပ်များသည် အကာအကွယ်ကင်းမဲ့လျက် ရှိနေကြ၏။ ထိုအချက်ကို သတိပြုမိသော အီဂျစ်တပ်မှူးက ခြေလျင်တပ်ခွဲတစ်ခုကို စေလွှတ်ပြီး တိုက်ခိုက်စေသည်။ စခန်းများအတွင်းမှ ကာပစ်ပစ်ပေးပြီး ရှေ့သို့တိုးထွက်လာနိုင်ရန် ကြိုးစားကြ၏။ သို့သော်လည်း သံချပ်ကာတပ်စစ်ကြောင်း၏ နောက်ပိုင်းတွင်ရှိနေသည့် အီဂျစ်များ ပြန်ထွက်သွားအောင် ပြုလုပ်ပေးနေသော ကျွန်ုပ်တို့၏ တင့်ကားခါးပြတ်တပ်စုတစ်စုက ၎င်းတို့ကို နောက်ပြန်ဆုတ်ပြီးစခန်းအတွင်း ပြန်ဝင်သွားအောင် ဆီးကြိုတိုက်ခိုက်သည်။ ထိုစခန်းများသို့ တင့်ကားများနှင့် တင့်ကားခါးပြတ်ကားများရောက်ရှိသွားသောအခါ တိုက်ပွဲသည် အဆုံးအဖြတ်ပေးပြီးသား ဖြစ်သွား၏။





သို့သော်လည်း ခုခံသူအချို့က သတ္တိရှိရှိဖြင့် ခုခံတိုက်ခိုက်ဆဲရှိ၏။ ဘဇူကာများက တင့်ကားများကို ပစ်ခတ်လျက်ပင် ရှိသေး၏။ တိုက်ပွဲစတင်ပြီး တစ်နာရီအကြာ (၀၆း၃၀)နာရီတွင် တိုက်ပွဲပြီးဆုံးသွားလေသည်။ ကျွန်ုပ်တို့ဘက်က အထိအခိုက်အကျအဆုံးနည်းပါးသည်။ အီဂျစ်ဘက်က အကျအဆုံးကိုမူ မသိရချေ။ စခန်းကို ခြေလျင်တပ်ခွဲတစ်ခုနှင့် အကူအညီတပ်များက သိမ်းပိုက်တပ်စွဲထားလိုက်၏။ အရာရှိခေါင်းဆောင်သည့် အီဂျစ်စစ်သားများသည် ကျွန်ုပ်တို့၏လမ်းပိတ်ဆို့ရေးတပ်ဖွဲ့သို့ လာရောက်လက်နက်ချ၏။ ကျွန်ုပ်တို့တပ်မှူးက သုံ့ပန်းများအဖြစ်လက်ခံရန်ငြင်းဆန်သည်။ တပ်ရင်းမှူးထံမှ အမိန့်ရောက်လာသည်တွင် သဲကန္တာရအတွင်းသို့ ထွက်ပြေးနှင့်ပြီဖြစ်သောအီဂျစ်တပ်သားများ နောက်သို့လိုက်ပြီး ပူးပေါင်းရန် ပြန်လွှတ်ပေးလိုက်သည်။ သူတို့အရေအတွက်ကို မည်သူကမျှ ဂရုစိုက်ပြီး ရေတွက်နေခြင်း မရှိပါ။

သိမ်းပိုက်ပြီးခဏအကြာ၌ အဘူအဂီလာသည် အမ်ရှိဟန်ရှိ အီဂျစ်အမြောက်တပ်စခန်းများက အပြင်းအထန်ပစ်ခတ်သော အမြောက်ဆန်များအောက်တွင် ရောက်နေရပြန်၏။ တစ်ချိန်တည်းမှာပင် ယာဉ်တင်ခြေလျင်တပ်၊ တင့်ကားဖျက်လက်နက်များ၊ မြောက်မြားစွာသောတင့်ကားများပါဝင်သည့် ရန်သူတပ်တစ်တပ်သည် အယ်လ်အရစ်ရှ်ဘက်မှနေ၍ ဦးတည်ချီတက်လာသည်။ ထိုတပ်က ကျွန်ုပ်တို့ သိမ်းပိုက်ထားသည့် စခန်းများကိုထိုးဖောက်နိုင်ရန် နှစ်ကြိမ်တိုင်တိုင်ချီတက်သည်။ နှစ်ချီစလုံး တင့်ကားဖျက်လက်နက်များဖြင့် တွန်းလှန်ပစ်လိုက်နိုင်၏။ သေများ၊ ဖုန်များ တထောင်းထောင်းထပြီး ဆုတ်ခွာသွားကြသည်။ ၎င်းတို့ တတိယအကြိမ်မြောက် ကြိုးစားကြပြန်သည်တွင် ကျွန်ုပ်တို့တပ်များသည် လေတပ်မတော်၏အကူအညီဖြင့် တွန်းလှန်တိုက်ခိုက်ပစ်လိုက်၏။ မီးလောင်နေသည့် မော်တော်ယာဉ်များနှင့် မီးခိုးလုံးကြီးများကို ထားရစ်ခဲ့ပြီး လုံးဝပျောက်ကွယ်သွားကြတော့သည်။

ထိုနေ့က သံချပ်ကာ ယန္တရားတပ်မဟာ၏ အပြင်းထန်ဆုံးသော တိုက်ပွဲသည် ရော်ဖာရေလှောင်ဆည်ကြီးတွင် ဖြစ်ပွား၏။ ရန်သူနှင့် တိုက်ခိုက်ရသောတပ်သည် ထိုနေ့မနက်က အဘူအဂီလာကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် တပ်ရင်းပင်ဖြစ်၏။ ထိုတပ်ရင်းမှ ရဲဘော်များသည် သုံးရက်လုံးလုံးအနားမယူရဘဲ ဆက်တိုက်တိုက်ခိုက်ခဲ့ကြရသည်။ သူတို့များစွာပင်ပန်းနေပြီး ခြေကုန်လက်ပန်းကျနေကြပြီ။ သို့သော်လည်း သူတို့၏ တပ်မှူးက ရှေ့သို့ဆက်ရန်သာ မောင်းနေ၏။ ချဉ်းနင်းဖောက်ထွင်း တိုက်ခိုက်မှုအရှိန်ကို အပြည့်အဝ အသုံးချအမြတ်ထုတ်ရန် တိုက်တွန်းနေ၏။ မနေ့ညတုန်းက မိုင်းရှင်းတပ်သားများသည် သုံးနာရီမျှသာ အိပ်စက်ခဲ့ရသည်။ အိပ်ရေးဝအောင် မအိပ်ရသဖြင့် နိုးကြားမှုမရှိဘဲ မိုင်းမြှုပ်နယ်မြေတွင် မိုင်းရှင်းလျှင် ထိထိရောက်ရောက်အောင်မြင်မည် မဟုတ်။

အမိန့်ပေးအဖွဲ့က သုံးမိနစ်အကြာဖြင့် အမိန့်ပေးလိုက်နိုင်သည်။ တပ်ရင်းမှူးက မိမိတို့၏ ရည်ရွယ်ချက်နေရာသည် ရော်ဖာဒေသဖြစ်ကြောင်း ကြေညာပြီး တပ်ဖွဲ့တစ်ခုစီကို တာဝန်များ ခွဲဝေသတ်မှတ်ပေးသည်။ အနောက်တောင်ဘက်မှနေပြီး တိုက်ခိုက်ချေမှုန်းသည်။ ကတုတ်ကျင်းများ ကောင်းစွာတူးပြီး ခုခံနေသည့်ရန်သူများနှင့် တိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တင့်ကားဖျက်လက်နက် (၁၀)လက်မ(၅၇. မမ) ပေါင်ဒါ အမြောက်ခုနစ်လက်၊ (၃၀. မမ)စက်သေနတ်နှစ်လက်၊ (၂၅. မမ)ပေါင်ဒါ အမြောက်ခြောက်လက်တို့ကို စနစ်တကျချထားကာ ရန်သူက ခုခံတိုက်ခိုက်၏။

နေဝင်အပြီး တိုက်ပွဲစသည်။ အမှောင်ပျိုးစ ကြယ်ရောင်များ နည်းပါးလှရာ တင့်ကားအဖွဲ့ဝင်များသည် ရှေ့သို့မြင်တွေ့နိုင်ရန် ခက်ခဲနေ၏။ အီဂျစ်တို့သည် ရှေ့တန်းမှနေ၍ ရှိသမျှလက်နက်အားလုံး အသုံးပြုပြီး တရကြမ်းပစ်ခတ်နေ၏။ ကျွန်ုပ်တို့၏ တင့်ကားခါးပြတ်တစ်စီး တည့်တည့်ထိမှန်သည်။ ကားပေါ်ပါသူအားလုံး ဒဏ်ရာရကြသည်။ ထိုသို့ထိခိုက်မှုကြောင့် ကျန်တင့်ကားခါးပြတ်များကို ခေတ္တရပ်တန့်သွားစေ၏။ သို့သော်လည်း မိနစ်အနည်းငယ်အတွင်း ပြန်လည်ထိန်းသိမ်းနိုင်ကာ ရှေ့သို့ဆက်လက်ချီတက်ခဲ့၏။ ညဥ့်အမှောင် လုံးလုံးကြီးစိုးလာသောအခါ ဥဒဟို ဖြတ်သန်းနေသည့် အမြောက်ဆန်များ၊ သေနတ်ပြောင်းဝမှ ထွက်လာသည့် မီးပွင့်များနှင့် အီဂျစ်ခံယမ်းမီးကျောက်တိုက် ပေါက်ကွဲရာမှ ထွက်ပေါ်လာသည့် မီးတောက်ကြီးများကြောင့် ညသည် ပြန်လင်းလာ၏။ ကျွန်ုပ်တို့၏ တိုက်ခိုက်ချေမှုန်းရေးတပ်ရှိ တင့်ကားများအားလုံးကို တင့်ကားဖျက် ကျည်ဆန်များထိမှန်သည်။ သို့သော် အများအပြားမှာ ဆက်လက်ချီတက်နေနိုင်ဆဲပင် ရှိသည်။

တိုက်ပွဲကြီး၏နောက်ဆုံးအပိုင်းသို့ ရောက်လာသည်တွင် ထိုတင့်ကားကြီးများမှာ လက်နက်ခဲယမ်းမီးကျောက်များ ကုန်ခန်းသွား၏။ တင့်ကားအဖွဲ့ဝင်များက လက်ပစ်ဗုံးများ၊ စစ်သေနတ်များဖြင့် ဆက်လက်တိုက်ခိုက်ကြ၏။ အီဂျစ်စခန်းများနှင့် ဆက်သွယ်ရေး မြေကတုတ်ကျင်းများကို ရှင်းပစ်အပြီးတွင် ဒဏ်ရာရသူများကို စုဆောင်းလိုက်၏။ ဂျစ်ကားရှေ့မီးများကိုဖွင့်ပြီး ပတ်တီးစည်းပေး၏။ အကယ်၍ ထိုအခိုက်အတန့်ကလေး၌ အီဂျစ်တို့က တန်ပြန်တိုက်ခိုက်ခြင်း ပြုမည်ဆိုလျှင် ထိုတိုက်ခိုက်မှုကို ကျွန်ုပ်တို့တပ်များက ရပ်တန့်သွားအောင် ပြုလုပ်နိုင်မည် မဟုတ်ချေ။ စက်ကောင်းနေသည့်တင့်ကားများသည်လည်း ဆီမရှိချေ။ လက်နက်ခဲယမ်းမီးကျောက် မရှိတော့ချေ။

သို့သော် တန်ပြန်တိုက်ခိုက်မှုအတွက် အီဂျစ်တပ်များ ပြန်လည်စုစည်းရန် နာရီအနည်းငယ်အချိန်ယူရမည်။ ထိုသို့ စုစည်းပြီးမည့်အချိန် (၂၁း၀၀) နာရီရောက်သောအခါ ကျွန်ုပ်တို့၏ တင့်ကားများအားလုံး၊ မော်တော်ယာဉ်များအားလုံးသည် ဆီဖြည့်ပြီး ခံစစ်အတွက် ပြင်ဆင်ပြီး ဖြစ်နေပေတော့မည်။ အီဂျစ်တို့၏ တိုက်ခိုက်မှုကို အမ်အတက်နှင့် အမ်ရှိုဟန်ရှိ ၎င်းတို့၏အမြောက်တပ်များက အမြောက်များဖြင့် ပစ်ခတ်ကူညီတိုက်ခိုက်သည်။ နေရာရွှေ့ပြောင်းတိုက်ခိုက်နေသော တင့်ကားဖျက်လက်နက်ကိုင်တပ်ဖွဲ့ကလည်း အနီးကပ်ကာပစ်ပေးသည်။ သို့သော်လည်း သူတို့ကြိုးပမ်းချက်များမှာ ရှုံးနိမ့်သွား၏။ တင့်ကားဖျက်လက်နက်လေးခုနှင့် အလောင်း(၃၇)လောင်းကို ထားရစ်ခဲ့ပြီး အယ်လ်အရစ်သို့ ဆုတ်ခွာသွားသည်။ ရော်ဖာရေလှောင်ဆည်ကြီးကို သိမ်းပိုက်ရာ၌ ကျွန်ုပ်တို့ဘက်က (၁၀)ယောက်ကျဆုံးပြီး (၃၀) ဒဏ်ရာရသည်။

အီဂျစ်စခန်းများကို သိမ်းပိုက်ရာတွင် လည်းကောင်း၊ အီဂျစ်တို့ စွန့်ပစ်ခဲ့သည့် စခန်းများမှ လည်းကောင်း၊ စစ်မြေပြင်မှ လည်းကောင်း ကျွန်ုပ်တို့တပ်မဟာက သိမ်းပိုက်





ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းမီးကျောက်အရေအတွက်၊ အမျိုးအမည် စသည်တို့၏ စာရင်းအသေးစိတ်ကို ကျွန်ုပ်တို့ မရသေးပါ။ ရရှိသည့် ရန်သူ့လက်နက်အရေအတွက်များပြားကြောင်း သတင်းကောင်းကိုသာရရှိသေးသည်။ အဘူအဂီလာတွင် စစ်သုံ့ပန်းများ ရရှိသေးသည်။ သို့သော် ၎င်းတို့ကို စောင့်ရှောက်ရန် မည်သူမျှ ဒုက္ခမခံနိုင်။ သံချပ်ကာယန္တရားတပ်မဟာအနေဖြင့် ထိုသို့ ပြုလုပ်ရန် အခြေအနေလည်းမရှိ၊ အချိန်လည်းမရှိ။ ရန်သူစခန်းတစ်ခုကို သိမ်းပိုက်ပြီးလျှင်ပြီးချင်း ထိုအချိန်သည် တပ်ပြန်စုရန်နှင့် ရှေ့သို့ချီတက်ရန်သာဖြစ်ကြောင်း အရာရှိများအားလုံးက သဘောပေါက်ကြသည်။ သိမ်းမိသည့် ဒေသ၏ပြဿနာများကိုဖြေရှင်းရန်အတွက် သူတို့သည်အချိန်မဖြုန်းနိုင်။ လူမဖြုန်းနိုင်။

တင့်ကားအဖွဲ့ဝင်များသည် သူတို့တင့်ကားများတွင် ရှိနေရမည်။ ရော်ဖာရေလှောင်ဆည်ကို တိုက်ခိုက်စဉ်က တင့်ကားများအားလုံး တင့်ကားဖျက်လက်နက်ဒဏ်ကို ခံလိုက်ရသည်။ တင့်ကားအဖွဲ့ဝင်များနှင့် စက်ပြင်ဆရာများသည် ထိုတင့်ကားပျက်များကို တစ်ညလုံးပြင်ဆင်ကြ၏။ မနက်မိုးလင်းသောအခါ တင့်ကားသုံးစီးမှတစ်ပါး အားလုံးပြင်ဆင်ပြီး ဖြစ်နေတော့၏။ တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေ၏။

ယခု ကျွန်ုပ်တို့ တောင်ပိုင်းနယ်မြေမှ လမ်းကြောင်းကြီးသုံးခုဖြစ်သော နခါလ်မှ မစ်တလာလမ်းကြောင်း၊ ဂျေဘယ်လစ်ဗနီလမ်းကြောင်းနှင့် ဘာဟတ်စ်နာလမ်းကြောင်းတို့ကို သံချပ်တာတပ်ဖွဲ့အဖို့ အခက်အခဲမရှိဘဲ ယနေ့နံနက် သိမ်းပိုက်လိုက်နိုင်သည်။ တစ်ချိန်တည်းမှာပင် မျဉ်းပြိုင်ကျနေသော မြောက်ဖျားမှလမ်းကြောင်း တစ်လျှောက်တွင် ဒုတိယသံချပ်ကာ တပ်ဖွဲ့တစ်ခုက ချီတက်သွားပြီး ဂျေဘယ်လစ်ဗနီ ဖြတ်ကျော်လမ်းကို မွန်းလွဲပိုင်း၌ သိမ်းပိုက်လိုက်သည်။ နောက်ပိုင်းသို့ ဆက်လက် ချီတက်ပြန်ရာ (၀၆း၀၀) နာရီတွင် ဘာဟန်မာသို့ ရောက်ရှိသည်။ ရန်သူ၏ ပြင်းထန်စွာ ခုခံတိုက်ခိုက်ခြင်းကို မကြုံရဘဲ သိမ်းပိုက်လိုက်နိုင်သည်။ အမ်ကတက်နှင့် အမ်ရှိုဟန်တို့သည်သာလျှင် ယခုထက်တိုင်အောင် အီဂျစ်တို့လက်တွင်း၌ ရှိနေ၏။ သို့သော်လည်း ထိုစခန်းနှစ်ခုစလုံးကို ကျွန်ုပ်တို့တပ်များက ပတ်ပတ်လည်မှာ ဝိုင်းမိထားပြီးဖြစ်၏။ သုံးဘက်သုံးတန်မှ ဝိုင်းမိထားသည်။ အဓိက အဆက်အသွယ်များကို အယ်လ်အရစ်ရှိမှတစ်ဆင့် ယူရမည်ဖြစ်ရာ ထိုစခန်းသည်လည်း ကျွန်ုပ်တို့လက်တွင်းသို့ ရောက်နေပြီ၏။

ကျွန်ုပ်တို့ အကြီးမားဆုံးအံ့အားသင့်ရသည်မှာ အီဂျစ်သံချပ်ကာယန္တရားတပ်ဖြစ်၏။ ရရှိထားသည့်သတင်းများအရ ဆီနိုင်းကျွန်းဆွယ်တွင် အီဂျစ်ယန္တရားတပ်ဖွဲ့ကြီး နှစ်ခု ရှိသည်ဟု သိရသည်။ တပ်ဖွဲ့တစ်ခုသည် အယ်လ်အရစ်ရှိတွင် ဌာနချုပ်ထားသည့် အမှတ်(၃) တပ်မ၏ လက်အောက်ခံအမှတ်(၃)ယန္တရားတပ်ရင်းဖြစ်သည်။ နောက်တပ်တစ်တပ်မှာ တူးမြောင်းနယ်မြေရှိ စစ်သေနာပတိဌာန အရန်တပ်၏အမှတ်(၁) သံချပ်ကာယန္တရားတပ်မဟာ ဖြစ်သည်။ ယင်းတပ်မဟာကို အောက်တိုဘာ (၃၀)ရက်နေ့တွင် ကျွန်ုပ်တို့အား တိုက်ခိုက်ရန် ဆီနိုင်းသို့ ပို့လိုက်၏။ ဆိုဗီယက်လုပ် တီ (၃၄) တင့်ကားတပ်ရင်းနှစ်ခု၊ ဆိုဗီယက်လုပ် အပ်ဖ်ယူ(၁၀၀)၊ ယန္တရားအမြောက်ကြီး တပ်ရင်းတစ်ခုနှင့် သံချပ်ကာကားများဖြင့် သယ်ယူလာသော ယာဉ်တင်ခြေလျင်တပ်ရင်းတို့ ပါဝင်သော တပ်မဟာကြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ သံချပ်ကာကားများသည်လည်း ဆိုဗီယက်လုပ်ကားများပင်ဖြစ်၏။

ကျွန်ုပ်တို့၏ အမှတ်(၇) သံချပ်ကာယန္တရားတပ်မဟာသည် အဆိုပါ ရန်သူ့တပ်မဟာကြီးကို မနေ့က ရှာဖွေသည်။ သို့သော်လည်း တွေ့ခွင့်မကြုံခဲ့။ ကျွန်ုပ်တို့လေတပ်က ထိုတပ်မဟာကို တိုက်ခိုက်ပြီး အချိန်နှင့်အမျှ သတင်းပို့နေသည်။ ရန်သူ့တပ်ကြီးသည် ဘာဂစ်ဂါဖာနှင့် ဂျေဘယ်လစ်ဇနီအကြား လမ်းကြောင်းတစ်လျှောက် ချီတက်နေသည်။ ခွဲထုတ်တပ်တစ်တပ်ကိုလည်း ဘာဟာစ်နာကိုကျော်ဖြတ်ပြီး မစ်တလာသို့ ပို့လွှတ်လိုက်၏။ သို့သော်လည်း ကျွန်ုပ်တို့၏ အမှတ် (၇) တပ်မဟာသည် ရန်သူ့တပ်နှင့် တွေ့ခွင့်ရရန် ကြိုးပမ်းချက်များမအောင်မြင်ချေ။ ဓော်ဖာရေလှောင်ဆည်ကြီးကို သိမ်းပိုက်အပြီး ကျွန်ုပ်တို့လေတပ်များအား ခပ်လှမ်းလှမ်းမှနေ၍ ပစ်ခတ်နေသည့် တင့်ကားအမြောက်အမြားကို ကျွန်ုပ်တို့လေတပ်က တိုက်ခိုက်သည်။ ထိုလေတပ်သည်လည်း အယ်လ်အရစ်ရှိစခန်းမှ ရှားမင်းတင့်ကားတပ်ရင်း၏ တပ်ဖြစ်နေပြန်သည်။

ကျွန်ုပ်တို့၏မြေပြင်တပ်များသည် အီဂျစ်တင့်ကားများနှင့် မလှမ်းမကမ်း အရပ်ဒေသများမှ ဖြတ်သန်းချီတက်နေ၏။ တိုက်ခိုက်နေရ၏။ ရန်သူစခန်းများက အသေတပ်ဆင်ထားသော တင့်ကားဖျက်လက်နက်များ၊ (၅၇. မမ) စက်အမြောက်များ၊ ဘဇူကာများ၊ (၂၅) ပေါင်ဒါအမြောက်များဖြင့် ကျွန်ုပ်တို့တပ်များကို တိုက်ရိုက်ပစ်ခတ်၏။ ထိရောက်မှုလည်းရှိပါ၏။ အီဂျစ်စခန်းတို့သည် အသေတပ်ဆင်ထားသည့် လက်နက်များဖြင့်သာ ခံစစ်တိုက်ခြင်းဖြစ်၏။ လက်နက်များကို ကြိုတင်ချိန်ကိုက်ထား၏။ မည်သို့ဆိုစေ သူတို့၏ တိုက်ခိုက်မှုမှာ ကျေနပ်ဖွယ်ရာ ကောင်းပါ၏။

သို့သော် တင့်ကားများ၊ လှည့်လည်ရွေ့ပြောင်းနေသော ခြေလျင်တပ်များကား ထိထိရောက်ရောက် ပါဝင်တိုက်ခိုက်ခြင်း မရှိပေ။ နခါလ်ဇဟိုဒေသသို့ အမှတ် (၂) လေယာဉ်တင်နယ်ခြားစောင့်တပ်ကိုလည်းကောင်း၊ ဆီနိုင်းကျွန်းဆွယ်သို့ အမှတ်(၁) ခြေလျင်တပ်မဟာနှင့် အမှတ်(၁) သံချပ်ကာယန္တရားတပ်မဟာကိုလည်းကောင်း စစ်ကူများအဖြစ် အီဂျစ်ကာကွယ်ရေးဦးစီးချုပ်က စေလွှတ်သည်။

သူတို့သည် တစ်နေရာရာတွင် လည်းကောင်း၊ နောက်ပိုင်းတွင် လည်းကောင်း လှည့်လည်သွားလာနေကြကြောင်း ထင်ရှား၏။ သူတို့၏တပ်မှူးများသည် ရှေ့သို့ အမှန်တကယ်တက်လာမည်ဆိုက၊ အမှန်တကယ် တိုက်ပွဲဝင်လိုသည်ဆိုက ယခုတိုက်ပွဲစဉ်အတွင်း၌ သူတို့နှင့်ရင်ဆိုင်ရချေမည်။ တိုက်ခိုက်ရချေမည်။

✡

မနေ့ညမှစပြီး အင်္ဂလိပ်နှင့်ပြင်သစ်က အီဂျစ်လေယာဉ်ပျံကွင်းများကို တိုက်ခိုက်သည်။ ထိုသို့ တိုက်ခိုက်သဖြင့် ကျွန်ုပ်တို့ကို တိုက်ခိုက်နိုင်သည့် အီဂျစ်လေတပ်၏ အင်အားကို လျော့ပါးသွားစေသည်။ သို့သော်လည်း အင်္ဂလိပ်နှင့်ပြင်သစ်တို့ ဝင်မတိုက်မီကတည်းက အီဂျစ်လေတပ်သည် သူ၏တိုက်ခိုက်အားကို ဆီနိုင်းကျွန်းဆွယ် နယ်နိမိတ်၏အပြင်ဘက်သို့ မချဲ့ခဲ့ချေ။





အစ္စရေးကို လေကြောင်းမှတိုက်ခိုက်ရန် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဆီးရီးယားနှင့်ဂျော်ဒန်ကို အီဂျစ်က တောင်းဆိုသည်။ သူတို့က တိုက်ပါမည်ဟုလည်း ကတိပေးသည်။ တကယ်တမ်းတွင်မူ သူတို့ လာမတိုက်ကြ။

အီဂျစ်လေတပ်က အီလူးရှင်း(၂၈) ဗုံးကြဲလေယာဉ်ပျံကြီးများကို အောက်တိုဘာ (၃၀)နှင့် (၃၁)ရက်နေ့ညများက စေလွှတ်တိုက်ခိုက်စေ၏။ သို့သော်လည်း သူတို့၏ဗုံးများကို မြို့များ၊ ရွာများနှင့် ဝေးကွာလှသည့် ဘာမျှမရှိသော မြေပြင်ကြီးများအပေါ်သို့သာ ဖြုတ်ချခဲ့သည်။ ဘာထိခိုက်မှုမျှ မရှိ။ ဘာပျက်စီးမှုမျှ မရှိ။

အီလူးရှင်းများအပြင် ဗင်ပိုင်ယာမီတီယော်နှင့် မစ်(၁၅) ဂျက်တိုက်လေယာဉ်ပျံများကိုပါဝင်တိုက်ခိုက်စေသည်။ ဗင်ပိုင်ယာနှင့် မီတီယော်လေယာဉ်ပျံများသည် မစ်တိုက်လေယာဉ်ပျံများကို စောင့်ရှောက်လိုက်ပါပေးရန်ဖြစ်၏။ သူတို့၏တာဝန်သည် ကင်းလှည့်ရန်နှင့် မြေပြင်ရှိအစ္စရေးပစ်မှတ်များကို တိုက်ခိုက်ရန်ဖြစ်၏။ အဓိကအားဖြင့် မစ်တလာဒေသနှင့် နခါလ်ဇဟိုဒေသတစ်လျှောက်ရှိ ပစ်မှတ်များဖြစ်သည်။ မစ်တိုက် လေယာဉ်ပျံများဆောင်ရွက်ရမည့်တာဝန်ကလည်း အမှတ်(၁) သံချပ်ကာယန္တရားတပ်မဟာကို အကူအညီပေးရန်နှင့် အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုရန်ကို အကာအကွယ်ပေးရန်သည်။

စစ်မြေပြင်သည် အီဂျစ်လေတပ် အခြေစိုက်စခန်းများနှင့် အလွန်တရာနီးကပ်နေသော်လည်း အီဂျစ်လေယာဉ်မှူးများက အားကြိုးမာန်တက် တာဝန်မထမ်းဆောင်ကြပေ။ အောက်တိုဘာ (၃၀)ရက် ပထမနေ့က အခေါက်ပေါင်း (၄၀)ကျော် ပျံသန်းတိုက်ခိုက်၏။ (တစ်စင်းလျှင် တစ်ခေါက်မျှမကျ) ဒုတိယနေ့တွင် အခေါက်ပေါင်း (၉၀) ပျံသန်းတိုက်ခိုက်သည်။

အီဂျစ်လေယာဉ်မှူးများသည် တိုက်ပွဲမဖြစ်ပွားအောင် ရှောင်ရှားလိုကြသူများ မဟုတ်ပါဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ သူတို့သည် တိုက်ပွဲဝင်ပြီး ပြန်လာသော ဆီနည်းနေသည့်၊ ခဲယမ်းမီးကျောက်နည်းနေသည့် ကျွန်ုပ်တို့လေယာဉ်ပျံများကို ကြားဖြတ်တိုက်ခိုက်ရန်သာပြုလုပ်ကြသည်။ အုပ်စုဖွဲ့ပြီး ပျံသန်းလာခြင်းကိုလည်း မပြု၊ တိုက်ပွဲဖြစ်လျှင်လည်း အမြန်ဆုံးပြီးဆုံးရန်သာ ကြိုးစားပြီး ရေရှည်တိုက်ပွဲ ဆက်လက် ဆင်နွှဲရမည့်နည်းကို ရှောင်ကြသည်။ ကျွန်ုပ်တို့လေယာဉ်များသည် နိမ့်နိမ့်ပျံပြီး အီဂျစ်၏မြေပြင်ပစ်မှတ်များကို အလွန်တည့်မတ်စွာ ပစ်ခတ်တိုက်ခိုက်နိုင်သည်။ ထို့ကြောင့် လေယာဉ်ပစ်အမြောက်ဒဏ်ကို မကြာခဏခံရတတ်သည်။

လေကြောင်းတိုက်ပွဲတွင်မူ (၁၄ ကြိမ်ဖြစ်ပွားခဲ့၏) တစ်စင်းမျှ ပစ်ခတ်ခြင်းမခံရ။ အီဂျစ်လေယာဉ် အနည်းဆုံးဗင်ပိုင်ယာ (၄)စင်းနှင့် မစ်တိုက်လေယာဉ် (၄)စင်းကို ကျွန်ုပ်တို့လေယာဉ်မှူးများက ပစ်ချနိုင်ခဲ့၏။ အစ္စရေးမြေပြင်ပစ်မှတ်ကို အီဂျစ်လေယာဉ်တပ်က တိုက်ခိုက်သည့်အနက် မစ်တလာဒေသ ဟိုက်တန်လမ်းကျဉ်းတွင် တိုက်ပွဲဖြစ်ပွားနေစဉ်က တစ်ကြိမ်သာလျှင် ထိရောက်၏။

ကျွန်ုပ်တို့၏လူများ၊ ပစ္စည်းများကို ရန်သူ့လေတပ်က မည်မျှသေကြေပျက်စီးပြီး သူ့မြေပြင်တပ်များက မည်မျှ သေကျေပျက်စီးစေသည်ကို အတိအကျ ပြောဆိုရန်မှာ ခက်ခဲပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခန့်မှန်းချက်အရမူ ရန်သူလေတပ်၏တိုက်ခိုက်မှုကြောင့် ကျွန်ုပ်တို့ဘက်တွင် သေသူ (၁၀)ယောက်၊ ဒဏ်ရာရသူ (၂၀)၊ အကြီးစားမော်တော်ယာဉ်အချို့၊ ခဲယမ်းမီးကျောက်တင် မော်တော်ကားတစ်စီး၊ အခြား မော်တော်ယာဉ်သုံးစီး ပျက်စီးသည်ဟု သိရသည်။ သာမက်တွင်လည်းကောင်း၊ ပတ်ကားကျောက်တိုင်တွင်လည်းကောင်း၊ အီလတ်မှ နခါလ်သို့ ချီတက်လာသောစစ်ကြောင်းကို လည်းကောင်း အီဂျစ်လေတပ်က တိုက်ခိုက်သည်။ သို့သော် ကျွန်ုပ်တို့ဘက်က လူနှင့်ပစ္စည်း ထိခိုက်ပျက်စီးမှုသည် မပြောပလောက်။ တိုက်ပွဲကို ထိခိုက်စေခြင်းမရှိ။

ကျွန်ုပ်တို့၏လေတပ်မှ တိုက်ခိုက်မှုကြောင့် ရန်သူ့ဘက်တွင် မည်မျှသေကျေပျက်စီးကြောင်းကိုမူ မသိရပါ။ များစွာထိရောက်မည်မှာကား မလွဲနိုင်ပါ။ ရန်သူ၏ အကျအဆုံးနှင့် အပျက်အစီးတစ်ဝက်သည် ကျွန်ုပ်တို့လေတပ်၏ တိုက်ခိုက်မှုများကြောင့် ဖြစ်ကြောင်းပြောလျှင် ချဲ့ကားပြောဆိုရာ ကျမည်မဟုတ်ပါ။

အစ္စရေးလေတပ်သည် မြေပြင်ပစ်မှတ်များ၊ ရန်သူ့စခန်းများ၊ အီဂျစ်နှင့် ဂါဇာသွားသည့်မီးရထားလမ်း၊ မော်တော်ကားလမ်းများနှင့် သံချပ်ကာယန္တရားစစ်ကြောင်းများကို အဓိကထားတိုက်ခိုက်ခဲ့၏။ အထက်ပါပစ်မှတ်များကို ကျွန်ုပ်တို့၏တိုက်ခိုက်ခြင်းမှ ကာကွယ်ရာတွင် အီဂျစ်လေတပ်၏ ဆောင်ရွက်မှုသည် လုံးဝ မအောင်မြင်ဘဲ ရှိရလေသည်။ ကျွန်ုပ်တို့၏ လေကြောင်းတိုက်ခိုက်မှုအားလုံးသည် အီဂျစ်လေတပ်၏ ဝင်ရောက်နှောင့်ယှက်ခြင်းမှ လုံးဝကင်းဝေးခဲ့ပါသည်။ ဘာဂစ်ဂါဖာ၏ အရှေ့ဘက်သို့ အီဂျစ်အမှတ်(၁) သံချပ်ကာယန္တရားတပ်မဟာ ချီတက်မလာနိုင်ခြင်းသည် ကျွန်ုပ်တို့ လေတပ်၏တိုက်ခိုက်မှုကြောင့် ဖြစ်နိုင်ဖွယ်ရာအကြောင်းရှိသည်။ ထိုမျှမက အစ္စရေးလေတပ်၏ တိုက်ခိုက်မှုကြောင့်ပင် အမှတ် (၃) သံချပ်ကာယန္တရားတပ်ရင်းသည် အဘူအလာနှင့် ရော်ဖာကို ထိရောက်စွာ ခုခံကာကွယ်နိုင်မှု မရှိခဲ့ချေ။ တိုက်ပွဲစတင်ဖြစ်ပွားသည့် ပထမနေ့မှာပင် အီဂျစ်တင့်ကားတပ်များကို ကျွန်ုပ်တို့လေတပ်က တိုက်ခိုက်နိုင်ခဲ့သည်။ များစွာလည်း အောင်မြင်သည်။

✡

မနေ့ကမနက် အရှေ့တက်တွင် ဟိုက်ဖာမြို့ကို အီဂျစ်ရေတပ်က တိုက်သည်။ ထိခိုက်မှုသည် မပြောပလောက်ပါ။ နာရီအနည်းငယ်အတွင်းမှာပင် လာရောက်တိုက်ခိုက်သည့် အီဂျစ်ဖျက်သင်္ဘော အီဘရာဟင်အယ်လ်အာဝယ်ကို ကျွန်ုပ်တို့တပ်များက ပြန်တိုက်သည်။ လက်နက်ချစေသည်။ သင်္ဘောနှင့် သင်္ဘောသားများအားလုံးကို ဖမ်းဆီးယူဆောင်လာခဲ့သည်။ အောက်တိုဘာ (၃၀)ရက်နေ့က အီဘရာဟင်အယ်လ်အာဝယ်သည် ပို့ဆက်မြို့တွင် ကျောက်ချထား၏။ အီဂျစ်ရေတပ်မတော်ဦးစီးချုပ် အက်ဒ်မိုင်ရယ် ဆလီမန်အာဇတ်ထံမှ တယ်လီဖုန်းနှင့် ညွှန်ကြားချက်သည် ဖျက်သင်္ဘောဦးစီးဗိုလ်မှူး ဟတ်စင်ရပ်ရှီဒီတမ်ဇန်ထံသို့ ရောက်လာ၏။ တိုက်ပွဲဝင်ရန်အတွက် ထိုနေ့ညမှာပင် ထွက်ခွာရမည်ဖြစ်ရာ အသင့်ရှိနေရမည်။





တိုက်ခိုက်ရမည့်ရည်ရွယ်ချက်နေရာ အတိအကျကို ဆိတ်ကမ်းမှခွာအပြီးတွင် အကြောင်းကြားမည်ဟူသော ညွှန်ကြားချက်ဖြစ်၏။

သင်္ဘောကို ပြင်ဆင်ပြီး ဆီအပြည့်ထည့်ခြင်း၊ ခဲယမ်းမီးကျောက်ရိက္ခာများ တင်ခြင်းများကို သင်္ဘောသားတို့သည် တစ်နေကုန်လုပ်ကိုင်ကြ၏။ မှောင်ရီပျိုးစတွင် ဆိပ်ကမ်းကို ခွာလာခဲ့ကြသည်။

သင်္ဘောဦးစီးချုပ်သည် စစ်ဆင်ရေးအမိန့်ကို (၁၉း၃၀)နာရီတွင် လက်ခံရရှိကြောင်း သင်္ဘောမှတ်တမ်းစာချုပ်အရ သိရှိရသည်။ ဟိုက်ဖာဆိပ်ကမ်းမြို့ကို အရှေ့တက်တွင် တိုက်ခိုက်ရန်၊ သင်္ဘောများ၊ ရေနံလှောင်ကန်များ၊ တင့်ကားများနှင့် စစ်အခြေစိုက်စခန်းများကို အမြောက်ဖြင့်ပစ်ခတ်ရန် အမိန့်ဖြစ်၏။

သူသည် အရှေ့တက်အထိစောင့်ဆိုင်းမနေဘဲ ညအမှောင်တွင်းမှာပင် စတင်တိုက်ခိုက်ရန် ဆုံးဖြတ်၏။ ထိုနည်းများအားဖြင့် မနက်အလင်းရောင်လာလျှင် ထိုနေရာနှင့်ဝေးရာသို့ ထွက်ခွာလာနိုင်ကြမည် ဖြစ်သည်။

ထို့ကြောင့် (၀၃း၃၀) နာရီ (အောက်တိုဘာ ၃၁-ရက်နံနက်)တွင် အီဘရာဟင်အယ်လ်အာဝယ်သည် ဟိုင်ဖာဆိပ်ကမ်းနှင့် (၆)မိုင်အကွာအတွင်းသို့ ရောက်ရှိလာ၏။ တစ်နာရီလျှင် ရေမိုင်(၁၂)မိုင်နှုန်းဖြင့် ခုတ်မောင်းနေရင်း (၄) လက်မ အမြောက်ဆန်ပေါင်း(၂၂၀)ကို ဆိပ်ကမ်းသို့ပစ်သွင်းသည်။ အချို့အမြောက်ဆန်များသည် ရေတပ်ဝင်းအတွင်းသို့လည်းကောင်း၊ သင်္ဘောကျင်းဒေသသို့ လည်းကောင်း တည့်တည့်မတ်မတ်လာရောက်ထိမှန်၏။ သို့သော် ထိခိုက်ဒဏ်ရာရသူ လုံးဝ မရှိဘဲ အပျက်အစီးလည်း မများလှချေ။

ကျွန်ုပ်တို့ရေဒါများက ထိုသင်္ဘောချဉ်းကပ်လာသည်ကို ဖမ်းမိထားလင့်ကစား ရန်သူ့သင်္ဘောဖြစ်မည်ဟု မထင်မှတ်မိချေ။ အစ္စရေး ကမ်းရိုးတမ်းတစ်လျှောက်တွင် ကင်းလှည့်နေသည့် စစ်သင်္ဘောများကလည်း သူ့ကို သတိမထားမိ။ အမြောက်ဆန်များ ကျလာသောအခါကျမှ ကာကွယ်ရေးအစီအစဉ်များကို ပြုလုပ်ကြရတော့သည်။ ဟိုက်ဖာဆိပ်ကမ်းအနီးတွင် ရှိနေသည့် ပြင်သစ်ဖျက်သင်္ဘောခရက်ဆင့်က သူ့ကို အရင်ဦးဆုံး ရှာတွေ့သည်။ (၀၃း၂၈) တွင် ရှာတွေ့ခြင်းဖြစ်ပြီး အမြောက်ဆန်ပေါင်း (၆၄)ဆန်ကို စတင်ပစ်သွင်းလိုက်သည်။ ထို့နောက်အီဂျစ်သင်္ဘောကို ခြေရာမကောက်နိုင်ဘဲ အဆက်အသွယ်ပြတ်သွား၏။ မိမိတို့ တွေ့မြင်သွားပြီဖြစ်ကြောင်း သိသည်နှင့်တစ်ပြိုင်တည်း အီဂျစ်သင်္ဘောဦးစီးမှူးသည် ချက်ချင်းနောက်ပြန်ဆုတ်ကာ ပို့ဆက်မြို့ကို ဦးတည်ပြီး စက်ကုန်ဖွင့်သွားတော့၏။

အစ္စရေးဌာနချုပ်က ဖျက်သင်္ဘောတပ်ဖွဲ့သို့ ရန်သူ့သင်္ဘောကို ဝင်တိုက်ရန် အကြောင်းကြားလိုက်သည်။ ဖျက်သင်္ဘောတပ်ဖွဲ့သည် ထိုအချိန်က ဟိုက်ဖာအနောက်ဘက် (၃၂)မိုင်ဝေးသော ပင်လယ်အတွင်း၌ ရှိနေ၏။ ဂျက်ဖာနှင့်အီလတ်ဖျက်သင်္ဘော (၂)စင်းသည် အီဘရာဟင်အယ်လ်အာဝယ်သို့ ဦးတည်ပြီး ချက်ချင်း (၀၃း၅၆) နာရီတွင် လိုက်သွား၏။ (၀၅း၂၇)မိနစ်တွင် ရှာဖွေတွေ့ပြီး ကိုက်(၉၀၀၀)မှနေ၍ စတင်ပစ်ခတ်သည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အီဂျစ်ဖျက်သင်္ဘောသည် အစ္စရေးတို့၏ အမြောက်ဆန်များကြားမှ လွတ်မြောက်အောင်ကြိုးစားပြန်သည်။ အီဂျစ်သို့ ပြန်ရမည့်လမ်းတွင် အပိတ်အဆို့ခံထားရပြီဖြစ်ကြောင်း သိသည်နှင့်တစ်ပြိုင်တည်း လက်ဘနွန်ဆိပ်ကမ်းဖြစ်သော ဘီရွတ်မြို့သို့ ဦးတည်ပြီး မြောက်ဘက်လမ်းကြောင်းအတိုင်း ထွက်ပြေး၏။ သို့သော်လည်း အစ္စရေးဖျက်သင်္ဘောအုပ်စုအတွင်းမှ မလွတ်မြောက်နိုင်ချေ။ ဂျက်ဖာက (၂၄၂) ချက်ပစ်ခတ်ပြီး အီလတ်က(၁၉၄)ချက် ပစ်ခတ်ပြီးဖြစ်သည်။ ၎င်းတို့အနက် အချို့သည် အီဂျစ်သင်္ဘောအနီးတွင် ပေါက်ကွဲပြီး ပျက်စီးမှုအချို့ကို ဖြစ်စေသည်။

အရုဏ်တက် အလင်းရောင်မလာမီကလေးတွင် ရေတပ်ဌာနချုပ်က လေတပ်အကူအညီကို ခေါ်ယူလိုက်၏။ ပထမ ဒါကိုတာ လေယာဉ်ပျံတစ်စင်း တက်လိုက်သွားပြီး အီဂျစ်သင်္ဘောကို ကြည့်သည်။ အော်ရေဂန် လေယာဉ်ပျံ (၂)စင်းပါ လိုက်ပါသွားသည်။ (ဝ၅:၄၆)နာရီတွင် ရှာဖွေကြခြင်းဖြစ်၏။ ဒါကိုတာလေယာဉ်ပျံက ဂျက်လေယာဉ်ပျံများကိုဦးဆောင်ခေါ်သွားပြီး အီဂျစ်သင်္ဘောကိုပြသည်။ ထိုအချိန်တွင် အစ္စရေးကမ်းခြေနှင့် (၃၇)မိုင်ကွာသို့ ရောက်ရှိနေပြီဖြစ်၏။ ထိုဒေသတွင် မည်သည့် ရန်သူလေယာဉ်ပျံကိုမျှ မမြင်တွေ့ရ။

ကျွန်ုပ်တို့၏ အော်ရေဂန် လေယာဉ်ပျံများသည် ကျွန်ုပ်တို့၏သင်္ဘောများမှ အမြောက်နှင့်ပစ်ခတ်နေခြင်း ရပ်တန့်သည့်အချိန်ထိ စောင့်ဆိုင်းမနေတော့ဘဲ အီဂျစ်သင်္ဘောပေါ်သို့ ဂျွမ်းထိုးချလိုက်ပြီး ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်လေတော့သည်။ (လေယာဉ်ပျံတစ်စင်းလျှင် ဒုံးပျံ ၁၆-စင်းစီ ပါ၏) သင်္ဘော၏ ကုန်းပတ်ပေါ်သို့ စက်သေနတ်ဖြင့်ပစ်ခတ်ကြသည်။ သင်္ဘော၏ဦးပိုင်းကို ဒုံးပျံများက ဖျက်ဆီးပစ်လိုက်၏။ သင်္ဘောကြီး၏တက်မသည် ပျက်စီးသွား၏။ လျှပ်စစ်စနစ်များ ရပ်ဆိုင်းသွား၏။ ခဲယမ်းမီးကျောက်များတင်ပေးသည့် ကိရိယာသည် ဂျမ်းဖြစ်သွား၏။ ထိုအဖြစ်အပျက်များအားလုံးကို မြင်တွေ့နားလည်သွားသော သင်္ဘောဦးစီးသည် အလံဖြူထောင်ပြကာ လက်နက်ချလိုက်လေတော့သည်။ အချိန်ကား (ဝ၇:၁ဝ) နာရီဖြစ်၏။

ဂျက်ဖာနှင့် အီလတ်ဖျက်သင်္ဘော (၂)စင်းက အီဘရာဟင်၏အနီးသို့ ကပ်သွား၏။ အသက်ကယ်လှေ ချထားသည်ကို မြင်တွေ့ရ၏။ သို့သော်လည်း ဝမ်းဗိုက်တွင် ကျည်ဆန်ပေါက်များ ပွစာကျဲကာ ပေါက်နေ၏။ သင်္ဘောသား (၅၃)ဦး သွေးပျက်နေသည်ကို အသက်ကယ်လှေပေါ်တွင် မြင်ရ၏။ ၎င်းတို့အနက် နှစ်ယောက်မှာ ဒဏ်ရာနှင့်ဖြစ်၏။ ကုန်းပတ်ပေါ်တွင်လည်း ဒဏ်ရာရနေသူ (၆)ဦးနှင့် အလောင်း(၂)လောင်းအပြင် အခြားသင်္ဘောသား (၁၅၃)ဦးကိုပါ တွေ့ရ၏။ ရန်သူသင်္ဘောကို အီလတ်ကတွဲယူပြီး ဟိုက်ဖာဆိပ်ကမ်းသို့ ဆွဲယူလာခဲ့သည်။

အီဂျစ်စက်ပြင်ဆရာများက ရေပိုက်များဖွင့်ပေးပြီး သင်္ဘောကို နှစ်မြှုပ်ပစ်လိုက်ရန် ကြိုးစားသေး၏။ သို့သော်လည်း ပိုက်ခေါင်းများ သံချေးလှည့်မရသောကြောင့် မအောင်မြင်ချေ။ အီဂျစ်ဖျက်သင်္ဘော အီဘရာဟင်အယ်လ်အာဝယ်ပေါ်မှ ရရှိသော မှတ်တမ်းစာအုပ်တွင် သင်္ဘောဦးစီးမှူးနှင့် အလက်ဇန်းဒရီးယားရှိ အီဂျစ်ရေတပ်မတော်ဌာနချုပ်တို့ အပြန်အလှန်ဆက်သွယ်မှုများကို အောက်ပါအတိုင်း တွေ့ရှိရလေသည်။





ရေတပ်ဌာနချုပ် ။ ။ (၁၆:၃၁) နာရီ။ သင်္ဘောကို အီဂျစ်လေတပ်လေယာဉ်များ လိုက်ပါစောင့်ပေးမည်။ ထပ်ဖြည့်အင်အားအနေဖြင့် ဆီးရီးယားမှ ဗုံးကြဲလေယာဉ်ပျံများပါကူညီမည်။

အီဘရာဟင် ။ ။ (ဝ၆:၄၁) နာရီ။ ရန်သူလေယာဉ်သုံးစင်း၊ ရန်သူဖျက်သင်္ဘောနှစ်စင်းဖြင့် ကျွန်ုပ်တို့ တိုက်နေရပြီ။ ကျွန်ုပ်တို့နှင့်အတူ အကူအညီများ ရောက်မလာသေးပါ။

အီဘရာဟင် ။ ။ (ဝ၆:၅ဝ)။ ကျွန်ုပ်ရပ်ရတော့မည်။

ဌာနချုပ် ။ ။ (ဝ၆:၅၅)။ ဘီရွတ်မြို့မှ အကူအညီလာနေပြီ။ အမြောက်ကြီးများကို ဆက်လက်အသုံးပြုပစ်ခတ်ပါ။

အီဘရာဟင် ။ ။ (ဝ၆:၅၆)။ သင်္ဘောကို မောင်းနှင်၍ မရတော့ပါ။ ပျက်စီးသွားပါပြီ။

အီဘရာဟင် ။ ။ (ဝ၇:ဝဝ)။ ခဲယမ်းမီးကျောက်များ အားလုံးကုန်သွားပါပြီ။

ဌာနချုပ် ။ ။ (ဝ၇:ဝ၁)။ သင်္ဘောကို စွန့်ပစ်ထားခဲ့ပါ။

ဌာနချုပ် ။ ။ (ဝ၇:ဝ၃)။ စာရွက်စာတမ်းများအားလုံး၊ စာအုပ်များအားလုံး၊ ပစ္စည်းကိရိယာများအားလုံးကို ဖျက်ဆီးပြီး သင်္ဘောကို နှစ်မြှုပ်ပြီးမှ စွန့်ပစ်ခဲ့ပါ။

အီဘရာဟင် ။ ။ (ဝ၇:၂၅)။ ကျွန်ုပ်တို့အားလုံး သင်္ဘောကို စွန့်ခွာလိုက်ပါပြီ။ ကျွန်ုပ်တို့ လက်နက်ချရပါတော့မည်။

ဌာနချုပ် ။ ။ (ဝ၇:၃၇)။ ရဲဘော်တို့သည် ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးခဲ့ပါပြီ။ ထို့အတွက် ရဲဘော်တို့ ဂုဏ်ယူကြရပါမည်။ ကျွန်ုပ်တို့နှင့် အဖနိုင်ငံတော်ကလည်း ရဲဘော်တို့အတွက် အမြဲတမ်းဂုဏ်ယူနေပါမည်။ ရဲဘော်တို့၏ မိသားစုများကို ကျွန်ုပ်တို့စောင့်ရှောက်တာဝန်ယူပါမည်။ ဘုရားသခင်သည် ရဲဘော်တို့နှင့် အတူရှိပါစေ။

အီဘရာဟင် ။ ။ (ဝ၇:၅ဝ)။ သင်္ဘောကိုနှစ်မြှုပ်ပစ်ရန် ပိုက်ခေါင်းများကို ကျွန်ုပ်တို့ ဖွင့်လှစ်လိုက်ပါသည်။ ယခု အစ္စရေးဖျက်သင်္ဘောနှစ်စင်း၏အကြားတွင် ကျွန်ုပ်တို့ရောက်နေပါပြီ။ ကျွန်ုပ်တို့၏ လက်ဝဲဘက်တွင် ဂျက်ဖာရှိပြီး လက်ယာဘက်တွင် အီလတ် ရှိပါသည်။

✡

ဆီနိုင်းကျွန်းဆွယ်တွင် ကျွန်ုပ်တို့၏ စစ်ဆင်ရေးစတင်ပြီး မကြာမီ ထိုသတင်းများကမ္ဘာအရပ်ရပ်သို့ပျံ့သွားသောအခါ ရှုတ်ချသည့် အော်ဟစ်သံများသည် ကျွက်ကျွက်ညံသွား၏။ အင်္ဂလိပ်နှင့်ပြင်သစ်က ပထမပိုင်းတွင် ရာဇသံပေးခြင်း၊ ဒုတိယပိုင်းတွင် အီဂျစ်လေယာဉ်စခန်းများကို ဗုံးကြဲခြင်းများပြုလုပ်သည်တွင် ရှုတ်ချသံများသည် ပို၍ဆူညံလာတော့၏။ စူးအက်နှင့် ဆီနိုင်းစစ်ဆင်ရေးကို ဆန့်ကျင်ကြသူများ၏ တပ်ဦး၌ ရပ်နေသူသည် အမေရိကန်ပြည်ထောင်စုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အီဂျစ်ကို စစ်ပြုခြင်းအားဖြင့် ဆန့်ကျင်သည့် အင်အားစုများကို ခေါင်းဆောင်သူကမူ ဆိုဗီယက်နိုင်ငံ ဖြစ်လေသည်။ ၎င်းနှစ်နိုင်ငံ၏ နောက်ပါးမှ လိုက်ပါလာကြသူများသည် "မည်သည့်တန်ဖိုးကိုပင် ပေးရစေကာမူ ငြိမ်းချမ်းရေးအတွက် ပေးရမည်" ဟူသည့် ကြွေးကြော်သံကို အော်ဟစ်ကြသူများ ဖြစ်၏။ တကယ်တမ်းတန်ဖိုးကို ပေးရမည်ဆိုလျှင် သူတို့ပေးကြမည် မဟုတ်။

အင်္ဂလိပ်နှင့်ပြင်သစ်က ဗီတိုအာဏာသုံးလိုက်သည်မှစပြီး လုံခြုံရေးကောင်စီသည် (အောက်တိုဘာ ၃၁)အစုံစုံ ကွဲသွားတော့၏။ ဘာဆုံးဖြတ်ချက်မျှ မချနိုင်လိုက်ချေ။ အထွေထွေအတွင်းရေးမှူးချုပ်ဒက်ဟမ်မာရှိုးလ်၏ လှုံ့ဆော်လှုံ့ဆော်လုပ်လုပ် ထောက်ခံအားပေးမှုဖြင့် ယူဂိုဆလားဗီးယားကိုယ်စားလှယ်က အရေးပေါ် အထွေထွေညီလာခံကြီး အမြန်ဆုံးဆင့်ခေါ် ကျင်းပပေးရန် အကြံပေးတင်ပြလိုက်သည်။ အင်္ဂလိပ်နှင့်ပြင်သစ်က ကန့်ကွက်သည်။ ဩစတြေးလျနှင့်ဘယ်လ်ဂျီယံက ကြားနေသည်။ သို့သော် လုံခြုံရေးကောင်စီဝင် အခြား (၇)နိုင်ငံက ထောက်ခံမဲပေး၏။ ထို့ကြောင့် အရေးပေါ် အထွေထွေညီလာခံကြီးကို ယနေ့ည သန်းခေါင်အချိန်၌ ကျင်းပရန် လုံခြုံရေးကောင်စီက ဆုံးဖြတ်လိုက်သည်။

အင်္ဂလိပ်ပြင်သစ် စစ်ဆင်ရေးနှင့် ပတ်သက်ပြီး ဗြိတိသျှပါလီမန် အတွင်းတွင်လည်းကောင်း၊ ပြည်သူများအကြားတွင်လည်းကောင်း ဂယက်ရိုက်ခတ်နေ၏။ ဝန်ကြီးချုပ်ကို ပြင်းပြင်းထန်ထန်ဝေဖန်ကြသည်။ ရှုအက်အရေးအခင်းနှင့်ပက်သက်ပြီး ပြည်သူများအများစုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးအများစုတို့သည် ဝန်ကြီးချုပ် အင်ထော်နီအီဒင်ကို မထောက်ခံကြကြောင်း ထင်ရှားသည်။ ထို့မျှသာမက သူ၏လုပ်ငန်းစဉ်ကို ပိုမိုလွယ်ကူအောင်လည်း ဗြိတိသျှတပ်မတော်တပ်မှူးများက ကူညီခြင်း မရှိ။ အီဂျစ်စစ်တပ်သည် အင်အားကြီးကြောင်း၊ ထို့ကြောင့် ရှုပ်ထွေးသည့် စစ်ဆင်ရေးကိုစီစဉ်ရကြောင်း၊ မြေပြင်တပ်များမှချပေးရန် နောက်တစ်ရက်ကို သတ်မှတ်ကြကြောင်းဖြင့် ပြောဆိုသည်။

နိုင်ငံရေးရှုထောင့်မှကြည့်လျှင် ထိုအချိန်က ကျွန်ုပ်တို့ကို ဝိုင်းဝန်းဆန့်ကျင်နေကြကြောင်း ယုံမှားသံသယဖြစ်ဖွယ်ရာ မရှိပါ။ ဗြိတိသျှနှင့် ပြင်သစ်နိုင်ငံများကိုတော့ အထူးသဖြင့် ကျွန်ုပ်တို့ကိုပါ ဖိနှိပ်အကျပ်ကိုင်လာကြသည်။ ကျွန်ုပ်တို့စစ်ဆင်မှုကို ရပ်တန့်ရန် တောင်းဆိုမှုများ များပြားသည်ထက် များပြားလာသည်။ ကျွန်ုပ်တို့ဆက်လက်ဆင်နွှဲရမည့် တိုက်ပွဲစဉ်ရပ်များ မည်မျှကျန်ရှိနေသေးသည်ကို မည်သူသိမည်နည်း။ မနေ့ကမှ စစ်စတိုက်ရသည်။ အမြန်ဆုံး ပြီးဆုံးပစ်မည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့၏ အလုပ်များ ပြည့်စုံအောင်မြင်မှု မရှိသေးမီ ဖွတ်ရပ်ပစ်ခြင်းကို ခံရပေမည်။

ထိုသို့အပြုလုပ်ခံရလျှင် စစ်ရေး၊ နိုင်ငံရေးအောင်မြင်မှုများ အားလုံး ချေဖျက်ပစ်ခြင်းကို ခံရမည်သာဖြစ်၏။ မနေ့တုန်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မဟာ(၁၀)၏နယ်မြေသို့ ကျွန်ုပ်သွားသည်။ ယမန်နေ့ညက သိမ်းပိုက်ရယူခဲ့ပြီးဖြစ်သော အီဂျစ်တို့၏ရှေ့တန်းစခန်းများဖြစ်သည့် အူဂျာမတ်စရီနှင့် တာရတ်အမ်ဘက်စီတို့ကို ကျော်ဖြတ်သွားပြီး အမ်ကတတက်နှင့် အမ်ရှိုဟန်တို့နှင့် မျက်နှာချင်းဆိုင်ရှိ တပ်မဟာစခန်းများကို စစ်ဆေးကြည့်ရှုသည်။ ကာဒက်ရှ်စစ်ဆင်ရေးတွင် အစီအစဉ်များ ပြုလုပ်ထားသော်လည်း ထိုစခန်းနှစ်ခုကို သိမ်းပိုက်ရန် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို





တပ်ရင်းမှူးများက ပြုလုပ်ထားခြင်းမရှိ။ ထိုတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ရမည့် တပ်ရင်းနှစ်ရင်းသည် မနေ့ကအထိ ၎င်းတို့တပ်စုစည်းရာ ကက်ဇီယော့အနီးဒေသမှနေ၍ မရွေ့လျားသေးပေ။ ထို့ပြင် အမ်မတတ်နှင့် အမ်ရှိုဟန်ကို တိုက်ခိုက်ချေမှုန်းရန်အတွက် အူဂျာမတ်စရီနှင့် တာရတ်အမ်ဘက်စစ်စခန်းများကို သိမ်းပိုက်ပြီးသော်လည်း ရှေ့သို့ မချီတက်သေးချေ။

အမ်ကတတက်ကို မြန်နိုင်သမျှ အမြန်ဆုံး သိမ်းပိုက်ရမည်ဟု တပ်မဟာမှူးကို ကျွန်ုပ်ရှင်းပြသည်။ မြန်လွန်းလှ၏။ အမှတ်(၇)တပ်မဟာ၊ အမှတ်(၂၀၂)တပ်မတို့ လှည့်လည်ရွေ့လျားနိုင်စေရန် ယင်းဗဟိုဒေသကို ဖွင့်လှစ်ပေးရမည်မှာ မုချဆောင်ရွက်ရန် လိုအပ်သောတာဝန်ပင်ဖြစ်သည်။ ဂျေဘယ်လစ်ဗနီနှင့်ဘာဟတ်စ်နာများကို ထိုးဖောက်တိုက်ခိုက်နေသည့် ကျွန်ုပ်တို့၏တပ်များကို အမ်ကတတက်လမ်းကသာလျှင် ထောက်ပံ့ကူညီနိုင်သည်။ ကူစီမာကို ဖြတ်သွားသည့်လမ်းသည် ကျွန်ုပ်တို့၏ မော်တော်ယာဉ်များ မနားတမ်းသုံးစွဲပြီးသည့်နောက်ပိုင်း၌ လမ်းအခြေအနေ များစွာဆိုးရွားလာသည်။ ထို့မျှမက ကျွန်ုပ်တို့၏ထောက်ပံ့ရေး မော်တော်ကားတန်းကြီးဖြင့် ကြပ်တောက်ပိတ်ဆို့နေသည်။

ထိုလမ်းကို အသုံးပြုမည်ဆိုလျှင် ကျွန်ုပ်တို့၏ချီတက်မှုသည် အရှာရောက်တော့မည် မဟုတ်။ ယခုဆိုလျှင် တိုက်ခိုက်ရေးအချိန်ကို ရွှေ့ပြောင်းလွှဲပစ်ရတော့မည်။ မူလက အောက်တိုဘာ(၃၀)ရက်နေ့တွင် သတ်မှတ်ထားသည်။ တိုက်ပွဲအချိန် ပြောင်းလဲရေးကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ပြုလုပ်ခဲ့ကြ၏။ ထို့မျှသာမက တိုင်းမှူး၏ မေတ္တာရပ်ခံချပ်အရ အမ်အတက်နှင့် အမ်ရှိုဟမ်ကို သိမ်းပိုက်ရာတွင် ခြေလျင်တပ်မ(၁၀)ကို အကူအညီပေးရန်အတွက် အမှတ် (၃၇)သံချပ်ကာယန္တရားတပ်မဟာကို တွဲပေးပါရန် စစ်သေနာပတိချုပ်စစ်ဆင်ရေးဌာနက ခွင့်ပြုလိုက်သည်။ အဆိုပါ အမှတ်(၃၇) သံချပ်ကာယန္တရားတပ်မဟာသည် ယခုအချိန်ထိ စစ်ဦးစီးအရန်တပ်အဖြစ်ထားရှိသည်။

တိုက်ပွဲကို ထိုည (မနေ့ည)မှာပင် ခြေလျင်တပ်များဖြင့် ဆင်နွှဲမည်။ နောက်တစ်နေ့မနက်(ယနေ့မနက်)တွင် သံချပ်ကာယန္တရားတပ်များ၏အကူအညီဖြင့် သိမ်းပိုက်မည်ဟု ကျွန်ုပ်ကို ကတိပေးသည်။

အမိန့်များပေးခြင်း၊ သူတို့ပေးသည့် ကတိများကို ကြားရခြင်းများ ရှိလင့်ကစား ထိုစခန်းနှစ်ခုကို အချိန်မဆိုင်းဘဲ သိမ်းပိုက်ရေးသည် အလွန့်အလွန်အရေးကြီးကြောင်း တပ်မှူးများအားလုံး စိတ်ထဲ၌ယုံကြည်လာအောင် ကျွန်ုပ် စွမ်းဆောင်နိုင်ခဲ့သည်ဟု မထင်မိခဲ့ပါ။

ထိုအရာရှိများနှင့် အစည်းအဝေးကျင်းပပြီး ဆွေးနွေးရသည်မှာလည်း များစွာခက်ခဲ၏၊ လက်ဝင်၏။ အချက်အလက်တိုင်းကို သဘောတူခြင်းလည်း မရှိပါ။ ကျွန်ုပ်တို့အားလုံး ဒေါသဖြစ်လာကြရပါသည်။ တိုက်ပွဲဝင်ရန်အတွက် ကျွန်ုပ်၏ကြိုးပမ်းချက်များသည် သူတို့ကိုနှိုးဆော်ခြင်း တက်ကြွစေခြင်း မဖြစ်ရုံသာမက ပြဿနာများကိုလည်း အမြင်ချင်း မတူညီကြပါ။ သဘောထားချင်း မတိုက်ဆိုင်ကြပါ။ တိုက်ပွဲဝင်ရန်၊ ချီတက်ရန်နှင့် အမ်ကတတက်ကို တိုက်ခိုက်ချေမှုန်းရန် တပ်မဟာမှူးအား ကျွန်ုပ်တိုက်တွန်းသည်။ သို့သော်လည်း ယခုထိ သူတို့ ဘာမျှ မပြင်ဆင်ကြ။


www.burmeseclassic.com

www.burmeseclassic.com



ဤတာဝန်ကို အခြားတပ်အား ပေးမည်ဖြစ်ကြောင်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ်က သူတို့ကို ပြောထားသည်ဟု ပြန်ပြောသည်။ မိုင်းဗုံး မြှုပ်ထားသည့်နယ်မြေများ၊ စနစ်တကျခံစစ်များဖြင့် လုံခြုံစွာ ပြုလုပ်ထားသည့် အီဂျစ်စခန်းများကို ယနေ့ည မတိုက်ခိုက်နိုင်ကြောင်း၊ ဆင်ခြေဆင်လက်ပေါင်း သောင်းခြောက်ထောင် သူတို့တွင်ရှိနေသည်။ သို့သော်လည်း အဆိုပါ ရန်သူစခန်းများကို သူတို့သိမ်းပိုက်ရမည်သာ ဖြစ်၏။ ထိုစခန်းများကို သိမ်းပိုက်ရေးသည် စစ်ဆင်ရေးကြီးတစ်ခုလုံး၏အရေးကြီးဆုံးသော အချက်တစ်ခုဖြစ်သည်။ မြန်နိုင်သမျှအမြန်ဆုံး မဆိုင်းမတွ သိမ်းပိုက်ရမည်သာ ဖြစ်သည်။ သူတို့ကို အမြဲတမ်းတပ်များအနေဖြင့် လည်းကောင်း၊ သံချပ်ကာယန္တရားတပ်အနေဖြင့်လည်းကောင်း ဤတာဝန်ကို ပေးခြင်းဖြစ်သည်ဟု ကျွန်ုပ်က ရှင်းပြသည်။ တပ်မဟာ (၁၀)သည် အရန်တပ်ဖြစ်၏။

အရာရှိများသည် သူတို့ရဲဘော်များ၏ စွမ်းအားကို စိတ်မချကြ။ ရဲဘော်များသည် အသက်အရွယ်ကြီးပြီး လုံလောက်အောင် သင်တန်းပေးမထားရချေ။ နီဂေ့ဖ်သဲကန္တာရသည်လည်း သူတို့အတွက်မူ နယ်မြေစိမ်းနေသည်။ သူတို့တပ်မဟာအတွက် နယ်မြေအသစ် ဖြစ်နေသည်။ ထိုအချက်များကို အရာရှိများ စိုးရိမ်နေကြကြောင်း အကဲခတ်၍ ရသည်။

သူတို့စိတ်အတွင်း၌ ခံစားနေရသည်ကို ကျွန်ုပ်တို့နားလည် သဘောပေါက်ပါသည်။ လွန်ခဲ့သော နှစ်များက တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးအဖြစ် ကျွန်ုပ်ကို ခန့်ထားခဲ့၏။ ကျွန်ုပ်သည် ကမ္ဘာသစ်ကို ရောက်ရှိလာရသလို ခံစားခဲ့ရဖူး၏။ ကျွန်ုပ်၏ နယ်မြေကျွမ်းကျင်မှု အားလုံးကို နိုင်ငံခြားတွင် ထားရစ်ခဲ့သကဲ့သို့ ခံစားရ၏။ အကွာအဝေး ဆုံးဖြတ်ချင့်ချိန်မှု၊ နယ်မြေဒေသအလိုက် ကျွမ်းကျင်မှု၊ နယ်မြေပိုင်းခြား သတ်မှတ်မှုစသည်တို့အားလုံးသည် ယခု ဤနေရာတွင် ကွဲလွဲနေတော့သည်။ အရာအားလုံးကို အသစ်ပြန်လည် လေ့လာရတော့မည်။ မီးလောင်ပြင်သကဲ့သို့ ကျွန်ုပ်၏စိတ်ထဲတွင် ထင်မှတ်နေရသောနယ်မြေကို ယဉ်ပါးအောင်ကြိုးစားရဦးမည်ဟု ကျွန်ုပ်ခံစားခဲ့ဖူး၏။

မည်သို့ပင်ဆိုစေ ထိုအရာများပေါ်တွင် ကျွန်ုပ် စိတ်ရှည်ရှည်ထားပြီး သည်းခံခဲ့သည်။ တပ်မှူးဟာမှူးတင်ပြသည့် တိုင်ဘန်းချက်များ၊ ပြဿနာများ၊ အခက်အခဲများသည် ကျွန်ုပ်၏နားနှင့် မဆံ့နိုင်တော့ပါ။ မိမိလူများ စစ်ပန်းနေကြောင်း၊ ထောက်ပံ့မှုများ အချိန်မီမရောက်ကြောင်း၊ ညများသည် အေးကြောင်း၊ နေ့ပိုင်းတွင်မူ ပူကြောင်း၊ ဖုန်ကျွပ်တက်နေသည့် ရိုင်ဖယ်များမှာ ပစ်မရတော့ကြောင်း၊ မော်တော်ယာဉ်များ သဲအတွင်း နစ်မြုပ်နေကြောင်း စသည်ဖြင့် များပြားလွန်းလှသည်။ ထိုအချက်များအားလုံး မှန်ကန်ကြောင်း ကျွန်ုပ် သိသည်။ သို့သော် ယင်းပြဿနာများအတွက် ကျွန်ုပ်တွင် အဖြေမရှိ။ နီဂေ့ဖ်သဲကန္တာရကြီးကို ပြောင်းလဲပစ်နိုင်စွမ်း ကျွန်ုပ်တွင် မရှိ။ တပ်များ လှည့်လည်စစ်ထိုးနိုင်မည့် ဗဟိုဒေသတစ်ခုကို မဖြစ်မနေ မုချဖွင့်ပေးရမည်သာဖြစ်သည်။

အမ်ကတတ်ကို မနေ့ညနှင့် ယနေ့မနက် နှစ်ကြိမ်တိုင်တိုင် ကျွန်ုပ်တို့စစ်ထိုးရာ နှစ်ကြိမ်စလုံး ကျွန်ုပ်တို့အရေးနိမ့်သွားသည်။ အမှတ် (၁၀) ခြေလျင်တပ်မဟာနှင့် အမှတ် (၃၇) သံချပ်ကာယန္တရားတပ်မဟာ၏တပ်ဖွဲ့တို့က တိုက်ခိုက်ခြင်းဖြစ်၏။





အရေးနိမ့်သွားရသည်မှာမှန်ပါသည်။ မည်သည့်နည်းဖြင့် တိုက်ခိုက်ကြမည်နည်း။ အဘူအဂီလာ၊ အမ်ကတတ်၊ ကူစီမာဒေသ အီဂျစ်တို့၏ခံစစ်သည် ၎င်းတို့၏ အမှတ်(၆) ခြေလျင်တပ်မဟာပေါ်တွင် အခြေခံထား၏။ ထိုတပ်မဟာတွင် ခြေလျင်တပ်ရင်း(၃)ခု၊ (အမှတ် ၁၂၊ ၁၇၊ ၁၈ )နှင့် အမျိုးသားကာကွယ်ရေးတပ်မှ ခြေလျင်တပ်ရင်း(၂)ခုတို့ ပါဝင်ကြသည်။

အမ်ကတတ်သည် ထိုဒေသ၏ အင်အားတောင့်တင်းခိုင်မာသော ဗဟိုစခန်းဖြစ်၏။ ခြေလျင်တပ်ရင်း (၂)ခုက တာဝန်ယူထားသည်။ တပ်ရင်းတစ်ခုကို တင့်ကားဖျက်လက်နက်များတပ်ဆင်ထားသည့် တပ်ဖွဲ့တစ်ဖွဲ့နှင့် ကျန်တပ်ရင်းကို (၂၅)ပေါင်ဒါအမြောက်များ တပ်ဆင်ထားသည့် တပ်ဖွဲ့တို့ဖြင့် တွဲဖက်ပေးထား၏။ ထို့ပြင် အမြောက်တပ်ရင်း တစ်ခုကလည်း အကူအညီပေးထားသည်။ "ဆုံးခန်းတိုင်သည်အထိတိုက်ရန်" ဟူသောအမိန့်ကို အီဂျစ်စစ်ဦးစီးအဖွဲ့က ထပ်မံပေးထားပြန်၏။

ယခု တိုက်ပွဲကို မစမီကတည်းက အဘူဘဂီလာနှင့် ရော်ဖာရှိ အီဂျစ်စခန်းများကို ကျွန်ုပ်တို့ သိမ်းပိုက်ခဲ့ခြင်း ဖြစ်သည်။ ထိုမှတစ်ဆင့် အနောက်ဘက်တောင်ပံကို အီဂျစ်တို့ခုခံနေသည့်များသို့ ဖြန့်ထုတ်လိုက်သည်။ သို့လင့်ကစား အမ်ကတတ်နှင့် အမ်ရှိဟန်တို့တွင်ရှိသည့် အီဂျစ်တပ်များကား ဆုတ်ခွာမသွား။ နှစ်နေရာစလုံးတွင် ဆက်လက်တပ်ချထားပြီး ခုခံလျက်ပင် ရှိ၏။ အကယ်၍ ထိုနှစ်နေရာစလုံးမှာ အီဂျစ်တို့၏ လက်ထဲတွင်သာ ဆက်လက်ရှိနေဦးမည်ဆိုလျှင် အနေးနှင့် အမြန်ဆိုသလို အီဂျစ်အမှတ် (၆) ခြေလျင်တပ်မဟာက ထိုဒေသများကို စွန့်ထားခဲ့ပြီး အယ်လ်အရစ်သို့ ဆုတ်ခွာသွားမည့် ပုံသဏ္ဌာန်များကို မြင်တွေ့ရသည်။ သို့သော်လည်း ယခုအချိန်၌ တကယ်တမ်းဖြစ်နေသည်မှာမူ သူတို့သည် ထိုစခန်းမှနေပြီး ကြီးမားပြင်းထန်စွာ တိုက်ခိုက်နေခြင်းပင် ဖြစ်လေသည်။

လွန်ခဲ့သောနှစ်ရက် (အောက်တိုဘာ-၃၀)က ထိုနေ့တွင် အူဂျာမတ်စရီနှင့် တာရတ်အမ်ဘက်စစ်ကို သိမ်းပိုက်ရန်အမိန့်ကို ကျွန်ုပ်တို့၏ တပ်မဟာ (၁၀)ရရှိသည်။ ခြေလျင်တပ်ခွဲတစ်ခုနှင့် ခွဲထုတ်တင့်ကားတပ်သို့ စစ်ကူဖြည့်ထားသော တပ်မဟာကင်းထောက် တပ်ဖွဲ့က ထိုတာဝန်ကို ယူရမည်ဖြစ်၏။ (၁၅း၃၀) နာရီတွင်အူဂျာမတ်စရီသည် ကျွန်ုပ်တို့လက်အတွင်းသို့ ရောက်လာသည်။ ထိုနေရာသို့ ရန်သူစစ်ကူ ခြေလျင်တပ်စိတ်တစ်စိတ်က သိမ်းပိုက်ထားဟန်ရှိ၏။ ကျွန်ုပ်တို့တင့်ကားများက စတင်ပစ်ခတ်သည်နှင့် တစ်ပြိုင်တည်း သူတို့နေရာများကို ထားရစ်ခဲ့ကာ ထွက်သွားကြ၏။ ကျွန်ုပ်တို့တပ်များ ဝင်သွားသောအခါ မည်သည့်ခုခံမှုကိုမျှ မတွေ့ရတော့ချေ။ တပ်မဟာကင်းထောက်တပ်သည် ဆက်လက်ချီတက်သွားပြီး (၁၇း၀၀)နာရီတွင် တာရတ်အမ်ဘက်စစ်ကို သိမ်းပိုက်ရမိသည်။ ထိုနေရာတွင်လည်း ကျွန်ုပ်တို့တပ်များ ချဉ်းကပ်သွားသည်နှင့် တစ်ပြိုင်နက်တည်း ရန်သူတို့ ဆုတ်ခွာသွားကြတော့၏။

မနေ့မနက် (အောက်တိုဘာ ၃၁)တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ အမိန့်အရ အမ်ကတတ်ကို တိုက်ရန် စိတ်မပါဘဲနှင့် ပထမဦးဆုံးအကြိမ် ကြိုးစားသည်။ တပ်မဟာကင်းထောက်တပ်ကိုပင် ထပ်မံ၍ တိုက်စေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုအချိန်တွင်မူ တင့်ကားခါးပြတ် (၁၀)စီးမြောက်မြားစွာသော ကွပ်ကဲမှုဆက်သွယ်ရေးကားများနှင့် ခြေလျင်တပ်ခွဲတစ်ခုတို့ကို စစ်ကူအဖြစ် ပေးထား၏။ ကျွန်ုပ်တို့၏တပ်များ ရန်သူအင်အား ကောင်းသောနေရာနှင့် မျက်နှာချင်းဆိုင် တောင်ထိပ်သို့ ရောက်သွားသောအခါ ရန်သူ၏အမြောက်ဆန်များက ဆီးကြိုနှုတ်ဆက်လိုက်သည်။ သူတို့ပြန်ဆုတ်လာသည့် အမ်ကတက်ကို နေ့ခင်းကြောင်တောင်တွင် မိမိသိမ်းပိုက်နိုင်မည်ဖြစ်ကြောင်း တပ်မှူးက အကြောင်းကြားသည်။

ထို့ကြောင့် ထိုညတွင် နောက်တစ်ကြိမ်တိုက်ခိုက်မှုကို တပ်မဟာက ပြုလုပ်ပြန်၏။ ယခုတစ်ကြိမ်တွင်မူ ခြေလျင်တပ်ရင်းနှစ်ခုကို အမ်ကတက်၏တောင်ပိုင်းနှင့် မြောက်ပိုင်းသို့ စစ်တောင်ပံနှစ်ခု ခွဲလွှတ်ပြီး တိုက်ခိုက်၏။ ပထမတပ်ရင်းက လမ်းမှားသွားသည်။ ရန်သူ၏အဓိက နေရာကို ရှာမတွေ့နိုင်ဘဲ ဖြစ်နေသည်။ သူ၏တပ်ခွဲများနှင့် အဆက်အသွယ် ပြတ်သွားသည်။ တောင်ကုန်းများပေါ်တွင် တစ်ညလုံးလမ်းလျှောက်နေရသည်။ သို့ဖြင့်ပင် နောက်တစ်နေ့ မနက် (၁၀း၀၀) နာရီတွင် အမ်ကတက်နှင့် တစ်မိုင်ခန့်ဝေးသော ရန်သူ၏တပ်ရန်ကလေးတစ်ခုကို သိမ်းပိုက်မိလေသည်။

ဒုတိယတပ်ရင်းသည်လည်း ၎င်းတို့၏တပ်ရင်းနေရာကို တွေ့ရှိရန် ခက်ခဲနေသည်။ တစ်ညလုံး သဲတောင်ကြီးများကို တက်လိုက်ဆင်းလိုက်ဖြင့် အချိန်ကုန်သွားရသည်။ မနက် (၀၄း၃၀) နာရီကျခါမှ ရန်သူ့အနီးသို့ ရောက်လာ၏။ တပ်စုတစ်စုသည် ရန်သူအခိုင်အမာတပ်စွဲထားသည့် နေရာသို့ ရောက်သွားရာ ရန်သူ၏ ဆီးကြိုပစ်ခတ်မှုနှင့်ရင်ဆိုင်ရသည်။ နှစ်ဦးကျပြီး တစ်ဦးဒဏ်ရာရသည်။

ယင်းကား သူတို့တိုက်ပွဲပြီးဆုံးခြင်းဖြစ်၏။ တပ်ရင်းသည် နောက်ဆုတ်လာ၏။ ကျဆုံးသူအလောင်းနှစ်လောင်းကို ရန်သူ့ခြံစည်းရိုးအနားတွင် ထားပစ်ခဲ့ရသည်။ ညဘက်ချီတက်နေခိုက် စောစောပိုင်းကလည်း ရန်သူ၏အမြောက်ဒဏ်ဖြင့် (၃၀) ထိခိုက်ဒဏ်ရာရသေး၏။ နိုဝင်ဘာ(၁)ရက်နေ့ မနက် (၀၄း၀၀) နာရီတွင် အမှတ် (၃၇) သံချပ်ကာယန္တရားတပ်မဟာ၏ တပ်ဖွဲ့များနှင့် နောက်တစ်ကြိမ် ကျွန်ုပ်တို့ တိုက်ခိုက်ရပြန်သည်။ အကယ်၍တပ်မဟာ(၁၀)၏တိုက်ခိုက်မှု ရှုံးနိမ့်ခြင်းသည် အမှန်တကယ် တိုက်ခိုက်ချေမှုန်းလိုစိတ် မပြင်းပြသောကြောင့် ဖြစ်သည်ဟုဆိုလျှင် ယခုတပ်မဟာ (၃၇)၏တိုက်ခိုက်မှု ရှုံးနိမ့်ရခြင်းသည် "ရန်သူခံစစ်ကို တရကြမ်းထိုးဖောက်ခိုင်းသော အရာရှိများ၏ တိုက်ခိုက်လိုစိတ်လွန်ကဲနေသောကြောင့် ဖြစ်သည်ဟု ဆိုရပါမည်။

အစီအစဉ်တိုင်းဆိုပါလျှင် ယန္တရားတပ်ဖွဲ့သည် တပ်မဟာ(၁၀)မှ ခြေလျင်တပ်ရင်း(၂)နှင့်အတူ တိုက်ရန်ဖြစ်၏။ ထိုတပ်ရင်းများက အမ်ကတက်ကို ဘေးနှစ်ဖက်တောင်ပံမှ တိုက်ခိုက်ရမည်။ ယန္တရားတပ်ဖွဲ့က အလယ်ဗဟိုမှ ချဉ်းနင်းဖောက်ထွင်းတိုက်ခိုက်ရမည်။ ထိုတပ်ဖွဲ့တွင် ရှားမင်းတင့်ကားတပ်ဖွဲ့ နှစ်ဖွဲ့၊ အပေါ့စားအေအမ်အိပ်စ်တင့်ကားတပ်ဖွဲ့ တစ်ဖွဲ့၊ တင့်ကားခါးပြတ်များနှင့် လိုက်ပါမည့် ခြေလျင်တပ်ခွဲနှစ်ခုနှင့် ယာဉ်တင်ခြေလျင်တပ်ရင်းတို့ ပါဝင်ရမည်ဖြစ်၏။ တပ်မဟာသည် ရီယိုဗိုအနီးရှိ တပ်စုစည်းရာနေရာမှ မွန်းလွဲပိုင်းတွင် ထွက်ခွာခဲ့သည်။ ၎င်း၏ပထမတပ်ဖွဲ့သည် ဘီယာရှီဘာတွင် ဆီထပ်ဖြည့်ပြီး ညသန်းခေါင်နီးပါးတွင် နစ်ဇာနာသို့ ရောက်သည်။





တိုက်ပွဲဝင်ရန်အတွက် နောက်ဆုံးပြင်ဆင်မှုများကို ထိုနေရာတွင် ပြုလုပ်ရမည်ဖြစ်သည်။ (၀၂း၀၀) နာရီတွင် တင့်ကားခါးပြတ်တပ်ခွဲ နှစ်ခုသည် တိုက်ပွဲဝင်ရန်အသင့်ဖြစ်နေကြသည်။ သို့သော်လည်း တင့်ကားများသည် ယခုအချိန်ထိ ရောက်မလာသေးချေ။ တင့်ကားများကို တစ်နာရီစောင့်ရန် တိုင်းမှူး၏သဘောတူညီချက်ဖြင့် တပ်မဟာမှူးက ဆုံးဖြတ်သည်။ ထို့နောက်တွင် တင့်ကားများ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ တိုက်ပွဲဝင်မည်ဖြစ်သည်။ (၀၃း၀၀) ထိုးသော်လည်း တင့်ကားများ၏အရိပ်အယောင်ကိုမမြင်ရသေး။ သူတို့တစ်နာရီနောက်ကျနေပြီ။ ထို့ကြောင့် တပ်မဟာမှူးသည် တင့်ကားခါးပြတ် တပ်ခွဲနှစ်ခုဖြင့် တိုက်ခိုက်ရန် ထွက်လာတော့သည်။

ထိုအချိန်မှာ ညပင်ရှိသေးသည်။ စစ်ကြောင်းသည် ရှေ့မီးကြီးများအကုန်ဖွင့်ပြီး ချီတက်လာ၏။ ရန်သူနှင့်နီးလာသည်တွင် တပ်ကို ဖြန့်လိုက်ပြီး စတင်ချီတက်သည်။ သူတို့ချီတက်လာကြသည်ကို ကြားလည်းကြား မြင်လည်းမြင်နေသည့် အီဂျစ်များက တင့်ကားဖျက်လက်နက်များ၊ အမြောက်များဖြင့် အပြင်းအထန် ဆီးကြိုပစ်ခတ်သည်။ ရန်သူစစ်စခွဲ၏ ခြံစည်းရိုးပတ်လည်တွင် မိုင်းဗုံးများမြှုပ်ထားသည်။ ပထမ တင့်ကားခါးပြတ်တစ်စီးသည် မိုင်းဗုံးတက်နင်းမိပြီး သုံးမရအောင် ဖြစ်သွားတော့၏။ ထိုကားမှ မီးတောက်များက ရန်သူ့အမြောက်ကြီးများအတွက် ပစ်မှတ်ကို ထင်ထင်ရှားရှား မြင်တွေ့စေလေသည်။ ကွပ်ကဲမှု ဆက်သွယ်ရေးတင့်ကားခါးပြတ်မှာလည်း ပွဲဦးထွက်မှာပင် ကျည်သင့်သွား၏။

ထိုတိုက်ပွဲကိုဦးစီးသည့် တပ်မဟာမှူးကျဆုံးသည်။ ၎င်းနှင့်အတူရှိသော အရာရှိများ ဒဏ်ရာအပြင်းအထန်ရသည်။ ဆက်လက်တိုက်ခိုက်ရန်မှာ မဖြစ်နိုင်တော့ချေ။ တင့်ကားခါးပြတ် တပ်စုတစ်စုက ရန်သူ၏ခြံစည်းရိုးများကို ချိုးဖောက်ဝင်ရောက်သွားနိုင်ပြီး ရန်သူ့နေရာတစ်ခုကိုပါ သိမ်းပိုက်ထားလိုက်နိုင်သည်။

သို့သော် တပ်ဖွဲ့တွင် အုပ်ချုပ်ကွပ်ကဲမည့်သူ တစ်ယောက်မျှ မရှိတော့ချေ။ (အားလုံးဒဏ်ရာရကြချေပြီ) အခြေအနေအရ ဤအခွင့်အရေးကို အသုံးချရန် သတင်းပို့ခြင်းကို လက်ခံမည့်သူမရှိတော့ချေ။ ဆက်သွယ်ရေးအရာရှိသည်လည်း ဒဏ်ရာရလျက်ရှိချေပြီ။ သူတစ်ယောက်သာလျှင် အထက်တန်းအရာရှိထဲမှ တစ်ဦးတည်း ကျန်နေသူဖြစ်နိုင်၏။ သူကပင် အကူအညီပေးရန်စုစည်းလိုက်သည်။ ထိုအချိန်မှာပင် တင့်ကားများရောက်ရှိလာကြ၏။ ထို့ကြောင့် တင့်ကားများ၏ အကူအညီဖြင့် ကာပစ်ပစ်ပေးပြီး မိုင်းဗုံးမြှုပ်ထားသည့် နယ်မြေအတွင်းမှ ဒဏ်ရာရသူများကို ကယ်ထုတ်ယူသည်။ အနောက်ဘက်သို့သယ်ယူသွားသည်။ သယ်ယူလာသည့် ဒဏ်ရာရသူ စုစုပေါင်း (၈၀)ကျော်သည်။ တပ်မဟာ (၃၇)၏ တိုက်ပွဲဝင်ပုံသည် မှားယွင်း၏။ ဆုံးဖြတ်ချက်မှာလည်း မှားယွင်း၏။ မိုင်းဗုံးမြှုပ်ထားသော နယ်မြေနှင့် မကျွမ်းကျင်သည့် နယ်မြေပေါ်တွင် မော်တော်ယာဉ်များဖြင့် ညဘက်၌ တိုက်ခိုက်ရန်အတွက် မကြာမီမှာပင် ရောက်လာတော့မည်ဖြစ်သော တင့်ကားများကို မစောင့်ဘဲထွက်ခွာသွားခြင်း၊ တပ်ကြီးတစ်ခုလုံး၏ အရာရှိများအားလုံးကို တင့်ကားခါးပြတ်တစ်စီးထဲမှာပင် အတူစီးနင်းလိုက်ပါစေခြင်း စသည်များအားလုံးသည် စစ်ရေးအရ မှန်ကန်ခြင်းမရှိ။ တရားမျှတခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com

ဤအရာများသာလျှင် မှားယွင်းသော ဆုံးဖြတ်ချက် မဟုတ်သေး။ အခြားအချက်နှစ်ခုလည်း ရှိသေးသည်။ ပထမအချက်သည် ထောက်လှမ်းရေးသတင်းများမှာ မှားယွင်းခြင်း ဖြစ်၏။ အကြောင်းပြချက် အချို့ရှိသည်။ အမ်ကတက်တွင်ရှိသည့် အီဂျစ်စစ်တပ်များစိတ်ဓာတ်ကျနေကြပြီ၊ အုပ်မနိုင်ထိန်းမရဖြစ်နေကြပြီ၊ တပ်သားများထွက်ပြေးကြပြီဟူသောသတင်းများကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးက ရရှိထား၏။

ထို့ကြောင့် ယခုအချိန်သည် ရန်သူများကို တိုက်ခိုက်ရန် အကောင်းဆုံးဖြစ်သည်ဟု ဆုံးဖြတ်ကြသည်။ နောက် ဒုတိယအချက်မှာ အမ်ကတက်၊ အဘူအဂီလာဗဟိုဒေသကို အမြန်ဆုံးဖွင့်လှစ်ပေးရန် ကျွန်ုပ်၏ဖိနှိပ်တောင်းဆိုချက်အရ တိုင်းမှူးက သူ့လက်အောက်မှတပ်များကို ဖိနှိပ်တောင်းဆိုခြင်းဖြစ်သည်။ ထိုဒေသကို အရုဏ်တက်သည်နှင့် တစ်ပြိုင်တည်း သိမ်းပိုက်ပြီး ဖြစ်ရမည်ဟု ကျွန်ုပ်ကို ကတိပေးလိုက်ပြီး ဖြစ်ကြောင်းဖြင့် တိုင်းမှူးက တပ်မဟာမှူးကိုပြောသည်။ ကျွန်ုပ်၏အမိန့်များသည်က အမြန်ဆုံး တိုက်ခိုက်သိမ်းပိုက်ရမည်ဟု ဆိုသည်မှာမှန်ပါ၏။

သို့သော်လည်း ယနေ့ညနှင့် နောက်တစ်နေ့ မွန်းလွဲပိုင်းသို့ရောက်သည်အထိ ထိုအချိန်အတွင်း တိုက်ခိုက်ရမည်ဟု မဆိုလိုပါ။ သံချပ်ကာကားများကို ညဘက်တွင် အသုံးပြု၍ ဖြစ်နိုင်သည်ဟု ကျွန်ုပ် မယုံကြည်ပါ။

အမ်ကတက်ကို စောနိုင်သမျှစောပြီး တိုက်ခိုက်ရန်သာ ကျွန်ုပ် အမိန့်ပေးခဲ့သည်။ ထိုအချက်ပေါ်တွင် မူတည်ပြီး တိုင်းမှူးက တိုက်ရန် အမိန့်ပေးခဲ့သည်။ သို့သော် အမ်ကတက်ကိုကား ကျွန်ုပ်တို့သိမ်းပိုက်ရယူနိုင်ခြင်း မရှိခဲ့ပေ။ ဤတိုက်ပွဲတွင် အောင်မြင်စွာတိုက်ရန်အတွက် ခြေလျင်တပ်၊ သံချပ်ကာယန္တရားတပ်၊ အမြောက်တပ် စသည်ဖြင့် တပ်များကိုသုံးပြီး တိုက်ခိုက်ရသည်။ သို့သော်လည်း တိုက်ခိုက်ကြသောအခါ လိုအပ်သည့်တပ်များ မပါဝင်ခဲ့ချေ။ ဤတိုက်ပွဲကို ခိုင်မာတိကျသည့် စစ်ဆင်ရေးအစီအမံများ ရေးဆွဲချမှတ်ပြီး တိုက်ခိုက်ကြခြင်း မရှိ။ ဤတိုက်ပွဲအတွက် ခွဲဝေပေးထားသည့် အင်အားကြီးတစ်ခုလုံးကို စနစ်တကျ ခန့်ခွဲခြင်းမရှိ။

✡

ရာဖာဒေသမှ ကာကွယ်ထားသောနေရာများကို ယနေ့ည ကျွန်ုပ်တို့ စတင်တိုက်ခိုက်လေသည်။ ထိုနေရာများကို တိုက်ခိုက်သိမ်းပိုက်ပြီးသည်နှင့် တစ်ပြိုင်တည်း အယ်လ်အရစ်ရှ်သို့ ဆက်လက်ချီတက်ရန် ရည်ရွယ်သည်။

ထိုနေရာ နှစ်ခုစလုံးသည် အစ္စမေလီယာဒေသ၏ အချက်အချာများ ဖြစ်၏။ ထိုနှစ်နေရာကို သိမ်းပိုက်ရယူနိုင်လျှင် ဆီနိုင်းကျွန်းဆွယ်၏ မြောက်ဘက်ခြမ်းတစ်ခုလုံး ကျွန်ုပ်တို့၏လက်တွင်းသို့ ရောက်လာပြီဟု ဆိုနိုင်၏။

စစ်ရေးရှုထောင့်မှကြည့်လျှင် ဤတိုက်ပွဲသည် ကျွန်ုပ်တို့တိုက်ပွဲစဉ်၏ အဓိကတိုက်ပွဲစဉ်ဖြစ်သည်။ ကျွန်ုပ်တို့ လက်နက်ကိုင်တပ်များနှင့် အီဂျစ်လက်နက်ကိုင်တပ်များအားပြိုင်မှုကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲဖြစ်သည်။ လေတပ်နှင့် ရေတပ်တိုက်ပွဲများသည် ရည်ရွယ်ချက်များထက် ပို၍ ထမြောက်အောင်မြင်နေသည်။





အင်္ဂလိပ်နှင့် ပြင်သစ်လေတပ်နှင့် ရေတပ်များ၏တိုက်ခိုက်မှုကြောင့် အီဂျစ်လေတပ်နှင့် ရေတပ်သည် ဆက်လက်တိုက်ပွဲဝင်နိုင်လိမ့်ဦးမည်ဟု ထင်မှတ်စရာအကြောင်း မရှိချေ။ အင်္ဂလိပ်နှင့်ပြင်သစ်တို့ ဝင်မတိုက်မီကတည်းက ကျွန်ုပ်တို့တပ်များအထူးသဖြင့် လေတပ်သည် အပေါ်စီးရနေခဲ့၏။ အီဂျစ်လေယာဉ်ကွင်းများ ဗုံးမကြဲရအစရှိသည့် ကန့်သတ်ချုပ်ချယ်မှုများကို ပြုလုပ်ထားလင့်ကစား လေတပ်သည် ရန်သူကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ အကယ်၍ ကျွန်ုပ်တို့ချည်း ဆက်လက်တိုက်ခိုက်နေရမည်ဆိုလျှင်လည်း ရက်အနည်းငယ်အတွင်း အီဂျစ်လေတပ် အားပျော့သွားအောင် ကျွန်ုပ်တို့လေတပ်ပြုနိုင်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

တင့်ကားများအနေဖြင့် ယနေ့ထက်တိုင်အောက် အီဂျစ်သံချပ်ကာယန္တရားတပ်များနှင့် ကျကျနနတိုက်ပွဲဝင်ရခြင်း မရှိသေးပေ။ နောက်ရက်များတွင်လည်း တိုက်ရဖွယ်ရာအကြောင်းမမြင်ပါ။ သူတို့တပ်များသည် နောက်ပိုင်းတွင်သာ လှည့်လည်သွားနေသည်။ ကျွန်ုပ်တို့တပ်များနှင့် ရင်ဆိုင်ရမည်ကို ရှောင်ရှားနေသည်။ ထိုအခြေပင် ရှိလင့်ကစား ကျွန်ုပ်တို့၏တပ်မဟာ(၇)သည် ဗူးအက်တူးမြောင်းသို့ ခရီးတစ်ဝက်ကျော် ချဉ်းနင်းရောက်ရှိနေချေပြီ။ မစ်တလာသည် ဗူးအက်နှင့် မိုင် (၃၀)မျှသာဝေးကွာ၏။ ထိုမစ်တလာတွင် ကျွန်ုပ်တို့၏လေထီးတပ်များကို ချပေးသည်။ ကျန်နေသည့် ကျွန်ုပ်တို့၏တပ်များနှင့်လည်း အဆက်အသွယ် ပြတ်နေခိုက်ဖြစ်သည်။ ဟင်းလင်းပြင်ကြီးတွင်လည်း တပ်စွဲနေရသည်။ သံချပ်ကာကားများဖြင့် တိုက်ခိုက်ရန် အလွန်သင့်လျော်သော အနေအထား ဖြစ်သည်။ သို့သော်လည်း ရန်သူ့ယန္တရားတပ်သည် ကျွန်ုပ်တို့ကို လာမတိုက်။

မည်သို့ဆိုစေ ဆီနိုင်းကို အကာအကွယ်ပေးထားသည့် ပင်မအီဂျစ်လက်နက်ကိုင်တပ်များသည် အီဂျစ်သံချပ်ကာယန္တရားတပ်၏ စစ်ကူခြေလျင်တပ်မများပင် ဖြစ်သည်။ ထိုတပ်မများကား အမှတ် (၃)တပ်မ၊ အမှတ်(၈)၊ ပါလက်စတိုင်းတပ်မနှင့် အရှေ့ဘက်ခြမ်းတွင် အရန်အဖြစ်တာဝန်ယူနေသော အမှတ်(၂)တပ်မတို့ဖြစ်သည်။ ဆီနိုင်းကျွန်းဆွယ်ကာကွယ်ရေးကို အခြေခံစခန်း(၄)ခုအဖြစ် ပြုလုပ်ထားသည်။ အယ်လ်အရစ်ရှ်၊ ရာဖာ၊ အဘူအဂီလာနှင့် ရှမ်အယ်လ်ရှိတ် ဖြစ်သည်။

ရှမ်အယ်လ်ရှိတ်သည် မိမိဖာသာရပ်တည်သော လွတ်လပ်စွာ ကာကွယ်ထားသည့်ဒေသဖြစ်၏။ သို့သော်လည်း အခြားဒေသသုံးခုသည် အမှတ် (၃) တပ်မမှ တစ်တပ်ချင်း တာဝန်ပေးပြီး ကာကွယ်ထားသည့် ဒေသများဖြစ်၏။ ရာဖာ၏မြောက်ပိုင်းကိုဆက်သွယ်ထားသည့် ဂါဇာကမ်းမြောင်ဒေသကို အမှတ် (၈) ပါလက်စတိုင်း တပ်မက ကာကွယ်၏။ ၎င်းနှင့် အယ်လ်အရစ်ရှ် ကာကွယ်ရေးအစီအစဉ်တို့သည်လည်း ဆက်သွယ်နေ၏။ အကယ်၍ အယ်လ်အရစ်ရှ်နှင့် ရာဖာတို့ကိုသိမ်းပိုက်နိုင်လျှင် ဂါဇာကမ်းမြောင်ဒေသသည် အဆက်အသွယ်ပြတ်၍ သီးခြားဖြစ်သွားကာ ရန်သူများ ဆက်လက်ရပ်တည်နေနိုင်တော့မည် မဟုတ်ချေ။

စစ်ဆင်ရေးကြီးစခဲ့သည်မှ ယခု (၄၈) နာရီရှိပြီ။

ဆီနိုင်းတွင်ရှိသည့် အီဂျစ်လက်နက်ကိုင်တပ်များကို အပြင်းအထန်တိုက်ရမည့်အချိန်ကျရောက်နေပြီ။


www.burmeseclassic.com

www.burmeseclassic.com

ရာဖာနှင့် အယ်လ်အရစ်ရှ်တွင် ရှိသောတပ်များကို အပြင်းအထန်တိုက်ရန် ဖြစ်သည်။ ဤတိုက်ပွဲကို ကျွန်ုပ်တို့တွင်ရှိသမျှ အင်အားများအားလုံးသုံးပြီး တိုက်ရတော့မည်ဖြစ်သည်။ ဤတိုက်ပွဲမစမီက ကျွန်ုပ်တို့ချမှတ်ခဲ့သည့် စစ်ဆင်ရေး၏ပထမပိုင်းများ ပြီးစီးလွန်မြောက်ခဲ့ချေပြီ။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်သည် လက်စားချေတိုက်ပွဲ မဟုတ်တော့ကြောင်း အီဂျစ်တို့ကလည်း သဘောပေါက်ပြီးကြပြီ။ တောင်ပိုင်းတိုင်း စစ်ကြောင်းတစ်လျှောက်ဖြစ်သော နခါလ်၊ မစ်တလာနှင့်ကူစီမာ၊ ဂျေဘယ်လစ်ဗနီတို့တွင် ကျွန်ုပ်တို့၏တပ်များ ချီတက်ခဲ့ပြီး ရည်ရွယ်ချက်နေရာများကိုလည်း ရောက်ခဲ့ကြပြီဖြစ်၏။

မနေ့ နေဝင်ဆည်းဆာ လွန်မြောက်သည့်အချိန်တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့ကလည်း အီဂျစ်လေယာဉ်ပျံကွင်းများကို စတင်ဗုံးကြဲခဲ့ချေပြီ။ ယခုဆိုလျှင် စစ်ဆင်ရေးအပြုအမူများ အားလုံးအမြန်ဆုံးရပ်ဆိုင်းပစ်ရန် နိုင်ငံရေးအရ ပြင်းထန်စွာ ဖိနှိပ်တောင်းဆိုမှုများသည် ကျွန်ုပ်တို့အပေါ် သို့ ကျရောက်လာချေတော့မည်။ ထို့ကြောင့် အမြန်ဆုံးအောင်ပွဲခံသိမ်းပိုက်မှုကြီး ပြီးဆုံးရန် ရှိသမျှအင်အားများကို သုံးပြီး ကျွန်ုပ်တို့ အပြင်းအထန်ကြိုးစားရချေတော့မည်။

ထိုသို့သော အကြောင်းများကြောင့် ရာဖာကိုသိမ်းပိုက်ရန် နည်းလမ်းနှင့်ပတ်သက်ပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ထောက်ခံချက်ကို ပယ်ချပြီး ဆုံးဖြတ်ချက်တစ်ခုကို ကျွန်ုပ်ချလိုက်သည်။ ရာဖာကို တောင်ဘက်မှမဟုတ်ဘဲ မြောက်ဘက်မှနေ၍တိုက်ခိုက်ချေမှုန်းရန် ဖြစ်သည်။ စစ်ဆင်ရေး၏စောစောပိုင်းတွင် သံချပ်ကာယန္တရားတပ်ကို အများဆုံးတာဝန်ပေးအပ်ရချေမည်။ ခံစစ်အတွက် သူတို့ကောင်းစွာပြင်ဆင်ပြုလုပ်ထားသည့် အပိုင်းမှနေ၍ တူရှုတိုက်ခိုက်မှုကို ပြုရမည်ဖြစ်ကြောင်း ကျွန်ုပ်သိပါသည်။ သို့သော်လည်း သူတို့ကိုဝိုင်းမိရန်အတွက် တောင်ဘက်လမ်းအတိုင်း အတွင်းကျကျ ချီတက်ရမည်ကို ကျွန်ုပ်စိုးရိမ်မိသည်။ ထိုဘက်တွင် သဲတောင်ကြီးများက ခံနေပြီး ထိုအချိန်က ကျွန်ုပ်တို့တွင်ကျန်ရှိသည့် တင့်ကားများ နစ်မြုပ်ကုန်မည်ကို စိုးရိမ်ရခြင်းဖြစ်သည်။

ကျွန်ုပ်သည် ရာဖာကို တိုက်နေသော တပ်များရှိရာသို့သွားပြီး အယ်လ်အရစ်ရှ်ကိုသိမ်းပိုက်၍ မပြီးမချင်းသူတို့နှင့်အတူနေရန် ရည်ရွယ်ပါသည်။ စစ်ဆင်ရေးနှင့် ပတ်သက်သည့် သာမန်လုပ်ရိုးလုပ်စဉ်တာဝန်များကို စစ်ဆင်ရေးဌာနခွဲမှ အရာရှိများအား ယုံကြည်စွာ လွှဲပေးခဲ့မည်ဖြစ်ပါသည်။ သူတို့၏ကျွမ်းကျင်မှုနှင့် အဆုံးအဖြတ်များကို ကျွန်ုပ်ယုံကြည်၏။ မည်သို့ပင်ဆိုစေ စစ်ဦးစီးချုပ်ရုံးတွင် ကျွန်ုပ်မရှိသည်ကို သူတို့ မနှစ်သက်ချင်ကြ။

စစ်ဆင်ရေး၏ ပထမ နှစ်ရက်လုံးလုံးနီးပါးကို စစ်မြေပြင်မှာပင် ကျွန်ုပ် အချိန်ကုန်စေခဲ့၏။ ပထမရက်က ကူစီမာရှိ အမှတ် (၇)နှင့် အမှတ်(၄) တပ်မဟာတို့နှင့်အတူ ရှိနေ၏။ ဒုတိယနေ့ဖြစ်သော မနေ့ကမူ အမ်ကတက်အနီးရှိ တပ်မဟာ (၁၀) နှင့်အတူ နေခဲ့သည်။ ညစဉ်ညတိုင်း စစ်ဦးစီးချုပ်ကွပ်ကဲမှုဌာနသို့ ပြန်တက်၏။ သို့သော်လည်း ကျွန်ုပ်မရှိသည့်နေ့ပိုင်းတွင် အခက်အခဲများပေါ်ပေါက်ပြီး အလုပ်အကိုင် ကမောက်တမများဖြစ်နေသည်။





စစ်မြေပြင်တွင် ကျွန်ုပ်နှင့်အတူ ကြိုးမဲ့ ကြေးနန်းတစ်လုံး အချိန်ပြည့်ရှိသည်။ စစ်ဦးစီးချုပ်ရုံးနှင့် အမြဲတမ်း အဆက်အသွယ်ပြုလုပ်နေသည်။ ဤသို့ အဆက်အသွယ်ပြုလုပ်သော်လည်း လုံလောက်မှုမရှိပါဟု ကျွန်ုပ်၏ဦးစီးအရာရှိများက ပြောသည်။ သူတို့ပြောစကားမှန်ပါလိမ့်မည်။

သို့လင့်ကစား ကျွန်ုပ်အနေဖြင့် ဦးစီးချုပ်ရုံးတွင် အချိန်ပြည့် ထိုင်မနေနိုင်ပါ။ ထိုင်နေလိုစိတ်လည်း မရှိပါ။

✡

## (၁၉၅၆)၊ နိုဝင်ဘာ (၃)ရက်

ကျွန်ုပ်တို့အနေဖြင့် အမှားအယွင်းများကို ပြုလုပ်နေမိခြင်းသည် ကန့်သတ်၍မရနိုင်အောင် ဖြစ်နေ၏။ ထပ်ခါတလဲလဲ ဖြစ်ပွားနေတော့၏။ နိုဝင်ဘာ (၂)ရက်နေ့ မွန်းလွဲပိုင်းက ဖြစ်သည်။ ကျွန်ုပ်တို့၏ အမှတ် (၇)တပ်မဟာမှ တင့်ကားတပ်ဖွဲ့တစ်ခုကို ကိုက် (၁၁၀၀) အတွင်းရှိ အခြားတင့်ကားတပ်ဖွဲ့သည်လည်း ကျွန်ုပ်တို့၏ တပ်မဟာ (၃၇) မှတပ်ဖွဲ့ပင်ဖြစ်သည်။ ငါးမိနစ်အတွင်း တင့်ကား (၈)စီးကို ထိမှန်ပြီးသုံးမရအောင် ပျက်စီးသွားသည်။ သေဆုံးသူ၊ ဒဏ်ရာရသူများစာရင်းကို မသိရသေးချေ။ သို့သော်လည်း တင့်ကားတပ်ဖွဲ့၏တပ်မှူးပါ သေဆုံးသူများအထဲတွင် ပါသွားပုံရသည်။

ထိုသို့ ကိုယ့်အချင်းချင်း မှားယွင်းတိုက်ခိုက်မှုများ ဖြစ်ပွားနေသည်မှာ တက်သုတ်နှင်၍ တိုက်ပွဲဆင်နေခြင်း၊ မသေချာ မပြည့်စုံသည့် ကြိုတင်ပြင်ဆင်မှုများဖြင့် တိုက်ပွဲဆင်နေခြင်းများကြောင့်ပင် ဖြစ်၏။ ယင်းကဲ့သို့ တက်သုတ်နှင်ရမှု၊ ပြည့်စုံသော ကြိုတင်ပြင်ဆင်မှုမပြုရသဖြင့် ကျွန်ုပ်တို့တပ်ဖွဲ့အချင်းချင်းသည် ကောင်းစွာ ပူးပေါင်းဆောင်ရွက်ခြင်း မရှိကြချေ။

အဆက်အသွယ်များ ပြတ်သွားလင့်ကစား ဆက်လက်တိုက်ပွဲ ဝင်ရမည်ဟု ကျွန်ုပ်က အမိန့်များပေးထားမိသည်။ ထိုအမိန့်များအရလည်း အချင်းချင်းအဆက်အသွယ် ပြတ်ကုန်သည်တွင် ဆက်လက်တိုက်ခိုက်သဖြင့် အမှားအယွင်းများ ဖြစ်ကုန်၏။ ကျွန်ုပ်တို့လေတပ်နှင့်ပါ အဆက်အသွယ် ပြတ်တောက်နေရသောကြောင့် ကိုယ့်တပ်အချင်းချင်း တစ်ဖက်က တစ်ဖက်ကို ပစ်ခတ်တိုက်ခိုက်မှုများ၊ နားလည်မှုပျက်ပြားရသည်များ ပေါ်ပေါက်လာတော့၏။ ရန်သူတပ်နှင့် မိတ်ဆွေတပ်ကိုလည်း အလွယ်တကူခွဲခြားနိုင်ခြင်း မရှိကြတော့။ ကျွန်ုပ်တို့၏တင့်ကားများသည် အမှတ်အသားမရှိ။ ထို့ပြင် သဲမှုန်များ တထောင်းထောင်းထနေသည့်ကြားတွင် တိုက်ခိုက်နေရသဖြင့် ကျွန်ုပ်တို့တပ်နှင့် အီဂျစ်တပ်ကို ခွဲခြားသိရှိနိုင်ရန် ခက်ခဲလာတော့၏။ ကျွန်ုပ်တို့၏ ဖမ်းဆီးရရှိသည့် ရန်သူ့မော်တော်ယာဉ်များအနက် အချို့သည် ဆက်လက်အသုံးပြုနိုင်သော မော်တော်ယာဉ်များဖြစ်သည်။ ထိုတိုက်ပွဲကို အမြန်တိုက်နေရပြီး ထိုမော်တော်ယာဉ်များကိုပါ အမြန်ဆုံးအသုံးပြုနေရသဖြင့် ဆေးပြန်သုတ်ရန်နှင့် ကျွန်ုပ်တို့၏အမှတ်အသား[illegible] ရေးရန် အချိန်မရတော့ချေ။ မပြုလုပ်နိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

စစ်မြေပြင်တွင် ရှိသည့် အခြားတပ်များကိုပါ ခွဲခြားသိရှိရန် တပ်မှူးများက အစွမ်းကုန် ကြိုးစားရချေတော့မည်။ မနေ့က ဖြစ်ပွားခဲ့သည့် ကိုယ့်အချင်းချင်း မှားယွင်း တိုက်ခိုက်မှုကြီး ပြီးသည့်နောက်ပိုင်းတွင်လည်း တက်သုတ်နှင့် စစ်ဆင်မှုကို ရပ်ဆိုင်းရန် တက်သုတ်နှင့်ချိတက်မှုအဟုန်ကို လျှော့ချရန် ကျွန်ုပ်က အမိန့်ပြောင်းလဲပေးခြင်း မပြု။ ကျွန်ုပ်တို့စစ်ဆင်ရေးကြီး အောင်မြင်ရန်မှာ အလျင်အမြန် တိုက်ခိုက်ခြင်းနှင့် တပ်မှူးများက အခြေအနေ ကြည့်ရှုဖန်တီးဆောင်ရွက်နိုင်ခြင်း နှစ်ခုပေါ်တွင် လုံးလုံးလျားလျား တည်ရှိနေပါသည်။

မနေ့ကအဖြစ်အပျက်သည် မလိုလားအပ်သော အချင်းချင်း နားလည်မှု ကင်းမဲ့ခြင်းဖြစ်၏။ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ထောက်လှမ်းအရာရှိသည် တပ်မဟာ (၇)နယ်မြေသို့ မနက်အစောကြီး ရောက်လာ၏။ ထိုအချိန်က အဘူအဂီလာအနီးတွင် ရှိသော သံချပ်ကာ ယန္တရားတပ် တပ်ရင်းမှူးနှင့် တွေ့ဆုံ၏။ အီဂျစ်စစ်သုံ့ပန်းများကို ကျကျနနစစ်ဆေးခြင်းမပြုရသေးကြောင်း ထောက်လှမ်းအရာရှိက မြင်တွေ့ရသည်။ သူ့တွင်လည်း အချိန်မရှိပါ။ ထို့ကြောင့် ထိုနေရာမှာပင် အီဂျစ်စစ်သားတစ်ယောက်ကို တစ်ထိုင်တည်းစစ်ဆေးသည်။ "အီတ်"အတွင်း (ရန်သူ့လက်မှ သိမ်းပိုက်ရယူခြင်း မရှိသော အမ်အတက်၊ အမ်ရှိဟန်စခန်းများ၏အတွင်းပိုင်း)၌ မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို စစ်ဆေးမေးမြန်း၏။

အီဂျစ်စစ်သား၏ အစစ်ခံချက်အရ အမ်ကတက်ရှိ အီဂျစ်စစ်တပ်များ၏ တပ်မှူးထံသို့ စာတစ်စောင်ပေးပို့ရန် ထောက်လှမ်းအရာရှိနှင့် တပ်ရင်းမှူးတို့က ဆုံးဖြတ်ပေးကြသည်။ ယနေ့ (၁၄း၀၀)နာရီကို နောက်ဆုံးထားပြီး လက်နက်ချရန် တောင်းဆိုသောစာဖြစ်သည်။ စာကို အာရပ်ဘာသာများဖြင့် ရေးသားပြီး (၁၁း၃၀) နာရီတွင် ပေးခိုင်းလိုက်၏။ သိမ်းဆည်းရမိထားသည့် ဂျစ်ကားတစ်စီးကို အလံဖြူထောင်ပြပြီး အီဂျစ်စစ်သုံ့ပန်းနှစ်ဦးက မောင်းနှင်၍ စာယူသွားသည်။

ထိုအချိန်မှာပင် ကျွန်ုပ်တို့လေတပ်က အမ်ကတက်ကို ဗုံးကြဲတိုက်ခိုက်သည်။ ရန်သူ့နယ်မြေအတွင်း၌ ရန်သူလှုပ်ရှားမှု တစ်စုံတစ်ရာကို မတွေ့ရကြောင်း၊ ရန်သူ အားလုံး ညကတည်းက ဆုတ်ခွာရုပ်သိမ်းသွားကြပြီဟု ယုံကြည်ရကြောင်းဖြင့် လေယာဉ်မှူးများက သတင်းပို့သည်။

ကူစီမာဘက်မှ လှည့်၍ စုံစမ်းထောက်လှမ်းရန် တင့်ကားတပ်ဖွဲ့တစ်ခုကို စေလွှတ်မည်ဟု တပ်မဟာ (၃၇)တပ်မှူးက ဆုံးဖြတ်လိုက်၏။ ရန်သူများ ဆုတ်ခွာသွားပြီး ဖြစ်လျှင် သို့တည်းမဟုတ် ဆုတ်ခွာနေဆဲဖြစ်လျှင် ရန်သူများ၏ တစ်ဖက်ခြမ်းတွင်ရှိသော ကျွန်ုပ်တို့၏တပ်မဟာ (၇) နှင့် သွားရောက်ဆက်သွယ် ပူးပေါင်းရမည် ဖြစ်၏။

အမ်ကတက်နှင့် အမ်ရှိတန်တွင်ရှိသော အီဂျစ်တပ်များအားလုံးသည် ညကတည်းက ဆုတ်ခွာသွားကြပြီးဖြစ်၏။ ကျွန်ုပ်တို့တင့်ကားတပ်ဖွဲ့က ရန်သူစခန်းများ အတွင်း ချဉ်းနင်းဝင်ရောက်သွားသောအခါ ပထမဦးဆုံး လာရောက်လက်နက်ချသည့် အီဂျစ်စစ်သားနှစ်ဦးသည် စောစောက ဂျစ်ကားပေါ်တွင် အလံဖြူထောင်ပြီး လက်နက်ချရန် တောင်းဆိုစာယူသွားသည့် စစ်သားနှစ်ဦး ဖြစ်နေသည်ကို တွေ့ရသည်။





"ရာဇသံစာ"ကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ဆက်သားများဖြင့် ပြန်ပို့ခိုင်းလိုက်ပြီး တပ်မဟာ(၇)နှင့် ပူးပေါင်းမိရန် အနောက်ဘက်သို့ ဆက်လက်ချီတက်လာခဲ့သည်။ အမ်ရှိဟန်တောင်ကြားသို့ ရောက်သည်နှင့်တစ်ပြိုင်တည်း တပ်မဟာ (၇)၏ ဆီးကြိုတိုက်ခိုက်မှုနှင့် ရင်ဆိုင်တိုးရတော့သည်။ အီဂျစ်တပ်သည် လက်နက်ချရမည့်အစား၊ တပ်ရင်းမှူး၏ရာဇသံအတိုင်း ဆောင်ရွက်ရမည့်အစား လက်နက်မချဘဲ ချီတက်လာသည်ဟု ထင်မှတ်ပြီး သံချပ်ကာတပ်များဖြင့် ထိုးဖောက်တိုက်ခိုက် စစ်ခေါင်းခွဲပစ်ရန် တပ်မဟာ (၇)က ဆုံးဖြတ်လိုက်သည်။

မှားယွင်းတိုက်ခိုက်နေပြီဖြစ်ကြောင်း ချက်ချင်းသဘောပေါက်သူမှာ ကျွန်ုပ်တို့၏လေယာဉ်မှူးများ ဖြစ်လေသည်။ လေယာဉ်ပျံများက နိမ့်နိမ့်ပျံပြီး ပစ်ခတ်မှုကို ရပ်စဲရန် အကြိမ်ကြိမ်များစွာ နည်းမျိုးစုံစွာ အချက်ပြ၏။ ထို့ကြောင့် အပစ်အခတ်ကို ရပ်စဲလိုက်ကြ၏။ သို့သော်လည်း တောင်ကြော၏နောက်ကွယ်သို့ ဆုတ်ခွာသွားပြီး တိုက်ခိုက်ခြင်းမှ ရှောင်တိမ်းနိုင်သည့်တင့်ကားသည် တစ်စီးသာကျန်လေတော့သည်။

အမ်ကတက်နှင့် အမ်ရှိဟန်အီဂျစ်တပ်များ ဆုတ်ခွာသွားကြသည်မှာ နိုဝင်ဘာ (၁)ရက်နေ့က ဖြစ်၏။ ထိုတပ်များ ဆီနိုင်းမှ အကြမ်းဖျင်းအားဖြင့် ပြန်ဆုတ်ပေးရန် အမိန့်ကို အီဂျစ်စစ်ဦးစီးချုပ်က ထိုနေ့မွန်းလွဲပိုင်းတွင် ထုတ်ပြန်ပေးလိုက်၏။ အယ်လ်အရစ်ရှ်သို့ ပြန်ဆုတ်ပေးပါရန် အမိန့်သည် အီဂျစ်တပ်မဟာ (၆) သို့ ထိုနေ့ (၁၆း၀၀) နာရီတွင် ရောက်လာ၏။ ညွှန်ကြားချက်များအရ အီဂျစ်စစ်သားများသည် လက်နက်ကြီးများကို ထားရစ်ခဲ့ကာ ခြေကျင်ပြန်ဆုတ်လာရမည် ဖြစ်၏။

နေဝင်ဆည်းဆာတွင် စတင်ဆုတ်ခွာကြသည်။ နောက်ချန်တပ်က အမြောက်ကြီးများဖြင့် ပစ်ခတ်နေသည်။ ရဲဖန်ရံခါဆိုသလိုလည်း ကျွန်ုပ်တို့တပ်များ ယုံကြည်စေရန် အခြားလက်နက်များဖြင့် ပစ်ခတ်ပေးသည်။ ရန်သူများက ဆုတ်ခွာနေခြင်းကို ကျွန်ုပ်တို့ မရိပ်မိစေရန် ၎င်းတို့၏စတိုများ၊ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီး ပစ်ခြင်းမပြုခဲ့ချေ။

၎င်းတို့တပ်များ ရုပ်သိမ်းစတွင် စနစ်တကျရှိ၏။ မြောက်ဘက်သို့ ဦးတည်ပြီး သဲတောင်ကြီးများကို ဖြတ်ကျော်ကာ တပ်ခွဲလိုက် စနစ်တကျ ဆုတ်ခွာသွားကြ၏။ သို့သော် ထို့နောက်ပိုင်းတွင် ရှုပ်ထွေးမှုများ ပေါ်လာ၏။ တပ်များသည် တပ်မှူးများနှင့် အဆက်အသွယ်ပြတ်သွားပြီး ခြေဦးသင့်ရာသို့ ထွက်ပြေးသည့် အဖြစ်မျိုးသို့ ဆိုက်ရောက်သွား၏။ တပ်ရင်း (၁၈)မှတပ်သားများသည် မက်ဂဒါဝါကို ဖြတ်ပြီး ထိုညမှာပင်အယ်လ်အရစ်ရှ်သို့ ရောက်ရှိသွားပြီး ဘာလာဖန်သို့ ဦးတည်ဆုတ်ခွာလာမိသည့် ကျန်တပ်များကမူ ကျွန်ုပ်တို့ ၏လက်တွင်း သုံ့ပန်းများ ဖြစ်လာလေတော့သည်။

အမ်ကတက်၊ အမ်ရှိဟန်နှင့် ကာကွယ်ထားသည့် အဘူအဂီလာနယ်မြေများ သာလျှင် အီဂျစ်တို့က ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီး ကျွန်ုပ်တို့တပ်များက အလွန် အင်အားနည်းပါးစွာ တိုက်ခိုက်ခဲ့ရသည့် နယ်မြေများ ဖြစ်လေသည်။ ဤနယ်မြေ၌ ကျွန်ုပ်တို့တပ်များ တိုက်ခိုက်ရာတွင် မှားယွင်းသည့် အရင်းခံအကြောင်းအရင်းသည် စိတ်မပါဘဲ အားကြိုးမာန်တက်မရှိဘဲ တိုက်ခိုက်ကြခြင်းသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာ (၃၀) ရက်နေ့တွင် တပ်မဟာ (၇) မှတပ်ဖွဲ့သည် အမ်ရှီဟန်ကို ဝင်တိုက်သည်။ ထို့နောက်မှ တစ်ဖန် တပ်မဟာ (၁၀)၊ တပ်မဟာ (၃၇) တို့နှင့်အတူ အမ်ကတက်ကို ဆက်လက်တိုက်ခိုက်ရပြန်သည်။ ထိုတိုက်ပွဲများအားလုံးတွင် ကျွန်ုပ်တို့၏ တိုက်ခိုက်ရေးတပ်သည် ရှိသမျှ စွမ်းအား အကုန်သုံးပြီး တိုက်ခိုက်ခြင်း မရှိ။ အထက်ပါ ဝေဖန်ချက်မှာ အဘူအဂီလာခံစစ်အခြေစိုက်စခန်း၏ အရှေ့ဘက်ခြမ်းဖြစ်သော အဘူ အဂီလာနယ်မြေနှင့် ရော်ဖာရေလှောင်ဆည်တို့ကို တိုက်ခိုက်သည့် တိုက်ပွဲနှစ်ခုနှင့်သာ သက်ဆိုင်ပါသည်။ ထိုဒေသများကို တစ်နေ့တွင်းမှာပင်(အောက်တိုဘာ ၃၁) တပ်မဟာ (၇)၏ တပ်ရင်းတစ်ရင်းက တိုက်ခိုက်သိမ်းပိုက်ခဲ့သည်၊ ကျွန်ုပ်တို့၏ မှားယွင်းမှုသည် ရှေ့တန်းစစ်မျက်နှာတွင် ရရှိနိုင်သည့် တပ်များအားလုံး၏ အကူအညီကို ရယူခြင်းမရှိ ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ တိုက်ခိုက်ကြခြင်းဖြစ်သည်။ တိုက်ခိုက်ရေးတပ်များကို အပစ်တင်ခြင်းထက် တာဝန်ကြီးသောပုဂ္ဂိုလ်အပေါ် သာ အပြစ်ပုံဖို့၏။ အပြစ်ပုံဖို့ ခံရသူ များမှာ စစ်သေနာပတိချုပ်ဖြစ်သော ကျွန်ုပ်နှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့ ဖြစ်လေသည်၊

အီဂျစ်လက်နက်ကိုင်တပ်များသည် ၎င်းတို့တိုက်ခိုက်ရေးတပ်များ၏ မူသေ စနစ်ဖြင့် ကောင်းစွာတိုက်ခိုက်ခဲ့ကြပါ၏၊ ၎င်းတို့အသုံးပြုကြသည့် လက်နက်ကြီးများ ဖြစ်သော တင့်ကားဖျက်လက်နက်များ၊ မြေပြင်ပစ်အမြောက်ကြီးများ၊ လေယာဉ်ပျံပစ် အမြောက်များကို မူသေချထား၏၊ သို့လင့်ကစား အဆက်မပြတ်တည့်မတ်စွာ ကျွမ်းကျင် နိုင်နင်းစွာ တိုက်ခိုက်နိုင်ခဲ့ကြသည်ကို တွေ့ရ၏၊ ၎င်းတို့၏ ကတုတ်ကျင်းစခန်းများကို စွန့်ခွာရခြင်း၊ အစီအစဉ်များကို ပြောင်းလဲပစ်ရခြင်းများ ပြုလုပ်ရသောအခါမျိုးတွင် ထိုအချက်သည် အကြောင်းအရင်း မဟုတ်တော့ပါ။ သူတို့သည် တန်ပြန်တိုက်ခိုက်မှုကို မလုပ်။ တန်ပြန်စစ်ကို မလုပ်၊ လုပ်ပြန်တော့လည်း တိုက်ပုံခိုက်ပုံသည် ညံ့လှ၏၊ နည်းပါး လှ၏။

ထိုမျှသာမကသေး တိုက်ခိုက်ရာတွင်လည်း အယ်လ်အရစ်ရှ်တွင် တပ်စွဲထား သည့်ထိုဒေသများအတွက် တာဝန်ပေးအပ်ခြင်း ခံထားရသော အမှတ် (၃) သံချပ်ကာ ယန္တရားတပ်ရင်း၏တင့်ကားများကို အသုံးမပြု။ တွဲဖက်တိုက်ခိုက်စေခြင်း မရှိ။ ၎င်းတို့၏ အရန်ခြေလျင်တပ်များကိုလည်း ပါဝင်တိုက်ခိုက်စေခြင်းမရှိ။ အကူအညီတောင်းယူခြင်း မရှိ။ ဤဒေသ၏ရှေ့တန်းစစ်မျက်နှာ၌ တိုးတက်မှုများဖြစ်ပေါ်စေရန် အယ်လ်အရစ်ရှ် မှာရှိသည့် တိုင်းစစ်ဌာနချုပ်က ဩဇာသုံးစွဲတာ ဆောင်ရွက်ပေးမှု တစ်ခုမှမပြု။ တပ်များ စတင်ထွက်ခွာလာသည့်နေရာကို ထုတ်ဖော်မပြော။ သူတို့၏အခြေစိုက်စခန်းများမှနေ ၍လည်း ထင်ပေါ်မှုကို မပြ။

စစ်ရေးစစ်ရာနှင့် ပက်သက်၍ အင်္ဂလိပ်၊ ဂျာမနီနှင့် ရုရှနည်းပြဆရာများက အီဂျစ်တို့အား မည်ကဲ့သို့ သင်ကြားပေးထားသည်ကို ကျွန်ုပ် မသိပါ။ ဆီနိုင်းကျွန်းဆွယ် ဗဟိုပိုင်းဖြစ်သည့် ကူစီမာ၊ နစ်ဝါနာနယ်မြေကို ချဉ်းနင်းဝင်ရောက်ထိုးဖောက်လာမည့် ရန်သူတပ်များအား တွန်းလှန်ရန် စခန်းအဖြစ် အဘူအဂီလာကို အီဂျစ်ကာကွယ်ရေး ဦးစီးအဖွဲ့က သတ်မှတ်ထားပုံရသည်။





ထိုနေရာတွင် ၎င်းတို့၏ကာကွယ်ရေး အစီအစဉ်ကို အဓိကတပ်စခန်း (၆) ခုဖြင့်သည့် ကူစီမာ၊ အမ်ကတက်၊ အမ်ရှီဟန်၊ အဘူအဂီလာ၊ ရော်ဖာရေလှောင်ဆည်နှင့် ရပ်စ်မတ်မော်တို့ကို အခြေခံထား၏။ ထိုစခန်းများကို ခြေလျင်တပ်မဟာ တစ်ခုအပြင် များပြားလှသော အကူအညီပေးတပ်ဖွဲ့များဖြင့် စစ်ကူပေးအားဖြည့်ထား၏။ အရှေ့ပိုင်း မှနေ၍ တိုက်ခိုက်လာသည့် အစ္စရေးတပ်များ စစ်ခေါင်းကွဲသွားရန်နှင့် လေထီးချပေးခြင်း ဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ဝင်ရောက်ထိုးဖောက်လာမည့် ရန်သူ များကို ရှင်းလင်းမောင်းထုတ်ပစ်ရန် အီဂျစ်စစ်ခေါင်းဆောင်များ မရည်ရွယ်ကြပါ။

ဆီနိုင်းကျွန်းဆွယ် ကာကွယ်ရေးအစီအစဉ်သည် ထိုအတိုင်းပင်ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်သိရပါသည်။ ထိုအစီအစဉ်ထဲတွင် အမှားသုံးခုကို ကျွန်ုပ်တို့ မြင်တွေ့ မိပါသည်။

**ပထမအမှား။** ။ ထိုစခန်းများ၏ ခုခံစစ်အင်အား၊ ကာကွယ်ရေးအင်အားကို အီဂျစ် တို့က များစွာပင် အထင်ကြီးထားခြင်း ဖြစ်၏။ အဆိုပါစနစ်ကို ပြီးခဲ့ပြီးသည့် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဥရောပစစ်မြေပြင်တွင် အသုံးပြုခဲ့ကြဖူးသည်။ ခံစစ်ကြီးများကို ကျယ်ပြောလှသည့် မိုင်းမြှုပ်နယ်မြေများ၊ အင်္ဂတေဖြင့် ဆောက်လုပ်ထားသည့် ခံတပ် ကြီးများဖြင့် နယ်မြေကြီးတစ်ခုလုံးကို ပတ်ရံထားသည်။ တစ်ဖန် အရေအတွက်များပြား လှသော တင့်ကားဖျက်လက်ကြီးများ၊ တောင်ပေါ်ပစ်အမြောက်ကြီးများ၊ လေယာဉ်ပျံပစ် အမြောက်ကြီးများကို တပ်ဆင်ထားပြန်၏၊ ထိုသို့ကျယ်ပြန့်လှသည့် ခံတပ်တပ်မြေကြီးကို ဥရောပနိုင်ငံများတွင်သာ တည်ဆောက်နိုင်ပြီး အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများတွင် ဆောက်လုပ်၍ မဖြစ်နိုင်ပေ။ ထိုသို့သော ခံတပ်နယ်မြေကြီး ဆောက်လုပ်နိုင်ရန်အတွက် သူတို့တွင် လုံလောက်သော လူအင်အားမရှိ။ လုံလောက်သော လက်နက်မရှိ။ လုံလောက် သော ငွေကြေးမရှိ၊

အဘူအဂီလာနယ်မြေတွင် အလားတူ ခံတပ်နယ်မြေကြီး တည်ဆောက်ပြီး ပြင်းထန်သည့်တိုက်ပွဲများကိုဆင်နွှဲရန် ပြင်ဆင်မျှော်လင့်ထားကြသည်။ သူတို့ အားကိုး သည့် အဘူအဂီလာနှင့်ရော်ဖာကို တကယ်တမ်းတိုက်ရသောအခါတွင် တစ်နာရီမျှပင် မခုခံနိုင်ဘဲ လက်လွှတ်ခဲ့ကြရသည်။ ကျွန်ုပ်တို့ဘက်က တင့်ကားတပ်ဖွဲ့နှစ်ခုနှင့် တင့်ကား ခါးပြတ်များဖြင့် လိုက်ပါလာသော ခြေလျင်တပ်ခွဲတစ်ခွဲတို့က တိုက်ခိုက်ခဲ့ကြသည်၊

**ဒုတိယအမှား။** ။ ဥရောပနိုင်ငံများ ခံစစ်တပ်များကို အတုခိုးယူသည့် အမှားဖြစ်၏။ ယင်းအမှားသည် စစ်စွယ်များကို သိမ်းယူထားခြင်းဖြင့် ဆီနိုင်းနှင့် အီဂျစ်တို့အတွင်းသို့ ကြီးမားသော ရန်သူတပ်များ ဝင်ရောက်လာခြင်းကို ကာကွယ်ပိတ်ဆို့ထားနိုင်မည်ဟု တွက်ဆခြင်းဖြစ်၏။ ထိုနည်းပရိယာယ်သည် မြစ်များ၊ ချိုင့်ဝှမ်းများ၊ သစ်တောများ၊ တောင်များထူထပ်များပြားလှသည့် ဥရောပတိုက်ကဲ့သို့သော နိုင်ငံများအတွက် အသုံး ဝင်၏။ ဥရောပနိုင်ငံများတွင် ခံစစ်အတားဆီးများကို ဤဘက်ပင်လယ်မှ ဟိုဘက် ပင်လယ်အထိ ပြုလုပ်နိုင်၏။ အဆိုပါစစ်စွယ်များ၏ အတားအဆီးများကြောင့် ခံတပ် ကြီးများကို ဖောက်ဝင်ရန် ခက်ခဲလေသည်၊



www.burmeseclassic.com

www.burmeseclassic.com


ထိုစနစ်ကို အရှေ့ပိုင်းအလယ်ပိုင်း နိုင်ငံများတွင် ပုံတူကူးချ၍ အထူးသဖြင့် ဆီနိုင်းကျွန်းဆွယ်ကဲ့သို့သော ဒေသမျိုးတွင်မဖြစ်နိုင်ချေ။ နီဂေ့သဲကန္တာရနှင့် ဆီနိုင်းကျွန်းဆွယ်၏မြောက်ဘက်တစ်ခြမ်းသည် အဘူအဂီလာကဲ့သို့သော ကာကွယ်ရေးအခြေစိုက်စခန်းများကို ကွင်းရှောင်၍သွားနိုင်သည့် မြေအနေအထားမျိုးဖြစ်သည်။ သဲတောင်များတို့ခံစစ်အတွက် အသုံးဝင်သည့် တောင်တန်းကြီးများအဖြစ် အစားထိုး၍မရ။ ကျော်ဖြတ်ရန်ခက်ခဲသည့် အရာမျိုးမဟုတ်။ အလားတူပင် ဒိုက်ကာကဲ့သို့သော လမ်းကျဉ်းကလေးများကို ရိုင်းမြစ်ကဲ့သို့ သဘောမထားနိုင်။ အရန်အတား မဖြစ်နိုင်။ ထို့ကြောင့်လည်း ဒိုက်ကာတံတားကို ချိုးဖောက်ထားလင့်ကစား တပ်မဟာ(၇)၏တပ်ဖွဲ့များသည် အနောက်ဘက်နှင့်မြောက်ဘက်များသို့ ထိုးဝင်ချီတက်သွားနိုင်ခြင်း ဖြစ်သည်။ ကတ္တရာစေး ခင်းလမ်းများမရှိသောကြောင့် နောက်ပိုင်းမှ ထောက်ပံ့ရေးများပေးပို့ရန် ခက်ခဲသည်မှာ မှန်ပါ၏။ သို့သော်လည်း ကျွန်ုပ်တို့၏ တပ်များသည် အဘူအဂီလာကို ကွင်းရှောင်ကာ စူးအက်သို့ ဦးတည်ပြီး သဲကန္တာရသွားမော်တော်ကားများဖြင့် ချီတက်လာနိုင်ခဲ့လေသည်။

**တတိယအမှား။** ။ ထိုအမှားသည် စစ်မှုရေးရာခံယူချက်နှင့် ပက်သက်သော အမှားဖြစ်ပြီး အဓိကအချက်တစ်ချက်လည်း ဖြစ်သည်။ ဆီနိုင်း၏ကာကွယ်မှုကို အဆုံးအဖြတ်ပေးနိုင်မည့်စခန်း၊ အရေးကြီးဆုံးသော စခန်းအဖြစ် အသုံးပြုနိုင်၏။ သို့သော်လည်း တူးမြောင်းဆီသို့ ထိုးဖောက်ဝင်ရောက်လာသည့် တပ်များကို ထွက်တိုက်ခြင်း၊ လိုက်တိုက်ခြင်းပြုနိုင်မည့် ရွေ့ပြောင်းသွားလာနိုင်သော တပ်များကို အမာခံထားပါမှ အဆုံးအဖြတ်ပေးနိုင်သော စခန်းဖြစ်လာမည်။ ဆီနိုင်းကဲ့သို့သော သဲကန္တာရမြေအနေအထားမျိုးတွင် သံချပ်ကာတပ်များ၊ လေယာဉ်ပျံများ၊ လေထီးဆင်းစစ်သားများနှင့် ယာဉ်တင်ခြေလျင်တပ်များမှလွဲပြီး အခြားအမျိုးအစားစစ်တပ်မျိုးဖြင့် တိုက်ခိုက်၍ရမည်မဟုတ်။ ကာကွယ်ထားသောစခန်းများသည် ရန်သူ၏အထက်ပါတပ်မျိုးကို ရွေ့ပြောင်းသွားလာနိုင်သော မိမိ၏တပ်များဖြင့်သာလျှင် ရင်ဆိုင်တိုက်ခိုက်နိုင်ပေမည်။

အီဂျစ်တို့က အဘူအဂီလာ၊ ရာဖာနှင့်အယ်လ်အရစ်ရှ်ရှိ ၎င်းတို့၏အသေတပ်စွဲထားသောတပ်များသည် သံချပ်ကာယန္တရားတပ်နှင့် လေတပ်အကူအညီကိုမယူဘဲ ကျွန်ုပ်တို့၏ဆီနိုင်းအတွင်းသို့ စစ်ထိုးခြင်းကို ဟန့်တားထားနိုင်လိမ့်မည်။ စူးအက်တူးမြောင်းကို ကာကွယ်ထားနိုင်လိမ့်မည်။ ၎င်းတို့၏ တပ်များအတွင်းမှထွက်လာပြီး ကျွန်ုပ်တို့တပ်များကို ရင်ဆိုင်တိုက်ခိုက်မှုမပြုဘဲ ကျွန်ုပ်တို့တပ်များ ချင်းနင်းဝင်ရောက်လာမှုကို ဟန့်တားထားနိုင်လိမ့်ဟု ထင်မှတ်ယုံကြည်နေကြသည်။

အီဂျစ်တို့၏ အထက်ဖော်ပြပါ စစ်ရေးစစ်ရာ မှားယွင်းမှုသုံးချက်ကို လေ့လာကြည့်လျှင် ကျွန်ုပ်တို့ထိုးဖောက်ဝင်ရောက်ရာလမ်းများမှာ အသေတပ်စွဲကာ ကြံ့ကြံ့ခံခြင်း၊ ရွေ့ပြောင်းသွားလာနိုင်သော တပ်များကို အသုံးပြုခြင်းသည် သူတို့ ဖြစ်စေချင်သလို ဖြစ်မလာဘဲ စစ်ရေးအရရှုံးနိမ့်ရသည်ကို တွေ့မြင်ရ၏။ သူတို့၏လက်ထဲတွင် ရက်အတန်ကြာထိန်းသိမ်းမြဲထိမ်းသိမ်းထားနိုင်သည့် အဘူအဂီလာလို စခန်းသည်ပင်လျှင် ကျွန်ုပ်တို့၏ ချီတက်မှုများကို ရပ်တန့်သွားလေအောင် ပြုလုပ်နိုင်ခြင်း မရှိ။ ဟန့်တားနိုင်ခြင်းမရှိချေ။



ဤအခန်းကို အဘူအဂီလာ တိုက်ပွဲဖြင့် နိဂုံးချုပ်ရပါမည်။ တပ်မဟာ (၁၀)က တိုက်ခိုက်၍ မအောင်မြင်သည်တွင် ကျွန်ုပ်၏ဆုံးဖြတ်ချက်ကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးထံသို့ အကြောင်းကြားလိုက်သည်။ တပ်မဟာမှူးကို ရွှေ့ပြောင်းလိုက်ပြီး၊ ၎င်းနေရာတွင် အခြားတစ်ယောက်အစားထိုးခန့်ထားရန် ဆုံးဖြတ်ချက်ဖြစ်သည်။ တပ်မှူးတစ်ဦး အဓိကထားဆောင်ရွက်ရမည့် တာဝန်သည် တိုက်ပွဲတစ်ခုကို ဦးဆောင်ဆင်နွှဲရန်ဖြစ်၏။ အကယ်၍ ခေါင်းဆောင်ဆင်နွှဲနိုင်ခြင်း မရှိဟုဆိုလျှင် သူ့ကို အပြစ်ပေးရန်မရှိ။ သို့သော် ခေါင်းဆောင်ဆင်နွှဲနိုင်သူကို သူ့နေရာတွင် အစားထိုးခန့်ထားရမည်သာ ဖြစ်၏။ တပ်မဟာ(၁၀)တိုက်ပွဲဝင်နေသည့် ညက ၎င်းတို့၏ တိုက်ပွဲနှင့်ပက်သက်ပြီး အူသိမ်အူမွှားမကျန် အောက်ခြေသိမ်းပြဿနာများတွင် ကျွန်ုပ်အနေဖြင့်ဝင်ရောက်စွက်ဖက်ခြင်း မပြုလို။ ဝင်ရောက်စွက်ဖက်နိုင်ခြင်းလည်း မရှိခဲ့။ တပ်မဟာ (၁၀)၏ရှုံးနိမ့်ခြင်းသည် တိုက်ပွဲအတွက် ခေါင်းဆောင်မှု မှားယွင်းခြင်းကြောင့် မဟုတ်။ ကျွမ်းကျင်မှုမပြည့်ဝခြင်း၊ မထိန်းသိမ်းနိုင်ခြင်း၊ တိုက်ခိုက်မှုစစ်ဗျူဟာ မှားယွင်းခြင်း စသောအကြောင်းများကြောင့် မဟုတ်။ ထိရောက်သည့် တိုက်ခိုက်မှုတစ်ခု ဖြစ်လာစေရန် ဖိဖိစီးစီး မကြိုးစားခြင်း၊ လိုအပ်သည့်တပ်များကို မစည်းရုံးခြင်းကြောင့်သာလျှင် ဖြစ်လေသည်။

✡

ကုလသမဂ္ဂအရေးပေါ် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များကို ခန့်မှန်းအကဲခတ်ကြရာတွင် ကွဲလွဲမှုများရှိကြပါမည်။ သို့လင့်ကစား ၎င်း၏ဆုံးဖြတ်ချက်များသည် ကျွန်ုပ်တို့၏အပြုအမူများကို ရပ်တန့်ရန်တောင်းဆိုချက်များ၊ ကျွန်ုပ်တို့အပေါ် တောင်းဆိုချက်များ ပြင်းထန်ခြင်းမရှိသော်လည်း ကျွန်ုပ်တို့၏လည်ပင်းကို ဖျစ်မှုများသာလျှင် ဖြစ်ရပါမည်ဆိုသော အချက်နှင့်ပက်သက်၍မူ သံသယဖြစ်ပွားဖွယ်မရှိပါ။

အရေးပေါ်အထွေထွေညီလာခံကို နိုဝင်ဘာလ (၁)ရက်နေ့ (၁၇း၀၀) နာရီကတည်းက စတင်ကျင်းပခဲ့သည်။ နှစ်ရက်ကြာပြီ ဖြစ်သည်။ ဗြိတိန်နှင့် ပြင်သစ်ကိုယ်စားလှယ်များက ညီလာခံကျင်းပခွင့်မရှိကြောင်း အကြောင်းပြပြီးကန့်ကွက်သည်။ သို့သော်လည်း သူတို့၏ကန့်ကွက်ချက်ကိုပယ်ချပြီး ဆက်လက်ကျင်းပသည်။ မြောက်မြားစွာသော မိန့်ခွန်းပြောကြားသူတို့၏ အဓိက တောင်းဆိုချက်သည် အမြန်ဆုံး အပစ်အခတ်ရပ်စဲရန်ပင်ဖြစ်၏။ အာရပ်နိုင်ငံများနှင့် ၎င်းတို့ကိုထောက်ခံကြသည့် နိုင်ငံများကမူ ထို့ထက်ကျော်လွန်၍ တောင်းဆိုကြသည်။ အစ္စရေး၊ ဗြိတိသျှနှင့် ပြင်သစ်တို့ကို ရှုတ်ချကြောင်း ညီလာခံကြီးက ဆုံးဖြတ်ပေးရန် တောင်းဆိုခြင်းဖြစ်၏။

အမေရိကန်ပြည်ထောင်စုက နိုင်ငံခြားရေးဝန်ကြီး ဂျွန်ဖော့စတာဒါလက်စ်ကို ကိုယ်စားလှယ်အဖြစ် ညီလာခံသို့ တက်စေသည်။ ဗြိတိသျှ ပြင်သစ်နိုင်ငံတို့နှင့် လိုက်လှဲလေးနက်သည့်ချစ်ကြည်ရေးရှိကြောင်း ကြေညာချက်များထုတ်ပြီး ၎င်းချစ်ကြည်ရေးအဆင့်ယက်နိမ့်သော ချစ်ကြည်ရင်းနှီးမှုလည်း အစ္စရေးနှင့် ထားရှိကြောင်း ကြေညာချက်ခပြီးတွင် ဆုံးဖြတ်ချက်မူကြမ်းကို စားပွဲပေါ်သို့ ချပြလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

အတွေ့တွေ့ညီလာခံက ဆုံးဖြတ်ပေးရန် အမေရိကန်က ရေးဆွဲတင်ပြသည့် ဆုံးဖြတ်ချက်မူကြမ်း ဖြစ်သည်။ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်၏။

**အတွေ့တွေ့ညီလာခံကြီးက . . .**

အစ္စရေး၊ အာရပ်အပစ်အခတ်ရပ်စဲရေးစာချုပ် (၁၉၄၈)ပါ သဘောတူညီချက်များကို ထိုစာချုပ်ပါနိုင်ငံများက မလေးစားကြောင်း ကောက်ချက်ချသည်။ ထို့ပြင် အစ္စရေးလက်နက်ကိုင်တပ်များသည် အီဂျစ်ပိုင်နက်နယ်မြေ အတွင်းကျကျ နေရာများအထိ ထိုးဖောက်တိုက်ခိုက်ဝင်ရောက်လာကာ အီဂျစ်နှင့် အစ္စရေးတို့ သဘောတူညီခဲ့ကြသည့် အတွေ့တွေ့အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ချိုးဖောက်ကြောင်း ကောက်ချက်ချသည်။ ပြင်သစ်နှင့် ယူနိုက်တက်ကင်ဒမ်းနိုင်ငံများ၏ လက်နက်ကိုင်တပ်များသည် အီဂျစ်နယ်မြေကို စစ်ဆင်ရေးများ ပြုလုပ်နေကြောင်း ကောက်ချက်ချသည်။ နိုင်ငံပေါင်းများစွာ၏ ပြင်းထန်သော အာဃာတများကြောင့် စူးအက်တူးမြောင်း တစ်လျှောက်လုံးကူးသန်းသွားလာရေးသည် ယခုအခါ ရပ်တန့်ပျက်စီးသွားပြီ ဖြစ်ကြောင်း ကောက်ချက်ချသည်။ အထက်ပါ အဖြစ်အပျက်များအပေါ် များစွာ အာရုံစူးစိုက်စဉ်းစားကြောင်း ဖော်ပြသည်။

၁ ။ ။ အဆိုပါဒေသတွင် ရန်မီးပွားနေသည့်နိုင်ငံများအားလုံး အလျင်အမြန် အပစ်အခတ်ရပ်စဲရန်နှင့် ထိုဒေသအတွင်း လက်နက်ကိုင်တပ်များနှင့် လက်နက်များဝင်ရောက်နေခြင်းကို ရပ်တန့်ရန်တိုက်တွန်းသည်။

၂ ။ ။ အပစ်အခတ်ရပ်စဲရန် သဘောတူညီထားကြသည့် နိုင်ငံများသည် အပစ်အခတ်ရပ်စဲရေး မျဉ်းကြောင်း၏နောက်သို့ ၎င်းတို့၏ လက်နက်ကိုင်တပ်များအားလုံး ချက်ချင်းရုပ်သိမ်းသွားရန်၊ အပစ်အခတ်ရပ်စဲရေးမျဉ်းကြောင်းကို ကျော်ဖြတ်ပြီး အိမ်နီးချင်းနိုင်ငံများ နယ်မြေအတွင်းသို့ တိုက်ခိုက်ခြင်းများရပ်စဲရန်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို တိတိကျကျစောင့်ထိန်းရန် တိုက်တွန်းသည်။

၃ ။ ။ ရန်မီးပွားနေသည့် နယ်မြေအတွင်းသို့ စစ်နှင့်ပတ်သက်သည့် ကုန်ပစ္စည်းများပေးပို့ခြင်းကို အဖွဲ့ဝင်နိုင်ငံများအားလုံး ရှောင်ကြဉ်ကြရန်နှင့် ယခုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် ဖင့်နွှဲစေမည့် အတားအဆီးများဖြစ်စေမည့် အပြုအမူများအားလုံးကို ရှောင်ကြဉ်ကြရန် အကြံပေးထောက်ခံသည်။

၄ ။ ။ အပစ်အခတ်ရပ်စဲရေးအောင်မြင်ပြီးလျှင် စူးအက် တူးမြောင်းပြန်ဖွင့်ရေးနှင့်သင်္ဘောများ လွတ်လပ်စွာ သွားလာရေးကို ထိရောက်စွာ အကောင်အထည်ဖော်ရန် တိုက်တွန်းသည်။

၅ ။ ။ အတွေ့တွေ့အတွင်းရေးမှူးချုပ်က လေ့လာပြီးလျှင် ဤ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ လုံခြုံရေးကောင်စီနှင့်အတွေ့တွေ့ညီလာသို့ အမြန်ဆုံး အစီရင်ခံစာတင်ရန် မေတ္တာရပ်ခံပါသည်။

၆ ။ ။ ဤဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အတွေ့တွေ့ညီလာခံက ဆက်လက်ကိုင်တွယ်ထားရန် ဆုံးဖြတ်သည်။





အမေရိကန်တင်ပြသည့် ဆုံးဖြတ်ချက်မူကြမ်းကြောင့် တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး တောင်းဆိုထားမှုနှစ်ခုကို တွေ့ရသည်။ အမြန်ဆုံး အပစ်အခတ်ရပ်စဲရန်နှင့် အပစ်အခတ်ရပ်စဲရေး မျဉ်းကြောင်း၏နောက်သို့ လက်နက်ကိုင်တပ်များ ရုပ်သိမ်းသွားရန်ဟူသော အချက်နှစ်ချက်ဖြစ်သည်။ အလားတူပင် အကြံပေးထောက်ခံချက်နှစ်ချက်ကိုလည်းတွေ့ရ၏။ ဆုံးဖြတ်ချက်မူကြမ်းကို အကောင်အထည်ဖော်ရာတွင် အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများကို ကုလသမဂ္ဂဝင်နိုင်ငံများက ရှောင်ကြဉ်ကြရန်နှင့် အီဂျစ်က ပိတ်ထားသည့် စူးအက်တူးမြောင်းကို ရှင်းပေးပြီး သင်္ဘောများ လွတ်လပ်စွာ သွားလာခွင့်အတွက် အမြန်ဆုံး ပြန်ဖွင့်ပေးရန် စသောနှစ်ချက်ဖြစ်လေသည်။

အမြန်ဆုံး အပစ်အခတ်ရပ်စဲရေးတောင်းဆိုမှုသည် အင်္ဂလိပ်၊ ပြင်သစ်စစ်ဆင်ရေးကိုသာ အမိကထိခိုက်မည်။ ၎င်းတို့၏ အစီအစဉ်အရ နိုဝင်ဘာလ (၆)ရက်နေ့အထိ စူးအက်တူးမြောင်းဒေသနှင့် ပို့ဆက်ဆိပ်ကမ်းမြို့ဒေသကို ဆက်လက်တိုက်ခိုက်ရန်နှင့် လေယာဉ်ကွင်းများကို ဗုံးကြဲတိုက်ခိုက်ရန်၊ အီဂျစ်နယ်မြေပေါ်သို့ ၎င်းတို့၏စစ်တပ်များကိုတင်ပေးရန် စသည်များကို ဆက်လက်ပြုလုပ်ကြဦးမည် ဖြစ်၏။

ကျွန်ုပ်တို့အတွက်မူ အပစ်အခတ်ရပ်စဲရေးအတွက် စေ့စပ်ဆွေးနွေးမှုကို နှစ်ရက် သို့မဟုတ် သုံးရက်ကြာမျှ အချိန်ဆွဲထားနိုင်မည်ဆိုလျှင် ထိုကာလအတောအတွင်း ရှမ်အယ်ရှိတ်ကို ကျွန်ုပ်တို့သိမ်းပိုက်နိုင်လိမ့်မည်။ ထိုသို့သိမ်းပိုက်ပြီးလျှင် ဆီနိုင်းကျွန်းဆွယ်ကို လုံးဝ သိမ်းပိုက်ပြီးစီးပြီဟု ဆိုနိုင်လေရာ အပစ်အခတ်ရပ်စဲရေးကို ကျွန်ုပ်တို့ သဘောတူညီနိုင်သည်။

အပစ်အခတ်ရပ်စဲရေး မျဉ်းကြောင်း၏နောက်သို့ ပြန်ဆုတ်ရေးဟူသော ဒုတိယတောင်းဆိုချက်သည် အကြောင်းမဟုတ်ပေ။ ထိုအချက်သည် ကျွန်ုပ်တို့ကို တိုက်ရိုက်ဆန့်ကျင်ခြင်းဖြစ်၏။ စစ်ဆင်ရေးကို လုံးဝရပ်ဆိုင်းပစ်ရန် ကျွန်ုပ်တို့ ပြင်ဆင်လင့်ကစားထိုအချက်ကို ကျွန်ုပ်တို့ မကျေနပ်နိုင်ပါချေ။

အတွေ့တွေ့ညီလာခံသည် အချိန်နောက်ကျပြီး ပြီးစီးသွား၏။ မျှော်လင့်ထားသည့်အတိုင်းပင် အမေရိကန်တင်ပြသော ဆုံးဖြတ်ချက်မူကြမ်းကို လက်ခံအတည်ပြုလိုက်သည်။ နောက်တစ်နေ့ နိုဝင်ဘာလ (၂)ရက်နေ့တွင် အတွေ့တွေ့အတွင်းရေးမှူးချုပ်ဟမ္မားရှိုးလ်က အင်္ဂလိပ်၊ ပြင်သစ်နှင့် အစ္စရေးကိုယ်စားလှယ်များကို အထက်ပါ ဆုံးဖြတ်ချက်များပေးသည်။ ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်သည်များကို မြန်နိုင်သမျှ အမြန်ဆုံးအကြောင်းကြားရန်ပါ ပြောဆိုသည်။

အစ္စရေးကိုယ်စားလှယ် အက်ဘာအီဘန်းက ဒက်ဟမ္မားရှိုးလ်၏မေတ္တာရပ်ခံချက်ကို တိုက်ရိုက်ပြန်ကြားခြင်း မပြု။ သို့သော်လည်း အချိန် ဆွဲနိုင်သမျှဆွဲထားရန် ရှင်းလင်းချက်များမေးခြင်း၊ အကြံပေးခြင်းများသာ ပြုလုပ်သည်။

စူးအက်တူးမြောင်းကို အီဂျစ်တို့က ပိတ်ဆို့ထားခြင်းသည် ဗြိတိသျှနိုင်ငံအဖို့ စစ်ရေး၊ နိုင်ငံရေး ပြန်လည်လေ့လာရန် ဖြစ်စေသည်။ အီဂျစ်တို့က သင်္ဘောများကို ဆွဲယူလာပြီး တူးမြောင်းအတွင်း၌ မြှုပ်ပစ်ရန် ရည်ရွယ်ထားသည်။ ထိုရည်ရွယ်ချက်ကို အင်္ဂလိပ်တို့က သိသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အဆိုပါသင်္ဘောများကို စူးအက်တူးမြောင်းအတွင်းသို့ ဆွဲယူမလာမီ ၎င်းတို့ကျောက်ဆူးချထားသည့် ပို့ဆက်မြို့၊ ပို့စူးအက်မြို့နှင့် ဘစ်တားရေကန်များ အတွင်းမှာပင် ဗုံးကြဲနှစ်မြှုပ်ပစ်ရန် အင်္ဂလိပ်က စီစဉ်သည်။ မည်သည့်အတွက်ကြောင့် ထိုအစီအစဉ်မအောင်မြင်ရသည်ကို ကျွန်ုပ်မသိပါ။ အီဂျစ်သည် သူတို့၏သင်္ဘောများကို စူးအက်တူးမြောင်းသို့ ချီတက်လာစေခြင်းဖြင့် အင်္ဂလိပ်ကို မျက်စိလှည့်လိုက်ခြင်းလော။ သို့တည်းမဟုတ် ဗြိတိသျှ ဗုံးကြဲလေယာဉ်ပျံကြီးများက ပစ်မှတ်လွဲမှားနေခြင်းလော။ ကျွန်ုပ်မသိပါ။ ကျွန်ုပ်သိသောအချက်သည် မနေ့တုန်းက တူးမြောင်းကို ပိတ်ဆို့လိုက်ပြီးပြီ ဖြစ်သောအချက်ပင်ဖြစ်၏။

အင်္ဂလိပ်တို့ မျှော်လင့်မထားသော အချက်တစ်ခုတွင်လည်း အာရပ်တို့က အောင်မြင်စွာ ပြုလုပ်နိုင်သည်။ အီရတ်ရေနံပေးပို့မှုများအားနှောင့်ယှက်ရန်အစီအစဉ်ကို အကောင်အထည်ဖော်လိုက်နိုင်ခြင်း ဖြစ်သည်။ (ဆီးရီးယားပြည်အတွင်းမှ ဖြတ်သွားသော အီရတ်ဓာတ်ဆီကုမ္ပဏီ၏ ရေနံပိုက်တစ်လျှောက်တွင်ဖြစ်၏) နိုဝင်ဘာ (၁) ရက်နေ့တွင် ဆီးရီးယားစစ်တပ်မှ အင်ဂျင်နီယာတပ်ဖွဲ့တစ်ဖွဲ့သည် အီရတ်ဓာတ်ဆီ ကုမ္ပဏီ ရေနံပိုက်၏ရေနံစုတ်ယူသည့် အဓိကဌာနစုံခုကို ထိန်းသိမ်းလိုက်နိုင်ပြီးနောက် ဖောက်ခွဲပစ်လိုက်၏။ ဗြိတိသျှနိုင်ငံရော အီရတ်ဝန်ကြီးချုပ် နူရီဆာအစ်ပါ ဆီးရီးယားနိုင်ငံကို ဩဇာမညောင်းကြချေ။ အကယ်၍ ဆီးရီးယားတပ်မတော်က အစ္စရေးကို တိုက်ခိုက်ရန် ပြင်ဆင်ခြင်းမရှိလျှင် အနည်းဆုံး ၎င်း၏နယ်မြေအတွင်းရှိ ဗြိတိသျှတို့ရေနံထုတ်ယူနိုင်မှုကို ဖောက်ခွဲပစ်နိုင်သည်။

စူးအက်တူးမြောင်းကို ပိတ်ခြင်း၊ အီရတ်မှရေနံများ မလာနိုင်အောင် ပြုလုပ်ခြင်းနှစ်ချက်တို့သည် ဗြိတိန်နိုင်ငံတွင် ဝန်ကြီးချုပ်အင်ထရော်နီအီဒင်၏ ရပ်တည်မှုကို ပို၍ နိုင်မာသွားစေသည်။ သို့တည်းမဟုတ် ၎င်းတို့၏ပေါ်လစီကို ထောက်ခံမှု ပိုမိုများပြားတိုးတက်လာစေလိမ့်မည်။ အရှေ့အလယ်ပိုင်းဒေသ ရေနံအပေါ်တွင် ဗြိတိသျှနိုင်ငံ မှီခိုအားထားနေရမှု၏ အတိုင်းအတာအမှန်ကို ကျွန်ုပ်မသိပါ။ သို့သော်လည်း သတင်းများရေးသားချက်အရ ယခုကိစ္စကို ဗြိတိသျှနိုင်ငံစီးပွားရေး၏ သေရေးရှင်ရေးပြဿနာ ဖြစ်သည်ဟု သိရသည်။

✪ ✪ ✪

## အခန်း (၇)

## အဆုံးအဖြတ်

**(၁၉၅၆)၊ နိုဝင်ဘာ (၃)ရက်**

မြေထဲပင်လယ်နှင့်ကပ်နေသည့် ဆီနိုင်းကျွန်းဆွယ်မြောက်ပိုင်းသည် ကျောက်ဆောင်များနှင့် တောင်များပေါများသော ဆီနိုင်းအလယ်ပိုင်းနှင့် တောင်ပိုင်းတို့နှင့် မတူညီဘဲ မြေပြန့်ပြီး သဲများသောအပိုင်းဖြစ်သည်။

မြေမျက်နှာပြင်အနေအထားက အထောက်အကူမပြုသောကြောင့် အီဂျစ်တို့က မြေပြင်တပ်အများအပြားကို ချထားပြီး ရာဖာအား အကာအကွယ်ပေးထားသည်။ ထိုသို့ချထားသည့် အီဂျစ်တပ်များသည် ရာဖာကိုကူညီပြီး ပစ်ခတ်ပေးနိုင်မည် ဖြစ်၏။ ကျန်လမ်းဖြောင့်သောလက်နက်များသည် ထိုစခန်းများတွင် တပ်ဆင်ထား၏။ ထိုနယ်မြေများကို အီဂျစ်အမှတ် (၃)တပ်မမှ ခြေလျင်တပ်မဟာ (၅)က တာဝန်ယူအကာကွယ်ပြုထားသည်။ တပ်မဟာတွင် ခြေလျင်တပ်ရင်း လေးခုပါဝင်သည်။ သို့သော်လည်း ဆီနိုင်းတွင် ကျွန်ုပ်တို့ စတင်ပြီးနောက် ပါလက်စတိုင်း အမျိုးသားတပ်မတော်၏ တပ်မဟာ (၈၇) တပ်ရင်းနှစ်ခုဖြစ်သော အမှတ် (၄၅)နှင့် (၄၆)တို့ဖြင့် စစ်ကူဖြည့်ပေးသည်။

ကျွန်ုပ်တို့၏ တိုက်ခိုက်မှုကို ရပ်ဆိုင်းရန် အီဂျစ်စစ်တပ်များ အကာအကွယ်ပြုထားသည့် ရာဖာနယ်မြေတွင် ခြေလျင်တပ်ရင်း (၆)ခုကို ချထားခြင်းဖြစ်၏။ အဆိုပါ တပ်ရင်း(၆)ခုတွင် ယာဉ်တင်နယ်ခြားစောင့်တပ်ရင်းမှ တပ်ရင်းခွဲနှစ်ခု၊ အမြောက်တပ်ရင်းတစ်ခု၊ တင့်ကားဖျက်တပ်ခွဲတစ်ခုနှင့် လေယာဉ်ပစ် အမြောက်တပ်ခွဲတစ်ခုတို့လည်း ပါဝင်ကြ၏။ ရာဖာကို အကူအညီပေးရန် တာဝန်ပေးအပ်ထားခြင်းခံရသော တင့်ကားဖျက်တပ်သည် အယ်လ်အရစ်မြို့ရှိ တိုင်းစစ်ဌာနချုပ်တွင်ရှိခဲ့သောတပ် ဖြစ်၏။ အမှတ် (၃)သံချပ်ကာ ယန္တရားတပ်ရင်း(ရှားမင်းတင့်ကားများ)ကို ခြေလျင်တပ်မဟာများနှင့် အတူ တပ်ဖွဲ့လိုက် ခွဲခြမ်းစိတ်ဖြာမထားဘဲ စုစည်းအရန်တပ်အဖြစ် ထားရှိရန် တိုင်းစစ်ဌာနချုပ်က ဆုံးဖြတ်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

အယ်လ်အရစ်ရှ်ဗဟိုလမ်းကြောင်းတစ်လျှောက် ဆိနိုင်းအတွင်းသို့ အစွန်ရောက်နေသော တပ်များ ချဉ်းနင်းဖောက်ထွင်း ဝင်ရောက်လာမည်ကို ကာကွယ်ရန် ရာဖာဒေသက ဆောင်ရွက်မည်။ ရာဖာတပ်များကို "နောက်ဆုံးချိန်အထိတိုက်ရန်" အီဂျစ်က အမိန့်ပေးထား၏။ သို့သော်လည်း နိုဝင်ဘာ (၁)ရက်နေ့တွင် ကျွန်ုပ်တို့ စတင်တိုက်ခိုက်ပြီး နာရီအနည်းငယ်အကြာတွင် တပ်အချို့ကို အယ်လ်အရစ်ရှ်သို့ ပြန်ဆုတ်လာရန် တိုင်းမှူးက အမိန့်ပေးလိုက်သည်။ ပြန်ဆုတ်လာရန် အမိန့်ပေးခြင်းခံရသော တပ်များသည် စစ်ကြောင်းနောက်ပိုင်းရှိ မဂ္ဂရော်တင်ဒေသမှ တပ်များဖြစ်သည်။ ကျွန်ုပ်တို့တပ်များ အယ်လ်အရစ်ရှ်-ရာဖာအဝေးပြေး လမ်းမကြီးသို့ရောက်ပြီး မပိတ်ဆို့မီ လွတ်မြောက်နိုင်ရန် စီစဉ်ခြင်းဖြစ်သည်။

ရာဖာတွင် အီဂျစ်စစ်တပ်များက ကျွန်ုပ်တို့ကို ဘေးမှပန်းပြီး ဝိုင်းထားပြီးကြောင်း ကျွန်ုပ်တို့ သိရှိသည်။ အလွန်ခက်ခဲသော ရည်ရွယ်ချက်နေရာဖြစ်ကြောင်း ကျွန်ုပ်တို့ ဆုံးဖြတ်ကြ၏။ ထိုဒေသကို သိမ်းပိုက်မည့်လုပ်ငန်းစဉ်ကို စီစဉ်ချမှတ်ရသည်။ ထို့ပြင်ရာဖာ-အယ်လ်အရစ်ရှ် ဗဟိုမျဉ်းကြောင်းကို လုံခြုံစွာထိန်းထားနိုင်ရန် အမှတ်(၁) ခြေလျင်တပ်မဟာနှင့် အမှတ် (၂၇) သံချပ်ကာယန္တရားတပ်မဟာကို တာဝန်ပေးလိုက်သည်။ ယာဉ်တင်ခြေလျင်တပ်ရင်းတစ်ခုကို ထပ်ဖြည့်တပ်အဖြစ် တွဲဖက်ပေးထားသော သံချပ်ကာယန္တရားတပ်မဟာကို သံချပ်ကာတပ်ရင်းများဖြင့် အပိုင်းသုံးပိုင်း တပ်ဖြန့်ခွဲရန် စီစဉ်သည်။ သို့သော်လည်း တင့်ကားတပ်လေးတပ်သာ ပါဝင်သည်။ အပေါ့စား အေအမ်အိပ်ချ် တင့်ကားတပ်တစ်တပ်၊ ရှားမင်းတင့်ကားတပ် တစ်တပ်နှင့် စူပါရှားမင်း တင့်ကားတပ်နှစ်တပ်တို့ ဖြစ်သည်။ အမှတ်(၁)ခြေလျင်တပ်မဟာတွင် တပ်ရင်းလေးခုပါဝင်သည်။ ၎င်း၏တပ်သုံးရင်းနှင့် ဤတိုက်ပွဲတစ်ခုအတွက် ခေါ်ယူထားသော အခြားတပ်မဟာတစ်ခုမှ တပ်ရင်းတစ်ရင်းတို့ ဖြစ်သည်။ အလားတူပင် တပ်မဟာ (၂၇)မှ တင့်ကားတပ်ခွဲတစ်ခုကိုပါ တွဲဖက်ပေးလိုက်၏။

ရာဖာကို သိမ်းပိုက်ရယူရန်သည် အီဂျစ်တပ်များ အင်အားကြီးမားစွာစုစည်းထားပြီး ဂရုတစိုက် ကာကွယ်ထားသောကြောင့်သာ ခက်ခဲသည်မဟုတ်။ ထိုတိုက်ပွဲကို ဆင်နွှဲရမည့် ကျွန်ုပ်လူများ၏ အခြေအနေနှင့်လည်း ဆိုင်သည်။ အငိုက်ဖမ်း တိုက်ခိုက်မှုကို ကျွန်ုပ်တို့ အသုံးချ၍မရနိုင်ပေ။ အားကိုး၍ မရနိုင်ပေ။ အလားတူပင် အီဂျစ်တပ်များမှာ သတိလစ်ဟင်းပြီး နမော်နမဲ့နေသည့် အချိန်မျိုးကိုလည်း မမျှော်မှန်းနိုင်ချေ။ ကျွန်ုပ်တို့ လာရောက်တိုက်ခိုက်မည်ကို သူတို့ အတိအကျ မျှော်လင့်ထားပြီးဖြစ်၏။ ထိုသို့တိုက်ခိုက်ခြင်းကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်၏။ ထိုရည်ရွယ်ချက်အရပင် စစ်ကူများလည်း ဖြည့်ထားပြီး ဖြစ်၏။ ထိုတိုက်ပွဲအတွက် ကျွန်ုပ်တို့ရှိသည့် အချိန်ကလေးများစွာ နည်းပါးလှသည်။

စောစောပိုင်း (၂၄)နာရီတုန်းက သူတို့ လက်ရှောင်ထားခဲ့၏။ ယခု ကျွန်ုပ်တို့ အမြန်တိုက်ရတော့မည်။ ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးတွင် တိုက်ခတ်နေသည့် မုန်တိုင်းသည် လည်းကောင်း၊ မမျှော်လင့်သော အမေရိကန်၏ ရန်လိုသည့် ရပ်တည်မှုသည်လည်းကောင်း စစ်ဆင်ရေးကြီးပြီးမြောက်ရေးကို တက်သုတ်နှင်ရတော့မည်။





စစ်ဆင်ရေးဆိုင်ရာ အချက်အလက်များသည်လည်း ခက်ခဲမှုကို ပြနေ၏။ စောစောပိုင်းတုန်းက စီစဉ်ခဲ့သည်မှာ ရာဖာကို အောက်တိုဘာ (၃၁)၊ နိုဝင်ဘာတစ်ညတွင် သိမ်းယူရန်ဖြစ်သည်။ သို့မှသာလျှင် အဝေးပြေးလမ်းမကြီး၏ အချက်အချာနေရာများကို သိမ်းပိုက်နိုင်ပြီး နောက်တစ်နေ့မနက်တွင် အယ်လ်အရစ်ရှ်ကို သိမ်းပိုက်ရန် ဆက်လက် တိုက်ခိုက်နိုင်ချေမည်။ သို့သော်လည်း နောက်ဆုံးတွင်မူ ကျွန်ုပ်တို့ ခြေလျင်တပ်များ တိုက်ရန်အချိန်သည် ထိုညအတွက် နှစ်နာရီခွဲမျှသာ ကျန်တော့၏။ (၀၃:၀၅) နာရီမှ (၀၅:၅၀)နာရီအထိသာ မှောင်သည့် အချိန်ကျန်တော့သည်။ ထိုအချိန်မတိုင်မီ အချိန်များကို ရန်သူ့ခံစစ် အားပျော့သွားအောင် လေတပ်နှင့်ရေတပ်ကို ဗုံးကြဲပစ်ခတ်တိုက်ခိုက်ရန် အချိန်အဖြစ်ပေးလိုက်ရ၏။ အကြောင်းကြောင်းတို့ကြောင့် (၁၂:၀၀) နာရီမတိုင်မီက ရေတပ်မှ အမြောက်နှင့်ပစ်ခွင်းတိုက်ခိုက်နိုင်ခြင်း မရှိခဲ့ချေ။ (၀၂:၀၀) နာရီကျမှ တိုက်ခိုက်နိုင်ပြီး နာရီဝက်ကြာသည်။ ထို့နောက် (၀၂:၃၀) နာရီမှ (၀၃:၀၅)အထိ လေတပ်က ဗုံးကြဲတိုက်ခိုက်သည်။

အဖိုးတန်လှသော အမှောင်ပိုင်းအချိန်များကို လေတပ်နှင့်ရေတပ်က ခွဲဝေယူသွားကြသည်။ ကျွန်ုပ်တို့အနေနှင့် ဆိုးဆိုးရွားရွားပင် တိုက်ခိုက်ရချေတော့မည်။ ရေတပ်ဖျက်သင်္ဘောများမှ အမြောက်နှင့်ပစ်ခတ်ပေးရာတွင် ပြင်းပြင်းထန်ထန် ပစ်ခတ်လိမ့်မည်ဟု မျှော်လင့်ခဲ့၏။ မိမိတပ်များ ကမ်းပေါ်သို့မတက်မီ ကြီးမားသည့် အမြောက်ဆန်ကြီးများ ကမ်းရိုးတန်းတစ်လျှောက် ကျပြီးပေါက်ကွဲနေသည့် စစ်ရုပ်ရှင်ထဲမှ မြင်ကွင်းများကို ကျွန်ုပ်တို့ မြင်ယောင်နေသည်။

သင်္ဘောမှ အမြောက်ဖြင့် ထိထိရောက်ရောက်ပစ်ခတ်မှုကို ကျွန်ုပ် မျှော်လင့်ခဲ့၏။ ကျွန်ုပ်တို့ရေတပ်မှ ပစ်ခတ်ပေးမှုသည် ရန်သူ့ခံစစ်ကို ပျက်စီးစေလိမ့်မည်ဖြစ်ကြောင်း၊ ထို့နောက် ဆက်လက်ဆင်နွှဲရမည့် ကျွန်ုပ်တို့ခြေလျင်တပ်ရင်းများ၏ တိုက်ခိုက်ချေမှုန်းမှုသည် ရန်သူ၏အားနည်းသော တုံ့ပြန်မှုနှင့်သာ ရင်ဆိုင်ရမည်ဖြစ်ကြောင်းဖြင့် ရာဖာစစ်ဆင်ရေးတွင် ကွပ်ကဲသည့် အရာရှိများအား ကျွန်ုပ်က ပြောသည်။

လေတပ်အနေဖြင့်လည်း လေယာဉ်မှူးသည် လေထီးတပ် မီးကျည်များကို ကျွန်ုပ်တို့၏ တပ်များတည့်တည့်ပေါ်သို့ ပစ်ချသည်။ ပစ်မှတ်များကို ထင်ရှားစေသည်။ နောက်ဗုံးကြဲသည်။ ဗုံးကြဲခြင်းကို ချက်ချင်းရပ်ရန် အချက်ပြလိုက်သည်။ ကျွန်ုပ်တို့၏ တပ်များ ထိခိုက်ပျက်စီးမှု မရှိသေးမီ ၎င်းတို့၏ "ရန်သူအားပျော့ရေး လေကြောင်းတိုက်ပွဲ"ကို ရုပ်သိမ်းလိုက်ရတော့၏။

သို့သော်လည်း မလုပ်နိုင်သော အလုပ်ကို ဝင်လုပ်ခဲ့ရချေပြီ။ နိုဝင်ဘာလ တစ်ရက်နေ့ မနက် (၀၃:၃၀) နာရီတွင် ကျွန်ုပ်တို့၏ မြေပြင်တပ်များက စတင်တိုက်ခိုက်ကြ၏။ စ မျဉ်းကိုကျော်ဖြတ်ပြီး ရာဖာ၏ ရန်သူ့ခံတပ်စခန်းများကို တိုက်ခိုက်ရင်း အမှတ် (၁) နှင့် (၂၇) တပ်မဟာနှစ်ခုက သူတို့၏တပ်ဖွဲ့များကို အမိန့်ပေးလိုက်၏။ စစ်ကြောင်းသုံးကြောင်း ဖြန့်ပြီးတိုက်သည်။ တောင်ဘက်နှင့်အလယ်ဗဟို စစ်ကြောင်းနှစ်ကြောင်းတွင် တပ်မဟာ(၁)၏ တပ်ရင်းတစ်စုက တာဝန်ယူသည်။ မြောက်ဘက်စစ်ကြောင်းကို တပ်မဟာ (၂၇)၏ ယာဉ်တင်ခြေလျင်တပ်ရင်းတစ်ခုက တာဝန်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com

အစီအစဉ်သည် အားလုံးကို သိမ်းပိုက်ရန်မဟုတ်။ အရေးကြီးဆုံးသော အနိုင်အမာနေရာများကိုသာ သိမ်းယူရန်သာ ဖြစ်သည်။ ဂါဇာကန်တာရာ အဝေးပြေးလမ်းမကြီးသို့ သံချပ်ကာတပ်သွားနိုင်ရန် လမ်းကြောင်းဖွင့်ပေးရန်သာ ဖြစ်သည်။ ထိုနည်းဖြင့် အယ်လ်အရစ်ရှ်သို့ ချီတက်နိုင်ရန်ဖြစ်၏။

ရာဖာ့စခန်းအတွက် အရေးကြီးသောနေရာသည် ဂါဇာမှ အယ်လ်အရစ်ရှ်သို့ သွားရာလမ်းမကြီး ဖြစ်၏။ ထိုလမ်းမကြီးသည် ရာဖာမှ နစ်ဖာနာသွားသည့်လမ်းကိုဖြတ်သွားသည်။ အယ်လ်အရစ်ရှ်သို့ တူရူပြုနေသည့် ဖြတ်ကျော်လမ်းများ၏ အနောက်ဘက်တွင် တစ်လမ်းတည်းသာရှိသည်။ သို့သော် တောင်ဘက်သို့လည်းကောင်း၊ မြောက်ဘက်နှင့်အရှေ့မြောက်ဘက်တွင် လမ်းသုံးလမ်းရှိ၏။ တောင်ဘက်ပိုင်းလမ်းသည် နစ်ဖာနာနှင့်ကက်ဇီယော့လမ်းဖြစ်၏။ မြောက်ပိုင်းလမ်းသည် စခန်းများကိုဖြတ်သွားသော အတွင်းလမ်းဖြစ်၏။ အရှေ့မြောက်လမ်းသည် ခန်ယူနစ်နှင့်ဂါဇာသို့ သွားသည့်လမ်းဖြစ်၏။

ထိုလမ်းများကို တိုက်ခိုက်ရန် ကျွန်ုပ်တို့တပ်များအား တာဝန်ပေးထားသည်။ တောင်ဘက်စစ်ကြောင်းက နစ်ဇာလမ်းသို့ သံချပ်ကာ ကားတပ်ရောက်ရှိနိုင်ရန် လမ်းဖောက်တိုက်ခိုက်ပေးရမည်။ အလယ်ဗဟိုစစ်ကြောင်းသည် အရှေ့မြောက်ဘက်လမ်းသို့ သွားနိုင်အောင် လမ်းရှင်းလင်းပေးရမည်။ မြောက်ဘက်စစ်ကြောင်းက ရာဖာစခန်းကို အထောက်အပံ့ပေးနေသည့် လမ်းကိုရောက်အောင် လမ်းကြောင်းဖွင့်ပေးရန် ဖြစ်၏။ အဆိုပါ လမ်းကြောင်းသုံးသွယ်ကို ဖွင့်လှစ်ရန်မှာ ကျွန်ုပ်တို့၏ ဆန္ဒပင်ဖြစ်လင့်ကစား ပထမညတိုက်ပွဲတွင် နှစ်ခုကိုသာ ဖွင့်နိုင်မည်။ သို့သော်လည်း သံချပ်ကာတပ်များက အမြန်ဆုံး ချိုးဖောက်ဝင်ရောက်ကာ ရာဖာ-အယ်လ်အရစ်ရှ်လမ်းမပေါ်သို့ ရောက်ပြီး အနောက်ဘက်သို့ ဆက်လက်ချီတက်သည်။

ရာဖာ၏ကာကွယ်ထားသောနယ်မြေသည် သဲများအတွင်း ကောင်းစွာတူးထားသောကတုတ်ကျင်းများဖြင့် ပြည့်နှက်နေ၏။ တိုက်ပွဲဖြစ်သည်တွင် ကျွန်ုပ်တို့၏ တပ်များသည် ထိုစခန်းများကို မလွှတ်တမ်းရှာဖွေတွေ့၏။ ချီတက်ရန်လမ်းကို မလွဲတမ်း ရှာဖွေတွေ့၏။ တိုက်ရိုက်အမြောက်ဖြင့် ပစ်ပေးခြင်း၊ မီးကျည်ပစ်ပြခြင်းများဖြင့် ကူညီရန်ပင်မလို။ အီဂျစ်တို့၏ရှုနရာများသည် တစ်နေရာနှင့်တစ်နေရာ အလွန်နီးကပ်၏။ ကျွန်ုပ်တို့နှင့်သူတို့ အပြန်အလှန်ပစ်ခတ်ကြသည့် ကျည်ဆန်များ၊ အမြောက်ဆန်များသည် လေထဲတွင် ဥဒဟို ဖြတ်သန်းသွားလာနေကြ၏။ မည်သည့်ကျည်ဆန်သည် မည်သူ့ကျည်ဆန်ဖြစ်ကြောင်း ပြောဆိုနိုင်မည်မဟုတ်ချေ။

ဤကဲ့သို့သော ခံစစ်စနစ်ကို အီဂျစ်တို့က ပြုလုပ်ခြင်းသည် ကျွန်ုပ်တို့ စစ်တိုက်တတ်သည့်သဘောလက္ခဏာနှင့် နည်းပရိယာယ်ကိုလေ့လာပြီးမှ ပြုလုပ်ထားခြင်းဖြစ်၏။ လူအင်အား(၃၀၀၀)နီးပါးရှိသော ကျွန်ုပ်တို့၏တပ်များသည် တပ်ဖွဲ့တပ်ဖွဲ့ကလေးများအသွင်သို့ အများအပြားခွဲထုတ်လိုက်သည်။ တပ်ဖွဲ့တစ်ခုစီ တစ်ခုစီတို့သည် မိုင်းမြှုပ်ထားသည့်နယ်မြေများနှင့် သံဆူးကြိုးကာရံထားသည့် ခြံစည်းရိုးများကို ကျော်ဖြတ်ဝင်သွားနိုင်ရန် မိမိ၏လမ်းကို မိမိရှာဖွေ၏။ ထိုလမ်းအတိုင်း ချိုးဖောက်ဝင်ရောက်ကာ မိမိ၏ပစ်မှတ်ကို မိမိဖာသာ လွတ်လပ်စွာတိုက်ခိုက်ကြသည်။





တောင်ဘက်ဗဟိုလမ်းကြောင်းကို သိမ်းပိုက်ရရှိရာတွင် အဆင့်နှစ်ဆင့်ကို ဆောင်ရွက်ခဲ့ရ၏။ ပထမရန်သူ့နေရာ အမှတ် (၆-၂) နှင့် (၂၉၃) ကို တပ်ရင်းတစ်ခုက သိမ်းသည်။ ဒုတိယအဆင့်တွင် ထိုလမ်းကြောင်းရှိ ကျန်ရှိနေသေးသော စခန်းများကို အခြားတပ်ရင်းတစ်ခုက ဆက်လက်သိမ်းပိုက်ရသည်။

ပထမအဆင့်ကို ဆောင်ရွက်ရသည့် တပ်ရင်းသည်အလုပ်အများကြီးလုပ်ရ၏။ စခန်း (၆) ကို သိမ်းရသည့် ဒီတပ်ခွဲမှူးသည် ၎င်းသိမ်းပိုက်ရမည့်စခန်းကို ရှာမတွေ့ချေ။ အီဂျစ်တို့က ပထမအမြောက်များဖြင့် စတင်ပစ်ခတ်ပြီး ဆက်၍စက်သေနတ်များဖြင့် ပစ်ခတ်သည်။ ထိုသို့ ပစ်ခတ်သည်နှင့်တစ်ပြိုင်တည်း ဒီတပ်ခွဲမှူးက နောက်ပြန်ဆုတ်ခွင့်တောင်း၏။ အခြားတပ်တစ်တပ်ကို တာဝန်ပေးရန် အကြံပေးသည်။ နောက်ဆုံးတွင် သူ၏တောင်းဆိုချက်များကို ပယ်ချလိုက်ပြီး ရှေ့ဆက်တက်ရန် သူ့တပ်ရင်းမှူးက အမိန့်ပေးလိုက်၏။ တာဝန်ပြီးဆုံးသွားပြီး စခန်းအမှတ် (၆)သည် သူ့လက်ထဲသို့ရောက်နေပြီဖြစ်ကြောင်း သတင်းပြန်ပေးသည်။ အရုဏ်တက်ပြီး အလင်းရောင်ရလာသောအခါကျမှ စခန်း(၆)ကို တိုက်လည်းမတိုက်ရသေး၊ သိမ်းလည်းမသိမ်းရသေးကြောင်းတွေ့ရ၏။ အီဂျစ်တို့သည် ကျွန်ုပ်တို့တိုက်ပွဲများစသည့် ညစောစောပိုင်းကတည်းက ထိုစခန်းကို စွန့်ပစ်ထားခဲ့၏။ ဒုတိယစခန်းဖြစ်သော အမှတ်(၂)ကိုလည်း တိုက်ပွဲမဖြစ်ဘဲနှင့် ပစ်ထားခဲ့ကြ၏။ တာဝန်ကျသည့် ဗီတပ်ခွဲသည် ဆန့်ကျင်မှုကို မတွေ့ရ။

တတိယစခန်းအမှတ် (၂၉၃) ကို ဘီတပ်ခွဲက သိမ်းပိုက်သည်။ ထိုတပ်ခွဲသည် တင့်ကားခါးပြတ်များဖြင့် ချီတက်ခဲ့၏။ ရန်သူ့စခန်းကို ချဉ်းကပ်မိသည်တွင် တပ်ကို အတန်းလိုက်ဖြန့်ပြီး ရှေ့မှတိုက်၏။ ဆီးကြိုပစ်ခတ်မှုများနှင့် ရင်ဆိုင်တိုးသည်။ သို့သော်လည်း ရှေ့သို့ဖိတက်သည်။ ထိုသို့ပြုသည်တွင် ပစ်ခတ်မှုများရပ်ပြီး အီဂျစ်တို့ ထွက်ပြေးကြတော့၏။ စခန်းကို သိမ်းယူလိုက်သည်။ ထိုစခန်းကို သိမ်းယူခြင်းသည် ပထမအဆင့်ဖြစ်သော ထိုးဖောက်စစ်အဆင့်ပြီးဆုံးသွားခြင်းပင် ဖြစ်လေသည်။ တပ်ရင်း အထိအခိုက်သည် နှစ်ဦးကျပြီး ရှစ်ဦးဒဏ်ရာရသည်။ ရန်သူ့နယ်မြေ မျဉ်းကြောင်းအတွင်းသို့ အဝင်အမြောက်ဆန်ထိခြင်းဖြစ်သည်။ ရန်သူ့စခန်းများသိမ်းယူရာတွင် အထိအခိုက် အကျအဆုံး လုံးဝမရှိ။ တင့်ကားခါးပြတ်များက မိုင်းဗုံးများကို ဖြတ်ကျော်ချီတက်ခဲ့မိသော်လည်း မိုင်းဗုံးများမကွဲချေ။

ဤဒေသ တိုက်ပွဲ၏ အရေးကြီးဆုံးအဓိကအပိုင်းသို့ ရောက်ပါပြီ။ တောင်ဘက်လမ်းကြောင်းတွင် အရေးကြီးသော စခန်းများကို သိမ်းပိုက်ရန်ဖြစ်သည်။ တာဝန်ပေးအပ်ခြင်းခံရသော တပ်ရင်းသည် ယာဉ်တင်တပ် ဖြစ်၏။ ထိုတပ်၏ ရဲဘော်များသည် (၆×၆) ထရပ်ကားများ၊ တင့်ကားခါးပြတ်များဖြင့် ချီတက်ကြသည်။ တပ်မဟာ (၂၇)မှ အလတ်စားစူပါရှားမင်း တင့်ကားတပ်ဖွဲ့က အကူအညီပေးသည်။

ဤတပ်ရင်း၏ မော်တော်ကားတန်းကြီးသည် ပထမတပ်ရင်း၏ တင့်ကားခါးပြတ်များသွားသည့် လမ်းကြောင်းအတိုင်း လိုက်ခဲ့သော်လည်း မိုင်းဗုံးမြှုပ်နယ်မြေအတွင်းသို့ ဝင်လျှင်ဝင်ချင်း ရှေ့ဆုံးမှ မော်တော်ကားကို မိုင်းဗုံးထိတော့၏။ ကွပ်ကဲမှုဆက်သွယ်ရေး တင့်ကားခါးပြတ်က ညာဘက်ဘေးမှ ပန်းတက်နိုင်ရန် ကြိုးစားသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အလွန်ပြင်းထန်သော မိုင်းဗုံးဖြစ်ပြီး စတင်မီးလောင်ကျွမ်းတော့၏။ မော်တော်ကားတန်းကြီးတစ်လျှောက် တရစပ်ပစ်ခတ်နေသော အီဂျစ်အမြောက်များသည် ယခု ပိုပြီးသဲသဲမဲမဲပစ်ခတ်ကြတော့၏။ ပို၍လည်း လက်တည့်လာသည်။ တင့်ကားခါးပြတ်မှ မီးတောက်များက အီဂျစ်အမြောက်သမားများအတွက် ပစ်မှတ်ကို မီးထွန်းပြသကဲ့သို့ ဖြစ်နေ၏။ အစ္စရေး မိုင်းရှင်းတပ်သားများက ပေါက်ကွဲနေသည့် အမြောက်ဆန်များကြားတွင် မိကျောင်းတွားတက်သွားပြီး မိုင်းဗုံးမြှုပ်နယ်မြေတစ်လျှောက် မီးလောင်နေသည့်ကား၏ ဘယ်ဘက်ဘေးမှ လမ်းသစ်တစ်ခုကို ရှင်းပေးသည်။

သဲတောင်၏နောက်ကွယ်တွင် လည်းကောင်း၊ ချုံအနိမ့်ကလေးများတွင် လည်းကောင်း အကာအကွယ်ယူနေသည့် တပ်သားများအားလုံးကို တပ်ရင်းမှူးက ပြန်စုလိုက်သည်။ တင့်ကားခါးပြတ် အများအပြားနှင့် တင့်ကားနှစ်စီးသည် လမ်းသစ်တစ်လျှောက် အောင်မြင်စွာ တက်လာနိုင်ခဲ့ကြ၏။ သို့သော်လည်း တတိယတင့်ကား မိုင်းဗုံးထိပြီး အကြောင်းတစ်ခုခုကြောင့် ပျက်သွားသည်။ လမ်းပိတ်ပြီး ရပ်တန့်နေကြရပြန်သည်။ အင်ဂျင်နီယာများထွက်လာပြီး လမ်းသစ်ဖောက်ကြပြန်သည်။ သို့သော်လည်း လမ်းသစ်ဖောက်ရန် ကြိုးစားသည့် ပထမတင့်ကားကို မိုင်းထိပြီး လမ်းထပ်ပိတ်သွားပြန်၏။ ကားများ မတက်နိုင်ဘဲ ဖြစ်ရပြန်သည်။

တပ်ရင်းသည် ထိုနေရာတွင် ရပ်နေတော့၏။ တင့်ကားနှစ်စီး၊ (၆×၆) ထရပ်ကားနှင့် တင့်ကားခါးပြတ်တို့ကို မိုင်းဗုံးထိကာ မိုင်းဗုံးမြှုပ်ထားသည့် နယ်မြေတစ်လျှောက် လမ်းကျဉ်းကလေးများကို ပိတ်ဆို့နေစေ၏။ ထိုအချိန်မှစပြီး ပိတ်မိနေသည့် တပ်ရင်းတို့ကို အီဂျစ်တို့က အမြောက်များ၊ မော်တာများ၊ စက်သေနတ်ကြီးများစသည်ဖြင့် ရှိသမျှလက်နက်များ အားလုံးကို သွန်သုံးပြီး ခေါင်းမဖော်နိုင်အောင် ပစ်ခတ်တိုက်ခိုက်ကြသည်။ အချိန်ကလည်း (၀၄း၃၀) နာရီရှိပြီ။ နောက်နာရီဝက်ဆိုလျှင် အလင်းရောင်လာတော့မည်။ မော်တော်ကားတန်းကြီးသည် အလင်းရောင်လာသည်အထိ ထိုနေရာတွင် ထိုအခြေအနေအတိုင်း ဆက်လက်ရှိနေမည်ဆိုလျှင် ပတ်ပတ်လည်တွင်ရှိသော ရန်သူစခန်းများမှ ဝိုင်းဝန်းပစ်ခတ်နေကြခြင်းကြောင့် လုံးဝ ကြေမွပျက်စီးသွားရချေတော့မည်။ အချိန်ရှိနေခိုက် မပျက်စီးသေးသော မော်တော်ယာဉ်များကို တစ်နေရာသို့ရွှေ့ပြီး အနီးတွင်ရှိသည့် ကတုတ်ကျင်းများအတွင်း ဝင်အောင်းနေရန် တပ်ရင်းမှူးက တပ်မဟာမှူးထံ အကြောင်းကြား ခွင့်တောင်းသည်။ ဖြတ်ကျော်လမ်းများသို့ရောက်အောင် ချီတက်ရန်မှာ မဖြစ်နိုင်တော့ချေ။

တပ်ရင်းမှူး၏တင်ပြချက်ကို တပ်မဟာမှူးက ပယ်ချလိုက်သည်။ ဖြတ်ကျော်လမ်းများသို့ သွားရာလမ်းတစ်လျှောက်တွင် ရှိနေသော ရန်သူစခန်းများအား သိမ်းရမည့်တာဝန်ကို ဆက်လက်အကောင်အထည်ဖော်ရန် အမိန့်ပေးလိုက်သည်။ ရည်မှန်းချက်နေရာသို့ မော်တော်ယာဉ်များဖြင့် ချီတက်ခြင်းမပြုနိုင်လျှင် ခြေလျင်ချီတက်ခွင့်ပြုရန် တပ်ရင်းမှူးက အကြံပေးတင်ပြသည်။ အခြားသော အခြေအနေပတ်ဝန်းကျင်များအရဆိုမူ တပ်ရင်းမှူး၏အကြံပေးချက်ကို လက်ခံဖွယ်ရာ အကြောင်းရှိလေသည်။





သို့သော် ယခုအခြေအနေတွင်မူ လက်ခံ၍မဖြစ်။ မနက်မိုးလင်းလျှင် အယ်လ်အရစ်ရှ်သို့ ဆက်လက်ချီတက်ပြီး သိမ်းပိုက်နိုင်ရန်အတွက် သံချပ်ကာကားများ ချီတက်ရမည့်လမ်းကို တပ်မဟာအနေဖြင့် ဆောင်ရွက်ရချေဦးမည်။ ထိုကဲ့သို့သော တပ်ရင်းတစ်ခု၏တပ်မဟာတွင် အရန်တပ်များမရှိတော့။ တပ်များအားလုံးသည် တိုက်ပွဲအတွင်း ပါဝင်တိုက်ခိုက်နေကြပြီဖြစ်၏။ ယခုနာရီပိုင်းတွင် တပ်တိုင်းတပ်တိုင်းသည် ရန်သူနှင့် မျက်နှာချင်းဆိုင်နေကြရပြီ ဖြစ်၏။

မည်သို့ပင်ဆိုစေကာမူ ပိတ်မိနေသော တပ်ရင်းအနေဖြင့် ရည်မှန်းချက်နေရာသို့ရောက်အောင် ခြေကျင်ချီတက်နိုင်ရန် ကြိုးစားနိုင်မည့်အချက် မရှိချေ။ ခုနစ်မိုင်ခွဲဝေးသော ဖြတ်ကျော်လမ်းသို့ အချိန်မီရောက်အောင် ချီတက်နိုင်သည့် အနေအထားမျိုး မဟုတ်ပါ။ အီဂျစ်တို့၏ အခိုင်အမာစခန်းများကို တင့်ကားတပ်အကူအညီမပါဘဲ သိမ်းယူရေးသည် မျှော်လင့်ဖွယ်မရှိလှ။ သူတို့လုပ်ရန် တစ်လမ်းသာရှိသည်။ မိုင်းမြှုပ်နယ်မြေတွင် မော်တော်ယာဉ်များအတွက် လမ်းသစ်တစ်ခု ဖောက်လုပ်ရှင်းလင်းပေးရန်သာ ဖြစ်၏။

ညအမှောင်ကုန်ဆုံးတော့မည့် နောက်ဆုံးမိနစ်များသို့ရောက်လာသည်။ အပြင်းအထန်ကြိုးစားသူများအတွက် ဆုလာဘ်ရတော့၏။ (၀၅း၁၅)နာရီတွင် တပ်ရင်း၏မိုင်းရှင်းတပ်သားများသည် ကုန်းနေသောသူတို့၏ခါးများကို ဆန့်လိုက်နိုင်သည်။ ခေါင်းဖော်လိုက်နိုင်သည်။ ယခုတစ်ကြိမ်တွင် ပျက်စီးနေသည့် မော်တော်ယာဉ်များ၏ မြောက်ဘက်မှနေ၍ လမ်းသစ်တစ်ခုကိုဖောက်ကြသည်။ စမ်းသပ်ကြည့်ကြ၏။ မော်တော်ကားတန်းကြီး၏နောက်ဆုံးမှတင့်ကားသည် တစ်စုံတစ်ရာ အခက်အခဲမကြုံဘဲ ချီတက်သွားနိုင်သည်။ ကင်းထောက်တပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် တပ်ရင်းကြီးသည် ထိုနေရာမှထွက်ခွာလာ၏။ ထိုနောက်က တင့်ကားများလိုက်ပါသွားသည်။ တင့်ကားများနောက်က တင့်ကားခါးပြတ်နှင့်အတူ စီတပ်ခွဲလိုက်ပါသွားသည်။ ဗီတပ်ခွဲ၏ မော်တော်ယာဉ်များမှာ သုံး၍မရတော့ချေ။ ထို့ကြောင့် တင့်ကားများပေါ်သို့ ခုန်တက်ပြီး လိုက်ပါကြသည်။ သူတို့စိတ်ဓာတ်တက်ကြွနေပါပြီ။ ရဲဘော်တို့သည် အရာရှိများထက်ပင် ပိုမို စိတ်တက်ကြွနေကြ၏။ အရေးကြီးဆုံးသည် မိုင်းဗုံးမြှုပ်ထားသည့် နယ်မြေနှင့် အမြောက်ဆန်များ ကျနေသည့်နယ်မြေမှ လွတ်မြောက်သွားရန်သာ ဖြစ်သည်။ ဆက်လက်ရွေ့လျားရန် ဖြစ်သည်။ ဆက်လက်ချီတက်ရန်ဖြစ်သည်။

ကားတန်းကြီးသည် လျင်မြန်သောအရှိန်အဟုန်ဖြင့် ချီတက်သွား၏။ (၀၅း၅၀) တွင် ၎င်းတို့၏ပထမဆုံးရည်မှန်းချက်နေရာဖြစ်သော စခန်းအမှတ်(၅)သို့ ရောက်ရှိလာကြ၏။ ထိုအချိန်တွင် အလင်းရောင် ကောင်းကောင်းရနေပြီ။ ကင်းထောက်တပ်မှ အီဂျစ်တပ်များက ပြန်လှန်ပစ်ခတ်၏။ တင့်ကားများသည် မည်သည့်အမိန့်ကိုမျှ မစောင့်ဆိုင်းတော့။ သူတို့လုပ်ရမည့် အလုပ်ကိုလုပ်ကြသည်။ ညာဘက်သို့ ပြန်တက်သွားပြီး အမြောက်များဖြင့် ပစ်ခတ်သည်။ တင့်ကားခါးပြတ်တပ်ခွဲက အတန်းလိုက် ပုံသဏ္ဌာန်ဖြင့်ချီတက်လာသည်။ ခြံစည်းရိုးများကိုကျော်ဖြတ်ပြီး ရန်သူကို မုန်တိုင်းတိုက်သလို တိုက်သည်။ တိုက်ပွဲ စတင်ပြီး ငါးမိနစ်အကြာ (၀၅း၅၅) နာရီတွင်အမှတ် (၅)စခန်းကို မိမိတို့သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း တပ်ရင်းမှူးက သတင်းပြန်ပို့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ကျော်လမ်းသို့သွားရာလမ်းသည် ပွင့်သွားချေပြီ။

သိမ်းယူရရှိသည့်စခန်းများ၏ ဟိုမှာဘက်တွင်ကား ရာဖာနစ်ဇာနာလမ်းမကြီး၏မည်းနက်ပြောင်ချောသောမျက်နှာပြင်သည် တောက်ပလျက် ကျွန်ုပ်တို့တပ်များ ချီတက်နိုင်ရန် အသင့်လဲလျောင်းလျက်ပင်။ (၀၆း၃၀)နာရီတွင် ဖြတ်ကျော်လမ်းသို့ မော်တော်ကားတန်းကြီး စတင်ချီတက်၏။ လမ်း၏အလယ်ဗဟိုတစ်လျှောက်တွင် ဒီတပ်ခွဲမှရဲဘော်များကို တင်ဆောင်ပြီး တင့်ကားများက ချီတက်သည်။ ထိုနောက်က တင်ကားခါးပြတ်များလိုက်ပါ၏။ ဘေးနှစ်ဖက်သို့ အတောင်ပံဖြန့်ကာ မော်တော်ကားတန်းကြီးကို ထိန်းသိမ်းရင်း ကားများက မောင်းနှင်ကြ၏။

ဖြတ်ကျော်လမ်းကို စခန်းသုံးခုဖြစ်သော အမှတ် (၈)၊ (၁၀) နှင့် (၁၂) တို့က ကာကွယ်ထားသည်။ မော်တော်ကားတန်းကြီး ချဉ်းကပ်သွားသည်တွင် စက်သေနတ်များ၊ တင့်ကားဖျက်လက်နက်များဖြင့် ရန်သူက ဆီးကြိုပစ်ခတ်၏။ ကားတန်းကြီးကို ရပ်လိုက်၏။ အမြောက်ဖြင့်ကူပစ်ပေးရန် တပ်မှူးက အချက်ပြအကူအညီတောင်းသည်။ အချိန်အနည်းငယ်ကြာသည်အထိ တစ်ဖက်နှင့်တစ်ဖက် အမြောက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်သည်။ ထို့နောက်တွင် တင့်ကားများက ရန်သူ့စခန်းများကို စတင်ထိုးဖောက်တိုက်ခိုက်ကြတော့သည်။ ထိုသို့ပြုလုပ်သည်နှင့်တစ်ပြိုင်တည်း ပထမစခန်းတွင် ရှိသည့် အီဂျစ်များက စတင်ပြီးလက်လွှတ်ထွက်ပြေးကြ၏။ အယ်အရစ်ရှ်မြို့ရှိရာ အနောက်ပိုင်းသို့ဦးတည်ပြီး တက်သုတ်နှင် ပြေးလွှားနေကြသည့် ခြေထောက်များ၊ မော်တော်ယာဉ်များကို မြင်တွေ့ရသည်။

(၀၇း၅၀) တွင် တင့်ကားခါးပြတ်များနှင့် လိုက်ပါလာသည့် စီတပ်ခွဲက စခန်းအမှတ်(၈)ကိုလည်းကောင်း၊ တင့်ကားများ စီးနင်းလိုက်ပါလာကြသည့် ဒီတပ်ခွဲက စခန်းအမှတ် (၁၀)ကို လည်းကောင်း သိမ်းယူလိုက်ကြသည်။ နောက်ဆုံးသိမ်းရန် စခန်းအမှတ် (၁၂)သာ ကျန်တော့သည်။ တပ်ရင်းကြီးတစ်ခုလုံးက ထိုစခန်းတစ်ခုတည်းကို ဝိုင်းဝန်းတိုက်ခိုက်ကြရန် ပွဲတော်ကြီးခင်းကျင်းသကဲ့သို့ တပ်ကိုပြင်ဆင်သည်။ အေတပ်နှင့် စီတပ်ခွဲက ရင်ပေါင်တန်းချီတက်သည်။ ဘယ်တောင်ပံတွင် တင့်ကားများကိုထားပြီး ညာတောင်ပံတွင် ဂျစ်ကားများကိုထားသည်။ (၀၈း၀၀) နာရီထိုးသောအခါ စခန်းအမှတ် (၁၂)သည် ကျွန်ုပ်တို့လက်အတွင်းရောက်ပြီဟူသော သတင်းရောက်လာတော့၏။

ထိုသတင်းပေးပြီး နောက်စက္ကန့်အနည်းငယ်ကြာသောအခါ "ဖြတ်ကျော်လမ်း ကျွန်ုပ်တို့လက်ထဲရောက်ပြီ"ဟူသောသတင်း ဆက်တိုက်ရောက်တော့လေသည်။ တပ်ရင်းသည် ခံစစ်အတွက် ဂရုတစိုက်သတိကြီးစွာထားပြီး ပြန်လည်စုစည်း၏။ ဖြတ်ကျော်လမ်းများကို သိမ်းမိပါပြီ။ သို့သော်လည်း အောင်ပွဲခံရရှိထားသည့် နယ်မြေကလေးသည် ကျဉ်းမြောင်းနေသေး၏။ (၉)မိုင်ရှည်သော လမ်းကြောင်းတစ်လျှောက်တိုသာ သိမ်းယူရရှိထားပြီး လက်ဝဲ လက်ယာနှစ်ခုစလုံးတွင် အီဂျစ်တပ်များ ရှိနေသေး၏။ အလယ်ဗဟိုစစ်ကြောင်းနှင့် မြောက်ဘက်စစ်ကြောင်းတစ်လျှောက်ရှိ စခန်းများကို သိမ်းပိုက်ရယူပြီး ဖြစ်လင့်ကစား လုံးဝအပြီးသတ်ရန် ကျန်နေသေး၏။ ဖြတ်ကျော်လမ်းပေါ်ရှိ ကျွန်ုပ်တို့၏ အောင်မြင်မှုများကို ရန်သူက ရှင်းပစ်နိုင်သေးသည်။





မည်သို့ပင်ဆိုစေကာမူ အထက်ပါစိုးရိမ်မှုများသည် အခြေအမြစ်မရှိဟု ဆိုနိုင်ပါသည်။ ရန်သူတပ်များ၏ တန်ပြန်တိုက်ခိုက်မှုများကို ထည့်တွက်ရန် အကြောင်းမရှိပါ။ သူတို့လက်တွင်ရှိခဲ့သည့် စခန်းများကိုပင်လျှင် ပြင်းပြင်းထန်ထန် ကာကွယ်ထားရန် သူတို့ပြင်ဆင်ခဲ့ခြင်းမရှိ။ စခန်းအားလုံးလိုလိုတွင် ရင်ဆိုင်တိုက်ပွဲဖြစ်သည်ဆိုရုံမျှ ပြောနိုင်သောအဆင့်အထိသာလျှင် ရန်သူတို့က တိုက်ကြ၏။ ကျွန်ုပ်တို့၏တပ်များက တရကြမ်းတိုက်သည်နှင့်တစ်ပြိုင်နက်တည်း လက်ထဲမှ သေနတ်ကိုချပြီး နောက်ကြောင်းကိုသာ လှည့်ပြေးကြတော့၏။ တောင်ဘက်စစ်ကြောင်းတွင်ရှိသည့် စခန်းခုနစ်ခုအနက် အမှတ် (၂၊ ၆ နှင့် ၈)ကို ကျွန်ုပ်တို့တပ်များ မရောက်မီကတည်းက စွန့်ပစ်သွားကြသည်။ ကျန်သည့်စခန်းလေးခုအနက် အမှတ်(၁၀)နှင့် (၁၂)ကသာ ကျွန်ုပ်တို့ ထိုးဖောက်သည်အထိ ခုခံတိုက်ခိုက်ကြ၏။

ထိုသို့အကြောင်းကြောင့် ကျွန်ုပ်တို့ဘက်က အကျအဆုံး မများလှခြင်းဖြစ်၏။ နှစ်ယောက်သေပြီး (၂၂)ယောက် ဒဏ်ရာရသည်။ ထိုသူများမှာလည်း အမြောက်ဆန်နှင့် မိုင်းဗုံးများပေါက်ကွဲပြီး ထိမှန်ခြင်းဖြစ်၏။ အလားတူပင် တင့်ကားလေးစီး၊ တင့်ကားခါးပြတ်နှစ်စီး၊ (၆×၆)ထရပ်ကား တစ်စီးတို့သည် မိုင်းဗုံးများကိုနင်းမိပြီး ပျက်စီးခြင်းဖြစ်၏။ ရန်သူက ပစ်ခတ်သောကြောင့် တင့်ကားတစ်စီးသာလျှင် ထိမှန်ပျက်စီးသည်။ တပ်မှူးနှင့် ဒရိုင်ဘာ ဒဏ်ရာရသည်။

ရာဖာကာကွယ်ရေးဒေသဖြစ်သည့် အလယ်ဗဟိုစစ်ကြောင်းကို တပ်မဟာ (၁)၏လူဟောင်းများပါဝင်သော တပ်ရင်းနှစ်ခုကို တာဝန်ပေးလိုက်သည်။ တာဝန်နှစ်ခုသည် တစ်ခုနှင့်တစ်ခု နီးကပ်လျက်ရှိသော စခန်းအမှတ်(၂၅)နှင့် (၂၅-က) စခန်းနှစ်ခုကို သိမ်းပိုက်ရန်ဖြစ်၏။ အခန်းအမှတ် (၂၅)ကို အေတပ်ခွဲက တိုက်မည်ဖြစ်ပြီး၊ (၂၅-က)ကို နဟာတပ်ခွဲက တိုက်မည်ဖြစ်သည်။ (နဟာဟူသော အဓိပ္ပာယ်မှာ တိုက်ခိုက်ရေးနှင့် ရှေ့ဆောင်လူငယ် ဖြစ်၏။ ၎င်းတို့သည် စစ်မဖြစ်သောအချိန်တွင် နယ်ခြားဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများ၊ ကျေးရွာများ တည်ထောင်လုပ်ကိုင်ကြ၏။ စစ်ဖြစ်သောအခါတွင် စစ်ထဲသို့ဝင်ပြီး စစ်မှုထမ်းကြသည်)

တပ်ခွဲ(၂)သည် စမျဉ်းမှနေ၍ ခြေကျင်တက်သွားကြ၏။ သူတို့ ချီတက်ရမည်မှာ ခရီးအတန်လှမ်း၏။ ရည်ရွယ်ချက်နေရာများသို့ မနက် (၀၅း၀၀) နာရီ မထိုးမီကလေးတွင် ဆိုက်ရောက်သွားသည်။ အေတပ်ခွဲစခန်း(၂၅)ကို ချဉ်းကပ်မိပြီး တိုက်ခိုက်ချေမှုန်းရန်အသင့်ဖြစ်နေသည်။ အီဂျစ်တို့က ရှာဖွေတွေ့ရှိပြီးပစ်ခတ်သည်။ ကပ်လျက်ရှိသော စခန်း(၂၅-က)ပါ ချက်ချင်းဝင်ရောက်ပစ်ခတ်လာသည်။ ကာရံထားသော ခြံစည်းရိုးများကို ဘင်ဂလိုတော်ပီဒိုဖြင့် ချိုးဖောက်ရန် ကျွန်ုပ်တို့တပ်များက စီစဉ်ထားသည်။

သို့သော်လည်း ခြံစည်းရိုးအောက်တွင် ချထားပြီးဖြစ်သည့် တော်ပီဒိုပိုက်လုံးရှည်ကြီးသည် မပေါက်ကွဲတော့ချေ။ တိုက်ခိုက်မည့်အချိန်ကို ရွှေ့ပြောင်းခြင်းမပြုရန် တပ်ခွဲမှူးက ဆုံးဖြတ်၏။ ခြံစည်းရိုးကို ထိန်းသိမ်းထားသော ရန်သူ့နေရာများကို စက်သေနတ်များဖြင့် သွန်ပစ်ပေးရန် ကူပစ်ပေးသည့်အဖွဲ့အား တပ်ခွဲမှူးက ပြင်ဆင်ခိုင်းလိုက်၏။ အမိန့်အတိုင်းပင် သေနတ်များဖြင့် သွန်ပစ်ပေးသည်။


www.burmeseclassic.com

www.burmeseclassic.com

တပ်ခွဲသည် ခြံစည်းရိုးဆီသို့ ချီတက်သွားပြီး ဆူးကြိုးများကို ဖြတ်တောက်ကာ လက်ချည်းသက်သက်ဖြင့် ဆွဲလှန်ဖယ်ရှားပစ်သည်။ ထို့နောက်ဝပ်ပြီး ကျော်ဝင်ရောက်လာခဲ့ကြ၏။ ခြံစည်းရိုးတစ်ဖက်တွင်မူ သူတို့အဖို့ အခက်အခဲတစ်ခုက စောင့်နေ၏။ စခန်း၏ပတ်လည်သည် မိုင်းဗုံးမြှုပ်ထားသောနယ်မြေ ဖြစ်သည်။ ခြံစည်းရိုးကို ဖြတ်တောက်ရှင်းလင်းနေကြချိန်တွင် အီဂျစ်တို့က နေရာမှန်ကို ချိန်တွယ်ပြီး တိုက်ရိုက်တည့်တည့်မတ်မတ် တရကြမ်းပစ်ခတ်ကြသည်။ နောက်သို့ ပြန်ဆုတ်ခြင်းသည် အကျအဆုံးကိုသာ များပြားစေမည်ဖြစ်ရုံမက ပြဿနာကိုလည်း ဖြေရှင်းနိုင်မည် မဟုတ်ပါချေ။ နေ့ဘက်သို့မရောက်မီ ကျွန်ုပ်တို့တပ်ခွဲအနေဖြင့် မိုင်းဗုံးမြှုပ်နယ်မြေကို ဖြတ်သန်း၍ အမြန်ဆုံးချီတက်နိုင်မည်။ မိုင်းရှင်းအရာရှိများသည် မိကျောင်းသွားတွား၍တက်သွားကြပြီး မိုင်းဗုံးများကို ဖယ်ရှားကာ လမ်းရှောင်၍ ရနိုင်စေရန် လမ်းကြောင်းကို ရှင်းပေးသည်။ တပ်ခွဲတစ်ခုလုံး ထိုလမ်းကြောင်းကလေးအတိုင်း လိုက်ကြရ၏။ လမ်းအတိုင်း ဆက်လိုက်သွားခြင်းအားဖြင့် ရန်သူ့စစ်စွယ်ဆင်ခြေလျှောများသို့ရောက်လာ၏။

ထိုဆင်ခြေလျှောပေါ်သို့တက်လာပြီး ရန်သူ့စခန်းကို စက်သေနတ်များ၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ကြ၏။ တပ်စိတ်များကို ခွဲထုတ်ပြီး ဆက်သွယ်ရေးကတုတ်ကျင်းအတွင်းသို့ အစွန့်ရေးတပ်များ ဝင်ရောက်ကြပြီကို သိသည်နှင့်တစ်ပြိုင်တည်း အီဂျစ်တို့၏ခုခံမှု ရပ်ဆိုင်းသွားတော့၏။

အစစအရာရာအဆင်ပြေသွားပြီဟု မှတ်ထင်ရသည်။ သို့သော်လည်း စစ်စွယ်၏အလယ်ဗဟိုသို့ ကျွန်ုပ်တို့တပ်ခွဲ ရောက်ရှိသွားသောအခါ စခန်း(၂၅-က)ကို တိုက်ရမည့်နဟာတပ်ခွဲသည် မိမိတို့ဆီသို့ ဦးတည်လာနေပြီဖြစ်ကြောင်း မြင်တွေ့ကြရ၏။ တပ်ခွဲမှူးနှစ်ဦးတို့သည် မိနစ်ပေါင်းများစွာ မယုံသင်္ကာဖြစ်နေကြ၏။ ၎င်းတို့တပ်များသည် ကန့်လန့်ဖြတ်ရှုပ်ထွေးနေသော ကတုတ်ကျင်းများအတွင်း၌ ရောနှောနေကြချေပြီ။ ယခု စခန်းအမှတ် (၂၅-က) တိုက်ခိုက်သိမ်းပိုက်ကြရတော့မည်။ သို့သော်လည်း မည်ကဲ့သို့တိုက်မည်နည်း။ မည်သူက တိုက်မည်နည်း။ ထိုအချိန်မှာပင် စခန်းနှစ်ခုကို ဆက်သွယ်ထားသည့် ကတုတ်ကျင်းတစ်ခုကို တွေ့ရှိကြ၏။

ထိုကတုတ်ကျင်းကို အသုံးပြုရန်မှာ များစွာအန္တရာယ်ကြီးမားလှလေသည်။ အကယ်၍ အခြားတစ်ဖက်စွန်း၌ ရန်သူများစောင့်နေမည်ဆိုလျှင် ဤကတုတ်ကျင်းသည် တိုက်ခိုက်ရေးတပ်ဖွဲ့များအဖို့ ထောင်ချောက် ဖြစ်ချေတော့မည်။ အခြေအနေကို အတိုချုံး၍ သိမ်းကျုံးလေ့လာပြီးသောအခါ အန္တရာယ်ကြီးမားသည့် စွန့်စားမှုပင်ဖြစ်လင့်ကစား တန်ဖိုးရှိသော ကြိုးစားမှုပင်ဖြစ်ကြောင်း တပ်ခွဲမှူးနှစ်ဦးတို့က ဆုံးဖြတ်လိုက်ကြ၏။

ထို့နောက် တပ်ခွဲနှစ်ခုကို ရောပြီး ဆက်သွယ်ရေး ကတုတ်ကျင်းအတွင်းသို့ ဆင်းကာ စခန်းအမှတ်(၂၅-က) သို့ ကတုတ်ကျင်းတစ်လျှောက် ချီတက်လာကြသည်။ ထွက်ပေါက်တွင် စောင့်ကြိုနေသည့် ရန်သူတစ်စုံ တစ်ယောက်မျှ မတွေ့။ ရန်သူတို့၏ လက်နက်ကြီးတပ်ခွဲမှ ဆီးကြိုပစ်ခတ်မှုနှင့် ရင်ဆိုင်ရသည်။ ပစ်ခတ်တွန်းလှန်မှုကား နောက်ကျသွားချေပြီ။ နေ့ဘက်အလင်းရောင်ရလာပြီဖြစ်သည့် (၀၅း၃၀)နာရီတွင် ထိုစခန်းကို သိမ်းယူရရှိပြီး ဖြစ်သွားသည်။





အခြားတပ်ရင်းတစ်ခု၏ တာဝန်သည် စခန်းအမှတ်(၂၉)နှင့် ၎င်း၏အနီးမှာပင်ရှိသော စခန်းအမှတ်(၂၇)ကိုသိမ်းပိုက်သည်။ စခန်းအမှတ် (၂၉)သည် ရာဖာဒေသကာကွယ်မှု၏ အရေးကြီးဆုံးစခန်းအဖြစ် သတ်မှတ်ထားသည်။ အင်အားအကြီးဆုံးစခန်းအဖြစ် မှတ်ယူထားသည်။ သို့သော်လည်း တကယ်တမ်း သိမ်းယူရရှိပြီးသောအခါ ထိုသို့မှတ်ယူထားခြင်းသည် အထင်ကြီးမှုဖြစ်ကြောင်း တွေ့ရ၏။ မျှော်လင့်ထားသလောက် မခက်ခဲဘဲ သိမ်းပိုက်ရရှိလေသည်။

အဆိုပါတပ်ရင်းသည် (၀၃း၃၀)နာရီတွင် စမျဉ်းကိုဖြတ်ကျော်သွားပြီး အမြန်ချီတက်သွားရာ တစ်နာရီအကြာတွင် ရည်ရွယ်ချက်နေရာအနီးသို့ ရောက်ရှိ၏။ တိုက်ခိုက်ရန်တပ်ခွဲများကို ဖြန့်သည်။ သို့သော်လည်း အမှောင်တွင်းဖြစ်နေသောကြောင့် မည်သည့်စခန်းသည် မည်သူ့အတွက်ဖြစ်ကြောင်း တပ်ရင်းမှူးအနေဖြင့် ခွဲခြားသတ်မှတ်မပေးနိုင်ချေ။ စခန်း(၂၉)ကို အမြောက်နှင့်ပစ်ပြီး မီးကျည်များပါ ချပေးရန် တပ်ရင်းမှူးက အကြောင်းကြား၏။ အမြောက်နှင့်ပစ်ပြီး မီးကျည်များချပေးသော်လည်း အထောက်အကူမဖြစ်ချေ။ မြောက်မြားစွာသော ရန်သူ့ကတုတ်ကျင်းများက မြောက်မြားစွာသော အရပ်မှနေပြီး ပစ်ခတ်တိုက်ခိုက်ကြသည်။ ကျွန်ုပ်တို့တပ်များအနေဖြင့် မည်သည့်ဘက်သို့ ဦးတည်ပစ်ရမည်ကို မသိနိုင်တော့။ အေတပ်ခွဲသည် ၎င်းအနီးမှာပင် ခြံစည်းရိုးကို သွားတွေ့သည်။ ချိုးဖျက်ပြီး ဝင်ရောက်သွားသောအခါ အခြားခြံစည်းရိုးတစ်ခုနှင့် တွေ့ရပြန်၏။ မူလဖျက်ခဲ့သည့် ခြံစည်းရိုးနှင့် မဝေးကွာလှသော နေရာတွင် တွေ့ရသဖြင့် ဆက်လက်ချိုးဖောက်ဝင်ရောက်ကာ ရည်ရွယ်ချက်နေရာကို ရှာဖွေသည်။ ထိုအခိုက် ရန်သူ့စခန်းအတွင်းမှ အဆက်မပြတ် ဆီးကြိုပစ်ခတ်၏။ ထိုသို့ပစ်ခတ်သောကြောင့် စခန်းအမှတ် (၂၉)ကို ရှာဖွေတွေ့ရှိကြရတော့သည်။

ယခု (၀၅း၀၀)နာရီထိုးပြီ။ တင့်ကားခါးပြတ်များကို ဖြန့်ထုတ်လိုက်ပြီး ရန်သူ့အမြောက်ထိုင်များကို ဘဇူကာနှင့်ပစ်ခတ်သည်။ အီဂျစ်တို့က သူတို့၏ အမြောက်ထိုင်များသို့ ရန်သူချဉ်းကပ်မလာနိုင်အောင် စက်သေနတ်များ၊ တင့်ကားဖျက်လက်နက်များဖြင့် ကာပစ်ပစ်ခတ်ပေးသည်။ မည်သို့ဆိုစေ တင့်ကားခါးပြတ်နှစ်စီးသည် ဆက်လက်ချီတက်သွားနိုင်ပြီး ရန်သူ၏တင့်ကား အမြောက်ကြီးနှစ်လက်ကို ဖျက်ဆီးပစ်လိုက်နိုင်သည်။ စခန်းမှ ဆီးကြိုပစ်ခတ်မှုများအားပျော့သွားသည်တွင် တင့်ကားခါးပြတ်များသည် စီတပ်ခွဲမှ တပ်စုတစ်စုနှင့်ပေါင်းပြီး ခြံစည်းရိုးများကို ချိုးဖောက်ဝင်ရောက်သွားကာ စခန်းကို ဝင်းခေါင်းထိုးတိုက်ခိုက်လေသည်။

နေ့ဘက်အလင်းရောင်ရလာပြီး ခြံစည်းရိုးများကြားတွင် လတ်လတ်ဆတ်ဆတ် ခြေရာအသစ်များနှင့် လူသွားလမ်းကို တွေ့ရ၏။ ထိုလမ်းကို အီဂျစ်များကိုယ်တိုင် အသုံးပြုနေပြီး မိုင်းဗုံးမြှုပ်ထားခြင်းများ မရှိကြောင်း ဖော်ပြသကဲ့သို့ ဖြစ်လေသည်။ အေတပ်ခွဲသည် ထိုလူသွားလမ်းကို အသုံးပြုပြီး စခန်း၏မြောက်ဘက်ပိုင်းမှ အမြောက်ထိုင်များကို ထိုးဖောက်ပစ်လိုက်သည်။ အကျအဆုံး အထိအခိုက် လုံးဝမရှိ။ (၀၅း၃၀) တွင် စခန်းအမှတ် (၂၉)ကိုသိမ်းယူမှုသည် ပြီးစီးအောင်မြင်သွား၏။ ထိုအနီးရှိစခန်းအမှတ် (၂၇)ကိုတိုက်ခိုက်ရန် ဒီတပ်ခွဲနှင့် စီတပ်ခွဲကို တပ်ရင်းမှူးက စုစည်းယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်တည်းမှာပင် တပ်မဟာ(၂၇)မှ သံချပ်ကာ ယန္တရားတပ်ရင်းတစ်စု သည် ရောက်ရှိလာ၏။ တင့်ကားနှင့် ကူညီတိုက်ခိုက်ပေးရန် မေတ္တာရပ်ခံချက်ကို လက်ခံ လိုက်သည်။ တင့်ကားများ ချဉ်းကပ်လာသည်ကို မြင်သည်နှင့်တစ်ပြိုင်တည်း အီဂျစ်တို့ လက်လွတ်ထွက်ပြေးကြ၏။ ခြေလျင်တပ်ခွဲနှစ်ခုက ရန်သူစခန်း၏အကာအကွယ် အရံအတားများကို ချိုးဖောက်ဝင်ရောက်သွားသောအခါ ရန်သူမရှိတော့သော စခန်းကို မြင်တွေ့ကြရလေသည်။ အမှတ်(၂၇) ကိုသိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း သတင်းသည် (၀၇း၁၅)တွင် ရောက်လာ၏။ စခန်းနှစ်ခုကို သိမ်းပိုက်ရာတွင် ကျွန်ုပ်တို့တပ်ရင်းမှ သုံးဦး ကျပြီး (၄၈)ဦး ဒဏ်ရာရသည်။

ရာဖာကိုသိမ်းပိုက်ရန် တိုက်ပွဲဆင်ရာတွင် ကျွန်ုပ်တို့ဘက်က ထိခိုက်မှုအများ ဆုံးတပ်သည် အမှတ်(၂၇)သံချပ်ကာ ကားတပ်မဟာမှ ယာဉ်တင် ခြေလျင်တပ်ရင်းဖြစ် သည်။ မြောက်ပိုင်းရှိ တတိယစစ်ကြောင်းအတိုင်း တိုက်ရသောတပ်ရင်းဖြစ်ပြီး ထိုစစ် ကြောင်း၏ အဓိကတပ်စခန်းများဖြစ်သော စခန်းအမှတ် (၃၄)နှင့် (၃၆) ကို သိမ်းယူရ မည့်တပ် ဖြစ်သည်။ အဆိုပါတပ်ရင်းတွင် ရှိုင်ဖယ်သေနတ်ကိုင် တပ်ခွဲလေးခုပါဝင်ပြီး အေအမ်အိပ်ချ်စ်အမျိုးအစား အပေါ့စားတင့်ကားတပ်တစ်တပ်ပါ တွဲဖက်ပေးထားသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် တိုက်မိန့်ပေးခြင်းမှာ နောက်ကျသွား၏။

တပ်ရင်းက (၀၃း၄၅) နာရီတွင် မော်တော်ကားတန်းကြီးဖြင့် စတင်ထွက်လာပြီး တစ်နာရီခန့်အကြာတွင် တည့်မတ်ပြင်းထန်သော ပစ်ခတ်မှုများနှင့် ရင်ဆိုင်ရသည်။ တပ်ရင်းမှူးအနေဖြင့် သူ့လူများကို မော်တော်ယာဉ်များအပေါ်မှဆင်းပြီး တိုက်ခိုက် သိမ်းယူရန် အမိန့်ပေးရတော့သည်။ ထိုကဲ့သို့ အမြောက်များ၊ မော်တော်များဖြင့် ပစ်ခတ် တိုက်ခိုက်သောကြောင့် (၁၁)ယောက်ကျဆုံးပြီး (၈၈)ယောက် ဒဏ်ရာရသွားသည်။ ထိုအထဲတွင် အေတပ်ခွဲမှူးနှင့် တစ်စုမှူး သုံးယောက်ပါဝင်၏။

ယင်းကဲ့သို့ ပြင်းထန်သောပစ်ခတ်မှုအောက်တွင် ဒဏ်ရာရသူများကို နောက်သို့ ပြန်ပို့ပေးရန်လို၏။ ကျည်ဆန်မိုးရွာနေသည့် ဒေသအတွင်းမှ မော်တော်ကားတန်းကြီး ထွက်လာရန်လို၏။ တိုက်ခိုက်ချေမှုန်းရေးတပ်များကို စုစည်းရန်လို၏။ ဒီတပ်ခွဲမှူးသည် အေတပ်ခွဲကိုပါ ဦးစီးအုပ်ချုပ်ကာ တပ်စုနှစ်ခုခန့်ကိုပါ သိမ်းသွင်းယူလိုက်သည်။ စခန်း (၃၄)ကို တိုက်ခိုက်ရန် ရှေ့သို့တက်သည်။ ဘီတပ်ခွဲ၏တပ်မှူးက သူ၏တပ်ကို ပြန်လည် စည်းရုံးကာ စခန်းအမှတ် (၃၆) ကိုတိုက်ခိုက်ရန်စတင်သည်။

ဘီတပ်ခွဲသည် မိမိတို့ ဆိုင်ရာပစ်မှတ်သို့ ပထမဆုံးရောက်ရှိသွားသော တပ်ခွဲ ဖြစ်၏။ အလင်းရောင်မရမီ နောက်ဆုံးကျန်နေသည့် အမှောင်ပိုင်းကလေးအတွင်း၌ တိုက်ရန်တပ်ဖြန့်သည်။ အလင်းရောင် ပထမဦးဆုံးထွက်ပေါ်လာသည့် (၀၅း၃၅) နာရီ တွင် တင့်ကားခါးပြတ်များနှင့် လိုက်ပါလာသော ခြေလျင်တပ်စုနှင့် အပေါ့စားတင့်ကား ခွဲထုတ်တပ်တို့သည် အီဂျစ်စခန်းအတွင်းသို့ ချိုးဖောက်ဝင်ရောက်ကြ၏။ တင့်ကားနှင့် တင့်ကားခါးပြတ်များ၏နောက်မှ ယာဉ်တင်တပ်စုနှစ်စုတို့ လိုက်ပါလာသည်။ နောက်ထပ် (၁၅)မိနစ်ခန့် ကြာမြင့်သည်တွင် ယင်းတပ်ခွဲသည် အီဂျစ်စခန်းကို ထိန်းသိမ်းလိုက် နိုင်ပါပြီ။ ကျွန်ုပ်တို့ဘက်မှ သုံးယောက်ဒဏ်ရာရသည်။





အေတပ်ခွဲသည် ၎င်းတို့၏ရည်မှန်းချက်နေရာသို့ (၀၅း၄၅)နာရီတွင် ချဉ်းကပ် မိလာ၏။ ချုံငယ်များ၏နောက်ဘက်တွင် ပုန်းအောင်းနေပြီး ရှေ့သို့ ဆက်လက်ချီတက် လာခဲ့သည်။ အီဂျစ်တို့၏ တင့်ကားဖျက် အမြောက်ထိုင်နေရာများနှင့် (၂၇၅)ကိုက်မျှသာ ဝေးကွာသည့်နေရာအတွင်းသို့ ရောက်ရှိလာ၏။ ထိုလက်နက်များသည် စခန်းအမှတ် (၃၄)၏ အနောက်တောင်ဘက်တောင်ပံခြမ်းကို အကာအကွယ်ပြုထားသော အမြောက် ကြီးများဖြစ်သည်။ ထို့နောက် ၎င်းတို့၏ဘဇူကာများဖြင့် တိုက်ရိုက်ပစ်ခတ်ပြီး ရန်သူ၏ အမြောက်ကြီးများကို အသံတိတ်သွားစေ၏။ စခန်းအမှတ် (၃၆)ကိုသိမ်းပိုက်ပြီးလာသည့် အပေါ့စားတင့်ကားတပ်နှင့် အေတပ်ခွဲတို့ပေါင်းမိကြချေပြီ။ တင့်ကားများက တိုက်ရိုက် ပစ်ခတ်ကူညီသည်။ တပ်ခွဲက အီဂျစ်ခံစစ်ကို ချိုးဖောက်ဝင်ရောက်ပြီး တိုက်ခိုက်သည်။ ထိုအချိန်မှာပင် အရန်တပ်အဖြစ်ထားရှိသော ဒီတပ်ခွဲသည် စစ်ကူအဖြစ် ရောက်ရှိလာ ပြန်၏။ သို့ဖြင့် (၀၆း၃၀)နာရီရောက်သည်တွင် စခန်းအမှတ် (၃၄)ကို သိမ်းပိုက်ရှင်းလင်း မှုသည် ပြီးဆုံးသွားတော့၏။ ထိုတိုက်ပွဲ၌ ကျွန်ုပ်တို့ဘက်က (၄)ဦး ဒဏ်ရာရသည်။

မြောက်ပိုင်းဒေသတိုက်ပွဲများ၌ အထိအခိုက် အကျအဆုံးများပြားသောတပ် သည် ယခု တပ်ရင်းတစ်ခုတည်းသာ မဟုတ်သေး။ (၀၅း၀၀) နာရီတွင် တပ်မဟာ(၂၇)မှ သံချပ်ကာတပ်ရင်း တပ်ဖွဲ့တစ်ဖွဲ့သည် အီဂျစ်တို့၏ စခန်းအမှတ် (၃၄)နှင့် (၃၆) အနီးသို့ ရောက်ရှိလာကြသည်။ ထိုတပ်သည် ရာဖာလမ်းကို ချိုးဖောက်၍ ပြီးသည်နှင့် တစ်ပြိုင် တည်း ရှေ့သို့တက်ရမည့်တပ် ဖြစ်၏။ စခန်းများကိုသိမ်းပိုက်နိုင်ရန် တိုက်ခိုက်နေသည့် ခြေလျင်တပ်များကို ကူညီရမည်ဟု တပ်မဟာမှူးထံမှ အမိန့်ရောက်လာသည်။

တပ်ရင်းမှူးသည် သူ၏လူအချို့နှင့် စခန်း (၃၄)ကို တိုက်ခိုက်ရန် ဆုံးဖြတ်၏။ ဆုံးဖြတ်ပြီး ရှေ့သို့ချီတက်ခဲ့သည်။ တင့်ကားတပ်ဖွဲ့တစ်ခုကို ကိုယ်တိုင်ခေါင်းဆောင်ခဲ့ သည်။ ပစ်မှတ်နှင့် (၄၅၀)ကိုက်အတွင်းသို့ ရောက်သောအခါ နေ့ဘက်အလင်းရောင် ရနေချေပြီ။ သူတို့ စီးနင်းလိုက်ပါလာသည့် တင့်ကားခါးပြတ်များကို အီဂျစ်တို့က ထင်းထင်းကြီးမြင်နေရပြီ ဖြစ်၏။ (ချိုးဖောက်တိုက်ခိုက်ရာတွင် လိုအပ်သည့် အချက်ပြ ကိရိယာကို သူ၏ကွပ်ကဲမှုဆက်သွယ်ရေးတင့်ကားအတွင်းမှ တင့်ကားခါးပြတ် တစ်စီး အတွင်းသို့ ရွှေ့ပြောင်းတပ်ဆင်လိုက်၏။ တင့်ကားခါးပြတ်မှနေ၍ အချက်ပြခြင်းအားဖြင့် ၎င်း၏အချက်ပြမှုကို ကောင်းစွာမြင်တွေ့ကြရမည် ဖြစ်၏)

ရန်သူများက အဆိုပါတင့်ကားခါးပြတ်ကို စပစ်သည်။ မပစ်သည်။ တင့်ကား ဖျက်ကျည်ဆန်သုံးခုက အဆိုပါ တင့်ကားခါးပြတ်ကို ထိမှန်သည်။ အဆိုပါ သံချပ်ကာ ယန္တရားတပ်ရင်းမှူးသည် ထိုနေရာမှာပင် ကျဆုံးသွားတော့၏။ ၎င်းနှင့်အတူ အဆိုပါ တင့်ကားခါးပြတ်အတွင်းရှိနေသော ဒု-တပ်မဟာမှူးသည် မျက်စိတွင် ဒဏ်ရာရ၏။

(၀၆း၃၀) နာရီတွင် အလယ်ဗဟိုစစ်ကြောင်းနှင့် မြောက်ဘက်စစ်ကြောင်းရှိ ရန်သူတို့အခိုင်အမာတပ်စွဲထားသော စခန်းများသည် ကျွန်ုပ်တို့တပ်များ၏လက်တွင်းသို့ ပါဝင်ဆင်နွှဲခဲ့ကြသည့် သံချပ်ကာ ယန္တရားတပ်ရင်း သုံးခုတို့သည် သူတို့၏တပ်သားများ၊ မော်တော်ယာဉ်များ ထိခိုက်ပျက်စီးခဲ့လေရာ နောက်ထပ်တိုက်ပွဲဝင်ရန်အတွက် ပြန်လည် ပြင်ဆင်ရန်နှင့် တပ်များစုစည်းရန်လိုအပ်နေချေသည်။

www.burmeseclassic.com



အရန်တပ်အဖြစ် တာဝန်ယူခဲ့သည့် တပ်ရင်းကို မိမိတို့သိမ်းယူပြီးဖြစ်သည့် နေရာများ (စခန်း ၃၄ နှင့် ၃၆) တစ်လျှောက် ချီတက်ပြီး ဂါဇာရာဖာလမ်းကို ရှင်းရန် ဖြတ်ကျော်လမ်းရှိ ကျွန်ုပ်တို့၏တပ်များနှင့်ပူးပေါင်းရန် (ဝ၆း၁၀)နာရီတွင် အမိန့်ပေးလိုက်သည်။

မြောက်ပိုင်းချီတပ်များကို ခေါင်းဆောင်လာသည့် တင့်ကားများသည် (ဝ၉း၀၀) နာရီတွင် ဖြတ်ကျော်လမ်းသို့ဆိုက်ရောက်လာသည်။ ပထမနေ့တွင် မည်သည့်တင့်ကားများဖြစ်ကြောင်း ထိုနေရာသို့ ရောက်နှင့်နေသည့် ကျွန်ုပ်တို့၏ခြေလျင်စစ်သားများ (တပ်မဟာ-၁ မှ)က မသိကြချေ။ သဲဖုန်လုံးကြီးများ ရှင်းသွားသောအခါကျမှ ကျွန်ုပ်တို့၏ တင့်ကားများဖြစ်ကြောင်း သိကြတော့သည်။

ပတ်ပတ်လည်မှ ပစ်ခတ်မှုများရှိနေဆဲပင်။ ရုံဖန်ရုံခါဆိုသလို ချုံကွယ်များနောက်မှ ပြူထွက်လာသည့် အီဂျစ်စစ်သားများ၏ ခေါင်းများကို မြင်တွေ့နေရသေးသည်။ တပ်မဟာ(၁)မှ စစ်ဗိုလ်များနှင့် ရဲဘော်များသည် စိတ်ကို ချုပ်တည်းမထားနိုင်ကြတော့။ ထို့ကြောင့် ၎င်းတို့နေရာများမှ ထွက်ကာ တင့်ကားများဆီသို့ ဦးတည်ပြေးပြီး ဝမ်းသာအားရကြိုဆိုနှုတ်ဆက်ကြသည်။ မိနစ်အနည်းငယ်အတွင်းမှာပင် တင့်ကားများ၊ တင့်ကားခါးပြတ်များ၊ ပျော်မြူးနေသည့်စစ်သားများဖြင့် ဖြတ်ကျော်လမ်းများအားလုံး ပြည့်နှက်သွားတော့၏။ တပ်မဟာ (၁)မှ ဝါရင့်ပြီးရဲဘော်များသည် ၎င်းတို့၏ တိုက်ဖော်တိုက်ဖက်ရဲဘော်များကို ဆီးကြိုနှုတ်ဆက်ပွေ့ဖက်နှုတ်ဆက်ကြ၏။ ကျွန်ုပ်သည် တိုက်ပွဲအတွင်း၌ တပ်မဟာ (၂၇)နှင့်အတူ လိုက်ပါလာခဲ့၏။ ယခု ကျွန်ုပ်နှင့် ဒု-တပ်မှူးတို့ တစ်ယောက်၏ ရင်ခွင်အတွင်းသို့ တစ်ယောက်ပြေးဝင်ကာ ဖက်ထားလိုက်ကြသည်မှာ ရုပ်ရှင်များထဲကအတိုင်းပင် ဖြစ်၏။

နံနက် (၁၀း၃၀)နာရီတွင် တပ်မဟာ (၂၇)က အယ်လ်အရစ်ရှ်သို့ ဦးတည်ချီတက်လာခြင်းအားဖြင့် စစ်ဆင်ရေး၏ဒုတိယပိုင်းကို စတင်ဖွင့်လှစ်လိုက်သည်။ တပ်မဟာ(၂၇)ကို ဦးဆောင်ချီတက်သော တပ်သည် သံချပ်ကာတပ်ရင်းဖြစ်၏။ ယင်းရှေ့ဆောင်တပ်ရင်းတွင် ကင်းထောက်ဂျစ်ကား (၇)စီး၊ အင်ဂျင်နီယာ တပ်စိတ်တစ်စု၊ တင့်ကားခါးပြတ်များနှင့်လိုက်ပါလာသော ခြေလျင်တပ်ခွဲတစ်စု၊ အပေါ့စားတင့်ကားတပ်ဖွဲ့ (၂)ဖွဲ့ (တင့်ကား ၆ စီးစီပါသည်)နှင့် (၁၀၅ မမ) ယန္တရား အမြောက်လေးလက်ပါဝင်သော အမြောက်တပ်ဖွဲ့တစ်ဖွဲ့တို့ကို ပူးပေါင်းပေးထားသည်။

ရှေ့ဆောင်တပ်ဖွဲ့၏နောက်မှ အခြားသံချပ်ကာတပ်ရင်း နှစ်ခုက လိုက်ပါ၏။ တပ်မဟာမှူးသည် ရှေ့ဆောင်တပ်ရင်း၏နောက်မှ ထက်ကြပ်မကွာကပ်ပြီး လိုက်သည်။ ကျွန်ုပ်နှင့် ကာကွယ်ရေးဦးစီးတပ်ဖွဲ့သည်လည်း တပ်မဟာမှူး၏ မော်တော်ယာဉ်များနှင့် လိုက်ပါလာသည်။ ကျွန်ုပ်၏ ကာကွယ်ရေး ဦးစီးချုပ်တပ်ဖွဲ့သည်လည်း တပ်မဟာမှူး၏ မော်တော်ယာဉ်များနှင့် လိုက်ပါလာသည်။ ကျွန်ုပ်၏ကာကွယ်ရေးဦးစီးတပ်ဖွဲ့တွင် (၆×၆) ထရပ်ကားနှစ်စီး၊ စစ်ဦးစီးချုပ်ရုံးနှင့် လည်းကောင်း၊ လေတပ်နှင့်လည်းကောင်း မပြတ်အဆက်အသွယ်ပြုနိုင်သည့် ရေဒီယိုထရပ်ကားတစ်စီးနှင့် ကျွန်ုပ် စီးနင်းလိုက်ပါလာသည့်မော်တော်ကားတစ်စီး ဖြစ်သည်။





ကျွန်ုပ်နှင့်အတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဦးစီးအရာရှိချုပ်၊ ကျွန်ုပ်၏ရုံးမှ အရာရှိချုပ်နှင့် အချက်ပြဆက်သွယ်ရေး ရေတပ်သားနှစ်ဦး ရှိကြသည်။

ရာဖာမှစတင်ထွက်ခွာလာသည်နှင့် တစ်ပြိုင်တည်း ကျွန်ုပ်သည် စိတ်စောမှုများ၊ စိတ်တင်းထားရမှုများသည် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားတော့၏။ လေထီးသင်တန်း တက်ခဲ့သည့်ရက်များတုန်းက လေယာဉ်ပျံအတွင်းမှ ခုန်ချပြီး ခံစားရသောစိတ်မျိုးကို ယခု ခံစားနေရလေသည်။ လေယာဉ်ပျံအတွင်းမှ ခုန်ထွက်လိုက်သည်နှင့် တစ်ပြိုင်တည်း နားပွင့်မတတ် ကျွက်ကျွက်ညံနေသည့် လေယာဉ်စက်သံသည် ချက်ချင်းပျောက်ကွယ်သွားပြီး တိတ်ဆိတ်သွား၏။ လေ၏ဖိနှိပ်အားသည် ပျောက်ကွယ်သွား၏။ ခုန်ချလိုက်ရသည်ကို မေ့သွား၏။ မြေကြီးပေါ်သို့မကျမီ အချိန်ကလေးတွင် လွင့်မျောနေပြီး ညင်ညင်သာသာကလေး ကျလာ၏။ ပြီးလျှင် သက်သောင့်သက်သာ ရှိလာသည်။ တည်ငြိမ်လာသည်။ တင်းကျပ်မှုများအားလုံးမှ လွတ်မြောက်သွားသည်။

ကျွန်ုပ်တို့သည် အယ်လ်အရစ်ရှ်သို့ အနောက်ဘက်မှ မောင်းနှင်လာကြသည်။ မြေထဲပင်လယ်ဘက်မှလာသော လေပြေလေညင်းသည် တသုန်သုန် တိုက်ခတ်လျက်ရှိ၏။ လမ်း၏တစ်ဖက်တွင် သဲတောင်ကြီးများကို မားမားကြီးမြင်ရသည်။ ရွှံ့ဖြင့် ဆောက်လုပ်ထားသည့် တဲများ၊ သိုးအုပ်များ၊ မြင်းများနှင့် သွားလာနေကြသည့် ဘီဒွင်အမျိုးသမီးများကို ရုံဖန်ရုံခါဆိုသလို တွေ့ဆုံကျော်ဖြတ်လာခဲ့ကြသည်။ တိုက်ပွဲဝင်ရန် သွားနေရသောခရီးဖြစ်သည်ဟု ထင်မှတ်ရန်ပင် ခဲယဉ်းလှပေသည်။

ဖြတ်ကျော်လမ်းမသို့မရောက်မီ ထွက်မပြေးသေးသော အီဂျစ် တင့်ကားတစ်စီးကိုတွေ့သည်။ အီဂျစ်စစ်တပ်တိုင်းလိုလိုတွင် ထွက်မပြေးဘဲ ကျန်ရစ်နေသည့် တင့်ကားတစ်စီးတလေကို တွေ့ရတတ်၏။ ထိုတင့်ကားက ဆီးကြိုပစ်ခတ်သောကြောင့် လမ်းဘေးကျင်းထဲတွင် အချိန်အနည်းငယ်ဖြုန်းလိုက်ရသေးသည်။

ကျွန်ုပ်တို့ ပထမဦးဆုံးရင်ဆိုင်ရမည်ဟု ခန့်မှန်းထားသော အီဂျစ်စခန်းသည် ဖြတ်ကျော်လမ်း၏ အနောက်ဘက် (၆) မိုင်ခန့်အကွာရှိ ရှိတ်ဇူဝိတ်ဖြစ်လေသည်။ အဆိုပါနာမည်သည် "နီလီသူလျှိုများ" (ပထမ ကမ္ဘာစစ်ဖြစ်စဉ် မဟာမိတ်များနှင့် ပေါင်းပြီး ပါလက်စတိုင်းတွင် တာဝန်ယူခဲ့ကြသည့် ဂျူးလူမျိုးတစ်စု) အရေးအခင်းမှစပြီး ကျွန်ုပ်သတိရနေစေ၏။ လီရှင်စကီဇာတ်လမ်းအရ ဂျူးသူလျှိုဖြစ်သူ အေဗရှာလွန်ဖိန်းဘတ်ကို ဤနေရာတွင် ဘီဒွင်လူမျိုးများက သတ်ဖြတ်ပစ်ခဲ့သည်။

ကျွန်ုပ်တို့ ရောက်သွားသောအခါတွင် ထိုစခန်းသည် လူသူကင်းမဲ့နေပြီကို တွေ့ရ၏။ ကျွန်ုပ်တို့သည် ထိုနေရာသို့ ရောက်သော ပထမဦးဆုံး အစ္စရေးတပ်မဟုတ်။ ကျွန်ုပ်တို့မရောက်မီကတည်းက အစ္စရေးလေတပ်က ရောက်ခဲ့ပြီးချေပြီ။ သူတို့ရောက်ခဲ့ပြီးဖြစ်ကြောင်း လမ်းဘေးတွင် မီးခိုးတလူလူ ထွက်နေသည့် မော်တော်ကားများ၊ လူမရှိတော့သောစစ်မြေပြင်နှင့် ပစ်ခတ်မည့်သူမရှိတော့သော တင့်ကားဖျက် အမြောက်ကြီးများက သက်သေခံလျက် ရှိချေသည်။ ကျွန်ုပ်တို့ခရီးထွက်လာခဲ့ကြပြီး ပထမဦးဆုံးသော ပစ်ခတ်မှုကို (၁၂)မိုင်ခန့်တွင်တွေ့ရသည်။ ရာဖာမှ အယ်လ်အရစ်ရှ်သို့သွားသည့် ခရီးတစ်ဝက်ကျော်စတွင် ကြုံရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အယ်လ်ဘတ်ချ်ရှိ ရန်သူ၏ကြည့်ကင်းနှစ်ခုမှ ဆီး၍ပစ်သည်။ နောက် နှစ်မိုင်မျှ ကွာသော အယ်ဂီရာဒီမှ ဆီးကြိုပစ်ခတ်မှုကိုလည်း ဆက်လက်ရင်ဆိုင်ရပြန်၏။ အယ်လ်ဂျီရာဒီသည် အယ်လ်အရစ်ရှ်သို့ ချဉ်းကပ်မှုကိုကာကွယ်ထားသော စစ်စွယ်ဖြစ်လေသည်။ အဆိုပါနေရာသည် ယခုလမ်းကြောင်းတည့်တည့်ပေါ်တွင် ကျရောက်နေသောကြောင့် စစ်စွယ်အဖြစ် ရွေးချယ်ထားခြင်းဖြစ်၏။ ဤနေရာ၏ လမ်းနှစ်ဖက်စလုံးတွင် သဲပျော့သောတောင်ကြီးများ ခံနေသည်။ အဆိုပါ သဲတောင်များကို ကျော်ဖြတ်၍ မဖြစ်နိုင်ပါ။ ထို့ကြောင့်လည်း ယခု အီဂျစ်စစ်စွယ်စခန်းကို ကွင်းရှောင်သွားရန် မဖြစ်နိုင်၊ စစ်စွယ်တွင် ရန်သူ့ခြေလျင်တပ်ခွဲတစ်ခု၊ တင့်ကားဖျက် အမြောက်သုံးလက်ပါဝင်သည့် ခွဲထုတ်တပ်တစ်ခုနှင့် (၁၂၀ မမ) မော်တာခြောက်လက်ပါသော တပ်ဖွဲ့တစ်ခုတို့ နေရာယူထားကြသည်။

အခိုင်အမာ တပ်စွဲထားကြသည့် ဤစခန်းကို ကျွန်ုပ်တို့ သံချပ်ကာတပ်က (၁၄း၃၀) နာရီတွင် စတင်တိုက်ခိုက်ရာ တစ်နာရီကျော်ကျော်ခန့် အကြာတွင် ပြီးဆုံးသွားသည်။ သဲတောင်ကြီးများကို ဖြတ်ကျော်ချီတက်ရန် ခက်ခဲသောကြောင့် ဤမျှ အချိန်ကြာမြင့်သွားရခြင်း ဖြစ်သည်။ (ထိုသဲတောင်များသည် အာရေဗျသူရဲကောင်း လောရင့်စ်၏ စိတ်ကို ညွတ်နူးလာအောင် များစွာဆွဲဆောင်နိုင်ခဲ့သော သဲတောင်ကြီးများဖြစ်၏။ ယနေ့တိုင်အောင် ဤကမ္ဘာတွင် ကျန်ရှိနေသော နောက်ဆုံး သန့်ရှင်းသည့်နေရာများ အဖြစ် လောရင့်စ်က မြင်တွေ့ခဲ့သည်) ယခုတိုက်ပွဲသည်လည်း ရာဖာတိုက်ပွဲကဲ့သို့ပင် ရန်သူ၏အမြောက်ထိုင်များကို ကျွန်ုပ်တို့တင့်ကားများ စတင်ချဉ်းကပ်သည်နှင့် တစ်ပြိုင်တည်း အီဂျစ်စစ်သားတို့သည် လက်နက်များကို စွန့်ပစ်ထားခဲ့ကာ လတ်လွတ်ထွက်ပြေးကြတော့သည်၊ ကျွန်ုပ်တို့ဘက်မှ အထိအခိုက် (၁၀) ဦးရှိသည်။

အယ်လ်အရစ်ရှ်မှ (၄)မိုင်ခန့်ဝေးသောအီဂျစ်စခန်းတစ်ခုကို ကျွန်ုပ်တို့ နောက်ဆုံးရင်ဆိုင်ရသည်၊ ယခုစခန်းလည်း အယ်လ်ဂျီရာဒီကဲ့သို့ အီဂျစ်ခြေလျင်တပ်မဟာ (၄)မှတပ်ရင်း(၁၁)၏ အုပ်ချုပ်မှုအောက်တွင် ရှိ၏။ ခြေလျင်တပ်ခွဲနှစ်ခု၊ လမ်း၏ တစ်ဖက်တစ်ချက်တွင် ဆင်ထားသော တင့်ကားဖျက်အမြောက်ကြီးများ၊ (၂၅) ပေါင်ဒါ အမြောက် (၈)လက်ပါဝင်သည့် အမြောက်တပ်ဖွဲ့တစ်ဖွဲ့တို့ တပ်စွဲထားကြသည်။

အချိန်များစွာ နောက်ကျနေပြီ၊ တပ်မဟာ မော်တော်ကားတန်းကြီးသည် အရပ်ရှစ်မျက်နှာသို့ ပြန့်ကျဲထွက်နေ၏။ ညမရောက်မီနောက်ဆုံးအချိန်ကလေးအတွင်း တိုက်ပွဲဝင်ရန်အတွက် ပြန်လည်စုစည်းရန်ခက်ခဲနေသည်၊ အားအင်လည်း ကုန်ခန်းနွမ်းနယ်နေကြလေပြီ။

တိုက်ရန်အချိန်ကို ရွှေ့ဆိုင်းထားရန်မှတစ်ပါး အခြားမရှိ။ နောက်တစ်နေ့မနက် မရောက်မချင်း အယ်လ်အရစ်ရှ်သို့ မဝင်သေးရန်၊ ဆိုင်းငံ့ထားရန်မှတစ်ပါး အခြားမရှိ။ ယခုညတွင်မူ တင့်ကားများ၊ မော်တော်ကားများကို ဆီထည့်ခြင်း၊ ပြုပြင်ခြင်းနှင့် အနားယူခြင်းများ ပြုရပေမည်။ ညသည်အေးလှ၏။ နေ့ပိုင်းက အပူဒဏ်များ၊ ချီတက်ခဲ့ရာတွင် ကြုံရသည့် ဖုန်ဒဏ် သဲဒဏ်များနှင့်ကြုံခဲ့ရပြီး လန်းဆန်းလာ၏။ ထိုညအတွက် ချုံပုတ်များအောက်တွင် ကျွန်ုပ်တို့ နေရာယူကြသည်။





နောက်ဆုံးရောက်လာသည့် အချက်ပြဆက်သွယ်မှုများကိုကြည့်ပြီး အကြောင်းပြန်လိုက်သည်။ နောက်တစ်နေ့ (နိုဝင်ဘာ-၂) မနက် အရုဏ်တက်တွင် တပ်မဟာ (၉)က ရှမ်အယ်ရှိတ်သို့ ချီတက်ရန်နှင့် တပ်မဟာ (၁၁)က ဂါဇာကမ်းမြောင်ဒေသကို သိမ်းပိုက်မည့် စစ်ဆင်ရေးများနှင့် ပတ်သက်သော အမိန့်များကို ထပ်မံပေးလိုက်သည်။ စစ်ဆင်ရေးကြီး၏နောက်ဆုံးအပိုင်းကဏ္ဍကို ကျွန်ုပ်တို့ ဖွင့်လှစ်ကြချေတော့မည်။

ညစာသည် အစဉ်အလာ ဟင်းများအတိုင်းပင် ဖြစ်ချေ၏။ ဘာအရသာမှန်း မသိသော အသား၊ လိမ္မော်ဖျော်ရည်သံဘူးများသာ ဖြစ်၏။ ထို့နောက် ကော်ဖီသောက်ကြသည်၊ ကော်ဖီဟူသည်မှာ ကော်ဖီမှုန့်နှင့် သကြားကို ဖျော်ထားသော ပူပူနွေးနွေး ကော်ဖီသက်သက်ဖြစ်၏။ အိပ်ပျော်မည်ကြံကာ ရှိသေးသည်၊ အီဂျစ်တို့ ပစ်ခတ်လိုက်သောအမြောက်ဆန်များ ကျလာ၏။ ဆူညံမှုသည် ကျွန်ုပ်တို့ကို အနှောင့်အယှက် မဖြစ်စေပါ။ သို့သော်လည်း အမြောက်ဆန်ပေါက်ကွဲမှုကြောင့် မျက်နှာပေါ်သို့ သဲများလွင့်စဉ်ကျလာသဖြင့် ပိုမိုလုံခြုံသည့် ဆင်ခြေလျှော၏တစ်ဖက်အကွယ်သို့ ရွှေ့ပြောင်းကြရသည်။

နောက်တစ်နေ့မနက် (၀၆း၀၀)နာရီတွင် ဆီးကြိုတိုက်ခိုက်မှု တစ်စုံတစ်ရာ မတွေ့ရဘဲ အယ်လ်အရစ်ရှ်မြို့တွင်းသို့ ကျွန်ုပ်တို့ ဝင်ရောက်လာခဲ့၏။ မည်သည့်စစ်သားကိုမျှမတွေ့ရ။ အီဂျစ်တို့၏နောက်ဆုံးတပ်သည် မနေ့ညကတည်းက ဆုတ်ခွာသွားနှင့်ကြပါပြီ။

ကျွန်ုပ်တို့ ဝင်မလာမီကလေးမှာပင် ရန်သူများသည် ဆုတ်ခွာသွားမည်ဟူသော အတွေးပေါက်ခဲ့ပါက မနေ့ညကတည်းက မြို့တွင်းသို့ဝင်ပြီး ရန်သူများကို တိုက်မည်ဖြစ်သည်။ အကယ်၍ ထိုအတိုင်းပြုလုပ်ပြီး အယ်လ်အရစ်ရှ်မြို့၏အနောက်ဘက်ထွက်ပေါက်သို့ ချီတက်ပြီး ပိတ်ဆို့ထားနိုင်ခဲ့လျှင် ရန်သူမော်တော်ယာဉ်များကို လည်းကောင်း၊ အမှတ်(၃)တပ်မ၏လက်နက်များကို လည်းကောင်း၊ ဖူးအက်တူးမြောင်း နယ်မြေဘက်သို့ ထိုအချိန်က ဆုတ်ခွာနေသည့် အီဂျစ်တပ်များကိုလည်းကောင်း ကျွန်ုပ်တို့ ဖမ်းဆီးရရှိပေမည်။ မည်သည့်အချိန်က ရန်သူများဆုတ်ခွာသွားကြောင်းကို မည်သူမျှ မသိလိုက်ပါ။ ဆီနိုင်းတွင်ရှိသည့် တပ်များအားလုံး ဖူးအက်တူးမြောင်း၏ အနောက်ဘက်ကမ်းခြေသို့ ရောက်အောင် အမြန်ဆုံးဆုတ်ခွာလာရန် နိုဝင်ဘာ(၁)ရက်နေ့ မွန်းလွဲပိုင်းတွင် အီဂျစ်စစ်ဦးစီးချုပ်က အမိန့်ထုတ်လိုက်သည်ဟု ဖမ်းမိသည့် စစ်သုံ့ပန်းများထံမှ ကြားသိရသည်။ တကယ်တမ်းတွင်မူ ပြန်ဆုတ်ရန် အမိန့်မထုတ်မီကတည်းက ဆုတ်ခွာနေကြချေပြီ။

အယ်လ်အရစ်ရှ်တွင်ရှိသည့် အမှတ်(၃)တပ်မနှင့် အမှတ်(၁) သံချပ်ကာတပ်မဟာတို့သည် စစ်ဦးစီးချုပ်၏ အမိန့်မရောက်လာမီကတည်းက နောက်ပိုင်းသို့ ပြန်ဆုတ်နေနှင့်ကြသည်။ အယ်လ်အရစ်ရှ်တွင်ရှိသည့် အမှတ် (၃) တပ်မဟာဌာနချုပ်က ရာဖာရှိ တပ်မဟာ (၅)ထံသို့ ပြန်ဆုတ်လာရန်အမိန့်ကို အောက်တိုဘာ (၃၁)၊ နိုဝင်ဘာ (၁)ရက်နေ့ညကတည်းက ပို့လိုက်သည်။

သို့သော်လည်း ကျွန်ုပ်တို့၏ တိုက်ခိုက်မှုများက ပြင်းထန်နေလေရာ ယင်း တပ်မဟာ (၅)သည် စနစ်တကျ ပြန်ဆုတ်ရန် မဖြစ်နိုင်ချေ။ လက်လွတ်ထွက်ပြေးရန် တစ်လမ်းသာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အမှတ် (၁)သံချပ်ကာတပ်မဟာသည် ထိုထက်စောရှေ့ပင် ဆုတ်ခွာခဲ့သည်။ ဂျေဘာယယ်လစ်ဗနီဖြတ်ကျော်လမ်းသို့ အလျှင်အမြန်ဆုံး ချီတက်ရန်၊ အစွန်ရေးတပ်မဟာ (၇)ကို တိုက်ရန်နှင့် ထိုမှတစ်ဆင့် အမ်ကာတက်ကို ကူညီကာကွယ်ပေးရန် အီဂျစ်စစ်ဦးစီး ဌာနချုပ်က အောက်တိုဘာ(၃၁)ရက်နေ့ မနက်တွင် အမိန့်ပေးလိုက်သည်။ ကျွန်ုပ်တို့ ဖမ်းဆီးရမိသည့် အီဂျစ်တင့်ကားတပ်မှ စစ်ဗိုလ်တစ်ဦး၏ အဆိုအရမူ ထိုအမိန့်ရပြီးသော အခါ အီဂျစ်တပ်မဟာမှူးက လေကြောင်းဖြင့် အကာအကွယ်ပေးရန် တောင်းဆိုကြောင်း၊ လေယာဉ်ပျံများ ရောက်မလာသည်တွင် သူ့ကို အမိန့်ပေးထားသည့်အတိုင်း ရှေ့သို့ ဆက်လက်ချီတက်နိုင်ခြင်း မရှိတော့ကြောင်း၊ သူ့တပ်များကို စုစည်းပြီး တပ်ဖွဲ့အလိုက် မိမိတို့ဖာသာ ဆီနိုင်းမှဆုတ်ခွာရန် အမိန့်ပေးလိုက်တော့ကြောင်းဖြင့် သိရှိရ၏။

ထိုအချက်ကို ကြည့်ပြန်လျှင် အယ်လ်အရစ်ရှ်မြို့ကို ညကတည်းက သိမ်းပိုက်မိ မည်ဆိုလျှင်လည်း ကျွန်ုပ်တို့အဖို့ နောက်ကျနေချေဦးမည်။ မြို့တွင်းရှိ စစ်တပ်အများစုကို ကျွန်ုပ်တို့ မီလိုက်တော့မည် မဟုတ်။ ဆုတ်ခွာထားကြပြီး ဖြစ်နေပါလိမ့်မည်။

အယ်လ်အရစ်ရှ်မှ ဆုတ်ခွာမှုသည် တစ်စိတ်တစ်ပိုင်းမျှသာ စနစ်တကျရှိပြီး ကျန်အများစုကမူ စည်းမဲ့ကမ်းမဲ့ လက်လွတ်ထွက်ပြေးကြခြင်းဖြစ်လေသည်။ အမှောင်ပျိုးစတွင် အီဂျစ်မှ ရထားနှစ်စင်းက ဆိုက်ရောက်လာသည်။ သို့သော်လည်း ထိုရထား နှစ်စင်းသည် ဆုတ်ခွာနေကြသည့်တပ်၏ မဆိုစလောက် အစုအဝေးကလေးမျှကိုသာ တင်ဆောင်သွားနိုင်သည်။ အယ်လ်အရစ်ရှ်မှ ကန်တာရာသို့ သွားသည့်လမ်းသည် အလွန်ကျဉ်းမြောင်းလှသဖြင့် များပြားလှသည့် ယာဉ်ရထားများသည် ထိုလမ်းကို အသုံး ပြုရန်ခက်ခဲနေသည်။ ရထားလမ်းနှင့် အဆိုပါမော်တော်ကားလမ်းကို အရာရှိများသာ အသုံးပြုရန် ကန့်သတ်လိုက်၏။ အရာရှိမဟုတ်သော အခြားစစ်သားများ ခြေကျင် ဆုတ်ခွာလာရန် အမိန့်ပေးလိုက်သည်။ မည်သို့ပင်ဆိုစေ ခြေကျင်လျှောက်ပြီး ဆုတ်ခွာ နေကြသည့် စစ်သားများသည် ကံကောင်းသောသူများ ဖြစ်ကြပါသည်။ ခြေကျင် လျှောက်နေသူများ၊ သဲတောင်များကို ကျော်ဖြတ်နေသူများအား ကျွန်ုပ်တို့လေတပ်က မတိုက်ဘဲ မီးရထားများ၊ မော်တော်ယာဉ်များကိုသာ လိုက်လံပစ်ခတ်တိုက်ခိုက်သော ကြောင့်ဖြစ်သည်။ အရာရှိများ စွန့်ပစ်ထားခဲ့ခြင်းခံရသော အဆိုပါစစ်သားများသည် ခရီးဖင့်နွဲ့စေမည့် ဿက်နက်များ၊ စစ်ယူနီဖောင်းများ၊ စစ်ဖိနပ်ကြီးများကိုပါ စွန့်ပစ်ခဲ့ကြသည်။

အုပ်စုများဖွဲ့ပြီး အီဂျစ်သို့ ဦးတည်ကာ အနောက်ဘက်သို့ တဖြည်းဖြည်း ဆုတ်ခွာခဲ့ကြ၏။ သူတို့ ဖြတ်သန်းလျှောက်လာရသည့် လမ်းတစ်လျှောက်တွင်ရှိသော ရေတွင်းများမှ ရှောင်ပြီး သောက်ကြသည်။ ဆာလောင်မွတ်သိပ်မှုကို စွန်ပလွံသီးများဖြင့် ဖြေသိမ့်ကြသည်။ ကမ်းရိုးတန်းတစ်လျှောက် မိုင်ပေါင်းများစွာ စိုက်ပျိုးထားသည့် စွန်ပလွံ ခြံကြီးများတွင် စွန်ပလွံသီးများမှည့်သည့် ရာသီဖြစ်နေ၏။

ကျောက်ခဲတစ်လုံးနှင့် ပစ်ရုံ မျှဖြင့် စွန်ပလွံသီးလက်တစ်ဆုပ်ကို ရရှိနိုင်၏။ လေယာဉ်ပျံပေါ်မှကြည့်လျှင် အဆိုပါစစ်သားများသည် မဆုံးနိုင်သော ဘုရားဖူးလာ သည့် လူတန်းကြီးသဖွယ် မြင်တွေ့ရ၏။





၎င်းတို့၏အတွင်းခံဘောင်းဘီနှင့် အတွင်းခံအင်္ကျီအဖြူများသည် ရွှေရောင်ထ နေသော သဲကန္တာရပြင်ကြီးကို နောက်ခံထားကာ ပေါ်လွင်ထင်ရှားနေ၏။

အယ်လ်အရစ်ရှ်မြို့ကို ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်းမရှိဘဲ ဆုတ်ခွာသွား ကြ၏။ စစ်သုံးဂိုဒေါင်တချို့ကိုသာ မီးတင်ရှို့ခဲ့သည်။ သို့သော်လည်း ၎င်းတို့ထားရစ် ခဲ့သည့် စစ်လက်နက်ပစ္စည်း အမြောက်အမြားသိုလှောင်ထားရာ စတိုကြီးများ၊ ဂိုဒေါင်ကြီး များကား အပျက်အစီးမရှိ ပကတိ ကျန်နေရစ်ခဲ့၏။ ဤအခြေအနေများကို ကြည့်ခြင်း အားဖြင့် ဆုတ်ခွာရန် အမိန့်ရောက်လာသည်နှင့် တစ်ပြိုင်တည်း လူတိုင်းလူတိုင်းသည် မိမိတို့စခန်းများကို ထိုအတိုင်းထားရစ်ခဲ့ကာ မြို့မှ ထွက်ခွာနေသည့် မော်တော်ကားတန်း ကြီးများကိုမီအောင် ကတိုက်ကရိုက် ပြေးလိုက်သွားကြကြောင်း ထင်ရှားသိသာနိုင် ပါသည်။

ဆေးရုံသည် အထင်အရှားဆုံးသော သာဓကဖြစ်၏။ ခွဲစိတ်ကုသသော စားပွဲ ပေါ်တွင် ခြေထောက်ကို ခွဲစိတ်ကုသလက်စ တန်းလန်းဖြင့် သေနေသော အီဂျစ်စစ်သား အလောင်းတစ်လောင်းကို တွေ့မြင်ရသည်။ ခွဲစိတ်ကုသနေဆဲမှာပင် ဆရာဝန်နှင့် သူနာ ပြုများသည် သူ့ကိုဆက်လက်၍ ပတ်တီးစည်းမပေးတော့ဘဲ ထိုအတိုင်း ထားရစ်ခဲ့ကာ ထွက်ပြေးကြခြင်း ဖြစ်၏။ သွေးလွန်ပြီး သေဆုံးသွားရသည်။ ဆေးရုံပေါ်တွင် ရှိနေသူ အများအပြားသည် ဆေးရုံဝင်းအတွင်းနှင့်ပန်းခြံအတွင်းသို့ ထွက်ပြေးကာ ပုန်းအောင်နေ ကြ၏။ ကျန်သောလူများ၏ပြောပြချက်အရ ဆရာဝန်များနှင့် သူနာပြုများသည် သူနာပြု ကားများ ရောက်လာပြီဆိုသည်နှင့် တစ်ပြိုင်တည်း လုပ်လက်စအလုပ်များအားလုံးကို ချထားခဲ့ကာ မော်တော်ကားများဆီသို့ ထွက်ပြေးစီးနင်းပျောက်ကွယ်သွားကြကြောင်း၊ အရေးတကြီးကုသပြုစုရန် လိုအပ်နေသည့်လူနာများကို ဂရုစိုက်ရန် ယောက်ျားသူနာပြု တစ်ယောက်တလေမျှပင် မနေရစ်ခဲ့ကြကြောင်း၊ ထို့ကြောင့် ထိုတစ်ညအတွင်းမှာပင် လူနာပေါင်း(၁၈)ယောက် သေဆုံးသွားရကြောင်းဖြင့် သိရသည်။ ထွက်ပြေးမှုများ စတင် ကတည်းက လူနာများသည် ထိုအတိုင်းပင် နေခဲ့ကြရသည်။

အယ်လ်အရစ်ရှ်မှ ကန်တာရာသို့ သွားသည့်လမ်းသည် မော်တော်ယာဉ်များဖြင့် ပြည့်ကျပ်နေ၏။ အချို့က ဆက်လက်မောင်းနှင်နိုင်သည့် အခြေအနေရှိသေးသော်လည်း အများအပြားကမူ ပျက်စီးတိမ်းမှောက်နေကြ၏။ ဤသို့ဖြစ်နေခြင်းသည် တမင်သက် သက်ရည်ရွယ်ပြီး လမ်းကို ပိတ်ပစ်ခဲ့ခြင်းမဟုတ်။ အူယားဖားယား အသက်လုပြီး ထွက် ပြေးကြသောကြောင့် ပိတ်ဆို့တုန်ခြင်း ဖြစ်သည်။ တင့်ကားခါးပြတ်များ၊ ဘရင်းကယ် ရီယာများ၊ ကရိန်းကားများ အစရှိသည့် မော်တော်ယာဉ်အကြီးစားများသည် ၎င်းတို့၏ လမ်းရှေ့မှ ပိတ်ဆို့နေသည့် ပေါ့ပါးသောမော်တော်ယာဉ်များကို လမ်းဘေးသို့ တွန်းချ ပစ်ကာခရီးဆက်ခဲ့ကြလေသည်။

လေယာဉ်ပျံကွင်းနှင့် အဘူအဂီလာသို့သွားရာ တောင်ဘက်ပိုင်းလမ်းသည် လည်း မရွေ့လျားနိုင်တော့သော မော်တော်ယာဉ်များဖြင့် ပိတ်ဆို့ပြန်ကြနေ၏။ သို့သော် ထိုမော်တော်ယာဉ်များသည် ၎င်းတို့ဖာသာပျက်စီး၍ ပစ်ထားခဲ့သော မော်တော်ယာဉ်များ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ခွာနေသော အီဂျစ်စစ်တပ် မော်တော်ကားတန်းကြီးကို ကျွန်ုပ်တို့ လေတပ်မတော်လေယာဉ်ပျံများက ဗုံးပျံများ၊ စက်သေနတ်များဖြင့် ထပ်ကာပစ်ခတ်တိုက်ခိုက်သောကြောင့်ဖြစ်သည်။

အစ္စရေးအမှတ်(၂၇)တပ်မဟာသည် မြို့တွင်းမှာ တစ်စွဲမနေဘဲ လေယာဉ်ကွင်းကို သိမ်းပိုက်ရန်နှင့် အဘူအဂီလာသို့ သွားသည့်လမ်းကို ထိန်းသိမ်းထားနိုင်ရန် ဆက်လက်ချီတက်သွားသည်။ အခြားတပ်များက ထွက်ပြေးနေသည့် ရန်သူများကို ဖမ်းဆီးနှိမ်နင်းရန်နှင့် စူးအက်တူးမြောင်းသို့ ရောက်ရန်ပါ ချီတက်သွားကြ၏။ အယ်လ်အရစ်ရှ်မြို့ရှိ မြို့သူမြို့သားများအားအုပ်ချုပ်ရန် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကို တာဝန်ပေးလိုက်သည်။ မြို့သူမြို့သားများကို အုပ်ချုပ်မည့်စစ်ဘုရင်ခံကို စစ်ဌာနချုပ်တိုင်းမှူးက ခန့်အပ်ထားပေးမည် ဖြစ်၏။

ထိုကိစ္စနှင့်ပတ်သက်ပြီး ပြဿနာ ထွေထွေထူးထူးပေါ်မည်ဟု ကျွန်ုပ်မထင်ပါ။ မြို့တွင်းသို့ ကျွန်ုပ်တို့ ဝင်ရောက်လာသည်နှင့်တစ်ပြိုင်တည်း အိမ်ခေါင်မိုးများမှ ခြံစည်းရိုးများအထိ တလူလူလွင့်ပါနေသောအလံဖြူများကို မြင်တွေ့ရလေသည်။ မြို့တော်ခန်းမအပြင်ဘက်တွင်မူ ကျွန်ုပ်တို့တပ်များကို စောင့်ဆိုင်းနေကြသည့် မြို့မိမြို့ဖတစ်စုကို တွေ့ရ၏။ ကျွန်ုပ်တို့ကို သစ္စာခံကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားကြသည်။

ကျွန်ုပ်တို့ဝင်ရောက်လာစဉ်က မြို့ကြီးသည် လူသူကင်းမဲ့ပြီး တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်နာရီအတွင်းမှာပင် မြို့သူမြို့သားများဖြင့် ပြန်လည်အသက်ဝင် စိုပြည်လာသည်။ တပ်မဟာ (၂၇)မှ နောက်ချန်တပ်နှင့် ထောက်ပံ့ရေးတပ်သည်လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဝန်ထမ်းတပ်သည် လည်းကောင်း ဆိုက်ရောက်လာကြပြီး မြို့ရွာကိုထိန်းသိမ်းအုပ်ချုပ်ကာ စစ်နှင့်ပတ်သက်သည့် အဆောက်အအုံများကို သိမ်းယူလိုက်၏။

အစ္စရေးစစ်သားအချို့သည် ကျွန်ုပ်ကိုမှတ်မိသွားကြ၏။ အော်တိုများ ရေးပေးရန်ပြောကြသည်၊ အချို့က စစ်မြေပုံပေါ်တွင် ကျွန်ုပ်အား လက်မှတ်ရေးထိုးခိုင်းသည်၊ အမှုထမ်းစာအုပ်များ၊ ရှေ့ဦးသူနာပြုအိတ်များ၊ စီးကရက်ဘူးများပေါ်တွင်လည်း လက်မှတ်ရေးထိုးပေးပါရန် တောင်းပန်ကြ၏၊ ထိုအထဲမှ စစ်ထောက်တပ်ကြပ်ကြီး ဗနီးတစ်ဦးသည် အများနှင့်မတူ ထူးထူးခြားခြား အကြံအစည်ကိုရလာ၏။ ဆံပင်ညှပ်ဆိုင် တစ်ဆိုင်၏နံရံပေါ်တွင် ချိတ်ဆွဲထားသည့် ဆေးရောင်စုံခြယ်ထားသော အီဂျစ်သမ္မတ အဗ္ဗဒူနတ်ဆာ၏ဓာတ်ပုံကြီးကို ဖြုတ်ယူလာ၏။ ထိုဓာတ်ပုံပေါ်တွင် ကျွန်ုပ်၏လက်မှတ်သာမက နေရာ၊ နေ့စွဲ၊ နိုဝင်ဘာ(၂)ရက် ဘောလ်ဖိုးကြေညာစာတမ်း ထုတ်ပြန်သည့် နှစ်ပတ်လည်နေ့ အစရှိသည်များကိုပါ ရေးသားပေးစေသည်။ အီဂျစ်စစ်သားအားလုံး မြို့တွင်းမှ ထွက်ခွာသွားခြင်းမရှိသေးကြောင်း ထင်ရှားသည့်အဖြစ်အပျက်များ ပေါ်လာသည်။ စစ်သို့ ပန်းစခန်း ဖွင့်လှစ်ပြီးကြောင်း ကြားသိရသည့်အခါတွင် ၎င်းတို့၏သဘောဆန္ဒအရ အလိုအလျောက် လာရောက်အဖမ်းခံသူများ ရှိ၏။ သို့သော် အားလုံးကားမဟုတ်။ လက်နက်များကိုင်ဆောင်ပြီး မြို့တွင်း၌ ပုန်းအောင်းနေသူအချို့ ရှိပါသည်၊





ကျွန်ုပ်တို့သည် အဆောက်အအုံတစ်ခု၏ ပြတင်းပေါက်တွင်ရပ်ကာ လမ်းမပေါ်သို့ ငုံ့ကြည့်နေကြ၏။ ထိုအချိန်မှာပင် ခြံစည်းရိုး နောက်ကွယ်မှနေ၍ ချောင်းမြောင်းပစ်ခတ်သည့် လက်ဖြောင့်သေနတ်သမားသည် ကျွန်ုပ်တို့ကို သူ၏စက်သေနတ်ဖြင့် ပစ်ခတ်သည်။ ကျွန်ုပ်၏ အချက်ပြဆက်သွယ်ရေးစစ်သားကို ထိမှန်ပြီး ကျွန်ုပ်ဘေးသို့ လဲကျကာသေဆုံးသွားတော့၏။

နံနက်(၁၁း၀၀)နာရီအတွင်း အစ္စရေးနိုင်ငံရှိ ကျွန်ုပ်၏ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ပြန်ရန် အယ်လ်အရစ်ရှ် လေယာဉ်ပျံကွင်းမှ ပိုက်ပါလေယာဉ်ပျံဖြင့် ထွက်ခွာလာခဲ့၏။ မြို့ကိုပတ်ပြီး ခပ်နိမ့်နိမ့်ပျံဝဲကြည့်ရန် လေယာဉ်မှူးကို ခိုင်းလိုက်သည်။ သို့သော်လည်း ကျွန်ုပ်တို့ကို ပစ်ခတ်နေသည့် ရိုင်ဖယ်သေနတ်နှင့် စက်သေနတ်များ ပစ်မမီနိုင်စေရန် အမြင့်သို့ ထောင်တက်ရလေသည်။ အရှေ့ဘက်တွင် သဲတောင်ကြီးများရှိ၏။ အယ်လ်အရစ်ရှ်၏တောင်ဘက်နှင့် အနောက်ဘက်တွင် အီဂျစ်စစ်သားများ ရှိနေသေးသည်။ အချို့က တစ်ယောက်တည်း၊ အချို့က အုပ်စုကလေးများ ချုံပုတ်များအတွင်း ပုန်းအောင်းနေခြင်း၊ မြေကျင်းထဲ ဝင်နေခြင်းများ ရှိ၏။

အမြင့်မှနေ၍ ကျွန်ုပ်ကြည့်ချင်သည့် အရာကို ကြည့်နိုင်ခွင့်ရခဲ့ပါသည်။ တပ်မဟာ(၂၇)၏သံချပ်ကာစစ်ကြောင်းဖြစ်၏။ စစ်ကြောင်းသည် အနောက်ဘက်သို့ အခက်အခဲတစ်စုံတစ်ရာ မတွေ့ဘဲ ဆက်လက်ချီတက်သွားနေသည်ကို မြင်တွေ့ရ၏။ အယ်လ်အရစ်ရှ်မြို့တွင်းသို့ ကျွန်ုပ်တို့ဝင်ရောက်လာခဲ့သည်မှာ ယခု ငါးနာရီကြာပါပြီ။ တပ်မဟာသည် အခက်အခဲများကို ဘေးသို့ဖယ်ထုတ်ပြီး လမ်းကို ရှင်းလင်းသွားကြသည်ကို တွေ့ရ၏။ ရှေ့ကဦးဆောင်သွားနေသော မော်တော်ယာဉ်များသည် မြို့၏အနောက်ဘက် (၁၀)မိုင်ခန့်အကွာသို့ ရောက်ရှိနေပြီဖြစ်၏။ မြောက်ပိုင်းဒေသဖြစ်သော ရာဖာအယ်လ်အရစ်ရှ် ကန်တာရာတိုက်ပွဲကား ပြီးစီးအောင်မြင်သွားချေပြီ။ အီဂျစ်တို့လက်မှ ဖမ်းမိပြီး ထောက်လှမ်းရေးအရာရှိက ယနေ့မနက် ကျွန်ုပ်တို့အား လာရောက်ပြသသည့် စာရွက်စာတမ်းအထောက်အထားများကို သတိရမိသည်။ ထိုစာရွက်စာတမ်းများအနက်မှ တစ်ခုသည် "အမှတ် (၃)ခြေလျင်တပ်မ တပ်မှူး၏ ညွှန်ကြားချက်များ" ဖြစ်လေသည်။ ဆီနိုင်းကျွန်းဆွယ်မြောက်ပိုင်းရှိ ၎င်း၏ လက်နက်ကိုင်တပ်များထံသို့ ပေးပို့သော ညွှန်ကြားချက်ဖြစ်ရာ အောက်ပါအတိုင်းဖြစ်လေသည်။

**အမှတ် (၃) ခြေလျင်တပ်မ တပ်မှူး၏ညွှန်ကြားချက်များ**

နေ့စွဲ ။ (၁၉၅၆) ခု၊ ဖေဖော်ဝါရီလ (၁၅) ရက်

သို့

တပ်မှူး၊ ပါလက်စတိုင်း အီဂျစ်ခရိုင်၊

တပ်မှူး၊ အမှတ် (၅) စစ်ကူခြေလျင် တပ်မဟာ၊

တပ်မှူးများ၊ အရာရှိများထံသို့ အောက်ဖော်ပြပါနေ့စွဲအရ အမှတ် (၃)တပ်မတပ်မှူးက ထုတ်ပြန်ညွှန်ကြားချက်များကို ပူးတွဲပေးပို့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| အယ်လ်အရစ်ရှ် | - (၁၉၅၆)၊ ဖေဖော်ဝါရီ (၁) |
| ရာဖာ | - (၁၉၅၆)၊ ဖေဖော်ဝါရီ (၃) |
| ခန်ယူနစ် | - (၁၉၅၆)၊ ဖေဖော်ဝါရီ (၄) |
| ဂါဇာ | - (၁၉၅၆)၊ ဖေဖော်ဝါရီ (၄) |

ယခု ညွှန်ကြားချက်များကို အရာရှိများအားလုံးက ဆောင်ရွက်လုပ်ကိုင်ရမည်။ တပ်ရင်းမှူးနှင့် ထိုအဆင့်နှင့်တူညီသော အရာရှိထက် ရာထူးငယ်သူများကို စာဖြင့် ရေးသားထုတ်ဝေ ဖြန့်ချိခြင်း မပြုရ။

၁။ ဥယျောဇဉ်

မလွဲမသွေ ဖြစ်ပွားပေါ်ပေါက်လာမည့် အစ္စရေးဆန့်ကျင်ရေးစစ်ပွဲအတွက် တပ်မှူးတိုင်းသည် အသင့်ကြိုတင်ပြင်ဆင်ထားကြရမည်။ မိမိ၏တပ်ကိုလည်း ပြင်ဆင်ထားရမည်။ ထိုတိုက်ပွဲဖြင့် ကျွန်ုပ်တို့၏ရည်ရွယ်ချက်ကို ဖြည့်စွက်ရန် ရည်မှန်းသည်။ ရည်ရွယ်ချက်သည် တတ်နိုင်သမျှ အတိုတောင်းဆုံးသောအချိန်အတွင်း အစ္စရေးနိုင်ငံကို ချေဖျက်ရန်နှင့် ဖျောက်ဖျက်ပစ်ရန် ဖြစ်သည်။ အကြမ်းကြုတ်ဆုံး၊ အရက်စက်ဆုံးသောတိုက်ပွဲများဆင်နွှဲပြီး ရည်ရွယ်ချက်ထမြောက်အောင်မြင်စေရန် ပြုလုပ်ရမည်။

၂။ သစ္စာရှိမှု

(က) သစ္စာရှိမှုသည် ကျွန်ုပ်တို့၏ ယုံကြည်ချက်ကို ဖြည့်စွက်ရာတွင် အခြေခံလက်နက်ဖြစ်သည်။ သစ္စာရှိမှု မပါဝင်ဘဲ အောင်ပွဲခံနိုင်မည်မဟုတ်။

(ခ) တိုက်ပွဲများနှင့်ပတ်သက်၍ ရာထူးတိုင်း၊အဆင့်အတန်းတိုင်းက လက်ခံထားမည့် ကျွန်ုပ်တို့၏သစ္စာရှိမှုသည် ကျူးကျော်ခြင်း၊ အချိန်လျင်မြန်ခြင်းတည်းဟူသော အချက်များတွင်လည်း သစ္စာရှိရန်လိုသည်။

(ဂ) သစ္စာရှိမှုတွင် အောက်ပါအချက်များ ပါဝင်ရမည်။

ခိုင်မာပြတ်သားသော၊ အင်အားကြီးမားသော စိတ်ဓာတ်ဖြင့် အကြမ်း ကြုတ်ဆုံးတိုက်ရမည်။ တပ်မှူးများကို တပ်သားများက ယုံကြည်စိတ်ချလာရန် တပ်မှူးအားလုံး ခေါင်းဆောင်မှုတွင် မိမိကိုယ်မိမိ ယုံကြည်မှုရှိရမည်။ ခိုင်မာသော စည်းကမ်းချက်ဘောင်အတွင်း အရာရှိများနှင့်တပ်သားများကြား ချိုးဖောက်မှုကို ရှောင်ရှားရမည်။ ပြင်းထန်ခြင်းနှင့် စစ်မှန်ခြင်းသည် ကျွန်ုပ်တို့၏အလုပ်များ ဖြစ်သည်။





ကျွန်ုပ်တို့သည် အရှေ့ဘက်သို့လှည့်ပြီး အစ္စရေးနိုင်ငံသို့ ဦးတည်ပျံသန်းလာခဲ့လေသည်။ ကျွန်ုပ်တို့၏အောက်တွင် အယ်လ်အရစ်ရှ်မြစ်ကို တွေ့ရ၏။ မြစ်တစ်လျှောက်တွင် စိုက်ပျိုးခင်းများ ရှိလေသည်။ ကျန်သော ရှုမျှော်ခင်းများကား အရိုင်းသက်သက်ပင်ဖြစ်၏။ အစ္စရေးနယ်နိမိတ်နှင့် ကပ်လျက်ဒေသတွင် ဘီဒွင်ကျေးရွာတစ်ခုကို မြင်ရသည်။ ထိုအပေါ်မှ ဖြတ်ကျော်ပျံသန်းလာသောအခါ ချက်ပြုတ်နေသည့် မီးခိုးတန်းများ အပေါ်သို့တက်လာပြီး ဟင်းချက်သည့်အနံ့များပါ ကျွန်ုပ်တို့လေယာဉ်ပျံတွင်းသို့ ရောက်လာသည်။ ထိုကာလတွင် ကျွန်ုပ်သည် အခြားကမ္ဘာ၏အတွေ့အကြုံများကို သတိရမိလေသည်။

ယမန်နေ့ကနှင့် မနေ့က မြောက်ပိုင်းစစ်ကြောင်းတွင် တပ်မဟာ(၂၇)က တိုက်ခိုက်နေသည်နှင့်တစ်ချိန်တည်းမှာ သံချပ်ကာတပ်မဟာ(၇)ကလည်း အလယ်ပိုင်းစစ်ကြောင်းဖြစ်သော ကူစီမာ၊ဂျေဘယ်လစ်ဗနီ၊အစ္စမေလီယာတွင် တိုက်ခိုက်သိမ်းပိုက်လျက်ရှိလေသည်။ ယင်းကဲ့သို့ အလယ်ပိုင်းဒေသကိုသိမ်းပိုက်ရယူခြင်းသည် ကျွန်ုပ်တို့တပ်များအားတိုက်ခိုက်ရန် အဓိက စစ်ဆင်ရေးအားအဖြစ် အီဂျစ်စစ်ဦးစီးချုပ်၏ကြိုးပမ်းချက်များကို အဆုံးသတ်လိုက်ခြင်းလည်း မည်ပေ၏။

အစ္စရေးတပ်များကိုတိုက်ခိုက်ရန် အမှတ် (၁)သံချပ်ကာ တပ်မဟာကို ချထားသည်။ ဤတပ်မဟာသည် ဆီနိုင်းကျွန်းဆွယ်ရှိ တပ်များအနက် အားအကောင်းဆုံးသော ရွေ့လျားသွားလာနိုင်သည့် တပ်ကြီးဖြစ်လေသည်။ လွတ်လပ်စွာ တပ်ဖြန့်မှုများဖြင့် ဖွဲ့စည်းထား၏။ လုံလောက်သောရိက္ခာ၊ လက်နက်ခဲယမ်းမီးကျောက်၊ ဝန်ထမ်းတပ်ဖွဲ့များ ပါဝင်၏။ အီဂျစ်ပြည်တွင်းရှိစခန်းများမှ စားနပ်ရိက္ခာထောက်ပံ့မှုများမယူဘဲ စစ်တိုက်နိုင်၏။ ဓာတ်ဆီများနှင့် ခဲယမ်းမီးကျောက်များကို ရှေ့တန်းစစ်ကြောင်းနှင့်အတူ အလုံအလောက် သယ်ဆောင်သွားသည်။ ဆီနိုင်းကျွန်းဆွယ်၊ ဘာရဆလင်တွင် တပ်မဟာကို အခြေစိုက်ပြီးဓာတ်ဆီများ၊ ခဲယမ်းမီးကျောက်များနှင့် အရန်ပစ္စည်းများကို အမြောက်အမြားသိုလှောင်ထားရှိ၏။

ဖမ်းဆီးရမိသည့် အီဂျစ်တင့်ကားတပ်အရာရှိတစ်ဦးက ကျွန်ုပ်တို့အား ပြောရာ၌ တပ်မဟာမှူးသည် အီဂျစ်စစ်ဦးစီးချုပ်ထံမှ အမိန့်များကို အောက်တိုဘာလ (၃၀) ရက်နေ့တွင် လက်ခံရရှိကြောင်း၊ အမ်ကတက်ကို ကူညီရန် အရှေ့ဘက်သို့ ဦးတည်ပြီး အမြန်ဆုံးချီတက်ရမည် ဖြစ်ကြောင်း၊ မစ်တလာတွင်ရှိသည့် အစ္စရေးလေထီးတပ်များကို တိုက်ရန်အတွက် သံချပ်ကာတပ်ဖွဲ့တစ်စုကိုပါ စေလွှတ်ရမည်ဖြစ်ကြောင်းဖြင့်အမိန့်တွင် ပါရှိသည်ဟုဆိုသည်။ တပ်မဟာ၏တပ်ဖွဲ့များသည် အထက်ပါအမိန့်အတိုင်း ချီတက်ခဲ့ကြသည်။ သို့သော်လည်း ကျွန်ုပ်တို့လေတပ်မတော်၏ ထပ်ပြန်တလဲလဲ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သူတို့၏ရည်ရွယ်ချက်နေရာများသို့ ရောက်ရှိရန် ခက်ခဲနေသည်။

တပ်မဟာမှူးက လေကြောင်းအကာအကွယ်ပေးရန် အကြောင်းကြားသည်။ သို့သော်လည်း ကာကွယ်ပေးမည့် လေယာဉ်ပျံတစ်စင်းမျှ ရောက်မလာသဖြင့် အစ္စရေးတပ်ဖွဲ့တစ်ဖွဲ့ကို တိုက်ပွဲတစ်ပွဲမျှပင် ဆင်နွှဲခြင်းမပြုဘဲ အီဂျစ်ပြည်သို့ပြန်ရန် တပ်မဟာမှူးက ဆုံးဖြတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါတပ်မဟာနှင့် ကျွန်ုပ်တို့တပ်များ တွေ့ဆုံကြသည်မှာ ၎င်းတို့နောက်ပိုင်းသို့ ဆုတ်ခွာသွားပြီးမှ တွေ့ဆုံကြရခြင်းဖြစ်၏။ နိုဝင်ဘာလ (၁)ရက် (၀၆:၀၀)နာရီကဖြစ်၏။ ဂျေဘယ်လ်လစ်ဗနီ၏ အနောက်ဘက် မိုင်(၂၀)ခန့်အကွာ ဘာရူဆလင်အနီးသို့ ကျွန်ုပ်တို့၏သံချပ်ကာ တပ်ရင်းတစ်ခု ရောက်ရှိသွားသည်။ ထိုအခါ အီဂျစ်တပ်မဟာ ဆုတ်ခွာနေရာတွင် နောင်ချန်တပ်အဖြစ် နေရစ်ခဲ့သောတပ်ဖွဲ့က ကျွန်ုပ်တို့ကို ဆီးကြိုပစ်ခတ်၏။ ကျွန်ုပ်တို့တင့်ကားများက ပြန်လှန်ပစ်ခတ်သည်။ သူတို့ဘက်မှ တီ(၃၄)အမျိုးအစား တင့်ကား(၃)စီးကို တိုက်ရိုက်ထိမှန်ပျက်စီးသွားသည်။ ယာဉ်တင်ခြေလျင်တပ်သားများသည် ၎င်းတို့၏ မော်တော်ကားများပေါ်မှ ခုန်ချပြီး သဲတောင်များကြားသို့ ပြန့်ထွက်ပျောက်ကွယ်သွား၏။ တစ်ချိန်တည်းမှာပင် သံချပ်ကာတပ်များကလည်း အနောက်ဘက်သို့ ကြီးစွာသောအဟုန်ဖြင့် ထွက်ပြေးကြတော့သည်။ နာရီဝက်အကြာ (၀၆:၃၀) နာရီတွင် အီဂျစ်တင့်ကား အခြေစိုက်စခန်းဖြစ်သော ဘာရူဆလင်အတွင်းသို့ ကျွန်ုပ်တို့တပ်များ ချင်းနင်းဝင်ရောက်သွား၏။ ဒဏ်ရာရနေသူ အများအပြားကိုလည်းကောင်း၊ ၎င်းတို့တပ်များနှင့်အတူ လိုက်ပါပြီး ထွက်ပြေးလွတ်မြောက်နိုင်ခြင်းမရှိသော အရာရှိများနှင့် တပ်သားများကိုလည်းကောင်း တွေ့မြင်ရ၏။

ကျွန်ုပ်တို့တပ်ရင်းက ရန်သူများနောက်သို့ ထက်ကြပ်မကွာ လိုက်သွားသည်။ အနောက်ပိုင်းသို့ လိုက်မိပြီး မိုင်အနည်းငယ်သို့ရောက်သည်တွင် တင့်ကားများ၊ အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် ရင်ဆိုင်တိုးသည်။ တစ်နာရီခန့် တိုက်ပွဲဖြစ်သည်။ ကျွန်ုပ်တို့တပ်ရင်းအနေဖြင့် ဆက်လက်တိုက်ခိုက်နိုင်ခြင်း မရှိတော့ကြောင်း မြင်တွေ့ရ၏။ တင့်ကားများတွင် ဆီကုန်သလောက်ရှိပြီ။ တင့်ကား (၉)စီးအနက် (၂)စီးထိမှန်ထားပြီး ဆက်လက်အသုံးမပြုနိုင်တော့ချေ။ ဘာရူဆလင်သို့ ပြန်ပြီး ဒဏ်ရာရသူများကို ချထားခြင်း၊ တင့်ကားများကို ဆီဖြည့်ခြင်းပြုရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။

(ဘာရူဆလင်တွင်ရှိသည့် ရန်သူတို့၏ ဂိုဒေါင်ထဲတွင် တင့်ကားများအတွက် ဆီအမြောက်အမြား သိုလှောင်ထားသည်ကို တွေ့မြင်ရသည်။)

နေလည်းဝင်ပြီ။ အမှောင်တွင်း၌ အီဂျစ်သံချပ်ကာတပ်ကို တိုက်ခိုက်ရန်မှာလည်း မဖြစ်နိုင်တော့ပြီ။ နောက်တစ်နေ့ နိုဝင်ဘာ (၂)ရက်နေ့ နံနက်အရုဏ်တက်တွင်ဖြစ်၏။ လမ်းအနီးတွင် မောင်းနှင်သွားလာနေသော အီဂျစ်တင့်ကားတစ်စီးကို တွေ့ပြီး ပစ်ခတ်တိုက်ခိုက်ပစ်လိုက်၏။ တစ်နေကုန် အီဂျစ်တင့်ကားများကို နောက်ထပ် မတွေ့ရတော့ချေ။ ဘဲ့ဂစ်ဂါဖာစခန်းသည်လည်း ဟောင်းလောင်းသာဖြစ်နေ၏။ လမ်းတစ်လျှောက်တွင်လည်း ထရပ်ကားများ၊ တင့်ကားဖျက်အမြောက်များ၊ စွန့်ပစ်ခဲ့သည့် အသုံးအဆောင်များ၊ လက်နက်များ ပြန့်ကျဲနေသည်ကို တွေ့ရ၏။ ထွက်ပြေးနေသည့် အီဂျစ်စစ်သားအုပ်စုပေါင်းများစွာကို တွေ့ရသည်။

သို့သော်လည်း ရန်သူအမှတ်(၁) သံချပ် ကာတပ်မဟာကိုမူ ခြေရာခံ၍ မရနိုင်သေး။ ညနေ (၁၆:၀၀) နာရီတွင် ကျွန်ုပ်တို့တပ်များ ကာတစ်အယ်ဆာဘာ (စူးအက်တူးမြောင်း၏ အရှေ့ဘက် မိုင်-၃၀ ခန့်ကွာ)သို့ ရောက်သောအခါကျမှ အီဂျစ်စစ်ကြောင်း၏အမြီးကို ဖမ်းမိတော့သည်။



၎င်းတို့တပ်တွင် တီ(၃၄)တင့်ကားများ ပါဝင်သည်။ လမ်းဘေးတွင် အနိမ့်ပိုင်းအတွင်း၌ မြေကျင်းများတူးပြီး ကျွန်ုပ်တို့တပ်ကို တန့်သွားအောင် ဆီးတိုက်နိုင်ရန်ဖြစ်သည်။ သူတို့၏မြင်ကွင်းသည် များစွာကျဉ်းနေ၏။ ကျွန်ုပ်တို့၏ ကင်းထောက်ဂျစ်ကားများက ၎င်းတို့နှင့် ကိုက် (၃၀၀)အတွင်းသို့ ဝင်ရောက်သွားသော်လည်း သူတို့မမြင်တွေ့ကြချေ။ ကင်းထောက်ဂျစ်ကားတစ်စီးသည် ဘဇူကာကို ဆွဲထုတ်ပြီး အနီးဆုံးတင့်ကားကို ချိန်လိုက်သည်။ ထိုသို့ချိန်လိုက်သည်နှင့် တစ်ပြိုင်တည်း အခြားတင့်ကားတစ်စီးက သူ့ကို မြင်တွေ့သွားလေတော့ရာ အမြောက်ကို သူ့ဘက်သို့ လှည့်ချိန်လိုက်၏။ ဤအဖြစ်ကိုကြည့်လျှင် ကျွန်ုပ်တို့၏ကင်းထောက်ဂျစ်ကားပေါ်မှ ရဲဘော်များသည် သေရန်မှတစ်ပါး အခြားအကြောင်းမရှိတော့။

သို့သော် ဒဏ္ဍာရီပုံပြင်ကလေးတစ်ခုကဲ့သို့ပင် နောက်ဆုံးအချိန်ပိုင်းကလေးတွင် သူ့ကို ကယ်တင်မည့် ကယ်တင်ရှင်ရောက်လာ၏။ ကျွန်ုပ်တို့၏ ရှားမင်းတင့်ကားတစ်စီးက ထိုအဖြစ်အပျက်ကို လှမ်းမြင်သည်။ ထို့ကြောင့် ကင်းထောက်ဂျစ်ကားအားအမြောက်နှင့်ချိန်နေပြီဖြစ်သည့် တင့်ကားကို အမြောက်နှင့်ပစ်ပြီး အချိန်မီ နှိမ်နင်းပစ်လိုက်နိုင်သည်။ သို့ဖြင့် ကင်းထောက်ဂျစ်ကားသည် ဘေးအန္တရာယ်မှ လွတ်မြောက်သွားပြီး မူလက အစီအစဉ်အတိုင်း ရန်သူ့တင့်ကားကိုပင် ဘဇူကာနှင့် ပြန်ချိန်သည်။ ပစ်သည်။ ထိသည်။ ပျက်စီးသွားသည်။ သို့ဖြင့် ရန်သူတင့်ကားနှစ်စီး ပျက်စီးသွားသည်။ တင့်ကားအတွင်းမှ မသေဘဲ ကြွင်းကျန်ရစ်ခဲ့သော ရန်သူ့တင့်ကား အဖွဲ့ဝင်နှစ်ဦးသည် တင့်ကားတွင်းမှ ခုန်ချပြီး ထွက်ပြေးလွတ်မြောက်သွားကြသည်။ အလားတူပင် တတိယတင့်ကားတစ်စီးမှ လူများကလည်း ခုန်ချထွက်ပြေးလွတ်မြောက်သွားကြသည်။ ထိုတင့်ကားသည် ကျည်ဆန်တစ်ချက်မျှ မထိ။ အကောင်းပကတိကို စွန့်ပစ်ထားခဲ့ပြီး ထွက်ပြေးကြသောကြောင့် ကျွန်ုပ်တို့လက်တွင်းသို့ ရောက်လာသည်။

ထိုတိုက်ပွဲသည် အီဂျစ်တင့်ကားတပ်နှင့် ကျွန်ုပ်တို့နောက်ဆုံး ရင်ဆိုင်တိုက်ကြရသော တိုက်ပွဲဖြစ်သည်။ စူးအက်တူးမြောင်းမှ (၁၀)မိုင်ဝေးသည့် ကျွန်ုပ်တို့ခရီး၏ အဆုံးသို့ ရောက်သောအခါတွင် အီဂျစ် အမှတ် (၁)သံချပ်ကာ တပ်မဟာသည် စူးအက်တူးမြောင်း၏ ဟိုမှာဘက်ကမ်းသို့ ရောက်နှင့်နေချေပြီ။ ကျွန်ုပ်တို့ဘက်က တစ်ယောက်ကျပြီး (၁၀)ယောက် ဒဏ်ရာရသည်။ တင့်ကားတစ်စီးနှင့် တင့်ကားခါးပြတ်တစ်စီးတို့ပျက်စီးသည်။ သို့သော်လည်း အဆိုပါ အထိခိုက်တို့၏အများဆုံးမှာ အီဂျစ်သံချပ်ကာတပ်နှင့်တိုက်ပွဲဖြစ်သောကြောင့်မဟုတ်။ အမ်ရှိဟန်ကို တိုက်ခိုက်ခဲ့စဉ်က ထိခိုက်ပျက်စီးမှုများဖြစ်လေသည်။ အီဂျစ်များဘက်မှ အပျက်အစီး အဆုံးအရှုံးမှာ တီ (၃၄) တင့်ကားအစီး (၃၀)၊ (၈) စီးသည် ကျွန်ုပ်တို့တင့်ကားတပ်၏ တိုက်ခိုက်မှုကြောင့် ပျက်ပြီး ကျန် (၂၂) စီးမှာ လေတပ်၏ တိုက်ခိုက်မှုကြောင့် ဖြစ်၏။) အက်စ်ယူ ယန္တရားအမြောက်ကြီး (၅)လက်၊ သံချပ်ကာကား တပ်သုံးမော်တော်ကား(၄၀)ဖြစ်သည်။ ထိုကားအများစုမှာ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးခြင်းဖြစ်သည်။ ရန်သူသံချပ်ကာတပ်၏ အထိအခိုက်အပျက်အစီးများနှင့် ပတ်သက်သည့် တရားဝင်စာရင်းများရသောအခါ ကျွန်ုပ်တို့ရဲဘော်များ၏ မကျေနပ်မှုကို ကျွန်ုပ် နားလည်သဘောပေါက် ကိုယ်ချင်းစာမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စိတ်မာတက်ကြွဖွယ်သော တိုက်ပွဲသတင်းများနှင့် စာရင်းအင်း အချက်အလက်များ၏ကြားကွာဟချက်သည် မကြာခဏဆိုသလို ကြီးမားကျယ်ပြန့်နေတတ်ပါသည်။ အောက်တိုဘာ (၃၁)ရက်နေ့က ဘာဂစ်ဂါဖာ အနီးတွင် အီဂျစ်တပ်မဟာ (၁)ကို လေကြောင်းဖြင့်တိုက်ခိုက်သည်။ ထိုတိုက်ပွဲအပြီး ဗိုလ်ဇက်ကေတ အောက်ပါအတိုင်း သတင်းပို့သည်။

ဇဟိုလမ်းကြောင်းတွင် သံချပ်ကာ စစ်ကြောင်းကြီးကို ကျွန်တော်တို့ ရုတ်တရက်တွေ့လိုက်ရသည်၊ အရာဝတ္ထုအားလုံးသည် အသက်ဝင် လှုပ်ရှားလာကြ၏၊ ထရပ်ကားတစ်စီးပြီးတစ်စီး၊ တင့်ကားတစ်စီးပြီးတစ်စီးတို့သည် မီးဟုန်းဟုန်း တောက်လောင်ကုန်ကြ၏၊ ပထမတွင်မူ ငြိမ်းချမ်းနေသော ကာလ၌ ကျွန်တော်တို့ ပစ်ကွင်းဆင်းပြီး လေ့ကျင့်ပစ်ခတ်နေကြသည်နှင့်တူ၏၊ သို့သော်လည်း ကျွန်တော်တို့ ပတ်ပတ်လည်၌ ကျည်ဆန်များ တက်လာပြီး ပေါက်ကွဲလာကြသောအခါ ပို၍ ပြင်းထန်သွားတော့သည်။ ဗိုလ်ကြီးဂျိုဗီတို့၏ လေယာဉ်ပျံမှာ လေဟာမှန်သည် ဆီများဖြင့် ပေကျံဖုံးအုပ်သွား၏။ သူတို့ခမျာ အကန်းသဖွယ် ဖြစ်သွား၏။ သူတို့၏ပစ်မှတ်ကို ရှာမတွေ့နိုင်တော့။

ထိုဟာကွက်ကို ကျန်သော ကျွန်တော်တို့က ဖြည့်စွက်ပေးလိုက်ရပါသည်။

ဂိုနှင့်ကျွန်တော်က တင့်ကားများကိုသာ မဲပြီးစုပစ်သည်။ (၄၀မမ) ကျည်ဆန်များ လေတွင်းသို့ တက်လာပြီး ကျွန်တော်တို့အနီးတွင် ပေါက်ကွဲနေသည်ကို ရုတ်တရက်မြင်တွေ့လိုက်ရ၏။ တစ်စက္ကန့်အတွင်းမှာပင် ပစ်နေသော အမြောက်ကို ရှာဖွေပြီး ထိုအမြောက်ပေါ်သို့ ကျွန်တော်တို့ ကျွမ်းစိုက်ချလိုက်ပါသည်။ အမြောက်ပစ်သူများသည် သူတို့၏အမြောက်ပြောင်းဝကို ကျွန်တော်နှင့် တည့်တည့်သို့ရောက်ရန် ကြိုးစားကြပါသည်။ သို့သော်လည်း သူတို့ များစွာ နောက်ကျသွားပြီဖြစ်ကြောင်း သူတို့ မြင်တွေ့သွားကြပါပြီ။ ထို့ကြောင့် ခုန်ချပြီး မြေကြီးပေါ်တွင် စတင်၍ မိကျောင်းတွား သွားနေကြ၏။

"ကျွန်တော်၏(၀. ၅) ဘရောင်နင် စက်သေနတ်မှ ကျည်ကတ်များက သူတို့ကို ဂရုစိုက်လိုက်ပါသည်"

"အလားတူအဖြစ်အပျက်မျိုးလဲ ပေါ်ပေါက်ပါသေးသည်၊ ခဲယမ်းမီးကျောက်တင်ထရပ်ကားကို ကျွန်တော် ပစ်ခတ်လိုက်သောကြောင့် ပေါက်ကွဲသွားသောအခါက ဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ကျွန်ုပ်က အပေါ်သို့ မြင့်တက်လိုက်ရာ အခြားလေယာဉ်ပျံသန်းနေသော လမ်းကြောင်းအနီးသို့ ရောက်သွားပြီး ကျွန်တော်တို့ လေယာဉ်ပျံနှစ်စင်း တိုက်မိကြတော့မလို ဖြစ်သွားသည်၊ လေယာဉ်ပျံတစ်စင်းမှလွဲပြီး ကျွန်တော်တို့အားလုံး ခဲယမ်းမီးကျောက် ကုန်ခန်းသွားပါပြီ၊ ကျွန်တော်တို့ လေယာဉ်ပျံ (၅)စင်း ကိုယ့်စခန်းတိုကိုယ်ပြန်လာခဲ့ကြသည်။ သို့သော် ဗိုလ်အက်စ်ကမူ သူ၏ လက်ကျန်ကလေးများကို လက်စသတ်ရင်း နောက်မှ ချန်နေရစ်ခဲ့သေး၏"

အထက်ပါ အစီရင်ခံစာတွင် လေယာဉ်အုပ်စုတပ်မှူးက လက်ရေးဖြင့် ခပ်တိုးတိုးမှတ်ချက်တစ်ခုကို ကြားဝင်ရေးသားထားသေးသည်။

"စိတ်မာတက်ကြွနေသော အထက်ပါအစီရင်ခံစာက ရန်သူဆုံးရှုံးမှုများနှင့် ပတ်သက်ပြီး ပထမအပိုဒ်၌ မည်သို့ပင်ဆိုစေကာမူ အမှန်အဆုံးအရှုံးမှာ တင့်ကားနှစ်စီး





နှင့် ထရပ်ကားနှစ်စီးသာဖြစ်ကြောင်း ထောက်ပြလိုပါသည်". . ဟူသော မှတ်ချက်ကို ဆက်၍ရေးခြင်း ဖြစ်၏။

✡

ဂါဇာတမ်းမြောင်ဒေသကို သိမ်းပိုက်မှုသည် ယနေ့နံနက်တွင် ပြီးဆုံးအောင်မြင်သွားလေသည်။ အီဂျစ်စစ်တပ်များသည် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြခြင်းကို မပြု။ ရာဖာနှင့် အယ်လ်အရစ်ရှ်မြို့များကို ကျဆုံးသွားကတည်းက ၎င်းတို့၏ စိတ်ဓာတ်သည် အပြင်းအထန် ခုခံတိုက်ခိုက်သည့် အဆင့်သို့ တက်မလာတော့ပါ။ ခံစစ်အတွက် စစ်ရေးအရလည်း စုစည်းနိုင်ခြင်း မရှိကြတော့ပါ။

ကမ်းမြောင်ဒေသတွင်ရှိသောတပ်များကို အစုအသေးကလေးများ ဖွဲ့စည်းကာဖြန့်၍ သီးခြားကင်းစခန်းများတွင် တပ်စွဲထားစေသည်။ စခန်းတစ်ခုသည် အခြားစခန်းတစ်ခုကို အတင်းထိုးဖောက်၍ အကူအညီမပေးနိုင်။ ထို့အတူ ကျွန်ုပ်တို့၏ တင့်ကားများနှင့် တင့်ကားခါးပြတ်များ၏တိုက်ခိုက်မှုကိုလည်း စခန်းတစ်ခုချင်းအနေဖြင့် ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်ခုခံနိုင်စွမ်းမရှိတော့။ စစ်ဆင်ရေးရှုထောင့်မှ အားလုံးကိုခြုံ၍သုံးသပ်ကြည့်သည့်တိုင်အောင် ဤတိုက်ပွဲသည် အဆုံးအဖြတ်ပေးတိုက်ပွဲ မဟုတ်။ အလျားအားဖြင့် (၂၅) မိုင်၊ အနံအားဖြင့် အကျယ်ဆုံးနေရာတွင် (၆)မိုင်မျှသာရှိသော ကျဉ်းမြောင်းသည့် ဂါဇာကမ်းမြောင်ဒေသသည် ရာဖာနှင့် အယ်လ်အရစ်ရှ်မြို့များ ကျသွားပြီးသောအခါ လွတ်လပ်စွာရပ်တည်နေနိုင်ရန် မဖြစ်တော့ချေ။ တပ်စွဲခုခံနေရန် မဖြစ်နိုင်တော့ချေ။ ထိုဒေသအားလုံး ဖုံးကြသည့်ဒဏ်ကို ခံနိုင်သော ဒေသဖြစ်လာအောင်လည်း အမှတ် (၈) ပါလက်စတိုင်းတပ်မဟာက ဆောက်လုပ်စီမံမထား။သူတို့၏တပ်အင်အားသည် (၁၀၀၀၀) ကျော် (ရာဖာရှိ အမှတ်-၈၇ ပါလက် စတိုင်း တပ်မဟာအပါအဝင်)မျှ ဂါဇာကမ်းမြောင်ဒေသတွင် ရှိသည်။

သူတို့ကို မူလရှိရင်းစွဲနေရာများတွင်သာ တာဝန်ပေးနိုင်သည်၊ သူတို့ နေနေကျနေသော စခန်းများတွင်သာ တာဝန်ပေးနိုင်သည်။ သူတို့ ယဉ်ပါးနေသည့် အလုပ်များကိုသာ လုပ်နိုင်ကြသည်။ "တပ်မဟာများ၊ တပ်ရင်းတပ်ခွဲများ" ဟူသည်မှာ ပုံသဏ္ဌာန်အရသာ ဖွဲ့စည်းထားသည်နှင့်တူ၏၊ တပ်ဖြန့်ခွဲဝေမှု သဘောအရသာ ပြုလုပ်ထားသည်နှင့်တူ၏။ စစ်တိုက်မည့် ပုံသဏ္ဌာန်မျိုးကား မဟုတ်။ စစ်ဆင်ရေးဆင်နွှဲမည့် တပ်ဖြန့်နည်းမျိုးမဟုတ်။ စစ်ရေးဆိုင်ရာတပ်ဖွဲ့များအဖြစ်နှင့်လည်း အသုံးမပြုနိုင်။

ဂါဇာကို သိမ်းပိုက်ခြင်းနှင့်ပတ်သက်သော ကျွန်ုပ်တို့၏ အခြေခံရည်ရွယ်ချက်သည် ရာဇဝင်ကြွေးဆပ်သည့်သဘောသာဖြစ်သည်၊ အီဂျစ်ပိုင်နယ်မြေကို ရှင်းလင်းပစ်သည့်သဘောသာဖြစ်သည်။ (၁၉၄၈) ခုနှစ်၊ ကျွန်ုပ်တို့၏ လွတ်လပ်ရေးမပြီးတွင် ဂါဇာဒေသကို အီဂျစ်လက်သို့ ထိုးအပ်ခဲ့ရသည်။ အစ္စရေးကို တိုက်ခိုက်ရန် ဆီနိုင်းသဲကန္တာရတစ်ဖက်ခြမ်းကို မေးတင်ထားသော တံတားဦးအဖြစ် ထိုနယ်မြေကို အီဂျစ်က သဘောထားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငြိမ်းချမ်းသော"ကာလတွင်မူ အကြမ်းဖက်သမားများနှင့် နှောင့်ယှက်သူများ၏စစ်ဆင်ရေးအခြေစိုက်စခန်းအဖြစ် သဘောထားခဲ့သည်။ ဂျော်ဒန်မြစ်၏ အနောက်ဘက်ကမ်းဒေသသည် ဂျော်ဒန်ပြည်တွင်း၌ ပါဝင်၏။ ထိုဒေသကို ဂျော်ဒန်တိုင်းရင်းသား ပါလက်စတိုင်းများအတွက် နေထိုင်ခွင့်ပေးထားသော ဂျော်ဒန်အစိုးရနှင့် အီဂျစ်တို့ မတူညီကြပါ။ ဂါဇာကမ်းမြောင်ဒေသကို အီဂျစ်မှခွဲထုတ်ရေးအတွက် အီဂျစ်အစိုးရက သတိကြီးစွာထားပြီးစဉ်းစားသည်။ ထို့ကြောင့် ၎င်း၏နိုင်ငံရေးချဉ်းကပ်မှုကို သဘောပေါက်နိုင်ပါသည်။ သူ၏အမြင်သည် "အောင်မြင်သော ပါလက်စတိုင်း" ဟူ၍ အမျိုးသားရေးနိုင်ငံရေးအရ လွတ်လပ်မှုကို ပြန်ပေးရန် ဖြစ်သည်။ သို့သော်လည်း ထိုဒေသတွင်ရှိသည့် အာရပ်ဒုက္ခသည်ပေါင်း နှစ်သိန်းတို့ကိုမူ ပန်းလည်း ပြောင်းမယူနိုင်၊ စီးပွားရေး အကူအညီလည်းမပေးနိုင်။

(ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးပိုင်နက် နယ်မြေအတွင်းသို့ တွဲထည့်ပေးမည်ဆိုလျှင် အစ္စရေးအနေဖြင့် လက်မခံနိုင်ကြောင်း ဘင်ဂူရီယံက သဘောရသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဒေသရှိများပြားလှစွာသော အာရပ်ဒုက္ခသည်များကို အစ္စရေးအနေဖြင့်လက်မခံနိုင်ပါချေ။)

ဂါဇာအနာဂတ်ရေးသည် မည်သို့ဖြစ်မည်ဟု မည်သူမှ ယနေ့မခန့်မှန်း မတွက်ဆနိုင်ကြ။ သို့သော်လည်း ဂါဇာပြဿနာသည် အီဂျစ်၏ ကျူးကျော်ရေးပုံပန်းသဏ္ဌာန်ဖြစ်ပေါ်လာမည်ကိုမူ အစ္စရေးနိုင်ငံက အဖြစ်ခံမည်မဟုတ်၊ မဖြစ်စေမည့် နည်းလမ်းကို ရှာဖွေသည်။

ဂါဇာကမ်းမြောင်ဒေသအား အီဂျစ်တို့၏ကာကွယ်မှုသည် တောင်ပိုင်းနှင့်မြောက်ပိုင်းဟူ၍ နှစ်ပိုင်းခွဲထားသည်။ မြောက်ဘက်ခြမ်းတွင် ဂါဇာမြို့ပါဝင်ပြီး အီဂျစ်အမျိုးသားကာကွယ်ရေးတပ်၊ တပ်မဟာ တာဝန်ယူ၏။ ထိုတပ်မဟာတွင် တပ်ရင်း (၁၄)ခု၊ လူအင်အား (၃၅၀၀) ပါဝင်သည်။ များပြားလှသည့်စခန်းများတွင် တပ်ခွဲအင်အားများဖြင့် တပ်ဖွဲ့ထားသည်။ အစ္စရေး နယ်ခြားတစ်လျှောက်တွင်သာ အတူတကွ စုပြုံပြီး တပ်ခွဲများကို ချထား၏။

တစ်ဖန် ယင်းခြေလျင်တပ်ရင်းများကို (၁၂၀)မမ အကြီးစား မော်တာရှစ်လက်ပါဝင်သော တပ်တစ်တပ်၊ ယာဉ်တင်နယ်ခြားစောင့် တပ်စုတစ်စုတိုပါ တပ်မဟာတတွဲဖက်ပေးထား၏။ ခွဲထုတ်မော်တာတပ်ကို ထပ်မံခွဲစိတ်ပြီး စခန်းတစ်ခုလျှင် မော်တာနှစ်လက်စီဖြင့် တွဲဖက်စေ၏။ ယာဉ်တင်နယ်ခြားစောင့်တပ်စုကို ရွှေ့ပြောင်းနိုင်သော အရန်တပ်အဖြစ် တာဝန်ယူစေသည်။

တောင်ပိုင်းခြမ်း၏ဗဟိုသည် ခန်ယူနစ်မြို့ငယ်ကလေးဖြစ်၏။ ထိုဒေသ၏ ကာကွယ်ရေးသည် ပါလက်စတိုင်းတပ်မဟာ (၈၆)၏ လက်ထဲတွင် ရှိသည်။ (ဗိုလ်မဟုတ်သော အခြားအဆင့်အတန်းများသည် ပါလက်စတိုင်းလူမျိုးများဖြစ်ပြီး ဗိုလ်များသည် အီဂျစ်ကြေးစားအရာရှိများဖြစ်၏) တပ်ရင်းအင်အားရှိပြီး အမြောက်တပ် အကူအညီဖြင့် အခိုင်အမာတပ်စွဲထားသော စခန်းသုံးခုကို အခြေခံသည်။ ထိုစခန်းများတို့ တပ်ရင်းအမှတ် (၁၁)၊ (၃၄) နှင့် (၄၄)တို့က တာဝန်ယူကြသည်။





အမြောက်တပ် (၁၂၀)မမ မော်တာတပ်များကို ဗဟိုတွင်ထားပြီး စခန်းသုံးခုစလုံးကို ထိုနေရာမှနေ၍ ကူညီစေသည်။

ကမ်းမြောင်ဒေသကိုသိမ်းရန် ကျွန်ုပ်တို့၏ခြေလျင်တပ်မဟာ (၁၁)ကို တာဝန်ပေးသတ်မှတ်သည်။ အမှတ်(၃၇) သံချပ်ကာယန္တရားတပ်မဟာမှ တိုက်ခိုက်ရေးတင့်ကားတပ်တစ်ခုနှင့်အတူ ခြေလျင်တပ်ရင်းနှစ်ခု ပါဝင်သည်။ တိုက်ခိုက်ရေးတင့်ကားတပ်ကို ယခုတိုက်ပွဲတွင် တပ်မဟာ(၁၁)၏ အုပ်ချုပ်မှုအောက်သို့ ပို့လိုက်သည်။ ဤတပ်တွင် ရှားမင်းတင့်ကား တပ်ဖွဲ့တစ်ခုနှင့် တင့်ကားခါးပြတ်များနှင့် တွဲဖက်ထားသော ခြေလျင်တပ်ခွဲတစ်ခု ပါဝင်၏။ သို့သော် တင့်ကား (၁၃) စီးရှိသည့်အနက် ခြောက်စီးသာ အသုံးပြုနိုင်သည်။

တိုက်ပွဲကို နိုဝင်ဘာ (၂)ရက် နံနက် (၀၆း၀၀) နာရီတွင် စတင်သည်။ ရန်သူကာကွယ်ရေးအတန်းကို ချိုးဖောက်ပစ်ရန် ဆုံးဖြတ်သည်။ တယ်လ်အလီမန်တာ၏ တောင်ဘက်နှစ်မိုင်ခန့်အကွာတွင် နေရာယူထားသည့် စခန်းအမှတ် (၁၂၂)၊ (၁၂၃)နှင့် (၁၂၅) တို့ဖြစ်သည်။ တယ်လ်အလီမန်တာသည် မြို့သို့ချဉ်းကပ်ရာ လမ်းတွင်ရှိသော စစ်စွယ်ဖြစ်၏။ ရာစုနှစ်ပေါင်းများစွာကတည်းက ဂါဇာကို သိမ်းပိုက်လိုသည့် စစ်တပ်များသည် ဤလမ်းအတိုင်းတက်ပြီး သိမ်းပိုက်ခဲ့ကြသော လမ်းဖြစ်၏။ တယ်လ်အလီမန်တာသည် တောင်ကုန်းဖြစ်၏။ ဂါဇာမြို့ကိုဝင်ရာ မြို့တံခါးဟုလည်း ဆိုနိုင်၏။ အဆိုပါတောင်ခြေတွင် ပထမကမ္ဘာစစ်အတွင်းက ဗြိတိသျှစစ်သားပေါင်း (၁၀၀၀၀)တို့ အသက်ဆုံးရှုံးခဲ့ရဖူး၏။ ဆာအာခီဘောမာရေးခေါင်းဆောင်ပြီး ဂါဇာမြို့တွင်း၌ရှိသော တူရကီစစ်တပ်ကို မအောင်မြင်သည့် တိုက်ခိုက်မှုနှစ်ကြိမ် ပြုလုပ်သောကြောင့် ထိုမျှများပြားသည့်စစ်သားများ ကျဆုံးသွားရခြင်းဖြစ်သည်။

[ဆာအာခီဘောမာရေး ကိုယ်တိုင်ကမူ ရှေ့တန်းစစ်မျက်နှာနှင့် မိုင်ပေါင်း (၆၀)ခန့်ဝေးသော အယ်လ်အရစ်ရှ် မီးရထားတွဲတစ်ခုအတွင်း၌ ထိုင်နေခဲ့သည်။]

တင့်ကားတပ်ဖွဲ့နှင့် တင့်ကားခါးပြတ်တပ်ခွဲတို့သည် စခန်းအမှတ် (၁၂၂) အတွင်းသို့ ချိုးဖောက်ဝင်ရောက်ကြသည်။ ကပ်လျက်ရှိသောစခန်းများမှ အပြင်းအထန်ပစ်ခတ်နေမှုကို ရင်ဆိုင်ရလင့်ကစား အထူးသဖြင့် အလီမန်တာတောင်ကြောပေါ်တွင် နေရာယူထားသူများက ခေါင်းမဖော်နိုင်လောက်အောင် ပစ်ခတ်တိုက်ခိုက်နေလင့်ကစား သူတို့သည် ရှေ့သို့ ဖိ၍ချီတက်လာပြီး ဂါဇာမြို့အလယ်ကောင် တည့်တည့်မတ်မတ်ကြီး ဝင်ရောက်သွားကြသည်။

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အနည်းငယ် ပစ်ခတ်ကြပြီး ကျွန်ုပ်တို့၏ တိုက်ခိုက်ရေးတင့်ကားတပ်ဖွဲ့သည် မြောက်ပိုင်းသို့ ဆက်လက်ချီတက်လာ၏။ အဝေးပြေးလမ်းမကြီးတစ်လျှောက်ရှိ ရန်သူစခန်းများအားလုံးသိမ်းပိုက်သည်။ ကမ်းမြောင်ဒေသမြောက်ပိုင်းနယ်ခြားရှိ ဘက်ဟာနန်သို့ ဆိုက်ရောက်သွား၏။ တစ်ချိန်တည်းမှာပင် အဆိုပါတိုက်ခိုက်ရေးတင့်ကားတပ်ဖွဲ့နှင့် ထက်ကြပ်မကွာ လိုက်ပါလာသည့် ခြေလျင်တပ်ရင်းသည် ရန်သူများနှင့်ဆက်လက်တိုက်ခိုက်နေသည်။ မြို့၏နေရာအနှံ့အပြားမှ ရန်ဆက်လက်ခုခံနေသော ရန်သူများရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

မွန်းလွဲပိုင်းတွင် ခုခံပစ်ခတ်မှုများ ရပ်တန့် ပြီးဆုံးသွား၏။

ဂါဇာမြို့ အုပ်ချုပ်ရေးတာဝန်ကို ကျွန်ုပ်တို့၏ စစ်ဘုရင်ခံနှင့် ပုလိပ်အဖွဲ့က တိုက်ခိုက်ရေးတပ်ဖွဲ့များ၏လက်မှ လွှဲပြောင်းယူလိုက်လေသည်။

ခန်ယူနစ်သို့ဦးတည်ပြီး တောင်ပိုင်းသို့ ချီတက်သွားသော တိုက်ခိုက်ရေး တင့်ကားတပ်ဖွဲ့သည် တင့်ကားများကိုပြင်ဆင်ရန်နှင့် ကျည်ဆန်တတ်များတွင် ကျည်ဆန်ထည့်ရန် လိုအပ်သောကြောင့် ရပ်နားရသည်။ တင့်ကားများရှိ အမြောက်များသည် ထိုနေ့တစ်မနက်တည်းမှာပင် ကျည်ဆန်ပေါင်း (၈၀၀၀၀) ကို ပစ်ခတ်ခဲ့လေသည်။

ဂါဇာ၏ တောင်ပိုင်းအခြမ်းရှိ အီဂျစ်စခန်းများကို ရှင်းလင်းဖြိုဖျက်ရသည်မှာ အခက်အခဲ မရှိလှချေ။ အီဂျစ် ဒု-ဗိုလ်မှူးကြီးတစ်ဦးသည် ကျွန်ုပ်တို့၏တပ်မဟာ (၁၁) စစ်ဆင်ရေးအရာရှိနှင့်အတူ ကုလသမဂ္ဂ စစ်ဘေးဒုက္ခသည်များ အေဂျင်စီမှ ကားဖြင့် စီးနင်းလိုက်ပါလာ၏။ အဆိုပါ အီဂျစ်ဒု-ဗိုလ်မှူးကြီးက ပစ်ခတ်မှုရပ်စဲရန်နှင့် လက်နက်ချရန် အမြောက်ထိုင်များအတွင်းရှိ အီဂျစ်စစ်သားများကို အမိန့်ပေးလိုက်၏။

မည်သို့ပင်ဆိုစေ အမှတ် (၈၆) ပါလက်စတိုင်းတပ်မဟာက ထိန်းထားသော တောင်ဘက်ခြမ်းက လက်နက်ချရန် ငြင်းဆန်သည်။ နိုဝင်ဘာ (၃)ရက် အရုဏ်တက်တွင် ကျွန်ုပ်တို့၏ တိုက်ခိုက်ရေးတင့်ကားတပ်ဖွဲ့ ရောက်ရှိသွားရာ စက်သေနတ်များ၊ တင့်ကားဖျက်အမြောက်များ၏ ဆီးကြိုပစ်ခတ်ခြင်းနှင့် တွေ့ကြုံရ၏။ တင့်ကားခါးပြတ်တစ်စီးကို တင့်ကားဖျက်အမြောက်ဆန်ထိပြီး တင့်ကားတစ်စီးကိုမူ မိုင်းဗုံးထိသည်။ ရန်သူ့စခန်းများကို အချက်ပေါင်းများစွာ ထိမှန်အောင် ကျွန်ုပ်တို့တင့်ကားများက ပစ်ခတ်နိုင်သည်။

ပါဝင်ပြီး တိုက်ခိုက်ချေမှုန်းလာသော ခြေလျင်တပ်က အီဂျစ် ကာကွယ်ခုခံမှုများကို ချိုးဖောက်ဝင်ရောက်သွားနိုင်၏။ တိုက်ခိုက်ရေး တင့်ကားတပ်ဖွဲ့က ဖောက်ဝင်သည်။

ဒုတိယခြေလျင် တပ်ရင်းက ရန်သူခံစစ်၏ အချက်အချာကို တိုးနှက်လိုက်နိုင်သည်။ ထို့နောက်တွင်ကား ခုခံတိုက်ခိုက်မှုများ ရပ်တန့်သွားတော့၏။

ကျန်ရှိနေသေးသည့်အပိုင်းမှ ရန်သူစခန်းများက ဆက်လက် ခုခံနေသေးရာ တစ်မနက်လုံး အပြန်အလှန် ပစ်ခတ်နေရခြင်းဖြင့် အချိန်ကုန်လွန်ခဲ့သည်။ (၁၃း၃၀)နာရီရောက်သောအခါကျမှ ကမ်းမြောင်ဒေသရှိ နောက်ဆုံး အီဂျစ်စခန်းကို သိမ်းပိုက်မိ၏။

တပ်မဟာ (၁၁)မှ တပ်သားသည် ရာဖာရှိ ကျွန်ုပ်တို့၏အမှတ် (၁) တပ်မဟာမှာ ခြေလျင်တပ်ဖွဲ့များနှင့် ဆက်မိသွားတော့သည်။ တပ်မဟာ (၁၁)တွင် (၁၁)ဦး သေဆုံးပြီး (၆၅) ယောက် ဒဏ်ရာရသည်။ တင့်ကားနှစ်စီးနှင့် တင့်ကားခါးပြတ်တစ်စီး ထိမှန်ခြင်းခံရသည်။

သို့သော်လည်း မကြာမီ ပြန်လည်ပြင်ဆင်ပြီး အသုံးပြုနိုင်သည်။

ဂါဇာကမ်းမြောင်ဒေသ အီဂျစ်နယ်ဘက်နှင့် စစ်ဘက်ဦးစီးချုပ်များ၏ လက်နက်ချမှုကို လက်ခံလိုက်သည်။

၎င်းတို့၏ လက်နက်ချအပ်ခွင့်ပေးရန် မေတ္တာရပ်ခံစာများမှာ အောက်ပါအတိုင်းဖြစ်၏။





ဂါဇာကမ်းမြောင်ဒေသ
အုပ်ချုပ်ရေးဘုရင်ခံချုပ်၏
လက်နက်ချအပ်ခွင့်ပြုရန် မေတ္တာရပ်ခံချက်

ဂါဇာကမ်းမြောင်ဒေသ အုပ်ချုပ်ရေး ဘုရင်ခံချုပ်ဖြစ်သော ကျွန်ုပ်တို့ဗိုလ်မှူးချုပ်မာမက်ဖူအက်အီဒဂ္ဂဝီသည် စစ်ဝန်ကြီး၏ကိုယ်စား အစ္စရေးလက်နက်ကိုင်တပ်များ ရှေ့တန်းစစ်မျက်နှာမှူး ဗိုလ်မှူးကြီး အာဆက်ဆင်ဟိုနီအား မေတ္တာရပ်ခံပါသည်။ ဂါဇာကမ်းမြောင်ဒေသ အုပ်ချုပ်မှုအားလုံးနှင့် ကမ်းမြောင်ဒေသကြီး တစ်ခုလုံး အကြွင်းမဲ့ လက်နက်ချအပ်ခြင်းကို လက်ခံပါရန် မေတ္တာရပ်ခံပါသည်။

ဟေဘရူးဘာသာနှင့် မိတ္တူကို တွဲထားသည်။
(၁၄း၂၀) နာရီ၊ (၁၉၅၆)၊ နိုဝင်ဘာ (၂)ရက်။
လက်ခံလိုက်သည်။

လက်မှတ်
တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊
ဗိုလ်မှူးကြီး အာဆက်ဆင်ဟိုနီ။

လက်မှတ်
ဗိုလ်မှူးချုပ် မာမက်ဖူအက်အီးဒဂ္ဂဝီ
ဂါဇာကမ်းမြောင်ဒေသ အုပ်ချုပ်မှုဘုရင်ခံချုပ်
အီဂျစ်စစ်ဝန်ကြီးကိုယ်စား။

ဂါဇာဒေသ အီဂျစ်လက်နက်ကိုင်တပ်များ တပ်မှူး၏
လက်နက်ချအပ်ခွင့်ပြုရန် မေတ္တာရပ်ခံချက်

ဂါဇာမြို့ဒေသအတွင်းရှိ အီဂျစ်လက်နက် ကိုင်တပ်များအားလုံး၏တပ်မှူးဖြစ်သော ကျွန်ုပ် ဗိုလ်မှူးကြီး ဂါမယ်အေဒင်အလီ (၈၅၅)သည် စစ်ဝန်ကြီး၏ကိုယ်စား အစ္စရေးလက်နက်ကိုင်တပ်များ အထက်တန်းတပ်မှူးကြီး ဗိုလ်မှူးကြီးအာဆက်ဆင်ဟိုနီအား မေတ္တာရပ်ခံပါသည်။ ဂါဇာမြို့နှင့် မြို့အနီးတစ်ဝိုက်ရှိ ကျွန်ုပ်၏အုပ်ချုပ်မှုအောက်မှ အမြဲတမ်းတပ်များ၊ အပျော်တမ်းတပ်များနှင့် အမြဲတမ်းမဟုတ်သော တပ်များအားလုံး အကြွင်းမဲ့ လက်နက်ချအပ်ခြင်းကို လက်ခံပါရန် မေတ္တာရပ်ခံပါသည်။

(လက်မှတ်)
(၁၉၅၆)၊ နိုဝင်ဘာ (၂)



www.burmeseclassic.com

www.burmeseclassic.com

လက်နက်ချအပ်ခြင်းကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏
ကိုယ်စား ကျွန်ုပ်တို့ လက်ခံလိုက်ပါသည်။
မစ်ရှယ်ရှာဟမ်၊ ဗိုလ်မှူးကြီး။
အဟာရွှန်ဒိုရွှန်၊ ဗိုလ်မှူးကြီး။

ဆီနိုင်းကျွန်းဆွယ်မြောက်ပိုင်းခြမ်း သိမ်းယူမှု အောင်မြင်ပြီးစီးသွားချေပြီ။ ကျွန်ုပ်တို့တပ်များသည် စူးအက်တူးမြောင်းတိုင်အောင် ဆိုက်ရောက်လာကြ၏။ လေထီးတပ်များသည် မစ်တလာကိုကျော်ဖြတ်ပြီး တောင်ဘက်လမ်းကြောင်းအတိုင်းလည်းကောင်း၊ အမှတ် (၇)သံချပ်ကာ ယန္တရားတပ်မဟာသည် ဂျေဘယ်လစ်ဗနီကိုဖြတ်ပြီး အလယ်ဗဟိုလမ်းကြောင်းမှလည်းကောင်း၊ အမှတ်(၂၇) သံချပ်ကာ ယန္တရားတပ်မဟာသည် အယ်လ်အရစ်ရှ်ကိုဖြတ်ပြီး မြောက်ဘက်လမ်းကြောင်းမှလည်းကောင်း ချီတက်ဆိုက်ရောက်လာခဲ့ကြခြင်းဖြစ်၏။ ယခုဆိုလျှင် တယ်လ်အဗစ်မြို့မှ စူးအက်တူးမြောင်းသို့ လမ်းသုံးလမ်းအတိုင်း မော်တော်ကားမောင်းနိုင်ပြီ။ ဂါဇာကန်တာရာ အဝေးပြေးလမ်းလမ်းမကြီး ဘီယာရှီဘာ၊ အစွမေလီယာလမ်းနှင့် လမ်းမသာလှသော ကွန်တီလာတူးဖစ်လမ်း စသော လမ်းသုံးလမ်းအတိုင်း မောင်းနှင်နိုင်ခြင်း ဖြစ်သည်။

✡

နိုဝင်ဘာ(၁)ရက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် (အလျင်အမြန် အပစ်အခတ်ရပ်စဲရေး) အရ အထွေထွေအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်၏ တောင်းဆိုချက်ကို ဗြိတိသျှနှင့် ပြင်သစ်တို့က ယနေ့ အကြောင်းပြန်သည်။ ၎င်းတို့၏ ပြန်ကြားချက်သည် ကျွန်ုပ်တို့ ပြန်ကြားသကဲ့သို့ပင် "သဘောတူပါသည်၊ သို့သော်. . ." ဟူသော ပြန်ကြားချက်မျိုးဖြစ်သည်။

ပြန်ကြားချက်တွင် . . .

၁။ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ရန်အတွက် ကုလသမဂ္ဂအရေးပေါ်တပ်များက ထိုနယ်မြေအတွင်းသို့ ဝင်ရောက်ရန် အစ္စရေးနှင့်အီဂျစ်တို့က သဘောတူညီရမည်။

၂။ နောက်ဆုံး ငြိမ်းချမ်းရေးအစီအစဉ်များ အစ္စရေးနှင့် အီဂျစ်နိုင်ငံကြားတွင် ပြုလုပ်ပြီးစီးသည်အထိ ထိုဒေသတွင် ကုလသမဂ္ဂအရေးပေါ်တပ်များ ဆက်လက်တပ်ချထားရန် ကုလသမဂ္ဂက သဘောတူညီရမည်။ စူးအက်တူးမြောင်း၏ ရပ်တည်ခွင့်နှင့် ပတ်သက်၍ လက်ခံနိုင်သည့်အစီအစဉ်များ ပြုလုပ်ပြီးသည်အထိ ကုလသမဂ္ဂတပ်များ တပ်စွဲထားရန် သဘောတူညီရမည်။

၃။ တူးမြောင်းနယ်မြေအတွင်းသို့ ဗြိတိသျှနှင့် ပြင်သစ်တပ်များ အလျင်အမြန် ဝင်ရောက်လာခြင်းကို အီဂျစ်က သဘောတူညီရမည်။ အဆိုပါတပ်များသည် ကုလသမဂ္ဂအရေးပေါ်တပ်များဖွဲ့စည်းပြီး ထိုနေရာတွင် အစားထိုးနိုင်မည့် အချိန်အထိ တပ်စွဲထားမည်။





အထက်ပါ တောင်းဆိုချက်သုံးခု၏ တတိယအချက်သည် အင်္ဂလိပ်နှင့်ပြင်သစ်တို့က ၎င်းတို့၏တပ်များတူးမြောင်းနယ်မြေသို့ ဝင်ရောက်မည့်အစီအစဉ်ကို ကိုင်စွဲထားခြင်းပင် ဖြစ်၏။ သူတို့အနေအထား၏ အားနည်းချက်မှာ ၎င်းတို့တပ်များ ယခုထက်ထိ နိုင်ငံခြားတွင်ရှိနေသေးခြင်းဖြစ်၏။ မော်လ်တာနှင့် ဆိုက်ပရပ်ကြားတွင် ၎င်းတို့တပ်များရှိနေကြလေရာ နိုဝင်ဘာ (၆)ရက်နေ့မတိုင်မီ တူးမြောင်းဒေသသို့ ဝင်ရောက်လာရန် မဖြစ်နိုင်ချေ။

ထိုအချိန်သို့ မရောက်မီစပ်ကြား အင်္ဂလိပ်နှင့် ပြင်သစ်တို့အနေဖြင့် ၎င်းတို့အပေါ် ဖိနှိပ်အကျပ်ကိုင်နေမှုကို အလုပ်မပါသော စကားလုံးများဖြင့် တုံ့ပြန်နေရုံမှတစ်ပါး အခြားမရှိ။

အမေရိကန်၏ဩဇာကို အင်္ဂလိပ်နှင့်ပြင်သစ်တို့ လွန်ဆန်နိုင်ရေးအတွက် ဘင်ဂူရီယံသည် များစွာမယုံသင်္ကာဖြစ်နေ၏။ အင်္ဂလိပ်၊ ပြင်သစ်တို့ သူတို့အစီအစဉ်အတိုင်း အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ဘင်ဂူရီယံက အလွန်အမင်း လိုလားနေ၏။ အလားတူပင် အစ္စရေးနိုင်ငံတစ်ခုတည်းသာ တစ်ကမ္ဘာလုံး၏ နိုင်ငံရေးဖိနှိပ်မှုပစ်ကွင်းဖြစ်မနေစေချင်။

(တပ်များရုပ်သိမ်းရန်၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံ၏ တောင်းဆိုအကျပ်ကိုင်မှုကို မိမိတစ်နိုင်ငံတည်း မခံရစေရန် ဖြစ်သည်။)

တစ်ဖက်တွင်မူ စူးအက်ပြဿနာနှင့် ပတ်သက်၍ မည်သည့်နည်းနှင့်မဆို အစ္စရေးနိုင်ငံပတ်သက်လာခြင်းကို သူ သဘောမတူချေ။ ယနေ့ကျင်းပသော ကျွန်ုပ်တို့၏ အစည်းအဝေးတွင် စူးအက်တူးမြောင်းနှင့် နီးကပ်သည့် မည်သည့်အရပ်ဒေသသို့မဆို ကျွန်ုပ်တို့တပ်များ ချဉ်းကပ်သွားခြင်းမပြုရန် ၎င်း၏အမိန့်ကို ထပ်ကာထပ်ကာ ပြောဆိုသည်။

"စူးအက်မပါဘဲနဲ့လဲ ကျွန်ုပ်တို့ပြဿနာဟာ ပြည့်စုံပါပြီ၊ နောက်ပြီးတော့ ကမ္ဘာကြီးတစ်ခုလုံးက ဝိုင်းဝန်းဆန့်ကျင်နေတဲ့ ပြဿနာကြီးတစ်ခုထဲမှာ ဝင်ရောက်ပူးပေါင်းဖို့အကြောင်း ဘာတစ်ခုမှ ကျုပ်မမြင်ဘူး၊ ကျုပ်တို့ဟာ ဆီနိုင်းကျွန်းဆွယ်နဲ့ပဲ သက်ဆိုင်ရမယ်၊ စူးအက်ပြဿနာထဲကို ဝင်စွက်ဖို့ မလိုဘူး၊ ဒီပြဿနာရဲ့ အကြောင်းတစ်ခု ဖြစ်မနေသင့်ဘူး" ဟု ဘင်ဂူရီယံက အစည်းအဝေးတွင် ပြောကြား၏။

✡

မနေ့ည (၂၁း၀၀) နာရီက ပြင်သစ်စစ်သံမှူးရုံးမှ ကိုယ်စားလှယ်တစ်ဦး ကျွန်ုပ်ထံသို့ အရေးတကြီး လာရောက်တွေ့ဆုံသည်။ စူးအက်တူးမြောင်းနယ်မြေအတွင်းသို့ တပ်များဝင်ရန် ချီတက်မည့်ရက်ကို အင်္ဂလိပ်က ငြင်းဆန်နေသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး အင်္ဂလိပ်-ပြင်သစ် ပူးတွဲစစ်ဆင်ရေး၏ ပြင်သစ်တပ်မှူးက စိတ်မချမ်းမသာ ဖြစ်နေကြောင်း အဆိုပါကိုယ်စားလှယ်က ကျွန်ုပ်ကို ပြောပြသည်။

သတ်မှတ်ထားသည့်ရက်သည် နိုဝင်ဘာလ (၆)ရက်နေ့ဖြစ်၏။



www.burmeseclassic.com

သို့သော်လည်း ထိုနေ့မတိုင်မီတစ်ရက် နိုဝင်ဘာလ (၅)ရက်နေ့တွင် စူးအက် ပြဿနာကို ဆုံးဖြတ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံ ပြန်လည်ကျင်းပမည်။ ပြင်သစ် နိုင်ငံက ထိုသို့ဝင်ရောက်တပ်စွဲပြီးမှ ကုလညီလာခံတွင် တောင်းဆိုကြမည့် အလျင်အမြန် အပစ်အခတ်ရပ်စဲရေးကို လက်ခံဆောင်ရွက်လိုသည်။ ထို့ကြောင့် နှစ်ရက်မျှကြိုတင်ပြီး ချီတက်ဝင်ရောက်လိုကြ၏။ အင်္ဂလိပ်မပါဝင်ဘဲ ၎င်းတို့ချည်း ချီတက်ဝင်ရောက်နိုင်ရန် ဖြစ်နိုင်မည့် နည်းလမ်းများကို ထောက်လှမ်းလေ့လာနေကြ၏။

၎င်းတို့၏အစီအစဉ်သည် နိုဝင်ဘာလ(၄)ရက်နေ့ မနက်ခင်းတွင် ပို့ဆက်မြို့ တောင်ပိုင်းကို တက်ရောက်မည် ဖြစ်၏။ ထို့နောက် ဆိပ်ကမ်းကို သိမ်းပိုက်မည်။ ထိုနေ့ ညနေပိုင်းတွင် ကန်တာရာအရှေ့ပိုင်းကို ကျွန်ုပ်တို့က သိမ်းပေးရန် ပြင်သစ်က လိုလား သည်။ ကန်တာရာသည် တူးမြောင်းအရှေ့ဘက်ကမ်းတွင်ရှိပြီး ၎င်းတို့လေထီးတပ်သား များဆင်းမည့်နေရာ ဖြစ်၏။ ကန်တာရာသို့ ကျွန်ုပ်တို့တပ်များ ဝင်ရောက်ခြင်းဖြင့် ၎င်းတို့ လေထီးတပ်သားများ လေထီးဖြင့် ဆင်းသက်မှုကို အကာအကွယ်ပေးနိုင်မည်။ ၎င်းတို့၏ စစ်ဖြန့်မှုကို အကာအကွယ်ပေးနိုင်မည်၊ နယ်မြေအတွင်းရှိ အီဂျစ်လက်နက်ကိုင်တပ် များကို ဖိနှိပ်ထားနိုင်မည်၊

ပြင်သစ်ကိုယ်စားလှယ်က ဆက်လက်၍ အစ္စရေးစစ်ဗိုလ်များသည် ညဘက် တွင် စစ်တိုက်ခြင်းကို နှစ်သက်သဘောကျသူများ ဖြစ်ကြောင်း၊ ပြင်သစ်တို့ကမူ မိမိတို့ တစ်ဦးတည်း နေ့ခင်းဘက်တွင် တိုက်မည်ဖြစ်ကြောင်း၊ ညဘက်တွင် ကျွန်ုပ်တို့ပါဝင် တိုက်ခိုက်လာမည်ဟု သိရှိထားပြီး နေ့ပိုင်းတွင် စ၍ တိုက်ခိုက်လိုကြောင်းဖြင့် ပြောဆို သည်၊

ဤကိစ္စကို ထုံးတမ်းစဉ်လာအရ ကာကွယ်ရေးဝန်ကြီးထံသို့ တင်ပြမည်ဖြစ် ကြောင်း၊ စစ်ရေးရှုထောင့်မှကြည့်လျှင် ကျွန်ုပ်၏သဘောတူညီမှုကို အမြန်ဆုံးပေးနိုင် ကြောင်း၊ ကန်တာရာအရှေ့ပိုင်းကို မွန်းလွဲပိုင်းတွင်သော်လည်းကောင်း၊ ညပိုင်းတွင်သော် လည်းကောင်း၊ သို့တည်းမဟုတ် နောက်တစ်နေ့ မနက်ပိုင်းတွင်သော်လည်းကောင်း ပြင်သစ်တို့အတွက် အထိရောက်ဆုံး အကူအညီရစေမည့်အချိန်တွင် ဝင်ရောက်သိမ်း ပိုက်ရန် ကျွန်ုပ်တို့စီစဉ်ရမည်ဖြစ်ကြောင်းဖြင့် ကျွန်ုပ်က ပြန်လည်ပြောကြားသည်။ ထို့ပြင် ယခု ကျွန်ုပ်တို့လက်တွင်း၌ရှိနေသည့် အယ်လ်အရစ်ရှ် ကန်တာရာလမ်းမကြီးကိုသော် လည်းကောင်း၊ စူးအက်တူးမြောင်းသို့ ၎င်းတို့တပ်များ ချီတက်နိုင်ရန် ဆီနိုင်းတွင် ရှိသည့် အခြားလမ်းများကိုသော်လည်းကောင်း အသုံးပြုလိုက သုံးနိုင်ကြောင်းဖြင့် ပြင်သစ်နှင့် အင်္ဂလိပ်ကို ကျွန်ုပ်က အကြံပေးပြောဆိုသည်။

အမှန်ဆိုလျှင် ထိုကိစ္စသည် သူနှင့် မသက်ဆိုင်ပေ။ အသုံးချရေး, မချရေးကို သူ ဆုံးဖြတ်နိုင်ခြင်းမရှိချေ။ အကယ်၍ ကျွန်ုပ်တို့လက်အတွင်း၌ ယခုရှိနေသည့်လမ်း များကို ၎င်းတို့အသုံးပြုကြမည်ဆိုပါက တူးမြောင်းဒေသအတွင်းရှိ အီဂျစ်အမိက စခန်း များကို သိမ်းပိုက်ရာတွင် ၎င်းတို့ အခက်အခဲ အထူးရှိတော့မည် မဟုတ်ပါ။ ပို့ဆက်၊ ကန်တာရာ၊ အစ္စမေလီယာနှင့် စူးအက်ဒေသများသို့ ကုလသမဂ္ဂ အထွေထွေညီလာခံ မကျင်းပမီ သံချပ်ကာတပ်များနှင့် အလွယ်တကူ တက်ရောက်သိမ်းပိုက်နိုင်ကြချေမည်။





ကျွန်ုပ်၏အကြံပေးချက်နှင့်ပတ်သက်သည့် အချက်ပေါင်းများစွာကို ကျွန်ုပ်တို့ သုံးသပ်ကြသည်။ ပြင်သစ်ကိုယ်စားလှယ်သည် ကျွန်ုပ်၏တင်ပြချက်ကို ၎င်းတို့၏ စစ်ဦး စီးအား အစီရင်ခံရန် ချက်ချင်းထပြန်သွားသည်။ ၎င်းတို့၏ အပြီးသတ်ဆုံးဖြတ်ချက်ကို ညအတွင်း အသိပေးပါမည်ဟု ကတိပေးသွား၏၊

ဘင်ဂူရီယံထံသို့ ကျွန်ုပ်သွားသည်။ သက်သောင့်သက်သာနှင့် စိတ်မာတ်တက် ကြွနေသည်ကို မြင်တွေ့ရသည်။ ကျွန်ုပ်တို့နှစ်ဦး စကားပြောဆိုနေကြချိန်၌ ရှမ်အယ်လ် ရှိတ်ကို အမြန်ဆုံးသိမ်းပိုက်ရန် ဘင်ဂူရီယံက မကြာခဏ အထူးပြုပြောကြားသည်။ တင်းမာသောလက္ခဏာကိုမူမပြ။ ပြင်သစ်၏မေတ္တာရပ်ခံချက်ကို ဘင်ဂူရီယံက ချက်ချင်း ပင် လိုက်လိုက်လှဲလှဲလက်ခံလိုက်သည်။ ကန်တာရာအကြောင်းကို ပြန်ပြောပြသည်။ ပထမကမ္ဘာစစ်အတွင်းက ကန်တာရာတွင် ညီလာခံတစ်ရပ်ကျင်းပခဲ့ရာ ဘင်ဂူရီယံ သည် ဂျူးတပ်ရင်းများ၏ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့၏။ နှစ်ပေါင်း (၄၀)ကြာခဲ့ပြီ ဖြစ်လင့်ကစား ထိုညီလာခံ၌ ကိုယ်စားလှယ်များ ပြောဆိုကြသည့်စကားများကို သူ အတိ အကျမှတ်မိနေသေးသည်။

စစ်သေနာပတိဌာနချုပ်သို့ ကျွန်ုပ်ပြန်လာ၏၊ ပြင်သစ်တို့၏မေတ္တာရပ်ခံချက် ကိုသဘောတူညီကြောင်း၊ စောစောပိုင်းက ကျွန်ုပ်ပြောဆိုခဲ့မှုကို အတည်ပြုလိုက်ပြီဖြစ် ကြောင်းဖြင့် ကျွန်ုပ်က အကြောင်းကြားလိုက်၏။ ကျွန်ုပ်တစ်ဦးတည်းအနေဖြင့် ပြောဆိုရ လျှင် ၎င်းတို့၏အစီအစဉ်သည် ထိရောက်နိုင်မည်မဟုတ်ပေ။ အခြေအနေသည် များစွာ ရှုပ်ထွေးလှ၏။ အင်္ဂလိပ်-ပြင်သစ်တို့၏ စူးအက်တူးမြောင်းစစ်ဆင်ရေးသည် စစ်ရေးပေါ် တွင် အခြေတည်သည်ထက် နိုင်ငံရေးပေါ်တွင် ပို၍ အခြေတည်လေသည်။ စစ်ရေးအရ ကြည့်လျှင် ၎င်းတို့အနေဖြင့် အီဂျစ်စစ်တပ်များအပေါ် အောင်ပွဲခံရန်လည်းကောင်း၊ စူးအက်တူးမြောင်းကို သိမ်းပိုက်ရန်လည်းကောင်း ဘာမှ အခက်အခဲမရှိချေ။ သို့သော် နိုင်ငံရေးအရကြည့်လျှင် ၎င်းတို့သည် အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ယူနီယံတို့နှင့် ရင်ဆိုင်ကြရမည်။ ယနေ့ထက်တိုင်အောင် ပြင်းထန်စွာဆန့်ကျင်နေသည်။ ဗြိတိသျှနိုင်ငံ အတွင်းမှာပင် ပြည်သူလူထုက ကန့်ကွက်နေကြ၏။ ပြင်သစ်က အကြံပေးသည့်အတိုင်း အင်္ဂလိပ်က ကျွန်ုပ်တို့နှင့်အတူ ဆောင်ရွက်မှုကို သဘောတူညီလိမ့်မည်ဟု ကျွန်ုပ် မထင် မိပါ။ အီဂျစ်နှင့် ကျွန်ုပ်တို့ကို ပေးသည့် ရာဇသံပေါ်အခြေခံပြီး ဤစစ်ဆင်ရေးအတွင်းသို့ သူတို့ဝင်ရောက်လာကြခြင်း ဖြစ်သည်။

တူးမြောင်းကို ထိန်းသိမ်းထားရန်နှင့် ထိုဒေသ၌ အီဂျစ်နှင့်ကျွန်ုပ်တို့ တိုက်ခိုက် နေခြင်းကို ဟန့်တားရန်မျှသာ ဖြစ်သည်။ တူးမြောင်းအနီးသို့ ကပ်မလာရန် အီဂျစ်နှင့် ကျွန်ုပ်တို့ကို တောင်းဆိုလေ၏။ ထို့ကြောင့် တူးမြောင်း၏ အရှေ့ဘက်ကမ်းပါးပေါ်တွင် တည့်တည့်ကြီးကျရောက်နေသည့် ကန်တာရာအရှေ့ခြမ်းအား ကျွန်ုပ်တို့ သိမ်းပိုက်ခြင်းကို မည်သည့်နည်းဖြင့် သဘောတူညီနိုင်ပါမည်နည်း။ စူးအက်တူးမြောင်းဆီသို့ ကျွန်ုပ်တို့ ချီတက်မှုကို ဟန့်တားရန် စစ်ရေးအရ ဝင်ရောက်ဆောင်ရွက်ခြင်း ဖြစ်ပါသည်ဟု ကမ္ဘာကို တင်ပြထားပြီးမှ ကျွန်ုပ်တို့နှင့် ပူးတွဲပြီး စစ်ဆင်ခြင်းကို မည်သည့်နည်းဖြင့် လက်ခံနိုင်ပါ မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

နာရီအနည်းငယ်အကြာတွင် ၎င်းတို့၏မေတ္တာရပ်ခံချက်ကို ဖျက်သိမ်းလိုက်ကြောင်း ပြင်သစ်က အကြောင်းကြားသည်၊ ကျွန်ုပ် မအံ့ဩတော့ပါ။ အင်္ဂလိပ်မပါဘဲ ၎င်းတို့ ဆောင်ရွက်နိုင်တော့မည် မဟုတ်ကြောင်း သိသာလာ၏။ အင်္ဂလိပ်ကလည်း ၎င်းတို့၏ "သဘော်တစ်ရာ စီမံကိန်း" ကို လက်လွှတ်ရန် မည်သို့မျှ ပြင်ဆင်ခြင်းမပြု။ ပြင်သစ်ကပါ အစ္စရေးနှင့် မည်သို့သောစစ်ရေးအဆက်အသွယ်ကိုမျှ မပြုလုပ်ရန် ပြုလုပ်လာရသည်၊ အစ္စရေးလက်နက်ကိုင်တပ်များသည် တူးမြောင်းသို့ ဥပဒေမဲ့ချဉ်းကပ်လာကနေရာ တူးမြောင်းကြီးမှ ဆယ်မိုင်ကွာကို ဖြတ်သန်းလျှင် အစ္စရေးတို့ အင်္ဂလိပ်တပ်များက ပစ်ခတ်တိုက်ခိုက်ရမည်ဟု ဗြိတိသျှစစ်ဦးစီးချုပ်က ဆိုလေသည်။

ဤအချက်သည် ဗြိတိသျှတို့၏ နိုင်ငံရေးခံယူချက်သာမဟုတ်။ လက်တွေ့အရလည်း ၎င်းတို့ ထိုအတိုင်း ဆောင်ရွက်ရမည်သာဖြစ်၏။ ယနေ့နံနက် ဗြိတိသျှလေယာဉ်ပျံတစ်စင်း ကန်တာရာပေါ်တွင် ပစ်ချခံရသည်။ လေယာဉ်မှူးသည် လေထီးဖြင့် ခုန်ဆင်းနိုင်ခဲ့သော်လည်း ထိုလမ်းကြောင်းကို သိမ်းပိုက်ထားသည့် ကျွန်ုပ်တို့၏ သံချပ်ကာတပ်ဖွဲ့တစ်ခုနှင့် မိုင်အနည်းငယ်ကွာသောနေရာသို့ ကျလာသည်၊ လေထီးကျသည်ကို မြင်သော ကျွန်ုပ်တို့တပ်သားများက အကူအညီပေးရန် အပြေးအလွှားသွားကြသည်၊ ဗြိတိသျှလေယာဉ်မှူးသည် ကျွန်ုပ်တို့မော်တော်ကား၏ ရှေ့တည့်တည့်တွင်ကျလာပြီး စက်သေနတ်နှင့် ဆီးပစ်သည်။ သဘောထားမှာ ရှင်းပါ၏။ ကျွန်ုပ်တို့တပ်များက လှည့်ပြီး ပြန်လာကြသည်။ မကြာမီ ဗြိတိသျှရဟတ်ယာဉ်တစ်စင်း ရောက်လာပြီး အဆိုပါလေယာဉ်မှူးကို ပြန်သယ်သွားသည်။

အင်္ဂလိပ်နှင့် ပြင်သစ်တပ်များသည် တူးမြောင်းအတွင်းသို့ ဝင်ရမည့်ရက်တွင် ချီတက်မလာသောကြောင့် ကျွန်ုပ် များစွာဝမ်းနည်းမိပါ၏။ ကုလသမဂ္ဂရှိ ကျွန်ုပ်တို့ကိုယ်စားလှယ်များထံမှ ကြေးနန်းများမှာ အဆက်မပြတ်ရရှိနေသည်၊ ထိုကြေးနန်းများအရ စူးအက်ပြဿနာနှင့် ပတ်သက်ပြီး စစ်ရေးအရ ဆောင်ရွက်လုပ်ကိုင်မှုများအပေါ်တွင် ဆန့်ကျင်ကြခြင်းသည် သာမန်မျှသာ မဟုတ်တော့။ ပို၍ပို၍ ကြီးကျယ်ပြင်းထန်လာကြောင်း သိရှိရလေသည်။ နိုဝင်ဘာ (၆) ရက်နေ့ရောက်ပြီး အင်္ဂလိပ်နှင့် ပြင်သစ်တို့ စူးအက်ဒေသသို့ စတင်ချီတက်လာသောအခါတွင်မှ ကျွန်ုပ်တို့၏ စစ်ဆင်ရေးကြီး ပြီးဆုံးတော့မည် ဖြစ်ကြောင်းကိုသာ ကျွန်ုပ် မျှော်လင့်ရပါတော့သည်။

✡

အယ်လ်အရစ်ရှ်မှ ကျွန်ုပ်ပြန်ရောက်လျှင်ရောက်ချင်း ဘင်ဂူရီယံကို သွားတွေ့သည်၊ သူသည် တုပ်ကွေးဖြစ်ရာမှ ယခု ပျောက်ကင်းပြီး များစွာ စိတ်အားထက်သန်နေသည်ကိုပါ တွေ့ရ၏။ ရာဖာနှင့် အယ်လ်အရစ်ရှ်တိုက်ပွဲများအကြောင်းနှင့် အခြားစစ်မျက်နှာများ၌ ဖြစ်ပွားပေါ်ပေါက်နေသည်များကို ကျွန်ုပ်အား မေးမြန်းတော့သည်။ လေတပ်ဦးစီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သံချပ်ကာယန္တရားတပ်မှူးနှင့် လေထီးတပ်မဟာမှူးများကို တစ်ဦးချင်း သီခြားတွေ့ဆုံလိုကြောင်းပြော၏။ ၎င်းတို့ တပ်ဖွဲ့များ၏ တိုက်ပွဲများအကြောင်းကို တိုက်ရိုက်နားထောင်နိုင်မည်ဖြစ်၏။





ကိစ္စပေါင်းများစွာနှင့် ပတ်သက်သော ဘင်ဂူရီယံ၏ညွှန်ကြားချက်များကို ကျွန်ုပ် ကြားရ၏။ ကုလသမဂ္ဂလေ့လာရေးအဖွဲ့များ ဂါဇာကမ်းမြောင်ဒေသသို့ ပြန်လာခွင့်ပြုရန် ကုလသမဂ္ဂယာယီအပစ်အခတ် ရပ်စဲရေးကြီးကြပ်မှုအဖွဲ့မှ ဗိုလ်ချုပ်ကြီးဘန်းစ်ကတောင်းဆိုသည်။ ပြန်လာခွင့်မပြုရန် ဘင်ဂူရီယံက ကျွန်ုပ်အား ညွှန်ကြားလေသည်။ ကုလသမဂ္ဂတပ်များကို အာရပ်ဒုက္ခသည်များစခန်းဖြင့်သာ ဆက်ဆံခွင့်ပြုမည်။

သို့သော်လည်း အပစ်အခတ်ရပ်စဲမှုကို ကြီးကြပ်ခွင့်မပြု။

"အီဂျစ်နဲ့အစ္စရေးကြားမှာ အပစ်အခတ်ရပ်စဲမှု မရှိဘူး၊ အပစ်အခတ်ရပ်စဲရေးမျဉ်းကြောင်းကိုလဲ ကျုပ်တို့က အသိအမှတ်မပြုဘူး၊ ဆီနိုင်းကျွန်းဆွယ်ထဲမှာ ကျုပ်တို့လက်နက်ကိုင်တပ်တွေရှိနေတာပဲ၊ ကုလသမဂ္ဂလေ့လာရေးအဖွဲ့ဝင်တွေက ဘာကိုကြီးကြပ်ကြမှာလဲ"ဟု ဘင်ဂူရီယံက ပြောသည်။ "ဆီနိုင်းတွင် ကျွန်ုပ်တို့တပ်များ ဆက်လက်ရှိနေရန် မည်သည့်အခွင့်အလမ်းများ ရှိပါသနည်း" ဟု ကျွန်ုပ်က ပြန်မေး၏။ ဆက်လက်နေနိုင်လိမ့်မည်ဟု ထင်သော်လည်း မသေချာကြောင်းဖြင့် ဘင်ဂူရီယံက ဖြေ၏။

ဤကိစ္စကို ဂျေရုဆလင်ကိစ္စကဲ့သို့ တန်းတူသဘောထားပြီး မစဉ်းစားနိုင်ကြောင်းဖြင့်လည်း ပြော၏။ ဂါဇာရှိ အီဂျစ်ဒုက္ခသည်များကို အိမ်နီးချင်း အာရပ်နိုင်ငံများသို့ ပြောင်းပေးပို့ရေးနှင့် ပတ်သက်၍ ဘင်ဂူရီယံက လုံးဝ လက်မခံ။ ကျွန်ုပ်ကလည်း ထိုသဘောထားအတိုင်းပင် ရှိ၏၊ ဂါဇာကမ်းမြောင်ဒေသတွင်ရှိသော အာရပ်ဒုက္ခသည်များ ပြဿနာကို ဖြေရှင်းပေးနိုင်ရန် မဖြစ်၊ သူတို့ကို လီဘာနွန်၊ ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံများသို့ ထိုနိုင်ငံများ၏လက်ခံခွင့်ပြုချက်အရ ပေးပို့ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်ချေမည်။

ဗြိတိသျှသင်္ဘောများသည် ရှမ်အယ်လ်ရှိတ်အနီးတွင် ကင်းလှည့်နေကြသည်ကို ကျွန်ုပ်က ပြောပြပြီး ဆက်လက်၍ အဆိုပါသင်္ဘောများက ကျွန်ုပ်တို့တပ်များကို အမြောက်နှင့် ပစ်ခတ်တိုက်ခိုက်မည်ဟု ထင်မြင်ယူပါသလားဟု ကျွန်ုပ်က မေး၏။ ဗြိတိသျှအကြောင်းကို မိမိမသိကြောင်း၊ သို့သော် ဗြိတိသျှနိုင်ငံခြားရေးဌာန၏အကြောင်းနှင့်ပတ်သက်၍မူ မည်သည့်အရာကိုမဆို ယုံကြည်ရန် မိမိပြင်ဆင်ထားကြောင်းဖြင့် ပြန်ဖြေသည်။ သူ့အခန်းမှ ကျွန်ုပ် ထွက်ခွာမလာမီ ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် ဖြစ်ပေါ်နေသည့်အခြေအနေများနှင့် ပတ်သက်၍ အခြားအရာရှိများနှင့် ဆက်လက်လုပ်ကိုင်ရင်း ပြောဆိုသော ဘင်ဂူရီယံ၏စကားကို ကျွန်ုပ် ကြားခဲ့ပါသည်။

"ဘာဖြစ်လို့ ခင်ဗျားတို့ ဒါလောက်တောင် သောကရောက်နေကြတာလဲ၊ နယူးယောက်မှာ သူတို့ထိုင်နေကြတာ ကြာသလောက် ကျုပ်တို့လဲ ဆီနိုင်းမှာရှိမှာပဲ၊ အခြေအနေမဆိုးပါဘူး" ဟု ဘင်ဂူရီယံက ပြော၏။

အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည့် အလုပ်သည် ရှမ်အယ်လ်ရှိတ်ကို သိမ်းပိုက်ရန်ဖြစ်သည်။ ယင်းတာဝန်ကို ထမ်းဆောင်ရန် လွှဲအပ်ထားသည့် အမှတ်(၉)တပ်မဟာသည် နိုဝင်ဘာ (၂)ရက်နေ့ မနက် (၀၅း၀၀)နာရီက ရုပ်ခင်နကက်မှ ထွက်ခွာသွား၏။ အက္ကာဘာ ပင်လယ်ကွေ့အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းအတိုင်း တောင်ဘက်သို့ ချီတက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အဆိုပါခရီးသည် ရှမ်အယ်လ်ရှိတ်သို့ မိုင်ပေါင်း (၂၅၀) မျှမက ဝေးကွာရှည်လျား၏။ [အစ္စရေးပြည်တွင်း၌ မိုင်ပေါင်း (၆၀)ခန့် ဝါဝင်သည်] ပထမတစ်ရက်တည်းမှာပင် မိုင်ပေါင်း (၉၀) ခရီးပေါက်အောင် ချီတက်နိုင်ခဲ့၏။ ထိုခရီးသည် အလွန်ကြမ်းတမ်းသော ခရီးတစ်ဆစ်ပင် ဖြစ်၏။ နေရာအများအပြားတွင်လည်း ကျော်ဖြတ်ရန်မလွယ်ကူသည့် သဲညှံ့များ၊ တောင်ကုန်းများ ရှိနေ၏။

အထက်ဖော်ပြပါ လမ်းပန်းအခက်အခဲကြောင့်ချီတက်ရာတွင် ခရီးမတွင်နိုင်သည့် အချက်အပြင် အခြားစိတ်ပူဖွယ်ရာ အချက်လည်းရှိသေး၏။ ထိုအချက်သည် စစ်ထွက်သွားသည့် ကျွန်ုပ်တို့၏တပ်မဟာကို မည်ကဲ့သို့ အကူအညီပေးနိုင်မည်နည်းဟူသောအချက်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့၏ သံချပ်ကာတပ်နှင့် လေတပ်၏ အကူအညီကို ရမည်ဆိုလျှင် ဆောင်ရွက်ရမည့်တာဝန်များကို အကောင်အထည်ဖော်ခဲ့နိုင်ပါမည်။ အမှတ် (၉) တပ်မဟာတွင်မူ သံချပ်ကာခွဲထုတ်တပ် ပူးတွဲပေးထားခြင်းမရှိ။ ရေတပ်မတော်က သယ်ယူလာရမည့် အပေါ့စား တင့်ကားငယ်များသည်လည်း ယခုရောက်မလာသေးချေ။ လေတပ်အနေဖြင့် ထိုဒေသတွင် ကူညီတိုက်ခိုက်ပေးရေးမှာ အလွန်ခက်ခဲကျဉ်းကျပ်လှ၏။ ကျွန်ုပ်တို့၏ အခြေစိုက်စခန်းနှင့်များစွာ ကွာဝေးနေလေရာ ထိုဒေသသို့ ရောက်သွားမည့် ကျွန်ုပ်တို့၏ လေယာဉ်ပျံများသည် (၅)မိနစ်မှ (၈)မိနစ်အထိသာ တိုက်ခိုက်နိုင်ပါတော့မည်။

ရှမ်အယ်လ်ရှိတ်တွင် မည်မျှအထိ အင်အားကောင်းသောတပ်များ ချထားသည်ကိုလည်း ကျွန်ုပ်တို့မသိ။ သို့သော်လည်း ၎င်းတို့အတွက် ထွက်ပေါက်နှင့်ဆုတ်ခွာနိုင်သည့်လမ်းကို ပိတ်ဆို့ထားခြင်းအားဖြင့် ပြင်းထန်သော လုံးထွေးတိုက်ခိုက်မှုများကို ပိုမိုပြင်းထန်စေပါမည်။ ထိုဒေသရှိတပ်များကို လာရောက်သယ်ယူပြီး ဆော်ဒီအာရေဗျသို့ ပို့ပေးမည့် အီဂျစ်သင်္ဘောများကို ဖုံးကြဲနှစ်မြှုပ်ပစ်ရန် ကျွန်ုပ်တို့ လေတပ်မတော်အား အမိန့်ပေးထားသည်။ ထိုအတွက် ကျွန်ုပ် ဝမ်းနည်းမိသည်။ ထောင်ပေါင်းများစွာသော အီဂျစ်စစ်သံ့ပန်းများကို ဖမ်းဆီးခြင်းအားဖြင့် ဘာအကျိုးရှိမည်နည်း။ ရှမ်အယ်လ်ရှိတ်မြို့သို့ အစ္စရေးစစ်တပ်များ ရောက်သွားသောအခါ ရန်သူစစ်သားများ မရှိတော့သောမြို့ဟာလာဟင်းလင်းကြီးကိုသာ ကျွန်ုပ်တို့အနေဖြင့် ကြုံတွေ့စေချင်ပါသည်။ ကျွန်ုပ်တို့၏ ယုံကြည်ချက်သည် တိုင်ရန်ရေလက်ကြားကို လုံခြုံစွာ ထိန်းချုပ်ထားနိုင်ရန်သာ ဖြစ်၏။ အီဂျစ်စစ်တပ်နှင့် စစ်ရေးအားပြိုင်ရန် မဟုတ်။ ရှမ်အယ်လ်ရှိတ်ကို တိုက်ရန် သတ်မှတ်ထားသည့် ကျွန်ုပ်တို့တပ်၏အင်အားကို ဖြည့်စွက်ပေးရန် ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်သည်။

တပ်မဟာ(၉)က မြောက်ဘက်ဆီမှ ချီတက်တိုက်ခိုက်လာနေစဉ် လေထီးတပ်မဟာတပ်ဖွဲ့များက တောင်ဘက်ပိုင်းမှနေ၍ တိုက်ခိုက်မည်။ ထို့ကြောင့် မစ်တလာနခါလ်လမ်းကို ကူစီမာတွင်ရှိနေသည့် ခြေလျင်တပ်မဟာ(၄)ကို လွှဲပြောင်းပေးအပ်ခဲ့ရန်နှင့် တောင်ပိုင်းသို့ ဦးတည်ချီတက်ရန် လေထီးတပ်သားများအား အမိန့်ပေးလိုက်သည်။ အစီအစဉ်အရ နိုဝင်ဘာ (၂)ရက်နေ့ညတွင် လေထီးတပ်ရင်းသည် ပတ်ကားကျောက်တိုင်မှခွာလာရမည်။ ရပ်စ်စူဒါအဘူဇနီမာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် တောင်ဘက်သို့ ချီတက်ရမည်။





ထိုလမ်းသည် ဈေးအက်ကွေ့ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက် တည်ရှိသောလမ်းဖြစ်၏။ တစ်ချိန်တည်း၌ အခြားတပ်ရင်းတစ်ခုမှ ခွဲထုတ်တပ်တစ်တပ်ကို တော်လေယာဉ်ပျံကွင်းတွင် လေထီးဖြင့်ချပေးရမည်။ အလားတူပင် ကျွန်ုပ်တို့၏ ခြေလျင်တပ်ရင်းတစ်ခုကိုပါ ပို့ပေးရမည်။ ထိုနည်းအားဖြင့် တော်တွင်ရှိသည့် အီဂျစ်တပ်များကို ကောင်းစွာ အငိုက်ဖမ်းနိုင်မည်ဖြစ်ပြီး ၎င်းတို့အတွက် စစ်ကူများရောက်မလာမီတွင် ကျွန်ုပ်တို့က သိမ်းပိုက်လိုက်နိုင်မည် ဖြစ်၏။

ပတ်ကားကျောက်တိုင်မှ ရပ်စ်စူဒါသို့ မိုင် (၃၀)ဝေးကွာပြီး ခက်ခဲသော မြေအနေအထားလည်း ဖြစ်၏။ ရပ်စ်စူဒါမှတော်သို့ (၁၀၅)မိုင်ဝေးပြီး ထိုခရီးကမူ ကတ္တရာလမ်းခင်းကျင်းထားသဖြင့် လမ်းကောင်းဖြစ်၏။ ထိုလမ်းအတိုင်း ချီတက်လျှင် လေထီးတပ်များသည် ရှမ်အယ်လ်ရှိတ်သို့ တပ်မဟာ(၉)နှင့် တစ်ချိန်တည်း မရောက်နိုင်ဟူသည်မှာမဖြစ်နိုင်တော့ချေ။ စော၍ပင် ရောက်ရတော့မည်။ ထို့ကြောင့် မြန်နိုင်သမျှ အမြန်နိုင်ဆုံး တပ်မဟာ(၉)သို့ လေယာဉ်ဖြင့်သွားပြီး တပ်မှူးနှင့် တိုက်ရိုက်ပြောဆိုဆွေးနွေးရန်မနေ့က ကျွန်ုပ်က ဆုံးဖြတ်လိုက်သည်။ အကယ်၍ အရာအားလုံး အစီအစဉ်အတိုင်းဖြစ်ပေါ်ပြီး တော်ကို ထိုညမှာပင် သိမ်းပိုက်ရရှိမည်ဆိုပါက လေထီးတပ်သားများကိုတွေ့ဆုံရန် ဆက်လက်သွားရချေဦးမည်။ အပစ်အခတ်ရပ်စဲရန် ကျွန်ုပ်တို့အပေါ် ဖိနှိပ်မှုသည် အချိန်ရှိသမျှ ပိုမိုပြင်းထန်လာ၏။ နေ့စဉ်နေ့တိုင်း တိုက်ခိုက်နေရခြင်းများသည်လည်း ကျွန်ုပ်တို့အဖို့ ကြီးမားသော နိုင်ငံရေးအခက်အခဲကြီးများကို ကြုံတွေ့နေရစေသည်။ ထို့ကြောင့် အစစအရာရာကို အမြန်ဆုံးလုပ်ရမည်။ စစ်ဆင်ရေးကြီး ပြီးဆုံးနိုင်ရန် အမြန်ဆုံးကြိုးစားကြရတော့မည်။ ထိုကိစ္စများနှင့်ပတ်သက်ပြီး တပ်မှူးများကို အမိန့်ပေးရတော့မည်ဖြစ်လေရာ ၎င်းတို့နှင့် ကျွန်ုပ် တွေ့ဆုံရန် လိုအပ်ပါသည်။

စစ်ဦးစီးအဖွဲ့အစည်းအဝေးကို ညသန်းခေါင်တွင် ကျွန်ုပ် ခေါ်ယူကျင်းပ၏။ စစ်ဆင်ရေးမစမီက ကျင်းပခဲ့သည့် ကျွန်ုပ်တို့၏ အစည်းအဝေးပြုလုပ်ပြီး၊ ယခုတစ်ဖန်ကျင်းပသော အစည်းအဝေးသည် စစ်ဆင်ရေးပြီးဆုံးစေမည့် အစည်းအဝေးပင် ဖြစ်လေသည်။ ဆီနိုင်းနယ်မြေတွင် သိမ်းပိုက်ရယူထားသော နယ်မြေများကို တာဝန်ယူတပ်စွဲထိန်းသိမ်းနေသည့် အရပ်တပ်များအားလုံးကို နှစ်ရက်သုံးရက်အတွင်း အနားပေးနိုင်ပါတော့မည်။ ၎င်းတို့၏နေရာတွင် သံချပ်ကာယန္တရားတပ်များ၊ လေတပ်မတော်နှင့် အပေါ့စားမော်တော်ယာဉ်များနှင့် တွဲဖက်ပေးထားသည့် ကင်းလှည့်တပ်ဖွဲ့များက နေရာဝင်ယူပြီး ဆီနိုင်းကျွန်းဆွယ်ကြီးကို ထိန်းသိမ်းထားတော့မည်။

အခြား ပြဿနာတစ်ခုသည် ဖမ်းဆီးရမိသည့်ရန်သူ၏လက်နက်ပစ္စည်းများကို အမြန်ဆုံး စုစည်းယူရန် ဖြစ်၏။ ဆုတ်ခွာသွားကြသည့် အီဂျစ်တပ်များသည် များပြားလှသည့်စစ်လက်နက်ပစ္စည်းများကို ၎င်းတို့ ကာကွယ်ထားသည့် စခန်းများအတွင်းတွင်လည်းကောင်း၊ ဆုတ်ခွာသွားသည့် လမ်းတစ်လျှောက်တွင်လည်းကောင်း ချထားပစ်ခဲ့ကြသည်။ ဆီနိုင်းကျွန်းဆွယ်ကြီး တစ်ခုလုံးသည် ဘီဒွင်လူမျိုးများ၊ ထွက်ပြေးနေကြသည့် အီဂျစ်စစ်သားများဖြင့် ပြည့်နေ၏၊ လက်နက်များ၊ ခဲယမ်းမီးကျောက်များ အများအပြားကို ကုလားအုတ်များနှင့် သယ်ယူလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘီဒွင်လူမျိုးများအား ကျွန်ုပ်တို့တပ်များက နှစ်ကြိမ်တိုင်တိုင် ဖမ်းဆီးမိလိုက်သည်။ အစောင့်ချထားသည့် ဝင်းအတွင်း၌ ရန်သူ့ လက်နက်များကို စုဆောင်းသိမ်းဆည်းထားရန် ကျွန်ုပ်တို့ ပြင်းပြင်းထန်ထန် ကြိုးစားကြရတော့မည်။

ကျွန်ုပ်တို့ဘက်က ထိခိုက်ကျဆုံးသူအရပ်ရပ်၏ စာရင်းမှာ ကျဆုံးသူ (၁၀၀)ကျော်၊ ဒဏ်ရာရသူ (၇၀၀)ကျော်ဖြစ်၏။ ဖျားနာ၍သေသူများ၊ မော်တော်ကားချင်းတိုက်မိသောကြောင့် သေသူများပါ ထိုစာရင်းတွင် ပါဝင်သည်။ အီဂျစ်ဘက်က အကျအဆုံးကိုမူ ကျွန်ုပ်တို့ မသိသေးချေ။ ကျွန်ုပ်တို့တပ်များက ကျဆုံးသည့်ရန်သူအလောင်းကို ရေတွက်မကြည့်။ သတင်းလည်း မပို့။ စစ်သုံ့ပန်းအနေဖြင့်လည်း ကျွန်ုပ်တို့တပ်များက အားလုံးကို လက်ခံခြင်းမဟုတ်။ အချို့တစ်ဝက် လက်ခံထားရာမှာပင် စစ်သုံ့ပန်းထောင်ပေါင်းများစွာ ဖြစ်နေ၏၊ သူတို့အတွက် မည်ကဲ့သို့ ဖြေရှင်းပေးရမည်နည်း။

သို့တည်းမဟုတ် အိုးအိမ်နေရာချထား ပေးရမည်လော၊

ကျွန်ုပ်တို့ ဘာမျှ ပြတ်ပြတ်သားသား မဆုံးဖြတ်ရသေး၊

မည်သို့ဆိုစေ ယခုအချိန်သည် ခြောက်သွေ့သော ရာသီဥတုဖြစ်သဖြင့် အဆိုပါသုံ့ပန်းများကို အကာအရံမရှိဘဲ ထားနိုင်ပါသည်။ ၎င်းတို့ကို ကျွန်ုပ်တို့တပ်များက ဆက်ဆံမှုမှာကောင်းမွန်ကြောင်း၊ ၎င်းတို့အား အစ္စရေးစစ်တပ်ရိက္ခာများကို ကျွေးမွေးနေသည့် အချက်တစ်ခုသာလျှင် ကလဲ့စားချေသည့် ပုံသဏ္ဌာန်မျိုးဖြစ်နေကြောင်းဖြင့် တပ်ထောက်ချုပ်က ကျွန်ုပ်အား ပြောပြသည်၊

✡

ယနေ့မနက် တပ်မဟာ (၉)နှင့် လေထီးတပ်သားများထံသို့ ဒါကိုတာလေယာဉ်ပျံဖြင့် ကျွန်ုပ်ထွက်ခွာလာခဲ့သည်။ ရန်သူတိုက်လေယာဉ်ပျံများ မမြင်တွေ့ရန်နှင့် နယ်မြေဒေသအခြေအနေကို အနီးကပ် ကြည့်နိုင်ရန် လေယာဉ်ပျံကို ခပ်နိမ့်နိမ့်ပင် ပျံသန်းလာစေခဲ့၏၊ အီလတ်မြို့၏ တောင်ဘက် မိုင်(၉၀)ကွာ၊ ရှမ်အယ်ရှိတ်၏ မြောက်ဘက်မိုင်(၄၀)အကွာ ဒါဟတ်ရွာအနီးတွင် တပ်မဟာ (၉)၏ မော်တော်ကားတန်းကြီးကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိသည်။ တပ်မဟာမှူးကို ရေဒီယိုဖြင့် ကျွန်ုပ် ဆက်သွယ်သည်၊ ဒါဟတ်တိုတပ်မဟာကင်းထောက်တပ်ခွဲက ယနေ့မနက်မှာပင် သိမ်းပိုက်လိုက်၏၊ အီဂျစ်ယာဉ်တင်နယ်ခြားစောင့်တပ်ရင်း၏ ဘီဒွင်တပ်ဖွဲ့ ခဏကြာတိုက်ခိုက်ရခြင်း ဖြစ်၏။

ကျွန်ုပ်တို့ဘက်မှ သုံးဦးကျပြီး သုံးဦးဒဏ်ရာရသည်။ အီလတ်မြို့မှတစ်ဆင့် ရေတပ်က တင်ပို့ပေးလိုက်မည်ဖြစ်သော ဓာတ်ဆီများကို စစ်ကြောင်းက စောင့်ဆိုင်းနေ၏။ ရှေ့ပြေး ခွဲထုတ်တပ်ကမူ တောင်ဘက်သို့ ဆက်လက်ချီတက်နေ၏၊ ရှမ်အယ်လ်ရှိတ်ကို အမြန်ဆုံးသိမ်းရေးမှာ လိုအပ်လျက်ရှိကြောင်း တပ်မဟာမှူးကို ကျွန်ုပ်က ထပ်မံတိုက်တွန်း၏။ ဖြစ်နိုင်သည့်အရာတိုင်းကို သူလုပ်မည်ဖြစ်ကြောင်းတို့ ကျွန်ုပ်သံသယမဖြစ်ပါ။ သို့သော်လည်း ထိုသို့ ကျွန်ုပ် လှည့်လည်ကြည့်ရှုခြင်း၊ တပ်မဟာမှူးနှင့် စကားပြောရခြင်းများကြောင့် ကျွန်ုပ်၏ပူပင်သောကကား ပျောက်ကွယ် အေးငြိမ်းမသွားပါချေ။





ချီတက်ရမည့်လမ်းသည် ကျွန်ုပ်တို့မျှော်လင့်ထားသည်ထက် ပိုမိုခက်ခဲနေ၏။ ရှေ့တွင် မည်သည့်အခက်အခဲများ ရှိနေသေးသည်ကို မည်သူမျှမသိ။ ထိုမျှမက ကျွန်ုပ်တို့တပ်မဟာသည် အီဂျစ်စစ်သားများနှင့် ရင်ဆိုင်နေရပြီဖြစ်၏။ ရှမ်အယ်လ်ရှိတ်တပ်မှူးသည် ကျွန်ုပ်တို့ချီတက်လာသည်ကို သတိထားစောင့်ကြည့်နေပြီး လမ်းကြောင်းကိုပိတ်ဆို့ထားနိုင်ရန် ကြိုးစားမည်သာဖြစ်၏။ လေယာဉ်ပျံပေါ်မှ မြင်တွေ့ရသော အခြေအနေများအရ မည်သည့်အရာမျှ လွယ်ကူမည်မဟုတ်ကြောင်း ကျွန်ုပ် ကောက်ချက်ချမိပါသည်။ တောင်ကျချောင်းတစ်လျှောက် ကျဉ်းမြောင်းလှသည့် လမ်းကြောင်းသည် လည်းကောင်း၊ ရှေ့တွင်တွေ့မည့် တောင်ဘက်သည် တောင်နှင့်ပင်လယ်ကားလမ်းကြောင်းသည်လည်းကောင်း ကျွန်ုပ်တို့တပ်များ ထိုလမ်းကျဉ်းမှ ထွက်နိုင်ရန် အကြောင်းမမြင်မိချေ။

အဆိုပါလမ်းကျဉ်းကလေးကို ပိတ်ဆို့ရန်အတွက် အီဂျစ်တပ်များအဖို့ အစစအရာရာဖြစ်နိုင်နေသည်။ မိုင်းဖုံးများ၊အမြောက်ကြီးများ၊ တင့်ကားဖျက်အမြောက်ကြီးများ၊ သဲအတွင်း၌ မောင်းနှင်နိုင်သည့် ဘရင်းကယ်ရီယာများစသည်ဖြင့် လက်နက်ပစ္စည်းကလည်း အပြည့်အစုံဖြစ်နေ၏။

တပ်မဟာ (၉)၏ အခြေအနေကို ကျွန်ုပ်တို့ မပြောင်းလဲနိုင်တော့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့အတတ်နိုင်ဆုံး လေတပ်အကူအညီကို အစွမ်းကုန် ကြိုးစားပေးရတော့မည်။ ထိုနည်းတူစွာ ရှမ်အယ်လ်ရှိတ်ကို တောင်ပိုင်းမှနေ၍ တစ်ချိန်တည်းတွင် လေထီးတပ်များဖြင့် ဝင်တိုက်ပေးရမည်။

ဒါဟတ်မှနေ၍ အနောက်ဘက်သို့ ကျွန်ုပ်တို့ ပျံသန်းလာခဲ့သည်။ ဆီနိုင်းအလယ်ပိုင်းရှိ တောင်မြင့်ကြီးများကို ကျော်တက်ပြီး စူးအက်ကွေ့ရှိ တော်လေယာဉ်ပျံကွင်း၌ ဆင်းသက်ခဲ့သည်။ တောင်များသည် အလယ်ပိုင်းတွင် ပေ (၆၅၀၀) မျှမကထိုးမြင့်နေ၏။ ပိရမစ်အဆောက်အအုံကဲ့သို့ ကျောက်ဆောင်ကြီးများ အများအပြားထိုးထွက်နေသည်ကို လေယာဉ်ပျံပေါ်မှ မြင်တွေ့ရ၏။ ပင်လယ်ကမ်းခြေတစ်လျှောက်ကြိုက်ပုံသဏ္ဌာန်ရှိသောနေရာတွင်သာ ကမ်းမြောင်ဒေသ၏ သဲပြင်နှင့်မြေပြန့်ကို တွေ့မြင်ရလေသည်။ တော်မြို့ကို လေထီးတပ်ခွဲနှစ်ခုက ညအတွင်းမှာပင် သိမ်းပိုက်လိုက်ကြ၏။ အဆိုပါ လေထီးတပ်သားများကို မနေ့ညက လေပြင်းတိုက်ခတ်နေစဉ် ချပေးခြင်း ဖြစ်၏။ မြေပြင်သို့ကျရာတွင် အများအပြားပင် ဒဏ်ရာရသည်။

ထိုအထဲတွင် တပ်ရင်းမှူးလည်း ပါဝင်၏။

ခြေဆစ်တွင် ဒဏ်ရာပြင်းထန်စွာရပြီး ဆေးဝါးကုသရန်အတွက် နောက်ပိုင်းသို့ပြန်ပို့လိုက်ရသည်။ လေထီးတပ်သားများက လေဆိပ်ကို သိမ်းပိုက်ပြီးသည်တွင် အသုံးပြုနိုင်ရန် လူအားဖြင့် ပြင်ဆင်လိုက်ကြသည်။ ထိုလူများသည် တပ်ဖွဲ့နှင့်အတူ လေထီးဖြင့်ဆင်းခဲ့ကြ၏။ ထို့နောက် သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံကြီးများဖြင့် အစ္စရေးမှတပ်များရောက်လာပြီး ချက်ချင်းပင်တိုက်ပွဲဝင်ကြလေသည်။ တစ်ညတည်းတွင် ကျွန်ုပ်တို့၏ဒါကိုတာလေယာဉ်ပျံများနှင့် နော့ဒ်လေယာဉ်ပျံများသည် (၂၃)ခေါက် ပျံသန်းနိုင်ခဲ့ရုံမျှမက အယ်လ်အာကွန်စတယ်လေးရှင်း လေယာဉ်ပျံကြီးတစ်စင်းကပါ နှစ်ခေါက်တိုင်ပျံသန်းပေးပို့နိုင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုရေယာဉ်ပျံများက မြေလှင်တပ်ရင်းကြီး တစ်ခုလုံးကို လက်နက်ခဲယမ်းမီးကျောက်များနှင့်အတူ တစ်ပါတည်းအပြည့်အစုံ သယ်ဆောင်လာနိုင်ခဲ့၏။

အလားတူပင် လေထီးတပ်သားများအတွက် ကျန်ရှိနေသေးသော လက်နက်များနှင့် ခဲယမ်းမီးကျောက်များကိုပါ ပို့ပေးနိုင်ခဲ့၏။

လေထီးတပ်ခွဲမှူးများအား အခြေအနေကို ကျွန်ုပ်တို့က ပြောပြလိုက်သည်။ ညမရောက်မီ စတင်လှုပ်ရှားရန်နှင့် ရှမ်အယ်လ်ရှိတ်၏ ကင်းစခန်းများကို ချိတက်ရန်ပါ အမိန့်ပေးလိုက်သည်။ တကယ်တမ်းဆိုမူ သူတို့၏အင်အားဖြင့် သိမ်းပိုက်နိုင်ခြင်း ရှိမည်မဟုတ်ပါ။ သို့သော် သူတို့၏လှုပ်ရှားမှုသည် မစ်တလာမှ ရောက်လာမည့် လေထီးတပ်မဟာ ၁ို့ အကူအညီဖြစ်စေလိမ့်မည်။ ထို့ပြင် ကျွန်ုပ်တို့၏တပ်များ လမ်းကြောင်းနှစ်ခုမှ ခွဲ၍ မိမိတို့ထံချီတက်လာပြီဖြစ်ကြောင်း ရှမ်အယ်လ်ရှိတ်ရှိ အီဂျစ်များက သိရှိကြမည်ဖြစ်၏။ ထိုနည်းအားဖြင့် တပ်မဟာ (၉)အတွက် တိုက်ပွဲအားပျော့သွားနိုင်သည်။ လွယ်ကူသွားနိုင်သည်။

လေပြင်းတိုက်ခတ်နေသောကြောင့် လေထီးဖြင့် ချပေးသည့် ဂျစ်ကားများ မြေပြင်ပေါ်တွင် ဖျက်စီးကုန်သည်။ လေထီးတပ်သားများသည် မြောက်မြားစွာသော မော်တော်ကားများကို ပြင်ဆင်ကြရ၏။ တော်မြို့၌ စစ်ဘုရင်ခံအဖြစ် ခန့်ထားခြင်းခံရသော မြေလျှင်တပ်ရင်းမှူးထံမှလည်း ဂျစ်ကားအနည်းငယ်ရသည်။ သူ၏ မြို့ငယ်ကလေးနှင့် ပတ်ဝန်းကျင်မှ ထရပ်ကားအပေါ်စားများနှင့် အရပ်သားပိုင် ဂျစ်ကားများကို စုစည်းခဲ့၏။

လေထီးတပ်အရာရှိများသည် အမြန်ဆုံး တိုက်ပွဲဝင်ချင်ကြသည်ဟု ကျွန်ုပ်မထင်မှတ်မိပါ။ အခြားနေရာတွင်ဆိုလျှင် သူတို့အားချီတက်ခွင့်ပြုရန်နှင့် တိုက်ခိုက်ခွင့်ပြုရန် ကျွန်ုပ်အား အကျပ်ကိုင်ကြပေမည်။ ယခုမူ ကျွန်ုပ်က အမိန့်များထုတ်ပြီးသည့်တိုင်အောင် စိတ်ပါဝင်စားပုံမရ။ လိုက်လိုက်လှဲလှဲ ရှိပုံမရ။ ဤသို့ဖြစ်ရသည်မှာ ၎င်းတို့၏ တပ်ရင်းမှူး မရှိသောကြောင့်ဟု ဆိုနိုင်ဖွယ်ရာရှိသည်။ ထို့ပြင် အခါတိုင်းကဲ့သို့ သူတို့ကိုယ်သူတို့ ယုံကြည်စိတ်ချမှု မရှိသောကြောင့်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် မော်တော်ယာဉ်များ နည်းပါးခြင်းနှင့် တော်မြို့ကို တိုက်ရန် အမြန်စီစဉ်ရခြင်းတို့ကြောင့် ဖြစ်ပါသည်။ ယခုတစ်ကြိမ်တွင် ကျွန်ုပ်တို့ဘက်လည်း ရှေ့နောက်ဘကြီးမှုရှိသည်ဟု ဝန်ခံရပါမည်။ တော်မြို့ကို သိမ်းပိုက်ရန် အမိန့်ကို ထိုနေ့မှာပင်ပေးသည့် အချက်တစ်ခုတည်း မဟုတ်သေး။ လေထီးတပ်သားများသည် ကြိုတင်ပြင်ဆင်မှု လုံးဝမရှိဘဲ၊ နယ်မြေဒေသ အခြေအနေကို လုံးဝမသိရှိဘဲ တိုက်ပွဲဝင်ရမည့်အကြောင်းများလည်း ပါဝင်သည်။

ပထမအမိန့်က တော်မြို့အနီးတွင် တပ်ခွဲတစ်ခုကိုချထားပေးပြီး အခြားတပ်ခွဲတစ်ခုကို ရှမ်အယ်လ်ရှိတ်အနီးတွင် ချပေးရန်ဖြစ်သည်။ ရှမ်အယ်လ်ရှိတ်၏ အခြေအနေနှင့်ပတ်သက်၍ ကျွန်ုပ်တို့ရရှိသည့်သတင်းများသည် တစ်ခုနှင့်တစ်ခု မတူမညီဖြစ်နေ၏။ ပြောင်းလဲနေ၏။ ပထမရခဲ့သောသတင်းက ရန်သူများဆုတ်ခွာသွားပြီ။ ရန်သူ့စခန်းများတွင် လူသူမရှိတော့ဟု ဆို၏။ ထို့နောက် သွားရောက်တိုက်ခိုက်သည့် လေယာဉ်မှူးများ ပြန်ရောက်လာ၏။

လေယာဉ်ပျံပစ်အမြောက်များဖြင့် အပြင်းအထန်ပစ်ခတ်သည်ကို သူတို့တွေ့ကြုံခဲ့ရကြောင်းနှင့် အီဂျစ်လက်နက်ကိုင် အင်အားအများအပြားကို တွေ့ရကြောင်းဖြင့် ပြန်ပြောပြသည်။

အဆိုပါ နောက်ဆုံးရသည့်သတင်းကြောင့် လေထီးတပ်သားများ အစီအစဉ်ကို ကျွန်ုပ်တို့ ပြောင်းလဲခဲ့ရ၏။ ဒုတိယတပ်ခွဲသည် ရှမ်အယ်လ်ရှိတ်သို့ပင် ရေယာဉ်ပျံများဖြင့်သွားနေကြပြီ။ အဆိုပါရေယာဉ်ပျံများကို မိတိယော်ဂျက်လေယာဉ်ပျံများက လိုက်ပါစောင့်ရှောက်သည်။ ယခု နောက်ဆုံးရသည့်သတင်းအရ ရှမ်အယ်လ်ရှိတ်တွင် လေထီးဖြင့်ချပေးမည့်အစား တော်မြို့တွင်ချပေးရန် အကြောင်းကြားလိုက်ရပြန်၏။

မည်သို့ဆိုစေ တပ်ခွဲနှစ်ခုသည် ထိုနေ့မွန်းလွဲပိုင်း၌ တော်မြို့သို့ ဆိုက်ရောက်လာသည့် လေထီးတပ်ရင်းနှင့်အတူ တစ်နေရာတည်းကို အာရုံစူးစိုက်ပြီး တိုက်ခိုက်ရမည်ဖြစ်သောကြောင့် ပို၍ကောင်းပါသည်။ သူတို့အဖို့ အားကောင်းသောတပ် ဖြစ်လာစေပါသည်။ (ကျွန်ုပ် ထွက်လာပြီးမှ လေထီးတပ်ရင်း ဆိုက်ရောက်လာသည်။)

လေထီးတပ်သားများနှင့် စကားပြောဆိုအပြီး မြေလျှင်တပ်ရင်းမှူးနှင့် ဆက်လက်ဆွေးနွေးပါသည်။ အရပ်သားများနှင့် ပတ်သက်သော ပြဿနာများကို ဆွေးနွေးခြင်းဖြစ်သည်။ တော်မြို့သည် ဘုရားဖူးများ မက္ကာမြို့ကို သွားရန်အတွက် ဗဟိုစခန်းဖြစ်၏။ ဆိပ်ကမ်းငယ် ရှိသည်။ သင်္ဘောများတွင် ပါလာသော ခရီးသည်များ၏ ကျန်းမာရေးကို စစ်ဆေးသည့် ဌာနရှိသည်။ အနားကြီးရောဂါကု ဆေးရုံတစ်ရုံနှင့် ဟိုတယ်အိုကလေး တစ်လုံးရှိသည်။ မြို့သူမြို့သားများသည် ငါးဖမ်းခြင်း၊ စွန်ပလွံပင်စိုက်ပျိုးခြင်း လုပ်ငန်းများသို့ လုပ်ကိုင်ကြသည်။ ဆုံးစံအတိုင်း ဝစ်တာဝ်ကလေးတစ်ခုကို တည်ဆောက်ထားစေသည်။ သို့သော်လည်း ကျွန်ုပ်တို့၏လေယာဉ်ပျံများ ချဉ်းကပ်လာသည်ကို တွေ့သောအခါ ထွက်ပြေးကုန်ကြ၏။ မနေ့ညက လေထီးတပ်သားများ ထုတ်ပြန်ခဲ့သည့် နေဝင်မီးငြိမ်း ညမထွက်ရအမိန့်ကို ပယ်ဖျက်လိုက်ရန် တပ်ရင်းမှူးအား ကျွန်ုပ် အမိန့်ပေးလိုက်၏။ ထို့ပြင် ရပ်သူရပ်သားများကို သာမန်အခြေအနေသို့ အတတ်နိုင်ဆုံး ပြန်ရောက်လာအောင် ကူညီရန်၊ ၎င်းတို့၏ အလုပ်အကိုင်များကို ဆက်လက်ပြုလုပ်ခွင့်ပေးရန်၊ ကမ်းခြေအနီး၌ ငါးဖမ်းခွင့်ပြုရန်များကိုပါ ညွှန်ကြားလိုက်သည်။

ထို့နောက် ဂရိဘုန်းကြီး ကိုယ်စားလှယ်တစ်ဖွဲ့သည် ကျွန်ုပ်နှင့် တွေ့ဆုံသည်။ တော်မြို့တွင် ခရစ်ယာန်ဘာသာဝင် မိသားစု ခုနစ်စုရှိသည်။ ရိက္ခာထောက်ပံ့မှုများကို အီဂျစ်နိုင်ငံမှ ရရှိသည်။ လောလောဆယ် သူတို့ ဘာမျှ အလိုမရှိ။

သို့သော်လည်း သူတို့ထောက်ပံ့မှုများရသည်ကို ကျွန်ုပ်တို့အနေဖြင့် ကြည့်ရှုရပါမည်။ တောင်ခြေတွင်ရှိသော စိုက်ပျိုးခင်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးလိုသော်လည်း အချိန်မရှိတော့ပါ။ နောက်တစ်ခေါက် ကျွန်ုပ်လာလျှင် သွားရောက်ကြည့်ရှုစစ်ဆေးနိုင်ပါလိမ့်မည်။ မွန်းလွဲပိုင်း၌ ကျွန်ုပ်တို့ ပြန်ခဲ့ကြ၏။ လမ်းခရီးတွင် အကြိမ်ပေါင်းများစွာ ရပ်တန့်ခဲ့သေးသည်။ မစ်တလာတွင် ပထမဦးဆုံး ကျွန်ုပ်တို့ ဆင်းသည်။ ထိုနေရာတွင် လေထီးတပ်မဟာမှူးနှင့်တွေ့ဆုံပြီး ရှမ်အယ်လ်ရှိတ်၏အခြေအနေကို ရှင်းလင်းတာ ၎င်း၏တပ်ခွဲမှူးများနှင့် တော်မြို့တွင် တွေ့ခဲ့ကြောင်းပြောသည်။

www.burmeseclassic.com

ဤအရေးအခင်းများကို သူ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မနေ့ညက မစ်တလာမှ ထွက်ခွာသွားပြီး တော်မြို့သို့ ဆိုက်ရောက်သည့် သူ့တပ်ရင်းအနေဖြင့်လည်း အစွမ်းကုန်တိုက်မည်ဖြစ်ကြောင်း ကတိပြုသည်။ သူ့လူများ နိုင်ငံခြားစစ်တပ်များကဲ့သို့ ဖောဖောသီသီမသုံးစွဲရန်၊ ကျွန်ုပ်တို့တွင်လည်း အခက်အခဲများစွာရှိနေကြောင်း သိထားရန်များကို ကျွန်ုပ်က ပြောပြသည်။

မစ်တလာမှနေ၍ အရှေ့ဘက်သို့ ကျွန်ုပ်တို့ပျံသန်းလာခဲ့ကြ၏။ ဆီနိုင်းအလယ်သို့ ရောက်သည်တွင် ကျွန်ုပ်တို့ မြင်နေကျ ရှုမျှော်ခင်းများဖြစ်သည့် ပြားပြီးကျယ်ပြန့်သော သဲတောင်ကြီးများ၊ ကျောက်ဖြူတောင်ကုန်းများကို မြင်တွေ့ရပြန်သည်။ ဘာဟာမာတွင် သံချပ်ကာယန္တရား တပ်မဟာ(၇)တပ်မဟာမှူးနှင့် တွေ့သည်။ ထိုတပ်မဟာသည် ယခု စစ်ဆင်ရေးကြီးတွင် အခြားတပ်များထက် ပိုပြီး တိုက်ခိုက်ခဲ့ရ၏။ အခြားတပ်များထက် ပိုပြီး ရန်သူနေရာများကို သိမ်းပိုက်ခဲ့ရ၏။ ယခု ဗဟိုလမ်းကြောင်းကိုသိမ်းယူတပ်စွဲထားပြီး ၎င်းတို့ထံမှ လက်လွှဲယူမည့် ခြေလျင်တပ်များ ရောက်အလာကို စောင့်ဆိုင်းနေကြသည်။ တင့်ကားများ၊ တင့်ကားခါးပြတ်များအနေဖြင့် အခြေခံပြင်ဆင်မွမ်းမံမှုများ လိုနေပြီ။ ရဲဘော်များလည်း အမှန်တကယ်အနားယူသင့်ပြီ။

ထို့နောက် နောက်ဆုံးစခန်းအနေဖြင့် အယ်လ်အရစ်ရှ်တွင် ရပ်သည်။ တပ်ဖြန့်ခွဲမှုတပ်မှူးနှင့် တွေ့ပြီး ခေတ္တဆွေးနွေးသည်။ သူ့တပ်များ၏ အခြေအနေများ၊ မြို့ပေါ်ရှိ ရပ်သူရွာသားများကို ပုံမှန်အခြေအနေသို့ ပြန်ရောက်စေရန် သူဆောင်ရွက်ခဲ့သည်များ၊ စစ်သို့ပန်းစခန်းများ တည်ထောင်ဖွင့်လှစ်မှု၊ အဘူအဂီလာနှင့် ရာဖာတွင် အီဂျစ်တို့၏ ပစ်ထားခဲ့သည့် စစ်လက်နက်များကို ကိုင်တွယ်နေပုံများ စသည်ဖြင့် အခြေအနေအရပ်ရပ်ကို တပ်မှူးက အစီရင်ခံ၏။ အခြေအနေများ ကောင်းပါသည်။ ခက်ခဲသော ပြဿနာများရှိနေသည့် ယခုလိုဒေသကို ကိုင်တွယ်တတ်သူ၏ လက်ထဲမှာရှိနေခြင်းက ပိုမိုသင့်လျော်ပါသည်။ ဂါဇာကမ်းမြောင်ဒေသတွင်ရှိသည့် ဒုက္ခသည်များပြဿနာကို ကျွန်ုပ်တို့ဖြေရှင်းရဦးမည်။ ခိုးဝှက်လုယက်တိုက်ခိုက်မှုများ၊ ဖျက်ဆီးမှုများကို ကာကွယ်ရန်၊ အဖိုးတန်အီဂျစ်ပစ္စည်းများ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရန် စသည့်အချက်များဖြစ်သည်။

တိုက်ပွဲများကဲ့သို့ပင် အရေးကြီးသည့်ပြဿနာများ ဖြစ်သည်။

နာရီနောက်ကျနေလင့်ကစား စွန်ပလွံခြံများသို့ ကျွန်ုပ်သွား ရောက်ကြည့်ရှုသည်။ အယ်လ်အရစ်ရှ်၏ စွန်ပလွံစိုက်ပျိုးခင်းများသည် အနောက်သို့ မိုင်ပေါင်းများစွာရှိနေ၏။ ပင်လယ်ကမ်းခြေတစ်လျှောက် ကျဉ်းမြောင်းသည့် ကမ်းမြောင်ဒေသကို လွှမ်းအုပ်ထားသည်။ အာရပ်စိုက်ပျိုးရေးသမားတို့သည် အလွန်နက်သော မြေကျင်းများကို တူးကြ၏။ (၁၀)ပေမှ(၁၅)ပေထိနက်သည်။ ထိုကျင်းများတွင် စွန်ပလွံပင်များ ဖြတ်စိုက်သည်။ ထို့ကြောင့် အမြစ်သည် မြေအောက်ရေနှင့် ဆက်မိသွား၏။ စွန်ပလွံပင် ကြီးထွားလာခိုက်တွင် မြေကျင်းများသည် သဲများပိုပြီးပြည့်သွား၏။ သို့သော်လည်း ကောင်းစွာခြေကုတ်ရနေပြီဖြစ်သော အမြစ်တို့သည် လိုအပ်သည့် ရေများကို အပင်သို့ ကောင်းစွာပေးပို့နိုင်၏။





ထိုနေရာမှ စွန်ပလွံသီးများကဲ့သို့ လတ်ဆတ်ပြီး ကြီးသောအသီးကို ပင်လယ်သေအနီးရှိ မြေပြန့်တွင်လည်းကောင်း၊ ဘက်ရှီအန်တောင်ကြားတွင် လည်းကောင်း၊ ဂါလီတီပင်လယ်ကမ်းခြေတွင်လည်းကောင်း ကျွန်ုပ် မမြင်တွေ့ခဲ့ဖူးသေးပါ။

(၁၉း၀၀) နာရီတွင် စစ်သေနာပတိဌာနချုပ်သို့ ကျွန်ုပ် ပြန်ရောက်သည်။ အဓိကအကြောင်းအရာဖြစ်သည့် ရှမ်အယ်ရှိတ်ကို သိမ်းပိုက်ရယူရေးနှင့် ပတ်သက်ပြီး ခံစားနေရသည့် ပူပင်သောကသည် ယခုကဲ့သို့ လှည့်လည်စစ်ဆေးခြင်းကို ပြုလုပ်ခဲ့သော်လည်း ပြေပျောက်အေးငြိမ်းသွားခြင်းကား မရှိပါ။ ပြေပျောက်အောင်လည်း မစွမ်းဆောင်နိုင်ပါ။

✡

## (၁၉၅၆)၊ နိုဝင်ဘာ (၄)ရက်

(၀၈း၀၀)နာရီတွင် စစ်ဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပသည်။ အင်္ဂလိပ်-ပြင်သစ်တပ်များသည် သန်ဘက်ခါတွင် ပို့ဆက်ဆိပ်ကမ်းမြို့သို့ တက်ရောက်ကြတော့မည်ဖြစ်ကြောင်း မနေ့ညက အင်ထော်နီအီဒင် ပြောကြားခဲ့သည့် မိန့်ခွန်းအရ ကျွန်ုပ်တို့ မျှော်လင့်နိုင်ပါသည်။ ကျွန်ုပ်တို့လူများက ရှမ်အယ်ရှိတ်ကို ယနေ့ သို့မဟုတ် နောက်အကျဆုံး မနက်ဖြန်တွင် သိမ်းပိုက်ကြတော့မည်။ ထိုသို့ သိမ်းပိုက်လိုက်ခြင်းသည် ဆီနိုင်းတိုက်ပွဲစဉ်၏ တိုက်ခိုက်မှုအခန်း ပြီးဆုံးခြင်းပင် ဖြစ်၏။ အိမ်နီးနားချင်း အာရပ်နိုင်ငံများ(အီဂျစ်မှလွဲ၍)သည် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်လာမည့် အရိပ်အယောင်ကို မမြင်တွေ့ရ။ ဂျော်ဒန်ပြည်တွင်း၌ ပြည်တွင်းရေးဒုက္ခများနှင့် ကြုံတွေ့နေရ၏။ ကာကွယ်ရေးဦးစီးချုပ် အလီအဘူနာဝါကို ဘုရင်က ဖြုတ်ပစ်လိုက်ပြီး အယ်လ်ဟီယာရီကို အစားထိုးခန့်ထားလိုက်၏။

ထိုသို့အခြေအနေများကြောင့် ကျွန်ုပ်တို့၏အရန်တပ်များကို အနားမပေးနိုင်ရန် အကြောင်းမရှိပါချေ။ ပြည်သူ့စီးပွားရေးက ၎င်းတို့ကို အလိုရှိနေသည်။ ထို့ကြောင့် ယခု ရက်သတ္တပတ်အကုန်တွင် အရန်ခြေလျင်တပ်မဟာ သုံးခုကို စစ်မှုထမ်းနေခြင်းမှ ထွက်ခွင့်ပြုလိုက်ရန် ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်ကြသည်။ တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်သုံးခုမှ တပ်မဟာတစ်ခုစီကို လည်းကောင်း၊ အမြောက်တပ်၊ အင်ဂျင်နီယာတပ်နှင့် ဝန်ထမ်းတပ်များကိုလည်းကောင်း အနားပေးလိုက်ရန်ဖြစ်၏။

အစ္စရေးနိုင်ငံအဖို့ ယင်းအရန်တပ်များကို အခါကာလအားလျော်စွာ စုစည်းရန် လိုအပ်ပါလိမ့်ဦးမည်။ အရန်တပ်များကို စုစည်းထားခြင်းသည် အရေးပေါ်နှင့် မရှိမဖြစ်လိုအပ်သော အချိန်ပိုင်းကလေးအတွင်းမှာပင် တာဝန်ထမ်းဆောင်မစေရန် ဖြစ်သည်။ အခြေအနေကောင်းလာသောအခါတွင် သူတို့ကို ကိုယ့်အိုးကိုယ့်အိမ်နှင့် ကိုယ့်အလုပ်များသို့ ပြန်ခွင့်ပြုရပါသည်။

မွန်းလွဲပိုင်းတွင် ဂါဇာကမ်းမြောင်ဒေသသို့ ကျွန်ုပ် မော်တော်ကားနှင့် သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အစ္စရေးနှင့်ကမ်းမြောင်ဒေသတွင်ရှိ နယ်ခြားဟာစီတောင်ကျချောင်းပေါ်တွင် တံတားဆောက်လုပ်ပြီးစီးနေကြောင်း တွေ့ရ၏။ ထိုတံတားကို ကျော်ဖြတ်လိုက်သောအခါ ဂါဇာ-တယ်လ်အဗစ် အဝေးပြေးလမ်းဟောင်းကြီးပေါ်တွင် ကျွန်ုပ်တို့ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရတော့၏။ အလုပ်သမားများသည် ရှစ်နှစ်လုံးလုံး ပြင်ဆင်မွမ်းမံခြင်း မပြုခဲ့သော လမ်းကို ကတ္တရာများလောင်းခြင်းဖြင့် အလုပ်များနေကြသည်။ အလားတူပင် မော်တော်ကားလမ်းနှင့် မျဉ်းပြိုင်ဖောက်ထားသော ရထားလမ်းကိုလည်း ဇလီဖားတုံးများ တပ်ဆင်နေကြ၏။ အီဂျစ်အာဏာပိုင်များ သို့တည်းမဟုတ် တောင်သူလယ်သမားများက လေးမိုင်ခွဲမျှ ရှည်လျားသော မီးရထားလမ်းတစ်လျှောက် ဇလီဖားတုံးများ၊ သံလမ်းများကို ဖြုတ်ယူသွားကြသည်။ သို့သော်လည်း ပြင်ဆင်ရန် အချိန်ကြာမည် မဟုတ်ပါ။

နောက်တစ်ပတ်ကြာလျှင် ဤရထားလမ်းအတိုင်း အယ်လ်အရစ်ရှ်မှရာဖာနှင့် ဂါဇာကိုဖြတ်ပြီး တယ်လ်အဗစ်၊ ဂျေရုဆလင်နှင့် ဟိုက်ဖာမြို့များသို့ ရထားဖြင့်စီးနင်းသွားလာနိုင်ပါတော့မည်။ လိမ္မော်သီးရာသီ ရောက်တော့မည်ဖြစ်သောကြောင့် ဤရထားလမ်းသည်ပို၍အရေးကြီး၏။ ကမ်းမြောင်ဒေသ၌ လိမ္မော်ခြံအမြောက်အမြားရှိသည်။ ဟိုက်ဖာမြို့မှတစ်ဆင့် ဥရောပနိုင်ငံများသို့ လိမ္မော်သီးသေတ္တာပေါင်း သုံးသိန်းခန့်ကို သင်္ဘောများဖြင့်တင်ပို့နေရလေရာ ဂါဇာမှ ဟိုက်ဖာသို့ ရထားဖြင့် ယူဆောင်ပေးရန် လိုအပ်သည်။

လမ်းတစ်ဖက်တစ်ချက်သည် စိုက်ပျိုးခင်းများဖြင့်ပြွတ်သိပ်ခဲနေ၏။ အကွက်ငယ်လေးများလိုခွဲပြီး ဟင်းသီးဟင်းရွက်ခင်း၊ အသီးအနှံခင်း၊ လိမ္မော်ခြံစသည်ဖြင့် စိုက်ပျိုးထားသည်။ လွတ်နေသည့်မြေ တစ်လက်မမျှပင် မကျန်ချေ။ ဤမျှလောက် လူဦးရေထူထပ်ပြွတ်သိပ်နေသည့် ဒေသတစ်ခု ဤကမ္ဘာပေါ်တွင် ရှိနိုင်ပါဦးမည်လောဟု ကျွန်ုပ်သံသယဖြစ်မိသည်။ ဤဒေသတွင် ဒူနမ်-၃၃၀၀၀၀ (လေးဒူနမ်လျှင် တစ်ဧက) ရှိလေရာ ၎င်းမြေကွက်၏ တစ်ဝက်ကျော်ကျော်ခန့်သည် သဲတောင်များဖြစ်၏။ အမြဲနေထိုင်သူ တစ်သိန်းနှင့် ဒုက္ခသည်ပေါင်း (၁၈၀၀၀၀)တို့ နေထိုင်ကြသည်။ လူနှစ်ဦးခန့်လျှင် စိုက်ပျိုးကွက် တစ်ဒူနမ်ခန့်သာရှိ၏။ ဂါဇာမြို့ထဲတွင် မြို့ကို သိမ်းပိုက်အပြီး ထုတ်ပြန်ခဲ့သည် အရပ်သူအရပ်သားများအတွက် နေဝင်မီးငြိမ်း ညမထွက်ရအမိန့်သည် နှစ်ရက်ရှိပြီဖြစ်သော်လည်း ဆက်လက်ထုတ်ပြန်ထား၏။

တိုက်ပွဲအတွင်းက ဘဇူကာထိမှန်ထားသည့် တင့်ကားကြီးတစ်စီးသည် မြို့နယ်ပန်းခြံအတွင်း၌ အထိမ်းအမှတ်ကြီးလို ရပ်တည်နေဆဲရှိ၏။ အဆုံးမရှိသည့် စစ်သားတန်းကြီးများသည် မြို့ထဲတွင် ဥဒဟို စီးမျောနေ၏။ ဝမ်းနည်းဖွယ်မြင်ကွင်းဖြစ်၏။ မလိုလားအပ်သောအရာဖြစ်၏။ စစ်ပွဲပြီးဆုံးခဲ့ပြီ။ ဂါဇာမြို့သူမြို့သားများကို ပုံမှန်အနေအထားအတိုင်း ၎င်းတို့အလုပ်များကို ပြန်လည်လုပ်ဆောင်နိုင်ခွင့် ပြုရတော့မည်ဖြစ်၏။ သူတို့တော်လှန်မည်ကို စိုးစဉ်းမျှ မစိုးရိမ်ပါ။ ၎င်းတို့၏စစ်တပ်က မတိုက်ခိုက်လိုလျှင် ရပ်သူရွာသားများက သာ၍ မတိုက်ချင်ကြဘဲသာ ရှိရမည်။

ကျွန်ုပ်တို့သည် မြို့ထဲတွင် တစ်နာရီခန့် လှည့်လည်ခဲ့သည်။ ကျယ်ပြောသော ဝင်းခြံအတွင်း၌ ပန်းခြံများရှိသော အိမ်လှလှအချို့မှအပ အဆောက်အအုံအများစုတို့သည် ပျက်စီးကြေမွလျက်ရှိကြချေပြီ။





ကမ်းနားတစ်လျှောက်တွင် မြောက်မြားစွာသော တဲငါလှေများ ရှိ၏။ အီဂျစ်တို့ ဆုတ်ခွာမသွားမီက ဖျက်ဆီးပစ်ခဲ့သည့် အမြောက်ကြီးများရှိ၏။ လမ်းများသည် အီဂျစ်အစိုးရက မြို့ရွာသာယာရေးကို စိတ်မဝင်စားကြောင်း ဖော်ပြနေသည်။ ရှစ်နှစ်လုံးလုံး ပြင်ဆင်ခြင်း မရှိခဲ့။ စစ်ဘုရင်ခံ၏ရုံးကို ပုလိပ်အဆောက်အအုံတွင် ဖွင့်လှစ်လိုက်သည်။

ထိုအဆောက်အအုံကိုလည်း မရှင်းလင်းရသေး၊ စနစ်တကျ မပြုလုပ်ရသေး၊ အခန်းများသည် ကျွမ်းထိုးမှောက်ခုံဖြစ်နေသည့် ဗီရိုများ၊ အနှံ့အပြား လွင့်စဉ်နေသည့် အံဆွဲများ၊ စက္ကူများဖြင့်ပွစာကျဲနေသည်။ ဤလက္ခဏာများသည် အောင်ပွဲခံစစ်သားတို့၏ အပြု အမူလော၊ အီဂျစ်တို့၏အပြုအမူလော၊ ကျွန်ုပ် မသိပါ။

အီဂျစ်ဓလေ့ထုံးစံအတိုင်း ပြုလုပ်ထားသည့် လက်တင်ပါသော ကုလားထိုင်ဟောင်းများကို အခန်းတစ်ခုတွင်းသို့ဆွဲယူပြီး ထိုင်ကာ အဓိကပြဿနာများကို သုံးသပ်ကြသည်။ အမြန်ဆုံးနှင့် အရေးအကြီးဆုံး ဖြေရှင်းရမည့်ပြဿနာသည် အီဂျစ်ဒုက္ခသည် (၁၈၀၀၀၀) ကိစ္စဖြစ်၏။ (၉၅၀၀၀)ခန့်ကို ကမ်းမြောင်ဒေသတစ်လျှောက် စခန်းရှစ်ခုတွင် နေရာချထားပေးလိုက်သည်။ ကျန်လူများသည် နယ်ခံလူထုနှင့် အတူနေကြ၏။ ယခုအချိန်ထိ အီဂျစ်က ဘာမျှတာဝန်မယူ။ ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီကသာလျှင် ၎င်းတို့၏ အစားအသောက်၊ ကျန်းမာရေးနှင့် ပညာရေးတာဝန်များကိုယူနေခဲ့သည်။ ကုလသမဂ္ဂ ကယ်ဆယ်ရေး အေဂျင်စီက ဆက်လက်တာဝန်ယူဂရုစိုက်သွားရန် ကျွန်ုပ်တို့ ကြိုးစားစီစဉ်ကြရပါမည်။ အေဂျင်စီတွင် နိုင်ငံခြားသားနှင့် ဒေသခံများ ပါဝင်သည့် အမှုထမ်းအရာထမ်းပေါင်း (၃၀၀၀)ရှိ၏။ စားနပ်ရိက္ခာများ တင်ဆောင်လာမည့် သင်္ဘောပတ်ရောက်သည်အထိ စားသောက်နိုင်သော ရိက္ခာများရှိ၏။ သို့သော်လည်း ပြဿနာပေါင်းများစွာ ပေါ်ပေါက်နေသည်။ အေဂျင်စီ၏ အမှုထမ်းအရာထမ်းများ အနေအထား (ဒေသခံအာရပ်များ၊ လက်ဘနွန်များနှင့် အခြားလူမျိုးများပါဝင်သည်။) နောက်ထပ်ရရှိမည့် စားနပ်ရိက္ခာများကို မည်သည့်လမ်းမှ တင်သွင်းရမည်နည်း။ (ယခုအချိန် အထိ အီဂျစ်ပြည်တွင်းမှ တစ်ဆင့်တင်ပို့နေသည်။) မည်သည့်နိုင်ငံ ငွေကြေးကို သုံးစွဲမည်နည်း။ စသည်တို့အပြင် အခြားများပြားစွာသော ကျွန်ုပ်တို့အဖြေရှာရမည့် ပြဿနာများ ရှိနေသည်။

မည်သို့ဆိုစေ ယခုအချိန်တွင် အရေးအကြီးဆုံးအချက်မှာ ထုံးစံအတိုင်း ဆက်လက်၍ နေ့စဉ်ဂရုစိုက်ရေးပင် ဖြစ်၏။ လူပေါင်း (၁၈၀၀၀၀) ကို ကယ်ဆယ်ရေးဟူသည်မှာ လူသားပြဿနာဖြစ်သည်။ စီးပွားရေးပြဿနာဖြစ်သည်။ ဤမျှကြီးမားသော ဝန်ထုပ်ဝန်ပိုးကြီးကို အစ္စရေးအနေဖြင့် ထမ်းမထားနိုင်။ ကုလသမဂ္ဂ ကယ်ဆယ်ရေး အေဂျင်စီကလည်း ၎င်းတို့ဆက်လက်တာဝန်ယူမည်၊ မယူမည်ဟူသော အချက်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့အား ဘာမျှမပြော။ မြို့ကိုသိမ်းပိုက်သည့် ပထမနေ့တွင် ဒုက္ခသည်များသည် အေဂျင်စီဂိုဒေါင်များကို ဖွင့်ရန်ကြိုးစားပြီး အစားအသောက်များ၊ အဝတ်အစားများကို လုယူကြသည်။ အပျက်အစီးကမူ မများပြားလှချေ။ ကမ်းမြောင်ဒေသ၏ လူဦးရေအများစုသည် မြို့နေလူထုဖြစ်၏။ သူတို့၏ ဗဟိုဖြစ်သော ဂါဇာမြို့ပေါ်တွင် အမြဲနေသူ (၆၀၀၀၀)၊ ဒုက္ခသည်စခန်းနှစ်ခုတွင် ဒုက္ခသည်ပေါင်း (၅၀၀၀၀)ခန့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်တို့က ဂါဇာကမ်းမြောင်ကို ၎င်းတို့၏ ကိုလိုနီနယ်မြေတစ်ခုအဖြစ်နှင့် သာမြင်သည်။ အင်္ဂလိပ်တို့၏ဥပဒေအရ စစ်ဝန်ကြီးနှင့် ရေတပ်ဝန်ကြီးတို့ အာဏာစက်အောက်တွင် ထားရှိသည်။ ၎င်းတို့၏တန်ခိုးအာဏာများကလည်း ပင်လယ်ရပ်ခြားကိုလိုနီနိုင်ငံများအပေါ် ဗြိတိသျှကိုလိုနီရေးရာ ဝန်ကြီး၏အာဏာများနှင့် မရိုးမစွဲဖြစ်သည်။ လက်တွေ့တွင်လည်း အင်္ဂလိပ်တို့က အင်္ဂလိပ်ကဲ့သို့ပင် ကျင့်ကြံသည်။ အုပ်ချုပ်ရေးဘက်၌ အထက်တန်းအရာရှိများသည် အင်္ဂလိပ်များဖြစ်ပြီး ၎င်းတို့လက်အောက်မှ ရာထူးဌာနန္တရများကိုမူ ပါလက်စတိုင်းလူမျိုးများက ရယူထမ်းဆောင်ကြရ၏။ |အင်္ဂလိပ်လက်ထက်က ဂါဇာတွင် အင်္ဂလိပ်အရာရှိ(၁၀၀၀) ရှိပြီး ယခု အင်္ဂလိပ်လက်ထက်၌ အင်္ဂလိပ်အရာရှိပေါင်း (၃၀၀၀) အထိပင် ရှိနေသေး၏။|

ဒေသခံပြည်သူများနှင့်ပတ်သက်သော အင်္ဂလိပ်တို့ကျင့်သုံးသည့်ဝါဒနှင့်သဘောထားသည် အင်္ဂလိပ်တို့ ကျင့်သုံးခဲ့သည့် ဝါဒသဘောထား အတိုင်းပင်ဖြစ်၏။ သူတို့အကျိုးကိုမထိခိုက်စေဘဲ စီးပွားရေးချုပ်ကိုင်မှုကို မြို့ပေါ်ရှိ အလွန်နည်းပါးသည့် ထင်ရှားသူများကိုသာပေး၏။ သူတို့သာလျှင် ချမ်းသာကြွယ်ဝလာကြ၏။ ၎င်းတို့၏အလုပ်သမားများကို အလွန်နည်းပါးသော လုပ်ခနေ့တွက်အဖြစ် (၇) မှ (၁၀) ပီယာစတာသာပေး၏။

ထိုအခြေအနေများကြောင့် ဆင်းရဲသူများ၊ ဒုက္ခသည်များနှင့် ချမ်းသာသော မြေပိုင်ရှင်ကြီးများ၊ ကုန်သည်ကြီးများ၊ အစိုးရအရာရှိများကြား (သူတို့သည် အင်္ဂလိပ်နိုင်ငံသို့ ထပ်ကာထပ်ကာ အပျော်ခရီးထွက်နိုင်သည်။ သူတို့ အလုပ်တာဝန်ထမ်းဆောင်မှု နှစ်ကိုလည်း တိုးနိုင်သည်။) လူမှုရေးတင်းမာမှုများ ပေါ်ပေါက်လာသည်။ အစိုးရအရာရှိများက မြို့တွင်းရှိ အခြားရပ်ကွက်များနှင့် တသီးတခြား သဲတောင်များအပေါ်တွင် တိုက်ကောင်းအိမ်ကောင်းများကို ဆောက်လုပ်ကြသည်။ အလှအပဆုံးအဆောက်အအုံသည် အင်္ဂလိပ်ဘုရင်ခံ၏အိမ်တော်ဖြစ်၏။ ကျွန်ုပ် မြင်တွေ့ရသည့်အချိန်၌ ထိုအဆောက်အအုံသည် ပျက်စီးချွတ်ယွင်းမှုရှိနေလင့်ကစား အကောင်းဆုံး၊ အလှပဆုံးအဖြစ် မြင်တွေ့ရသည်။

ဒုက္ခသည်များက ထိုအဆောက်အအုံတွင်းသို့ ချိုးဖောက်ဝင်ရောက်ကြပြီး ယူစရာရှိသည်များကို ယူငင်ကြကာ ပြတင်းပေါက်နှင့်တံခါးများကို အစိတ်စိတ်အမြွှာမြွှာ ရိုက်ခွဲချိုးဖဲ့ဖျက်ဆီးထားကြသည်။

အင်္ဂလိပ်က ခန့်အပ်ထားသည့် မြို့တော်ဝန်သည်လည်း အင်္ဂလိပ်တို့နှင့် နီးစပ်သော တစ်ချိန်တုန်းက မြူနီစီပယ်အဖွဲ့ အထက်တန်းအရာရှိ မူနာအယ်လ်ရာအစ် ဖြစ်သည်။ ကျွန်ုပ်တို့စစ်ဘုရင်ခံက ၎င်း၏နေရာတွင် အခြားထင်ရှားသည့် ရွာခံပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ရပ်ရှိ ဒီအယ်ရှာဝါကို အစားထိုးခန့်ထားလိုသည်။ ရှာဝါသည် ဖြောင့်ဖြောင့်မတ်မတ် အလုပ်လုပ်တတ်ပြီး လူထုကပါ လက်ခံနိုင်မည့်သူဖြစ်၏။ ထင်ရှားသော ရပ်ရွာခံပုဂ္ဂိုလ်ကြီးများသည် ယေဘုယျအားဖြင့် ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်လိုခြင်း မရှိကြ။ မြို့ကို ကျွန်ုပ်တို့ စတင်သိမ်းပိုက်ပြီးစကမူ ကျွန်ုပ်တို့အရာရှိများထံသို့ ဒရောသောပါး ပြေးဝင်လာကာအလုပ်ပေးရန်၊ ဘုရင်ခံသစ်၏ အရာထမ်းများအဖြစ် ခန့်ထားရန် ပြောဆိုကြသည်။

အချို့က ထို့ထက်ပင် ကဲသေးသည်။





အကယ်၍ ထိုအချိန်က သူတို့ကိုဆီးဖမ်းပြီး ခေတ္တခဏထောင်ထဲ ထည့်ထားလိုက်မိလျှင် ကောင်းမည်။ သူတို့ကို ထောင်ထဲတွင် တာရှည်ထားရန်မဟုတ်။ လေးရက်ငါးရက်ဆိုလျှင် ကောင်းစွာလုံလောက်ပါပြီ။

ဒေသခံများက ကျွန်ုပ်တို့နှင့်ပူးပေါင်းရန်အသင့်ရှိမှုသည် အခြေအနေကို လျော့ပါးသွားစေမည်။ အာရပ်အိမ်တစ်ဆောင်ပေါ်မှ နေ၍ ကျွန်ုပ်တို့စစ်တပ်ကို သေနတ်နှင့် ပစ်မှုတစ်ခုဖြစ်ပေါ်သည်။ (ပုန်းအောင်းနေသော လျှို့ဝှက်အကြမ်းဖက်သမား ဖီဒါယွန်အဖွဲ့ဝင်များဖြစ်၏) မြို့ကို စတင်သိမ်းပိုက်သည့်နေ့မှာပင် မြူနီစီပယ်အဖွဲ့အား လုပ်ရိုးလုပ်စဉ်များကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ပြောလိုက်သည်။ လျှပ်စစ်ဓာတ်အားပေးရေး၊ ရေပေးဝေရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများသည် ၎င်းတို့ဆောင်ရွက်ရမည့်လုပ်ငန်းများပင် ဖြစ်၏။ မြို့တွင်းတိုက်ပွဲနှင့် နယ်ခြားစခန်းတိုက်ပွဲများတွင် သေဆုံးသည့် အင်္ဂလိပ်နှင့်ပါလက်စတိုင်း စစ်သားအလောင်းများကို သင်္ဂြိုဟ်ရန်လည်း မြူနီစီပယ်အဖွဲ့သို့ပင် လွှဲအပ်ပေးလိုက်၏။

ယခုအချိန်၌ အရှုပ်ထွေးဆုံးသော ပြဿနာသည် မြို့တွင်း၌ အင်္ဂလိပ်စစ်သားများပုန်းအောင်းကျန်နေရစ်ခဲ့ခြင်းကို ရှာဖွေဖော်ထုတ်ရန်နှင့် ရန်သူ့လက်နက်များကို စုဆောင်းယူရန် ဖြစ်သည်။ ၎င်းတို့စခန်းများအတွင်း၌ အင်္ဂလိပ်တို့ ချန်ထားရစ်ခဲ့သည့် လက်နက်ကြီးများသည် ပြဿနာမဟုတ်။ လက်နက်ငယ်အများအပြားသာလျှင် ပျောက်ဆုံးကုန်သည်။ တိုက်ပွဲမဖြစ်မီ ရက်အနည်းငယ်ခန့်က ထိုဒေသရှိ ပြည်သူများကို အင်္ဂလိပ်အာဏာပိုင်များက ရိုင်ဖယ်သေနတ်များ၊ စက်သေနတ်ကလေးများ အမြောက်အမြားထုတ်ပေးခဲ့၏။ ၎င်းတို့နှင့်ပူးတွဲပြီး ကျွန်ုပ်တို့အား တိုက်ခိုက်နိုင်ရန် မျှော်လင့်ပြီး ထုတ်ပေးခြင်းဖြစ်၏။ မြို့ကို သိမ်းပိုက်ပြီးသည်နှင့် တစ်ပြိုင်တည်း အရပ်သားများအားလုံး လက်နက်များပါ အပ်ရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ဘုရင်ခံက အမိန့်ထုတ်လိုက်၏။ လာရောက်ပေးအပ်သော်မှုမှာ စက်သေနတ်ကလေးများ၊ ရိုင်ဖယ်များနှင့် ခြောက်လုံးပြူးများ စုစုပေါင်း (၁၀၀၀)ခန့်ရှိသည်။ သို့သော်လည်း မြောက်မြားစွာသော လက်နက်များ ၎င်းတို့လက်တွင်း၌ရှိနေဦးမည်မှာ ယုံမှားဖွယ်မရှိပါ။ ရိုင်ဖယ်သေနတ်၏တန်ဖိုး မည်မျှကြီးမားကြောင်းကို ဂျော်ဒန်ပြည်တွင်းတုန်းက ကျွန်ုပ်တို့ သိရှိခဲ့ရပါပြီ။ ပစ္စည်းမှောင်ခိုသူ ဘီဒွင်လူမျိုးတို့သည် သေနတ်များကို ယူဆောင်ပြီး ညစဉ်ညဆက်ဆိုသလို ဟေဘရွန်း တောင်ကလပ်ပေါ်သို့ တက်ရောက်နေကြသည်။ [ဂါဇာကမ်းမြောင်နှင့် ဂျော်ဒန် နယ်ခြား အကွာအဝေးသည် မိုင်(၂၀)မှ မိုင် (၃၀) အထိ ရှိသည်]

၎င်းလုပ်ငန်း၏ စိတ်ဝင်စားဖွယ် အကောင်းဆုံးအပိုင်းမှာ ကျွန်ုပ်တို့၏ ရဲဘော်များဖြစ်၏။ လက်နက်ရှာဖွေမှုနှင့် ပတ်သက်ပြီး နှစ်ပေါင်းများစွာအတွင်း အတွေ့အကြုံများစွာ ရရှိထားခဲ့သည်။ ယခု ဂါဇာတွင် ထိုအလုပ်ကို သူတို့ ပြန်လုပ်နေကြရပြီ။ ယခင်သူတို့ရယူနိုင်ခဲ့ကြသည့် အဖြေမျိုးကို ရနိုင်ကြမည်လော။ အင်္ဂလိပ်စစ်တပ်များသည် အင်္ဂလိပ်နိုင်ငံကိုဦးတည်ပြီး ပင်လယ်ကမ်းခြေတစ်လျှောက် ရွေ့လျားသွားလာနေ၏။ အများစုမှာ အရာရှိများဖြစ်သည်။ သို့သော်လည်း ကျန်စစ်သားများကမူ ဂါဇာ၊ ခန်ယူနစ်ရာဖာနှင့် ကျေးလက်တောရွာများကို ပြည်သူလူထုနှင့်ရောနှောပြီး ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အရပ်ဝတ်အရှပ်စား မရှိသူများသည် ၎င်းတို့၏စစ်ဝတ်စုံများကို ချွတ်၍ လွှင့်ပစ်ပြီးနောက် နွမ်းတျယ်အင်္ကျီ၊ အတွင်းခံဘောင်းဘီတို့ကဲ့သို့လေးများနှင့် သွားလာနေကြ၏။ အလားတူပင် ပုန်းအောင်းနေသည့် အကြမ်းဖက်သမားများရှိသေး၏။ ၎င်းတို့ကို အီဂျစ်ရစ်ဌာနက်လှမ်းရေးဌာနနှင့် တွဲပေးထားသည်။ ထိုမြို့မှာ ရာဇဝင်တောင်ပေါင်း မြောက်မြားစွာလည်း ရှိသေး၏။ ကျွန်ုပ်တို့ဆိုက်ရောက်လာချိန်တွင် အီဂျစ်အစုအဖွဲ့ပိုင် များက ထောင်တံခါးများကို ဖွင့်ပြီး လွှတ်ပေးခဲ့သောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့ ရင်ဆိုင်ဖြေရှင်းရသည့် နောက်ဆုံးပြဿနာသည် ကျွန်ုပ်တို့၏လူများ (ယူနီဖောင်းဝတ်သူများနှင့်အရပ်သားများ)က လုယက်ကြခြင်းဖြစ်သည်။ ပထမတွင် ဈေးဆိုင်များကို ချိုးဖောက်ဖွင့်လှစ်ဝင်ရောက်ပြီး အတွင်းတွင် ပုန်းအောင်းနေသည့် လက်နက်ကိုင် ရန်သူရှိ မရှိ ရှာဖွေသည်။ သို့သော် ထိုနေရာတိုင်းမှစပြီး ကျွန်ုပ်တို့စစ်သား များနှင့် ထိုဒေသရှိ နေရာချထားရေးကျေးရွာများမှ အရပ်သားများသည် အာရပ်တို့၏ ပစ္စည်းများကို ယူငင်ကြလေတော့သည်။ ထိုအချိန်က နေဝင်မီးငြိမ်းနှင့် အပြင်မထွက်ရ အမိန့်ထုတ်ထားသောကြောင့် ပစ္စည်းများကို စောင့်ရှောက်ကြည့်ရှုမည့်သူ မရှိ။ နောက်ဆုံးတွင် ကျွန်ုပ်တို့စစ်ပုလိပ်များက အခြေအနေကို ထိန်းသိမ်းလိုက်နိုင်သည်။ သို့သော်လည်း အာရပ်တို့၏ပစ္စည်းများ အလွန်အမင်း ပျက်စီးဆုံးရှုံးခြင်းမရှိမီ၊ ကျွန်ုပ်တို့ ကြီးစွာ အရှက်တကွဲမဖြစ်မီ ထိန်းသိမ်းလိုက်နိုင်ခြင်းတော့ကား မဟုတ်ပါချေ။

မွန်းလွဲပိုင်း၊ စစ်သေနာပတိဌာနချုပ်သို့ ကျွန်ုပ်ပြန်ခါနီးတွင် နေဝင်မီးငြိမ်းနှင့် အပြင်မထွက်ရအမိန့်ကို ရုပ်သိမ်းလိုက်သည်။ မြို့သူမြို့သားများသည် အိမ်များအတွင်းမှ ထွက်လာကြကာ ဆွေမျိုးများထံသို့ သွားရောက်လည်ပတ်ခြင်း၊ ဈေးဝယ်ခြင်းများ ပြုလုပ်ကြ၏။ အများစုကမူ အိမ်ထဲတွင်အောင်းနေရသောကြောင့် ယခု လမ်းများအတွင်းသို့ ထွက်ပြီး ဟိုမှသည်မှ လှည့်လည်သွားလာကြခြင်းသာဖြစ်သည်။ ပထမတွင် ညနေပိုင်း၌ သူ့ခိုးသူဝှက်များကဲ့သို့ လျှောက်နေကြ၏။ သူခိုးမျက်စိများဖြင့် ကိုးကြည့်ကြောင်ကြည့် ကြည့်ကြ၏။ ဦးခေါင်းများကို ခပ်လျှိုလျှို ငုံ့ထားကြ၏။ စကားတိုးတိုးပြောကြ၏။ သို့သော် မိနစ်အနည်းငယ်ကြာသောအခါ အော်သံဟစ်သံ ရယ်သံမေးသံများ လူအုပ်ကြီးများဖြင့် သောသောသည်းသည်းလာကာ တစ်မြို့လုံးပြန်လည်အသက်ဝင်လာတော့၏။

မြို့မှထွက်ခွာလာခဲ့ပြီး ဇယ်လ်အလီမန်တာတောင်ပေါ်သို့ ကျွန်ုပ် တက်လာခဲ့၏။ ဤတောင်ကြောသည် စစ်ပွဲတိုင်းတွင် ဂါဇာကို သိမ်းပိုက်ရန် သော့ချက်စခန်း ဖြစ်ခဲ့၏။ အမြင့်မှနေ၍ဆီးကြည့်လျှင် ဤတောင်ကြောသည် အရှေ့ဘက်ကွင်းပြင်တစ်ခု လုံးကို မိုးထားကြောင်း မြင်ရသည်။ (ဂါဇာမြို့သည် အနောက်ဘက်တွင် ပင်လယ်၊ တောင်နှင့် မြောက်တွင် သဲတောင်ကြီးများဖြင့် ကာရံပိတ်ဆို့ထား၏။) အီဂျစ်တို့က ယင်းတောင်ကြောကို ခံတပ်ပြုလုပ်ထား၏။ အမြောက်နှင့် စက်သေနတ်နေရာများကို ပြုလုပ်ပြီး ဆက်သွယ်ရေးကတုတ်ကျင်းများဖြင့် ဆက်သွယ်ပေးထား၏။ မြေစည်းရိုးအနီး သို့မသွားမိရန် သတိထားနေရသည်။ စနက်တံမဖြုတ်ရသေးသော မိုင်းပုံးများ ကျန်နေ သေး၏။ အီဂျစ်များတူးခဲ့သည့် ကတုတ်ကျင်းများအတွင်းရှိ မြေတို့ လေ့လာဆန်းစစ် ကြည့်မိသည်။





အလီမန်တာ၏ မြောက်ဘက်ခြမ်းကတုတ်ကျင်းအတွင်း၌ လူအရိုးနှင့်တူသော အရာတစ်ခုကို တွေ့ရသည်။ အနည်းငယ်နက်မလအောင် တူးကြည့်သည်တွင် လူ့သေ အလောင်းမြှုပ်နှံသည့် ရှေးဟောင်းသုသာန်ကျင်းတစ်ခုကို တွေ့ရသည်။ ခရစ်တော် မပေါ်မီ ဘီစီ (၁၃၀၀)ခန့်က သင်္ချိုင်းဖြစ်တန်တူသည်။ ထိုကျင်းထဲမှာပင် စဉ့်အိုးတစ်လုံး နှင့်ပန်းကန်ပြားတစ်ချပ် တွေ့ရ၏။ သေဆုံးသူကို အစာရေစာကျွေးသည့် သဘောဖြင့် အတူထည့်မြှုပ်ထားသောအိုးနှင့် ပန်းကန်ဖြစ်၏။ ၎င်းတို့သည် ရှေးဟောင်းပစ္စည်းများပင် ဖြစ်၏။ ပုံသဏ္ဍာန်အရ သိသာသည်။ ပန်းကန်နှုတ်ခမ်းသားများကို တွန့်ထား၏။ အိုးကမူ အောက်ခံဝိုင်းပြီး အပေါ် ရှုးကာလက်ကိုင်ပါသည်။ ထိုပစ္စည်းများရှိ မြေကြီးများကို ယခု ကျွန်ုပ် မဆေးကြောပစ်ပါ။ အလွန်သတိထားပြီး ဆေးကြောရမည့် အလုပ်ဖြစ်သည်။ အလားတူအိုးမျိုးတွင် အောက်ပိုင်း၌ ဆီနှင့်ဝိုင်အရက်များ ထုတ်ယူရန် အပေါက်ကလေး များပါသည်ကို တွေ့ခဲ့ရဖူး၏။

တိုက်ပွဲများဖြစ်ပွားနေသည့် (၆)ရက်အတွင်း ကျွန်ုပ်တို့၏တပ်မဟာမှူးများ အားလုံးနှင့် ကျွန်ုပ်တွေ့ဆုံပြီး စကားပြောနိုင်ခဲ့သည်။ သို့သော်လည်း အမှတ် (၁) တပ် မဟာမှူးကိုမူ တွေ့ခွင့်မကြုံချေ။ သူ့ကို တွေ့ကြုံပြီးစကားပြောချင်ပါသည်။ ရာဖာတိုက်ပွဲ ပြီးစီးသွားသည့် နောက်ပိုင်းတွင် သူ့ကို စကားပြောရန် လိုအပ်လာသည်။ ရာဖာသည် မြောက်ဘက်လမ်းတွင် အရေးကြီးဆုံးသော သော့ချက်နေရာဖြစ်၏။ အရေးကြီးသော တိုက်ပွဲလည်း ဖြစ်ခဲ့၏။ တပ်မဟာ(၁)က အစိကအပိုင်းမှ ပါဝင်တိုက်ခိုက်ခဲ့သည်။ ချီးကျူး ဝမ်းသာကြောင်းစကားကို သူ့အား ကျွန်ုပ်ကိုယ်တိုင် နှုတ်ဖြင့် ပြောလို၏။ သို့သော်လည်း ယခုအချိန်မျိုးတွင် အောက်ပါစာကလေးကိုသာ ကျွန်ုပ်ပေးပို့လိုက်နိုင်သည်။

**ရင်းနှီးသော ဘီး. . .**

"တိုက်ပွဲနဲ့လှုပ်ရှားမှု" တိုးတက်ဖြစ်ပေါ်နေတဲ့ လွန်ခဲ့တဲ့ လေးရက်အတွင်းမှာ ခင်ဗျားနဲ့ကျွန်တော် တွေ့ခွင့်မကြုံခဲ့ဘူး၊ အဲဒီ အတွက် စိတ်မကောင်းဘူးဗျာ၊ အခုပဲ. . . ကျွန်တော်ရောက်ခဲ့တဲ့ အယ်လ်အရစ်ရှ်မြို့မှာလဲ ခင်ဗျားနဲ့လွဲသွားတယ်၊ အိပ်ချ်ဘီ အယ်လ် နဲ့အတူတူ ခင်ဗျားရှိနေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒီလို လေးဆယ် အလုပ်နှစ်ခုကို လုပ်ချင်တယ်၊ တစ်ခုက ခင်ဗျားကို တွေ့ပြီး အဲဒီရက်တွေတုန်းက ခင်ဗျား ဘယ်လိုဆောင်ရွက်ခဲ့တယ် ဆိုတာတွေ ကြားချင်တယ်၊ နောက်တစ်ခုကတော့ ရဲဘော်ရဲဘက် တစ်ယောက်အနေနဲ့ရော၊ ခင်ဗျားရဲ့ တပ်မဟာနဲ့အတူ ပြောင် မြောက်စွာ တိုက်ပွဲဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ရော ခင်ဗျား ရဲ့လက်ကိုဆွဲပြီး နှုတ်ဆက်ချင်တယ်။

ခင်ဗျား . . . တယ်လ်အဗစ်ကိုရောက်ရင် ကျွန်တော့်ကို ဝင်တွေ့ပါ၊ ခင်ဗျားကို အယ်လ်အရစ်ရှ်မြို့မှာ ဖမ်းမမိနိုင်အောင် ကျွန်တော် ကြိုးစားဦးမယ်။

✡

www.burmeseclassic.com

နေရာပေါင်း မြောက်မြားစွာမှသတင်းများ ကျွန်ုပ်တို့ထံသို့ ရောက်လာနေသည်။ ဗြိတိန်နိုင်ငံမှလည်းကောင်း၊ အင်္ဂလိပ်နိုင်ငံမှ လည်းကောင်း၊ ကျွန်ုပ်တို့၏ လေယာဉ်မှူးများ ထံမှလည်းကောင်း သတင်းများရောက်ရှိနေပြီး တိုက်ပွဲများအကြောင်း လွန်ခဲ့သည့်ရက် အနည်းငယ်က ဗြိတိသျှစစ်သင်္ဘောများနှင့် ကျွန်ုပ်တို့ တိုက်လေယာဉ်ပျံများ၊ အင်္ဂလိပ်ရေ တပ်သင်္ဘောများ တိုက်ပွဲအကြောင်းများ ထိုသတင်းများတွင် ဖော်ပြကြလေသည်။

ဤကိစ္စကြီးတစ်ခုလုံးကို အင်္ဂလိပ်တိုက်သင်္ဘော "ဒိုမီယက်" က စတင်ခဲ့သည်။ ဒိုမီယက်သင်္ဘောသည် စူးအက်မှ အင်္ဂလိပ်တပ်ဖွဲ့ကို ရှမ်အယ်လ်ရှိတ်သို့ စစ်ကူအဖြစ် ပေးပို့ရန် ဖြစ်သည်။ ကျွန်ုပ်တို့လေတပ်မတော်က ထိုသင်္ဘောနှင့်တိုက်ရန် အသင့်ပြင်ပြီး ဖြစ်သည်။ သို့သော်လည်း စူးအက်ကွေ့သို့ချဉ်းကပ်ရာ တောင်ဘက်ပိုင်းတွင် ကင်းလှည့် နေသည့် ဗြိတိသျှရေတပ်အုပ်စုက ဒိုမီယက်ကို နိုဝင်ဘာလတစ်ရက်နေ့ ညဉ့်အမှောင် ထဲတွင် နှစ်မြှုပ်ပစ်လိုက်သည်။

ဒိုမီယက်မှ သင်္ဘောသားများကို ဗြိတိသျှရေတပ်တပင် ဆယ်ယူလိုက်ပြီး ထို ဒေသ၌ ဆက်လက်၍ ကင်းလှည့်နေ၏။ နိုဝင်ဘာ (၃)ရက်နေ့ မွန်းလွဲပိုင်းတွင် ၎င်းစစ် သင်္ဘောများသည် ရှမ်အယ်လ်ရှိတ်အနီးရှိ တိုင်ရန်ရေလက်ကြားအတွင်းသို့ ရောက်ရှိနေ ကြ၏။ ထိုအချိန်မှာပင် အင်္ဂလိပ်သင်္ဘောကိုတိုက်ရန် ကျွန်ုပ်တို့လေတပ်မတော်မှ မစ္စတီရီ တိုက်လေယာဉ်ပျံလေးစင်း ထွက်ခွာသွားသည်။ ရှမ်အယ်လ်ရှိတ်၏ မြောက်ဘက် (၉)မိုင် ခန့်အကွာ ရပ်စ်နတ်ရာနီ အနီးတွင် အင်္ဂလိပ်သင်္ဘောကို ရှာဖွေတွေ့ရှိထားသည်။ ပထမ တိုက်လေယာဉ်ပျံလေးစင်းက ထိုသင်္ဘောကို ပစ်ခတ်တိုက်ခိုက်ရာ သစ်သားအညံ့များဖြင့် ဆောက်ထားသည့်သင်္ဘောသည် နစ်ခြမ်းကွဲပြီး နစ်မြုပ်သွား၏။ အဆိုပါတာဝန်ကို ထမ်း ဆောင်ပြီး ပြန်လာသော ကျွန်ုပ်တို့လေယာဉ်ပျံများသည် ကမ်းခြေအနီးတွင် စစ်သင်္ဘော အများအပြားကို တွေ့ကြရပြန်၏။

မှတ်ဆိနည်းနေပြီဖြစ်သောကြောင့် အနီးသို့ ကပ်ပြီး မကြည့်နိုင်ခဲ့။ သူတို့ နောက်မှလိုက်လာသည့် အကူအညီလေယာဉ်ပျံများကိုသာ သတင်းပေးလိုက်နိုင်သည်။ နောက်မှလိုက်လာသည့် တိုက်လေယာဉ်လေးစင်း ထိုနေရာသို့ ရောက်သွားသောအခါ ပင်လယ်နှင့်ရပြင်ကြား၌ လှိုင်းဂယက်ထနေသော ရေကြောင်းများကိုသာ မြင်တွေ့ရ၏။ စစ်သင်္ဘောများ ရှမ်အယ်လ်ရှိတ်နှင့်ဝေးရာသို့ ခွာသွားကြပြီဖြစ်ကြောင်း ဖော်ပြခြင်းပင် ဖြစ်၏။ လေယာဉ်အုပ်စုမှူးသည် ထိုနေ့တွင် မည်သည့်တာဝန်ကို ထမ်းဆောင်ရမည်၊ မည်သည့်အလုပ်ကို လုပ်ရမည်ဖြစ်ကြောင်းတို့ကို ဗွီဟ ဖြစ်မနေတော့ချေ။ ထိုအချိန်မှာ သင်္ဘောပေါ်မှ အမြောက်များဖြင့် သူတို့ကို အပြင်းအထန် ပစ်ခတ်တော့၏။

လေယာဉ်အုပ်စုမှူးက သူ့တိုက်လေယာဉ်ပျံကို သင်္ဘောပေါ်သို့ ကျွမ်းစိုက်ချ လိုက်ပြီး ခလုတ်ကို တစ်ချက်ချင်းနှိပ်ကာ ဒုံးပျံ (၃၈)စင်းကို ပစ်လွှတ်လိုက်၏။ အခြား မစ္စတီရီတိုက်လေယာဉ်သုံးစင်းကလည်း အလားတူပင် ပြုလုပ်ကြသည်။ ထိုသို့ တိုက်ခိုက် ပြီးမှ ဗြိတိသျှတိုက်သင်္ဘော အိပ်ချ်အမ်အက်စ်ကရိန်း ဖြစ်ကြောင်း သိရတော့သည်။ သံချပ်ကာကို ဖောက်ထွင်းနိုင်သည့် ဒုံးပျံများမဟုတ်သောကြောင့် သင်္ဘောကို ထိမှန်လင့် ကစား ဆိုးဆိုးရွားရွားမှုပျက်စီးချေ။





တိုက်ပွဲဝင်လေယာဉ်ပျံများသည် ကရိန်းမှ အပြင်းအထန် ပစ်ခတ်တိုက်ခိုက် သော်လည်း အထိအခိုက်မရှိဘဲ ပြန်လည်ထွက်ခွာလာကြတော့သည်။

အလားတူ မှားယွင်းမှုတစ်ခုကို ထိုဒေသမှာပင် ထိုကိစ္စမဖြစ်ပွားမီ တစ်ရက်က ပေါ်ပေါက်ခဲ့သည်။ ကျွန်ုပ်တို့ လေယာဉ်ပျံတစ်စင်း ပစ်ချခံလိုက်ရ၏။ ကရိန်းသင်္ဘောနှင့် ဖြစ်ပွားသည့်တိုက်ပွဲနှင့် ထိုလေယာဉ်ပျံပစ်ချခံရသောသတင်းသည် သတင်းတစ်ခုတည်း အနေဖြင့် အတူတူရောက်ရှိလာ၏။ ဗြိတိသျှသင်္ဘောကရိန်းကို တိုက်ခိုက်သော လေယာဉ် ပျံပင်ပစ်အချခံရကြောင်း သတင်းကဆိုသည်။ အမှန်တွင်မူ ထိုအဖြစ်အပျက်နှစ်ခု လုံးဝ ဆက်စပ်မှုမရှိ။ ပစ်အချခံရသော လေယာဉ်ပျံသည် သူ့အကြောင်းနှင့်သူ ဖြစ်၏။

နိုဝင်ဘာနှစ်ရက်နေ့ မွန်းတည့် (၁၂)နာရီက မစ္စတီရီလေယာဉ်ပျံလေးစင်းသည် ရပ်စ်နတ်စရာနီနှင့် ရှမ်အယ်လ်ရှိတ်အနီးရှိ မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ရန် ထွက်ခွာ သွားသည်။ ခပ်နိမ့်နိမ့်ပျံသန်းသွားကြရာ နှစ်စင်းမှာ အင်္ဂလိပ်လေယာဉ်ပစ် အမြောက်ထိ မှန်ပြီး တစ်စင်းသည် စခန်းသို့ရောက်သည်အထိ ပြန်လာနိုင်ခဲ့၏။ ကျန်တစ်စင်းကမူ မီးများလောင်လာသောကြောင့် လေယာဉ်မှူး ဗိုလ်မှူးဘင်နီပီလက်သည် လေထီးဖြင့် ခုန်ဆင်းလိုက်ရတော့၏။ လေယာဉ်ပျံသည် စတ္တန့်အနည်းငယ် ဆက်လက်ပျံသန်းသွားပြီး ပေါက်ကွဲပျက်စီးသွားတော့သည်။

လေပြင်းတိုက်ခတ်နေသောကြောင့် ဗိုလ်မှူးဘင်နီမှာ လေတိုက်ရာအတိုင်း အင်္ဂလိပ်စခန်းဆီသို့ ဦးတည်လွင့်ပါသွား၏။ ထိုစခန်းနှင့် တစ်မိုင်ခွဲမျှဝေးကွာသော နေရာ တွင်သွားကျ၏။ မြေပြင်နှင့်ရိုက်မိပြီး ဒူးကျိုးသွားသည်။ ဒဏ်ရာမှာ နာကျင်လှသော်လည်း တစ်ဖက်ရှိတောင်များဆီသို့ရောက်အောင် အားခဲပြီးလာခဲ့သည်။ အင်္ဂလိပ်များက လေယာဉ် ပျံပျက်သွားခြင်းနှင့် လေယာဉ်မှူး လေထီးဖြင့် ခုန်ချခြင်းကို မြင်လိုက်ကြရသည်။ ထို့ကြောင့် ခြေရာခံပြီးလိုက်လာကြ၏။

ဘင်နီစွန့်ပစ်ခဲ့သည့် လေထီးသည် လေတိုက်နေသောကြောင့် သူနှင့် ဆန့်ကျင် ရာဘက်သို့ လွင့်ပါသွားပြန်၏။ ဗိုလ်မှူးဘင်နီကိုယ်တိုင်မှာ တောင်ကုန်းငယ်တစ်ခု၏ ခြေရင်းသို့ အောင်မြင်စွာ ဆိုက်ရောက်လာခဲ့လေသည်။

တောင်ကုန်းထိပ်ပေါ်သို့ တက်မိသည်တွင် သူ မြင်တွေ့ရသောအရာကြောင့် ကြက်သေသေသွားလေသည်။ ကိုက်(၂၀၀)ခန့်မျှသာ ဝေးကွာသောနေရာတွင် အစောင့် တဲတစ်လုံးကို မြင်ရပြီး ထိုတဲအောက်၌ အင်္ဂလိပ်စစ်သားနှစ်ယောက် ထိုင်နေကြခြင်းဖြစ်၏။ ရန်သူနှင့်ကပ်နေလင့်ကစား သူ များစွာ ပင်ပန်းနွမ်းနယ်နေပြီ။ အားအင်ကုန်ခန်းနေပြီ။ ထို့ကြောင့် ရောက်သည့်နေရာမှာပင်နေရန် ဆုံးဖြတ်လိုက်သည်။ ထိုသို့ ဆုံးဖြတ်ပြီး ခဏအကြာတွင် ပိုက်ပါလေယာဉ်ပျံတစ်စင်း ရောက်ရှိလာကာ မစ္စတီရီလေယာဉ်ပျံ မီးလောင်ပျက်ကျသွားသည့် နေရာတစ်ဝိုက်ကို လှည့်ရှာ၏။ ဗိုလ်မှူးဘင်နီက လေထီးမှ ဆွဲဆုတ်ယူလာသည့် လေထီးအစကို ဝှေ့ယမ်းပြီး အချက်ပြသည်။ သို့သော် လေယာဉ် မှူးက သူ့ကို ရှာမတွေ့ဘဲ ပြန်လည်ထွက်ခွာသွားသည်။

နောက်နှစ်နာရီအကြာ (၁၇း၀၀)နာရီတွင် ပိုက်ပါလေယာဉ်ပျံသည် တစ်ကြိမ် ပြန်လာပြန်၏။ ယခုတစ်ကြိမ်တွင်မူ ပို၍ နေရာကျယ်ကျယ် ပျံဝဲပြီး ရှာဖွေ၏။



www.burmeseclassic.com

www.burmeseclassic.com

တောင်များဘက်သို့ နီးကပ်စွာပျံဝဲလာ၏၊ ယခုမှပင် လေယာဉ်မှူးက ဘင်နီ လေထီးစ ယမ်းပြနေသည်ကို မြင်တွေ့ရသည်၊ ပို၍သေချာစေရန် လေယာဉ်မှူးက သူ့မော်တာကို ပိတ်ပစ်လိုက်ပြီး အနိမ့်ဆုံးပျံကာ "ခင်ဗျား ဘင်နီလား"ဟု တုန်းအော်သည်။ ဘင်နီ ခေါင်းညိတ်ပြသည်ကို မြင်တွေ့ရသောအခါ ပင်လယ်ကမ်းခြေတွင် ဆင်းသက်လိုက်၏။ အီဂျစ်စခန်းမှနေ၍ ကိုက် (၅၅၀)မျှသာဝေးသည်။ ဘင်နီထံသို့ လေယာဉ်မှူးက လာနေခိုက် ဘင်နီကလည်း လေယာဉ်မှူးထံသို့ တွားပြီးသွားသည်။ လေယာဉ်မှူးနှင့် ကင်းထောက်တပ်သားတို့သည် ဘင်နီကိုဆွဲတင်ကာ အမြန်ဆုံးထွက်ပြေး လွတ်မြောက် လာခဲ့ကြလေသည်၊

အထူးပြု၍ ဖော်ပြရမည်မှာ တောင်ကုန်းပေါ်ရှိ အစောင့်တဲအနီးတွင် ထိုင်နေသော အီဂျစ်စစ်သားနှစ်ဦးဖြစ်၏။ တိုက်ပွဲဖြစ်ပွားနေသည့် တစ်ချိန်လုံး အချက်ပြခြင်း၊ လေထီးကို ယမ်းပြခြင်း၊ မိမိလူ ဟုတ်,မဟုတ် မေးမြန်းခြင်း၊ မြေပြင်သို့ လေယာဉ်ပျံဆင်းလာခြင်း၊ မိကျောင်းသွား တွားသွားခြင်း၊ လေယာဉ်ပျံပေါ်တင်ခြင်း၊ လေယာဉ်ပျံထွက်ခွာသွားခြင်း စသည်တို့အားလုံး ဖြစ်ပျက်နေခိုက် စစ်သားနှစ်ယောက်သည် သူတို့ ရိုင်ဖယ်သေနတ်များကို မှီပြီးထိုင်နေကြ၏။ ဆိတ်ငြိမ်စွာ ထိုင်နေကြ၏။ ဘာတွေဖြစ်ပျက်နေသည်ကို သူတို့ စိတ်မဝင်စား။ ဗိုလ်မှူးဘင်နီပီလက်၏ မစ္စတီရီတစ်စင်းသာလျှင် ကျွန်ုပ်တို့ဘက်က ပစ်အချခံရသည့် တစ်စင်းတည်းသော ဂျက်တိုက်လေယာဉ်ပျံ ဖြစ်သည်။ အခြားလေယာဉ်ပျံ (၉)စင်း ကျွန်ုပ်တို့ ဆုံးရှုံးသော်လည်း အားလုံး ပန္စတင်စက်တပ်လေယာဉ်ပျံများသာ ဖြစ်သည်။ မတ်စတန်း (၇)စင်းနှင့် ဟားဗတ် (၂)စင်း ဖြစ်၏။ ထို့ပြင် ကျွန်ုပ်တို့ဆုံးရှုံးရသည့်လေယာဉ်ပျံများအားလုံးသည် လေကြောင်းတိုက်ပွဲဖြစ်ပွားပြီး ပစ်အချခံရသော လေယာဉ်ပျံများ မဟုတ်၊ မြေပြင်မှ ပစ်ခတ်သည့် လေယာဉ်ပျံပစ်အမြောက်များဖြင့် ပစ်ခတ်သောကြောင့်သာ ပျက်ကျရခြင်း ဖြစ်သည်၊

စုစုပေါင်း (၁၀)စင်းအနက် (၇)စင်းသည် အင်္ဂလိပ်ပြင်သစ်တပ်များ တိုက်ခိုက်မှုမပြုမီ အောက်တိုဘာ (၃၀)ရက်နှင့် (၃၁)ရက်နေ့များက ပစ်ချခံရ၏။ အီဂျစ်လေတပ်မတော်က မြေပြင်ရှိ အီဂျစ်တပ်များကို အကာအကွယ်မပေးဘဲ အစ္စရေးလေတပ်ကို မိမိတို့ဖာသာ အမြဲတမ်းတိုက်ခိုက်နေရကြောင်း အီဂျစ်ဗိုလ်တိုင်းက မကျေမနပ်တိုင်တန်းကြသည်၊

ကျွန်ုပ်တို့၏ ပန္စတင်စက်တပ် လေယာဉ်ပျံများ ပစ်အချခံရသည်မှာလည်း အကြိမ်ပေါင်းများစွာပျံသန်းပြီး မြေပြင်ပစ်မှတ်များကို အလွန်နိမ့်စွာ ပျံသန်းတိုက်ခိုက်သောကြောင့်သာ ထိုမျှအထိ ပစ်ချခံရခြင်း ဖြစ်၏။ ထို့ပြင် လေယာဉ်မှူးများသည်လည်း ငယ်ရွယ်ကြသေး၏။ တိုက်ပွဲအတွေ့အကြုံ များများစားစား မရှိကြ၊ သူတို့၏ ပစ်မှတ်သို့ မရောက်မီကတည်းက အလွန်နိမ့်စွာ ပျံသန်းသွားတတ်ကြလေရာ အီဂျစ်လေယာဉ်ပျံပစ်အမြောက်တပ်ဖွဲ့များအတွက် များစွာ ပစ်ကွင်းပစ်ကွက် ကောင်းနေတော့သည်၊

ကျွန်ုပ်တို့ဘက်က လေယာဉ်မှူးနှစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရသည်။ ထိုအထဲတွင် ပိုက်ပါလေတပ်ဖွဲ့မှ လေယာဉ်မှူးများ လုံးဝမပါချေ၊ ဒဏ်ရာရသူ ခြောက်ဦးအနက် တစ်ဦးသည် အီဂျစ်တို့လက်တွင်းသို့ စစ်သုံ့ပန်းအဖြစ်ကျရောက်သွား၏။





ကျန်ငါးယောက်သည် အားလုံး မိမိတို့စခန်းများသို့ ပြန်ရောက်လာကြသည်။ သုံးယောက်က ၎င်းတို့ဖာသာ ၎င်းတို့ ပြန်လာကြပြီး နှစ်ဦးကိုမူ ရန်သူနယ်မြေအတွင်းမှ သွားရောက်ကယ်ဆယ်လိုက်ရသည်။

✡

ရန်သူနယ်မြေမှ မိမိစခန်းသို့ ရောက်အောင် "အရှည်လျားဆုံးသော ခရီးစဉ်ချိန်" ကိုတင်သူသည် ဗိုလ်ကြီးဝက် ဖြစ်၏၊ ပက်သည် အစ္စရေးစခန်းသို့ ပြန်ရောက်အောင် နာရီပေါင်း (၃၀) လမ်းလျှောက်လာရလေသည်။ အောက်တိုဘာ (၃၁)ရက်နေ့က ဘာဂစ်ဂါဖာဒေသရှိ အီဂျစ် သံချပ်ကာတပ် စစ်ကြောင်းကို ဗိုလ်ကြီးပက်နှင့် အခြား မတ်စတန်းလေယာဉ်မှူးနှစ်ဦးတို့ သွားရောက်တိုက်ခိုက်ကြစဉ် ဗိုလ်ကြီးပက်၏လေယာဉ်ပျံမှာ ရန်သူ့လေယာဉ်ပစ်အမြောက်များ၏ ပစ်ခတ်ခြင်းကို ခံရ၏။ သူ့လေယာဉ်ပျံတွင် ဓာတ်ဆီသုညမှတ်သို့ ရောက်နေပြီကို လည်းကောင်း၊ စက်အတွင်းမှ မီးခိုးများ ထွက်လာသည်ကို လည်းကောင်း မြင်တွေ့ရ၏။

ထို့ကြောင့် ပေ (၁၃၀၀)သို့ ပျံတက်ခဲ့၏။ ထို့နောက် စက်ကိုပိတ်ကာ ဝမ်းဗိုက်နှင့် ရှပ်၍ဆင်းသက်လိုက်သည်၊ အခြားပတ်ဝန်းကျင်ဆိုလျှင် လေထီးဖြင့် ခုန်ဆင်းရန်နည်းလမ်းကို သူ ရွေးချယ်ပေလိမ့်မည်။ ယခု ဤနေရာတွင်မူ လေထီးဖြင့် ဆင်းခြင်းအားဖြင့် အနီးတစ်ဝိုက် ရှိ အီဂျစ်စစ်သားများ အာရုံစူးစိုက်လာနိုင်ကြောင်း၊ သို့ဆိုလျှင် မိမိမြေပြင်သို့ မရောက်မီ ပစ်ချခြင်းကို ခံရတော့မည်ဖြစ်ကြောင်း စဉ်းစားမိသည်၊

မြေပြင်တွင် လေယာဉ်ပျံရပ်သွားသည်နှင့် တစ်ပြိုင်တည်းခုန်ထွက်ကာ တောင်ကျချောင်းတစ်ခုနှင့် ဆက်နေသော ချုံပုတ်များအတွင်းသို့ ဝင်ရောက်ပုန်းအောင်းနေ၏။ ဒဏ်ရာတစ်စုံတစ်ရာရခြင်း မရှိသည်ကို တွေ့ရသည်တွင် သူ့အခြေအနေကို ပြန်လည်သုံးသပ်ကာ ဘာဟက်စ်နာသို့ ဦးတည်ပြီး လမ်းလျှောက်ရန် ဆုံးဖြတ်လိုက်၏။ ဘာဟက်စနာတွင် အစ္စရေးတပ်များရှိမည်ဟု မျှော်လင့်ထားသည်။ တစ်ညလုံး သူ လမ်းလျှောက်ခဲ့ရာ နံနက်အရုဏ်မတက်မီမှာပင် ဘာဟက်စနာသို့ ရောက်လာ၏။ လုံခြုံမှုရစေရန်အတွက် တောင်ကုန်းနောက်ကွယ်တွင် ကပ်ပြီးပုန်းအောင်းနေရန်နှင့်နေ့ဘက်အလင်းရောင်လာသည်အထိ စောင့်ဆိုင်းနေရန် ဆုံးဖြတ်သည်။

ဤကဲ့သို့ပြုလုပ်ခဲ့ရသည့်အတွက် သူ ဝမ်းမနည်းပါ။ နေ့ဘက်ရောက်သောအခါ စစ်စခန်းတစ်ခုကို ဦးတည်ပြီးထွက်လာခဲ့သည်။ သို့သော်လည်း သူ မြင်တွေ့ရသောအရာကား အီဂျစ်စစ်တပ်ဖြစ်နေသည်၊ အစ္စရေးသို့ဦးတည်ပြီး ဆက်လက် လမ်းလျှောက်ရန်မှတစ်ပါး အခြားအကြောင်းမရှိတော့ပါချေ။ ဒုတိယညတွင် တောင်ဘက်သို့ ရှေးရှုလျှောက်နေခြင်းကို လမ်းကြောင်းပြောင်းပြီး ဂျေဘယ်လစ်ဗနီသို့ ရောက်ရန်အတွက် အရှေ့မြောက်ဘက်သို့ ဦးတည်လျှောက်လာခဲ့သည်။ သို့ကလို ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ဒုတိယည ဆက်လျှောက်ပြီးသောအခါတွင်ကား သူ၏ပန်းတိုင်သို့ ရောက်လေတော့၏။ အစ္စရေးစစ်တပ်များ၏ ဆီးကြိုခြင်းကို ခံရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ယင်းကဲ့သို့သော သဲကန္တာရတွင်း ခရီး၏ အဓိကပြဿနာသည် ရေပင်ဖြစ်၏။ အခြားလေယာဉ်မှူးအားလုံးကဲ့သို့ပင် ဗိုလ်ကြီးဗက်တွင်လည်း နှစ်ခွက်စာခန့်ရှိ ရေဂရမ် (၂၀၀)၊ သကြားလုံးတစ်ထုပ် ထည့်ထားသည့် သေတ္တာငယ်တစ်လုံးပါလာ၏။ ပါလာသည့် ရေနှစ်ခွက်စာခန့်မှာ လေယာဉ်ပျက်ပြီး ဆင်းရစဉ်ကတည်းကပင် ကုန်သွားပြီဖြစ်၏။ ဂျေဘယ်ယာလက်ကို ရှောင်ကွင်းနိုင်ရန်အတွက် ပေတစ်ထောင်ခန့်မြင့်သော တောင်ပေါ်သို့ ခရီးစသည်နှင့် တစ်ပြိုင်တည်း တက်ခဲ့ရလေသည်။ တောင်ထိပ်သို့ ရောက်သည်တွင် သူ့ရင်တွင်း၌ ခြောက်ခန်းနေ၏။ ရေဆာလောင် မွတ်သိပ်မှုကို မထိန်းနိုင် မချုပ်နိုင်လောက်အောင် ဖြစ်လာ၏။

အပူဒဏ်ကိုရှောင်ရန်၊ ဘီဒွင်နှင့်အီဂျစ်စစ်သားများကို ရင်မဆိုင်ရရန်၊ နေ့ခင်းဘက်တွင် ခရီးမသွားဘဲ ပုန်းအောင်းနေရန် ပက်က ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ကျောက်ဆောင်ကြီးများကြားသို့ ဝင်ရောက် ပုန်းအောင်းပြီး သဲအတွင်း၌ ဂလိုင်လုပ်ကာ မိမိကိုယ်ကို ထိုအတွင်း၌ ပျောက်နေစေပြီး နေဝင်သွားသည်အထိ နေရသည်။

သကြားလုံးများကို စုပ်ခြင်းအားဖြင့် ရေငတ်သည့်ဘေးဒုက္ခမှ ကင်းဝေးလာ၏။ မှန်ပါသည်။ စခန်းသို့ သူပြန်ရောက်လာသောအခါ သကြားလုံးများ၏တန်ဖိုးကို မရပ်မနားချီးကျူးလေတော့သည်။ သကြားလုံးကို နှစ်ခြမ်းခွဲသည်။ တောင်ကျချောင်းဘေးတွင် ပေါက်သည့်သစ်ပင်မှ အရွက်များကိုယူပြီး သကြားလုံးနှင့် ရောစားသည်။ ထိုအရွက်များသည် အလွန်တရာခါးသော်လည်း အရည်များစွာ ရ၏။ သကြားလုံးနှင့် ရောစားသည်တွင် အခါးသက်သာပြီး စားနိုင်လာသည်။

ထို့ပြင် ညဘက်၌ ကျတတ်သည့် နှင်းရည်စက်ကဲ့သို့သော အရည်များကိုပါ သူသတိပြုမိ၏။ ဖုန်များ၊ သဲများ ဖုံးအုပ်နေသည့် ချုံပုတ်များအောက်၌ ပုန်းအောင်းနေရစဉ်က ညဘက်တွင် ချွေးပြန်ပြီး သစ်ရွက်များ၌ သီးနေသော အရည်များဖြစ်၏။

ဖုန်နှင့်သဲများ ရောနှောနေသဖြင့် တစ်စုံတစ်ယောက်အဖို့ သောက်နိုင်မည် မဟုတ်ပါ။ သို့သော် လက်၊ လည်ပင်း၊ နဖူး စသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ပွတ်သပ်လိမ်းကျံပေးထားခြင်းဖြင့် ရေငတ်မှုဒဏ်ကို သက်သာစေပါသည်။

ဤခရီးအဆုံးသို့ရောက်ပြီး အစ္စရေးတပ်များနှင့် တွေ့သည့်အချိန်အထိ ဗိုလ်ကြီးပက်တွင် သကြားလုံးလေးလုံးကျန်သေးသည်။ အကယ်၍ ဂျေဘယ်လ်လစ်ဗနီမှာပင်လျှင် အစ္စရေးတပ်များ မရှိဟုဆိုပါက ကူစီမာအထိ ဆက်လက်လမ်းလျှောက်သွားရန် ဆုံးဖြတ်ထားသည်။

ထိုခရီးကို ဆက်နိုင်ရန် သကြားလုံးလေးလုံးကို ပုံစံချပြီး အစိတ်သေးသေး ကလေးများ ခွဲစိတ်ထား၏။ ခါးသော သစ်ရွက်များနှင့် ရော၍စားပြီး ရွှံ့နှင့်ရောနေသည့် နှင်းစက်များကို လိမ်းကျံရန် စီစဉ်ထားသည်။

ထိုနည်းအားဖြင့် နောက်တစ်ညမျှသာမက နှစ်ညအထိ ဆက်လက်လမ်းလျှောက်နိုင်ဦးမည်ဖြစ်ကြောင်း သူ ယုံကြည်နေလေသည်။

✡





**(၁၉၅၆)၊ နိုဝင်ဘာ (၆) ရက်**

လွန်ခဲ့သည့် (၄၈)နာရီအတွင်း တိုက်ပွဲစဉ်ကြီးသုံးခုတို့သည် အထွတ်အထိပ်သို့ ရောက်လာကြ၏။ အစ္စရေးတို့ဆင်နွှဲသော ကဒက်ရှ်တိုက်ပွဲစဉ်၊ နိုင်ငံတကာက ဆင်နွှဲနေသည့်အပစ်အခတ်ရပ်စဲရေးတိုက်ပွဲ၊ အင်္ဂလိပ်-ပြင်သစ်တို့၏ 'စစ်သည်တော်စစ်ဆင်ရေး' စသော တိုက်ပွဲစဉ်ကြီး သုံးခုဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံကို နိုဝင်ဘာလ(၃)ရက်နေ့တွင် ပြန်လည်ကျင်းပသည်။ လွန်ခဲ့သည့် အပတ်များအတွင်း ကုလသမဂ္ဂညီလာခံကြီးက အပစ်အခတ်ရပ်စဲရေးနှင့် တပ်များအားလုံး ပြန်ဆုတ်ရေးကို တောင်းဆိုခဲ့ရာ အင်္ဂလိပ်၊ ပြင်သစ်နှင့် အစ္စရေးတို့က ဆန့်ကျင်ပြောကြားချက်များကိုသာပေးကြကြောင်းဖြင့် အထွေထွေအတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုးလ်က ညီလာခံဖွင့်သည်တွင် ကြေညာ၏။ တစ်ဆက်တည်းမှာပင် အီဂျစ်အစိုးရက ကုလသမဂ္ဂ၏ တောင်းဆိုချက်ကို လက်ခံကြောင်း၊ အပစ်အခတ်ရပ်စဲရေးအတွက် သူ၏စစ်တပ်ကိုအမိန့်ပေးရန် ပြင်ဆင်ထားကြောင်းဖြင့် အကြောင်းကြားပါသည်ဟုလည်း ဆက်လက်ပြောဆိုသွား၏။

ကုလသမဂ္ဂအထွေထွေညီလာခံ၏ဆုံးဖြတ်ချက်ကို ကျူးကျော်သူ သုံးနိုင်ငံဖြစ်ကြသည့် အင်္ဂလိပ်၊ ပြင်သစ်နှင့်အစ္စရေးတို့က အတိအကျလိုက်နာရေးကို ဆိုဗီယက်နိုင်ငံနှင့် ၎င်း၏ရုံရွှေဖော်နိုင်ငံများ၊ အာရှအာဖရိကအုပ်စုဝင်နိုင်ငံများက တောင်းဆိုကြသည်။ အမေရိကန်ကိုယ်စားလှယ် ဟင်နရီကက်ဘော့လော့ချ်က အပြည်ပြည်ဆိုင်ရာကော်မတီနှစ်ရပ်ကို ဖွဲ့စည်းရန် အကြံပေး၏။ ကော်မတီတစ်ခုသည် အစ္စရေး-အာရပ်ပဋိပက္ခ၏အဖြေကိုရှာရန်နှင့် အခြားကော်မတီတစ်ခုသည် စူးအက်တူးမြောင်းပြဿနာကို ဖြေရှင်းပေးရန်ဖြစ်သည်။ ကနေဒါနိုင်ငံခြားရေးဝန်ကြီး လက်စတာပီယာဆင်က တင်သွင်းပြီး ဟမ္မားရှိုးလ်ကပါ ထောက်ခံသည့် အကြံပေးချက်ကို လက်ခံလိုက်လေသည်။

ထိုအကြံပေးချက်အရ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွင်း အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့ကိုဖွဲ့စည်းပြီး ဆောင်ရွက်စေရန်ဖြစ်၏။ *ပီယာဆင်၏တင်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။*

> "(၁၉၅၆)ခု၊ နိုဝင်ဘာလ (၂)ရက်နေ့ အထွေထွေညီလာခံ၏ဆုံးဖြတ်ချက်ကို အရေးတကြီးအလျင်အမြန် လိုက်နာဆောင်ရွက်လိုသော စိတ်ထားဖြင့် ဦးစားပေးရမည့် ပြဿနာအဖြစ် ဆောင်ရွက်ပေးကြပါရန် အထွေထွေညီလာခံကြီးက မေတ္တာရပ်ခံသည်။ သက်ဆိုင်ရာနိုင်ငံများ၏ သဘောတူညီမှုကို ရယူပြီး ကုလသမဂ္ဂအရေးပေါ် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်တပ် ဖွဲ့စည်းမည့် စီမံကိန်းကို အထွေထွေအတွင်းရေးမှူးချုပ်က တင်ပြအစီရင်ခံရမည်။ အဆိုပါတပ်ဖွဲ့သည် ရန်မီးပွားနေမှုများကို အထက်ဖော်ပြပါ ညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ ပြီးငြိမ်းသွားရန် ဆောင်ရွက်ပေးရမည်"



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်နှင့်ပြင်သစ်က စူးအက်တူးမြောင်းကို အပြည်ပြည်ဆိုင်ရာ ကွပ်ကဲကြီးကြပ်မှုပြုရန် တောင်းဆို၏။ ထိုတောင်းဆိုချက်မှာ ကနေဒါနိုင်ငံ၏အကြံပေးချက်ကို ထိရောက်စွာ မဆန့်ကျင်နိုင်သောအခါ အစ္စရေးနိုင်ငံနှင့်အတူ ကြားထိုင်နေလိုက်ကြသည်။ အထက်ပါဆုံးဖြတ်ချက်သည် အီဂျစ်နိုင်ငံအတွက်ပင်လျှင် အန္တရာယ်နှစ်ခုနှင့် ရင်ဆိုင်နေရ၏။

ထို့ကြောင့် အီဂျစ်နိုင်ငံကပါ မဲပေးပွဲတွင် ကြားထိုင်နေလိုက်သည်။ ဆိုဗီယက်အုပ်စု၊ နယူးဇီလန်နှင့် တောင်အာဖရိကတို့ကလည်း ကြားထိုင်ကြသည်။ ထို့ကြောင့် ကနေဒါတင်သွင်းသော အဆိုသည် ကန့်ကွက်မဲမရှိဘဲ ကြားမဲ(၁၆)မဲဖြင့် အတည်ဖြစ်သွား၏။ အိန္ဒိယနိုင်ငံကလည်း နှစ်ဖက်တိုက်ခိုက်နေသည့် နိုင်ငံများသည် နိုဝင်ဘာ(၂)ရက် အထွေထွေ ညီလာခံဆုံးဖြတ်ချက်အရ အပစ်အခတ်ရပ်စဲပြီး တပ်များ ပြန်ရုပ်သိမ်းလိုက်နာဆောင်ရွက်ရမည်ဟု အိန္ဒိယက ထပ်မံတောင်းဆို၏။ ထိုအဆိုသည်လည်း အထက်ပါ ကနေဒါ၏အဆိုအောက်တွင် ပျောက်ကွယ်သွားရပြန်၏။

ညီလာခံကို နိုဝင်ဘာလ (၄)ရက်နေ့ စောစောပိုင်း နာရီများသို့ ရွှေ့ဆိုင်း၏။ ထိုသို့မရွှေ့ဆိုင်းမီ ညီလာခံပြီးလုဆဲဆဲတွင် ညီလာခံ၏ ဆုံးဖြတ်ချက်များကို လက်ခံကြောင်း ကြေညာရန် အင်္ဂလိပ်၊ ပြင်သစ်နှင့် အစ္စရေးနိုင်ငံများကို အကျပ်ကိုင်တောင်းဆိုမှုများ ပြုလုပ်လာကြပြန်၏။ အစ္စရေးကိုယ်စားလှယ်က စကားပြောခွင့်တောင်းပြီး "အီဂျစ်နိုင်ငံကလဲ လိုက်နာဆောင်ရွက်မည်ဆိုလျှင် အစ္စရေးက အမြန်ဆုံး အပစ်အခတ်ရပ်စဲရေးကို သဘောတူညီပါသည်" ဟု ပြောဆို၏။ အီဂျစ်တ အဖြေပေးမည့် အချိန်မျိုးမှာပင် ရှမ်အယ်လ်ရှိတ်ကို ကျွန်ုပ်တို့ အောင်မြင်စွာ သိမ်းပိုက်နိုင်လိမ့်မည်။ အပစ်အခတ်ရပ်စဲရေး အတည်ဖြစ်ရန် နာရီအနည်းငယ် ကြန့်ကြာနေမည်ဆိုလျှင်လည်း မဆိုးလှပါ။ အရေးအကြီးဆုံးသောပြဿနာသည် ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို လက်ခံဆောင်ရွက်ရန် မိမိတို့အသင့်ရှိကြောင်း ကြေညာလိုက်ရန်သာ ဖြစ်ပါသည်။

အစ္စရေးကိုယ်စားလှယ်က ထိုသို့ကြေညာလိုက်သည်နှင့် တစ်ပြိုင်တည်း ဗြိတိသျှနှင့် ပြင်သစ်ကိုယ်စားလှယ်တို့သည် ဆတ်ဆတ်ခါ နာသွားကြတော့၏။ တူးမြောင်းဒေသအတွင်းသို့ မိမိတို့၏ လက်နက်ကိုင်တပ်များ ဝင်ရောက်ရခြင်း၏ ရည်ရွယ်ချက်တစ်ခုလုံးသည် ပဋိပက္ခဖြစ်ပွားနေသော အီဂျစ်နှင့် အစ္စရေးစစ်တပ်များကို ခွဲထားလိုက်ရန်ဖြစ်ပါသည်။

အင်္ဂလိပ်နှင့် ပြင်သစ်က ထပ်ခါတလဲလဲ ကြေညာခဲ့ကြ၏။

ယခု ထိုနှစ်ပြည်ထောင်စုတို့ အပစ်အခတ် ရပ်စဲကြမည်ဆိုလျှင် အင်္ဂလိပ်နှင့် ပြင်သစ်တို့ကြားဝင်လာခြင်းသည် မည်သို့သော တရားမျှတမှုရှိပါဦးမည်နည်း။ မည်တဲ့သို့ ဆုံးဖြတ်ရပါမည်နည်း။

ဤအခြေအနေမျိုးတွင် ဗြိတိန်ဝန်ကြီးချုပ်အဖို့ ဘေးကျပ်နံကျပ် ဖြစ်နေရတော့သည်။ သူ့နိုင်ငံတွင်းရှိ ပြည်သူတို့သည် အီဂျစ်အား စစ်ပြုခြင်းကို ဆန့်ကျင်နေကြ၏။ ထိုဆန့်ကျင်မှုက တစ်နေ့တခြား ပြင်းထန်လာသည်။ လူထုဆန္ဒပြပွဲကြီးများ ဖြစ်ပွားပြီး "အီဒင်ထွက်တော့" . . ဟူ၍ပင် ပြင်းပြင်းထန်ထန် တောင်းဆိုနေကြချေပြီ။





ထို့ကြောင့် အင်္ဂလိပ်က ပြင်သစ်ကိုချဉ်းကပ်ပြီး အပစ်အခတ်ရပ်စဲမှုကို ကျွန်ုပ်တို့သဘောတူညီကြောင်း မကြေညာရန်၊ ပြင်သစ်က ရှိသမျှဩဇာသုံးပြီး ဆွဲဆောင်ထားပါရန်တောင်းဆိုနေသည်။ ပြင်သစ်ကလည်း ၎င်းတောင်းဆိုချက်အတိုင်း ဆောင်ရွက်ပါ၏။ စူးအက်တူးမြောင်းနှင့် ပတ်သက်သည့် အီဒင်၏အနေအထားကို ဒယီးဒယိုင်ဖြစ်စေမည့် အပြုအမူများ မပြုလုပ်ပါရန် ကျွန်ုပ်တို့အား တောင်းပန်လာသည်။

ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် ပြင်သစ်က ရှင်းပြသည်မှာ ဗြိတိသျှ၏မေတ္တာရပ်ခံချက်ကို ကျွန်ုပ်တို့က လိုက်နာဆောင်ရွက်ခြင်းမပြုလျှင် စူးအက်နှင့်ပတ်သက်သော စစ်ရေးစီမံကိန်း အားလုံးကို ဗြိတိန်နိုင်ငံက စွန့်လွှတ်လိုက်လိမ့်မည်ဟုလည်း ဆိုလေသည်။

အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးသောအခါ ပြင်သစ်၏ တောင်းဆိုချက်ကို လက်ခံဆောင်ရွက်ရန် ဘင်ဂူရီယံက ဆုံးဖြတ်လိုက်၏။ လေးရက်နေ့ မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂဆိုင်ရာ အစ္စရေးကိုယ်စားလှယ်က အထွေထွေအတွင်းရေးမှူးချုပ် ဟမ္မားရှိုးလ်ကိုသွားရောက်တွေ့ဆုံပြီး ညီလာခံတွင် မိမိထုတ်ဖော်ပြောဆိုသည့် ကြေညာချက်ကို ညီလာခံက အတိအကျ နားမလည်ကြောင်း၊ မိမိဆိုလိုသည်မှာ စစ်ဖြစ်နေသည့် ရှေ့တန်းစစ်မျက်နှာများတွင် ယခုအချိန်၌ မှားသည်မှန်သည်ဖြစ်စေ အပစ်အခတ်ရပ်စဲရန် အမှန်တကယ်လိုအပ်ကြောင်း၊ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို အစ္စရေးက လက်ခံသဘောတူပြီး လိုက်နာဆောင်ရွက်ပါမည်ဟု ဆိုရာတွင်လည်း အောက်ဖော်ပြပါ အချက်ငါးချက်နှင့် ပတ်သက်ပြီး ကျေနပ်လောက်အောင် တုံ့ပြန်ခြင်းပြုရန်လိုကြောင်း၊ ယင်းအချက် ငါးချက်သည်. . .

၁။ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်ပြီး အီဂျစ်အစိုးရဘက်က ရှင်းလင်းပြတ်သားသော၊ အငြင်းပွားဖွယ်မရှိသော သဘောတူညီမှုကို ရရှိထားပါပြီလော။

၂။ အစ္စရေးနှင့်စစ်ဖြစ်နေသောနိုင်ငံအဖြစ် အီဂျစ်က လွန်ခဲ့သည့်နှစ်များကတည်းက ကြေညာထားရာ ထိုသဘောထားအတိုင်း ဆက်လက်ထားရှိပြီး ထိုရပ်တည်ချက်အတိုင်း အီဂျစ်နိုင်ငံက ဆက်လက်ရပ်တည်နေဦးမည်လော။

၃။ နိုဝင်ဘာ(၄)ရက်နေ့က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သို့ အစ္စရေးအစိုးရက တင်ပြခဲ့သည့်အတိုင်း အီဂျစ်-အစ္စရေး နှစ်ပြည်ထောင်ကြား ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်ပတ်သက်၍ အမြန်ဆုံး စေ့စပ်ဆွေးနွေးပွဲအတွင်းသို့ ဝင်လာရန် အီဂျစ်နိုင်ငံက ပြင်ဆင်နိုင်ပါမည်လော။

၄။ အစ္စရေးနိုင်ငံကို စီးပွားရေးအရသပိတ်မှောက်ထားခြင်း၊ စူးအက်တူးမြောင်းအတွင်း၌ အစ္စရေးသင်္ဘောများ သွားလာခုတ်မောင်းခွင့်ကို ပိတ်ဆို့ထားခြင်း. . စသည်များကို အီဂျစ်နိုင်ငံက ရပ်တန့်နိုင်ပါမည်လော။

၅။ အခြားနိုင်ငံများရှိ အီဂျစ်က ချုပ်ကိုင်ထားသော ဖီဒါယွန်လျို့ဝှက်အကြမ်းဖက်သမားများကို ပြန်လည်ခေါ်ယူရန် တာဝန်ယူပါမည်လော။

စသည့် အချက်ငါးချက်နှင့်ပတ်သက်၍ ကျေနပ်ဖွယ်ရာ လက်ခံဆောင်ရွက်မှုကို အီဂျစ်အစိုးရက ပြုလုပ်ရမည်ဖြစ်ကြောင်းဖြင့် ကုလသမဂ္ဂဆိုင်ရာ အစ္စရေးကိုယ်စားလှယ်က အထွေထွေအတွင်းရေးမှူးချုပ်အား ရှင်းလင်းတင်ပြပြောဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ဆိုစေ ပြင်သစ်အစိုးရ၏ မေတ္တာရပ်ခံချက်ကို ကြားရသည်တွင် ဝန်ကြီးချုပ်ဘင်ဂူရီယံသည် အလွန်တရာဒေါသဖြစ်သွား၏။ အကယ်၍ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က အီဂျစ်နှင့်အစ္စရေးနိုင်ငံအကြား အငြင်းပွားမှုအပေါ်၌ အခွင့်အရေးယူလိုကြသည်ဆိုပါက အောက်တိုဘာ (၂၉)ရက်နေ့မှ နိုဝင်ဘာ (၄)ရက်နေ့အထိ ခြောက်ရက်လုံးလုံး အချိန်ရခဲ့သည်။ စူးအက်တူးမြောင်း အရှေ့ဘက်ကမ်းအနီး၌ အီဂျစ်နှင့်အစ္စရေးတို့ တိုက်ပွဲဝင်နေကြရသော အချိန်ကာလဖြစ်သည်။ သို့သော်လည်း ထိုအချိန်ကာလ တစ်လျှောက်လုံးတွင် ဗြိတိသျှစစ်တပ်သည် "စစ်သည်တော်စစ်ဆင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရင်းဖြင့် အချိန်ကုန်လွန်ခဲ့သည်။ ကမ္ဘာတည်သရွေ့ အချိန်တွေရှိနေသေးသည်" ဟူသော သဘောထားမျိုးဖြင့် အေးတိအေးစက်လုပ်နေခဲ့သည်။

ယခု ကုလသမဂ္ဂက အပစ်အခတ်ရပ်စဲရန်တောင်းဆိုသောအခါကျမှ ဗြိတိသျှနိုင်ငံသည် သူ၏ နိုင်ငံရေးအဆင်ပြေမှု၊ သိက္ခာရှိမှုအတွက် ကုလသမဂ္ဂ၏တောင်းဆိုချက်ကို အစ္စရေးနိုင်ငံက ပယ်ချပေးရန်ပြောဆိုလာသည်။ အစ္စရေးနိုင်ငံသည် သူ့ အစွမ်းရှိသမျှ ဆောင်ရွက်ခဲ့ပြီးဖြစ်၏။ ကြိုးစားခဲ့ပြီး ဖြစ်၏။ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်နှင့် ပဋိပက္ခဖြစ်နေရသော ဘဝမှလွတ်မြောက်ရန်နှင့် သူ၏ရည်စူးချက်ဖြစ်သော စစ်ဆင်ရေးကြီး အောင်မြင်စွာအပြီးသတ်သွားနိုင်ရန် သူ့ဖာသာသူ အားကြိုးမာန်တက် ဆောင်ရွက်နေရ၏။ ဆောင်ရွက်ရသည့်အတိုင်းလည်း အောင်မြင်နေ၏။ ယခုမူ အစ္စရေးအဖို့ အခြားဆောင်ရွက်ရန် နည်းလမ်း မရှိတော့။ အပစ်အခတ်ရပ်စဲရေး မျဉ်းကြောင်းသို့ ရောက်ရှိအောင် မိမိတပ်များအားလုံး ပြန်ဆုတ်သွားရေး တောင်းဆိုချက်ကို ငြင်းဆန်ရတော့မည်သာ ဖြစ်သည်။ သို့သော်လည်း ဒုတိယတောင်းဆိုချက်ဖြစ်သည့် အပစ်အခတ်ရပ်စဲရေးကိုမူ မိမိတို့အနေဖြင့် အနည်းဆုံးလက်ခံဆောင်ရွက်ရပေတော့မည်။ ယခုမူ ထိုအချက်ကိုပင် ပယ်ဖျက်ပြီး သူ့အတွက်ကိုလည်း မလိုအပ်သော၊ ဆောင်ရွက်ရန်အကြောင်းလည်းမရှိသော ဝန်ထုပ်ဝန်ပိုးကြီးကို ဆက်လက်၍ ခေါင်းပေါ်တင်ထားရချေဦးတော့မည်။

လွန်ခဲ့သော နှစ်အနည်းငယ်မှစပြီး ကျွန်ုပ်တို့၏ စစ်မှန်ရိုးသားသော မိတ်ဆွေဖြစ်လာသည့် ပြင်သစ်နိုင်ငံ၏ မေတ္တာရပ်ခံချက်ကို ဘင်ဂူရီယံအနေဖြင့် အမြန်ဆုံးလက်ခံရတော့မည်သာ မဟုတ်သေး။ မိတ်ဆွေနိုင်ငံ၏ဆန္ဒကို တုံ့ပြန်ဆောင်ရွက်ပေးရန်အကြောင်းတစ်ခုတည်းသာ မဟုတ်သေး။ အစ္စရေးနိုင်ငံအဖို့ ငြိမ်းချမ်းရေးကို နှောင့်ယှက်သူ ကုလသမဂ္ဂဆုံးဖြတ်ချက်များကို ပစ်ပယ်သူ၊ ကျူးကျော်သူအဖြစ် တစ်ဦးတည်းကျုံးမခံရရေးကလည်း အရေးကြီးနေသည်။ ငြိမ်းချမ်းရေးနှောင့်ယှက်သူ၊ ကုလသမဂ္ဂဆုံးဖြတ်ချက်များကို ပစ်ပယ်သူ၊ ကျူးကျော်သူအဖြစ် စွပ်စွဲခံနေရသော စစ်မျက်နှာတွင် အင်္ဂလိပ်၊ ပြင်သစ်တို့နှင့်အတူ ခါးစည်းခံကြရခြင်းက တော်ပေဦးတော့မည်။ ထိုအချက်များကိုပါ ဘင်ဂူရီယံ စဉ်းစားမိလေသည်။ မည်သို့ဆိုစေ ထိုကိစ္စသည် ထိုမျှနှင့် ပြီးဆုံးသွားခြင်းမရှိတော့ပါ။ ၎င်းတို့အတွက် နိုင်ငံရေးအချိန်အခါသည် ၎င်းတို့အပေါ်တွင် တည်ကြောင်း အီဂျစ်နယ်မြေပေါ်၌ ၎င်းတို့ တပ်များခြေချလိုသည်ဆိုလျှင် အမြန်တကာ့အမြန်ဆုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပါ အစ္စရေးနိုင်ငံက သဘောရသည်။





ထို့ကြောင့် ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဘိုးဂက်မော်နော်ရီ၊ နိုင်ငံခြားရေးဝန်ကြီး ခရစ္စတီယံမီနော်တို့သည် လန်ဒန်သို့ ထွက်ခွာသွားကြ၏။ ၎င်းတို့တပ်များ ချီတက်တိုက်ခိုက်မည့်ရက်ကို သတ်မှတ်ရန်ဖြစ်သည်။ ယခုတစ်ကြိမ်တွင်မူ (၁၂)နာရီတည်းဟူသောအချိန်သို့ ဆိုက်ရောက်လာပြီဖြစ်ကြောင်း အင်္ဂလိပ်က သဘောပေါက်နားလည်လာပါပြီ။ သို့သော် ၎င်းတို့၏စစ်ရေးဆောင်ရွက်ချက်တရားကြောင်း ကမ္ဘာ့ပြည်သူများကမြင်အောင် မည်သို့သော ဖော်နည်းကားဖြင့် ဆောင်ရွက်ရမည်နည်းဟု အဖြေရှာနေ၏။ အင်္ဂလိပ်နှင့်ပြင်သစ်တို့ သဘောတူညီလိုက်သည့် ဖော်နည်းကားသည် အစ္စရေးအပေါ် ပုံချလိုက်သော ဖော်နည်းကားပင် ဖြစ်လေသည်။ နိုဝင်ဘာ (၄)ရက်နေ့ ကုလသမဂ္ဂအထွေထွေညီလာခံ၏ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ဗြိတိန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အကြောင်းပြန်ကြားရာတွင် အောက်ပါအချက်လည်းပါဝင်၏။

*"အီဂျစ်နှင့် အစ္စရေးနှစ်နိုင်ငံတို့အကြား ဆက်လက်ဖြစ်ပွားပေါ်ပေါက်နေသည့် ရန်မီးပွားမှုများကို ဟန့်တားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့က ကြားဝင်သင့်ကြောင်းနှင့် ပြည်ထောင်စုအစိုးရတို့က ယုံကြည်ပါသည်။*

*အစ္စရေးစစ်တပ်များ အမြန်ဆုံးဆုတ်ခွာသွားရေးကို ဆောင်ရွက်ရန်၊ စူးအက်တူးမြောင်းတစ်လျှောက်တွင် သင်္ဘောများသွားလာမှုအား ဟန့်တားသည့်အချက်များကို ဖယ်ရှားပစ်ရန်၊ ထိုဒေသတွင်းရှိ ပြဿနာများဖြေရှင်းမှုကို တိုးတက်ဆောင်ရွက်ပေးရန်တို့အတွက် အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့လိုအပ်ပါသည်"* ဟူသောအချက်ပါဝင်လေသည်။

အစ္စရေးလက်နက်ကိုင်တပ်များ ပြန်လည်ရုပ်သိမ်းရေးနှင့်ပတ်သက်ပြီး ဖော်ပြထားချက်ကို ဗြိတိန်နှင့်ပြင်သစ်နိုင်ငံတို့က စိတ်မပါဘဲနှင့် လက်ခံလိုက်ကြရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့စစ်တပ်များတက်ရောက်လာရေးနှင့် ပတ်သက်ပြီး လွယ်ကူစေမည့် ကမ္ဘာ့အမြင်တွင် မရိုင်းစေမည့် မည်သို့သောနည်းကိုမဆို အသုံးပြုကြတော့မည်သာ ဖြစ်၏။

ဗြိတိသျှနိုင်ငံ၏အသစ်အသစ်ဖြစ်ပေါ်လာမှုများကို မတွေ့ဖြစ်တော့သော ဘင်ဂူရီယံသည် အထက်ပါဖော်ပြထားချက်အား ပြင်သစ်နိုင်ငံ လက်ခံလိုက်ရခြင်းနှင့် ပတ်သက်ပြီး များစွာစိတ်ထိခိုက်နေသည်။ ထိုသို့သော ရေးသားဖော်ပြချက်ကို တင်သွင်းလိုက်ခြင်းအားဖြင့် အစ္စရေးနိုင်ငံသည် ကျူးကျော်သူဖြစ်ကြောင်း ကမ္ဘာ့ရှေ့မှောက်သို့ ချပြလိုက်ခြင်းသာ ဖြစ်သည်။ အင်္ဂလိပ်နှင့် ပြင်သစ်ကို ဆန့်ကျင်သည့် ကျူးကျော်သူဖြစ်သောကြောင့် အဆိုပါကျူးကျော်သူ၏တပ်များကို သူတို့၏နယ်ခြားသို့ ရောက်သည်အထိ ပြန်လည်ရုပ်သိမ်းသွားစေရန် စစ်ရေးအရဆောင်ရွက်ရခြင်းဖြစ်ကြောင်း ကမ္ဘာ့လူ့ပုံအလယ်တွင် ချပြလိုက်ခြင်းသာဖြစ်သည်။ ဤသို့မဆောင်ရွက်မီ စောစောပိုင်းနာရီအနည်းငယ်က သူတို့ပြဿနာများ ပြေလည်ရေး၊ သူတို့ မျက်နှာကောင်းရရေးအတွက် အစ္စရေးသည် မိမိအနစ်နာခံကာ အပစ်အခတ်ရပ်စဲရေး သဘောတူညီထားချက်ကို တစ်ဖန် ပြန်ပြီးဖျက်ပစ်ရပြန်သည်။ ထိုသို့ သူတို့အကျိုးအတွက် အနစ်နာခံပြီး ဆောင်ရွက်နေရသည့်ကြားက "ကျူးကျော်သူ" အဖြစ် အစွပ်စွဲခံရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘင်ဂူရီယံသည် အောက်ပါကြေးနန်းတစ်စောင်ကို ပဲရစ်ရှိ ကျွန်ုပ်တို့၏ကိုယ်စားလှယ်ထံသို့ ပေးပို့လိုက်သည်။

"ဟမ္မားရှိုးလ်ထံသို့ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ပေးပို့လိုက်သည့် ပြန်ကြားချက်ခင်များ၏ကြေးနန်းထဲတွင် ပါရှိလာရာ အလွန်တရာ အံ့သြတကြီးဖြင့် ဖတ်ရှုပြီးပါပြီ။ ထိုကဲ့သို့သော ကြေညာချက်မျိုး၊ ထိုကဲ့သို့သော ပြန်ကြားချက်မျိုး လုပ်ပိုင်ခွင့်သူတို့တွင် မရှိပါ။ ပြင်သစ်တွင်ရှိသည့် ကျွန်ုပ်တို့၏ မိတ်ဆွေများလည်း အဆိုပါကြေညာချက်တွင် ပါဝင်ပူးပေါင်းနေကြသည်ကို တွေ့ရသဖြင့် အံ့အားသင့်မိပါသည်. . .

စူးအက်တူးမြောင်းအတွင်းသို့ ၎င်းတို့ ဝင်ရောက်လာခြင်းသည် အစ္စရေး၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးရန်ဟူသော အချက်ပေါ်တွင် အခြေခံကြမည်ဆိုပါက မိတ်ဆွေမပီသစွာဖြင့် ကျွန်ုပ်တို့အား ဆန့်ကျင်တိုက်ခိုက်သော အပြုအမူမျိုးသာလျှင် ဖြစ်သည်။ သူတို့အပေါ် ကျရောက်လာမည့် အန္တရာယ်များကို ကျွန်ုပ်တို့အပေါ်သို့ ပုံချလိုက်ခြင်းသာဖြစ်သည်။ ချစ်ကြည်စွာ ဆက်ဆံရေးအရ ဤအပြုအမူများကို မပြုလုပ်ရန် ၎င်းတို့အား ကျွန်ုပ်တို့ တိုက်တွန်းသည်"

ဤသို့သော အခြေအနေများအရ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် တစ်ခုသာလျှင် လုပ်နိုင်တော့သည်။ အစ္စရေးတပ်များ ဆုတ်ခွာသွားရေးအတွက် အင်္ဂလိပ်၊ ပြင်သစ်၏ကြေညာချက်သည် စူးအက်တူးမြောင်းနယ်မြေမှ ထွက်ခွာသွားရန်နှင့်သာ သက်ဆိုင်ကြောင်းဖြင့် တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြုရန် ကုလသမဂ္ဂတွင်ရှိသော ပြင်သစ်ကိုယ်စားလှယ်ထံသို့ ညွှန်ကြားရမည့်အလုပ်သာရှိတော့၏။

ဤသို့သော အဓိပ္ပာယ်ဖွင့်ဆိုချက်သည်ပင်လျှင် အစ္စရေးနိုင်ငံအဖို့ ကျေနပ်ဖွယ်ရာမရှိသေး။ ခါးသီးသောပတ်ဝန်းကျင်ကြီးမှ လွတ်မြောက်သွားခြင်းမရှိနိုင်သေး။ ရေနစ်သူက ကောက်ရိုးတစ်ပင်ကို အားကိုးရာအဖြစ် ဆွဲယူသလို ယခု အစ္စရေးအား ကျူးကျော်သူအဖြစ်စွပ်စွဲချက်သည် အင်္ဂလိပ်နှင့်ပြင်သစ်အား ကယ်တင်နိုင်မည့် ကောက်ရိုးတစ်ပင်မှဖြစ်ပါ့မလားဟု များစွာ သံသယဖြစ်ဖွယ်ရှိနေသည်။

မနေ့ကမနက် နိုဝင်ဘာ (၅) ရက်နေ့ အရုဏ်တက်တွင် ဖြစ်သည်။ အချိန်ကြာမြင့်စွာ ကြက်ဥဖျောက်စက်အတွင်း၌ ထည့်ထားခဲ့ရသည့် ကြက်ဥနှစ်လုံးမှ ကြက်ကလေးနှစ်ကောင်သည် ကြက်ဥခွံကိုဖောက်ပြီး ထွက်လာကြပြီဖြစ်ကြောင်း သတင်းရောက်လာတော့သည်။ ပြင်သစ်လေထီးတပ်ရင်းတစ်ခုကဆင်းလာပြီး ပို့ဆက်နှင့် ပြည်မကို ဆက်ထားသည့် တံတားများကို သိမ်းပိုက်လိုက်သည်။ အင်္ဂလိပ် လေထီးတပ်ရင်းတစ်ခုကမူ ပို့ဆက်မြို့ရှိ ဂါမီလေယာဉ်ပျံကွင်းကို သိမ်းပိုက်လိုက်၏။

သို့သော်လည်း တစ်ချိန်တည်းမှာပင် အခြားအရာတစ်ခုလည်း ဖြစ်ပွားပေါ်ပေါက်လာပြန်သေး၏။ ဆိုဗီယက်ယူနီယံသည် ဤကိစ္စနှင့်ပတ်သက်ပြီး မူလက ချုပ်တည်းထားခဲ့၏။ ဟန်ဂေရီမငြိမ်သက်မှုများ တစ်ချိန်တည်းတွင် ပေါ်ပေါက်နေသောကြောင့်လည်း ဖြစ်သည်။ ယခု အချိန်တွင်မူ ဤကိစ္စနှင့်ပတ်သက်၍ အင်နှင့်အားနှင့် တုံ့ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ဆိုဗီယက်သမ္မတ မာရှယ်ဘူလ်ဂါနင်က ဗြိတိန်၊ ပြင်သစ်နှင့်အစ္စရေးနိုင်ငံများသို့ ပြင်းထန်သော၊ ခြိမ်းခြောက်သော သတိပေးစာကို ပေးပို့လိုက်၏။





စာများကို မနေ့ည နိုဝင်ဘာငါးရက်နေ့ညက ပေးပို့သည်။ အစ္စရေးသို့ ရောက်လာသော စာတွင် အောက်ပါအတိုင်းပါရှိ၏။

*ဝန်ကြီးချုပ်ခင်ဗျား. . .*

*အစ္စရေး၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများ၏ လက်နက်ကိုင်ကျူးကျော်မှုကို ရှုတ်ချကြောင်း ဆိုဗီယက်အစိုးရက ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းကဲ့သို့ လက်နက်ကိုင်ကျူးကျော်မှုသည် ကုလသမဂ္ဂပဋိညာဉ်ခံစာတမ်းနှင့် အခြေခံမူများကို တိုက်ရိုက်နှင့် ပြောင်ဆန့်ကျင်ဖောက်ဖျက်ခြင်းပင် ဖြစ်လေသည်။ ကုလသမဂ္ဂအရေးပေါ် အထွေထွေညီလာခံကြီးတွင်လည်း ကမ္ဘာ့နိုင်ငံအများစုကြီးက အီဂျစ်နိုင်ငံအား ကျူးကျော်စော်ကားကြသည့် အစ္စရေး၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများကို ရှုတ်ချခဲ့ကြသည်။ စစ်ဆင်မှုများကို တုန့်နှေးခြင်းမရှိဘဲ အမြန်ဆုံးအပြီးသတ်ရပ်စဲရန် တောင်းဆိုခဲ့ ကြသည်။ ကျူးကျော်တိုက်ခိုက်နေသော လက်နက်ကိုင်တပ်များအားလုံး အီဂျစ်ပိုင်နက်နယ်မြေအတွင်းမှ ထွက်ခွာသွားရန် တောင်းဆိုခဲ့ကြသည်။ အီဂျစ်ပြည်သူ့သမ္မတနိုင်ငံတော်၏ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲခွင့်၊ အချုပ်အခြာအာဏာပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်ထိပါးစော်ကားနေသော ကျူးကျော်သူများ၏ရာဇဝတ်မှု အပြုအမူများကို ငြိမ်းချမ်းရေးအားချစ်မြတ်နိုးသည့် လူသားဆန်သူအားလုံးက ဒေါသတကြီးရှုတ်ချခဲ့သည်။ အစ္စရေးအစိုးရသည် ယင်းရှုတ်ချမှုများ၊ တောင်းဆိုမှုများကို အရေးမစိုက်ဘဲ ပြည်ပ နယ်ချဲ့အင်အားစုများ၏ လက်ကိုင်တုတ်အဖြစ် ဆက်လက်ဆောင် ရွက်မြဲဆောင်ရွက်နေသည်။ အသိဉာဏ်ကင်းမဲ့သော စွန့်စားမှုကို ပြုလုပ်နေသည်။ ထိုနည်းအားဖြင့် ကိုလိုနီဝါဒကိုဆန့်ကျင် ရုန်းကန်နေကြသည့် အရှေ့နိုင်ငံပြည်သူများကိုလည်းကောင်း၊ ကမ္ဘာပေါ်ရှိ ငြိမ်းချမ်းရေး မြတ်နိုးသူ ပြည်သူအားလုံးကိုလည်းကောင်း ရန်စခြင်း၊ စိန်ခေါ်ခြင်းပင်ဖြစ်သည်။ အစ္စရေးအစိုးရ၏ ထိုကဲ့သို့ပြုမူဆောင်ရွက်ချက်များသည် ၎င်းကိုယ်တိုင် ထုတ်ဖော်ကြေညာခဲ့သည့် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးကြောင်း၊ အိမ်နီးချင်းအာရပ်နိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူပူးတွဲနေထိုင်လိုကြောင်း၊ ကြေညာချက်များအားလုံးနှင့် ထုတ်ဖော်ပြောဆိုမှုများအားလုံးမှာ မှားယွင်းကြောင်း၊ လိမ်ညာပြောဆိုခြင်းဖြစ်ကြောင်း ထင်ထင်ရှားရှား ဖော်ပြလိုက်ခြင်းသာလျှင်ဖြစ်သည်။ ထိုသို့သော ကြေညာချက်များကို ထုတ်ပြန်ခြင်းသည် အခြားပြည်သူများတွေဝေသွားအောင် သက်သက်အတွက် အစ္စရေးနိုင်ငံက ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထိုသို့တွေဝေနေခိုက်တွင်*


www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားအလိုဆန္ဒကို ကျိုးနွံစွာဖြည့်စွက်သည့်အနေဖြင့်လည်းကောင်း၊ ပြည်ပအမိန့်အတိုင်း လိုက်နာဆောင်ရွက်သည့်အနေဖြင့်လည်းကောင်း အိမ်နီးချင်းနိုင်ငံများကို တိုက်ခိုက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်သာရည်ရွယ်ခြင်းဖြစ်ကြောင်း သိသာနိုင်သည်။

အစ္စရေးနိုင်ငံအစိုးရသည် ရာဇဝတ်မှုဆန်စွာ၊ အပြစ်ကင်းမဲ့စွာဖြင့် ငြိမ်းချမ်းရေး၏ ကံကြမ္မာနှင့် သူ့ပြည်သူများ၏ ကံကြမ္မာကို ကစားခြင်းသာ ဖြစ်သည်။ အရှေ့ပိုင်းပြည်သူများကြားတွင် အစ္စရေးနိုင်ငံကို မုန်းတီးစက်ဆုပ်သွားစေရန် မျိုးစေ့ချခြင်းသာ ဖြစ်သည်။ ထိုနည်းအားဖြင့် အနာဂတ်တွင် အစ္စရေးနိုင်ငံကို ဆက်လက်တည်မြဲရေးနှင့်ပတ်သက်ပြီး မေးခွန်းကြီးတစ်ခု ကျန်ရစ်နေစေရန် ပြုလုပ်ခြင်းနှင့်သာ တူညီသည်။ အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲမှုအတွက် ဆိုဗီယက်နိုင်ငံက ယခုအခိုက်အတန့်တွင် စစ်ပြီးဆုံးစေမည့် ခြေလှမ်းကို လှမ်းနေသည်။ ကျူးကျော်သူများကို ချုပ်ကိုင်ရန် ကြိုးစားနေသည်။အစ္စရေးနိုင်ငံအစိုးရအနေဖြင့် အလွန်တရာအချိန်နှောင်းသွားခြင်းမရှိမီ ပြန်လည်စဉ်းစားဆုံးဖြတ်ရန် ကျွန်ုပ်တို့ တိုက်တွန်းအကြံပေးသည်။ အီဂျစ်ကိုဆန့်ကျင်တိုက်ခိုက်နေသည့် စစ်ရေးအပြုအမူများ အားလုံးကို အဆုံးသတ်ရန် တိုက်တွန်းသည်။ ကျူးကျော်မှုကို ရပ်ပါ။ သွေးချောင်းစီးမှုကိုရပ်ပါ။ အီဂျစ်ပိုင်နက် နယ်မြေအတွင်းမှ လက်နက်ကိုင်တပ်များအားလုံး ပြန်လည်ရုပ်သိမ်းသွားပါဟူ၍ လူကြီးမင်းကို လည်းကောင်း၊ ပါလီမန်ကိုလည်းကောင်း၊ အစ္စရေးနိုင်ငံ၏အလုပ်သမားများကို လည်းကောင်း၊ အစ္စရေးနိုင်ငံ၏ ပြည်သူတစ်ရပ်လုံးကိုလည်းကောင်း ကျွန်ုပ်တို့ မေတ္တာရပ်ခံပါသည်။ ဖန်တီးပေါ်ပေါက်ခဲ့ပြီးဖြစ်သည့် အခြေအနေများအားလုံးကိုသုံးသပ်ပြီး တယ်လ်အဗစ်မြို့ရှိသံအမတ်ကြီးကို အစ္စရေးနိုင်ငံမှ ထွက်ခွာပြီး မော်စကိုမြို့သို့ မဆိုင်းမတွ ပြန်လာရန်ခေါ်ယူဖို့ ဆိုဗီယက်အစိုးရက ဆုံးဖြတ်လိုက်ပြီးဖြစ်သည်။ ယခု ကျွန်ုပ်တို့ဖော်ပြချက်များကို အစ္စရေးနိုင်ငံအစိုးရက ကောင်းစွာနားလည်သဘောပေါက်ပြီး ကောင်းစွာ လက်ခံနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

အင်ဘူလ်ဂါနင်

ဘင်ဂူရီယံသည် ဆိုဗီယက်၏ဆောင်ရွက်ချက်နှင့် ပတ်သက်ပြီး သူ၏ ဝရုပြ မှုကိုဖုံးကွယ်မထား။ အလားတူပင် ထိုအချက်များနှင့်ပတ်သက်၍ လျစ်လျူရှုရန်ကိုလည်း မပြုလုပ်။





သူ တုံ့ပြန်ဆောင်ရွက်မှုများသည် ဒူးထောက်ခြင်းမဟုတ်။ ဆိုဗီယက်က ပေးပို့သည့် ရာဇသံသည် ရန်းကန်လှုပ်ရှားမှုကို အမြန်ဆုံးပြုလုပ်ရန် သူ့အား နှိုးဆော်သကဲ့သို့ပင် ဖြစ်ချေသည်။ အင်္ဂလိပ်နှင့် ပြင်သစ်တို့ထံ ပို့သောစာနှင့် အစ္စရေးထံ ပို့သောစာများထဲတွင် မတူညီသည့် အချက်များပါဝင်နေသောကြောင့် သူ့စိတ်ကို စနောင့်စနင်းဖြစ်စေသည်သာ ရှိ၏။

ကျွန်ုပ်တို့ထံပို့သောစာတွင် ကြောက်ရွံ့ဖွယ်၊ တုန်လှုပ်ဖွယ် မဟုတ်သော စကားလုံးများကိုသာ သုံးထားသည်။ နိုင်ငံတစ်ခုအနေဖြင့် အစ္စရေးတို့ရပ်တည်မှုကို ခြိမ်းခြောက်ထားသည်။ အင်္ဂလိပ်နှင့်ပြင်သစ်ထံ ပို့သောစာများတွင်မူ စစ်အင်အားကို အသုံးပြုမည်။ ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်မည်ဟူသော အသုံးအနှုန်းများအထိ အသုံးပြုပြီး ခြိမ်းခြောက်ထား၏။ သို့သော်လည်း ၎င်းတို့၏ နိုင်ငံရေးလွတ်လပ်မှုကို ခြိမ်းခြောက်ခြင်းမရှိ။ အင်္ဂလိပ်နှင့်ပြင်သစ်သို့ ပေးပို့သည့် ရာဇသံတွင် ပါရှိသည့် အသုံးအနှုန်းများကို မသုံးထားချေ။

အသစ်ဖြစ်ပေါ်လာသော ဤကိစ္စများနှင့်ပတ်သက်ပြီး ဘင်ဂူရီယံ၏ ဆန်းစစ်ချက်ကြောင့် ကျွန်ုပ် များစွာ ပျော်ရွှင်မိပါသည်။ ဤကိစ္စကို ဘင်ဂူရီယံ မဆောင်ရွက်လျှင် ဝန်ကြီးချုပ်နေရာတွင် ဖြည့်စွက်ရမည့် လူပေါင်းမြောက်မြားစွာတို့၏အကြောင်းကို ကျွန်ုပ် စဉ်းစားမိသည်။

ဟန်ဂေရီတွင် ဖြစ်ပေါ်နေသော အခြေအနေများအတွက် တာဝန်ရှိနေသဖြင့် ရုရှ၏ခြိမ်းခြောက်သောစာများသည် ရက်နောက်ကျပြီး ရောက်လာသည်။ ကဒက်ရှ် စစ်ဆင်ရေးကြီး၏ နောက်ဆုံးအပြီးသတ်ပစ်ဖောက်လိုက်သည့် သေနတ်သံပေါ်လာပြီးနောက် (၁၂)နာရီကြာမှ ရောက်လာသည်။ အကယ်၍ ရုရှအနေဖြင့် ဤရာဇသံမျိုးကို အောက်တိုဘာ (၂၉)ရက်မတိုင်မီက အင်္ဂလိပ်၊ ပြင်သစ်နှင့် အစ္စရေးနိုင်ငံများသို့ ပေးပို့ခဲ့မည်ဆိုလျှင် ဆီနိုင်းကျွန်းဆွယ် စစ်ဆင်ရေးကြီး ဆင်နွှဲဖြစ်မည်လော၊ မဖြစ်မည်လော၊ မည်သူသိပါမည်နည်း။

✪ ✪ ✪

www.burmeseclassic.com

## အခန်း (၈)

# ရှမ်အယ်လ်ရှိတ်

(၁၉၅၆)၊ နိုဝင်ဘာလ (၆)ရက်

နိုဝင်ဘာလ(၄)ရက်နေ့နှင့် နောက်တစ်နေ့ညနေတုန်းက ဖြစ်သည်။

ရှမ်အယ်လ်ရှိတ်ကို သိမ်းပိုက်နိုင်ရန် တိုက်ခိုက်နေသည့် တပ်မဟာ (၉)နှင့် ပတ်သက်သော ကွဲလွဲနေသည့် သတင်းများကို ကျွန်ုပ်တို့ ရခဲ့သည်။

ပထမသတင်းက ရှမ်အယ်လ်ရှိတ်ကို သိမ်းပိုက်ပြီးဖြစ်ကြောင်း၊ ရန်သူတစ်စုံတစ်ယောက်မျှမရှိတော့ကြောင်း ဖော်ပြပါရှိသည်။ နောက်ဆက်လက်ရရှိသည့်သတင်းက ရန်သူတို့သည် ရပ်စ်နတ်စရာနီမှ ဆုတ်ခွာသွားကြပြီး ရှမ်အယ်လ်ရှိတ်တွင် အလုံးအရင်းဖြင့်စုပြီးခုခံနေကြောင်း ဆိုပြန်သည်။ အချိန်ကြာမြင့်စွာ ဒုက္ခနှင့်ကြုံခဲ့ရသော စစ်ဗိုလ်တစ်ယောက်သည်ပင်လျှင် ကျွန်ုပ်ထက် ပိုပြီးသည်းမခံနိုင်အောင် ဖြစ်ချေလိမ့်မည်။

မနက်ဖြန်တွင် ဒါကိုတာလေယာဉ်ပျံဖြင့် တော်မြို့သို့ သွားရန် မနေ့တုန်းက ကျွန်ုပ်ဆုံးဖြတ်ခဲ့၏။ ထိုမှတစ်ဆင့် ပိုက်ပါလေယာဉ်ပျံဖြင့် တပ်မဟာ (၉)သို့ သွားမည်။ ထိုနေ့မှာပင် ရှမ်အယ်လ်ရှိတ်ကို တိုက်ခိုက်မည့်တပ်မဟာ (၉)၏ တိုက်ပွဲကို ကြည့်ရှုရန်ဖြစ်သည်။ ကျွန်ုပ် မရှိလျှင်လည်း ဤအလုပ်ကိုအောင်မြင်အောင် လုပ်ကိုင်ကြမည်သာဖြစ်၏။ သို့သော်လည်း ကျွန်ုပ်သွားချင်ပါသည်။ ယခု လေထီးတပ်ရင်းသည် ရှမ်အယ်လ်ရှိတ်၏အနောက် မိုင်ပေါင်း (၆၅)မိုင်ခန့်ဝေးသော တော်မြို့တွင် ရောက်နေသည်။

တပ်မဟာ (၉)သည် ၎င်း၏တပ်ဖွဲ့များအားလုံးနှင့်အတူ ရပ်စ်နတ်စရာနီကို ကျော်ဖြတ်လာခဲ့ပြီး ဖြစ်သည်။ ရှမ်အယ်လ်ရှိတ်၏ မြောက်ဘက်ကင်းစခန်းများနှင့် ပွဲဦးထွက်တိုက်ပွဲများ ဆင်နွှဲခဲ့ပြီးဖြစ်သည်။ ဆီနိုင်းကျွန်းဆွယ်၏ တောင်ဘက်စွန်ဖြစ်သည့် ဤစခန်းကို ကျွန်ုပ်တို့ တိုက်ခိုက်သိမ်းပိုက်ရမည်သာ ဖြစ်၏။ မနက်စောစောပင် ကျွန်ုပ်ထွက်လာသည်။ နှစ်နာရီ ပျံသန်းပြီးသောအခါ တော်မြို့တွင် ဆင်းသက်လိုက်၏။ အစီအစဉ်အရဆိုလျှင် တပ်မဟာ(၉)သို့ ဆက်လက် သွားရောက်နိုင်ရန်အတွက် တော်မြို့တွင် ပိုက်ပါကပ်လေယာဉ်ပျံစောင့်နေရမည်။ သို့သော် ယခုထက်ထိ ထိုလေယာဉ်ပျံရောက်မလာသေး။





အခြားသော အခြေအနေများအရဆိုလျှင် ထိုလေယာဉ်ပျံ ရောက်မလာသေးသည့်အတွက် လွတ်လပ်သည့်အချိန်ရမည်ဖြစ်ရာ ကျွန်ုပ်အနေဖြင့် ပျော်ရွှင်ဖို့ ကောင်းပါသည်။ စစ်တပ်၏တာဝန်ဝတ္တရားများကို ဆောင်ရွက်နေရခြင်းများ အားလပ်ခွင့်ရသဖြင့် ပျော်ရွှင်ဖို့ကောင်းပါသည်။ ယခုမူ ကျွန်ုပ်မပျော်နိုင်ပါ။ ရှမ်အယ်လ်ရှိတ်ကို သိမ်းပိုက်ရေးဟူသောအတွေးက ကျွန်ုပ်၏စိတ်ကို ကြီးစိုးထားသည်။

လေထီးတပ်ရင်းသည် တော်မြို့တွင် ကြာကြာဆက်မနေပါ။ အရှေ့မတက်မီ (၀၃း၃၀)နာရီကတည်းက တော်မြို့မှ ထွက်ခွာသွားနှင့်ပြီ။ ရှမ်အယ်လ်ရှိတ်ကို တောင်ဘက်မှတိုက်ခိုက်လမ်းဖွင့်ပြီး သိမ်းပိုက်ရန် ဖြစ်သည်။ ထိုနေရာသည် အနောက်ဘက်နှင့် တောင်ဘက်မှ တောင်များကာရံနေ၏။ တစ်နာရီခန့် မရေရာမျှော်လင့်စောင့်စားအပြီး ပိုက်ပါလေယာဉ်ပျံကို ဆက်လက်စောင့်မနေတော့ရန် ဆုံးဖြတ်လိုက်၏။

တပ်မဟာ (၉)ရှိရာသို့ လေယာဉ်ပျံဖြင့်လိုက်သွားရန် အစီအစဉ်ကို စွန့်လွှတ်လိုက်သည်။ လေယာဉ်ပျံအစား မော်တော်ကားဖြင့်ပင် လေထီးတပ်ရင်းကို ကျော်တက်ပြီး သွားရန်ဆုံးဖြတ်လိုက်၏။ လေထီးတပ်ရင်းသည် အင်အားအပြည့်အဝဖြစ်၏။ တင့်ကားခါးပြတ်များနှင့် လိုက်ပါသွားသော တပ်ခွဲတစ်ခု၊ ထရပ်ကားများနှင့် လိုက်ပါသွားသော တပ်ခွဲသုံးခုတို့ ပါဝင်၏။ ထိုတပ်ခွဲများသည် ကျွန်ုပ်တို့၏အတော်ဆုံး၊ တိုက်ရည်ခိုက်ရည်အဝဆုံးတပ်ခွဲများဖြစ်၏။ ထို့ကြောင့်လည်း ရှမ်အယ်လ်ရှိတ်ကို တပ်မဟာ(၉)က သိမ်းပိုက်ပြီးစီးခြင်းမရှိသေးပါက ယခု လေထီးတပ်ကပင် တိုက်ခိုက်သိမ်းယူရန် အမိန့်ထုတ်ပြန်မည်ဟု စိတ်ကူးလိုက်သည်။

ကျွန်ုပ်နှင့်အတူလိုက်ပါလာသော ကျွန်ုပ်စစ်ဆင်ရေးမှူးချုပ်၏အကူအညီသည် လေယာဉ်ပျံကွင်းတွင် ကျွန်ုပ်စောင့်ဆိုင်းနေခိုက် မော်တော်ကားနှင့် အစောင့်များရရှိစုစည်းစီစဉ်ရန် ထွက်ခွာသွားသည်။ တစ်နာရီခန့်အကြာတွင် သူပြန်လာ၏။ သူနှင့်အတူ မော်တော်ကား (၃)စီးအပြင် တော်မြို့ကို သိမ်းထားသည့် အရန်တပ်ရင်းမှ စစ်သားအများအပြားပါလာ၏။ ကျွန်ုပ်တို့ကားပေါ် တက်ပြီး ထွက်ခွာလာကြသည်။ ကွပ်ကဲမှုဆက်သွယ်ရေးကားမရှိ။ အခြားကားနှစ်စီးကလည်း အရပ်သားပိုင်စိတ်မချရသော ကားများဖြစ်နေသေးသည်။

လမ်းက ကောင်းလင့်ကစား မော်တော်ကားများက စိတ်မချရချေ။ အမြန်မောင်းသဖြင့် ပျက်သွားမည်ကို စိုးရိမ်နေကြရ၏။ အမြန်မောင်း၍ ရနိုင်မည့်ကားများမဟုတ်ချေ။ ခရီးအစတွင် လူသူလေးပါးတစ်စုံတရာကိုမတွေ့ရ။ မည်းကြုတ်သောလမ်းသည် ကျွန်ုပ်တို့၏ရှေ့တွင် လဲလျောင်းနေ၏။ လက်ယာဘက်တွင် စူးအက်ကွေ့၏ ရေပြင်ရှိသည်။ လက်ဝဲဘက်တွင်မူ သဲပြင်၏ဟိုမှာဘက်၌ မြင့်မားသောတောင်ကြောကို မြင်ရသည်။ ခရီးတစ်ဝက်ခန့်ကျိုးသည့် မိုင် (၃၀)ခန့်အရောက်တွင် ရှမ်အယ်လ်ရှိတ်ဘက်မှ လာနေသော အီဂျစ်စစ်သားကို ကျွန်ုပ်တို့ စတင်တွေ့မြင်ရသည်။ အချို့က တစ်ဦးချင်းဖြစ်ပြီး အချို့က အုပ်စုလိုက်ဖြစ်၏။ ထိုအီဂျစ်စစ်သားများ (အမျိုးသားကာကွယ်ရေးတပ်ရင်းမှ)သည် ကာကွယ်ထားသည့် နယ်မြေအတွင်းမှ မနေ့ညက ထွက်ပြေးလွတ်မြောက်လာကြသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုနေရာသည်နေရာတွင် သေနေသူများ၊ လမ်းဘေး၌ ဒဏ်ရာဖြင့် လဲနေသူများကိုလည်း ကျော်ဖြတ်လာခဲ့၏။ ကျွန်ုပ်တို့ထက် နာရီအနည်းငယ်စောပြီး ထွက်ခွာသွားသော လေထီးတပ်ရင်းနှင့် တိုက်ပွဲကလေးများဖြစ်ပြီး ကျဆုံးသွားကြသည့် အိဂျစ်စစ်သားများဖြစ်သည်။ ရှမ်အယ်လ်ရှိတ်နှင့် နီးလာလေလေ ပို၍များပြားလာသော အိဂျစ်စစ်သားနှင့် ရင်ဆိုင်ရလေလေ ဖြစ်လာသည်။ အုပ်စုတွဲနေသည့် အိဂျစ်စစ်သားများက ပစ်ခတ်လျှင် ပြန်မပစ်ရန် အစောင့်ရဲဘော်များကို ကျွန်ုပ် အမိန့်ပေးလိုက်၏။ တော်မြို့နှင့် ရှမ်အယ်လ်ရှိတ်ကြားတွင် ထိုတစ်နေ့ နေချင်ပါသည်။ ထွက်ပြေးနေသည့် အိဂျစ်စစ်သားများနှင့်ဆုံတွေ့လိုပါသည်။

ဒရိုင်ဘာအခန်းတွင်းမှ ကျွန်ုပ် ထွက်လိုက်၏။ လမ်းဘေးတွင် ဘာများဖြစ်နေသည်ကို ဒရိုင်ဘာခန်းထဲတွင် ထိုင်နေခြင်းအားဖြင့် ကျွန်ုပ်ပြောနိုင်မည်မထင်ပါ။ မော်တော်ကား၏ အကာအရံမရှိသည့် နောက်ပိုင်းသို့ တက်လိုက်သည်။ ထိုအပေါ်တွင် ကျွန်ုပ် မတ်တတ်ရပ်လိုက်လာခြင်းအားဖြင့် ပတ်ပတ်လည်ကို ကောင်းစွာမြင်တွေ့ရမည်။ ချုံကွယ်များ နောက်တွင်လည်းကောင်း၊ ချိုင့်များအတွင်းတွင်လည်းကောင်း အကာအကွယ်ယူထားပြီး ကျွန်ုပ်တို့အား စက်သေနတ်ဖြင့် အိဂျစ်စစ်သားများကပစ်မည်ဆိုလျှင် ဘာမျှမတတ်နိုင်ပါ။ သို့သော် မည်သည့်အိဂျစ်စစ်သားတမျှ ဆီးကြိုတိုက်ခိုက်ခြင်းမရှိ။

မြင်ကွင်းတစ်ခုလုံးသည် နေ့ခင်းကြောင်တောင်ပင် ဖြစ်လင့်ကစား ညဘက်အိပ်မက်ဆိုးကို မက်နေရသည်ကဲ့သို့ ရှိချေသည်။ သဲကန္တာရ၏နေရှိန်သည် အညှာအတာမရှိ ပူပြင်းလွန်းလှ၏။ ကတ္တရာ လမ်းမပေါ်တွင် အပူငွေ့များ တရှိန်ရှိန်ထနေသည်ကို မြင်တွေ့နိုင်လေသည်။ ကာကီရောင်အဝတ်အစားများကို ဝတ်ဆင်ထားကြသည့် အိဂျစ်စစ်သားများသည် သဲပြင်ပေါ်၌သွားလာနေကြ၏။ ကျွန်ုပ်တို့သည် အစ္စရေးစစ်သားများဖြစ်ကြောင်း သူတို့ သိကြပါသည်။ သို့သော်လည်း ကျွန်ုပ်တို့အား ပစ်ခတ်ခြင်းမပြုချေ။ ကျွန်ုပ်တို့ မမြင်သာအောင် ပုန်းကွယ်ခြင်းလည်း မပြု။ ကျွန်ုပ်တို့ကို သူတို့အား ကျော်ဖြတ်သွားစေသည်။ သူတို့မျက်နှာများသည် အင်အားကုန်ခန်း ပင်ပန်းနွမ်းနယ်နေကြကြောင်း ဖော်ပြလျက်ရှိ၏။

၎င်းတို့ထဲမှ ဒဏ်ရာရသူများသည် အခြားသူ၏နောက်မှနေ၍ ခတ်ခဲစွာဖြင့် တရွတ်တိုက်ပါသွားကြသည်။ အချို့ဆိုလျှင် ကျွန်ုပ်တို့၏ကားကိုပင် ရှောင်မပေးနိုင်ရှာ။ ထို့ကြောင့် ကျွန်ုပ်တို့က ဘေးမှ ကွေ့ပြီးပတ်သွားရ၏။ မည်သို့ပင်ဆိုစေ တစ်စုံတရာက ကျွန်ုပ်တို့ကို ရပ်တန့်အောင် ပြုလုပ်မည်ဆိုလျှင် ထိုနေရာသည် ကျွန်ုပ်တို့၏ လမ်းဆုံးပင်ဖြစ်သည်ဟူသော အတွေးကိုမူ ကျွန်ုပ် မေ့မထား။ ကျွန်ုပ်တို့သည် လူများစွာ နည်း၏။ ရန်သူက လက်နက်မပါဘဲ လက်ချည်းသက်သက်ဖြင့်ပင် ကျွန်ုပ်တို့ကို တစ်ပိုင်းတစ်စစီ ဆွဲဆုတ်ပစ်နိုင်သည်။ ရှမ်အယ်လ်ရှိတ်သို့ ကျွန်ုပ်တို့ ရောက်နိုင်သည့် အခွင့်အရေးသည် ကျွန်ုပ်တို့ကို ရန်သူက ဆီးကြိုမပစ်ခတ်ရေးနှင့် ခေတ္တခဏ ရပ်တန့်မနေရေးအပေါ်တွင် တည်ရှိနေ၏။ ထွက်ပြေးလွတ်မြောက်နေကြသည့် အိဂျစ်စစ်သားများဖြင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားနေခြင်းအားဖြင့် ကျွန်ုပ်တို့ ခရီးဖင့်နွဲ့နေတော့မည်။ နောက်ဆုံးတွင် လမ်းသည် ကွေ့သွားပြီး တောင်ကုန်းများဆီသို့ ဦးတည်သွား၏။





ကျွန်ုပ်တို့ အသက်ရှူနိုင်ပါပြီ။ မလှမ်းမကမ်းတွင် ကျွန်ုပ်တို့၏ လေထီးတပ်ရင်းမှ ထရပ်ကားများနှင့် တင့်ကားခါးပြတ်များကို လှမ်း၍ မြင်တွေ့နေရချေပြီ။

ရှမ်အယ်လ်ရှိတ်သို့ သွားသည့် ဤလမ်းကျဉ်းကို မနက် (၀၅း၀၀)ခန့်တွင် တပ်ရင်းက သိမ်းပိုက်လိုက်ကြောင်းဖြင့် သိမ်းပြီးစလမ်းကို ကာကွယ်ရန် တာဝန်ပေးထားခြင်းခံရသူ တပ်ခွဲမှူးက ကျွန်ုပ်တို့ကို ပြောပြသည်။ (၀၆း၃၀) နာရီတွင် တပ်မဟာ(၉)မှ ပိုက်ပါလေယာဉ်ပျံသည် လေထီးတပ်ရင်းရှိရာသို့ ပျံသန်းသွား၏။ ကာကွယ်ထားသော ရှမ်အယ်လ်ရှိတ်ဒေသမှ ကိုက် (၂၀၀၀) အကွာရှိရာနေရာသို့ ရောက်အောင် ချီတက်သွားနိုင်းရန်ဖြစ်သည်။ ဖောက်ထွင်းဝင်ရန် တပ်ရင်းမှူးက ဆုံးဖြတ်လိုက်သည်။ တပ်ရင်းသည် ချီတက်သွား၏။ တင့်ကားခါးပြတ်များက ဦးဆောင်ချီတက်သွားသည်။ ၎င်းတို့နောက်မှ ယာဉ်တင်တပ်ခွဲလိုက်ပါသွားသည်။ ခုခံမှုကား မပြင်းထန်ချေ။ လေတပ်မတော်ကလည်း ကူညီတိုက်ခိုက်ပေးသည်။ (၀၉း၃၀)နာရီတွင် ရှေ့ဆုံးမှသွားသော တင့်ကားခါးပြတ်အတွင်း၌ လိုက်ပါသွားသည့် တပ်ရင်းမှူးသည် ရန်သူ့နယ်မြေဝင်ပေါက်သို့ ရောက်ရှိနေချေပြီ။ ၎င်းနှင့် မျက်နှာချင်းဆိုင်မှ ရန်သူစခန်းသည်လည်း တပ်မဟာ(၉)၏ တပ်ဖွဲ့များ လက်တွင်းသို့ ရောက်နေပြီဖြစ်၏။

အဆိုပါသတင်းများကို ရရှိပြီးသည်တွင် အိဂျစ်အခြေစိုက်စခန်းသို့ ကျွန်ုပ်တို့ ချီတက်ခဲ့ကြ၏။ ကျွန်ုပ်တို့အား ဆီးကြိုနေသည့် မြင်ကွင်းသည် စစ်မြေပြင်နှင့် ဒွန်တွဲနေသော ရှုမျှော်ခင်းပင်ဖြစ်လေသည်။ ရှမ်အယ်လ်ရှိတ်ဆိပ်ကမ်းသည် ဆီနိုင်းကျွန်းဆွယ်၏တောင်ဘက်ဖျား အစွန်းပေါ်တွင်တည်ရှိ၏။ စူးအက်ကွေ့နှင့် အက္ကဘာပင်လယ်ကွေ့တို့နှင့် တွေ့ဆုံကြပြီး ပင်လယ်နီနှင့် ဆက်စပ်နေ၏။ ကျွန်ုပ် မြင်တွေ့ဖူးခဲ့သမျှထဲတွင် ကြည့်၍အကောင်းဆုံးသော ရှုခင်းဖြစ်လေသည်။ ရေတို့သည် ပြာလွန်း၏။ (ငါးမန်းများရှိသဖြင့် ရေမကူးရန် အိဂျစ်စစ်သုံ့ပန်းများက ကျွန်ုပ်တို့ကို သတိပေးသည်။) ပြာသော ရေပြင်ကြီးကို ကျောက်ဆောင်များဖြင့် ဘောင်ခတ်၍ ထားသည်။ ကမ်းပါးပေါ်တွင် မြင့်မားသော လခြမ်းတံဆိပ်နှင့် ဗလီတစ်ခု ရှိ၏။ မြင့်မားသည့် တောင်များကြားတွင် ပုန်းအောင်းနေသော အုံ့ဩဖွယ်ဒေသနှင့် ပနံတင့်နေလေသည်။

မြေပြင်ပေါ်တွင် တိုက်ပွဲဖြစ်ပြီးခါစ လတ်လတ်ဆတ်ဆတ် လက္ခဏာများကို မြင်တွေ့နေရသေးသည်။ လွန်ခဲ့သည့် နာရီအနည်းငယ်အတွင်းက လေတပ်မတော်က ဗုံးကြဲသွားသည့် ရန်သူစခန်းများ၊ စတိုကြီးများထဲမှ မီးခိုးလုံးများ ထွက်နေသေးသည်။ မြောက်မြားစွာသော ရန်သူ့ဘာရင်းကယ်ရီယာများသည် ဆိပ်ကမ်းဒေသတွင်ပြန့်ကျဲနေ၏။ အချို့ ပျက်စီးနေပြီး အချို့မှ အသုံးပြုနိုင်သော ဘာရင်းကယ်ရီယာများ ဖြစ်၏။ ပတ်လည်တောင်ကြောများပေါ်တွင် တပ်မဟာ (၉)မှ တပ်ဖွဲ့များ လှုပ်ရှားသွားလာနေကြသည်ကို မြင်တွေ့ရ၏။ သူတို့၏လက်နက်များကို အသင့်ကိုင်လျက်၊ နယ်မြေကြီးတစ်ခုလုံးကို ရှင်းလင်းလျက်၊ စစ်သုံ့ပန်းများကို ထိန်းသိမ်းလျက် ရှိနေကြလေသည်။

ကာဒက်ရှ်စစ်ဆင်ရေးကြီးတွင် စိတ်ဆန္ဒ အပြင်းအထန်ဆုံးသော တပ်သည် တပ်မဟာ(၉)ဖြစ်ကြောင်း သံသယဖြစ်ဖွယ် မရှိပါ။ ရန်သူ့နယ်မြေတွင်းဖြတ်ပြီး လမ်းမရှိသောခရီးကို မိုင်ပေါင်း (၁၈၅) မိုင်တိုင်အောင် ချီတက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တပ်ရင်းနှစ်ခုစာ အင်အားရှိပြီး တာရှည်တပ်စွဲထားနိုင်ရန် စုစည်းပြင်ဆင်ထားသည့်ခံတပ်ကြီးကို ဝင်တိုက်သည်။ အလွန် မှားယွင်းသော စွန့်စားမှုတစ်ခုကို ပြုလုပ်မိသလိုလည်း ဖြစ်နိုင်သည်။ ထိုမျှမက ရှုံးပင်ရှုံးသွားနိုင်သည်။

ဤမော်တော်ကားတန်းကြီးတွင် မော်တော်ယာဉ်ပေါင်း(၂၀၀)ခန့်နှင့် ခြေလျင်တပ်ရင်းနှစ်ခု၊ အမြောက်တပ်ရင်းတစ်ခု၊ အကြီးစားမော်တာတပ်ရင်းတစ်ခု၊ ကင်းထောက်တပ်ဖွဲ့တစ်ခု၊ လေယာဉ်ပျံပစ်အမြောက်တပ်ဖွဲ့တစ်ခု။ အင်ဂျင်နီယာတပ်ဖွဲ့၊ ဝန်ထမ်းတပ်စသည်ဖြင့် လူပေါင်း (၁၈၀၀)ခန့်ပါသည်။ ကိုယ့်ရိက္ခာကိုယ် သယ်လာကြသည်။ ငါးရက်အတွက် ရိက္ခာအလုံလောက်ပါသည်။ (၃၇၅) မိုင်အတွက် ဓာတ်ဆီပါသည်။ ရေလုံလောက်စွာ ပါသည်။ ရေတင်ကား (၁၈)စီးဖြင့် တင်ဆောင်လာ၏။ တစ်နေ့လျှင် လူတစ်ယောက်အတွက် (၅)လီတာနှင့် မော်တော်ကားတစ်စီးအတွက် (၄)လီတာ သတ်မှတ်ထားပြီး ငါးရက်အတွက် ကောင်းစွာ လုံလောက်သောရေ ဖြစ်သည်။ ချီတက်ရာတွင်လည်းကောင်း၊ တိုက်ပွဲဝင်ရာတွင်လည်းကောင်း၊ တစ်စုံတရာ အကူအညီ၊ တစ်စုံတရာ စစ်ကူကိုပေးရန် မလိုချေ။ တပ်မဟာ (၉)သည် သူ့တစ်တပ်တည်း အကူအညီမလိုဘဲ တိုက်ခိုက်နိုင်သော တပ်တစ်တပ်ဖြစ်၏။ သူ့ကိုပေးသော တာဝန်ကို အောင်မြင်အောင် ထမ်းဆောင်နိုင်မည့်တပ် ဖြစ်၏။ ရှမ်အယ်လ်ရှိတ်ကို သိမ်းပိုက်ပြီးလျှင် သင်္ဘောဆိပ်၊ လေယာဉ်ပျံကွင်းတစ်ခုနှင့် အစ္စရေးနိုင်ငံသို့ သွားနိုင်သည့် ကုန်းလမ်းခရီးတစ်ခုကို ရရှိလိုက်ခြင်းပင် ဖြစ်၏။

အကယ်၍ တောင်ဘက်သို့ သွားရာလမ်းကို ပိတ်ဆို့ထားလျှင် သို့တည်းမဟုတ် တိုက်ပွဲတွင် ရှုံးနိမ့်လျှင် မိမိ၏တပ်များနှင့် လုံးဝ အဆက်အသွယ် အဖြတ်ခံလိုက်ရဖွယ်ရာ အကြောင်းရှိသည်။ ထိုလမ်းအတိုင်း အစ္စရေးနိုင်ငံသို့ ပြန်လာနိုင်မည် မဟုတ်တော့။

ရေ၊ ဓာတ်ဆီနှင့် အပိုပစ္စည်းများ မလုံလောက်မှုတစ်ခုတည်းသာ ရင်ဆိုင်ရမည် မဟုတ်ချေ။ သို့သော်လည်း မြောက်ပိုင်းမှ တောင်ပိုင်းသို့ သွားနိုင်သော လမ်းကြောင်းရှိသည်။ မူလလာခဲ့သည့်လမ်းကိုမူ ပြန်လှည့်၍ ဖြစ်တော့မည်မဟုတ်ပါ။

နိုင်ငံရေးရှုထောင့်မှကြည့်လျှင် တိုင်ရန်ရေလက်ကြားများကို သိမ်းပိုက်ထိန်းချုပ်နိုင်လိုက်ခြင်းသည် အရေးအကြီးဆုံးဖြစ်၏။ ထိုအချက်သည် စစ်ဆင်ရေး၏အဓိက ရည်ရွယ်ချက်ဖြစ်လေသည်။ အကယ်၍ ဆီနိုင်းကျွန်းဆွယ်ကြီးတစ်ခုလုံး ကျွန်ုပ်တို့လက်ထဲရောက်လာသော်လည်း ရှမ်အယ်လ်ရှိတ်ကို မသိမ်းပိုက်ရသေးမီ စစ်ဆင်ရေးကြီးရပ်လိုက်ရမည်ဆိုပါက အက္ကဘာပင်လယ်ကွေ့အတွင်းဝယ် အစ္စရေးသင်္ဘောများ သွားလာမှုအား အီဂျစ်ကပိတ်ဆို့ထားခြင်းသည် ဆက်လက်ဖြစ်ပေါ်နေမည်သာ ဖြစ်၏။ ထိုကဲ့သို့ သင်္ဘောများက ဆက်လက်ပိတ်ဆို့ထားခြင်းကို ခံနေရမည်ဆိုပါက ကျွန်ုပ်တို့၏စစ်ဆင်ရေးကြီး မအောင်မြင်သောသဘောဖြစ်သည်။ အချိန်သည် များစွာအရေးကြီးနေ၏။ ဗြိတိသျှနှင့် ပြင်သစ်တို့သည်ပင်လျှင် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို လိုက်နာပြီး စစ်ဆင်ရေးကို ရပ်တန့်ရတော့မည့်အခြေအနေမျိုးသို့ မရောင်သာမတိမ်းသာ ဆိုက်ရောက်နေရချိန်တွင် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်ကို ဆန့်ကျင်ဖောက်ဖျက်ပြီး အစ္စရေးနိုင်ငံက ဆက်လက်စစ်တိုက်ရေးသည် မရေရာသောကိစ္စဖြစ်နေ၏။





တိုင်ရန်ရေလက်ကြားရှိ အီဂျစ်စစ်တပ်များက တပ်မဟာ(၉)ကို ချီတက်နေခိုက်မှာပင် ဟန့်တားထားနိုင်မည်ဆိုပါက သို့တည်းမဟုတ် ရက်အနည်းငယ်မျှခုခံတိုက်ခိုက်နေနိုင်မည်ဆိုပါက ရှမ်အယ်လ်ရှိတ်ကိုမသိမ်းပိုက်မီမှာပင် အစ္စရေးနိုင်ငံ၏ တိုက်ခိုက်မှုများရပ်တန့်စေရန် အကြပ်ကိုင်နိုင်သည့် နိုင်ငံရေးအခြေအနေမျိုးလည်း ပေါ်ပေါက်လာနိုင်ပါသည်။

တိုင်ရန်ရေလက်ကြားကို သိမ်းပိုက်ရေးနှင့် ပတ်သက်ပြီး ကြုံတွေ့နေရသည့် စစ်ရေးစစ်ရာအခက်အခဲများသည် လည်းကောင်း၊ နိုင်ငံရေးရှုပ်ထွေးမှုများသည်လည်းကောင်း စစ်ဦးစီးအဖွဲ့ဝင်များ၏စိတ်တွင်းမှ ပျောက်ကွယ်မသွားနိုင်ပါ။ ထို့ကြောင့်လည်း လေထီးတပ်ကို မစ်တလာမှရှမ်အယ်လ်ရှိတ်သို့ တော်မြို့ကို ဖြတ်ပြီး ချီတက်ရန် စီစဉ်ရခြင်းဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ်အနေဖြင့်ကြည့်လျှင် ဤအလုပ်သည် မလိုအပ်ပါချေ။ တပ်မဟာ (၉)ကို လွတ်လပ်စွာသာ ဆောင်ရွက်ခွင့်ပြုသင့်သည်။ တကယ်တမ်း စီစဉ်ပြီးဆောင်ရွက်ရာတွင်လည်း တိုက်ပွဲအမြင့်ဆုံးစံချိန်သို့ ရောက်နေသော နောက်ဆုံးနေ့ရောက်မှ လေထီးတပ်များ ဆိုက်ရောက်သွားပြီး ဝင်ကူတိုက်ပေးနိုင်သည်။

တပ်မဟာသည် ထိုဒေသကို နိုဝင်ဘာ (၅)ရက်နေ့တွင် စတင်တိုက်ခိုက်၏။ မူလက စီစဉ်ထားသည်မှာ နိုဝင်ဘာ (၃)ရက်နေ့တွင် တိုက်ခိုက်ရန် ဖြစ်သည်။ နောက်ကျသွားရခြင်းနှင့် ပတ်သက်ပြီး အကြောင်းနှစ်ချက်ရှိသည်။ ပထမအကြောင်းသည် အီဂျစ်လေယာဉ်ပျံကွင်းများကို အင်္ဂလိပ်နှင့်ပြင်သစ်တို့ တိုက်ခိုက်ဗုံးကြဲမည့်ရက်ကို ရွှေ့ဆိုင်းလိုက်သောကြောင့် တပ်မဟာ(၉)၏ ချီတက်ရက်ကို တစ်ရက် နောက်ဆုတ်လိုက်ရ၏။ ဒုတိယအကြောင်းမှာ တပ်မဟာ(၉) ချီတက်သွားရသည့်လမ်းသည် ကျွန်ုပ်တို့ တွေးထင်ထားသည်ထက် များစွာဆိုးရွားနေ၏။ ချီတက်ရွေ့လျားနိုင်သည့် နှုန်းထားသည် ခန့်မှန်းထားသည်ထက် ပို၍နှေးကွေးနေသောအကြောင်း ဖြစ်၏။

ရပ်စင်နကက်မှ အင်ပါတာဂါအိုအေစစ်သို့သွားသည့် ပထမပိုင်းသည် အလွယ်ကူဆုံးဖြစ်၏။ ယခုအချိန်ထိ မော်တော်ကားတန်းကြီးသည် တစ်နာရီလျှင် (၇) မိုင်ခွဲခန့်နှုန်းထားဖြင့်ချီတက်နေ၏။ နိုဝင်ဘာ(၂)ရက်နေ့ (၁၃း၀၀)နာရီတွင် (၆၂) မိုင် ခရီးပေါက်ခဲ့သည်။ ထိုခရီးတစ်လျှောက်တွင် ဘာအနှောင့်အယှက်မျှ မတွေ့။ အီဂျစ်တို့ စွန့်ပစ်သည့် မော်တော်ကားများကိုသာ တွေ့ရသည်။ ယမန်နေ့က ချီတက်သွားသော ကင်းထောက်တပ်ဖွဲ့နှင့် အီဂျစ်ကင်းလှည့်သည့် တပ်များ တွေ့ဆုံတိုက်ပွဲဖြစ်ရာမှ စွန့်ပစ်ထားခဲ့သည့် မော်တော်ကားများဖြစ်သည်။ ထိုမှတစ်ပါး အီဂျစ်စစ်တပ်၏ အရိပ်အယောင်ကို မတွေ့မြင်ရချေ။

သို့သော်လည်း အိုအေစစ်စခန်းဖြစ်သည့် အင်ဖာတာဂါကို ကျော်လွန်လာသည်မှစ၍ ဤခရီး၏အခက်အခဲဆုံးသော အပိုင်းကို ရင်ဆိုင်ရလေသည်။ နောက်ထပ် (၉) မိုင်သည်တောင်ပေါ်ခရီးဖြစ်၏။ လမ်းကလည်း သဲနစ်လှသည်။ တင့်ကားခါးပြတ်များမှလွဲ၍ အခြားကားများသည် ၎င်းတို့ဖာသာ ထိုလမ်းကို မသွားနိုင်ကြတော့ချေ။ အခက်ခဲဆုံးမှာ (၂၅)ပေါင်ဒါမြေပြင်ပစ် အမြောက်ကြီးများဖြစ်၏။ ဝင်ရိုးပဒေါင်းအထိ သဲတွင်းသို့ နစ်မြုပ်သွားကြသည်။ အခြားမော်တော်ယာဉ်များ၏ဘီးများကို လေလျှော့ပစ်ရသည်။

ဇေယျာမြေဇာပေတိုက်
www.burmeseclassic.com

www.burmeseclassic.com

သို့မှသာ သဲအတွင်း၌ကုတ်အားရနိုင်ပေသည်။ အင်ဖာတာဂါမှ နောက်စခန်းသို့ချီတက်ကြရာတွင် တစ်နာရီလျှင် နှစ်မိုင်ခွဲမျှသာ ခရီးတွင်တော့၏။ ထိုမျှခရီးတွင်စေရန်အတွက် မော်တော်ယာဉ်များကို လက်နှင့်တွန်းရခြင်း၊ တင့်ကားခါးပြတ်များနှင့် ဆွဲယူရခြင်းများ လုပ်ကြရသည်။ သန်းခေါင်လွန်ပြီး နှစ်နာရီကြာသောအခါမှ "ရေထွက်စမ်း"သို့ ရောက်ရှိလာကြသည်။

သဲတွင်း၌ မြုပ်ပြီး အလျင်အမြန် ဆွဲမထုတ်နိုင်သည့် မော်တော်ကားရှစ်စီးကို ထိုအတိုင်းပင် ထားခဲ့ရသည်။ နောက်ပိုင်းကျမှ ရွှေ့ပြောင်းယူနိုင်တော့မည်။ ကျွန်ုပ်တို့၏ ရဲဘော်များလည်း အားအင်ကုန်ခမ်း နွမ်းနယ်ကြချေပြီ။

နောက်ထပ် ခရီးတစ်ဆစ်တွင် ငါးမိုင်ခန့်သည် သဲများပင် ဖြစ်နေသေး၏။ သို့သော်လည်း ယခုတစ်ကြိမ်တွင်မူ နောက်ပိုင်း၌ "ရေထွက်စမ်း" ရှိသောကြောင့် ရဲဘော်များအဖို့ အတော်ကလေးအဆင်ပြေလာပြီး မော်တော်ယာဉ်များလည်း အခက်အခဲနည်းနည်းဖြင့် ချီတက်နိုင်ခဲ့ကြ၏။ နောက်ထပ် မိုင် (၃၀)ကို ငါးနာရီဖြင့် ခရီးပေါက်ခဲ့ကြသည်။ နိုဝင်ဘာ (၃)ရက် မွန်းမတည့်မီကလေးတွင် အင်္ဂလာပင်လယ်ကွေ့ပေါ်တွင် အကြီးဆုံးအိုအေစစ်ဖြစ်သည့် ဒါဟတ်သို့ ဆိုက်ရောက်လာကြလေသည်။

ဒါဟတ်တွင်ရှိသည့် အီဂျစ်တပ်ဖွဲ့သည် တပ်မဟာအနေဖြင့် ပထမဦးဆုံး ရင်ဆိုင်ရသော ရန်သူတပ်ဖွဲ့ဖြစ်သည်။ ကုလားအုတ်စီး စစ်သား(၁၀)ယောက်နှင့် ဆက်သွယ်ရေးရေဒီယိုစက်တစ်လုံး ရှိသည်။ ပင်လယ်ကမ်းပါးတွင် တဲထိုးပြီး နေကြသည်။ သူတို့၏တာဝန်သည် ထိုဒေသတွင် ကင်းလှည့်ရန်နှင့် သူတို့တွေ့ရှိချက်များကို ရှမ်အယ်လ်ရှိတ်ရှိ ဌာနချုပ်သို့ သတင်းပို့ရန်ဖြစ်သည်။ (အလားတူ တပ်ဖွဲ့ကလေးများကို တိုင်ရန်နှင့် စနာပါကျွန်းစုများပေါ်တွင်လည်း ချထား၏။ တစ်နေရာလျှင် စစ်သား (၁၂) ဦးစီရှိသည်။ အီလတ်နှင့် ဒါဟတ်ကြားတွင်ရှိသော နေရာများတွင်လည်း တာဝန်ပေးချထားသည်။) တပ်မကြီးထက် စောပြီး ကင်းထောက်တပ် ရောက်သွားသည်တွင် အီဂျစ်စစ်သားများသည် အုပ်စုကွဲထွက်သွား၏။ စစ်သားသုံးဦးပါသော အုပ်စုတစ်ခုသည် လမ်းဘေးရှိ ချုံများအတွင်းသို့ ဝင်ရောက်ပုန်းအောင်း အကာအကွယ်ယူနေကြသည်။

ကျွန်ုပ်တို့တပ်က ပိုက်စိပ်တိုက်ရှင်းလင်းသည်တွင် ရန်သူစစ်သား (၃)ဦးအနက် ဆူဒန်အမျိုးသား တပ်ကြပ်ကြီးတစ်ဦးက ခုခံပစ်ခတ်သောကြောင့် ကျွန်ုပ်တို့ဘက်က တစ်ယောက်ကျပြီး တစ်ယောက်ဒဏ်ရာ ရသည်။ သို့သော်လည်း တတိယအချက် သူမပစ်နိုင်တော့ပါ။ အခြားကင်းထောက်တပ်သားတစ်ဦးက ချုံပုတ်အတွင်းမှ ချောင်းကြည့်နေသော ရိုင်ဖယ်ပြောင်းဝတစ်ခုကို တွေ့လိုက်ရသည်။ သူ့လက်ထဲမှာ ကိုင်ထားသော ယူစီစက်သေနတ်မှအတွဲကို ကျည်ကတ်တစ်ခုဖြင့် ချုံပုတ်အတွင်းမှ ရန်သူတို ငြိမ်သက်သွားစေ၏။ ကျန်ရန်သူခုနစ်ယောက်သည် ၎င်းတို့၏ ရွက်ထည်အတွင်းမှာပင် ပုန်းအောင်းနေကြ၏။ ဤနေရာတွင်လည်း အလားတူအမှားကို ကျွန်ုပ်တို့လူများ လုပ်ကြပြန်သည်။ ပထမဆုံးသေနတ်ဖြင့် ပစ်ခတ်ခြင်းမပြုဘဲ ရန်သူကို ရှာရန် တဲအတွင်းသို့ ဝင်သွား၏။ ရန်သူရှိသော တဲတစ်လုံးသို့ ရောက်သည်တွင် လက်ပစ်ဗုံးနှင့် ဆီးပစ်ခြင်းခံရ၏။ ကျွန်ုပ်တို့ရဲဘော်နှစ်ယောက်ကျပြီး တစ်ယောက် ဒဏ်ရာရသည်။





အီဂျစ်စစ်သား များက ထွက်ပြေးကြသေးသည်။ သို့သော်လည်း စက်သေနတ်ကျည်ဆန်များက သူတို့ခရီးကို အဆုံးသတ်ပေးလိုက်သည်။

တပ်မဟာသည် ဒါဟတ်တွင် ပထမဦးဆုံးအနေဖြင့် အချိန်ကြာကြာအနားယူနိုင်ခဲ့သည်။ ရဲဘော်များသည်လည်း ရေထဲတွင် ကိုယ်လက်သန့်စင် ဆေးကြောနိုင်ကြ၏။ စွန်ပလွံပင်အရိပ်များတွင် ခြေဆန့်လက်ဆန့်အနားယူနိုင်ကြ၏။ မော်တော်ယာဉ်များမှာလည်း ပြုပြင်ရန်နှင့် ဆီဖြည့်ရန် လိုနေသည်။ ညနေဘက်တွင် ရေတပ်သင်္ဘောနှစ်စင်း အစီအစဉ်အတိုင်း ရောက်ရှိလာ၏။ ၎င်းတို့နှင့်အတူ ဓာတ်ဆီများ ပါလာသည်။ ထိုသို့ ရောက်လာခြင်းမှာ အချိန်မီရောက်လာခြင်းပင် ဖြစ်သည်။ မူလခန့်မှန်းထားသည်ထက် ဓာတ်ဆီအကုန်အကျမှာ အဆမတန် ပိုမိုများပြားနေသည်။

တပ်မဟာသည် နိုဝင်ဘာ (၃)ရက်နေ့ (၁၈း၀၀) နာရီတွင် ထိုခရီး၏ တတိယဆစ်ကိုစတင်ချီတက်ခဲ့ကြ၏။ နောက်ရပ်နားရမည့်စခန်းဖြစ်သော ကစ်တောင်ကျချောင်းသို့ (၀၂း၀၀) နာရီတွင် ရောက်သည်။ ဤနေရာတွင် တွေ့ရသော အခက်ခဲဆုံး ပြဿနာသည် ကျောက်ဆောင်များအကြား သွားရခြင်းဖြစ်၏။ ထိုလမ်းသည် တောင်၏ဆင်ခြေလျှောရှိ "ဆိတ်တောင်ကြားလမ်း" ဖြစ်၏။

အချို့နေရာများတွင် နှစ်ကိုက်ထက်ပင်ပိုပြီး ကျဉ်းမြောင်းနေသေး၏။ ကျောက်တောင်များ၏ အချွန်အတက်များကလည်း ထိုးထွက်နေသေးသည်။ ကျဉ်းမြောင်းသည့်နေရာများကို ချဲ့ပြီး ပိတ်ဆို့နေသည့် ကျောက်ဆောင်များကို ဖောက်ခွဲပစ်ရန်မှတစ်ပါး အခြားအကြောင်း မရှိတော့ချေ။

အင်ဂျင်နီယာများက ဒိုင်းနမိုင်းများဖြင့်ခွဲပြီး ကျန်လူများက ချီတက်သည်။ ယခင်နေရာများတွင် သဲအတွင်းနစ်နေသည့် မော်တော်ယာဉ်များကို ဆွဲထုတ်ခဲ့ကြရသည်သာမဟုတ်၊ ယခုအချို့တွင်လည်း ကျောက်ကျိုးကျောက်ပဲ့များအကြား၌ မရွေ့လျားနိုင်သော မော်တော်ယာဉ်များကို တွန်းခြင်း၊ ဆွဲခြင်းများ ပြုရပြန်ပါသေးသည်။

ကစ်တောင်ကျချောင်းတွင် ဤလမ်းကျဉ်းသည် ကျော်ဖြတ်ရန် အခက်ခဲဆုံးဖြစ်ကြောင်း အီဂျစ်များက သိရှိကြကြောင်း ထင်ရှားပါသည်။ ကားတန်းကြီး၏ရှေ့က နာရီပေါင်းများစွာစောပြီး သွားနှင့်သည့် ကင်းထောက်တပ်ဖွဲ့သည် ထွက်ပေါက်မှ တစ်မိုင်ကျော်ကျော်အလိုသို့ ရောက်သည်တွင် ချုံခိုတိုက်ခိုက်ခြင်းကို ခံရလေသည်။ ရှေ့ဆုံးမှ သွားသော ဂျစ်ကားမှာ မိုင်းဗုံးထိသွား၏။ တစ်ဆက်တည်းမှာပင် ရန်သူ၏စက်သေနတ်များ၊ ဘာဇူကာများ၊ လက်ပစ်ဗုံးနှင့် တရစပ်ပစ်ခတ် တိုက်ခိုက်ခြင်းကို ခံရသည်။

ကျွန်ုပ်တို့ တပ်ဖွဲ့က ပြန်ပစ်သည်။ ပျက်စီးသွားသော ဂျစ်ကားကို ထားရစ်ခဲ့ပြီး နောက်သို့ဆုတ်လာရသည်။ အချိန်မှာ (၂၀း၀၀) နာရီရှိပြီ။ တောင်ကျချောင်းအတွင်း၌ အမှောင်ထုက ကြီးစိုးနေလေရာ ဘာကိုမျှ သူတို့မမြင်နိုင်တော့။ မိုင်းဗုံးကိုလည်း ရှာမတွေ့နိုင်။ အီဂျစ်တို့နေရာယူထားသည့် အရပ်ကိုလည်း မခန့်မှန်းနိုင်တော့ချေ။

နိုဝင်ဘာ (၄) ရက် မနက်အရုဏ်တက်တွင် လမ်းပိတ်ဆို့ခြင်းခံရသည့် နေရာသို့ ကင်းထောက်တပ်ဖွဲ့ ပြန်လည်ချီတက်သွားပြန်သည်။ ၎င်းတို့ရှေ့မှကြိုပြီး ပိုက်ပါ လေယာဉ်ပျံတစ်စင်းက သွားနှင့်ကာ မြေပြင်ကို စစ်ဆေးကြည့်ရှုသည်။



www.burmeseclassic.com

www.burmeseclassic.com

လူသူတစ်စုံတစ်ယောက်ကိုမျှ မတွေ့ရကြောင်း၊ ရန်သူများ ထွက်ခွာသွားကြဖွယ်ရာရှိကြောင်းဖြင့် လေယာဉ်မှူးက သတင်းပို့သည်၊ သူ့သတင်းမှန်ပါသည်။ သေွးကွက်ကြီးတစ်ကွက်ကိုသာ တွေ့ရသည်။ မနေ့ညက တိုက်ပွဲတွင် အင်္ဂလိပ်စစ်သားတစ်ယောက် ဒဏ်ရာရသွားဟန် တူသည်။ ရန်သူစစ်သားများ၏ အရိပ်အယောင်ကို လုံးဝမမြင်တွေ့ရ။ စွန့်ပစ်ထားခဲ့သည့် ဂျစ်ကားကိုလည်း မူလနေရာမှာပင် မြင်တွေ့ရသည်။ ထိုဂျစ်ကားနှင့် မျက်နှာချင်းဆိုင် တောင်၏ဆင်ခြေလျှောတွင် အင်္ဂလိပ်တပ်စုတစ်စု၏ စခန်းကို တွေ့ရ၏။ သို့သော်လည်း လူသူတစ်စုံတစ်ရာ မရှိတော့ဘဲ ဟာလာဟင်းလင်းဖြစ်နေလေသည်။

ရှေ့သို့ဆက်သွားသောအခါ မိုင်းဗုံးအမြောက်အမြားကို ရှာဖွေတွေ့ရှိ တူးဖော်ရရှိသည်။ မြေမျက်နှာပြင်၏အောက်နားကလေးမှာပင် မြှုပ်ထားခြင်း ဖြစ်၏။ မြှုပ်ချိန်မရသဖြင့် မမြှုပ်ဘဲထားခဲ့ရသော မိုင်းဗုံးများကိုပါ တွေ့ရသေး၏။ မိုင်းဗုံးများ မြှုပ်သည့်နေရာကိုရှာယူခြင်းဖြင့် ထိုနေရာသည် လမ်းဖြစ်ကြောင်း အမှတ်အသားပြုလုပ်ပေးသည်နှင့်တူ၏။ နိဝင်ဘာလ (၄)ရက်၊ နံနက် (၀၉း၀၀) နာရီထိုးသည်တွင် တပ်မဟာသည် ခရီး၏နောက်ဆုံးအဆင့်သို့ ရောက်ရှိလာတော့သည်။ (၁၁း၄၅)နာရီတွင် ရပ်စ်နတ်စရာနီနှင့် ရှမ်အယ်လ်ရှိတ်၏ အင်္ဂလိပ်စခန်းများကို မြင်တွေ့ရတော့သည်၊ ရဲဘော်တို့သည် သူတို့၏ရည်ရွယ်ချက်နေရာသို့ ရောက်ရှိရန် သုံးနေ့နှင့်နှစ်ည ချီတက်ခဲ့ကြရ၏။ ယခုတိုင်ရန်ရေလက်ကြားတိုက်ပွဲကို အဆုံးအဖြတ်ပေးရမည့် အပိုင်းနှင့် မျက်နှာချင်းဆိုင်လျက်ရှိပါပြီ။

အီလတ်ဘက်မှနေ၍ ကျွန်ုပ်တို့တပ်မဟာကြီး ဆိုက်ရောက်လာခြင်းကြောင့် အီဂျစ်တပ်မှူးသည် အလွန်တရာ အံ့အားသင့်သွား၏။ အင်အားကောင်းသည့် အစ္စရေးတပ်များ ဤလမ်းကြောင်းအတိုင်း ရောက်ရှိလာနိုင်မည်မဟုတ်ကြောင်း အီဂျစ်စစ်ဦးစီးချုပ်က မှတ်ထင်ယူဆထားလေသည်၊ ထိုယူဆချက်အတိုင်းလည်း တိုင်ရန်ရေလက်ကြားများက ကာကွယ်ရေးအစီအစဉ်ကို ပြုလုပ်ထား၏။ အစ္စရေးတပ်မဟာတစ်ခုသည် ပင်လယ်ကွေ့ကမ်းရိုးတန်းတစ်လျှောက် တောင်ဘက်သို့ ဦးတည်ချီတက်လာပြီဖြစ်ကြောင်းနှင့် အီလတ်၏တောင်ဘက် မိုင်(၄၀)ခန့်ကွာဝေးသော ဘိုဝါစစ်စခန်းရှိ အီဂျစ်တပ်ဖွဲ့က ရှမ်အယ်လ်ရှိတ်သို့ အကြောင်းကြားသည်၊

ဤလမ်းကြောင်းအတိုင်း အလွန်သေးငယ်သည့် အစ္စရေးတပ်စုကလေးမျှသာ လာရောက်နိုင်မည်ဖြစ်ကြောင်း ယုံကြည်ထားသည့် တပ်မှူးက ဘိုဝါစစ်မှ ပေးပို့သော သတင်းကို ပုံကြီးချဲ့ထားသော သတင်းမျှသာဖြစ်ကြောင်း မှတ်ယူလိုက်၏။ ထို့နောက် တစ်ဖန် ဒါဟတ်မှ ပေးပို့လိုက်သည့် အလားတူသတင်းတစ်ပုဒ်ကို ရရှိပြန်၏။

သူ့ တွေးထင်မှုများယွင်းပြီလောဟု စတင် သံသယဖြစ်လာသည်၊ သူ၏ တွေးထင်ချက် လုံးဝမှားယွင်းပြီဖြစ်ကြောင်းကို နိုဝင်ဘာလ (၄)ရက်၊ မွန်းတည့်အချိန်ကျမှသာ သူ သဘောပေါက်နားလည်ရတော့သည်။

ရပ်စ်နတ်စရာနီသို့ ချဉ်းကပ်လာနေကြသော အစ္စရေးမော်တော်ယာဉ်ပေါင်း (၂၀၀)ခန့်ကို သူတို့မျက်စိဖြင့် တပ်အပ်မြင်တွေ့ရပြီဖြစ်၏။





မည်သို့ပင်ဆိုစေ ၎င်းတို့၏အံ့အားသင့်မှုသည် တပ်မဟာ (၉)ကို မည်သို့မျှ မထိခိုက်ပါ။ ထိုမျှ အင်အားကြီးမားသော ကြည်းတပ်တစ်တပ်ဖြင့် တိုက်ခိုက်ရလိမ့်မည်ဟု အီဂျစ်တပ်မှူးက မျှော်လင့်မထား။ တိုင်ရန်ရေလက်ကြားကို သိမ်းပိုက်နိုင်ရန်အတွက် အစ္စရေးက လေတပ်ဖြင့်လည်းကောင်း၊ ရေတပ်ဖြင့်လည်းကောင်း တိုက်ခိုက်လိမ့်မည်ဟူ၍သာ သူတို့က တွက်ယူထားခဲ့ကြသည်။ ရှမ်အယ်လ်ရှိတ်နှင့် ရပ်စ်နတ်စရာနီဒေသများကို ဘက်စုံအောင် ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ထားသည်။ မည်သည့်ဘက်မှလာလာ ရင်ဆိုင်တိုက်ရန် ပြင်ဆင်ထားသည်၊ အထူးသဖြင့် လေထီးတပ်များဆင်းသက်နိုင်သည့် မြေပြန့်ဖြစ်သောမြောက်ဘက်ပိုင်းကို အထူးအာရုံပြုကာ ကာကွယ်ရေးအစီအစဉ်များကို ပြုလုပ်ထားလေသည်။

ထို့ကြောင့်လည်း ရှမ်အယ်လ်ရှိတ်၏ မြောက်ဘက်တောင်ပံကို တပ်မဟာ (၉)က ရွေးချယ်ခြင်းမပြုခဲ့။ ကြိုတင်မပြင်ဆင်ခဲ့။ ထိုနေရာတွင် ခံစစ်အတွက် ကောင်းစွာပြင်ဆင်ထား၏။ အီဂျစ်တပ်မှူးများ တွေးထင်ထားသကဲ့သို့ပင် ကောင်းကင်မှ လေထီးတပ်သားများ ချပေးခြင်းအားဖြင့် လည်းကောင်း၊ ကျော်ဖြတ်နိုင်သည့် လမ်းမဟုတ်ဟု အီဂျစ်တို့ ယုံကြည်ထားသည့် ၁၈၅-မိုင် (ရန်သူ့နယ်မြေအတွင်း) ရှည်လျားသောလမ်းကြောင်းအတိုင်း ခြေလျင်တပ်မဟာကြီး ချီတက်လာပြီး တိုက်ခိုက်ခြင်းအားဖြင့်လည်းကောင်း ဘာမျှ ထူးခြားမည်မဟုတ်ပါချေ။

တပ်မဟာ(၉)က သံချပ်ကာကားများ လက်ဝယ်ရှိနေခြင်းသည် လေထီးဆင်းတပ်ထက် ပိုပြီးအကျိုးရှိနေသည်။ လေထီးဆင်းတပ်အနေဖြင့် သံချပ်ကာကားများ ပါလာနိုင်မည် မဟုတ်ချေ။ ယခုမူ တပ်မဟာ (၉)နှင့်အတူ သံချပ်ကာကားများကိုပါ ယူဆောင်လာနိုင်ခဲ့၏။ အီဂျစ်ခံစစ်စခန်းများကို ထိုးဖောက်တိုက်စစ်ဆင်ရာတွင် အပေါ့စားသံချပ်ကာများ တပ်ဆင်ထားသည့် တင့်ကားခါးပြတ်များသည် အလွန်အရေးပါအရာရောက်ပြီး အလွန်ထိရောက်လှလေသည်။ |တပ်မဟာ(၉)အတွက် တင့်ကားလေးစီးကို ရေတပ်သင်္ဘောဖြင့် သယ်ဆောင်လာပြီး ပေးပို့ရန် စီစဉ်ထားသည်။ သို့သော်လည်း အဆိုပါ တင့်ကားလေးစီးမှာ ရှမ်အယ်လ် ရှိတ်တပ်မဟာ (၉)၏ လက်တွင်းသို့ ကျပြီးသောအခါကျမှ ရောက်ရှိလာတော့၏။|

ယခု ချီတက်ခဲ့ရသော လမ်း၏မြေအနေအထား၊ ရှည်လျားမှု စသည်တို့သည် လမ်းပိတ်ဆို့မှု၊ ချုံခိုတိုက်ခိုက်မှု၊ ခုခံတွန်းလှန်မှုများ ပြုလုပ်ရန် ရန်သူများအတွက် အကောင်းဆုံးလမ်းပင် ဖြစ်ပါသည်။ ဆီးကြိုတိုက်ခိုက်မှုများကို တပ်မဟာ (၉) ကျော်လွှားလွတ်မြောက်လာနိုင်ခြင်းအတွက် ကျွန်ုပ်သည်ပင်လျှင် သံသယဖြစ်မိသည်။ ဤမျှရှည်လျားကြမ်းတမ်းသောလမ်းသည် တပ်မဟာကို အင်အားနည်းသွားအောင်၊ ခရီးမဆက်နိုင်ဘဲ ရပ်တန့်နေအောင် နှောင့်ယှက်တိုက်ခိုက်နိုင်ပါသည်။

*ထိုသို့ဖြစ်လာလျှင် ရှမ်အယ်လ်ရှိတ်ကို တိုက်ခိုက်ရမည့်ရက် ရွှေ့ဆိုင်းရတော့မည်ဖြစ်၏။*

*တပ်မဟာ (၉) ကဲ့သို့ ရှည်လျားပြီးရှုပ်ထွေးလှသော မော်တော်ကားတန်းကြီးကို တွန်းလှန်ရန် အကောင်းဆုံးသောလက်နက်သည် လေတပ်ပင်ဖြစ်၏။*



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အင်္ဂလိပ်-ပြင်သစ်တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့သည့် နောက်ပိုင်းမှစ၍ အီဂျစ်တို့အနေဖြင့် ထိုနည်းကို အသုံးပြုတွန်းလှန်ရန်မဖြစ်နိုင်တော့ပါ။မည်သို့ဆိုစေ တပ်မဟာကြီး ရှေ့ဆက်မတက်နိုင်တော့ဘဲ ရပ်တန့်နေစေရန် ပြုလုပ်နိုင်သည့် အခြားနည်းလမ်းများလည်း ရှိပါသေးသည်။ ဂိုဟက်ဇ်မီးရထားလမ်းတွင် လော့ရင့်စ်အသုံးပြုခဲ့သည့်နည်းများကို တစ်သဝေမတိမ်း ပုံတူကူးချရန်မဟုတ်။

သို့သော်လည်း ထိုမူအတိုင်း လိုက်နာကျင့်သုံးနိုင်ပါသည်။

ကျဉ်းမြောင်းသော လမ်းတစ်လျှောက်မှ ဆီးကြိုပြီး ရန်သူတို့အနေဖြင့် ချုံခိုတိုက်ပွဲများဆင်နွှဲနိုင်၏။ နှေးနှေးကွေးကွေး ရွေ့လျားသွားလာနေရသည့် မော်တော်ကားတန်းကြီးကို ပစ်ခတ်တိုက်ခိုက်နိုင်၏။ သဲပြင်များတစ်လျှောက်၌ မိုင်းဗုံးများ မြှုပ်နိုင်၏။ ကျောက်ဆောင်များကို ဖောက်ခွဲပြီး ကျဉ်းမြောင်းသော လမ်းကလေးကို ပိတ်ဆို့ထားနိုင်၏။ အခြားသော နည်းလမ်းများဖြင့်လည်း ဤလမ်းကို ပိတ်ပစ်နိုင်သေး၏။ သို့သော် ထိုနည်းလမ်းများကို အသုံးပြုနိုင်ရန်မှာ ကျွန်ုပ်တို့တပ်မဟာကြီးသည် ဤလမ်းကြောင်းအတိုင်း ချီတက်လာလိမ့်မည်ဟူသောသတင်းကို ကြိုတင်ရရှိထားရန် လို၏။

တစ်ဖန်-ဆီးကြိုတိုက်ခိုက်မည့် တပ်များသည်လည်း ပြောက်ကျားစစ်ဆင်ရေးနည်းပရိယာယ်ကို သင်တန်းတက်ထားပြီး ဖြစ်ရန်လို၏။ ယခုတွင်မူ ရှမ်အယ်လ်ရှိတ်တွင်ရှိသော အီဂျစ်တပ်မှူးသည် တပ်မဟာ (၉)ချီတက်လာမည့် သတင်းကိုလည်း ကြိုတင်မရထား။ ကြိုတင်တိုက်ခိုက်ရန် သင့်လျော်သည့် တပ်ဖွဲ့မျိုးလည်း မရှိ။ ကစ်တောင်ကျချောင်းကို ပိတ်ဆို့ရန်အတွက် တပ်စုတစ်စုကိုမူ သူ ပို့ထားခဲ့ပါသေးသည်။ သို့သော်လည်း ထိုကြိုးပမ်းချက်သည် တန်ဖိုးမရှိ၊ အရာမထင်တော့ချေ။

ရပ်စ်နတ်စရာနီမှ တပ်များအားလုံးကို ပြန်လည်ရုပ်သိမ်းလိုက်ပြီး ရှမ်အယ်လ်ရှိတ်တွင် ပူးပေါင်းကာ အင်အားဖြည့်ထားရန် အီဂျစ်တပ်မှူး၏ဆုံးဖြတ်ချက်သည်ကား သင့်လျော်ကောင်းမွန်ပါလိမ့်မည်။ သူ့လက်ထဲတွင် ရှိနေသည့်တပ်ဖွဲ့များဖြင့် နယ်မြေကြီးနှစ်ခုစလုံးသို့ ကာကွယ်ထားရန်မှာ မဖြစ်နိုင်ကြောင်း သူ တွေးမိပါလိမ့်မည်။ ထို့ကြောင့် မည်သည့်နယ်မြေကို စွန့်လွှတ်မည်နည်းဟူသော အချက်ကို ဆုံးဖြတ်ရပါမည်။

ရပ်စ်နတ်စရာနီက အခွင့်အလမ်းသာသည်မှာ ခိုင်ခံ့သောခံတပ်ကြီးများနှင့် ရှမ်အယ်လ်ရှိတ်တွင်ရှိသည့် လေယာဉ်ပျံပစ်အမြောက်များထက် ပိုမိုထိရောက်သော လေယာဉ်ပျံပစ်အမြောက်ကြီးများပင်ဖြစ်၏။ သို့သော်လည်း ရှမ်အယ်လ်ရှိတ်တွင်မူ သင်္ဘောဆိပ်ကမ်းနှင့် လေယာဉ်ပျံကွင်းရှိနေသည်။ သင်္ဘောဆိပ်နှင့် လေယာဉ်ကွင်းသည် စစ်ရေးတန်ဖိုးအတွက်သာ အရေးကြီးသည်မဟုတ်သေး၊ ယင်းအရာများ ကျွန်ုပ်တို့လက်ထဲရောက်လာလျှင် ကျွန်ုပ်တို့အသုံးပြုမည်ကို အီဂျစ်တပ်မှူးက သဘောပေါက်သည်။ ထို့ပြင်မက အခြားတစ်နည်း သူ နားလည်သဘောပေါက်သည်ကား သူ၏တပ်များ အီဂျစ်သို့လည်းကောင်း၊ သို့မဟုတ် ဆော်ဒီအာရေဗျသို့လည်းကောင်း ဆုတ်ခွာရာတွင် ထိုသင်္ဘောဆိပ်နှင့် လေယာဉ်ကွင်းကို အသုံးပြုနိုင်ရန်အတွက် ဖြစ်လေသည်။ဆီနိုင်းတွင်ရှိသည့်တပ်များအားလုံး အီဂျစ်သို့ ပြန်ဆုတ်ခွာရန် နိုဝင်ဘာ(၁)ရက်နေ့က အီဂျစ်စစ်ဦးစီးချုပ်က အမိန့်ထုတ်ပြန်ခဲ့ရာ ရှမ်အယ်လ်ရှိတ်သို့လည်း ထို အမိန့်ရောက်လာခဲ့သည်။





သို့သော်လည်း ရှမ်အယ်လ်ရှိတ်တပ်မှူးခမျာမှာ သူ့တပ်များကို မည်သည့်နည်းမျှဆုတ်ခွာသွားရန် မတတ်နိုင်ပါ။ သူ့တပ်များဆုတ်ခွာရန် သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့ မရောက်မချင်း သူ့တပ်များနှင့် သူ့ခံစစ်ကို စွဲစွဲမြဲမြဲ ကိုင်တွယ်ပြီး ခုခံနေနှင့်ရန် သူက တင်ပြသည်။ အီဂျစ်စစ်ဦးစီးချုပ်ကလည်း လက်ခံလိုက်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏ချီတက်မှု မြန်ဆန်လွန်းသောကြောင့် မည်သည့်သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့မှ မရောက်လာနိုင်တော့ချေ။ တော်မြို့ကို နိုဝင်ဘာ (၂)ရက်နေ့တွင် သိမ်းပိုက်လိုက်သည်။

သို့ကလို သိမ်းပိုက်လိုက်ခြင်းအားဖြင့် တိုင်ရန်ရေလက်ကြားမှ အီဂျစ်သို့ သွားရာကုန်းလမ်းခရီးကို ကျွန်ုပ်တို့က ဖြတ်တောက်ပိတ်ဆို့ပြီး ဖြစ်သွားတော့၏။ ရေကြောင်းခရီးမှ သင်္ဘောငယ်လေးနှစ်စင်းသာလျှင် ရှမ်အယ်လ်ရှိတ်သို့ ရောက်လာနိုင်ပြီး အရပ်သားများနှင့် ဒဏ်ရာရသူများကို တင်ဆောင်ကာ အီဂျစ်သို့ ထွက်ခွာသွားသည်။ (ဒဏ်ရာရသူများထဲတွင် ကျွန်ုပ်တို့၏ လေယာဉ်မှူးဗိုလ်ကြီး အက်ကီလည်း ပါသွား၏။ အက်ကီ၏ လေယာဉ်ပျံကို နိုဝင်ဘာ ၂-ရက်နေ့က ရပ်စ်နတ်စရာနီအနီးတွင် ရန်သူကပစ်ချပြီး သူ့ကို ဖမ်းမိသွားခြင်းဖြစ်၏။)

ရှမ်အယ်လ်ရှိတ်ကို ကာကွယ်ထားရန် အစီအစဉ်သည် ခံတပ်များကို အားကိုးပြီးတိုက်ခိုက်နိုင်သည့် အင်အားကို စုစည်းယူကာ အစ္စရေး၏ထိုးစစ်ကို တွန်းလှန်ပစ်ရန်မဟုတ်။ သူတို့စခန်းကို သူတို့ လက်မလွှတ်ဘဲ တာရှည်ဆုပ်ကိုင်ထားရန်ကိုသာ အာရုံပြုနေကြ၏။ မြေအောက်စတိုခန်းကြီးများကို တူးသည်။ လပေါင်းများစွာ သို့လှောင်သုံးစွဲနိုင်မည့် ရေများ၊ စားနပ်ရိက္ခာများ၊ ခဲယမ်းမီးကျောက်များကို သိုလှောင်ထားသည်။ ရေနက်သည့် သင်္ဘောဆိပ်ကို ဆောက်၏။ လေယာဉ်ပျံကွင်း ဆောက်၏။ လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံ ဆောက်၏။ ပတ်ပတ်လည်တွင်လည်း လိုအပ်သည့် အစီအမံများကို ပြုလုပ်၏။ သို့ကလို မြို့ကြီးကို ပြုပြင်မွမ်းမံနေသော်လည်း ခုခံတိုက်ခိုက်ရေးနှင့် ပတ်သက်၍ကား မဆိုစလောက်သာလျှင် ပြုပြင်စီမံထား၏။ ကတုတ်ကျင်းများ၊ မိုင်းဗုံးမြှုပ်နယ်မြေများ၊ ခြံစည်းရိုးများ၊ မိမိ၏ဒေသသို့ ရန်သူချဉ်းကပ်လာနိုင်သည့် နေရာများတွင် တပ်စခန်းဆောက်လုပ်မှုများသည် လုံလောက်မှုမရှိချေ။ ပြင်းထန်သည့်တိုက်ပွဲကို ခုခံနိုင်လောက်သည့် အင်အားမျိုးမပါချေ။

တော်မြို့ဘက်မှ ထိုးဖောက်တိုက်ခိုက်ရခြင်းကို ရင်ဆိုင်နိုင်ရန် တောင်ဘက်ခြမ်းတွင် လည်းကောင်း၊ အီလတ်မြို့ဘက်မှ ချီတက်ထိုးစစ်ဆင်လာမည်ကို ခုခံနိုင်ရန် မြောက်ဘက်ခြမ်းတွင်လည်းကောင်း လိုအပ်သည့် ခိုင်မာသော အစီအစဉ်များကို ပြုလုပ်ထားခြင်း မရှိချေ။ ခံတပ်များသည် မူလအတိုင်းပင် ဖြစ်လေသည်။ ရှမ်အယ်လ်ရှိတ်မြို့ကို စစ်တစ်ခုအတွက် ပြင်ဆင်မွမ်းမံထားရသည့် အလုပ်သည် သူတို့၏စားဝတ်နေရေး နေ့စဉ်အလုပ်များလောက် အရေးမကြီး။ အရေးတကြီး အပြင်းအထန် တိုက်ခိုက်ရတော့မည့်တိုက်ပွဲကလည်း သူတို့၏ စားဝတ်နေရေးလောက် အရေးမကြီးဟူသော သဘောဖြင့် သူတို့ လုပ်ကိုင်ကြောင်း သိသာနိုင်သည်။ မိုင်းဗုံးများ၊ သံဆူးကြိုးများ၏ အရေးအတွက်ကို တွက်ချက်ချင့်ချိန်ခြင်းထက် အသားများ၊ ဂျုံများ မည်ရွေ့မည်မျှ ရာရှင် ရမည်ဆိုခြင်းကိုသာ တွက်ဆနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာ (၉)သည် မည်သည့်အဟန့်အတားမျှ မရှိဘဲ ရပ်စ်နတ်စရာနီသို့ ရောက်အောင် ချီတက်လာနိုင်ခဲ့ကြသည်။ ရှမ်အယ်လ်ရှိတ်၏ မြောက်ဘက်(၃)မိုင်မျှ ကွာဝေးသော ဇာဖရတ်အယ်လ်အက် တောင်ကုန်းများသို့ ရောက်သည်အထိ ခုခံတိုက်ခိုက်မှု တစ်စုံတစ်ရာ မတွေ့ကြုံရဘဲ ချီတက်လာနိုင်ခဲ့သည်။ တပ်မဟာသည် ဒါဟတ်ကို ကျော်ဖြတ်ကာ မိမိတို့ထံသို့ မြောက်ပိုင်းမှ ချီတက်လာပြီဟု သိသည့်အချိန်မှစပြီး ယမန်နေ့ညကတည်းက ရပ်စ်နတ်စရာနီရှိ တပ်များကို ရုပ်သိမ်းပစ်လိုက်သည်။ အလားတူပင် တော်မြို့သို့ လေထီးတပ်သားများ ချပေးပြီး ထိုလေထီးတပ်များဖြင့် တောင်ပိုင်းမှနေ၍ တိုက်ခိုက်လိမ့်မည်ဟုလည်း သူတို့တွေးထင်ထားပုံရသည်။ တော်မြို့တွင် လေထီးတပ်သားများချပေးခြင်းနှင့် ဒါဟတ်ကိုကျော်ဖြတ်ပြီး တပ်မဟာချီတက်လာခြင်းဟူသော သတင်းများကို ရရှိပြီး မိမိတို့တပ်အားလုံးကို ရှမ်အယ်လ်ရှိတ်တွင် စုပေါင်းကာခုခံရန် အီဂျစ်တပ်မှူးက ဆုံးဖြတ်လိုက်သည်။ တောင်ဘက်နှင့် မြောက်ဘက်မှနေ၍ တစ်ပြိုင်တည်းအတိုက်ခံရလျှင် ရပ်စ်နတ်စရာနီမြို့ကို ခုခံကာကွယ်ထားနိုင်မည် မဟုတ်ကြောင်း သူ ဆုံးဖြတ်ခဲ့လေသည်။

ရပ်စ်နတ်စရာနီမှ ထွက်ခွာမသွားမီ ၎င်းတို့၏ကမ်းခြေပစ် အမြောက်ကြီးများဖြစ်သော ခြောက်လက်မအမြောက်ကြီးနှစ်လက်နှင့် သုံးလက်မအမြောက်ကြီး လေးလက်ကို ဖျက်ဆီးသွားကြ၏။ ထိုအမြောက်ကြီးများဖြင့် ကမ်းခြေနှင့် ရေလက်ကြား၏ အကြားကို ထိန်းထားနိုင်သည်။ အီလတ်သို့သွားသည့် အစ္စရေးသင်္ဘောကိုလည်း ထိုအမြောက်ကြီးများဖြင့်ပင် ဟန့်တားပိတ်ပင်ခဲ့ခြင်းဖြစ်၏။

ဇာဖရက်အယ်လ်အက်တွင် အီဂျစ်တို့၏ ပထမဦးဆုံးအမြောက်ကို အခက်အခဲလုံးဝမရှိဘဲ သိမ်းပိုက်နိုင်ခဲ့၏။ လေတပ်မှ မတ်စတန်းလေယာဉ်ပျံများက ဒုံးပျံများ၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပေးသည်။ ကင်းထောက်တပ်ခွဲ၏ ရှေ့ပြေးတပ်ဖွဲ့က တိုက်ရိုက်ဝင်ရောက်လာသည်တွင် မည်သူမျှ မရှိတော့သည်ကို တွေ့ရသည်။ အီဂျစ်တို့သည် မြောက်မြားစွာသော အလတ်စားစက်သေနတ်များကိုလည်းကောင်း၊ တင့်ကားဖျက်လက်နက်များကိုလည်းကောင်း နောက်ပိုင်းတွင် ပစ်ချထားခဲ့ကာ ထွက်ပြေးသွား၏။

သို့သော်လည်း ထိုတပ်ဖွဲ့ပင် မြို့တွင်းသို့ဝင်ရန် ကြိုးစားသောအခါ ရှုံးနိမ့်သွားရ၏။ (တပ်မဟာမှ ရဲဘော်များ၏စကားအရ ရှမ်အယ်လ်ရှိတ်ကို 'မြို့' ဟူ၍ ဖော်ပြရပါသည်။ ကျောက်ဆောင်များ၏ နောက်ကွယ်တွင် သံဆူးကြိုးများ၊ စက်သေနတ်ဆင်ထားသည့်နေရာများကို တွေ့ရသည်ထက် အခြားတစ်စုံတစ်ရာကိုသာ တွေ့မြင်ရလိမ့်မည်ဟု ကျွန်ုပ်တို့ရဲဘော်အများအပြားက ထင်မှတ်ကြသည်။) အနီးရှိ တောင်ကြောပေါ်မှနေ၍ ဆီးကြိုပစ်ခတ်မှုသည် ပြင်းထန်ပြီး လက်လည်းဖြောင့်လှ၏။ အမှောင်ဘက်သို့ ချဉ်းကပ်လာပြီဖြစ်သောကြောင့် လေယာဉ်ပျံများစခန်းသို့ ပြည်လှည့်သွားကြလေရာ လေတပ်အကူအညီမပါဘဲ ချီတက်တိုက်ခိုက်ရခြင်းသည် များစွာ တန်ဖိုးကြီးပေလိမ့်မည်။ ထို့ကြောင့် ကင်းထောက်တပ်ခွဲက တိုက်ခိုက်မှုကို ရပ်နားပြီး အခိုက်အတန့်အားလျော့စွာ နောက်သို့ပြန်ဆုတ်နေရန် ဆုံးဖြတ်လိုက်သည်။



အပြန်လမ်းတွင် အီဂျစ် အမြောက်စခန်းများမှ ထွက်ပြေးနေသော အီဂျစ်စစ်သားများကို သိမ်းကျုံးဖမ်းဆီးခေါ်ဆောင်လာခဲ့၏။ အဆိုပါ စစ်သုံ့ပန်းများသည် ဤဒေသမှဖမ်းဆီးမိသော ပထမဦးဆုံး စစ်သုံ့ပန်းများပင် ဖြစ်၏၊ ထို့ကြောင့် တပ်မဟာထောက်လှမ်းရေးအရာရှိက သူတို့ကို လက်ကမ်းပြီး လှိုက်လှိုက်လှဲလှဲကြီး ကြိုဆိုလိုက်သည်။

ယခုအခါတွင် တပ်မဟာမှူးအနေဖြင့် ဖြစ်နိုင်သည့် နည်းလမ်းများအနက် တစ်ခုခုကို ရွေးချယ်ဆုံးဖြတ်ရတော့မည်။ ရှမ်းအယ်လ်ရှိတ်ကို ယခုညမှာပင် တိုက်ခိုက်မည်လော၊ သို့တည်းမဟုတ် မနက်အရုဏ်ကျမှ တိုက်ခိုက်မည်လောဟူသော လမ်းနှစ်လမ်းအနက် တစ်လမ်းကို ရွေးချယ်ရမည်။ ယခု ညဘက်မှာပင် တိုက်ခိုက်ရန် အချက်ကို အများက ဝိုင်းဝန်းထောက်ခံကြသည်။ ဝင်ရောက်တိုက်ခိုက်ရန် တစ်နာရီနောက်ကျသည်နှင့်အမျှ အီဂျစ်တို့အဖို့ ခံစစ်အတွက် စနစ်တကျပြင်ဆင်ရန် အချိန်တစ်နာရီ ပိုရခြင်းပင်ဖြစ်သည်။ ရပ်စ်နတ်စရာနီမှ ပြန်ဆုတ်လာသောတပ်သည် မနေ့ညက ရှမ်အယ်လ်ရှိတ်မြို့သို့ရောက်၏။ ထိုတပ်သည်လည်း ယခုအချိန်အထိ တပ်ဖြန့်နေရာယူခြင်းများ ပြုလုပ်ပြီးစီးပုံ မရသေးချေ။ ထို့ပြင် မိမိတို့တပ်မဟာဆိုက်ရောက်လာခြင်း၊ ဇာဖရက်အယ်လ်အက်ကို သိမ်းပိုက်ခြင်း၊ လေကြောင်းမှ တိုက်ခိုက်ပေးခြင်းတို့သည် အီဂျစ်တို့၏စိတ်ဓာတ်ကို တုန်လှုပ်ချောက်ချားအောင် ပြုလုပ်ခြင်းနှင့် တူညီသည်ကိုလည်း ထည့်တွက်နိုင်၏။ ထို့ကြောင့် သူတို့ပြင်ဆင်မှုများ မပြုလုပ်ရသေးမီ တိုက်ခိုက်သင့်သည်ဟု အများသဘောရကြသည်။

ယင်းတင်ပြချက်အတိုင်း ဆောင်ရွက်ရမည့် အချက်တစ်ချက် ပေါ်လာသည်။ လေတပ်၏အကူအညီမပါဘဲ တိုက်ခိုက်နိုင်ခြင်း ဖြစ်သည်။ မနက်ဖြန်မနက် အရုဏ်တက်တွင် တိုက်ခိုက်လျှင် လေတပ်အကူ အညီကို ရရှိနိုင်သော်လည်း ယခု ညဘက်တွင် တိုက်မည်ဆိုပါက လေတပ်၏ ပူးပေါင်းတိုက်ခိုက်ပေးမှုကို မရရှိဘဲ မိမိတို့ဖာသာ မိမိတို့ တိုက်ခိုက်မည်ဖြစ်၏။

သို့သော်လည်း တိုက်ပွဲကို အချိန်ဆွဲမထားဘဲ ယနေ့ညမှာပင် တိုက်ခိုက်ရန် နောက်ဆုံး ဆုံးဖြတ်လိုက်ကြလေသည်။ ဤတပ်မဟာ၏ ထိပ်တန်းအရာရှိအများစုသည် အရန်တပ်မှ အရာရှိများဖြစ်၏။ (၁၉၄၈)ခုနှစ် လွတ်လပ်ရေးစစ်ပွဲတုန်းက တိုက်ပွဲအတွေ့အကြုံ ကောင်းစွာရရှိထားခဲ့ကြသော အရာရှိများ ဖြစ်၏။ ထိုစဉ်က လေတပ်အကူအညီမပါဘဲ တိုက်ခိုက်ခဲ့ကြရသည်၊ တိုက်ပွဲအများဆုံးမှာလည်း ညဘက်မှာပင် တိုက်ကြရသည်၊ ထို့ကြောင့် ထိုအရာရှိများသည် ယခုတိုက်ပွဲတွင် များစွာ တန်ဖိုးရှိနေတော့သည်။

သန်းခေါင်လွန်သည်နှင့်တစ်ပြိုင်တည်း တပ်ရင်းတစ်ရင်း အင်အားဖြင့် စတင်စစ်ထိုးသည်။ ရည်ရွယ်ချက်နေရာသည် ရှမ်အယ်လ်ရှိတ်၏ အနောက်ဘက်တောင်ပံရှိ တပ်ခွဲနှစ်ခွဲ တပ်စွဲထားသည့် ခံစစ်စခန်းဖြစ်၏။ ကျွန်ုပ်တို့ ဒီတပ်ခွဲက နှစ်ကြိမ်တိုင်တိုင် ထိုးဖောက်သည်။

အီဂျစ်အမြောက်ကြီးများ၏ ပတ်ပတ်လည်မှ ခြံစည်းရိုးများသို့ ချဉ်းကပ်သည်၊ သို့သော်လည်း မိုင်းမြှုပ်ထားသည့် နယ်မြေကို ဖြတ်ကျော်ရန် လမ်းထွင်၍ မရနိုင်ပေ။

www.burmeseclassic.com

မြေအနေအထားကို သူတို့မကျွမ်းကျင်၊ သူတို့တိုက်နေသည့် စခန်းနှင့် အနီးရှိ စခန်းများမှ စက်သေနတ်ဖြင့် မနားတမ်းပစ်ခတ်ခုခံနေသည်။ အချိန်တိုတိုတလေး အတွင်းမှာပင် ကျွန်ုပ်တို့ဘက်မှ ထိခိုက်သူ (၁၄)ဦး ရှိသွား၏။ ၎င်းတို့အနက် (၆)ဦးမှာ တပ်စိတ်မှူးများ ဖြစ်ကြသည်။ ဒီတပ်ခွဲနှင့် မျဉ်းပြိုင်တက်လာသည့် ဒေါတပ်ခွဲတွင်လည်း တစ်ယောက်ကျပြီး ငါးယောက်ဒဏ်ရာရသည်။ ဒဏ်ရာရသူများအနက် တစ်ဦးသည် တပ်ရင်းမှူး ဖြစ်၏။

(၈၄း၂၀)နာရီတွင် ပြန်ဆုတ်ရန် အမိန့်ပေးလိုက်သည်။ မြေပြင်မှာ ကျောက်သားများဖြစ်သောကြောင့် ကျင်းတူးပြီး ခိုအောင်းမနေနိုင်ပါ။ အလင်းရောင်ရောက်မလာမီ အမှောင်တွင်းမှာပင် ရန်သူတို့၏ ပစ်ကွင်းမှလွတ်မြောက်အောင် ဆုတ်လာရန်လည်းလိုသည်၊ တင့်ကားခါးပြတ်များက ထိခိုက်ဒဏ်ရာရသူများ၊ ကျဆုံးသူများကို ကောက်ယူပြီး တပ်ရင်းက ရှမ်အယ်လ်ရှိတ်၏မြောက်ဘက် နှစ်မိုင်အကွာရှိ တပ်ချရာ စခန်းသို့ ပြန်ဆုတ်လာခဲ့သည်။

(၀၅း၃၀)နာရီ ပထမဆုံး ရောင်ခြည်ပေါ်လာသည့်တွင် တိုက်ပွဲကို အသစ်တစ်ဖန် စကြပြန်သည်။ ယခုတစ်ကြိမ်တွင်မူ (၁၂၀) မမ မော်တာကြီးများဖြင့် ကူပစ်ပေးခြင်း၊ လေတပ်က ကူတိုက်ပေးခြင်းများဖြင့် တိုက်ပွဲကို ပြန်လည်ဆင်နွှဲကြခြင်း ဖြစ်သည်။ တင့်ကားခါးပြတ်တပ်ခွဲနှင့် ကင်းထောက်တပ်ဖွဲ့တို့က ရှေ့မှ ဦးဆောင်တိုက်ခိုက်သည်။ ခြေလျင်တပ်ဖွဲ့များက ၎င်းတို့နောက်မှ ကပ်လိုက်သည်၊ တိုက်ပွဲမှာ ပြင်းထန်လှပြီး မိနစ် (၅၀)ကြာမြင့်၏။ ကင်းထောက်တပ်များ၏ ဂျစ်ကားများသည် တင့်ကားခါးပြတ်များမှ ကာပစ်ပစ်ပေးနေခိုက်တွင် အီဂျစ်အမြောက်ကြီးများ ရှိရာသို့ တရကြမ်းတိုက်ခိုက်ပြီး ထိုးဖောက်ဝင်ရောက်သွားသည်။ ရန်သူစစ်သားများ စတင် ထွက်ပြေးကြတော့၏။ ညကဖြစ်ပွားခဲ့သည့် တိုက်ပွဲကတည်းက အီဂျစ်စစ်သားများ ဖရိုဖရဲဖြစ်နေခဲ့ကြသည်။ အီဂျစ်ခံစစ်များ မတည်မငြိမ် ဖြစ်နေကြရသည်။ ထိုသို့ ဖရိုဖရဲဖြစ်နေခြင်းတို့ ယခုမနက် တိုက်ပွဲက အခွင့်ကောင်းရလိုက်ခြင်း ဖြစ်၏။

ညက ဖြစ်ပွားခဲ့သည့်တိုက်ပွဲတွင် အီဂျစ်များ ဖရိုဖရဲဖြစ်နေကြခိုက် ကျွန်ုပ်တို့၏ တပ်ရင်းပြန်ဆုတ်သည်ကို မြင်ရသောအခါကျမှ အမြောက်ထိုင်များကို စွန့်ပစ်ထွက်ခွာသွားတော့မည့်ဆဲဆဲဖြစ်သော အီဂျစ်တပ်များသည် သူတို့စခန်းများအတွင်း ဆက်လက်နေထိုင်ကြသည်။ ယခု တိုက်ပွဲအသစ်ကို စပြန်ပြီ။ ပို၍အင်အားကြီးမားသော၊ ပြင်းထန်သောတိုက်ပွဲကို စခြင်းဖြစ်၏။ ထိုအခါတွင် ရန်သူတို့အနေဖြင့် တာရှည်ရပ်တည်ပြီး ခုခံနေခြင်းမပြုတော့ပါ။ လေယာဉ်ပျံများက ဂျွမ်းစိုက်ချပြီး တိုက်ခိုက်ကြ၏။ တစ်ဆက်တည်းမှာပင် တင့်ကားခါးပြတ်များနှင့် ဂျစ်ကားများက ရှမ်အယ်လ်ရှိတ်၏ ကာကွယ်ထားသောဒေသတစ်လျှောက်ရှိ လမ်းပေါ်သို့ လိမ့်ဝင်သွားသည်။ ဒေသကြီးတစ်ခုလုံးကို ထိန်းထားသည့် အနောက်ဘက်ခြမ်းမှ အမြောက်ကြီးများကို တစ်ခုပြီးတစ်ခု ဆက်တိုက်သိမ်းပိုက်ရမိလေတော့၏။

တစ်ချိန်တည်းမှာပင် ဒုတိယတပ်ရင်းကလည်း တင့်ကား ခါးပြတ်နှင့်၊ ဂျစ်ကားတပ်ဖွဲ့များနှင့် ရင်ပေါင်တန်းပြီး မျဉ်းပြိုင်ချီတက်လာကြ၏။





အရှေ့ဘက်ခြမ်းအတိုင်း ထွက်လာခြင်းဖြစ်ပြီး ချီတက်ရာ လမ်းတစ်လျှောက်ရှိ အီဂျစ်စခန်းများကို ရှင်းလင်းပစ်သည်။ ဆိပ်ကမ်းအနီးရှိ အမြောက်ထိုင်တစ်ခုသည် ပြင်းပြင်းထန်ထန် ခုခံနေ၏။ မိမိစခန်းသို့ ကပ်လာသူမှန်သမျှကို ဘဇူကာများ၊ စက်သေနတ်များဖြင့် တွန်းလှန်တိုက်ထုတ် ပစ်နေ၏။ သို့သော်လည်း ကြာကြာခုခံနိုင်စွမ်း မရှိပါ။ ဘဇူကာကျည်ဆန် တိုက်ရိုက်ထိမှန်ပေါက်ကွဲပြီး ထိုစခန်းအတွင်း၌ တိတ်ဆိတ်သွားတော့၏။

(၀၉း၃၀)နာရီတွင် ဆီနိုင်းကျွန်းဆွယ်ရှိ အီဂျစ်တို့၏ နောက်ဆုံးစခန်းဖြစ်သော ရှမ်အယ်လ်ရှိတ်မြို့ လက်နက်ချလေတော့သည်။ ကျွန်ုပ်တို့တပ်မဟာဘက်က (၁၀)ဦး ကျဆုံးသည်။ (ဒါဟတ်တွင် ကျသူသုံးဦးအပါအဝင်) (၃၂)ဦး ဒဏ်ရာရသည်။ (ဒါဟတ်တွင်ဒဏ်ရာရသူငါးဦးအပါအဝင်) အီဂျစ်များဘက်က (၁၀၀)ခန့် ကျဆုံးပြီး (၃၁)ယောက် ဒဏ်ရာရကာ (၈၆၄)ယောက်ကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးရမိလိုက်၏။ ရာထူးပေါင်းစုံအရာရှိ (၄၂)ဦး ပါဝင်သည်။ ရှမ်အယ်လ်ရှိတ်၏ တပ်မှူးနှင့် ဒုပိုလ်မှူးကြီးနှစ်ဦး ပါဝင်သည်။

ညသန်းခေါင်မှ နံနက် (၀၉း၃၀)နာရီအထိ ဖြစ်ပွားခဲ့သည့် ရှမ်အယ်လ်ရှိတ်တိုက်ပွဲတွင် ကင်းထောက်တပ်ဖွဲ့နှင့် တင့်ကားခါးပြတ် တပ်ခွဲတို့၏ တိုက်ခိုက်မှုသည် များစွာထိရောက်လင့်ကစား အမှန်တကယ် အဆုံးအဖြတ်ပေးသွားခြင်းကား လေတပ်မတော်၏တိုက်ခိုက်မှုပင် ဖြစ်သည်။ လေတပ်၏တိုက်ခိုက်မှုကြောင့် ရန်သူများအမြန်ဆုံး ဖရိုဖရဲ ဖြစ်သွားရသည်။ အစွရေးလေတပ်၏တိုက်ခိုက်မှုကို ခုခံတွန်းလှန်နိုင်သော လက်နက်နှင့်စိတ်ဓာတ် အီဂျစ်တို့တွင် မရှိပါချေ။

အီဂျစ်အရာရှိများသည် သူတို့၏ရဲဘော်များနှင့်အတူ အမြောက်ထိုင်များ အတွင်း၌ ဘေးချင်းယှဉ်ထိုင်ကာ စံနမူနာအဖြစ် တိုက်ပြသည်, မပြသည်ကို ကျွန်ုပ် မသိပါ။ ရှမ်အယ်လ်ရှိတ် ဒေသကြီးတစ်ခုလုံး၏ တပ်မှူးဖြစ်... တိုက်ပွဲပြီးသည်နှင့် တစ်ပြိုင်တည်း အဖမ်းခံရန် အသင့်ဖြစ်နေပါပြီ။ စနစ်တကျ သေသေသပ်သပ် ထုပ်ပိုးထားသည့် အဝတ်အစားသေတ္တာ ဒါဇင်ဝက်မျှနှင့်အတူ အသင့်ပြင်ဆင်ထားပြီးဖြစ်၏။

နိုဝင်ဘာလ (၅)ရက်နေ့တုန်းက တပ်မဟာ(၉)မှ လူများနှင့် တွေ့ဆုံကာ သူတို့၏တိုက်ပွဲအကြောင်းကို နားထောင်အပြီးတွင် တယ်လ်အဗစ်မြို့သို့ ကျွန်ုပ် အမြန်ပြန်လာခဲ့သည်။ ကျွန်ုပ်တို့ "အောင်မြင်သည့်နယ်မြေ" အသစ် ဖြစ်သည်။ ဂါဇာ၊ အယ်လ်အရစ်ရှိ စစ်သုံ့ပန်းစခန်း [အီဂျစ်စစ်သုံ့ပန်းပေါင်း (၄၀၀၀) ကျွန်ုပ်တို့လက်တွင်း၌ ရှိ၏။ သူတို့လက်ထဲတွင်မူ အစွရေးစစ်သုံ့ပန်း (၂၀) မျှပင် မပြည့်ချေ။] များမှ အရေးတကြီးဖြေရှင်းဆောင်ရွက်ပေးရမည့် ပြဿနာများ ပေါ်ပေါက်နေသည်။ နိုင်ငံရေးတိုက်ပွဲကလည်း ယခင်ကထက် ပိုမိုပြင်းထန်လာ၏။ ယနေ့ည သန်းခေါင်မှစပြီး အပစ်အခတ်ရပ်စဲရန် အမိန့်ပေးပါမည်ဟု အင်္ဂလိပ်နှင့်ပြင်သစ်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကို ကတိပေးကြသည်။

စူးအက်တူးမြောင်းနယ်မြေပေါ်တွင် ခြေမချလိုက်နိုင်ဘဲ အပစ်အခတ်ရပ်စဲရေးကို သဘောတူညီလိုက်ရဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com

ငင်းတို့၏ မကျေမချမ်းမှုကို ကျွန်ုပ် သဘောပေါက်ပါသည်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့အနေဖြင့် မနေ့က အပစ်အခတ်ရပ်စဲလိုက်ရလင့်ကစား ကျွန်ုပ်တို့၏ရည်ရွယ်ချက်ကြီးတစ်ခုလုံးကို လုံးဝအောင်မြင်အောင် ထမ်းဆောင်အကောင်အထည်ဖော်၍ ပြီးစီးသွားပါပြီ။

ယနေ့မနက်တွင် ရှမ်အယ်လ်ရှိတ်သို့ ကျွန်ုပ် ပြန်လာသည်။ ယနေ့ (၁၃း၀၀) နာရီတွင် ရှမ်အယ်လ်ရှိတ်မြို့၌ တပ်မဟာ (၉)က ၎င်းတို့၏ တိုက်ပွဲပြီးဆုံးခြင်း အထိမ်းအမှတ်အနေဖြင့် စစ်ရေးပြပွဲတစ်ခု ခင်းကျင်းပြသမည် ဖြစ်သည်။

ဆီနိုင်းကျွန်းဆွယ် စစ်ဆင်ရေးကြီးပြီးဆုံးသော အမှတ်အသားလည်းဖြစ်သည်။

ထိုအခမ်းအနားသို့ ဘင်ဂူရီယံ မတက်နိုင်ပါ။ သို့သော်လည်း တပ်မဟာ (၉)၏ အရာရှိများ၊ ရဲဘော်များအားလုံးကို ဝမ်းမြောက်ဝမ်းသာ ချီးကျူးဂုဏ်ပြု နှုတ်ဆက်ကြောင်း စာတစ်စောင်ကို ကျွန်ုပ်အား ပေးလိုက်၏။ အစ္စရေးကာကွယ်ရေးတပ်မတော်မှ ထိပ်တန်းအရာရှိကြီးများအားလုံး စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည်။ ထိုနေရာတွင် ခတ်ပုံသတင်းထောက်များ၊ သတင်းစာဆရာများဖြင့် ပြည့်ကျပ်နေ၏။ အခမ်းအနားမှာ ခပ်တိုတိုပင် ဖြစ်၏။ ကွပ်ကဲမှုဆက်သွယ်ရေး မော်တော်ကားနှစ်စီးက နှစ်ဖက်မှညှပ်ထားသည်။ ရှေ့တွင် စတုဂံပုံသဏ္ဌာန် ဖွဲ့စည်းထား၏။ ရဲဘော်များက မတ်တတ်ရပ်နေကြသည်။ သူတို့မျက်နှာများသည် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး ဗရပျစ်နှင့်ဖြစ်၏။ သူတို့၏ တိုက်ပွဲဝင်စစ်ဝတ်စုံများကို ဝတ်ဆင်ထားကြဆဲဖြစ်သည်။ တပ်မဟာမှူးက မိန့်ခွန်းအနည်းငယ်ပြောသည်။

ဝန်ကြီးချုပ် ဘင်ဂူရီယံ၏သဝဏ်လွှာကို ကျွန်ုပ်က ဖတ်ပြပြီး ဆီနိုင်းကျွန်းဆွယ် စစ်ဆင်ရေးကြီး အောင်မြင်စွာ ပြီးဆုံးပြီဖြစ်ကြောင်းကို ကြေညာလိုက်သည်။

ထို့နောက် တပ်များက ချီတက်အလေးပြုကြသည်။

အလံများကို လွှင့်ထူပြသည်။

ဆီနိုင်းတိုက်ပွဲကြီးကား ပြီးဆုံးသွားပါပြီ။

(၁၆း၀၀) နာရီတွင် တယ်လ်အဗစ်မြို့သို့ ဒါကိုတာလေယာဉ်ပျံဖြင့် ပြန်လာခဲ့ကြသည်။ ပင်လယ်ကွေ့မှ အီလတ်သို့ လာရာလမ်းတစ်လျှောက်တွင် မြတင်းပေါက်မှ ကျွန်ုပ်၏မျက်စိကို မခွာနိုင်ပါ။ လေယာဉ်ပျံသည် ခပ်နိမ့်နိမ့်ပင် ပျံသန်းလာ၏။ ရေမျက်နှာပြင်၏အောက်ဘက်တွင် ပျောက်ကွယ်မသွားနိုင်သော သန္တာကျောက်ဆောင်များကို ကမ်းခြေတစ်လျှောက် မြင်တွေ့နေရပါသည်။ ဒါဟတ်အနီးတွင် နစ်မြုပ်နေသည့် ငါးဖမ်းသင်္ဘောတစ်စင်းကိုပင် တွေ့မြင်ခဲ့ရသေး၏။

အီလတ်သို့ရောက်သည်တွင် မှောင်လာပြီဖြစ်၏။ ထို့ကြောင့် လေယာဉ်မှူး၏ အခန်းတွင်းသို့ဝင်ကာ ရေဒီယိုအော်ပရေတာ၏ စားပွဲပေါ်မှ မီးရောင်ဖြင့် ကြေးနန်းများကို ဖတ်ရှုသည်။

ယနေ့ညဦးမှာပင် ဘင်ဂူရီယံနှင့်တွေ့ပြီး တင်ပြနိုင်ရန် ဖြစ်သည်။

နယူးရောက်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂတွင် ကျွန်ုပ်တို့အား ဆန့်တျင်ပြီး ပြင်းပြင်းထန်ထန် ဖိနှိပ်အကျပ်ကိုင်မှုများ ပေါ်ပေါက်လျက်ရှိ၏။





ပင်လယ်နီအတွင်း ကျွန်ုပ်တို့၏သင်္ဘောများ လွတ်လပ်စွာ သွားလာခွင့်ကို တစ်စုံတစ်ရာအာမခံချက်မပေးဘဲ ကျွန်ုပ်တို့တပ်များ ပြန်လည်ရုပ်သိမ်းသွားရေးကို တောင်းဆိုနေကြ၏။ ဆီနိုင်းကျွန်းဆွယ်သည် အီဂျစ်တို့ ကျူးကျော်ရေးအခြေစိုက်စခန်း မဖြစ်စေရပါဟူသော အာမခံချက်ကို မပေးဘဲနှင့် ကျွန်ုပ်တို့တပ်များ ပြန်လည်ဆုတ်ခွာသွားရေးကို တောင်းဆိုနေကြ၏။

မနေ့ညက ဘင်ဂူရီယံနှင့်တွေ့ပြီး ရှမ်အယ်လ်ရှိတ်ကို သိမ်းဆည်းရမိပြီဖြစ်ကြောင်းနှင့် ဆီနိုင်းကျွန်းဆွယ် စစ်ဆင်ရေးကြီး ပြီးဆုံးအောင်မြင်ပြီဖြစ်ကြောင်း ကျွန်ုပ်က အစီရင်ခံသည်။ ထိုအခါတွင်မှ ဘင်ဂူရီယံက ပြုံးတစ်ဝက် မဲ့တစ်ဝက်ဖြင့် အောက်ပါအတိုင်း ပြောလေသည်။

*"ဒါကြီးကို. . ခင်ဗျား ထိန်းထားနိုင်လိမ့်မယ်လို့ ကျွန်တော်တော့ မထင်ဘူး၊ ခင်ဗျား ထိန်းထားနိုင်ပါ့မလား"*

ကျွန်ုပ်က ဘာမျှ ပြန်မပြောပါ။ ကျွန်ုပ်ကို နှောင့်ယှက်နေသောအရာသည် စစ်ဆင်ရေးကြီး ပြီးဆုံးသွားခြင်း မဟုတ်ကြောင်း၊ ယခုမှ စတင် ဖြစ်ပွားလာသည့် နိုင်ငံရေးတိုက်ပွဲကြီးနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့တွင် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း ရှိမည်၊ မရှိမည်နှင့်ပတ်သက်ပြီး ကျွန်ုပ်၏ စိုးရိမ်ပူပန်မှုကသာလျှင် ကျွန်ုပ်ကို နှောင့်ယှက်နေကြောင်း ဝန်ကြီးချုပ်ဘင်ဂူရီယံ ကောင်းစွာနားလည်ပါသည်။

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## နိဂုံးချုပ်

### (၁)

ဤ "မှတ်တမ်း" ကို စစ်ဆင်ရေးကြီး ပြီးဆုံးသွားပြီးနောက် ကိုးနှစ်ခဲ့ကြာသောအခါတွင် စာအုပ်အဖြစ် ထုတ်ဝေရန် ခွင့်ပြုလိုက်ပါသည်။

ထို့ကြောင့် ယခု ထိုစစ်ဆင်ရေးကြီးနှင့် ပတ်သက်၍ ရရှိခဲ့သည့် အကြောင်းများအပေါ် သုံးသပ်ချက်၊ စစ်ဆင်ရေးကြီး၏ ထူးခြားချက်နှင့် အကျိုးသက်ရောက်သည့် ဩဇာများကို သုံးသပ်ရန် လိုလာပါသည်။

ဆီနိုင်းကျွန်းဆွယ် စစ်ဆင်ရေးကြီးက အဓိကရည်ရွယ်ချက်ကြီး သုံးရပ်ကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း အတိအလင်း ပြောဆိုနိုင်ပါသည်။ ၎င်းတို့မှာ ***အက္ကာဘာပင်လယ်ကွေ့အတွင်း၌ အစ္စရေးသင်္ဘောများ လွတ်လပ်စွာ သွားလာခုတ်မောင်းခွင့်ရခြင်း၊ လျှို့ဝှက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကို အဆုံးသတ်နိုင်ခဲ့ခြင်းနှင့် အီဂျစ်၊ ဆီးရီးယား၊ ဂျော်ဒန် ပူးတွဲစစ်ဦးစီးအဖွဲ့က အစ္စရေးကို တိုက်ခိုက်ရန် ခြိမ်းခြောက်နေမှု အန္တရာယ်ကို ပျောက်သွားစေခြင်း*** စသော အချက်သုံးချက် ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ အီဂျစ်နှင့် တိုက်ရိုက်စေ့စပ်ဆွေးနွေးခြင်းအားဖြင့် "စစ်ရည်ရွယ်ချက်များ"ကို အစ္စရေးနိုင်ငံက အောင်မြင်နိုင်ခဲ့ခြင်း မရှိပါ။ ဆီနိုင်းကျွန်းဆွယ်စစ်ဆင်ရေးကြီးသည် စေ့စပ်ဆွေးနွေးရေးစားပွဲတွင် အတူတကွထိုင်ပြီး အောင်ပွဲခံခြင်းဖြင့် အဆုံးမသတ်နိုင်ခဲ့ပါ။ နှစ်ဦးနှစ်ဝ သဘောကျနိုင်သည့်အချက်ကို လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် နိဂုံး မချုပ်နိုင်ခဲ့ပါ။ ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်က နှစ်ဖက်ပဋိပက္ခတို့အား ခွဲခြားပေးသည့် ကြားထိုင်ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်မည့် တြိဂံအစီအစဉ်ကို ပြုလုပ်ခဲ့ပါသည်။

အထွေထွေအတွင်းရေးမှူးချုပ်၏ ဆက်သွယ်ရေး (ခွဲခြားပစ်ရေးလော) မစ်ရှင်သည် ကြားထိုင်သည့် ဖျန်ဖြေရေးသမားမဟုတ်ပါ။ ကုလသမဂ္ဂက သူ့ကို တာဝန်ပေးအပ်လိုက်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံတည်းဟူသော အင်အားကြီးနိုင်ငံများက သူ့ကို ကျောထောက်နောက်ခံပေးနေကြသည်။

ထိုနည်းအားဖြင့် အထွေထွေအတွင်းရေးမှူးချုပ်သည် စစ်ရပ်စဲရေးအတွက် အချက်အလက်များကို ညှိနှိုင်းဆွေးနွေးကြရာတွင် တတိယအုပ်စု (အစ္စရေးက အခြားအုပ်စုဖြစ်၏) ဘဝသို့ ရောက်လာတော့သည်။





ထိုမျှသာမက အစ္စရေး အီဂျစ်အငြင်းပွားမှု၌ ကုလသမဂ္ဂက ပြင်းပြင်းထန်ထန် ဆောင်ရွက်မှုနှင့် အင်္ဂလိပ်, ပြင်သစ်တို့၏ စူးအက်တူးမြောင်း စစ်ဆင်ရေးများအား ကြားဝင်ဆောင်ရွက်လာခြင်းသည် နောက်ဆုံးတွင် ထိုပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် အခြားနိုင်ငံများအား တာဝန်ပေးအပ်လိုက်တော့၏။ အပြည်ပြည်ဆိုင်ရာ အရေးပေါ်တပ် ဖွဲ့စည်းရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်ကို နိုဝင်ဘာလလေးရက်နေ့ကျင်းပသည့် အထွေထွေညီလာခံက တာဝန်ပေးလိုက်သည်။ ထိုနိုင်ငံစုံတပ်ဖွဲ့က ရန်မီးပွားနေမှုများကို အဆုံးသတ်ပေးမည်ဖြစ်၏။ (၁၉၅၇)ခုနှစ် နှစ်ဦးပိုင်းတွင် ယင်းတပ်ကိုဖွဲ့စည်းပြီး ဗိုလ်ချုပ်ကြီးအီအယ်လ်အမ်ဘန်းစ်က ဦးဆောင်၏။ ခြေလျင်တပ်ဖွဲ့ပေါင်းခုနစ်ခု ပါဝင်သည်။ အိန္ဒိယ၊ ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေ၊ ကိုလံဘီယာ၊ ဖင်လန်၊ အင်ဒိုနီးရှားနှင့် ဘရာဇီးနိုင်ငံများက တပ်ရင်းတစ်ရင်းစီ ပေးပို့သည်။

အဆိုပါ ကုလသမဂ္ဂအရေးပေါ်တပ်ကို ဖွဲ့စည်းဆောင်ရွက်သည်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် အစ္စရေးနိုင်ငံ အစိုးရကြားတွင် မတူကွဲလွဲမှုများ ပေါ်ပေါက်လာလေသည်။ ဆီနိုင်းကျွန်းဆွယ်ရှိ အစ္စရေးတပ်များအားလုံး စည်းကမ်းသတ်မှတ်ချက်မပါရှိဘဲ အကြွင်းမဲ့ ပြန်လည်ရုပ်သိမ်းသွားရန် အတွင်းရေးမှူးချုပ်က တောင်းဆိုသည်။ အစ္စရေးအစိုးရက မလိုက်နာဘဲ နေသည်။ ပြန်လည်ရုပ်သိမ်းနိုင်ရေးအတွက် စည်းကမ်းချက်များအဖြစ် အက္ကာဘာပင်လယ်ကွေ့အတွင်း မိမိ၏သင်္ဘောများ လွတ်လပ်စွာ ခုတ်မောင်းသွားလာခွင့်ကို အာမခံရမည်။ အီဂျစ်၏ ရန်လိုသော အပြုအမူများ ရပ်ဆိုင်းရမည်ဟူသော အချက်များကို တင်ပြသည်။

သို့ဖြင့် ဤပဋိပက္ခကြီး ဖြစ်ပွားအပြီး လေးလခွဲအကြာ (၁၉၅၇)ခုနှစ်၊ မတ်လ (၁၆)ရက်နေ့တွင် ဆီနိုင်းကျွန်းဆွယ်ပဋိပက္ခသည် ဆုံးခန်းသို့ ရောက်လာတော့၏။ အစ္စရေးလက်နက်ကိုင် တပ်များအားလုံးကို နယ်ခြားသို့ ပြန်လည်ရုပ်သိမ်းလာကြသည်။ သို့သော် ရှမ်အယ်လ်ရှိတ်ဒေသနှင့် ဂါဇာကမ်းမြောင်ဒေသတို့ကိုမူ အီဂျစ်နိုင်ငံက ပြန်မယူချေ။ ကုလသမဂ္ဂအရေးပေါ်တပ်ဖွဲ့က သိမ်းယူထိန်းသိမ်းထားလိုက်၏။ ထိုနယ်မြေများကို ကုလသမဂ္ဂတပ်ဖွဲ့၏ အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးခြင်းနှင့် ပတ်သက်၍ အီဂျစ်နိုင်ငံက မည်သို့ သဘောထားသည်ကိုမူ မသိရပါချေ။

(ယင်းကုလသမဂ္ဂတပ်များသည် ကိုးနှစ်ကျော်ကြာလာသည့် ယနေ့ထက်တိုင်အောင် ထိုဒေသတွင် တပ်စွဲနေဆဲ ဖြစ်၏။)

သို့သော်လည်း ဤအစီအစဉ်များအရ အစ္စရေးသင်္ဘောများ လွတ်လပ်စွာသွားလာခွင့်နှင့် အစ္စရေးနိုင်ငံအား အကြမ်းဖက်နှောင့်ယှက်နေမှုကို ရပ်တန့်ရန် အီဂျစ်နိုင်ငံက လက်ခံခဲ့လေသည်။

✪ ✪ ✪

www.burmeseclassic.com

www.burmeseclassic.com

(၂)

ပြည့်စုံလုံလောက်သည့် ကြိုတင်ပြင်ဆင်မှုများကို မပြုလုပ်ရဘဲ အစ္စရေးတပ်မတော်ကို စစ်တိုက်ခိုင်းရန် ဆုံးဖြတ်ချက်များနှင့် ပတ်သက်ပြီး အကြောင်းများရှိပါသည်။ အဓိကအချက်မှာ ရန်သူအပေါ် အငိုက်ဖမ်းနိုင်မည့် အခွင့်အရေးကို လက်လွှတ်မဆုံးရှုံးစေရန် ဖြစ်၏။ နောက်တစ်ချက်သည် စစ်ဆင်ရေးကြီးကို မြန်နိုင်သမျှ အမြန်ဆုံး ပြီးစီးနိုင်စေရန် ဖြစ်၏။

"ပြည့်စုံလုံလောက်သည့် ကြိုတင်ပြင်ဆင်မှု" သည် သာမန်ကိစ္စ တစ်ခုမျှသာ မဟုတ်၊ ကြိုတင်ပြင်ဆင်မှုမရှိသောကြောင့် မလွဲမရှောင်သာသော အကြောင်းများနှင့် ရင်ဆိုင်ရလေသည်။ တပ်စုစည်းမှုအချိန် လုံလောက်စွာ မရသောကြောင့် အရန်တပ်သားအချို့သည် ၎င်းတို့၏တပ်များအတွင်းသို့ ရောက်ရှိလာနိုင်ကြခြင်း မရှိ။

မော်တော်ယာဉ်များ အဆင်သင့်မဖြစ်။ စတိုများအတွင်းရှိ စစ်လက်နက်ပစ္စည်းများသည် တပ်ဖွဲ့များသို့ မရောက်နိုင်။ လေကြောင်းကင်းထောက်မှုလုပ်ငန်းနှင့် မြေပြင်ကင်းလှည့်မှုများ မပြုလုပ်နိုင်။ တပ်မှူးများကို အချိန်လုပြီး တာဝန်ပေးလိုက်ရသောကြောင့် ၎င်းတို့၏တာဝန်သစ်များကို တိတိကျကျလေ့လာနိုင်ရန် အချိန်မရသော အကြောင်းများဖြစ်လေသည်။

"ပြည့်စုံလုံလောက်သည့် ကြိုတင်ပြင်ဆင်မှု" မရှိဘဲ ပြုလုပ်ရသောကြောင့် ကျွန်ုပ်တို့တွင် ထိခိုက်ပါသည်။ သို့သော် အောင်ပွဲကား ရယူနိုင်ခဲ့၏။

စစ်ဆင်ရေးတစ်ရပ်ပေါ်တွင် တည်ရှိအုပ်ချုပ်နေသောအရာသည် "နိုင်ငံရေးများ"ပင် ဖြစ်သည်။ အစ္စရေးက စစ်ဆင်ရေးရက်ကို တိုးချဲ့လိုက်ခြင်းအားဖြင့် သို့တည်းမဟုတ် ချိတက်မှုများကို ဖင့်နွှဲနေစေခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံတို့၏ အကျပ်ကိုင်ဖိနှိပ်လာမှုများကိုသာ ခံရမည်ဖြစ်၏။ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ဆုံးဖြတ်ချက်ကို ဖောက်ဖျက်ကျူးလွန်သူအဖြစ် ဖိနှိပ်လာခြင်းကို ခံရမည်ဖြစ်၏။ တိုက်ပွဲတစ်ခုအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ပြီးပြည့်စုံသည်အထိ စောင့်ဆိုင်းနေခြင်းအားဖြင့် အင်္ဂလိပ်နှင့် ပြင်သစ်လက်နက်ကိုင်တပ်များ ခံစားရသကဲ့သို့ အစ္စရေးတပ်မတော်လည်း ခံစားရပေမည်။ သူတို့ စစ်ဆင်ရေး စတင်ဖွင့်လှစ်မှုသည် ကျော်လွန်လာခဲ့ပါပြီ။ စူးအက်တူးမြောင်းကို အမှန်တကယ် သိမ်းပိုက်ရခြင်း မရှိသေးမီ သူတို့၏အစိုးရများက မလွဲရှောင်သာနိုင်တော့ဘဲ စစ်ဆင်ရေးကို ရပ်တန့်ရန် အမိန့်ပေးလိုက်ရတော့သည်။





ယနေ့ လက်နက်နိုင်ငံကြီးများထဲတွင် စစ်ပွဲတစ်ပွဲကို ၎င်းတို့ အောင်ပွဲရသည်အထိ တိုက်ခိုက်နိုင်စွမ်း ရှိကြပါ၏။ ထိုစစ်ပွဲကို သူတို့ရပ်ချင်သောအချိန်တွင် ရပ်တန့်နိုင်သည်။ မည်သူကမျှ သူတို့၏ဆန္ဒကို ဆန့်ကျင်နိုင်စွမ်း မရှိကြောင်းလည်း သူတို့သိရှိထားကြသည်။ (၁၉၅၆) ခုနှစ်က အစ္စရေးနိုင်ငံကား အခြေအနေမျိုးနှင့် အလှမ်းကွာဝေးလွန်းလှပါသည်။ ဆီနိုင်းကျွန်းဆွယ်အတွင်း၌ရှိနေသော အစ္စရေးစစ်တပ်များ အမှန်တကယ် ရင်ဆိုင်နေရသည့် စစ်ရေးပြဿနာသည် အီဂျစ်လက်နက်ကိုင်တပ်များအပေါ် အောင်ပွဲခံနိုင်ရန်မဟုတ်။ သူ့အား ဝိုင်းရံချုပ်ကိုင်ထားသည့် နိုင်ငံရေးဘောင်အတွင်း မည်ကဲ့သို့ ချုပ်တည်းတိုက်ခိုက်မည်နည်းဟူသော အချက်ဖြစ်လေသည်။

ထို့ကြောင့် ဆီနိုင်းကျွန်းဆွယ်တွင် အစ္စရေးစစ်တပ်က သူ၏ရည်ရွယ်ချက်များကိုဖော်ဆောင်ရခြင်းမှာ မှားယွင်းသော စွန့်စားမှုမဟုတ်ချေ။ ချုပ်တည်းမှုများကြောင့်ပင် ရည်ရွယ်ချက်များ အကောင်အထည် ပေါ်ခဲ့ရခြင်းဖြစ်၏။ အရာရာတိုင်းကို "လျင်မြန်မှု" ပေါ်တွင် အခြေတည်ရသောအခါ အထက်ပါ မှားယွင်းသောစွန့်စားမှုများနှင့် အခက်အခဲများသည် မလွဲမသွေ ပေါ်ပေါက်လာရမည်သာ ဖြစ်လေသည်။ "လျင်မြန်မှု"သာလျှင် မိမိကြုံတွေ့နေရသည့် စစ်ရေး၊ နိုင်ငံရေးပြဿနာများ၏ အဖြေကို ရယူပေးနိုင်လိမ့်မည်ဟု အစ္စရေးတပ်မတော်က ခံယူခဲ့လေသည်။ ထိုသို့သော ဖြေရှင်းနည်းကို အသုံးပြုခြင်းအားဖြင့် များစွာ စွန့်စားရသည်မှာ ယုံမှားဖွယ်မရှိပါ။ သို့သော်လည်း ထိုအချိန်က ရင်ဆိုင်နေရသည့် နိုင်ငံရေးပတ်ဝန်းကျင်အခြေအနေများကို စွန့်စားမှုမပြုခဲ့လျှင် ယနေ့ထိုထက်ပို၍ စွန့်စားရပေတော့မည်။ ထိုထက်ပို၍ အသက်အန္တရာယ်ကို ဖြစ်ပေါ်စေတော့မည်။

လေထီးတပ်ရင်းကို မစ်တလာတောင်ကြားလမ်း အနီးတွင် ချပေးလိုက်ခြင်းဖြင့် စစ်ဆင်ရေးကို စတင်ဖွင့်လှစ်ခဲ့သည်။ တစ်ပြိုင်တည်းမှာပင် အီဂျစ်လေယာဉ်ပျံကွင်းများကို ဗုံးကြဲတိုက်ခိုက်ခြင်းမပြုဟု ဆုံးဖြတ်ပြီး ချုပ်တည်းထားခြင်းကြောင့် သီးခြားရပ်တည်နေကြရသည့် ရန်သူ့နယ်မြေအတွင်းမှ လေထီးတပ်ရင်းကို အန္တရာယ်ဖြစ်ပေါ်စေနိုင်၏။ ထို့မှမတ အီဂျစ်လေယာဉ်ပျံများ မြေပြင်တွင် ရှိနေခိုက် ဖျက်ဆီးပစ်နိုင်သည့် အခွင့်အရေးကိုပါ လက်လွှတ်ဆုံးရှုံးရ၏။ သို့သော်လည်း အီဂျစ်လေတပ်ကို တိုက်ခိုက်မှုပြုလုပ်မိသည့်အတွက် ကျွန်ုပ်တို့စစ်ဆင်ရေးကြီး၏ ရည်ရွယ်ချက်ကို ဆုံးရှုံးလက်လွှတ်လိုက်ရမည်သာ ဖြစ်သည်။ အီဂျစ်နိုင်ငံက ထိုညမှာပင် နိုင်ငံတကာ အဖွဲ့အစည်းများသို့ တိုင်ကြားပေတော့မည်။ အစ္စရေးနိုင်ငံကို "ကျူးကျော်သူ" အဖြစ် တစ်ကမ္ဘာလုံးက ဝိုင်း၍ တံဆိပ်တပ်လိုက်ကြပြီး သူ၏ တပ်များအားလုံး မဖြစ်မနေ ပြန်လည်ရုပ်သိမ်းပေးရပေလိမ့်မည်။

ဆီနိုင်းစစ်ဆင်ရေး၏တိုက်ပွဲအမိန့်သည် တပ်တစ်တပ်ကို မိမိ၏ လမ်းကြောင်းဖြင့် မိမိတိုက်ရန် တာဝန်ပေးသောအမိန့်ဖြစ်၏။ ထို့ကြောင့် တပ်တစ်တပ်၏ ချီတက်မှုသည် အခြားတပ်ပေါ်တွင် မှီခိုနေရတော့မည် မဟုတ်ချေ။ ဤအစီအစဉ်၏ရည်ရွယ်ချက်သည် တပ်တစ်တပ်စီ၏ အမြန်နိုင်ဆုံး ချီတက်တိုက်ခိုက်မှုစွမ်းအားကို ဆောင်ရွက်နိုင်ရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းအားဖြင့် ချီတက်သွားသည့် ရှေ့ပြေးတပ်များသည် တပ်ကွဲပြီး တသီးတခြားပင် ဖြစ်သွားနိုင်လေသည်။ မိမိတပ်များနှင့် အဆက်အသွယ် ပြတ်သွားနိုင်လေသည်။

မည်သို့ပင်ဆိုစေ သတ္တိမရှိသော၊ တိုက်ခိုက်မှုတွင် မကျွမ်းကျင်သော တပ်များသည် ဤအစီအစဉ်ကို အကောင်အထည် ဖော်နိုင်လိမ့်မည် မဟုတ်ပါချေ။ ရဲဘော်များ၊ ဗိုလ်ချုပ်များတွင် ရဲရင့်သောစိတ်ဓာတ်ပူးဝင်နေသည်။ ဤစိတ်ဓာတ်ကြောင့်ပင် ဒဏ်ရာဖြင့်ဆေးရုံတက်နေကြသော စစ်သားများသည် စစ်မြေပြင်တွင် သူတို့၏ ရဲဘော်များနှင့်အတူ တိုက်ပွဲဝင်ရန် ဆေးရုံမှ ဆင်းပြေးလာကြခြင်းဖြစ်သည်။ မိမိတို့လူများ၏ ရှေ့တွင်ရှိနေသည့် ရန်သူ့ခံတပ်ကြီးများအတွင်းသို့ သံချပ်ကာယန္တရားတပ်ရင်းမှူးများ ချီးဖောက်ဝင်ရောက်တိုက်ခိုက်ရန် ဤစိတ်ဓာတ်တပင် တွန်းတင်ပေးသည်။

ထိုလူများကား ဆီနိုင်းစစ်ဆင်ရေးကြီးကို ဆင်နွှဲခဲ့သည့် အစ္စရေးတပ်မတော်၏ စစ်သားများနှင့် အရာရှိများဖြစ်လေသည်။ စစ်ဆင်ရေးကြီး တစ်ခုလုံးထဲမှ မှားယွင်းမှုတစ်ခုနှစ်ခုကို ဆွဲထုတ်၍ ပြရန် လိုမည်မထင်ပါ။စစ်ဦးစီးချုပ်က သတ်မှတ်ပေးသည့် အချိန်မတိုင်မီတိုက်ခိုက်မှု၊ သို့တည်းမဟုတ် စစ်ကူတပ်များ ရောက်မလာသေးမီ တိုက်ပွဲကို ဆိုင်းငံ့ထားရန် အမိန့်ကို တပ်မဟာမှူးက ငြင်းဆန်ခြင်း (ထိုတိုက်ပွဲ၌ သူကိုယ်တိုင်ကျဆုံးသွားသည်။) စသည့် အချက်များကို စစ်ဆင်ရေးကြီးတစ်ခုလုံး၏ မြင်ကွင်းအတွင်းမှ ဘေးဖယ်ထုတ်ရန် မလိုပါ။

စစ်တပ်တစ်ခုတွင်ရှိရမည်ဖြစ်သော အင်အား၏ကျောရိုးသည် အခက်အခဲများရှိနေလင့်ကစား ရှေ့သို့ ဆက်လက်ဆောင်ရွက်သွားရန် ပါဝင်ပူးပေါင်းသူများအားလုံး၏ထက်သန်မှုနှင့် အသင့်ရှိမှု ဖြစ်လေသည်။ စစ်ဆင်ရေးတစ်ခု၏ကံကြမ္မာသည် ထိုအရာများပေါ်တွင် တည်လေသည်။

အထက်ဖော်ပြပါ စိတ်ဓာတ်မျိုး အစ္စရေးတပ်မတော်တွင် မရှိငြားပါက အမှားအယွင်းအနည်းငယ်ကိုသာ ပြုလုပ်မိကြပေလိမ့်မည်။ သို့သော် ဆီနိုင်းကျွန်းဆွယ်ကြီးကိုကား အောင်မြင်ရယူလိုက်မည် မဟုတ်ပါချေ။

✪ ✪ ✪

(၃)

ဆီနိုင်းကျွန်းဆွယ်တွင် ရရှိလိုက်သည့်စစ်ရေးအောင်မြင်မှုသည် အစ္စရေးနိုင်ငံအဖို့ သင်္ဘောများ လွတ်လပ်စွာသွားလာခွင့်ရခြင်း၊ အကြမ်းဖက်နှောင့်ယှက်ဖျက်ဆီးမှုများပြီးဆုံးခြင်းတည်းဟူသော တိုက်ရိုက်အကျိုးကျေးဇူးများကိုသာ ရရှိသည်မဟုတ်သေး၊ မိတ်ဆွေများနှင့် ရန်သူများအကြားတွင် သိက္ခာတက်လာခြင်းတည်းဟူသော ပိုမိုအရေးကြီးသည့် အကျိုးကျေးဇူးကိုပါ ရရှိလိုက်လေသည်။ အစ္စရေးနိုင်ငံကိုနိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုကာ ၎င်းတို့၏ မဟာမိတ်အဖြစ် လက်ကမ်းကြိုဆိုလာခြင်းကိုပါ ရယူနိုင်မည် ဖြစ်၏။ ထို့ပြင် အစ္စရေးစစ်တပ်ကိုလည်း အရှေ့အလယ်ပိုင်းဒေသတွင် အင်အားအကောင်းဆုံးသော စစ်တပ်အဖြစ် အသိအမှတ် ပြုလာကြမည်ဖြစ်၏။ မိတ်ဆွေလက်နက်နိုင်ငံကြီးများကလည်း အစ္စရေးနိုင်ငံသည် မိမိ၏ ကံကြမ္မာကိုမိမိကိုယ်တိုင် တာဝန်ယူဖန်တီးနိုင်ခြင်းမရှိသေးသော လူမမည်ကလေးအဖြစ် ဆက်လက်သဘောထားကြတော့မည် မဟုတ်။ "လက်နက်နိုင်ငံကြီးများ" ဖြစ်ကြသော အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများက ၎င်းတို့အချင်းချင်း သဘောတူညီချက်အရ အစ္စရေးစစ်တပ်အား လက်နက်ရောင်းချမှုကိုလည်း ရပ်ဆိုင်းလိုက်ကြပြန်သည်။

မည်သို့ပင်ဆိုစေကာမူ ဤအခြေအနေများအတွင်း အဓိကကျသော ပြောင်းလဲမှုကို အစ္စရေးနိုင်ငံက ဖော်ဆောင်နိုင်ခဲ့သောအချက်သည် အိမ်နီးချင်း အာရပ်နိုင်ငံများအား နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်နိုင်ခြင်းပင် ဖြစ်သည်။ ပင်လယ်တွင်း၌ မိမိ၏ရပိုင်ခွင့်များနှင့် ကုန်းပေါ်တွင် လုံခြုံစွာ နေခွင့်ရရေးများကို အာမခံနိုင်ရန်အတွက် လက်နက်ကိုင်စွဲရန် အစ္စရေးနိုင်ငံသည် အသင့်ရှိကြောင်း ထုတ်ဖော်ပြနိုင်ခြင်း၊ အစ္စရေးစစ်တပ်၏စွမ်းပကားသည် အီဂျစ်စစ်တပ်ကို ရှုံးနိမ့်သွားစေကြောင်း၊ နှစ်ပေါင်းများစွာ ပေါ်ပေါက်ခဲ့ပြီး အသစ်တစ်ဖန် ပြန်လည်ပြုလုပ်ရန် ကြိုးပမ်းနေသည့် အာရပ်ခေါင်းဆောင်များ၏ ရန်ထောင်မှုကို ဟန့်တားပစ်လိုက်နိုင်ခြင်း စသည့် အချက်များပင်ဖြစ်၏။ဆီနိုင်းစစ်ပွဲကြီးသည် ကြိုတင်ကာကွယ်သော စစ်ပွဲကြီးမဟုတ်။ အဖျားရောဂါကိုကာကွယ်ခြင်းမဟုတ်။ မူလကတည်းက ခံစားနေရပြီးဖြစ်သည့် အဖျားရောဂါကို ပျောက်ကင်းအောင် ကုသခြင်းသာ ဖြစ်သည်။ အစ္စရေးနိုင်ငံ၏ တောင်ဘက်ရေပြင်တွင် ပိတ်ဆို့ထားမှုများကို ချိုးဖောက်ပစ်ရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖက်တိုက်ခိုက်မှုနှင့် နှောင့်ယှက်ဖျက်ဆီးမှုများကို အဆုံးသတ်ပစ်ရန်သာ ဖြစ်လေသည်။ အစ္စရေးနိုင်ငံအား ဒုက္ခပေးရန် အာရပ်တို့၏ရည်ရွယ်ချက်ကို ဆန်းစစ်ရန် ထိရောက်သော ဆောင်ရွက်မှုလည်း ဖြစ်ပါသည်။

သမ္မတနတ်ဆာသည် သူတို့၏ လက်နက်ကိုင်တပ်များ အင်အားမတောင့်တင်းသေးသမျှကာလပတ်လုံး အာရပ်နိုင်ငံများက အစ္စရေးကို တိုက်ခိုက်ခြင်းမပြုသေးရန် ပြောဆိုခဲ့သည်မှာ အမှန်တကယ်လိုလားသောကြောင့်မဟုတ်။

အစ္စရေးနိုင်ငံ မပျက်စီးရေးကို ရှေးရှုပြီး ထိုစကားကို ပြောဆိုခြင်းမဟုတ်။

အစ္စရေးတပ်မတော်၏စွမ်းပကားကို လေးစားရမည်ဖြစ်ကြောင်း သူကောင်းစွာ သိရှိနားလည်သွားကြောင့်သာ ဖြစ်လေသတည်း။

အထောက်တော်လှအောင်

BURMESE CLASSIC

# နောက်ဆက်တွဲ

## ဆီနိုင်းတိုက်ပွဲတွင် ဖမ်းဆီးရမိသော အီဂျစ်လက်နက်များနှင့် ပစ္စည်းများ

| | |
|---|---|
| **ရေတပ်သင်္ဘော** | |
| ဖျက်သင်္ဘော (အီဘရာဟင်အယ်လ်အဝယ်) | ၁ စင်း |
| **ရေဒါ** | |
| ရွှေ့ပြောင်းနိုင်သည့် ရေဒါစက်ရုံ | ၁ |
| **လက်နက်ငယ်များ** | |
| ချြောက်လုံးပြူး | ၃၀၀ |
| စက်သေနတ်ကလေး | ၁၁၇၀ |
| ရိုင်ဖယ် | ၄၃၀၀ |
| စက်သေနတ် အပေါ့စား | ၅၅၀ |
| စက်သေနတ်အလတ်စား | ၂၉၀ |
| မော်တာများ (၂ လက်မ မှ ၈၁ မမ အထိ) | ၂၂၀ |
| ဘဇူကာ | ၂၆၀ |
| တင့်ကားဖျက်ရိုင်ဖယ် | ၃၂၀ |
| နောက်ပွင့်အမြောက် (ချက်ပြည်လုပ် ၈၂ မမ) | ၂၀၀ |



www.burmeseclassic.com